# နိဗ္ဗာနမဂ္ဂဒီပနီ

မင်းကွန်း-ပဋိပတ္တိသာသနာပြု

“ကျိုက္ကစံ ဦးပဏ္ဍိဓမ္မ-ဆရာကြီး ဦးမြတ်ကျော်”

ရေး

# နိဗ္ဗာနမဂ္ဂဒီပနီ

မူလ-မင်းကွန်းဇေတဝန်ဆရာတော်ဘုရားကြီး
ထည့်,နှုတ် ပြင်ဆင်၍
မင်းကွန်းတိုက်အုပ်
မအူပင်-ငါးကြီးဂရက်-ဆရာတော်
အရှင်ဝါယမ
ကြီးကြပ် ပြင်ဆင်သည်။

ဒုတိယအကြိမ်ပုံနှိပ်ခြင်း


မူပိုင်-မှတ်ပုံတင်ပြီး။

ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်
စာကြည့်တိုက်
ကမ္ဘာအေး

သာသနာ့အလင်း စာပေဌာန

၁၃၁၉-ခု၊ အမှတ် ၈၁-ရွှေတိဂုံဘုရားကြီးဈေး-ရန်ကုန် နယုန်လ။

ခေတ်-စာပုံနှိပ်လုပ်ငန်း၊ အမှတ်-၉၀၊ ကွမ်းခြံတန်း၊ ကြည့်မြင်တိုင်။



သာဂရပြည်–ယိုးဒယားပြည် နှင့် မြန်မာပြည်-မြို့ နယ် အရပ်ရပ်၌
ပဋိပတ္တိသာသနာတော်မြတ်ကို ပြုစုဟောပြတော်မူသော
(မင်းကွန်း–ဓမ္မကထိက)

**ကျိက္ကွစံ-ဦးပဏ္ဍိဓမ္မ ပုံတော်။**

# မာတိကာ


| ဦးရေနံပါတ် | နိဗ္ဗာနမဂ္ဂကဏ္ဍ | မျက်နှာနံပါတ် |
|---|---|---|
| ၁ | ရတနတ္တယ ပဏာမစသည်ကို ကြည့်ညိုရန် ပြဆိုခြင်း.... | ၁ |
| ၂ | နိဗ္ဗာန်သွားလမ်းမှန်ကို သိသာရန် ပြဆိုခြင်း .... | ၃ |
| ၃ | မုချနှင့် ပရိယာယ် ၂-ပါးကို ပိုင်းခြား၍ ပြဆိုခြင်း .... | ၇ |
| ၄ | ဒါန,သီလ,ဘာဝနာ၌ သိမှတ်ရာအချက်ကို ပြဆိုခြင်း.... | ၁၀ |
| ၅ | ပရိယတ္တိ ကျမ်းဂန်၏ အနန္တကျေးဇူးဂုဏ်ကို ပြဆိုခြင်း | ၁၄ |
| ၆ | ဒေသနာ,သဘာဝ,ပဋိပတ္တိက္ကမ သုံးပါးကို ပြဆိုခြင်း.... | ၁၈ |
| ၇ | ဒေသနာနည်း ၃-ပါးအရ၏ သဘာဝခြားနားဟန်ကို ပြဆိုခြင်း .... .... .... | ၂၃ |
| ၈ | နည်း ၃-ပါး သဘောကို ဘုရားဟောကျမ်းဂန်နှင့် ဝေဘန်၍ပြခြင်း .... .... .... | ၂၇ |
| ၉ | သဘာဝမှန် မမှန်ကို ပစ္စုပ္ပန်ဝတ္ထုများဖြင့် ပြဆိုခြင်း.... | ၃၄ |
| | **ပုဗ္ဗကမ္မ ကဏ္ဍ** | |
| ၁၀ | သာကေ ဥပမာနှင့် ပဋိပဒါ ၄-ပါးကို ပိုင်းခြား၍ ပြဆိုခြင်း .... .... .... | ၄၀ |
| ၁၁ | အဇ္ဈတ္တနှင့် ပဋိပဒါသဘောကို နှိုးနှော၍ပြဆိုခြင်း | ၄၄ |
| ၁၂ | တရားလက်ရှိက ဒုတိယဘဝ၌မဂ်ဖိုလ်ရသည်ကို ပြခြင်း | ၄၈ |
| ၁၃ | ဒိဋ္ဌိမာနနှင့် တဏှာလောဘဝင်မှုကို မဟာသိဝဝတ္ထုဖြင့် ပြခြင်း .... .... .... | ၅၁ |
| ၁၄ | ဝိပဿနာရှုရန်နှင့် မဂ်ဉာဏ်ပေါ်သောအခါကို ပြခြင်း | ၅၅ |
| ၁၅ | ပကတိလူ့ရှင်နှင့် ယောဂီ၏ဉာဏ်မြင် ခွဲခြား၍ပြဆိုခြင်း | ၆၁ |
| | **နာမရူပပရိစ္ဆေဒ ကဏ္ဍ** | |
| ၁၆ | ကာလ ၃-ပါး၏ သဘောသွားလက္ခဏာကို ပြဆိုခြင်း | ၆၅ |
| ၁၇ | ဝိဉာဏ် ၆-ပါး၏အဓိပ္ပါယ်ကို သိလွယ်အောင် ပြဆိုခြင်း | ၆၈ |
| ၁၈ | ပကတိလူ့ရှင် ပုထုဇဉ်တို့ အလေ့သဘောကို ပြဆိုခြင်း | ၇၂ |
| ၁၉ | အားထုတ်ဆဲ သေက္ခပုဂ္ဂိုလ်တို့ အလေ့သဘောကို ပြဆိုခြင်း .... .... .... | ၇၆ |
| ၂၀ | ဒွါရ ၆-ပါးနှင့် သီလစသောတရား ၅-ပါး လုံမလုံ ပြဆိုခြင်း .... .... .... | ၈၁ |

# မာတိကာ

ဦးရေနံပါတ် မျက်နှာနံပါတ်

၂၁ ကံ,ဝိရတိအရနှင့် ရူပပရိစ္ဆေဒသဘောသွားကို ပြဆိုခြင်း ၈၆
၂၂ နာမရူပပရိစ္ဆေဒနှင့် ဒွါရစသည်ကို အဘိညေယျသုတ်ဖြင့် ပြဆိုခြင်း .... .... .... ၈၈
၂၃ ၄-ပါးသောဣရိယာပုထ်၌နာမ်ရုပ်၏အပိုင်းအခြားကိုပြခြင်း၉၂
၂၄ ဣရိယာပထနှင့် သမ္ပဇဉ် အဓိပ္ပါယ်ကို ပြဆိုခြင်း .... ၉၅
၂၅ ဣရိယာပထ၌ သမ္ပဇဉ်အရကို သတိပဋ္ဌာန်သုတ်ဖြင့် ပြဆိုခြင်း .... .... ....၁၀၂
၂၆ သဒ္ဓါ,ရုစိစသော တရား ၅-ပါး၏သဘောကို အဖြွက်မျှ ပြဆိုခြင်း .... .... ....၁၀၆
၂၇ ဝိထိဇောအစဉ်နှင့် ပရမတ်ရုပ်နာမ်ထင်ပုံကို ပြဆိုခြင်း ၁၀၈
၂၈ ဓာတ်ကြီး ၄-ဖြာဝေဒနာနှင့် ဝိညာဏ်လက္ခဏာထင်ပုံကို ပြဆိုခြင်း .... .... ....၁၁၁
၂၉ ဝိပဿနာ ဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပုံ ဗာဟိရသုတ်ဖြင့် ပြဆိုခြင်း .... .... ....၁၁၄
၃၀ ဝိညာဏ်,ဇော လက္ခဏာနှင့်နာမ်ရုပ် အပိုင်းအခြားကို ပြဆိုခြင်း .... .... ....၁၁၇

## ပစ္စယပရိဂ္ဂဟ ကဏ္ဍ

၃၁ ဉာဏ်အစနှင့် ဒွါရ ၆-ပါး၌ နာမ်၏အကြောင်း ရုပ်ထင်ပုံ ပြခြင်း .... .... ....၁၂၀
၃၂ ပဋိစ္စသမုပ္ပါဒ်နှင့် အဝိနိဗ္ဘောဂ၏ သဘောများကို .... ပြဆိုခြင်း .... .... ....၁၂၅
၃၃ ၆-ပါးသော ဒွါရ,ဝိညာဉ်၌ ဆင်ခြင်၍သိပုံကို ပြဆိုခြင်း ၁၃၀
၃၄ ကာလ ၃-ပါး၌ ယုံမှားကင်းခြင်းကို ပြဆိုခြင်း ....၁၃၃
၃၅ ပဋိစ္စသမုပ္ပါဒ် ၁၂-ရပ်သော အင်္ဂါကို ပြဆိုခြင်း ....၁၃၈
၃၆ အကျိုးအကြောင်း ပိုင်းခြားရာ၌ ဉာတပရိညာကို ပြဆိုခြင်း .... .... ....၁၄၂
၃၇ ယုံမှားခြင်း ကင်းပျောက်၍ ဉာဏ်အဆုံးရောက်ပုံ ပြဆိုခြင်း .... .... ....၁၄၅
၃၈ ဩလီယနစသော ပုဂ္ဂိုလ် ၃-မျိုး၏သဘောကို ပြဆိုခြင်း၁၄၈

| ဦးရေနံပါတ် | ဝိပဿနာ ကဏ္ဍ | မျက်နှာနံပါတ် |
|---|---|---|
| ၃၉ | သတိပဋ္ဌာန်အလာဖြင့် ကိုယ်အမူအရာ ရှုမှတ်ပုံကို ပြဆိုခြင်း .... .... | ....၁၅၃ |
| ၄၀ | သတိပဋ္ဌာန်အလာဖြင့် စိတ်အမူအရာ ရှုမှတ်ပုံကို ပြဆိုခြင်း .... .... | ....၁၅၉ |
| ၄၁ | ဝိပဿနာရှုမှတ်ရာ၌ သဘောအစဉ်ကို သိမြင်ရန် ပြဆိုခြင်း .... .... | ....၁၆၀ |
| ၄၂ | ဝိပဿနာအလုပ်၌ပရမတ်နာမ်ရုပ်လက္ခဏာကိုပြဆိုခြင်း | ၁၆၇ |
| ၄၃ | ဝိပဿနာရှုမှတ်ရာ၌ ခန္ဓာ ၅-ပါးတို့၏ လက္ခဏာကို ပြဆိုခြင်း .... .... | ....၁၇၂ |
| ၄၄ | အာယတန ၁၂-ပါးတို့၏ သဘောအဓိပ္ပါယ်ကို ပြဆိုခြင်း | ၁၇၈ |
| ၄၅ | ဓာတ် ၁၈-ပါးနှင့် သစ္စာ ၄-ပါးအဓိပ္ပါယ်ကို ပြဆိုခြင်း | ၁၈၁ |
| ၄၆ | လက္ခဏာရေး ၃-ဖြာကို ဒေသနာဖြင့် ဆုံးဖြတ်၍ ပြခြင်း | ၁၈၆ |
| ၄၇ | လက္ခဏာရေး ၃-ပါး သဘောသွားကို ပြဆိုခြင်း | ....၁၉၀ |
| ၄၈ | အနတ္တလက္ခဏာ၌ သဘာဝအဓိပ္ပါယ်ကို ပြဆိုခြင်း | ....၁၉၇ |
| ၄၉ | အနတ္တလက္ခဏာ၌ ဃန ဘောက်ခွဲဟန်ကို ပြဆိုခြင်း | ....၂၀၃ |


## ပရမတ္ထကဏ္ဍ


| | | |
|---|---|---|
| ၅၀ | ပရမတ်,ပညတ် ၂-ပါး၌ မှတ်သားရန် သဘောကို ပြဆိုခြင်း .... .... | ....၂၀၈ |
| ၅၁ | ပညတ်,ပရမတ်ကို အဂ္ဂိယ ဓာတ်လုံးအသွင်ဖြင့် ပြဆိုခြင်း | ၂၁၃ |
| ၅၂ | ပညတ်,ပရမတ်ကို ဥပမာယှဉ်စပ်၍ ပြဆိုခြင်း | ....၂၁၇ |
| ၅၃ | ပညတ်,ပရမတ် သဘာဝအနေကို ခွဲဝေ၍ ပြဆိုခြင်း | ....၂၂၁ |
| ၅၄ | ပညတ်,ပရမတ်အထူးကို ပင်လယ်ကူးသဘောဖြင့်ပြခြင်း | ၂၂၆ |
| ၅၅ | ပညတ်,ပရမတ်ကို ရှစ်ပါးသောလောကဓမ်ဖြင့် ပြခြင်း | ၂၃၀ |
| ၅၆ | ပညတ်,ပရမတ်ကို အာရုံ ၆-ပါးဖြင့် ခွဲခြား၍ပြခြင်း | ....၂၃၄ |
| ၅၇ | သင်္ဂြိုဟ်ကျမ်း ပဏာမ၏ ဥပမာပြ အဓိပ္ပါယ်ကိုပြခြင်း | ၂၃၈ |
| ၅၈ | ဘာသာရင်းစကားမှ ပရမတ်ဖြောင့်မှန်သည်ကို ပြခြင်း | ၂၄၃ |
| ၅၉ | ဘာသာရင်းစကားချပ်နှင့် ပရမတ်တရားကိုပြဆိုခြင်း | ....၂၄၉ |
| ၆၀ | ပရမတ်တရား ခက်ခဲပုံ,လွယ်ကူပုံကို ပြဆိုခြင်း | ....၂၅၂ |
| ၆၁ | ပရမတ်တရား လွယ်ကူလျက် အဆိခက်ပုံကို ပြဆိုခြင်း | ၂၅၅ |

| ဦးရေနံပါတ် | အရိယာ ကဏ္ဍ | မျက်နှာနံပါတ် |
|---|---|---|
| ၆၂ | အရိယာ၏ မနိန္ဒြေယဉ်ကျေးမှုကို ပိလိန္ဒဝစ္ဆဖြင့် ပြခြင်း | ၂၆၀ |
| ၆၃ | အရိယာ၏ကာယိန္ဒြေယဉ်ကျေးမှုကိုခေမာဝတ္ထုဖြင့်ပြခြင်း | ၂၆၃ |
| ၆၄ | အရိယာ၏ အသွင်မြင်ရုံနှင့် သိနိုင်မှုကို ရှင်အဿဇိ ဝတ္ထုဖြင့် ပြခြင်း .... .... | ....၂၆၇ |
| ၆၅ | ပြောသံကြားရုံနှင့်သိနိုင်မှုကို ဒကာမကြီးဝတ္ထုဖြင့်ပြခြင်း | ၂၇၀ |
| ၆၆ | မြင်ရုံနှင့် မသိနိုင်မှုကို ရှင်မဟာကဿပ ဝတ္ထုဖြင့်ပြခြင်း | ၂၇၂ |
| ၆၇ | အရိယာသောတာပန်၏အင်္ဂါ၄-ပါးမှတ်သားရန်ပြခြင်း | ၂၇၅ |
| ၆၈ | အင်္ဂါ ၄-ပါးတွင် ပဌမ,ဒုတိယအင်္ဂါ၏အဓိပ္ပါယ်ကို ပြဆိုခြင်း .... .... | ....၂၇၈ |
| ၆၉ | အရိယာသောတာပန်၏ တတိယ အင်္ဂါအဓိပ္ပါယ်ကို ပြဆိုခြင်း .... .... | ....၂၈၃ |
| ၇၀ | အရိယာသောတာပန်၏ စတုတ္ထအင်္ဂါအဓိပ္ပါယ်ကို ပြဆိုခြင်း .... .... | ....၂၈၆ |
| ၇၁ | အရိယာသူမြတ်တို့ ပြောအပ်မပြောအပ်သည့်ကို ပြခြင်း | ၂၉၀ |
| ၇၂ | အရိယာသောတာပန်ဟု သိနိုင်ရန်အကြောင်းကိုပြခြင်း | ၂၉၆ |
| ၇၃ | အရိယာ ၂-မျိုးပြားသည်ကို မှတ်သားရန် ပြဆိုခြင်း.... | ၂၉၉ |
| ၇၄ | ရဟန္တာ ၄-ပါးတို့ ယုံမှားခြင်းဖြစ်ဟန်ကို ကျမ်းဂန်နှင့် ပြဆိုခြင်း .... .... | ....၃၀၂ |


## သမ္မုဟ ကဏ္ဍ


| | | |
|---|---|---|
| ၇၅ | လက္ခဏာ,ရသနှင့် ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို ပြဆိုခြင်း.... | ၃၀၆ |
| ၇၆ | ဝိသုဒ္ဓိ ၇-ပါး၌ မှတ်သားရန် သဘော အချက်ကို ပြဆိုခြင်း .... .... | ....၃၀၉ |
| ၇၇ | သတိပဋ္ဌာန် ကျေးဇူးများမှုကို ရှင်နာဂဝတ္ထုဖြင့် ပြခြင်း | ၃၁၁ |
| ၇၈ | ဝိပဿနာနည်းလမ်း၌ သဘော ပြခန်းပုံကို ပြခြင်း | ....၃၁၅ |
| ၇၉ | ဘုရားအားရန်တွေ့ပြီး လပ်မှား၍နေဟန်ကို ပြခြင်း | ....၃၁၈ |
| ၈၀ | သာသနာ အမွေ အံယုတ်အပြတ်ကို ဝတ္ထုလိသုတ်ဖြင့် ပြခြင်း .... .... | ....၃၂၃ |
| ၈၁ | အာသိသ ဆုတောင်းဂါထာပါဠိအနက်ကို ပြခြင်း | ....၃၂၉ |
| ၈၂ | ကျမ်းပြီးအဆုံး နိဂုမ်းဂါထာပါဠိအနက်ကိုပြခြင်း | ....၃၃၁ |

# နိဒါန်း

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

အံ့ဘွယ်ရှစ်ဖြာနှင့် ပြည့်စုံသော၊ မြတ်စွာဘုရား၏ သာသနာတော် မြတ်ကြီးနှင့်၊ အခန့်သင့်တွေ့ဆုံ ကြုံကြိုက်ဆဲအခါတွင်၊ အရေးကြီးစွာ ပြုစုအားထုတ်ရန်မှာ၊ခန္ဓာနာမ်ရုပ်တို့ အလျှင်အမြန် ငြိမ်းချုပ်စေတတ်သော ဝိပဿနာအလုပ် တခုသာလျှင်၊ စင်စစ်ဧကန် အမှန်မုချ ပဓါန လိုရင်း ဖြစ်ကြောင်းများကို၊ မြတ်စွာဘုရား ဟောကြားတော် မူခဲ့ပေသည်။

ဤသို့မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်၊ ရှေးရှေး သော ကျမ်းတတ်အကျော် ဖြစ်တော်မူကြသော၊ဝိပဿနာ ကမ္မဋ္ဌာန်း ကျမ်းတို့သည်၊ အထင်အရှား များပြားစွာရှိခဲ့ပေသည်။

ထိုများပြားစွာသော ဝိပဿနာကမ္မဋ္ဌာန်းကျမ်းတို့သည်၊ အခက်း ခက်း ဝေဘန်၍ အတန်တန်ညွှန်ပြခဲ့ရာ၊ သတိပဋ္ဌာန်နည်းလမ်းဖြင့် ခွဲခြမ်းစိတ်ဖြာ၍၊ ရှင်းလင်းသေချာစွာ အစအဆုံး လုပ်ထုံးလုပ်နည်း များ မပါမရှိဘဲ၊စပ်ဆိုင်မိရာ၌ အနည်းငယ်မျှသာ ထည့်သွင်းရေးသား တော်မူခဲ့ကြပေသည်။

ယခုအခါ မကြာသေးမီ နှစ်ကာလတွင်၊ သတိပဋ္ဌာန် ပါဠိတော် လာသောအတိုင်း၊ အားထုတ်ရန် နည်းလမ်းများကို၊ ခွဲခြမ်းစိတ်ဖြာ၍ သေချာရှင်းလင်းစွာ ဘော်ပြသော၊ ဝိပဿနာ ကမ္မဋ္ဌာန်း ကျမ်းတို့ သည်၊မန္တလေးမြို့ စစ်ကိုင်းတောင်၊ငါတို့ကျေးဖူးရှင်ဖြစ်တော်မူသော၊ မင်းကွန်း ဇေတဝန်တောရဆရာတော်ဘုရားကြီး ရေးသားတော်မူ သော၊ ၁-အာရဗ္ဘာဝိဓိဝိသဇ္ဇနာကျမ်းကြီး။ ၂-သဗ္ဗေတာဝိဓိဝိသဇ္ဇနာ ကျမ်း။ ၎င်းဆရာတော် ဘုရားကြီး၏တပည့်၊ ပဲခူးမြို့ ဆံတော်တွင်း ကျောင်း၊ သထုံဆရာတော် ရေးသားတော်မူသော၊ ၃-ယထာဘူတ ဝဗ္ဗာဘိသမယ ဒီပနီကျမ်း။ ၎င်းမင်းကွန်းဇေတဝန် ဆရာတော်ဘုရား ကြီး၊ မုံရွာမြို့ လယ်တီဆရာတော် ဘုရားကြီးတို့၏ တပည့်၊ မြို့လှ သရက်တောကျောင်း၊ဦးနန္ဒိယ ရေးသားသော၊ ၄-သတိပဋ္ဌာန်ရှုဘွယ်

ကျမ်း။ ဤ၄-စောင်သော သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာ ကမ္မဋ္ဌာန်းကျမ်းတို့သည်၊ ထင်ရှားစွာ ပေါ်ထွက်လာခဲ့ကြလေပြီ။

ဤကဲ့သို့ ပေါ်ထွက်လာရာ မဟာသမုဒ္ဒရာ လေးစင်း၌ရှိသော၊ ရတနာ ခုနစ်ပါးတို့သည်၊ ဇမ္ဗူဒိပ်ကျွန်းသား ကျွန်းသူတို့ ဘယ်လိုပင် ယူသော်လည်း၊ ကုန်ခန်းခြင်း မရှိသကဲ့သို့။ အဘိဓမ္မာကျမ်းဂန်ဓမ္မကို ဘယ်မျှပင် ဘွင့်ပြရေးသားသော်လည်း၊ ကုန်နိုင်ရန်မရှိကြောင်းစသည် ဖြင့်၊ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူသကဲ့သို့၊ ဝိပဿနာနည်းလမ်းကို ဘယ်မျှပင်၊ဝေဘန်ခွဲခြမ်း၍ ကြိုးပမ်းရေးသား ကြသော်လည်း၊ ကုန်ခန်းခြင်း မရှိနိုင်ကြောင်းမှာ၊ လွန်စွာမှ ထိသာ ထင်ရှားလှပေသည်။

ထို့ကြောင့်၊ သတိပဋ္ဌာန် နည်းလမ်းဖြစ်သော ကမ္မဋ္ဌာန်းတရားကို၊ နာကြားဘူးကြသူ ရှင်လူရဟန်းတို့သည်၊ ဝိပဿနာ ကမ္မဋ္ဌာန်းကျမ်း တခုကို၊ ပြုစုရေးသားစေရန် တောင်းပန်ကြသော စကားအရ၊ ရှေးက ရေးသားတော်မူကြသည့်၊ဝိပဿနာကျမ်းများနှင့် မကွဲပြား၊ယခုအခါ ရေးသားတော်မူကြသည့်၊ သတိပဋ္ဌာန်နည်းလမ်း ဝိပဿနာကျမ်းများ နှင့်၊ အယူအဆ သဘောအသွား တထပ်တသားတည်းဖြစ်စေရန်၊ ရည်သန်ရိုးရင်း နှလုံးသွင်းဖြင့်၊ အကျဉ်းဖြစ်၍ မရှင်းလင်းမည်ကို သေ ချာစွာဘွင့်ပြ၊ အယူအဆ မညီမျှထင်မည်ကို ညှိနှိုင်းလျက်၊ ကျမ်းဂန် လာသော နည်းအတိုင်း၊ဉာဏ်ထိုင်းသောသူ ယောကျ်ားမိန်းမ အကြီး အငယ် အရွယ် အလတ်၊ စာမတတ်သော သူများပင်လျှင်၊ ထင်ထင် ရှားရှား ပရမတ် ရုပ်နာမ်တရားကို၊ ကွဲပြားခြားနား၍ သိရှိနားလည် နိုင်ကြစေရန်၊ မှန်ကန်သော နည်းနိသျှဖြင့် ပေါ်လွင်စွာ ဘွင့်ပြလျက်၊ **ဂမ္ဘီရဏ္ဏပကာသနီ** မည်သော ဝိပဿနာကျမ်းကြီးကို၊ ယိုးဒယား ပြည် ဘန်ကောက်မြို့၊ ဝေဠုဝန်ကျောင်းကြီး၌ နေထိုင်စဉ်၊ စီရင်ရေး သားလိုက်ပေသည်။

၎င်း **ဂမ္ဘီရဏ္ဏပကာသနီကျမ်းကြီး** ကို၊ ကြည့်ရှုဘူးသူ, စမ်းသပ် အားထုတ်ကြဘူးသူ ရှင်လူရဟန်းတို့သည်၊ မေးမြန်းသော အချက် များနှင့်၊ ကြွင်းကျန်သော အနက်အဓိပ္ပါယ်တို့ပါ ထည့်စွက်ပြီးလျှင်၊ ကျေးဖူးရှင် မင်းကွန်းဆရာတော်ဘုရားကြီး ရေးသားတော်မူသော၊ ဉာဏ်ခဏ်းနှင့် ဝိနိစ္ဆယများပါ တွဲဘက်၍၊မန္တလေးမြို့ မဟာဝိသုဒ္ဓါ ရာမဆရာတော်၊ ရန်ကုန်မြို့ ကျိုက္ကစံဆရာတော်၊၎င်းမြို့ ကျောင်းတော်

ရာ ဖွဲ့ကျောင်းဆရာတော်၊ မော်လမြိုင်မြို့ မဟာမြိုင်ဆရာတော်၊ လောမြို့ ရတနာပုံတောရဆရာတော်၊ စစ်ကိုင်းတောင် မင်းကွန်း ဇေတဝန်တောရ ဆရာတော်၊ ပဲခူးမြို့ ဆံတော်တွင်း သထုံဆရာတော်ဘုရားကြီးတို့၏ အနွေဝါသိက။ ပြင်သစ်နိုင်ငံ သာဂလပြည် ဘီးလင်းကျောက်တွင်းမြို့၊ ဓမ္မာရုံ ကျောင်းတိုက်, ခေမာသိဝန်တောရတိုက်၊ ယိုးဒယားပြည် ဘန်ကောက်မြို့ ဝေဠုဝန်ကျောင်းတိုက်၊ မြန်မာပြည် မော်လမြိုင်မြို့ ဒီပါရုံ ကျောင်းတိုက်စသည့်တို့၌၊ လှည့်လည် နေထိုင်လေ့ရှိသော၊ ကျိုက္ကစံ **ဦးပဏ္ဍိဓမ္မ** ထေရ်အရှင်သည်၊ ဘီးလင်းကျောက်တွင်းမြို့ ခေမာသိဝန်တောကျောင်း၌! ဝါဆိုနေထိုင်စဉ် **နိဗ္ဗာနမဂ္ဂဒီပနီ** မည်သော ဤဝိပဿနာကမ္မဋ္ဌာန်းကျမ်းကြီးကို ကြိုးပန်း တည်ထွင်၍ စီရင်ရေးသားလိုက်ပေသတည်း။

## ဝိသေသ နိဒါနကထာ

၁။ ။သဒ္ဒါနည်းအရကို မယူမူ၍၊ အနက်အဓိပ္ပါယ်ကိုသာ အလိုရှိအပ်၏ဟူ၍၊ကာ်ါအဋ္ဌကထာ၌ လာသော စကား။သဒ္ဒါကို အလိုမရှိ၊ အနက်အဓိပ္ပါယ်ကိုသာ ဟောကြားပါဟူ၍၊ ရှင်အဿဇိ မထေရ်မြတ်အား၊ ရှင်သာရိပုတ္တရာအလောင်း လျှောက်ထားသော၊ ဓမ္မပဒအဋ္ဌကထာ စကားများကို ထောက်ထားသဖြင့်၊ဝိပဿနာ တရားအရာမှာ၊ အနက်အဓိပ္ပါယ်ကိုသာ လိုရင်းဟု နှလုံးသွင်းအပ်ပေသည်။ **အချို့မှာ** မိမိတို့လူမျိုးအလိုက်၊ အဓိပ္ပါယ်ကို သိရှိနားလည်နိုင်ရန်၊ ခေါ်ဝေါ် သုံးစွဲ ပြောဆိုကြမြဲဖြစ်သော ဘာသာစကားများကို၊ အနက်ဟု မှတ်ယူအပ်၏။

၂။ ။ထို့ကြောင့်၊ ယခုအခါ ရေးသားမည်ဖြစ်သော ကျမ်းသည်၊ သဘောအနက်ကို ကွက်ကွက်ကွင်းကွင်း၊ ထင်လင်းဆိုသာအောင် ပြဆိုရာ၊ ခန္ဓာနာမ်ရုပ် ပရမတ်တရားကို ပညတ်တရားမှ ဘော်ထုတ်၍၊ ဟုတ်မှန်သော သဘာဝဓမ္မကို ယထာဘူတ ကျနစေရန်၊ ဝေဘန်စိတ်ဖြာလျက် ရှင်းလင်းစွာ ပြဆိုရသော၊ ဝိပဿနာ၏ အရာဖြစ်ပေ၍၊ အနက်အဓိပ္ပါယ်အစီစဉ်တို့ ပေါ်လွင်ထင်ရှားသော၊ မြန်မာဘာသာ စကားကိုသာ များပြားစွာ ရေးသားရပေလိမ့်မည်။

၃။ ။ဤကဲ့သို့ ပြဆိုရေးသားရာ၌၊ နောက်မှ ရေးသားရသော ကျမ်းဂန်များသည်၊ ရှေးကရေးသားပြီးသော ကျမ်းဂန်များ၌၊ မထင်

ရှား ကွယ်ဇုက်ရာကို သိသာပေါ်လွင်စေရန်၊ ကြိဘန်ခွဲခြမ်း၍ ညာဏ်စွမ်းသတ္တိ ရှိသည့်အလျောက်၊ ထွင်းဘောက်ရေးသားရသည်ဟု၊ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး၊ မိန့်ကြားဖွင့်ပြတော်မူပေသည်။


၄။ ။ထိုစကားအရကို၊ များစွာသဘောကျ နှစ်သက်လှသဖြင့်၊ ရှေးကရေးသားထားပြီးဖြစ်သော ကျမ်းဂန်များ၌၊ မထင်ရှား၍ သိသာပေါ်လွင်အောင် ပြဆိုရမည့်အရာများ၌၊ ညာဏ်အားထင်မြင်သလောက် ထည့်သွင်းချဲ့ထွင်၍၊ စိစဉ်ရေးသား ထင်ရှားစွာပါရှိပေလိမ့်မည်။

၅။ ။ဤဝိပဿနာကျမ်းကြီးသည်၊ ရဟန်းရှင်လူ ယောကျ်ားမိန်းမ ကြီးငယ်ရွယ်လတ် စာမတတ်သောသူများပင်လျှင်၊ ပေါ်လွင်ထင်ရှား၍ ကွဲပြားနားလည်အောင် ရေးသားရသဖြင့်၊ စကားအထပ်ထပ် ပါရှိခြင်း၊ သိရှိမှတ်မိ၍ သဘောကျ လွယ်စေရန်ဖြစ်သော စကားကိုသာ၊ များစွာအသုံးပြုခြင်းစသည်ဖြင့် ပါရှိပေလိမ့်မည်။

၆။ ။ထိုကဲ့သို့ ပါရှိသောအရာများ၌၊ မိမိတို့၏သဘော အယူအဆနှင့် မတူမျှမညီညွှတ်ခြင်း၊ အသုံးအနှုန်းစကား ကွဲပြားခြင်း၊ အနက်ပေးပုံ ခြားနားခြင်း စသည်များကြောင့်၊ အပြစ်တင်စကား မပြောကြားသေးဘဲ၊ သဘာဝ တရား၏ အမှန်အမှားကိုသာလျှင်၊ သမ္မာဇဉ် ရှေ့ထား၍ စဉ်းစားသိရှိကြစေခြင်းငှါ၊ ရှေးဦးစွာ ဘော်ပြလိုက်ရပေသတည်း။

ဤတွင် နိဒါန်း ပြီး၏။

●



# နိဗ္ဗာနမဂ္ဂဒီပနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ရတနတ္တယ ပဏာမ စသည်ကို ကြည်ညိုရန်ပြဆိုခြင်း

အဘိဝန္ဒိယ သမ္ဗုဒ္ဓံ၊ နိဗ္ဗာန မဂ္ဂဒေသကံ။
ဓမ္မံ သံဃဉ္စ ဂမ္ဘီရံ၊ ပုညခေတ္တံ အနုတ္တရံ။ ။
နယံ ဂုရူ ယေဘုယျေန၊ ဩဝါဒါစေရ နုဂ္ဂဟော။
ယာစိတောဟံ လိခိဿာမိ၊ နိဗ္ဗာနမဂ္ဂဒီပနိံ။ ။

အဟံ၊ ငါသည်။ အနုတ္တရံ၊ အရဟံမှ အရင်းစသည့် ကိုးဝအစုံ ကျေးဇူးဂုဏ်တို့ကြောင့်၊ တစုံ တယောက်သော ဆရာတို့နှင့် မတူ၊ အလွန်တရာ မြင့်မြတ်တော်မူသသော။ နိဗ္ဗာန မဂ္ဂဒေသကံ၊ အမတမှန် ပြည်နိဗ္ဗာန်သို့၊ကြနန်ရောက်ကြောင်း ခရီးဟောင်းကို၊ မတိမ်းမစောင်း ရှေးဘုရားရှင် အပေါင်းတို့ကဲ့သို့၊ ကောင်းစွာပိုင်းခြား၍ ဟောကြား တော်မူတတ်ထသော။ သမ္ဗုဒ္ဓံ၊ ဒု, သ, နိ, မဂ် လေးချက် သစ္စာ၊ သင်္ခါရ ဝိကာရနှင့် လက္ခဏာတတန်၊ နိဗ္ဗာန် ပညတ် ငါးရပ်သော ညေယျဓမ်ကို ဝေဘန်သိမြင် ဘုရားရှင်ကို၎င်း။ အနုတ္တရံ၊ သွာက္ခာတတာ အစလာသည့်၊ ခြောက်ဖြာအစုံ ကျေးဇူးဂုဏ်တို့ကြောင့်၊ တစုံ တယောက်သော သူတို့၏တရားနှင့်မတူ၊ အလွန်တရာ မြင့်မြတ်တော် မူထသော။ ဂမ္ဘီရံ၊ ကျင့်စဉ်တရား လွယ်ကူငြားလည်း၊ ဉာဏ်အား ရှူးသူ သဘာဝတို့၊ သဏှသုခုမ သိမ်မွေ့လှသဖြင့်၊ အလွန်တရာမှ ခက်ခဲ၍ နက်နဲတော်မူထသော။ ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို၎င်း။ အနုတ္တရံ၊ သုပ္ပဋိပန္န အရင်းစသည့်၊ ကိုးဝအစုံ ကျေးဇူးဂုဏ်တို့ကြောင့်၊ တစုံ တယောက်သော တပည့်သာဝကတို့နှင့်မတူ၊ အလွန်တရာ မြင့်မြတ်

တော်မူထသော။ ပုညခေတ္တံ၊ ပုညမျိုးမှန်၊ ကောင်းမှုကံ၏ ရင့်သန်အကျိုး ပွါးများတိုး၍၊ ဖွံ့ဖြိုးဝေဖြာ စိုက်ပျိုးရာဟု၊ လယ်တာ မြေကောင်းသဘွယ်အစစ်၊ ဧကန်ဖြစ်တော်မူထသော။ သံဃာ၌၊ မဂ္ဂဋ္ဌာန်ဖလဋ္ဌာန် စင်စစ်မှန်သော၊ ရှစ်ဘန်ထင်ပေါ် အရိယာသံဃာတော်မြတ်ကိုရင်း။ အဘိဝန္ဒိယ၊ ပဉ္စပတိဋ္ဌိတေ ပုဒ်အနေဖြင့်၊ ရိုသေညွတ်နူးရှိခိုးဦး၍။ မေ၊ ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမား များသောအားဖြင့်။ နယံ-ပရိယတ္တိနယံ၊ ပရိယတ္တိဓမ္မ နည်းနယကို။ အနုဂ္ဂဟော၊ သဒ္ဒ အဋ္ဌ အဘိပ္ပါယနှင့်၊ ကျနစေ့ငှ သဟိုပြု၍၊ ကြည့်ရှုချီးမြှောက်တော် မူကြကုန်သော။ ဂုရူစ၊ မန္တလေးမြို့-ဒုတိယရွှေကျင် သာသနာပိုင်၊ မဏ္ဍိုင်အလား မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၊ ရန်ကုန်မြို့-တတိယ ရွှေကျင်သာသနာပိုင်၊ခန့်ခိုင်ကြီးမား ကျိုက္ကစံ ဆရာတော်ဘုရားကြီး၊ ဧလာမြို့-ရတနာပုံတောရ ဆရာတော်ဘုရာကြီးတို့ကိုရင်း။ မေ၊ ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမား များသောအားဖြင့်။ ဩဝါဒံ၊ သာသနာ၌ ကောင်းစွာနေနည်း၊ သီးသီးများလှ အဆုံးအမကို။ အနုဂ္ဂဟော၊ သနားသမှု အာရုံပြု၍၊ ကြည့်ရှု ချီးမြှောက်တော်မူကြကုန်သော၊ အာစေရေစ၊ ရန်ကုန်မြို့-ဘဟန်းကျောင်းတော်ရာ ဂိုဏ်းချုပ်ဖြစ်တော်မူသော ရွှေကျင်ဆရာတော်ဘုရားကြီး၊ မော်လမြိုင်-ရွှေကျင်ဂိုဏ်းချုပ် ဖြစ်တော်မူသော၊ မဟာမြိုင် ဆရာတော်ဘုရားကြီးတို့ကိုရင်း။ မေ၊ ငါ့အား။ ယေဘုယျေန၊ ကျေးဇူးကြီးမား များသောအားဖြင့်။ နယံ-ပဓာနယံ၊ ပဓာနအရာ များလှစွာတွင်၊ ဝိပဿနာလုပ်နည်း နိဿယည်းကို။ အနုဂ္ဂဟော၊ ယထာဘူတ သဘာဝကို၊ ကျကျနန လက်ဆုပ်ရအောင်၊ ညွှန်ပြချီးမြှောက်တော် မူကြကုန်သော။ဂုရူစ၊ မန္တလေးမြို့-စစ်ကိုင်းတောင် မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၊ ပဲခူးမြို့-ဆန်တော်တွင်း သထုံဆရာတော် ဘုရားကြီးတို့ကိုရင်း။ အဘိဝန္ဒိယ၊ ဒူး,လက်,နဖူး ငါးဦးတည့်မျှ၊ အလွန်ရိုသေစွာ ရှိခိုးဦး၍။ သာရုပ်ဟိ၊ သတိပဋ္ဌာန်နည်းလမ်းဖြစ်သော ဝိပဿနာ ကမ္မဋ္ဌာန်းတရားကို၊ ကြားနာဘူး အားထုတ်ဘူးကြကုန်သော၊ မြန်မာပြည် မော်လမြိုင် မုဒုံမြို့အစ၊ ယိုးဒယားပြည် ဘန်ကောက်မြို့၊ လဝွန်းမြို့၊ ဇင်းမယ်မြို့၊ဗြင်သစ်ပြည် ဘီးလင်း ကျောက်တွင်းမြို့စသော၊ထိုထိုမြို့ရွာခရိုင်တို့၌ နေထိုင်အေးချမ်း၊ ရဟန်း, သံဃာ, ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်။ ယာစိတော၊ ရေးသားစေရန်

ဘန်ဘန်ထပ်ထပ်၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ တောင်းပန်အပ်လေသောကြောင့်။ ဝါ၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ နိဗ္ဗာနမဂ္ဂဒီပနိံ၊ အသင်္ခတဓာတ်မှန် ပြည်နိဗ္ဗာန်သို့၊ ဧကန်ရောက်ကြောင်း မတိမ်းစောင်းဘဲ၊ လမ်းကောင်း လမ်းဖြောင့်ကိုသာ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့်၊ နိဗ္ဗာနမဂ္ဂဒီပနီ မည်သော၊ သာဘိပဏ္ဍာန် နည်းလမ်း ဝိပဿနာကမ္မဋ္ဌာန်းကျမ်းကို၊ လိခိဿာမိ၊ အတ္တပ္ပဂ္ဂံသန ပရဝမ္ဘနတို့၊ ကင်းပစေရန် စိတ်ရည်သန်လျက်၊ ဖြောင့်မှန်သောအား နှလုံးထား၍၊ သဘာဝတရား ယွင်းမမှားရအောင်၊ ရေးသား တည်ထွင် စီရင်ပြုစုပေအံ့သတည်း။

ရတနတ္တယ ပဏာမစသည်ကို ပြဆိုခြင်းပြီး၏။

## နိဗ္ဗာန်သွား လမ်းမှန်ကို သိသာရန်ပြဆိုခြင်း

ကတမောစ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာ သတိ သမ္မာသမာဓိတိ။ (သံယုတ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ်မှန် ပြည်နိဗ္ဗာန်သို့၊ ဧကန်ရောက်ကြောင်း လမ်းကောင်း လမ်းဖြောင့်ဖြစ်သော တရားသည်။ ကတမောစ၊ အဘယ်နည်းဟူမူကား။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ အယမေဝ မဂ္ဂေါ၊ ဤမဂ္ဂင် တရားပင်လျှင်တည်း။ ဧတံ အယံ မဂ္ဂေါ၊ ဤမဂ္ဂင် ဟူသော တရားသည်။ သေယျထာ ကတမော၊ အဘယ်နည်းဟူမူကား။ သမ္မာဒိဋ္ဌိ၊ အမှန်သိမြင်ခြင်းရင်း။ သမ္မာသင်္ကပ္ပေါ၊ အမှန်ကြံခြင်းရင်း။ သမ္မာဝါစာ၊ အမှန်ပြောဆိုခြင်းရင်း။ သမ္မာကမ္မန္တော၊ အမှန်ပြုလုပ်ခြင်းရင်း။ သမ္မာအာဇီဝေါ၊ အမှန်အသက်မွေးခြင်းရင်း။ သမ္မာဝါယာမော၊ အမှန်အားထုတ်ခြင်းရင်း။ သမ္မာသတိ၊ အမှန်အောက်မေ့ခြင်းရင်း။ သမ္မာသမာဓိ၊ အမှန်တည်ကြည်ခြင်းရင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတိ အယံ အဋ္ဌင်္ဂိကော မဂ္ဂေါ၊ ဤဆိုအပ်ခဲ့ပြီးသော၊ မဂ္ဂင်ရှစ်ပါး တရား အပေါင်းသည်။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ်မှန်

ပြည့်နိဗ္ဗာန်သို့၊ ကောင်းရောက်ကြောင်း လမ်းကောင်း လမ်းဖြောင့် တရားများ ဖြစ်ခဲ့လေသတည်း။

အသက်ပါ ဒေသနာများအရ၊ ၇ှစ်ပါးသောမဂ္ဂင်၌ ပါဝင်သော တရားကိုယ် အသီးသီးမှာ၊ ပညာစေတသိက်သည်၊ သမ္မာဒိဋ္ဌိမဂ္ဂင် တရားကိုယ်မည်၏။ ဝိတက်စေတသိက်သည်၊ သမ္မာသင်္ကပ္ပ တရားကိုယ်မည်၏။ ဝိရတီစေတသိက် ၃-ပါးသည်၊ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ တရားကိုယ်မည်၏။ ဝီရိယ စေတသိက်သည်၊ သမ္မာဝါယာမ တရားကိုယ်မည်၏။ သတိ စေတသိက်သည်၊ သမ္မာသတိ တရားကိုယ်မည်၏။ ဧကဂ္ဂတာ စေတသိက်သည်၊ သမ္မာသမာဓိ မဂ္ဂင် တရားကိုယ်မည်၏။

**အဓိပ္ပါယ်ကား။** ။မြတ်စွာဘုရား ဟောကြားတော်မူသော တရားအပေါင်းတို့တွင်၊ နိဗ္ဗာန်ရောက်ကြောင်း လမ်းကောင်းလမ်းမှန်ဖြစ်သော တရားဟူသည်၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို ပွါးများအားထုတ်မှုဟု ဆိုလို၏။ သဘောအားဖြင့်မူကား၊ မဂ္ဂင်ရှစ်ပါး တရားတို့သည်၊ ကာလသီးခြား၍ တပါးစီတကြိမ်စီ အားထုတ်နေရသည်မဟုတ်၊ သမ္မာဒိဋ္ဌိအလုပ်တခုကို အားထုတ်လိုက်လျှင်၊ သမ္မာသင်္ကပ္ပစသော မဂ္ဂင် ၇-ပါးတို့သည်၊ သဘောအားဖြင့် တပြိုင်နက်တချက်တည်း၊ ပါဝင်ပြီးစီး သွားကြသည်ဟု မှတ်ယူပါလေ။

ဣဓ ဘိက္ခဝေ ဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ ဝိဝေကနိဿိ
တံ ဝိရာဂနိဿိတံ နိရောဓနိဿိတံ ဝေါဿဂ္ဂပရိဏာမိံ၊
အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။

(သံယုတ်ပ ဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဝိဝေကနိဿိတံ၊ ရာဂဆိတ်ခြင်းကိုမှီသော။ ဝိရာဂနိဿိတံ၊ ရာဂကင်းခြင်းကိုမှီသော။ နိရောဓနိဿိတံ၊ ရာဂချုပ်ငြိမ်းခြင်းကို မှီသော။ ဝေါဿဂ္ဂပရိဏာမိံ၊ နိဗ္ဗာန်သို့ စိတ်လွှတ်ခြင်း၌ ညွတ်သော။ သမ္မာဒိဋ္ဌိံ၊ ပရမတ်ရုပ်နာမ်ကို အမှန်မြင်သိခြင်း သမ္မာဒိဋ္ဌိမဂ္ဂင်ကို။ ဝါ ကွေးဆန့်ခြင်းအစ များပြားလှစွာ၊ ပကတိအတိုင်း ဖြစ်ပေါ်လာသော အမူအရာသဘောမျှကို သိအောင်ရှုမှတ်ခြင်းကို။ ဘာဝေတိ၊ ပွါးများအားထုတ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ဤသို့ပွါးများအားထုတ်ရှုမှတ်သော သမ္မာဒိဋ္ဌိအလုပ်ကို။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတဓာတ် မှန် ပြည့်နိဗ္ဗာန်သို့၊ ကောင်းရောက်ကြောင်း လမ်းကောင်းလမ်းဖြောင့် ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပေ၏။

ဤသံယုတ်ပါဠိတော်၌ နိဗ္ဗာန်ရောက်ကြောင်းတရားသည်၊ သမ္မာဒိဋ္ဌိ တပါးတည်းဟုလာရာ၊ အထက်တွင် ပြဆိုခဲ့သော သံယုတ်ပါဠိတော် ၌ကား၊ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်ရောက်ကြောင်းတရား ဟုဆိုသဖြင့်၊ ပါဠိတော်ချင်းပင် ဆန့်ကျင်သကဲ့သို့ ထင်မြင်ရန်ရှိနေ ပေ၏။ ညီမျှစေရန်မှာကား၊ ရှေ့ပါဠိတော် အဓိပ္ပါယ်သွားကို သဘော အားဖြင့်၊ သဘာဝတရားတို့ ပါဝင် ပြီးစီးပုံကိုပြ၏။ နောက်ပါဠိတော် အဓိပ္ပါယ်သွားကို အားထုတ်ရပုံကိုပြ၏ဟုမှတ်ယူအပ်၏။ အချုပ်မှာ၊ နိဗ္ဗာန် ရောက်ကြောင်းတရားသည်၊ ဝိပဿနာကို ပွားများအားထုတ် ခြင်း ပညာအလုပ်တပါးတည်း တမျိုးတည်းဟု ဆိုလိုရင်းပေတည်း။

ဤနေရာ၌ ပါရမီဆယ်ပါး ပုညကြိယာဆယ်ပါး စသော တရား များအရ၊ ဒါနသီလစသော တရားများလည်း၊ နိဗ္ဗာန်ရောက်ကြောင်း တရားတို့ပင် မဟုတ်ပါလားဟူမူ၊ ဟုတ်သည်ဟူ၍ပင် မှတ်ယူအပ်၏။ သို့သော်၊ ဝိပဿနာပညာသည်၊ ကျေးဇူးများမြတ်၍ နီးကပ်သော အကြောင်းဖြစ်၏။ ဒါနသီလစသော တရားများသည်၊ ကျေးဇူးနည်း ပါး၍ ဝေးကွာရှည်လျားသော အကြောင်းဖြစ်၏။ ဥပမာကား၊ လော က၌ မောင်ဖြူဆိုသောသူ၏ လူဖြစ်လာခြင်းအကြောင်းများစွာတို့တွင်၊ စာပေမသင်ဘူးသော ပကတိလူများပင် ထင်မြင် သိရှိလွယ်စေရန် ဆက်ဆံနီးကပ်သော အကြောင်းတခုမျှကိုဆိုလျှင်၊ ယခုဘဝတွင် ကျွေး မွေးသုတ်သင်သော မိခင် ဘခင် များဖြစ်၏။ ဤနေရာ၌၊ မောင်ဖြူ၏ အဘိုးအဘွားတို့သည်လည်း၊ မောင်ဖြူ လူဖြစ်လာရခြင်း၏အကြောင်း ကင်းမည်လားဟူမူ၊ ကင်းသည်ဟူ၍ကား မဆိုသင့်၊ သို့သော်လည်း ဝေးသောအကြောင်းများ ဖြစ်လေသည်။

ဤဥပမာအရ၊ မိဘတို့၏ကျေးဇူးကိုပြသော ဒေသနာခန်း၌၊ သတ္တဝါ ဟူသမျှသည်၊ အမိအဘ မဖြစ်ဘူးခဲ့သောသူဟူ၍၊ တဦးတယောက်မျှ မရှိဟု ဟောတော်မူသဖြင့်၊ ဤလောက၌ တွေ့မြင် တည်ရှိနေသော သတ္တဝါဟူသမျှသည်၊ အမိအဘဖြစ်ဘူးသော သူတို့ချည်းသာဖြစ်နေ ပေ၏။ သို့သော်၊ မာတုဃာတက, ပိတုဃာတက ကံအရာ၌မူကား၊ ယခု ဘဝတွင်ဖြစ်သော မိဘများကိုသတ်မှသာလျှင်၊ ပဉ္စာနန္တရိယ ကံကြီး ထိုက်၍၊ ယခုဘဝတွင်ဖြစ်သော ဘိုးဘွားနှင့် နောက်ဘဝက မိဘ စသည်များကို သတ်ခြင်းကြောင့်မူကား၊ ပဉ္စာနန္တရိယ ကံကြီးများ မထိုက်ဟု၊ ကမ္မဝိပါကအရာ၌ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ယခု ပြဆိုခဲ့သော အဓိပ္ပါယ်သဘောများကို၊ ဉာဏ်သွားသမျှ ချဲ့ထွင်၍၊ ဥပမေယျ၏သဘော အကျယ်ကိုပင် သိမြင် ထင်လင်း သင့်လောက်ပေပြီ။ ထိုကြောင့်၊ နိဗ္ဗာန်ရောက်ကြောင်း တရားအပေါင်းတို့တွင်၊ ဝိပဿနာပညာတရားသည်၊ ကျေးဖူးများမြတ် နိုးကပ်သော အကြောင်း။ ဒါနသီလစသော တရားများသည်၊ ကျေးဖူးနည်းပါး ရှည်လျားဝေးကွာသောအကြောင်းဟု၊ ကောင်းကောင်းကြီးယုံကြည်ကြပါလေ။

ဤအထက်ပါ အဓိပ္ပါယ်များ အရ၊ ပဓာနခေါ်ဆိုသော ဝိပဿနာပညာ၊ မဂ္ဂင်သမ္မာဒိဋ္ဌိအလုပ်ကို အားထုတ်ရန်မှာ၊ သတိပဋ္ဌာန် ပါဠိတော်၌လာသည့်အတိုင်း၊ ပကတိဖြစ်ပေါ်လာသော ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာသဘောများကို သိအောင်မှတ်ခြင်းမျှဖြစ်၏၊ အဘယ့်ကြောင့်ဆိုသော်၊ သတိပဋ္ဌာန်ကိုပင် မဂ္ဂင်ဟုဟောတော်မူသောကြောင့်ပေတည်း။ မဂ္ဂင်တရား၏သဘော အဓိပ္ပါယ်အကျယ်မှာ၊ ငါတို့ရေးသားသော **ဂန္ထိရတ္တပကာသနီ** ကျမ်း၌ပါရှိ၏။ သတိပဋ္ဌာန် သဘော အဓိပ္ပါယ်အကျယ်မှာကား၊ ဂန္ထိရတ္တကျမ်း၌လည်းပါရှိ၏။ ဤကျမ်းတွင် အောက်ဝိပဿနာ အခန်း၌လည်း ပါရှိလိမ့်မည်။

အယဉ္စိပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာန မဂ္ဂေါ
ဘာဝိတော လောကုတ္တရမဂ္ဂဿ အဓိဂမာယ သံဝတ္တတိ။
(သုတ်မဟာဝါ အဋ္ဌကထာ)

ဟိသစ္စံ၊ မှန်၏။ ပုဗ္ဗဘာဂေ၊ ဝိပဿနာအလုပ်ကို အားထုတ်သော ရှေးအဘို့၌။ လောကိယော၊ လောကီဖြစ်သော။ အယံ သတိပဋ္ဌာန မဂ္ဂေါ၊ သတိပဋ္ဌာန် နည်းလမ်းဖြစ်သော ဤဝိပဿနာ ကမ္မဋ္ဌာန်းသည်။ ဘာဝိတော၊ ပွားများ ရှုမှတ်သည် ရှိသော်။ လောကုတ္တရ မဂ္ဂဿ၊ လောကုတ္တရာမဂ်ကို။ အဓိဂမာယ၊ရခြင်းငှါ။ သံဝတ္တတိ၊ဖြစ်၏။

ယခုပြဆိုခဲ့သော ပါဠိတော် အဋ္ဌကထာတို့၏ အဓိပ္ပါယ် သဘောသွားအရ၊ နိဗ္ဗာန်ရောက်ကြောင်း တရားအပေါင်းတို့တွင်၊ ကျေးဇူးများမြတ်၍ နီးကပ်သော အကြောင်းတခုကိုသာ ယူပါလျှင်၊ သတိပဋ္ဌာန်နည်းလမ်း ဖြစ်သော သမ္မာဒိဋ္ဌိမဂ္ဂင်စခမ်း၊ ဝိပဿနာကမ္မဋ္ဌာန်း

ကို အားထုတ်ခြင်း၊ ပညာအလုပ်တခုကိုသာလျှင်၊ အမြန်ဆုံးပေါက်ရောက်လွယ်သော လမ်းဖြောင့် လမ်းမှန်ဟူ၍၊ မုချကေန်ပင် မှတ်ယူရန် သင့်လှပေသတည်း။

နိဗ္ဗာန်သွားလမ်းမှန်ကို သိသာရန် ပြဆိုခြင်းပြီး၏။

---

## ဒေသနာဓမ္မ၌ မုချနှင့်ပရိယာယ် ၂-ပါးကို ဝိုင်းခြား၍ ပြဆိုခြင်း

ဓမ္မော ဒုဝိဓော နိပ္ပရိယာယဓမ္မော ပရိယာယဓမ္မောတိ။ ကထံ မဂ္ဂဖလနိဗ္ဗာနပ္ပဘေဒေါ ဟိ နဝဝိဓော လောကုတ္တရဓမ္မော နိပ္ပရိယာယဓမ္မောယေဝ။ န ကေနစိပရိယာယေန ကာရဏေနဝါ ဓမ္မော။ ယံ ပန ဝိဝဋ္ဋူပနိဿိတကုသလံ။ သေယျထိဒံ၊ ဣဓေကစ္စော ဝိဝဋ္ဋံ ပတ္ထေန္တော ဒါနံ ဒေတိ။ သီလံ သမာဒိယတိ။ ဥပေါသထကမ္မံ ကရောတိ။ ဂန္ဓမာလာဒီဟိ ဝတ္ထုပူဇံ ကရောတိ၊ ဓမ္မံ သုဏာတိ၊ ဒေသေတိ။ ဈာနသမာပတ္တိယော နိဗ္ဗတ္တေတိ။ ဧဝံ ကရောန္တော အနုပုဗ္ဗေန အမတနိဗ္ဗာနံ ပဋိလဘတိ။ အယံ ပရိယာယ ဓမ္မော။

(ဇာတ်ဝတ်အဋ္ဌကထာ)

ဓမ္မော၊ တရားသည်။ နိပ္ပရိယာယဓမ္မော၊ မုချတရားလည်း တပါး။ ပရိယာယဓမ္မော၊ ပရိယာယ်တရားလည်း တပါး။ ဣတိ၊ ဤသို့။ ဒုဝိဓော၊ ၂-ပါးအပြားရှိ၏။ ကထံဒုဝိဓော၊ အဘယ်သို့ ၂-ပါးအပြားရှိသနည်း။ ဟိ၊ ၂-ပါးပြားပုံကို ပြဦးအံ့။ မဂ္ဂဖလ နိဗ္ဗာနပ္ပဘေဒေါ၊ မဂ်ဖိုလ်နိဗ္ဗာန် ပြားသော။ နဝဝိဓော၊ ၉-ပါး အပြားရှိသော။ လောကုတ္တရဓမ္မော၊ လောကုတ္တရာ တရားသည်။ နိပ္ပရိယာယဓမ္မောယေဝ၊ မုချတရား မည်သည်သာလျှင်တည်း။ ကေနစိ ပရိယာယေန၊ တစုံ တခုသော ပရိယာယ်ဖြင့်။ ကာရဏေနဝါ၊ အကြောင်းဖြင့်လည်း။ ဓမ္မော၊ တရား မည်သည်။ န၊ မဟုတ်။ ပန၊ မုချမှတပါး ပရိယာယ်တရားဟူသည်ကား။ ယံ ဝိဝဋ္ဋူပနိဿိတ ကုသလံ၊ အကြွင်းဝဋ်ကို မှီမစပ်သောကုသိုလ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဝဋ်ကို မှီမစပ်သော ကုသိုလ်ဟူသည်။ သေယျထာ ကတမံ၊ အဘယ်နည်း။ ဣဓ၊ သာသနာတော်၌။ ဧကစ္စော၊

အချို့သောပုဂ္ဂိုလ်သည်။ ဝိဝဋ္ဋံ၊နိဗ္ဗာန်ကို။ပတ္ထေန္တော၊တောင့်တလျက်။ ဒါနံ၊ ဆွမ်း,သင်္ကန်းစသော၀တ္ထုကို။ ဒေတိ၊ ပေးလှူ၏။သီလံ၊ သီလကို။ သမာဒိယတိ၊ ခံယူဆောက်တည်၏။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးခြင်း အမှုကို။ ကရောတိ၊ ပြု၏။ ဂန္ဓမာလာဒိဟိ၊ ပန်းနံ့သာ စသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ ရတနာ ၃-ပါးအား ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ ဓမ္မံ၊ တရားစကားကို။ သုဏာတိ၊ နာခံမှတ်သား၏။ဒေသေတိ၊ ဟောပြော ပြသ၏။ ဈာနသမာပတ္တိယော၊ ဈာန်သမာပတ်တို့ကို။ နိဗ္ဗတ္တေတိ၊ ဖြစ်စေ၏။ ဇေဝံကရောန္တော၊ ဤသို့ပြုသည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ် အားဖြင့်။ အမတနိဗ္ဗာနံ၊အမတမှန် အမြိုက်နိဗ္ဗာန်ကို။ပဋိလဘတိ၊ရ၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသော ဝိဝဋ္ဋုပနိဿိတ ကုသိုလ်မျိုးသည်။ ပရိယာ ယဓမ္မော၊ ပရိယာယ်တရားမည်၏။

**အဓိပ္ပါယ်ကား။** ။မဂ် ၄-တန်, ဖိုလ် ၄-တန် နိဗ္ဗာန်ဟူသော လောကုတ္တရာ ၉ ပါး သည်၊ မုချတရားမည်၏။ ဝဋ်ဆင်းရဲခပ်သိမ်းတို့၏ ကင်းငြိမ်းရာမှန်သော၊ နိဗ္ဗာန်ကို တောင့်တ၍ ပြုစုအားထုတ်ကြသော၊ ဝိဝဋ္ဋခေါ်ဆိုသည့် ဒါနသီလစသော ကုသိုလ်များ သည်၊ပရိယာယ်တရားမည်၏။ဤသို့ မုချ, ပရိယာယ် တရား၂-ပါးကို မှတ်သားပါလေ။

ထိုတရား ၂-ပါးတို့တွင်၊ ပရိယာယ်တရားဟူသည်၊ အနက်တူ သဒ္ဒါကိုရင်း အဓိပ္ပါယ်တူအနက်ကိုရင်း အကြောင်းတူကိုရင်း ခေါ်ဆို ရသဖြင့်၊ ဒါန သီလစသော ပရိယာယ်တရားသည်လည်း၊အကြောင်း တစိပ်တူဖြစ်ပေ၏။လောကုတ္တရာဟူသော မုချတရားသည်၊ အားထုတ် ရသည်မဟုတ်၊အားထုတ်၍ပေါက်ရောက်မှ ဖြစ်ပေါ်လာသော တရား မျိုးပေတည်း။ ဥပမာအားဖြင့်၊ ရွှေစစ်ငွေစစ်ကို အလိုရှိသောသူသည်၊ ရွှေသတ္တု၊ ငွေသတ္တုကို ကျိုချက်၍၊ မြေးပုက်ရှပ်ထွေးသော အညစ် အကြေးတို့၊ ကင်းဝေး စင်ကြယ်မှ တင့်တယ်သော ရွှေကောင်း ငွေကောင်းများကို ရနိုင်သကဲ့သို့။ ထိုအတူပင်လျှင်၊ ဒါနသီလစသော ပရိယာယ် တရားများကို သုတ်သင်အားထုတ်ပါမှ၊ လောကုတ္တရာ မုချတရားသို့ ပေါက်ရောက်နိုင်၏ဟု တွေးတောမှတ်ထင်ရန် ရှိနေ ပေသည်။

ဤသို့ မှတ်ထင်ယူဆ၍ တင်ပြသော ဥပမာစကား၌၊ စဉ်းစားရန် သာကေမှာ၊ဥ ပမာပြရာ၌ ယုတ္တိပင်ရသော်လည်း၊သဘာဝ ကျုံ့မှ မုချ ဟု မှတ်ယူအပ်ပေသည်။ ထိုဥပမာအရ အကြောင်းတစိပ် တူမျှရုံနှင့် ပရိယာယ်ဖြစ်သော ဒါနသီလကို အားထုတ်သဖြင့်၊ မုချ ဖြစ်သော

မဂ်ဖိုလ်နိဗ္ဗာန်သို့ ပေါက်သည်ဟု ဆိုခဲ့လျှင်၊ သံလုံး ပဒါးလုံးများ သိဒ္ဓိပေါက်ရာ၌၊ မီးသွေးနှင့် ချော်စသည်များလည်း၊ အကြောင်းတစိပ်တူကြသဖြင့်၊ ၎င်းချော်မီးသွေးများကို ထိုးရုံနှင့် သိဒ္ဓိပေါက်သော သံလုံး ပဒါးလုံးများဖြစ်ခဲ့ရာ၏။ ဤသို့လည်းမဖြစ်နိုင် အကြောင်းလည်း မကောင်းပေ။

၎င်းဥပမာ၌၊သံမျိုးစေ့ ပဒါးမျိုးစေ့ ရွှေမျိုးစေ့ ငွေမျိုးစေ့တို့မှသာလျှင်၊ သံကောင်း ပဒါးကောင်း ရွှေကောင်း ငွေကောင်းဖြစ်နိုင်၏။ ချော်မီးသွေးစသည်များမှာ၊ အညစ်အကြေး စင်ကြယ်ရုံမျှသာဖြစ်နိုင်၏။ဤဥပမာ အတူပင်လျှင်၊ဒါနသီလစသော ပရိယာယ်အမှုမျိုးသည်၊ လူကောင်း နတ်ကောင်းဖြစ်၍၊ သာသနာတော်နှင့် တွေ့ကြုံရခြင်း မုချ အကျိုးကိုဖြစ်စေ၏။ ဝိပဿနာအမှုမျိုးသည်၊မဂ်ဖိုလ်နိဗ္ဗာန်ရခြင်း မုချ အကျိုးကိုဖြစ်စေ၏။ ဒါနသီလစသော ပရိယာယ်အကြောင်းနှင့် မဂ်ဖိုလ်နိဗ္ဗာန်ရသည်ဆိုခြင်းမှာ၊အကြောင်းမကောင်း တစိပ်တဒေသ တူမျှခြင်းကြောင့်၊ အာနိသံသ အကျိုးမျိုးပေတည်း။

ဤသို့လျှင် မုချအကျိုး,အာနိသံသအကျိုးဟု၊နှစ်မျိုးနှစ်စားမှတ်သားအပ်၏။အကျိုးရင်း အကျိုးဖျားဟု ဆိုလိုသည်။ယခုလို ဒါနသီလမျှနှင့် မဂ်ဖိုလ်ကိုရပါလျှင်၊ ဝိပဿနာအလုပ်ကို အားထုတ်ခြင်း မပြုကြပေရာ။ မဟာနာဂ,မဟာသိဝ စသော မထေရ်ကြီးတို့မှာ၊ ပိဋကတ်သုံးပုံဆောင်၍ ဈာန် အဘိညာဏ်ကို ရလျက်၊ ဝိပဿနာအလုပ်ကို ကာလရှည်ကြာအောင်ပင် လွန်စွာအားထုတ်ကြရလေသည်။

ဤနေရာ၌၊ ဝိသာခါ အနာထပိဏ် စသောသူတို့မှာ၊အားမထုတ်ဘဲ ရကြသည်ဟု ထင်မှတ်ရန်ရှိပေ၏။ ထိုပုဂ္ဂိုလ်များမှာ၊ ဥဂ္ဃဋိတညူပုဂ္ဂိုလ်,ဝိပဉ္စိတညူပုဂ္ဂိုလ်မျိုးဖြစ်၍၊ ယခုဘဝ၌ အားထုတ်ခြင်းမပြုရ။ နောက်နောက်သော ဘဝများက၊ လွန်စွာအားထုတ်ခဲ့ကြ၍၊ ယထာဘူတကို ကြားရုံမျှလိုကြ၏။ ကျွတ်ထိုက်သော်လည်း နေယျပုဂ္ဂိုလ်မျိုးဖြစ်ပါလျှင်၊ ဘုရားလက်ထက်ကပင် အားထုတ်မှ ရကြသဖြင့်၊ ယခုအခါမှာ ပြောဘွယ်ရာမရှိပေ။ ဤမျှနှင့် စိတ်မကျေပါက ဝိဇ္ဇာစရဏသမ္ပန္န-ဟူသော ဂုဏ်တော်ဘွင့်များကို သတိထားပါလျှင်၊ပရိယာယ်တရားက မုချတရား မဖြစ်နိုင်ကြောင်းကို၊ ကောင်းကောင်းကြီး သိရှိပါလိမ့်မည်။

## ဉာဏာန္တိ ယထာသဘာဝံ ဇာနာတိ ပဋိဝိဇ္ဈတီတိ ဉာဏံ။

(ဋီကာကျော်)

ဉာဏာန္တိ၊ ဉာဏံ-ဟူသည်ကား။ ယထာ သဘာဝံ၊ ဟုတ်မှန်တိုင်းသော သဘောကို။ ဇာနာတိ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။ ။ဤဋီကာကျော် စကားအရ၊ အဟုတ်အမှန်ဖြစ်သော ပရမတ်ရုပ်နာမ်ကို သိမှသာ၊ ဉာဏ်ခေါ်သည်ဆိုသဖြင့်၊ ဒါနသီလစသော ပရိယာယ်တရားမျိုးသည်၊ ပုဂ္ဂိုလ်သတ္တဝါစသော ပညတ်ကိုသာ အာရုံပြု၏။ဝိပဿနာဉာဏ် မဂ်ဉာဏ်များမှသာလျှင်၊ ပရမတ် ရုပ်နာမ်ကို အမှန်မုချ အာရုံပြုနိုင်ကြ၏။ ထို့ကြောင့်၊ မုချနှင့်ပရိယာယ်၊ ပရမတ်နှင့် ပညတ်တရားတို့ တိုက်ရိုက်အားဖြင့်၊ အကြောင်းအကျိုး မဆက်မစပ်နိုင်ပုံကို၊ ယုံကြည်စွာ မှတ်ယူသင့်ပေသည်။

ယခုပြဆိုခဲ့သော အဋ္ဌကထာ,ဋီကာစကားနှင့်၊ အဓိပ္ပါယ်သဘောသွားကို မှတ်သား၍၊ မုချတရား ပရိယာယ်တရား၊မုချအကျိုး အာနိသံသအကျိုးနှင့်၊ အမျိုးမျိုးသော ဥပမာ ဥပမေယျတို့ကို၊ ထောက်ဆနှိုင်းယှဉ်၍ ဆင်ခြင်စဉ်းစား ကြပြီးလျှင်၊ဒါနသီလမှုနှင့် မဂ်ဖိုလ်ကိုမရနိုင် ဝိပဿနာတရား ရမှသာလျှင်၊ မဂ်ဖိုလ်ကို ရနိုင်သည်ဟု မုချမှတ်ယူကြပါလေ။ ဤမှုနှင့်သဘောမကျပါလျှင်၊ သမ္ဗုဒ္ဓဝါဒနီ၏ အဓိပ္ပါယ်နှင့် ပလိဗောဓ၏ အဓိပ္ပါယ်များကို သတိထားမိပါက ထင်ရှားစွာ သိရှိပါလိမ့်မည်။ ၎င်းအကြောင်းများသည်၊ **ဂမ္ဘီရဥတ္တမကာသနီကျမ်း**၌ ပါရှိလေ၏။

မုချနှင့် ပရိယာယ်တရားနှစ်ပါးကို ပြဆိုခြင်းပြီး၏။

---

## ဒါန သီလ ဘာဝနာ၌ သိမှတ်ရာအချက်ကို ပြဆိုခြင်း

ယခုပြဆိုခဲ့ပြီးသော စကားအရပ်ရပ်တွင်၊ ဒါနသီလ ပရိယတ္တိကျမ်းဂန်တို့နှင့် စပ်သောဂုဏ်များမှာ၊မထင်ရှား မပေါ်လွင်ဘဲ အသုံးမဝင်သကဲ့သို့ပင် ဖြစ်နေ၍၊ အချို့သောသူတို့သည် မကျေနပ်နိုင်အောင်ရှိတတ်လေ၏။ ဤအဓိပ္ပါယ်သဘောမျိုးမှာ၊ အရာဌာနပုဂ္ဂလသို့လိုက်၍၊ ထိုက်သည်အားလျော်စွာ မှတ်သား ယူဆနိုင်စေရန်၊ အဖြွက်မှုဝေဘန်၍ ပြဆိုလိုက်ဦးအံ့။

အထက်တွင်ပါရှိသော ဒါနသီလနှင့် ပရိယတ် ၃-မျိုးတို့တွင်၊ဒါနသီလတို့ကို ပြုလုပ်ရန် အကြောင်းများနှင့်၊ခံစားရသော အကျိုးများကို ပြဆိုနေလျှင်၊ လွန်စွာပင် ကျယ်ဝန်းလှ၏။ အချုပ်သဘောမှာ၊ ဝိပဿနာအလုပ်မရှိလျှင်၊ ထိုဒါနသီလကို အခွင့်ရသမျှပင် အားထုတ်ရာ၏။ ဝိပဿနာ အလုပ်ရှိနေခဲ့ပါလျှင်၊ ထိုဒါနသီလကို အသီးအခြား အားထုတ်ရန်မလို၊အကယ်၍ တွဲဘက်နေပါမူ၊ဒါနသီလအတွက်နှင့် ဝိပဿနာ အလုပ်ပင် ပျက်ကွက်၍နေလေ၏။ ဤနေရာ၌ ဒါန သီလကိုမဆိုထားဘိ၊ တရားဟောခြင်း စာအံစာချခြင်း ဘုရားပုထိုး ရှိခိုးဝတ်တက်ခြင်းများသည်ပင်လျှင်၊ ပလိဗောဓအရာသို့ ဝင်နေသည်ကို ဆင်ခြင်စဉ်းစားပါက၊ ထင်ရှားစွာ သိသင့်လှပေသည်။ ဥပမာ အားဖြင့်၊ လောက၌ လူဖြစ်သောသူတို့မှာ၊အသက်မွေးရာ မွေးကြောင်းဖြစ်သော အလုပ်တို့တွင်၊ မိမိတို့၏ အခြေအနေသို့လိုက်၍ ထိုက်သည်အားလျော်စွာ၊ တခုခုသော အလုပ်ကို အားထုတ်ကြရာ၏။ ဤသို့အလုပ်လုပ်ရာ၌၊ ကူးသန်း ရောင်းဝယ်သော ကုန်သည်တို့တွင်၊ အရင်းအနှီး များသူတို့မှာ၊ မီးသင်္ဘောကြီး မီးရထားကြီးတို့နှင့်ပင် ရှာဘွေကြ၏ ။အလယ်အလတ်မျှ အရင်းအနှီးရှိသူတို့မှာမူ၊ လှေငယ် လှည်းငယ်များနှင့် ရှာဘွေကြရာ၏။ အရင်းအနှီး နည်းပါးသော သူတို့မှာမူကား၊ ပခုံးထမ်းခေါင်းရွက်မျှဖြင့်သာလျှင် ရှာဘွေနိုင်ကြရာ၏။

ထို ၃–မျိုးတို့တွင်၊ မီးသင်္ဘော မီးရထားကြီးတို့နှင့် ကူးသန်းနိုင်သောသူတို့မှာ၊ တခေါက် ပေါက်ရောက်လာလျှင် တသက်လုံး စားသောက်၍ မကုန်နိုင်ဘဲ၊ စက်ပိုင် လယ်ပိုင်စသော စည်းစိမ်ဥစ္စာ သူဌေးကြီးများအဖြစ်သို့ပင် ရောက်ရှိနိုင်သဖြင့်၊ အလုပ်ကိစ္စနှင့် စပ်သော ဒုက္ခမှ တသက်လုံး ငြိမ်းအေးချမ်းသာရလေတော့၏။လှေငယ်လှည်းငယ်များနှင့်သာ ရောင်းဝယ်သော သူတို့မှာမူ၊ တခေါက်ပေါက်ရောက်လာလျှင်၊တလစာ တနှစ်စာမျှသာ ရရှိလေ၍၊အလုပ်ကိစ္စနှင့်စပ်သော ဒုက္ခမှာ၊ တလတနှစ်မျှသာ အားလပ်ခွင့်ရလျက်၊တဖန်ရောင်းဝယ်သွားလာရခြင်း၊ အလုပ်ကိစ္စဟူသော ဒုက္ခသို့ပင်၊ ပြေးဝင် သက်ဆင်း ကြရလေ၏။ ဤသို့သော အစဉ်ဖြင့် တသက်လုံး လနှစ်ရှိသမျှ၌ အလုပ်ကိစ္စအတွက် အဆက်ဆက်သော ဒုက္ခကြီးမားအင်ကို၊ ကုန်စင်အောင်မြော်မြင် သိရှိကြပါလေ။

ပခုံးထမ်း ခေါင်းရွက် မှုဖြင့်သာ၊ ရောင်းဝယ်ရသော သူတို့မှာ မူကား၊ တခေါက် ပေါက်ရောက်ပါမှ၊ တနပ်စား တနေ့စာမျှသာ ရနိုင်သဖြင့်၊ နေ့စာနေ့ ညစာည ဆိုသကဲ့သို့ ဖြစ်နေလေရာ၊ ချမ်းသာစွာနှင့် နားနေရန် အချိန်မရနိုင်ဘဲ၊ ပါဏုပေတံ အသက်ထက်ဆုံး၊ နေ့ရက်ရှိသမျှကာလပတ်လုံး၊ အလုပ်နှင့်လက် မပြတ်စဲမူ၍၊ အမြဲပင် အားထုတ်နေရသဖြင့်၊ အလုပ်ကိစ္စ၏ ဒုက္ခကြီးလေးပုံမှာ၊ မတ်တတ်စာရှိ၍ တုံးလုံးစာ မရှိဆိုသကဲ့သို့။ မချိထန်သဲအောင် လွန်စွာမှ ဆင်းရဲညှိုးနွမ်း၍ ပင်ပန်းခြင်းဖြစ်လေရာ၏။ လုံးလုံးအလုပ်မရှိသော သူမှာမူကား၊ စားသောက်ရန်ပင် ပြတ်လတ်လျက် ငတ်မွတ် ခေါင်းပါးပြီး၊ ဖြစ်ပေါ်လာသော ရောဂါများကိုမှ ဆေး ဝါး ခတ်စာတို့နှင့်မကုသနိုင်ဘဲ၊ သေဘေးကြီးနှိပ်စက်သဖြင့် အခက်နှင့်တွေ့ကြုံလျက်၊ လူ့ဘုံတွင် အသက်ရှင်စဥ်လည်း လူရာသို့မဝင်ဘဲ၊ ဆင်းရဲခြင်းအမျိုးမျိုးနှင့် ဒုက္ခိတ ကံဆိုးမှာ၊ သေခြင်းဆိုး သေရလေတော့သည်။

ဤဥပမာအတူ၊ အပါယ်စသောသံသရာဝဋ်မှ ကင်းလွတ်ငြိမ်းအေးရာဖြစ်သော၊ ချမ်းသာသုခသို့ရောက်ကြောင်း တရားကောင်း တရားမှန်တို့သည်၊ ဝိပဿနာကမ္မဋ္ဌာန်း သမထကမ္မဋ္ဌာန်း ဒါန သီလဟူ၍ ၃-မျိုးရှိ၏။ သာသနာတော်နှင့် တွေ့ကြုံ၍သာသနာတော်၏ အကျိုးကို၊ အားကိုးယုံကြည်သဖြင့်အပါယ်စသောဆင်းရဲဒုက္ခကို၊ မုချကြောက်ရွံ့လျက် ချမ်းသာသုခသို့ ရောက်လိုကြသော၊ အာစာရကုလပုတ္တ သပ္ပုရိသအပေါင်း သူတော်ကောင်းတို့သည်၊ အထက်ပါ တရား ၃-ပါးတွင်၊ တပါးပါးသော တရားကို ထင်ရှားပေါက်ရောက်အောင်၊ ကျင့်ဆောင်အားထုတ်အပ်ကုန်၏။

ထို ၃-ပါးသော တရားနည်းလမ်းတို့တွင်၊ ဝိပဿနာနည်းလမ်းဖြင့် ဆုံးခန်း ပေါက်ရောက်ခဲ့ပါလျှင်၊ အပါယ်စသော ဆင်းရဲဒုက္ခဟူသမျှတို့သည်၊ အမြစ်မူလပါ ကင်းစင်လွင့်ပျောက်၍၊ သန္တိသုခဖြစ်သော နိဗ္ဗာန်ချမ်းသာကြီးသို့၊ တခါတည်း ပြီးစီးသမြောက်၍၊ အောင်မြင်ခြင်း ကမ်းအဆုံးသို့ လုံးလုံးကြီး ရောက်ရှိနိုင်လေ၏။ သမထနည်းလမ်းဖြင့် ဆုံးခန်း ပေါက်ရောက်ခဲ့သည်ရှိသော်၊ ကပ္ပ၁-၅၀, ကပ္ပ၁-၁၀၀ စသည်ဖြင့်၊ အသက်ရှည်သော ဗြဟ္မာကြီးများဖြစ်ပြီးလျှင်၊ ထိုအရှိန်ကုန်ဆုံး ပြတ်ကင်းသောအခါ၊ အပါယ်စသော ဆင်းရဲဒုက္ခတွင်းသို့၊ အမှန်ပင်ပြန်ဆင်း ကျရောက်ရလေ၏။ ဥက္ကဋ္ဌ ပုညတေဇေန-စသော

ဒေသနာတော်ကို ထောက်ခြေ့ဆင်ခြင်ပါလေ။ ဒါနသီလနည်းလမ်းဖြင့် ဆုံးခန်းပေါက်ရောက်သောသူမှာ၊တဘာဝ နှစ်ဘဝမျှသာ သုဂတိချမ်းသာများကို ခံစားရ၍၊ထိုအာနိသင်ကုန်ဆုံးပါလျှင် အပါယ်သို့ပင်သွားရပြန်လေ၏။ဆို ၃–ပါးမှကင်း၍ လုံးလုံးအားထုတ်ခြင်း မရှိသောသူမှာမူ၊လူဟူ၍ပင် မပြောလောက်အောင်၊ ဆင်းရဲဒုက္ခ အမျိုးမျိုးသို့ရောက်လျက်၊ သောသည်မှ နောက်၌ သုဂတိဘဝသို့ တုံ့ခေါက်ပြန်လာရန် မရှိနိုင်ဘဲ၊ အပါယ်စသော ဆင်းရဲ၌ လူးလဲနစ်မြုပ် နေရလေတော့သည်။ယခုပြဆိုခဲ့သော အဓိပ္ပါယ်များသည်၊လိဝ်ကာဏ်း ထမ်းပိုးကို ဥပမာထား၍၊ မြတ်စွာဘုရား ဟောကြားတော်မူသော၊ဒေသနာတော်တရားကို စဉ်းစားဆင်ခြင်ပါလျှင်၊ လွန်စွာပင် သိသာ ထင်ရှားလှပေသတည်း။

၌သို့ ဥပမာကို အမြွက်မျှပြသဖြင့်၊ ဥပမေယျနှင့် စပ်ယှဉ်ခြင်းကို၊ ဉာဏ်မြင်သမျှ ပွင့်လင်းတိုးပွါးနိုင်ပေ၏။ တနည်းအားဖြင့်၊ ကျောက်ကုန် အထည်ကုန် ဆေးရိုးကုန် ရောင်းသူတို့၏ အထားအသိုအဆောင်အယူတို့ လွယ်ကူပုံ ခက်ခဲပုံ၊စိတ်ချမ်းသာပုံ စိတ်ဆင်းရဲပုံနှင့်၊ အမြတ်များပုံ အမြတ်နည်းပါးပုံစသော၊ဥပမာဖြင့်လည်း နှိုင်းယှဉ်စဉ်းစား၍၊ အထက်တွင်ပြဆိုခဲ့သော အဓိပ္ပါယ်သဘောသွားကို၊ မှတ်သားနည်းယူပြီး လွယ်ကူစွာ သိမြင်သင့်လှပေသည်။ သဘောအချုပ်မှာမူ၊ ဒါနသီလအလုပ်ကို အရေးကြီး မဟုတ်သကဲ့သို့၊ ဘွင့်ထုတ် ပြောဆိုရာ၌ ဌာနာဌာနနှင့် ပုဂ္ဂလစရိုက်ကို၊ ထောက်ချင့်၍ ညီညွတ်အောင် မှတ်ယူသင့်ပေ၏။ ဝိပဿနာအလုပ်ကို အားမထုတ်သောသူ၊ အားထုတ်သော်လည်း တန့်နားရပ်ဆိုင်းနေသောသူ၊ အားထုတ်၍ ပေါက်ရောက်ပြီးသောသူတို့မှာ၊ သဒ္ဓါအင်အား ရှိသမျှပင် ပြုလုပ်ရပါ၏။ အနာထပိဏ် ဝိသာခါစသည်တို့ကို ကြည့်ရှုပါလေ၊ ဝိပဿနာအလုပ်ကို အံ့ဟုတ်တွင်ကျယ်အောင်၊ အကြိတ်အနယ် အားထုတ်ဆဲ အခိုက်၌သာလျှင်၊ ရှောင်ကြဉ်ရမည်ဟူ၍ မှတ်ယူအပ်ပေ၏။ ၌အချက်၌ ပလိဗောဓ၏ အဓိပ္ပါယ်ကို သဘောကျပါလျှင်၊လွန်စွာပင် သိသာထင်ရှားလှပေတော့သည်။

ဒါန သီလ တာဝနာ၌ သိမှတ်ရာအချက်ကို ပြဆိုခြင်းပြီး၏။

## ပရိယတ္တိကျမ်းဂန်စမှု၏ အနန္တ ကျေးဇူးဂုဏ်ကို သိသာရုံပြဆိုခြင်း

ပရိယတ္တိခေါ်သော စာပေကျမ်းဂန်ကို၊ သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားခြင်းများသည်လည်း၊ ဤကျမ်း၌ပြဆိုခဲ့သော အဓိပ္ပါယ်မှာ အကျိုးကျေးဇူးမများလှ၊ အပိုမျှသာ ရှိနေသကဲ့သို့ ထင်ရသည့် အပြင်၊ အနှောက်အယှက်များပင် ဖြစ်သေး၏ဟူသော အဓိပ္ပါယ်များ ပါရှိနေ၏။ ထိုအဓိပ္ပါယ်မျိုးကိုလည်း၊ အရာဌာန အားလျော်စွာသာ လျှင် မှတ်အပ်ပေ၏။ ထို့ကြောင့် အကျိုးမထူးဘဲ ရန်ဆူးရန်ငြောင့် ဖြစ်ခြင်း၊အကျိုးကျေးဇူးတရားတို့ လွန်စွာပွားများခြင်း နှစ်မျိုးနှစ်စား ရှိသည်ဟူ၍၊ ရှင်းလင်းကွဲပြားအောင် မှတ်ယူယုံကြည်သင့်ပေသည်။

ဤနေရာ၌ ပရိယတ်ဟူသည်၊ပဋိပတ်လမ်းမှန်အောင် ကျင့်ကြံအားထုတ်နိုင်ရန်၊ အဓိပ္ပါယ်သဘောကို သိခြင်းသာလျှင် လိုရင်း အစစ်ဖြစ်၏။ ထိုအကျင့်တရားကို သိခြင်းပရိယတ်သည် သင်္ဂြိုဟ်စသော ကျမ်းဂန်များကို၊ သင်အံဆောင်ရွက် လေ့ကျက်မှတ်သားသဖြင့်၊ ထိုက်သင့်သည်အလျောက်၊ ရုပ်နာမ်ခန္ဓာစသော ပရမတ်ဆိုင်ရာသဘောကို၊ သရုပ်သချ်ာ အရေအတွက်များနှင့်တကွ၊ မှတ်သားလုံလောက်လျက် ကျွမ်းကျင် တတ်မြောက်သဖြင့်၊ ကျင့်ကြံအားထုတ်နိုင်ရန် ပဋိပတ် လမ်းမှန်ကိုသိခြင်း၊ ပဋိပတ်လမ်းမှန်တရားကို ဟော ပြော သံ ကြား သဖြင့်၊ အစဉ်ကိုမှတ်သား၍၊ အားထုတ်ကျင့်ကြံနိုင်ရန်၊ဖြောင့်မှန်သော အဓိပ္ပါယ်သဘောမျှကိုသာသိခြင်း၊ ဤသို့သိခြင်းသည် နှစ်မျိုးနှစ်စား ပင်ရှိပြန်လေ၏။ထိုနှစ်မျိုးတို့တွင်၊ပရိယတ်,ပဋိပတ်,ပဋိဝေဓ-ဟူသော သာသနာ ၃-ပါးလုံးပြည့်စုံမှ၊ မဂ်ဖိုလ်သို့ ပေါက်ရောက် နိုင်သည် ဆိုသောစကားအရမှာ၊ ပြဆိုခဲ့သော ပရိယတ်နှစ်မျိုးဘို့တွင်၊ တပါး ပါးနှင့်ပြည့်စုံလျှင်ပင် မဂ်ဖိုလ်ကိစ္စမှာ ပြီးစီးနိုင်၏။

ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ တတ္ထ ယော စ ပရတောဃောသော ယောစ အဇ္ဈတ္တံ ယောနိသော မနသိကာရော။ ဣမေ ဒွေ ပစ္စယာ ပရတောဃောသေန ယာ ဥပ္ပဇ္ဇတိ ပညာ။ အယံ ဝုစ္စတိ သုတမယီ ပညာ။ ယာ အဇ္ဈတ္တံ ယောနိသော မနသိကာ

ရေန ဥပ္ပန္နတိ ပညာ။အယံ ဝုစ္စတိ စိန္တာမယီ ပညာတိ ဣမာ ဒွေပညာ ဝေဒိတဗ္ဗာ။ ပုရိမကာစ ဒွေပစ္စယာ ဣမေ ဒွေ ဟေတူ ဒွေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ။

(ပေဋကောပဒေသ ပါဠိတော်)

သာဝကဿ၊ တရားတော်ကို ကြားရသောသာဝကအား။ သမ္မာဒိဋ္ဌိယာ၊ဝိပဿနာသမ္မာဒိဋ္ဌိ,မဂ်သမ္မာဒိဋ္ဌိ၏။ဥပ္ပါဒါယ၊ဖြစ်ခြင်းအကျိုး ငှါ။ ပစ္စယာ၊အထောက်အပံ့တို့သည်။ ဒုဝေ၊နှစ်ပါးတို့တည်း။ ဟေတူ၊ အကြောင်းတို့သည်။ ဒုဝေ၊နှစ်ပါးတို့တည်း။ တတ္ထ၊ ထိုအကြောင်းနှစ်ပါး,အထောက်အပံ့ နှစ်ပါးတို့တွင်။ ယောစ ပရတောဃောသော၊ အကြင်သစ္စာနှင့်သင့်တရား သူတပါးဟောပြောသောအသံကို ကြားနာရသောစကား တပါး။ ယောစ အဇ္ဈတ္တံ ယောနိသောမနသိကာရော၊ အကြင်ကြားနာရတိုင်း မိမိသင့်သောအကြောင်းဖြင့် နှလုံးသွင်းမိခြင်း တပါး။ ဣမေ ဒွေ၊ ဤနှစ်ပါးတို့ကို။ ပစ္စယာ၊ အထောက်အပံ့တို့ဟူ၍။ ဝုစ္စန္တိ၊ဆိုအပ်ကုန်၏။ ယာ ပညာ၊အကြင်ပညာသည်။ ပရတောဃောသေန၊ သစ္စာနှင့်သင့်စကား သူတပါးဟောပြောသံတရားဖြင့်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ ပညာ၊ ဤပညာကို။ သုတမယီပညာ၊ကြားနာသဖြင့် ပြီး သောပညာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ယာ ပညာ၊ အကြင်ပညာသည်။ အဇ္ဈတ္တံ၊ယောနိသောမနသိကာရေန၊ကြားနာရတိုင်းမိမိသင့်သောအကြောင်းဖြင့် နှလုံးသွင်းမိသဖြင့်။ ဥပ္ပဇ္ဇန္တိ၊ဖြစ်၏။အယံ ပညာ၊ဤပညာကို။စိန္တာမယီပညာ၊ ကြံသဖြင့် ပြီးသောပညာဟူ၍။ ဝုစ္စတိ၊ဆိုအပ်၏။ ဣမာဒွေပညာ၊ ဤပညာနှစ်ပါးတို့ကို။ ဒုဝေ ဟေတူ၊ အကြောင်း နှစ်ပါးတို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ပုရိမကာစ ဒွေပစ္စယာ၊ ရှေး၌ဖြစ်ကုန်သော အထောက်အပံ့နှစ်ပါးတို့ကိုလည်း။ဒုဝေ ပစ္စယာ၊ အထောက်အပံ့ နှစ်ပါးတို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဣတိဧဝံ၊ ဤသို့။သာဝကဿ၊ သစ္စာနှင့်သင့်တရား သူတပါးဟောပြောသံစကား ကို ကြားနာရသောကြောင့် သာဝကမည်သောသူအား။သမ္မာဒိဋ္ဌိယာ၊ ဝိပဿနာသမ္မာဒိဋ္ဌိ, မဂ်သမ္မာဒိဋ္ဌိ၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းအကျိုးငှါ။ ဣမေ ဒွေပစ္စယာ၊ ဤအထောက်အပံ့ နှစ်ပါးတို့ပင်တည်း။ ဣမေ ဒွေ ဟေတူ၊ ဤအကြောင်းနှစ်ပါးတို့ပင်တည်း။

ဤနေရာ၌ သစ္စာနှင့်စပ်သောတရား၊ သူတပါး ဟောပြောသော စကားကို ကြားနာသဖြင့်ပြီးသော သုတမယဉာဏ်သည်သာ၊ ဝိပဿ

နာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့အမှန်ရောက်သော၊ လိုရင်းကြီးအစစ် အမြစ်မူလဖြစ်၏။

ပရိယတ်မရှိဘဲ မဂ်ဖိုလ်သို့ပေါက်ရောက်နိုင်သည် ဆိုသောစကားအရမှာ၊ စာမတတ်ဘဲ မဂ်ဖိုလ်သို့ပေါက်ရောက်သော ဝတ္ထုများကို ထောက်၍ ဆိုနိုင်လောက်ပေ၏။ သာသနာသုံးပါးလုံးပြည့်စုံမှ ပေါက်ရောက်နိုင်သည်ဟူသော အဓိပ္ပါယ်မှာ၊ အားထုတ်ပုံ နည်းလမ်းကို ကြား၍သိခြင်းမျိုးကို ပရိယတ်သို့သွင်း၍ယူအပ်၏။ ထို့ကြောင့် ပရိယတ်မရှိသော်လည်း၊ ပဋိပတ်လမ်းမှန်လျှင် မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်သည်ဟု ဆိုခဲ့ပေ၏။ ၎င်းပြင် ပရိယတ်တတ်မြောက်သောသူသည်၊ ပဋိပတ်၌ အနှောက် အယှက်ဖြစ်၍ ကြံ့ကြာ နောက်ကျသည် ဆိုသော အဓိပ္ပါယ်မှာ၊ ယုံကြည်ရန် ခဲယဉ်းခြင်း၊ ယုံကြည်သော်လည်း ပြန်လှန်သုံးသပ်နေခြင်းများကြောင့်သာဟူ၍ မှတ်ယူအပ်ပေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်များသည်၊ ပရိယတ်ဟူသော စကား၌ ဗိဋကတ်ကျမ်းဂန်ကို၊ သင်အံတတ်မြောက်မှုကိုသာလျှင်၊ ပရိယတ်ဟု အမှတ်အသားများ၍ ထင်ရှားလေသောကြောင့်၊ ပရိယတ် နှစ်မျိုးပြားပုံ၊ ပရိယတ်တတ်မြောက်မှ မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်ပုံ၊ ပရိယတ်မတတ်မြောက်သော်လည်း မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်ပုံ၊ ပရိယတ်အတွက် ပဋိပတ်အကျင့်ကို နှောက်ယှက်သဖြင့် နှေးဖင့်ကြံ့ကြာပုံများကို၊ စဉ်းစားရန် ပြဆိုလိုက်ပေသည်။

လိုရင်းသဘောမှာ၊သင်ကြား၍ တတ်မြောက်သော ပရိယတ်သည်၊ ပဋိပတ်အကျင့်တရား၌ ကျေးဇူးမများလှဟုဆိုသော အဓိပ္ပါယ်သည်၊ မိမိအတွက်မျှသာလျှင် ဖြစ်ပေ၏။ သူတပါး အကျိုးနှင့် သာသနာတော်၏ ရှည်စွာတည်တန့်၍၊ပြန့်နှံ့ခိုင်ခံ့ရန် သာသနာတော်အကျိုးတို့မှုကား၊ သင်ကြား၍ တတ်မြောက်သည့်၊ ပရိယတ်ကျမ်းဂန် ဉာဏ်ရှိသော သူတို့မှသာလျှင်၊ ကျေးဇူးပွါးများအောင် ဆောင်ရွက်နိုင်၏ဟူ၍၊ ယုံကြည်စွာ မှတ်ယူအပ်ပေ၏။

ဤနေရာ၌၊ ပရိယတ်ကျမ်းဂန် တတ်မြောက်သဖြင့်၊ သူတပါး၏ အတွက်လောက်သာ ကျေးဇူးများသည်ဟူသော စကားအရ၊လောက ဥပမာ အကျဉ်းချုပ်မှာ၊ ကြီးမားလှစွာသော စေတီကြီးကို တည်ရာတွင်၊ငြမ်းဆင်ရသည်နှင့်တူ၏။ တူပုံမှာ၊စေတီကြီးကိုတည်သောအခါ၊ ငြမ်းမပါဘဲ မပြီးစီး၊ စေတီပြီးစီးသော အခါလည်း၊ ငြမ်းအတွက်

ကြည်ညိုရန် နှောက်ရှက်သဖြင့် အလုံးစုံဖျက်ရလေ၏။ စေတီကြီးက ရှေးဦးစွာပြီးစီး တည်ရှိနေခဲ့ပါလျှင်၊ ငြမ်းဆင်ရန် ကိစ္စကို စိတ်ထဲကမျှ ကြံစည်တော့မည် မဟုတ်ပေ။

ထို့အတူ သုတပါးအား ဟောကြားပြောဆိုလိုလျှင် ရှေးဦးစွာ ပရိယတ်ကို သင်ရ၏။ ပရိယတ်ကျမ်းဂန်တတ်မှ သဘာဝအရပ်ရပ်ကို ပညတ်တင်၍ ထင်မြင်အောင် ဟောကြားနိုင်၏။ ပိဋကတ်ကျမ်းဂန် တတ်သော်လည်း ပဋိပတ်လမ်းမှန်ပေါက်၍ အရိယာအဖြစ်သို့ ရောက်ပြီးသောသူမှာ၊ ကျမ်းဂန် တတ်မြောက်သည့်အတွက်၊ မိမိမှာ မဂ်ဖိုလ် အကျိုးတရား မထူးခြားဘဲ၊ သူတပါးအတွက်မျှသာ ဖြစ်လေတော့၏။ ရှေးဦးစွာ မဂ်ဖိုလ်ကိစ္စပြီးစီးသောသူမှာ၊ ပိဋကတ်ကျမ်းဂန်ကို သင်အံလေ့ကျက်၍၊ ဆောင်ရွက် မှတ်သားလိုသော ဆန္ဒသည်၊ စိတ်၌မျှ မဥပါဒ် မဖြစ်ပေါ်လာဘဲ၊ ဝိမုတ္တိဖိုလ်ချမ်းသာကို၊ အခါခါခံစား၍သာ နေကြလေတော့သည်။ ဤနေရာ၌၊ဥပမာနှင့် ဥပမေယျ နှိုင်းယှဉ်ခြင်းကို၊ဉာဏ်မြင်သမျှချွတ်၍ သိရှိကြပါလေ။ ယခုပြဆိုခဲ့သောဥပမာ စကားအရ၊သဘာဝကို သိရန်ဝတ္ထုမှာ၊တတိယ သင်္ဂါယနာ တင်တော်မူသော၊ ရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်မြတ်အား၊ သာသနာ တော်တွင်းသို့ သွတ်သွင်းချီးမြှောက်တော်မူသော ဆရာအရှင်တို့သည်၊ ထိုတပည့် တမဂ်တဖိုလ်သို့ ပေါက်ရောက်သောအခါတွင်၊ ပဋိပတ် ကျင့်စဉ်ကို ဆိုင်းငံ့ဖြတ်ထား၍၊ ပရိယတ်ကျမ်းဂန်ကို တတ်မြောက် အောင် သင်ကြားစေပြီးမှ၊ အထက်မဂ်တရားကို ညွှန်ကြား လမ်း ဖေါက်၍၊ ရဟန်းကိစ္စအဆုံးသို့ ပေါက်ရောက်လေ၏။

ထိုဝတ္ထု၌၊ တမဂ်တဖိုလ်မျှတွင် တန့်ရပ်၍၊ ပိဋကတ်ကို သင်ခြင်းသည်၊ ရဟန်းကိစ္စ ပြီးစီးခဲ့သော်၊ ပိဋကတ်ကို အချည်းအနှီးထင်လျက်၊ သိချင်, လိုချင်, သင်အံချင်သော စိတ်မျှပင်ရှိတော့မည် မဟုတ်သော ကြောင့်ဟု၊ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။ ၎င်းစကားကို ဆောက်ထားပါလျှင်၊ အထက်၌ ပြခဲ့သော အဓိပ္ပါယ် သဘောများကို၊ ယုံမှားခြင်းကင်းရှင်း၍ ထင်လင်းစွဲမြဲစွာ မှတ်ယူသင့်လှပေသတည်း။

ပရိယတ် ကျမ်းဂန်ကို တတ်အောင်သင်ကြားမှ၊ သူတပါးတို့ အကျိုးများပုံမှာ၊ ဤကျမ်းကို ရေးသားသော ပုဂ္ဂိုလ်သည်၊ ပရမတ် သဘော တရားကို ဟောပြောသံ ကြားသဖြင့်၊ မှတ်သားသိရှိရုံမျှသာ

ဖြစ်၍၊ ပရိယတ်ကျမ်းဂန်များကို မသင်ကြားခဲ့ပါမူ၊တပါးသူတို့ သိ၍ နားလည်အောင် ကြံဆောင်၍ မပြုလုပ်တတ်ပေရာ။

ယခု ဆရာသမားများထံ၌ နည်းခံ သင်ကြား၍၊ ပါဠိမှ ဝိရိယ အားလျော်စွာ ပရိယတ်ဒေသနာကို၊ လေ့လာနိုင်သလောက် အတန် ငယ် တတ်မြောက်ရသဖြင့်၊ သဘာဝဓမ္မနှင့် သင့်တင့်အောင် ထောက် ချင့်နှိုင်းစာပြီး၊ ဤ ဝိပဿနာ ကျမ်းကြီးကို အနည်းနည်း ဝေဘန်၍ မှန်ကန်စွာ ရေးသားခြင်း၊ သူတပါးတို့အား နားလည်အောင် ဟော ကြားခြင်း၌ စွမ်းနိုင်ပေ၏။ ထိုကြောင့် ပရိယတ္တိ ကျေးဇူးဂုဏ်ကို ပြောပြ၍ မကုန်နိုင်အောင်ပင်၊ ကြီးမား လှပေသည်ဟူ၍ မှတ်ယူ ယုံကြည်သင့်လှပေသည်။

တနည်းအားဖြင့်လည်း၊ အထက်တွင် ရေးသားခဲ့သော အရှင် မောဂ္ဂလိပုတ္တတိဿ ဝဏ္ဏသွား၌၊ အရဟတ္တမဂ် အရဟတ္တဖိုလ် တရား ကြီးများကိုပင် တန့်ရပ်ဆိုင်းထားလျက်၊ ပရိယတ္တိကျမ်းဂန်ကို သင်အံ လေ့ကျက်ရခြင်း၊ထိုသို့ ပိဋကတ်ကျမ်းဂန်တတ်မြောက်သဖြင့် တတိယ သင်္ဂါယနာ တင်နိုင်ခြင်း သင်္ဂါယနာ တင်ထားခဲ့သဖြင့် ယခုအခါသို့ တိုင်အောင်၊ သာသနာ၏ အလင်းရောင်သည် ဝင်းပြောင်တောက်ပ ခြင်းရှိနေပေ၏။ထို့ကြောင့် ပရိယတ္တိ ဂုဏ်ကျေးဇူးကို ချီးကျူး၍ မကုန် နိုင်ဘဲ၊လွန်ကဲကြီးမားလှပေသည်ဟူ၍ မှတ်ယူစွဲမြဲသင့်လှပေသည်။

**ပရိယတ္တိဓမ္မ၏ အနန္တကျေးဇူးဂုဏ်ကို ပြဆိုခြင်းပြီး၏။**

## ဒေသနာသဘာဝနှင့် ပဋိပတ္တိက္ကမ သုံးထွေကို ခွဲဝေ၍ပြဆိုခြင်း

မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော တရား ကောင်း တရားမှန်ကို၊ကျင့်ကြံအားထုတ်လိုသော သဒ္ဓါရှိသအပေါင်း သူတော်ကောင်း ပုဂ္ဂိုလ်များသည်၊ ဒေသနာနည်းလမ်း, သဘာဝ နည်းလမ်း, ပဋိပတ္တိက္ကမ နည်းလမ်းတို့ကို ခွဲခြမ်းဝေဘန်၍ ကျင့်ကြံ သော နည်းလမ်း မမှားစေရန် အထူးပင် သတိထားပြီး အဘန်ဘန် စဉ်းစားဆင်ခြင်အပ်ပေသည်။ ဤစကားနှင့်စပ်၍ ဂန္ထိရဇ္ဇုပကာသနီ ကျမ်း၌၊ ဒေသနာနည်း ၃-ပါးအရကို အမြွက်မျှ ပြဆိုခဲ့လေပြီ။ ယခု တဘန် ဆက်ဆံရောပြွမ်းပုံ သီးသန့်ခြားနားပုံ သဘောများကို၊ရှင်းလင်း

ထင်ရှားစွာ မှတ်သားသိရှိနိုင်ကြစေရန် ထပ်မံ၍ ပြောဆိုပေအံ့။ တရားနည်းလမ်းတို့သည်၊ ဒေသနာ နည်းလမ်း, သဘာဝနည်းလမ်း, ပဋိပတ္တိက္ကမနည်းလမ်းဟူ၍ ၃-ပါးအပြားရှိကုန်၏။ ထို ၃-ပါးတို့တွင်၊ ဟောချီးပြောချီးဖြစ်သော တရားအစဉ်မျိုးသည် ဒေသနာ နည်းလမ်းမည်၏။ပရမတ်တရားတို့၏ပကတိဖြစ်စဉ်မျိုးသည်၊သဘာဝ နည်းလမ်းမည်၏။ အားထုတ်ကျင့်ကြံရန်ဖြစ်သော အစဉ်မျိုးသည်၊ ပဋိပတ္တိက္ကမနည်းလမ်းမည်၏။

ဂင်း ၃-ပါးတို့တွင်၊ တရားဒေသနာတခုကို ရေတွက်ခြင်း သင်္ချာခေါ်ဝေါ်ခြင်း အမည်ပြု၍ ဟောတော်မူရာ၊ ရှေ့နောက် အစီအစဉ်မှာ များရာသို့ လိုက်၍ဂင်း၊ ထင်ရှားရာသို့ လိုက်၍ဂင်း၊ လွယ်ကူရာသို့ လိုက်၍ဂင်း၊ ဤသို့စသည်ဖြင့် အရာဌာန အခါကာလ အားလျော်စွာ ဟောတော်မူရ၏။ ကျင့်ကြံအားထုတ်ရန် လုပ်ပုံနည်းမျိုးမဟုတ်ပေ။ ဂင်းနည်းလမ်းမျိုးကို ဒေသနာနည်းလမ်းဟူ၍ မှတ်ယူအပ်ပေသည်။

တဘန် ပဋ္ဌာန်းစသော အဘိဓမ္မာကျမ်းဂန်တို့၌၊ သဘာဝဓမ္မတို့၏ ဖြစ်ပျက်ဟန်ကို၊ အတန်တန်ပင် ဝေဘန်ပိုင်းခြား၍ ဟောကြားတော်မူ၏။ ယောဂီပုဂ္ဂိုလ်တို့ ကျင့်ကြံအားထုတ်ရန် နည်းမျိုးမဟုတ်ပေ။ ဂင်းနည်းလမ်းမျိုးကို၊ ပဝတ္တိဖြစ်စဉ်ကိုပြသော သဘာဝ နည်းလမ်းဟူ၍ မှတ်ယူအပ်၏။ ထိုဒေသနာနည်း,သဘာဝနည်းများအတိုင်း ကျင့်ကြံအားထုတ်သွားပါလျှင်၊ ပရမတ်သဘောသို့မဝင်ဘဲ၊ ပညတ်ပေါ်တွင် တင်နေသဖြင့်၊ လမ်းမှန်သို့ပင် မရောက်နိုင်ဘဲ လမ်းမှားဘက်သို့သာ ယိုင်လဲပါသွားလေတော့သည်။

ထိုဒေသနာနည်းလမ်း,ပဝတ္တိဖြစ်စဉ်မည်သော သဘာဝနည်းလမ်း ၂-ပါးကို ပယ်ရှား၍၊ ပဋိပတ္တိက္ကမခေါ်သော ကျင့်ကြံအားထုတ်ရန် နည်းလမ်းအစဉ်များကို၊ ဟောကြားတော်မူသည့်အတိုင်း မမှားယွင်း မတိမ်း မစောင်းရအောင်၊ ဖြောင့် မတ်စွာ နှလုံးသွင်း ဆင်ခြင်၍၊ ဟုတ်မှန်သော ပရမတ် ရုပ် နာမ်ကို၊ ဝိပဿနာဉာဏ်၌ ထင်မြင်သိရှိ၍ လာနိုင်စေရန်၊ အတန်တန် မလစ်မလပ်စေဘဲ အမြဲမပြတ် ရှုမှတ် သွားနိုင်ပါမှ ယထာဘူတဖြစ်၍ စင်စစ် လိုလား အပ်သော၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် နိဗ္ဗာန်ချမ်းသာကြီးများကို၊ ထင်ရှားစွာ ရရှိခံစားကြရပေလိမ့်မည်ဟု၊ သုံးကြည့်စွာ မှတ်ယူအပ်ပေသည်။

ထို့ကြောင့်၊ အထက်၌ ဘော်ပြခဲ့သော စကားတို့၏ အဓိပ္ပါယ်များကို မှတ်သားသိလွယ်စေခြင်းငှါ၊ အောက်တွင်ပါရှိသော ဆောင်ပုဒ်လင်္ကာများကို ရရှိအောင် ကျက်မှတ်ထား၍ စဉ်းစား ဆင်ခြင်ကြပါလေ။ ။**ဒေသနာနည်းကို လွဲလျှင်၊ လွဲတတ်သည်။ ။ဒေသနာနည်း အတိုင်း၊ သွားလျှင်၊ မှားတတ်သည်။** ။ဤ ဆောင်ပုဒ် လင်္ကာတို့၏ အဓိပ္ပါယ်များ အရဖြင့်၊ ဝိပဿနာအလုပ် အားထုတ်ရပုံကိုပြသော၊ ပဋိပတ္တိက္ကမ ကျင့်စဉ်နည်းဟူ၍ မှတ်ယူအပ်သဖြင့်၊ ပဌမ လင်္ကာ၏ အဓိပ္ပါယ်မှာ၊ပဋိပတ္တိက္ကမ ဒေသနာနည်းမျိုးကို ပြဆိုခြင်းဖြစ်၏။ဒုတိယ လင်္ကာ၏ အဓိပ္ပါယ်မှာ၊ ဟောရိုးပြောရိုး အစဉ်ဖြစ်သော ဒေသနာက္ကမနည်း၊ ပရမတ္ထဓမ္မတို့၏ ဖြစ်ပုံအစဉ်ကိုပြသော သဘာဝနည်းဖြစ်၏။ ဤသို့သော အထူးအပြားကို၊ကွဲလွဲ ခြားနားအောင် မှတ်သားသတိပြုကြပါလေ။

ဤနေရာ၌၊ ဒေသနာက္ကမနည်း, သဘာဝနည်း ၂-ပါးသာလျှင်၊ ကျမ်းဂန်တို့၌ များပြားထင်ရှားလှ၍ ယောင်မှားလွဲချော်တတ်ပုံများမှာ၊ ဗောဓိပက္ခိယဒေသနာ၌ သတိပဋ္ဌာန်အရကို၊ ကာယာနုပဿနာ, ဝေဒနာနုပဿနာ, စိတ္တာနုပဿနာ,ဓမ္မာနုပဿနာဟူ၍ ရှေ့နောက် စီစဉ်ထားလျက်၊ သရုပ်သချ်ာအားဖြင့် လေးပါး ဟောကြားတော်မူခြင်းသည်၊ အရေအတွက် အမည်နာမအစဉ်ကို၊ သိမှတ်ရုံမျှသာ ပြဆိုရာဖြစ်သော၊ဒေသနာက္ကမနည်းမည်၏။ကာယာနုပဿနာ သတိပဋ္ဌာန်ကို အားထုတ်ပြီးမှ၊ ဝေဒနာနုပဿနာကို အားထုတ်ရမည်။ နောက်မှ စိတ္တာနုပဿနာကို အားထုတ်ရမည်ဟု၊ ဝိပဿနာလုပ်ပုံ မှတ်စဉ်ကို ပြသော၊ ပဋိပတ္တိက္ကမနည်းမျိုး မဟုတ်ပေ။

တဘန်၊ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-ဟု ဟောတော်မူရာ၊ အဋ္ဌကထာဆရာက သွားခြင်းဟူသည်၊ စိတ္တဇဝါယောဓာတ်ကြောင့်၊ အရိုးစုကြီး ရှေ့သို့ ထောင်တက်ခြင်းဖြစ်၏ဟု ဘွင့်ပြတော်မူ၏။ ဤသို့ ပြဆိုခြင်းသည်၊ သွားခြင်း အမူ အရာ တခု၌ သမ္ပယုတ္တ သဟဇာတဖြစ်သော သဉ္ဇာတ်သဉ္ဇာတ် ဓမ္မသဘာဝတရားစုတို့၊ အဘူတကွ တပြိုင်နက်တချက်တည်း ပါဝင်ပြီးစီးသွားပုံကိုပြသော ဖြစ်စဉ်သဘာဝနည်းမည်၏။ ဤဖြစ်စဉ်အတိုင်းဒိဘ်ဖြင့် ကြံစည်စုံစမ်း၍၊ဆာမှန်းရော်ရမ်းပြီး ဝိပဿနာကမ္မဋ္ဌာန်း မှတ်စဉ်အလုပ်ကို၊ အားထုတ်ရန် ပြဆိုသော ပဋိပတ္တိက္ကမနည်းမျိုးမဟုတ်ပေ။

ဂစ္ဆန္တောဝါ ဂစ္ဆာမီတိ ပဇာနာတိ—ဟူသော ဒေသနာသည်၊ သွားဆဲ အခိုက်၌၊ သွားသည်ဟူ၍ သိရမည်ဟု ဟောတော်မူ၏။ ထို့ကြောင့်၊ သွားလျှင် သွားမှန်းသိအောင်၊ သွားတယ်ဟု မှတ်ခြင်းသည်၊ ရုပ်နာမ်၏ အဖြစ်အပျက်ကို၊ အမှန်သိအောင် အားထုတ်သော ဝိပဿနာမည်၏။ ဤဒေသနာတော်အရဖြင့် ဣရိယာပထ ၄-ပါးဟူ၍၊ သွား, ရပ်, ထိုင်, လျောင်းခြင်းများကို ပြဆိုရာ၊ အစဉ်အတိုင်း ရှေ့နောက်မှန်အောင် အားထုတ်ရန်မဟုတ်ပေ။

အဘယ့်ကြောင့်ဆိုသော်၊ ယထာယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ၊ တထာတထာ နံ ပဇာနာတိ-ဟူသော ဒေသနာတော်၌၊ အကြင်အကြင် ဣရိယာပုထ်ဖြစ်ပေါ်၏၊ ထိုထို ဖြစ်ပေါ်တိုင်းသော ဣရိယာပုထ်ကိုသာ၊ သိအောင် အားထုတ်ရမည်ဟု ဟောတော်မူ၏။ ထို့ကြောင့်၊ ဒေသနာ အစဉ်အတိုင်းလိုက်ခြင်း ဖြစ်စဉ်သဘောကို တွေးတောကြံဆ၍ အားထုတ်ခြင်းမျိုးသည်၊ ပဋိပတ္တိက္ကမ ခေါ်သော ကျင့်စဉ်နည်းလမ်းမှ လွဲနေသည်မည်၏။

ဤသို့ဟောရိုးပြောရိုးဖြစ်သော၊ ရှေ့နောက် အမှတ် အသားနှင့်၊ သရုပ်သချာ အရေအတွက် အစီအစဉ်ဖြစ်သော၊ ပညတ်ဒေသနာကို လည်း မလွဲစေရ၊ ပရမတ္ထဓမ္မတို့၏ ဖြစ်စဉ်ကို စိတ်တွင်ဆင်ခြင်စဉ်းစား တွေးတော ကြံစည်ခြင်းများသော၊ သဘာဝနည်းမျိုးသို့လည်း မကျ စေဘဲ၊ အတိတ်,အနာဂတ် နှစ်ပါးသို့လည်း မရောက်စေဘဲ၊ ဖြစ်ဆဲ ပစ္စုပ္ပန် ဆတ်ဆတ် ဖြစ်သော ပရမတ် ရုပ်နာမ် အမူအရာမျှကိုသာ၊ သိအောင် အားထုတ်ရှုမှတ်ရမည်ဟု ဟောတော်မူခြင်းသည်၊ မဂ် ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ သွားလမ်းဖြစ်သော၊ ကျင့်စဉ် ကျင့်ခဏ်း မျှကို ပြတော်မူသော ပဋိပတ္တိက္ကမနည်းလမ်းမည်၏။

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနန္တံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။
ပစ္စုပ္ပန္နဉ္စ ယံဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ။
အသံဟိရံ အသင်္ကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။ ။

(နေတ္တိပါဠိတော်)

အတီတံ၊ အတိတ်ကို။ နာန္ဝာဂမေယျ၊ လိုက်မရှောက်မချောက်ရာ။ အနာဂတံ၊ အနာဂတ်ကို။ န ပဋိကင်္ခေ၊ အလိုမရှိရာ။ ယံ အတီတံ၊

အကြောင်းအတိတ်သည်။ အတ္ထိ၊ ရှိ၏။ တံ အတီတံ၊ ထိုအတိတ်သည်၊ ပဟီနံ၊ ပျောက်ခဲ့ပြီ။ ယံ အနာဂတံ၊ အကြောင်းအနာဂတ်သည်။ အတ္ထိ။ ရှိ၏။ တံ အနာဂတံ၊ ထိုအနာဂတ်သည်။ အပတ္တံ၊ ရောက်လည်း မရောက်သေး။

တညတညခဏေခဏော၊ ထိုထိုခဏခဏ၌။ ပစ္စုပ္ပန္နံ-ပစ္စုပ္ပန်။ ယာခုယာခု ဖြစ်သော။ ဓမ္မဥ္စ ဓမ္မံဝေ၊ အာရုံသည်သာလျှင်။ ဝိပဿတိ၊ အာရုံပြုသော စိတ်၌ထင်၏။ တံ၊ ထိုခဏခဏ အာရုံပြုသောစိတ်၌ ထင်သော ယာခု ယာခုဖြစ်ဟန် ပစ္စုပ္ပန်အာရုံကို။ အသံဟီရံ၊ အတိတ်သို့ မပြောင်းရွှေ့မီ။ အသင်္ကုပ္ပံ၊ အနာဂတ်သို့မရောက် မပျောက်ပျက်မီ။ ဝိဒွါ၊ ပညာရှိသည်။ အနုဗြူဟယေ၊ မတွေးမဆ ကျသောအာရုံ မခုန်မကျော် ပေါ်တိုင်း ပေါ်တိုင်း မဆိုင်းညက်တွင် ထင်စေရာ၏။

ဤသို့လျှင်၊ ဒေသနာနည်း, သဘာဝနည်း, ပဋိပတ္တိက္ကမနည်း ၃-ပါး အရကို၊ အသီးသီးပိုင်းခြား၍ မှတ်သား သိရှိအပ်ပေသည်။ ယခုပြဆိုခဲ့သော သွားခြင်းအမှုအရာတခုကို သဘောကျပါလျှင်၊ ကြွင်းသော ကာယာနုပဿနာနှင့်ဆိုင်ရာ သဘောစု၊ ဝေဒနာ, စိတ္တ, ဓမ္မ တို့နှင့်ဆိုင်ရာ သဘောစုတို့၌လည်း၊ ဒေသနာ,သဘာဝ, ပဋိပတ္တိက္ကမ နည်း ၃-ပါးတို့၏ အဓိပ္ပါယ်များကို၊ ထင်ရှားစွာ သိမြင်သင့်ပေသည်။ အချုပ်အားဖြင့်၊ သတိပဋ္ဌာန် လေးပါးသို့ အစဉ်လိုက်၍၊ တခုပြီးမှ တခုကို အားထုတ်နေမှုသည်၊ ဒေသနာနည်းမည်၏။ အမှုအရာတခု၌ အတူတကွ ပါဝင်ဖြစ်ပေါ်သော၊ သဟဇာတရေးစုကို တွေးတော ကြံစည်မှုသည်၊ သဘာဝနည်းမည်၏။ ဆင်ခြင်စဉ်းစား၍ တွေးတော ကြံစည်ခြင်းများ မရှိဘဲ၊ ပကတိ ဖြစ်ပေါ်လာသော အမှုအရာကို၊ သူသဘောအတိုင်း သိအောင် အခိုက်အတန့်မျှကို မှတ်ခြင်းသည်၊ ပဋိပတ္တိက္ကမနည်းမည်၏။ ဤအဓိပ္ပါယ်မျိုးကိုရည်၍၊ **ဒေသနာ နည်းကိုလွဲလျှင်၊ လွဲတတ်သည်။ ဒေသနာနည်းအတိုင်း သွားလျှင်၊ မှားတတ်သည်**-ဟု ဆိုခဲ့ပေသည်။

ဒေသနာ,သဘာဝနှင့် ပဋိပတ္တိက္ကမ ၃-ထွေကို ပြဆိုချက်ပြီး၏။

## ဝေဒနာနည်း ၃-ပါးအရ၏ သဘာဝခြားနားပုံကို သိမှတ်ရန်ပြဆိုခြင်း

ယခုပြဆိုခဲ့သော နည်း ၃-ဖြာအရ၊ ဥပမာအားဖြင့်ကား၊ လောကဌ် လက်သမားဆရာ ဗိသုကာတို့သည်၊ တောထဲမှ ယူဆောင်လာသော သစ်ရိုင်း များကို၊ လေး မျှောင့် ရှစ် မျှောင့် စသည်ဖြင့် ခုတ်ရွေလိုသောအခါ၊ မျဉ်းကြိုးဖြင့် ကျပ်ခိုး မဲနယ်တို့နှင့် ဆွတ်၍၊ လိုရာအရပ်များကို အမှတ်အသားပြုရ၏။ ထိုအမှတ်အသားကိုကြည့်ရှုပြီး အပေါ်ရံဖြစ်သော အဖုအထစ် အခွံအကာတို့ကို ပယ်ချ၍၊ အနှစ်အသားတို့ကို အလိုရှိသော အမျှောင့် အချော များသာ ကြွင်းကျန်စေ၏။

ထိုအခါ၊မူလက မှတ်သားထားသော မျဉ်းကြိုးရာများ မထင်ရှားမပေါ်ပေါက်တော့ဘဲ၊ ကွယ်ပျောက်၍သွားလေတော့သည်။ ထိုလက်သမားသည်၊ မျဉ်းကြိုး အမှတ်မရှိလျှင် မိမိလိုရာကို ဖြောင့်မတ်စွာ ရမည်မဟုတ်၊ မျဉ်းကြိုးရာ ကျန်နေပြန်ကလည်း၊ ချောမောပြေပြစ်၍ တင့်တယ်လှပခြင်း မဖြစ်နိုင်ပေ။ထိုကြောင့်၊ မျဉ်းကြိုးနှင့် မလွဲမစောင်းဘဲ၊ မျဉ်းကြောင်းရာလည်း မပေါ်မထင်ရအောင်၊ မျဉ်းကိုပင် ဆရာတင်၍ ပြုပြင်ရလေတော့သည်။

ဤဥပမာကဲ့သို့ ပင်လျှင်၊ ဝိပဿနာအလုပ်ကို အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ဒေသနာတော် နည်းလမ်းနှင့်မလွဲစေရ၊ ဒေသနာတော် နည်းလမ်းအတိုင်းလည်း မလိုက်ရဘဲ၊ သဘာဝဓမ္မတို့၏ ဖြစ်ပျက်ပုံကို အမှန်သိမြင်အောင် အားထုတ်ရလေသည်။ ဤလက်သမား ဥပမာကို ပြသဖြင့်၊ ပန်းချီ ရေးသားသော ဥပမာ, ပန်းပုထုသော ဥပမာစသည်တို့ဖြင့်လည်း နှိုင်းယှဉ်၍ သိမြင်ကြပါလေ။

အထူးမှာ၊ အထက်ပါစကားတို့တွင်၊ သွားခြင်းအမူအရာ၌၊ စိတ္တဇဝါယော ဓာတ်ကြောင့်၊ အရိုးစုကြီး ရွှေ့သို့ ထောင်တက်သည်ဟု အဋ္ဌကထာဘွင့်ချက်ကို၊ ဖြစ်စဉ် ပစ္စတ္တိက္ခမကိုပြသော သဘာဝနည်းဟုဆိုခဲ့၏။ ကျေးဇူးရှင်ဖြစ်တော်မူသော မင်းကွန်းဇေတဝန်တောရဆရာတော် ဘုရားကြီးသည်၊ ထိုအဋ္ဌကထာစကားကို ဓာတုမနသိကာရအဖြစ်ဖြင့် နှလုံးသွင်းရန် ဓာတ်ကမ္မဋ္ဌာန်းကိုပြသည်ဟုမိန့်တော်မူ၏။ သို့သော်လည်း၊ အကြားအမြင်ဗဟုသုတ နည်းပါးလှသော

သူတို့သည်၊ ကမ္မဋ္ဌာန်းဆိုလျှင် အတ္တုတူပင်ဟူ၍ရင်း ပရမတ်ပင်ဟူ၍ ရင်း မှတ်ထင်တတ်ကြ၍၊ ခေတ်ကမ္မဋ္ဌာန်းဟုမဆိုဘဲ သဘာဝဖြစ်စဉ် ပဝတ္တိဟု ဆိုလိုက်ပေ၏။ အဘယ့်ကြောင့်ဆိုသော်၊ ခေတ် ကမ္မဋ္ဌာန်း သည်၊ သမထကမ္မဋ္ဌာန်းမျိုးဖြစ်၏။ သမထဟူသည်ကား၊ ပညတ်တရား မျိုးပင်တည်း။ သဘာဝဖြစ်စဉ် ဟူသည်လည်း၊ ပညတ်တရားမျိုးပင် တည်း။ ပရမတ်သို့ ခိုက်သော ဝိပဿနာ တရားမျိုး မဟုတ်ပေ။ ထို့ကြောင့်၊ ခေတ်ကမ္မဋ္ဌာန်းဟူသည်နှင့်၊ သဘာဝ ပဝတ္တိ ဟူသည်၊ အတ္တုတူပင်ဖြစ်သော်လည်း၊ ပညတ်နှင့်ပရမတ်ကို တတ်အပ်သိလွယ် စေခြင်းငှါ၊အဋ္ဌကထာစကားကို သဘာဝပဝတ္တိဟု ဆိုလိုက်ပေသည်။

ယခုပြဆိုခဲ့သော အချက်များသည်၊ လွန်စွာမှ အသိ ခက်လှ သဖြင့်၊ သဘောညဏ် မထွေးမယှက် စေရန်၊ ဆက်လက်၍ သံသယကင်း လောက်အောင်၊ ရှင်းလင်း၍ ပြဆိုလိုက်ဦးအံ့။ ရုပ်နာမ် ခန္ဓာဟူသော သဘာဝဓမ္မတို့ ဖြစ်နေသောအစဉ်သည်၊ ပရမတ်တရားစုဖြစ်၏။ထိုပရ မတ် တရားစုကို သိမှုသည်၊ ဝိပဿနာပင် မဟုတ်ပါလောဟု ထွေး တော ထင်မြင်တတ်၏။ ဤနေရာ၌၊ အစဉ်မပျက်ဆက်လက်၍ ဖြစ်နေ သော သဘောများမှာ မူကား၊ ပရမတ်တရားပင် ဟုတ်မှန်ပါ၏။ ကြံစည်၍သိမှုကား၊ ပရမတ်ကိုသိသည်မဟုတ် ပညတ်ကိုသာသိနိုင်၏။ ဤသို့ကွဲပြားအောင် မှတ်သားပါလေ။

ကွဲပြားပုံမှာ၊သမထ–ဟူသည် ပညတ်ဖြစ်၏။ ပညတ်ဟူသည် ထင် ရှားပေါ်ရှိသည် မဟုတ်၊ စိတ်ကကြံစည်၍ ပြုလုပ်ခြင်းမျိုး ဖြစ်၏။ ဝိပဿနာဟူသည် ပရမတ်ဖြစ်၏။ ပရမတ်ဟူသည် ထင်ရှားဖြစ် ပေါ် သော အမူအရာဖြစ်၏။ စိတ်က မကြံစည်ဘဲ အလိုလိုဖြစ်ပေါ် သော သဘောဖြစ်၏။ ဥပမာကား၊ မရဏကမ္မဋ္ဌာန်း၌ သမထ အရာတွင်၊ သူတပါးသေသည်ကို ကြံစည်တွေးတော၍၊ ထိုသဘောကဲ့သို့ ငါမိ လည်း သေရလိမ့်မည်ဟု အာရုံပြု၏။ ဝိပဿနာအရာမှာမူ၊ ရုပ်နာမ် တို့၏ ခဏမစဲ တသဲသဲ ပျက်စီးမှုတို့ကို အာရုံပြု၏။ အချုပ်အားဖြင့် သမထမှုသည်၊ကိုယ့်အလိုသို့ အာရုံလိုက်ပါအောင်၊ကြံစည်ဆွဲဆောင် ခြင်းဖြစ်၏။ ဝိပဿနာမှုသည်၊ သူ့အလိုအတိုင်း ဖြစ်ပေါ်သော အာရုံ နောက်သို့လိုက်၍၊ အခိုက်အတန့် ဖြစ်ဆဲသော ခဏပစ္စုပ္ပန် အမူအရာ အင်္ဂါင်း မိအောင်,သိရှိအောင် လိုက်နေခြင်းဖြစ်၏။ သမထမှုသည်၊ ကြံစည်၍ ဖြစ်ပေါ်သော အာရုံတခုတည်း၌ တည်ကြည်ငြိမ်သက်

အောင် ကြံဆောင်အားထုတ်ရ၏။ ဝိပဿနာ၌သည်၊ကြံစည်ပြုစုခြင်း မရှိဘဲ၊ ပကတိ ဖြစ်ပေါ်လာတိုင်းသော အာရုံအမျိုးအမျိုးသို့လိုက်၍၊ သဘောအတိုင်း သိအောင် မှတ်မှုပေတည်း။ သဘောမှာ ကား၊ ဝိပဿနာဟူသည်၊ ယထာဘူတအရာ ဖြစ်၏။ ယထာဘူတ ဟူသည်၊ ထင်ရှားရှိသော အဟုတ်အမှန်သဘောကိုဆို၏။

## ယထာဘူတန္တိ ယထာသဘာဝံ ယထာအဝ္ဋိတိ အဖွော။

(မူလပဏ္ဏာသအဋ္ဌကထာ)

ယထာဘူတန္တိ၊ယထာဘူတံ–ဟူသည်ကား။ ယထာသဘာဝံ၊တစုံတယောက်သောသူ မပြုမပြင် သဘောအတိုင်းပင်တည်း။ ယထာ အဝ္ဋိ၊ မိမိပကတိ ရှိတိုင်းပင်တည်း။ ဣတိ အဖွော၊ ဤကားအနက်။

ထိုကြောင့်၊ သွားသောအခိုက်၌၊ သွားတယ်ဟု မှတ်လျှင်၊သွားခြင်း အမူအရာသဘောကိုသာ သိ၏။ ဤသို့သိခြင်းသည်၊ ပရမတ်ကို အမှန် သိသော ဝိပဿနာမည်၏။ အဘယ့်ကြောင့် ဆိုသော်၊ သွားခိုက်၌၊ သွားခြင်း အမူအရာသဘောသည်၊ ထင်ရှားဖြစ်၏။ ထိုထင်ရှားဖြစ်သော ပရမတ်အမူအရာကို မှတ်၍၊ ဟုတ်မှန်သည့်အတိုင်း ဉာဏ်၌ သိမြင်သောကြောင့် ပေတည်း။ သွားခြင်း ဖြစ်သော အခါ၊ စိတ္တဇ ဝါယောဓာတ်ကြောင့်၊ အရိုးစုကြီး ရှေ့သို့ထောင်တက်သည် ဟုတ်၏။ သို့သော် ပကတိအားဖြင့် ထင်ရှား သိသာသည်မဟုတ်၊ ကြံစည်တွေး တော၍သာ ဆင်ခြင်ရခြင်းဖြစ်၏။ အရိုးစုကြီးဟူသည်လည်း ပညတ် ပင်ဖြစ်၏။ သိခြင်းသည်လည်း ထင်ရှားဖြစ်ဆဲ ပစ္စုပ္ပန်ကို မမီလိုက်ဘဲ၊ လွန်သွားသော အတိတ်ကာလဖြစ်၍၊ ပညတ်ကိုပင် သိရှိလေတော့၏။

ဤသို့ အတ္တူတက္ကဖြစ်သော၊ သဟဇာတ သမ္ပယုတ္တဓမ္မ သဘာဝ တို့ကို ကြံစည်နေပါမူ၊ သွားခြင်း အမူအရာသဘောသည် ရုပ်ဖြစ်၏။ ရုပ်တပါးဖြစ်လျှင်၊ဘူတရုပ်လေးပါးပါ၏။ဘူတရုပ် ဖြစ်ပြန်က၊ဥပါဒါ ရုပ်များလည်း မကင်းကောင်းသဖြင့်၊ စပ်ယှဉ်ရာတို့ ပါပြန်၏။ တဘန် သွားခြင်း၌၊စိတ္တဇဝါယောဓာတ်ကြောင့်ဖြစ်ခဲ့ရာ၊ စိတ်ပါပြန်ကလည်း၊ စေတသိက်တို့ ဖြစ်ရပြန်၏။ ဤသို့စသည်ဖြင့် ခြေတလှမ်း အတွက်ပင်၊ အတ္တူတက္က စပ်ယှဉ်ပါဝင်သော တရားစုများကို၊ တခုစီတခုစီ အမည် ကိုမှတ်၍၊ သုံးသပ်ဆင်ခြင်နေပါလျှင်၊ ဘယ်လောက်ကြာမှ ပြီးဆုံးခြင်း သို့ ရောက်ပါတော့မည်နည်း။

တဘန် စဉ်းစားရန်မှာ၊ ဤကဲ့သို့သော သဘာဝခန္ဓာတို့၏ ဖြစ်စဉ်ကို သုံးသပ် ဆင်ခြင်နေပါလျှင်၊ ခြေလှမ်းတိုင်း လှမ်းဘိုင်း၊ သွားတိုင်း သွားတိုင်းပင်၊ သိအောင် မှတ်ရမည်ဟု ဟောတော်မူပြန်ရာ။ ပထမ ခြေလှမ်းသွားခြင်း၌ ပါဝင်သော ဖြစ်စဉ်တရားတွေကို၊ သုံးသပ်ဆင်ခြင်၍ မပြီးမှီ၊ ဒုတိယခြေလှမ်း မသွားရဘဲ ဖင့်နွဲ့ဆိုင်းရပ်၍နေပေရာ၏။ ဤကဲ့သို့စောင့်နေရပါလျှင်၊ ခြေလှမ်းနှစ်ခုအကြားတွင် ဘယ်မျှလောက် ကာလကွာခြားပါမည်နည်း။ တဘန် ယခုလိုကွာခြား၍၊ မှတ်သား ပြန်ခဲ့သော်၊ သွားခြင်း ဣရိယာပုထ်ဖြစ်သော၊ ခြေလှမ်းနှစ်ခုကိုသာ မှတ်သဖြင့်၊ ၎င်းခြေလှမ်း နှစ်ခုတို့ အကြားတွင်၊ ပထမ ခြေလှမ်းကို မှတ်စဉ်၊ ရပ်နေသော ဣရိယာပုထ်ကို မမှတ်သားဘဲ၊ ကျော်လွန်၍သွား လေ၏။ ရပ်ခြင်း ဣရိယာပုထ်များကိုလည်း မှတ်သားရမည်ဟု၊ မြတ်စွာ ဘုရားဟောကြားတော်မူပြန်သဖြင့်၊ လမ်းမှန်သို့လိုက်ရာ မရောက်ပေ။

သို့မဟုတ်၊ ရပ်ခြင်းကိုလည်း မှတ်မည်ဟုဆိုပြန်လျှင်၊ ပထမခြေလှမ်း သွားခြင်း၌ ပါဝင်သောဖြစ်စဉ်၊ ရပ်ခြင်း၌ ပါဝင်သောဖြစ်စဉ်များကို ဆင်ခြင်သုံးသပ်နေရသဖြင့်၊ ဒုတိယခြေကို လှမ်းရန် ဝေးလံကွာခြား၍ ကာလရှည်လျားအောင် ရပ်နေရသည့်အပြင်၊ ပထမခြေလှမ်းကို မှတ်ရာ တွင်လည်း၊ သွားဆဲ သွားခိုက်၌သာ မှတ်ရမည်ကို၊ ရပ်သော ဣရိယာ ပုထ်က နေ၍၊ သွားခြင်း ဣရိယာပုထ်ကို မှတ်သဖြင့်၊ ဒေသနာတော် နှင့်လည်း မသင့်မျှ၊ ပစ္စုပ္ပန်ကာလလည်း မကျ၍ ယထာဘူတလည်း မဟုတ်၊ တွေးတောကြံစည်၍ ပြုလုပ်ခြင်းမျှသာ ဖြစ်လေရာ၊ ပညတ် မကွာ ပရမတ် မပေါ်လာသဖြင့်၊ အဘယ်မှာ လမ်းမှန် ကျင့်သော၊ ဝိပဿနာ အာရဒ္ဓဗျူးအစစ် ဖြစ်နိုင် ပါတော့ မည်နည်း။ ဤကား သဘာဝ ခြားနားဟန်ကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားရပ် ပေတည်း။

သဘာဝ ခြားနားဟန်ကို သိမှတ်ရန် ပြဆိုချက်ပြီး၏။

## နည်း ၃-ပါးသဘောကို ဘုရားဟောကျမ်းဂန်နှင့် ဝေဘန်၍ ပြဆိုခြင်း

ယခုပြဆိုခဲ့သော ဥပမာ ဥပမေယျစကားနှင့်၊ အဓိပ္ပါယ်သဘောသွားများ၌၊ ယုံမှားခြင်း ဝိစိကိစ္ဆာတို့ကင်းကွာ၍ မှန်ကန်ခြင်းသို့ရောက်အောင်၊ စဉ်းစားနှိုင်းယှဉ်ကြံစေရန်၊ ဘုရားဟောကျမ်းဂန်နှင့်၊ အတန်တန်သော နည်းလမ်းကို၊ အဖုံဖုံခွဲခြမ်း ဝေဘန်လျက်၊ ထပ်မံ၍ ပြဆိုလိုက်ဦးအံ့။

အမတံ တေသံ ဝိရဒ္ဓံ၊ ယေသံကာယကတာသတိ
အဝိရဒ္ဓါ။ အမတံ တေသံ အဝိရဒ္ဓံ၊ ယေသံ ကာယဂတာသတိ
ဝိရဒ္ဓါ။ အမတံ တေသံ အပရိဘုတ္တံ၊ ယေသံ ကာယဂတာ
သတိ အပရိဘုတ္တာ။ အမတံ တေသံ ပရိဘုတ္တံ၊ ယေသံ
ကာယဂတာသတိ ပရိဘုတ္တာ။ (အင်္ဂုတ္တိုရ်ပါဠိတော်)

ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကိုယ်အမူအရာကို မှတ်ခြင်း သတိသည်။ ဝိရဒ္ဓါ၊ မေ့လျော့ လွတ်ကင်းသဖြင့် ချွတ်ယွင်းနေ၏။ တေသံ၊ ထိုသူတို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်သည်။ ဝိရဒ္ဓံ၊ ရဟိုက်ကွာကင်းသဖြင့် ချို့ယွင်းချွတ်ချော်လေ၏။ ယေသံ၊ အကြင်သူတို့အား။ ကာယဂတာသတိ၊ ကိုယ်အမူအရာကို မှတ်ခြင်း သတိသည်။ အဝိရဒ္ဓါ၊ မချွတ်မယွင်း မှတ်ခြင်းရှိ၏။ တေသံ၊ ထိုသူတို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်သည်။ အဝိရဒ္ဓံ၊ မချော်မချွတ် မလွတ်မကင်းနိုင်တော့ပြီ။

ယေသံ၊ တို့အား။ ကာယဂတာသတိ၊ ကိုယ်အမူအရာ၌ မှတ်ခြင်း သတိကို။ အပရိဘုတ္တာ၊ မသုံးဆောင်ကြကုန်သေး။ တေသံ၊ တို့အား။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ အပရိဘုတ္တံ၊ သုံးဆောင်ရသည် မမည်။ ယေသံ၊ တို့အား။ ကာယဂတာသတိ၊ ကိုယ်အမူအရာ၌ မှတ်ခြင်းသတိကို။ ပရိဘုတ္တာ၊ သုံးဆောင်ကြကုန်၏။ တေသံ၊ တို့အား။ အမတံ အမြိုက်နိဗ္ဗာန်ကို။ ပရိဘုတ္တာ၊ သုံးဆောင်ရသည်မည်၏။

ဤဒေသနာ၌ လိုရင်းအဓိပ္ပါယ်မှာ၊ လေးဖြာသော သတိပဋ္ဌာန်တရားတို့တွင်၊ ကာယာနုပဿနာ သတိပဋ္ဌာန်တခုနှင့်ပင်၊ မဂ်ဖိုလ်ကိစ္စ ပြီးစီးနိုင်သည်ဟူ၍လည်း ဆိုရ၏။ တဘန် ကာယာနုပဿနာ သတိမှ မရှိပါလျှင်၊ နိဗ္ဗာန်သွားလမ်းပင် မမှန်ဘောက်ပြား လွဲမှားချွတ်ယွင်းနေသဖြင့်၊ အမြိုက်နိဗ္ဗာန်၏ အရသာများကို ခံစားသုံးဆောင်ရခြင်း မဖြစ်နိုင်ပေဟူ၍ ဆိုပြန်၏။ အချုပ်မှာ၊ ကာယာနုပဿနာ တခု

ဖြစ်လျှင်၊ ကြွင်းသော သတိပဋ္ဌာန် ၃-ပါးတို့လည်း တပြိုင်နက်တချက်တည်း ပါဝင်ပြီးစီး၏ဟုဆိုလိုသည်။

**ထိုမျှပင်မကသေး၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့လည်း၊ တပြိုင်နက် တချက်တည်း ပါဝင်ပြီးစီးတော့သည်မှင်ဖြစ်သည်။**

တတ္ထ ကတမာ ဘာဝနာယ သမာရောပနာ၊ ယထာဟ ဘဂဝါ တသ္မာတိဟ တွံ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရာဟိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။ အာတာပီတိ ဝီရိယိန္ဒြိယံ။ သမ္ပဇာနောတိ ပညိန္ဒြိယံ။ သတိမာတိ သတိန္ဒြိယံ။ ဝိနေယျ လောကေ အဘိဇ္ဈာ ဒေါမနဿန္တိ သမာဓိန္ဒြိယံ။ ဧဝံကာယေ ကာယာနုပဿိနော ဝိဟရတော စတ္တာရော သတိပဋ္ဌာနာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ ကေန ကာရဏေန ဧကလက္ခဏတ္တာ စတုန္နံ ဣန္ဒြိယာနံ။ စတူသု သတိပဋ္ဌာနေသု ဘာဝိယမာနေသု စတ္တာရော သမ္မပ္ပဓာနာ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ စတူသု သမ္မပ္ပဓာနေသု ဘာဝိယမာနေသု စတ္တာရော ဣဒ္ဓိပါဒါ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။ စတူသု ဣဒ္ဓိပါဒေသု ဘာဝိယမာနေသု ပဉ္စိန္ဒြိယာနိ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ ဧဝံ သဗ္ဗေ။ ကေန ကာရဏေန၊ သဗ္ဗေဟိ ဗောဓင်္ဂမာဓမ္မာ ဗောဓိပက္ခိယာ နိယျာနိကလက္ခဏေန ဧကလက္ခဏာ တေ ဧကလက္ခဏတ္တာ ဘာဝနာ ပါရိပူရိံ ဂစ္ဆန္တိ။ (နေတ္တိပါဠိတော်)

တတ္ထ၊ ထို ပဒဋ္ဌာန, ဝေဝစန, ဘာဝနာ, ပဟာန သမာရောပန လေးပါးတို့တွင်။ ဘာဝနာ သမာရောပနာ၊ ဘာဝနာသို့ တင်ခြင်းသည်။ ကတမာ၊ အဘယ်နည်း။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်မြတ်၌။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ကာယေ၊ ရူပကာယ၌။ ဝါ၊ ကိုယ်၌။ ကာယာနုပဿီ၊ ကိုယ်ဟု အဘန်တလဲလဲ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရာဟိ၊ နေလော။ အာတာပီ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လသမ္မပ္ပဓာန်ရှိသည် ဖြစ်၍။ သမ္ပဇာနော သိသော ပညာရှိသည်ဖြစ်၍။ သတိမာ၊ ထင်သော သတိရှိသည်ဖြစ်၍။ အဘိဇ္ဈာ

ဒေါမနဿံ၊ လောဘာ ဒေါသကို။ ဝိနေယျ၊ ပယ်ဖျောက်၍။ ဝိဟာရတိ၊
နေလော။အာတာပီတိ၊အာတာပီ-ဟူသည်ကား။ဝီရိယိန္ဒြိယံ၊ဝီရိယိန္ဒြေ
တည်း။ သမ္ပဇာနောတိ၊သမ္ပဇာနော - ဟူသည်ကား။ ပညိန္ဒြိယံ၊ပညိန္ဒြေ
တည်း။သတိမာတိ၊သတိမာ-ဟူသည်ကား။သတိန္ဒြိယံ၊သတိန္ဒြေတည်း။
ဝိနေယျလောကေ အဘိဇ္ဈာဒေါမနဿန္တိ၊ဝိနေယျလောကေ အဘိဇ္ဈာ
ဒေါမနဿံ-ဟူသည်ကား။ သမာဓိန္ဒြိယံ၊ သမာဓိန္ဒြေတည်း။ ဧဝံ၊ ဤသို့။
ကာယေ ကာယာနုပဿီနော၊ ကိုယ်၌ကိုယ်ဟု ရှုလေ့ ရှိသည်ဖြစ်၍။
ဝိဟရတော၊နေသောသူအား။ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးသော
သတိပဋ္ဌာန်တို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ပြည့်စုံခြင်းသို့။
ဂစ္ဆန္တိ၊ရောက်ကုန်၏။ ကေနကာရဏေန၊အဘယ်အကြောင်းကြောင့်။
စတုန္နံ ဣန္ဒြိယာနံ၊ တို့၏။ ဧကလက္ခဏတ္တာ၊ ကိစ္စလက္ခဏာ တူသည်၏
အဖြစ် ကြောင့်။ စတူသု သတိပဋ္ဌာနေသု၊ ၄ - ပါး သော သတိ
ပဋ္ဌာန်တို့သည်။ ဘာဝိယမာနေသု၊ ထင်ကုန်သည်ရှိသော်။ စတ္တာရော
သမ္မပ္ပဓာနာ၊ ၄-ပါးသော သမ္မပ္ပဓာန်တို့သည်။ ဘာဝနာပါရိပူရိံ၊
ဘာဝနာ၏ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ စတူသုသမ္မပ္ပ
ဓာနေသု၊ ၄ - ပါးသော သမ္မပ္ပဓာန်တို့သည်။ ဘာဝိယမာနေသု၊
ထင်ကုန်သည်ရှိသော်။ စတ္တာရော ဣဒ္ဓိပါဒါ၊ လေးပါးသော ဣဒ္ဓိပါဒ်
တို့သည်။ဘာဝနာပါရိပူရိံ ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ရောက်
ကုန်၏။စတူသု ဣဒ္ဓိပါဒေသု၊လေးပါးသော ဣဒ္ဓိပါဒ်တို့သည်။ ဘာဝိ
ယမာနေသု၊ ထင်ကုန်သည်ရှိသော်။ ပဉ္စိန္ဒြိယာနိ၊ငါးပါးသော ဣန္ဒြေ
တို့သည်။ဘာဝနာပါရိပူရိံ၊ဘာဝနာ၏ ပြည့်စုံခြင်းသို့။ဂစ္ဆန္တိ၊ရောက်
ကုန်၏။ ဧဝံ၊ဤအတူ။ သဗ္ဗေ၊ အလုံးစုံသော ဗောဓိပက္ခိယတရား
၃၇-ပါးတို့သည်။ ဘာဝနာပါရိပူရိံ၊ ဘာဝနာ၏ ပြည့်စုံခြင်းသို့။
ဂစ္ဆန္တိ၊ရောက်ကုန်၏။ကေနကာရဏေန၊အဘယ်အကြောင်းကြောင့်။
ဗောဓင်္ဂမာ၊ မဂ်၏အင်္ဂါဖြစ်ကုန်သော။ ဗောဓိပက္ခိယာ၊ ဗောဓိပက္ခိယ
မည်ကုန်သော။ သဗ္ဗေဓမ္မာ၊ အလုံးစုံသောတရားတို့သည်။ နိယျာနိက
လက္ခဏေန၊ ဝဋ္ဋဒုက္ခ ဘုံဘဝမှ ထွက်မြောက်ကြောင်း လက္ခဏာ
အားဖြင့်။ ဧကလက္ခဏာ၊ တူသောလက္ခဏာရှိကုန်၏။ တေ ဓမ္မာ၊ ထို
ဗောဓိပက္ခိယတရား ၃၇-ပါးတို့သည်။ ဧကလက္ခဏတ္တာ၊ နိယျာနိက
လက္ခဏာတူကြသည်၏ အဖြစ်ကြောင့်။ ဘာဝနာပါရိပူရိံ၊ဘာဝနာ၏
ပြည့်စုံခြင်းသို့။ ဂစ္ဆန္တိ၊ရောက်ကုန်၏။

ဤကား ဒေသနာနည်း ၃-ပါးတွင်၊ ပဋိပတ္တိက္ကမ နည်းလမ်းအရဖြင့် ဟောကြားသော၊ ဒေသနာတော်အတိုင်း ဖြောင့်မှန်စွာ ကျင့်ကြံအားထုတ်၍၊ ပရမတ် ရုပ်နာမ်ကို ရှုမှတ်သော၊ ဝိပဿနာ စိတ်တချက်၌၊ ပဝတ္တိက္ကမ ဖြစ်စဉ်ဟူသော၊ သဘာဝ ဓမ္မတို့ ပါသွားသဖြင့်၊ သုံးပါးသောနည်းတို့သည်၊ တချက်တည်း ငြိစီးပုံကို၊ ယုံကြည်ရန် ပြဆိုလိုက်ခြင်းပေတည်း။

ဤကဲ့သို့ မဟုတ်ပါဘဲ၊ ပရမတ် သဘောတို့၏ အစဉ်ကို၊ စိတ်က ကြံစည်၍ နေပါလျှင်၊ စိတ်တချက်၌ ပါဝင်သော ဝီထိ စိတ်၏ အစဉ်မျှ ကိုပင်၊ သိမြင်နိုင်ရန် ခဲယဉ်းလှသဖြင့်၊ အဆက်ဆက်သော ဝီထိစိတ် အစဉ်၊ အဆက်ဆက်သော ပရမတ်ရုပ်နာမ်တို့၏ ဖြစ်စဉ်ကို သိရန်မှာ အမှန်ပင် ခဲယဉ်းကြောင်းကို၊ ကောင်းကောင်းကြီး သဘောကျသင့် ပေ၏။တဘန် ဒေသနာနည်းကိုမှီး၍ သိနိုင်၏ဟု ဆိုပြန်လျှင်၊အနန္တနယ သမန္တမည်သော ပဋ္ဌာန်းကျမ်းကြီးသည်လည်း၊ ပရမတ္ထဓမ္မ သဘာဝ ဖြစ်သော ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်စဉ်ကိုပင်၊ အကျယ် ချဲ့ထွင်ဝေဘန်၍ ဟောတော်မူသည် ဖြစ်သောကြောင့်၊ ထို သဘောများကို စဉ်းစား ဆင်ခြင်ပါလျှင်၊ အမှန်ပင် ယုံကြည်သင့်လှပေသည်။

တဘန် ဒေသနာ ဉာဏ် အစဉ် လျှောက်၍၊ သိမြင် သလောက် အကျိုးရောက်သည်ဟု ဆိုပြန်မူ၊ အဘိဓမ္မာ သဘောဖြစ်စဉ်နှင့် မိမိတို့ ဉာဏ် မြင်နိုင်ဟန်ကို ထိုက်တန်၏ မထိုက်တန်၏ဟု သိရှိစေခြင်းငှါ၊ ဟောတော်မူရင်း ဒေသနာနှင့် နေရာပုဂ္ဂိုလ်များကို ညွှန်ကြားပြီး၊ လယ်တီဆရာတော်ဘုရားကြီး မိန့်ချက်ပါ ထည့်စွက်၍ အထက်တွင် ပြဆိုခဲ့၏။ ပေါဋ္ဌိလမထေရ်, မဟာနာဂမထေရ်စသော ဝတ္ထုများကို ထောက်ထားသဖြင့်၊ မဂ်တရား ဖိုလ်တရားသည်၊ ပရိယတ် ဒေသနာ ဉာဏ်နှင့် ကြံစည်၍ မဖြစ်နိုင်ကြောင်းမှာ၊ လွန်စွာမှ ထင်ရှားလှသဖြင့်၊ အထက်ပါ အဓိပ္ပါယ်သွားများကို ယုံမှားခြင်း သံသယမရှိဘဲ၊စွဲမြဲစွာ မှတ်ယူရန် သင့်လှပေတော့၏။ ဤကား ဒေသနာနည်းနှင့်, သဘာဝ နည်း ၂—ရပ်ကို၊ သိမှတ်ရန် အကျဉ်းချုပ်၍ နိဂုံးအုပ် ပြဆိုလိုက်သော စကားပေတည်း။

ယခုပြခဲ့သော စကားအရပ်ရပ်၌၊ ၃-ပါးလုံးပေါင်းစပ်သော အဓိပ္ပါယ်ကို၊ စာပေ ကျမ်းဂန်မတတ်ဘဲ၊ သူတပါး ရွတ်ဘတ် ဟောကြားသော ဝတ္ထုနိပါတ်များ ကိုသာ နားဘူး၍ဗဟုဿုတ နည်းပါးလှသော သူတို့ပင်လျှင်၊ လွယ်ကူစွာနှင့် သဘောကို သိမြင် စေရန်၊ ထပ်မံ၍ ပြဆိုလိုက်ဦးအံ့၊

ဒေသနာတော်၌ တရားအားထုတ်ရန် နေရာကို ပြခြင်း၌၊ အရညဂတောဝါ ရုက္ခမူလဂတောဝါ သုညာဂါရဂတောဝါ—ဟု တောတောင် အရပ်, သစ်ပင်ရင်းအရပ်, ဆိတ်ငြိမ်ရာ အရပ် ၃-မျိုးလာ၏။ ထို ၃-မျိုးတို့တွင်၊ အချို့သော လူ, ရဟန်းတို့သည်၊ တောတောင် အရပ်ကိုသာ အစွဲအမြဲမှတ်သားထား၏။ ထို့ကြောင့် ဝိပဿနာကမ္မဋ္ဌာန်းနှင့်စပ်၍ပြောလျှင်၊ရဟန်းများမှာ တောကျောင်းမနေဝံ့၊ လူများလည်း တောထဲ၌နေရန် ကြောက်ရွံ့လျက်၊ အိုးအိမ် ပစ္စည်း သား သမီး တို့နှင့် ခွဲခွာရန်အဘွက်၊ လွန်စွာခက်ခဲ ကြောင်းများကို ပြောကြားတတ်ကြလေ၏။

ဤသို့ မှတ်ထင်ခဲ့သော်၊ ဘုရားရှင် လက်ထက်တော်၌၊ သာဝတ္ထိပြည်တွင်၊ လူနေအိမ်ခြေ ၇-ကုဋေရှိရာ။ ၁-ကုဋေမှာ အရိယာပုဂ္ဂိုလ်ဖြစ်ကြောင်းကို၊ လူရဟန်းအပေါင်းတို့ပင် ကြားဘူးကြ၏။ ထိုလူများ ဘယ်တော ဘယ်တောင်မှာ ကျင့်သည်ဟူ၍မလာ၊ အချို့မှာ ချက်ရင်း, ပြုတ်ရင်း, စားရင်း, သောက်ရင်းပင်၊ သစ္စာ လေးပါးကို သိမြင်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ပေါက်ရောက်ကြလေသည်။

ရဟန်းများလည်း၊ တောကြီး တောင်ကြီး၌ တပါးတည်းနေ၍ ကျင့်သည်ထက်၊ဇေတဝန်ကျောင်း,ပုဗ္ဗါရုံကျောင်း,ဝေဠုဝန်ကျောင်း စသည်တို့၌၊ အများစုပေါင်း နေထိုင်လျက်၊ ကျင့်ကြံ အားထုတ်၍ ပေါက်သည်ကများ၏။ ထိုသဘောကို ထောက်ထား၍ တောအရပ်, သစ်ပင်ရင်းအရပ်,ဆိတ်ငြိမ်ရာအရပ် သုံးမျိုးတွင်၊ဆိတ်ငြိမ်ရာ အရပ်သည် လိုရင်းဖြစ်၏။ ထိုအရပ်သည်လည်း၊ အသွားအလာများခြင်း, အတွေ့အမြင်အဆင်းများခြင်း,အသံအမျိုးမျိုးများခြင်းတို့ ဆိတ်ကင်းသည်ထက်၊ပညတ်စသော လောဘ ဒေါသအာရုံတို့ ဆိတ်ကင်းသည်က၊ သာ၍ပင် လိုရင်းဖြစ်လေသည်။

ကောသန့် ကောသေယျံ၊ ကောစရ မတန္ဒိတော။
ကော ဒမယ မတ္တာနံ၊ ဝနံတေ ရမတော သိယာ။ ။

(ဓမ္မပဒပါဠိတော်)

ကောသန့်၊ ကိလေသာ အပေါက်ကင်း စိတ်တကိုယ်တည်းချင်း နေထိုင်သည်။ သိယာ၊ဖြစ်ရာ၏။ ကောသေယျံ၊ကိလေသာ အပေါက်ကင်း စိတ်တကိုယ်တည်းချင်းအိပ်သည်။ သိယာ၊ဖြစ်ရာ၏။ ကော၊ ကိလေသာအပေါက်ကင်း စိတ်တကိုယ်တည်းချင်း။ အတန္ဒိတော၊ မပျင်းမရိ။

စရံ—စရန္တော၊ သွားလာလှည့်ပတ်သည်။ သိယာ၊ဖြစ်ရာ၏။ ဧကော ကိလေသာအပေါ်ကင်း စိတ်တကိုယ်တည်းချင်း။အတ္တာနံ၊ကိလေသာ မတည်းမခို မိမိကိုယ်ကို။ ဒမယံ--ဒမယန္တော၊ဆုံးမဆွေးနွေး ယဉ်ကျေး စေသည်။သိယာ၊ဖြစ်ရာ၏။ဝနံတော၊တကိုယ်တည်းချင်းစိတ် ကိလေသာ အပေါ်ကင်းဆိတ် တောမြိုင်ရိပ်၌။ ရမတော၊မွေ့လျော်ပျော်ပါးသည်။ သိယာ၊ဖြစ်ရာ၏။

တဘာန် ဒေသနာတော်၌၊ ပလ္လင်္ကံ အာဘုဇိတွာ--ဟူ၍၊ ယောဂီ ပုဂ္ဂိုလ်သည် ထက်ဝယ်ဖွဲ့ခွေထိုင်နေ၍ အားထုတ်ရန် ဟောတော်မူ၏။ တဘာန် ၎င်းသတိပဋ္ဌာန်ဒေသနာတော်၌ပင်၊ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသည်ဖြင့်၊သွားခြင်းစသော ဣရိယာပုထ်တိုင်း သိအောင် အားထုတ်ရမည်ဟု ဟောတော်မူပြန်၏။များသောအားဖြင့် ကမ္မဋ္ဌာန်း ဆိုလျှင်၊ ထိုင်၍အားထုတ်ရသည်ဟု မှတ်ထင်ကြ၏။ သို့သော် အချို့မှာ ထိုင်လျက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါက်၏။ အချို့မှာ သွားဆဲ၊ အချို့မှာ ရပ်ဆဲ၊ အချို့မှာ အိပ်ဆဲ၊ အချို့မှာ ချက်ရင်း,ပြုတ်ရင်း၊ အချို့မှာ ဆီပူ အိုးကင်း၌၊ အချို့မှာ မီးပုံတွင်း၌၊ အချို့မှာ ကျားခံတွင်း၌၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်သို့ ပေါက်ရောက်ကြလေ၏။

၎င်းပြင် သီဟိုဠ်ကျွန်းတွင်၊ မစင်ကျင်ကြီး စွန့်သော သူငယ်မ ကလေးသည် ပိုးလောက်ကို မြင်ရာတွင်၊ ပုဠုဝက သညာမှ တက်၍ အိမ်သာ၌ ကျင်ကြီးစွန့်ဆဲတွင်ပင်၊ ဝိပဿနာဉာဏ်စဉ်ဖြင့် မဂ်ဖိုလ် သို့ပင် ရောက်ဘူးလေသည်။

တဘာန် ဒေသနာတော်၌၊ ပရိယတ်, ပဋိပတ်, ပဋိဝေဓ-ဟူ၍ သာသနာ ၃—ပါး အစဉ်ကိုပြ၏။ ထို ဒေသနာတော်အရ၊ ပရိယတ် ကျမ်းဂန်တတ်မှ၊ ပဋိပတ် အကျင့်ဖြစ်နိုင်သည်ဟု ထင်တတ်၏။ ဘုရား ရှင်လက်ထက်၌၊ ဝိသာခါ ကျောင်းအမ အသက် ၇—နှစ်အရွယ်တွင်၊ သောတာပန်ဖြစ်သည်ဆို၏။ ၇—နှစ်အရွယ်၌ပင် ရဟန္တာဖြစ်ကြသော သာမဏေများစွာရှိ၏။၎င်းပြင် ဝါတွင်း ၃–လပတ်လုံး ဂါထာတပုဒ် ကိုမျှ သင်အံ၍ မရသော၊ စူဠပန်အရှင် ရဟန္တာဖြစ်ကြောင်းကို၊ လူ, ရဟန်းအပေါင်းတို့ ကြားဘူးကြ၏။

တဘာန် ဒေသနာတော်၌၊သီလ,သမာဓိ,ပညာဟူ၍ သိက္ခာ ၃-ပါး ခန္ဓာ ၃-ပါးကို အစဉ်ထား၍ ပြဆိုလေ၏။ ထိုဒေသနာအရ၊ သီလနှင့် ပြည့်စုံမှ သမာဓိအလုပ်၊သမာဓိပြည့်စုံမှ ပညာအလုပ်ကို အားထုတ်

ရမည်ကဲ့သို့ ရှိနေသဖြင့်၊ ၎င်းအတိုင်းကိုပင် အမှတ်အထင်များ၏။ သို့သော်လည်း ထင်တိုင်းမဟုတ် လိုရင်းကို ထုတ်လိုက်ဦးမည်။

ယောစ တတ္ထ သံဝရတ္ထော အယံ အဓိသီလသိက္ခာ။
ယောစ တတ္ထ အဝိက္ခေပတ္ထော အယံ အဓိစိတ္တသိက္ခာ။
ယောစ တတ္ထ ဒဿနတ္ထော အယံ အဓိပညာသိက္ခာ။
(ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

တတ္ထ၊ ထိုတရတည်းသော ဝိပဿနာစိတ္တုပ္ပါဒ်၌။ ယောစ သံဝရတ္ထော၊ အကြင်စောင့်ရှောက်သောအနက်။ အယံ၊ ဤစောင့်ရှောက်သောအနက်သည်။ အဓိသီလသိက္ခာ၊ အဓိသီလသိက္ခာမည်၏။ တတ္ထ၊ ၌။ ယောစအဝိက္ခေပတ္ထော၊ အကြင် မပြန့်လွင့်သော အနက်။ အယံ၊ ဤ မပြန့်လွင့်သောအနက်သည်။ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသိက္ခာမည်၏။ တတ္ထ၊ ၌။ ယောစ ဒဿနတ္ထော၊ အကြင်မြင်သောအနက်။ အယံ၊ ဤ မြင်သောအနက်သည်။ အဓိပညာသိက္ခာ၊ အဓိပညာသိက္ခာမည်၏။

ထို့ကြောင့် ယခု ပြဆိုခဲ့သော ဒေသနာသဘောကို ထောက်ရှု၍ အင်္ဂလိမာလဝတ္ထု၊ ငါးမျှားနေသည့် အရိယာမည်သော တငါသည်ဝတ္ထု၊ ခိုးသားငါးရာဝတ္ထု စသည်များကို စဉ်းစားပါလျှင်၊ ထင်ရှားစွာ သိမြင်သင့်ပေသည်။

ဤသို့စသော အရာဌာနများကို ထောက်ထား၍၊ ဒေသနာအရဖြင့် သဘာဝဓမ္မကို ကျင့်ကြံအားထုတ် ကြရာ၌၊ နည်းနယ အမျိုးမျိုးနှင့် အကြောင်း အကျိုး၊ ပုဂ္ဂိုလ်ဌာန သပ္ပါယ စသည်ကို ရှုမျှော်၍ ဟောတော်မူသော၊ အရိုးအစဉ်ဖြစ်သည့် ဒေသနာတော် နည်းလမ်း၏ အလား၊ ဟောတော်မူတိုင်းသာလျှင် ရှုမှတ်သားရခည်။ ကျင့်စဉ်ဟူသော ပဋိပတ္တိက္ကမ နည်းလမ်း၏အလား၊ သမ္မယုတ္တ သဟဇာတ ဖြစ်သော ဓမ္မသဘာဝတို့၏ ဖြစ်စဉ်ဟူသော နည်းလမ်း၏အလား၊ ဤ သုံးပါးသော နည်းလမ်းတို့၏ အဓိပ္ပါယ် သဘောသွားကို၊ မကွဲမပြားဘဲ တသားတည်းညီစေရာ၏။

ဤသို့ ညီညွတ်အောင် နှိုင်းယှဉ်ထောက်ချင့်၍၊ ဒေသနာတော်နှင့် မလွဲ ဒေသနာနည်းအတိုင်းလဲ မလိုက်မသွားမူ၍၊ယထာဘူတဖြစ်သော သဘာဝဓမ္မနည်းလမ်းမှန်ကန်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ပေါက်ရောက် နိုင်ကြောင်းကို၊ ကောင်းကောင်းကြီး ယုံကြည် ကြစေခြင်းငှါ၊ (ဒေသနာနည်းကို လွဲလျှင်၊လွဲတတ်သည်၊ ဒေသနာနည်းအတိုင်းသွားလျှင်၊ မှားတတ်သည်။)

ဟူသော လက်ာကို အစထား၍၊ အဓိပ္ပါယ်အကျယ်စကားကို ရေးသားဘော်ထုတ်ပြီး၊ အတိုချုပ်ပေါင်းစု၍ ပြလိုက်ပေသတည်း။

နည်း ၃-ပါးသဘောကို ဘုရားဟော ကျမ်းဂန်နှင့်
ဝေဘန်၍ ပြဆိုခြင်း ပြီး၏။

---

## သဘာဝ မှန် မမှန်ကို ပစ္စုပ္ပန်ဝတ္ထုများနှင့် စဉ်းစားရန် ပြဆိုခြင်း

ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏၊ ကြွသွားရာ လမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းများအရဖြင့်၊စစ်ကိုင်းတောင် မင်းကွန်း ဇေတဝန်တောရ ဆရာတော်ဘုရားကြီး၊ ညွှန်ကြား ပြသတော်မူသော သတိပဋ္ဌာန်နည်းသည်၊ပါဠိတော်၌လာသော အဓိပ္ပါယ်အတိုင်း၊ ဖြစ်ပေါ်ခိုက် သဘောမျှကိုသာ သိအောင် အမှတ်ပြုခြင်းဖြစ်၏။ အချို့မှာ အဋ္ဌကထာ၌လာသော သဘာဝဖြစ်စဉ်ကို တွေးတောဆင်ခြင်၍၊စိတ်တွင်, ဉာဏ်တွင် ထင်မြင်အောင် ကြံဆောင်ပြုလုပ်ပြီး၊ အားထုတ်သုံးသပ်တတ်ကြကုန်၏။ထို နှစ်ဌာနတို့၌ သဘာဝမှန် မမှန်ကို၊ယခုမျက်မှောက်ဖြစ်သော ပစ္စုပ္ပန်ဝတ္ထုများနှင့် နှိုင်းချိန်စဉ်းစားကြစေရန်၊ အကျဉ်းအမြွက်အားဖြင့် ရေးသားပြဆိုပေအံ့။

ရဟန်းသိက္ခာ - ၈၀ - ခန့်မျှ၊ စာချဆရာတော် ပြုလုပ်ဘူးပြီး၊ ပျက်စီး၍သွားသော ဆရာကြီးတဦးနှင့်၊ အထူးပင် ဝိပဿနာနည်းလမ်းကို စုံစမ်းမေးမြန်းကြသောအခါ၊ဆရာကြီးကိုပင် ရှေးဦးစွာမေးသဖြင့်၊၎င်းဆရာကြီးက၊ပထဝီ,တေဇော, အာပေါ, ဝါယောဟူသော ဓာတ် ၄-ပါးကိုခွဲ၍၊လက္ခဏာရေး ၃-ပါးသို့တင်ပြီး ဆင်ခြင်သုံးသပ်ကြောင်းကို ပြောပြလေ၏။ ထိုအခါ ဓာတ်ကြီး ၄-ပါး ကွဲကွာ၍၊ လက္ခဏာ သဘောများကို မြင်သည်ဟု ထင်ပါရဲ့လားဟု မေးရာ၊ ဓာတ် ၄-ပါးကွဲကြောင်း၊လက္ခဏာသဘောမြင်သည်ဟုထင်ကြောင်းများကို ပြောကြားလေ၏။

ဤသို့ ဆရာကြီး ပြောပြသဖြင့်၊ အဝိနိဗ္ဘောဂ ရုပ်ရှစ်ပါးကို မေးမြန်းရာ၊ ဓာတ်ကြီး ၄-ပါးနှင့် ဝဏ္ဏ, ဂန္ဓ,ရသ, ဩဇာ ၎င်းရှစ်ပါးကို၊ အဝိနိဗ္ဘောဂရုပ် ခေါ်သည်ဟုပြော၍၊တဖန် အဝိနိဗ္ဘောဂ၏ အနက်ကို မေးသောအခါ၊ ခွဲခွါ၍မရကောင်း တပေါင်းတည်း ဖြစ်ကြောင်း

ဆိုလေ၏။ ထိုအခါ အဝိနိဗ္ဘောဂ ရုပ်ရှစ်ပါးသည်၊ မကွဲမပြားကောင်း တပေါင်းတည်းဖြစ်ပါလျက်နှင့်၊ ဓာတ်ကြီး ၄-ပါးကိုခွဲ၍ ကွဲသည် ထင်ကြောင်း ဆရာကြီး ပြောကြားခဲ့ရာ၊ ဆရာကြီး၏ ရှေ့နောက် စကားကို၊ ဆရာကြီးပင် စဉ်းစားပါလေဟု ပြောလိုက်သောအခါ၊ အေး—ဘုရား အပဟုတ်သားဘဲ၊ ဓာတ်ကြီး ၄-ပါးကွဲအောင် လုပ်ရမယ်လို့လဲ ဆိုပြန်တယ်ဟု ပြောကြားလေ၏။

ထိုအခါ မြတ်စွာဘုရားက၊ ဣရိယာပထ ပဗ္ဗ၌၊သွားသောအခိုက်၊ သွားတယ်လို့ သိရမယ်ဟု ဟောတော်မူသဖြင့်၊ သွားသောအခိုက် သွားတယ်ဟု အမှတ်ပြုလျှင်၊ သွားခြင်းသဘောမျှကိုသာ သိ၏။ ၎င်း သွားခြင်းအမူအရာသဘော၌၊ လှုပ်ရှားခြင်း ဝါယောဓာတ် ထင်ရှား၏။ ထိုလှုပ်ရှားခြင်း ဝါယောဓာတ်၌၊ ပထဝီ, တေဇော, အာပေါ ဟူသော ဓာတ်ကြီး ၃-ပါးမကင်း၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာဟူသော ဓာတ်ငယ် ၄-ပါးတို့လည်း၊ ပေါင်းသင်းပါဝင်သဖြင့် တချဖြစ်လျှင် ရှစ်ပါးလုံးပါ၏။ ခွဲလို့မရ။ ထို့ကြောင့် အဝိနိဗ္ဘောဂဆို၏။

ဤသို့ သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်း စသော ကလာပ် စည်း ရုပ်အပေါင်းအတိုင်း၊ဖြစ်ခိုက်သဘောမျှကို အမှတ်ပြုဘန်များ၍၊ အသိတိုးပွါး မသိခြင်း-မောဟ ပါးသဖြင့်၊ဉာဏ်ပညာ ကြီးမားလာ သောအခါမှ၊ဓာတ်လက္ခဏာတို့၏သဘော အသီးအခြားကို၊ကွဲပြား ရှင်းလင်း၍ သိမြင်နိုင်၏။ ထို့ကြောင့် ခွဲလို့မရကောင်းသော ရုပ်က လာပ်,နာမ်ကလာပ်ကို၊ယောဂီပုဂ္ဂိုလ်က တွေးတောကြံစည်၍ မခွဲဘဲ၊ အပေါင်းအစည်းလိုက် ရှုမှတ်၍ ဉာဏ်ဝင်လာသောအခါ၊ ကွဲပြား၍ မြင်သည်ဟု မှတ်အပ်၏။

အနတ္တလက္ခဏံ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိ
ကာရာ ဃနေန ပဋိစ္ဆန္နတ္တာ နဉပဋ္ဌာတိ။နာနာဓာတုယော
ဝိနိဘုဇ္ဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ
ယထာဝသရသတော ဉပဋ္ဌာတိ။ ॥ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

အနတ္တလက္ခဏာ အနတ္တလက္ခဏာသည်။နာနာဓာတုဝိနိဗ္ဘောဂဿ၊ အထူးထူးသော ဓာတ်ကွဲသည်ကို။ အမနသိကာရာ၊ နှလုံးမသွင်း မိခြင်းကြောင့်။ ဃနေန၊အဆိုင်အခဲ တသဘောထဲဖြင့်။ ပဋိစ္ဆန္နတ္တာ၊

ဖုံးကွယ်သည့်၏ အဖြစ်ကြောင့်။နှ ဥပဋ္ဌာတိ၊မထင်။ နာနာဓာတုယော၊ အထူးထူးသောသဘောတို့သည်။ဝိနိဗ္ဘုဇ္ဇိတွာ၊ကွဲ၍။ဃနဝိနိဗ္ဘောဂေ၊ စိုင်ခဲသော သဘောကွဲခြင်းသည်။ ကတေ၊ ပြီးသည့်ရှိသော်။ အနတ္တလက္ခဏံ၊သည်။ ယာထာဝသရသတော၊ ဟုတ်သောအတိုင်း မိမိကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ထင်၏။

ယခုလို အပေါင်းအစည်းလိုက် ရှုမှတ်လျှင်၊ အကွဲအပြားသဘောကို မြင်ဆိုမှ၊ ခွဲမရဟူသည့် အားထုတ်ပုံသဘော၊ကွဲအောင်လုပ်ရမည်ဟူသည့် ဉာဏ်မြင်ပုံ သဘောဖြစ်၍၊ ရှေးနောက်သဘောခြင်း မကွဲပြားဘဲ၊တသားတည်း ဖြစ်နိုင်ပေမည်။ ခေတ် ၄-ပါးကိုခွဲ၍ အားထုတ်ပါလျှင်၊ ဒေသနာနှင့်ဆန့်ကျင် သဘောသို့ မသက်ဝင်ဘဲ၊ အလွဲအမှားဖြစ်သည့်များကို စဉ်းစားပါလေဟု ပြောကြားသောအခါ၊ ဝန်ခံစကားကို လျှောက်ထားလေသည်။

ဧင်းပြင် မန္တလေးမြို့တွင် စာချနေသော ရဟန်းသိက္ခာ-ဝါ ၂၀-ခန့်ရ ဘုန်းတော်ကြီး တပါးနှင့် တွေ့ဆုံ၍၊ ဒေသနာဉာဏ် သိပုံနှင့် ဝိပဿနာဉာဏ်သိပုံ အခြင်းအရာများကို၊ ပြောကြား မေးမြန်းစုံစမ်း ဆွေးနွေးကြရာ၊ စာချ ဘုန်းတော်ကြီးက ပရမတ်သဘောကို သိခြင်းဟူသည်၊ ဒေသနာ ဉာဏ်နှင့် သိသည်ဖြစ်စေ၊ ဝိပဿနာ ဉာဏ်နှင့် သိသည်ဖြစ်စေ၊ သိခြင်းသဘောမှာ မထူးမခြားဘဲ၊ တမျိုးတစားတည်း အတူတူပင် ဖြစ်သည်ဟု ပြောဆိုလေ၏။ ထိုအခါ သိသည်ဟု အပြောအဆို အခေါ်အဝေါ်တို့၊ အသံထွက်စကားခြင်း တူသော်လည်း၊ သိပုံအခြင်းအရာ သဘောမှာ မတူဘဲ၊ ကွဲလွဲထူးခြားသည်များကို ပြောပြသော်လည်း၊ ရုတ်တရက်သဘောမကျ၍ ပေါရာဏဂါထာနှင့် အဓိပ္ပါယ်လာသဘောများကို၊အောက်၌ပါရှိသောအတိုင်း သိုင်းဝိုင်းချဲ့ထွင်ပြီး၊ ထင်မြင်သဘောကျလောက်အောင် ကြံဆောင်၍ ပြောပြပေ၏။

ဂန္ထေ ဉာတေပိ နောကာယေ၊ဂါဟော ဂါဟတိ ပုဂ္ဂလံ။
ဂန္ထေ ဉာတေ အဉာတေဂါ၊ ကာယေ ဉာတေ ဝိဂစ္ဆတိ။

ဂန္ထေ၊ပိဋကတ်ဒေသနာ ကျမ်းဂန်စာကို။ ဉာတေပိ၊ တဘက်ကမ်းရောက်အောင် ဘယ်လောက်ပင် တတ်မြောက် ကျွမ်းကျင်ပါသော်လည်း။ကာယေ၊သဘောဉာဏ်စွဲ ကိုယ်စိတ်ထဲ၌။နော ဉာတေ၊ပရမတ်

ရုပ်နာမ်ကို အဟုတ်အမှန် မသိသည်ရှိသော်။ ပုဂ္ဂလံ၊ ပညတ်သိပြား ဒေသနာဉာဏ် ပုဂ္ဂိုလ်များကို။ ဂါဟော၊ တဏှာ, မာန, ဒိဋ္ဌိ ၃-ပါး ဂါဟာတရားသည်။ ဂါဟာတိ၊ဘမ်းယူကိုက်စား မျိုဝါးလေ၏။ ဂန္ထေ၊ ပိဋကတ်ဒေသနာ ကျမ်းဂန်စာကို။ ဉာတေဝါ၊ တဘက်ကမ်းရောက် တတ်မြောက်ကျွမ်းကျင်သော်ငြား။ အဉာတေဝါ၊ ဂါထာဝါကျ တပုဒ် တပါဒမျှပင် မကျွမ်းကျင် မသိရှိသော်ငြား။ကာယေ၊သဘောဉာဏ်စွဲ ကိုယ်စိတ်ထဲ၌။ ဉာတေ၊ ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန် သိသည် ရှိသော်။ ဂါဟော၊ တဏှာ,မာန,ဒိဋ္ဌိ ၃-ပါး ဂါဟာတရားသည်။ ဝိဂစ္ဆတိ မကပ်မဝင်နိုင်ဘဲ ပြတ်စဲကင်းငြိမ်းရလေ၏။

(၎င်းဂါထာအရ၊ကျက်မှတ်ဆောင်လွယ်ရန်၊ သံပေါက်လက်ာ ၂-ပိုဒ်။)

**ကိုယ်မှာမတတ်၊ စာမှာတတ်၊ ဂါဟတ်ကိုက်တတ်သည်၊**

**စာပင်မတတ်၊ ကိုယ်မှာတတ်၊ ဂါဟတ် ကင်းပြတ်သည်။**

ဤဆိုခဲ့သော ဂါထာ သံပေါက်တို့၏ အဓိပ္ပါယ် သဘောများကို ပြောပြသောအခါ၊ စာချဘုန်းတော်ကြီးက၊ မြတ်စွာဘုရားနှင့် တကွ ရဟန္တာ အရှင်မြတ်တို့ သိအပ် မြင်အပ်သောအတိုင်း ဟောကြား သည်ကို ရေးသားထားခြင်းဖြစ်၍၊ စာဉာဏ်နှင့် သိခြင်းသည်လည်း၊ ဘုရားရဟန္တာတို့၏ အသိမျိုးနှင့် မကွဲပြား ဘုရားရဟန္တာတို့ သိသည် က တခြား၊ ဟောကြားသည်က တခြားမရှိ အတူပင်ဖြစ်ဘိ၍ အသိ မှာလည်း ထူးခြားခြင်း မရှိသင့် မဖြစ်သင့်ပေဟု ပြောဆိုပြန်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ပေါဋ္ဋိလ မထေရ်အား ပိဋကတ် ၃-ပုံကို၊ နှုတ်၌ ဆောင်ရွက်မှတ်သား၍ နေခြင်းသည်၊ နွားကျောင်း သားနှင့်တူကြောင်းကို ဥပမာထား၍ ဟောကြားတော်မူသဖြင့်၊ အခ စားနှင့် အငှါးစောင့်ထိန်းရသော နွားကျောင်းသားမှာ၊ **ဆိုင်ကား ဆိုင်၏ မပိုင်** ဆိုသကဲ့သို့။ ထိန်းသိမ်း စောင့်ရှောက်ရန်သာ ဆိုင်၍၊ ရောင်းချ ပေါင်နှံ သုံးစွဲရန်များမှာ မပိုင်မနိုင်ပေ။ နွားရှင်မှာမူကား စောင့်ရှောက်ရန်လည်းဆိုင်၍ အသုံးပြုရန်လည်း ပိုင်ပေသည်။ ဤသို့ ဘုရားဟောသော ဥပမာကို ထောက် ထား၍ အသိချင်း ထူး ခြား ကြောင်း သျှောက်လိုက်၏။

တဘန် စာချဘုန်းတော်ကြီးက ဥပမာဆိုတာ ယူသိရာ ဖြစ်တာ မျိုးပါဟု ပြောသဖြင့် ဥပမာပြကြောင်းလည်း သဘာဝမကျပါ ဥပမာ

ပြရာ၌ ယုတ္တိပြင်ရသော်လည်း၊ သဘာဝကျမှသာ မုချယူရပါသည်ဟု လျှောက်ရာ၊ ထင်ရှားသော ဥပမာတခု ပြုစမ်းပါပြောသဖြင့်၊ ထန်းလျက်,သကြားကို၊ အများပင်ချိုသည်ဟု သိကြသော်လည်း၊ စား၍ မကြည့်ဘူးသေးလျှင်၊ချိုသည်ဟုသာသိ၍၊ ချိုသောအရသာကို မူကား မခံစားရပါ၊ စားကြည့်ဘူးသောသူမှာမူကား ချိုသည်ဟုလည်းသိ၍၊ ချိုသောအရသာကိုလည်း ခံစားရပါသည်။

ဤဥပမာအတူပင်၊ ဒေသနာအစဉ်ဖြင့် သိမြင်ခြင်းသည်၊ ကျမ်းဂန်မှာ ဆိုသည့်အတိုင်း ရုပ်နာမ်ခန္ဓာသည်၊ မမြဲခြင်း - အနိစ္စသဘော၊ ဆင်းရဲခြင်း–ဒုက္ခသဘော၊ အစိုးမရခြင်း-အနတ္တသဘောဟု နှုတ်ပါးစပ် အပြောမျှသာသိ၍၊ ရုပ်နာမ်ခန္ဓာ၏ မမြဲပုံ အနိစ္စ အခြင်းအရာသဘော၊ ဆင်းရဲပုံ ဒုက္ခအခြင်းအရာသဘော၊ အစိုးမရပုံ အနတ္တ အခြင်းအရာ သဘောများမှာ၊ဉာဏ်အား ထင်ရှားသိမြင်ခြင်းမဖြစ်ပါ။ ဝိပဿနာဉာဏ် သိမှုမှာ၊ ထိုလက္ခဏာသဘောတို့၏ အခြင်းအရာများကို၊ ဉာဏ်အားထင်ရှားစွာ သိမြင်ပါသည်ဟု လျှောက် ထားသောအခါ၊ စဉ်းစားခြင်း ဖြစ်သွားပေသည်။

တဘန် စစ်ကိုင်းတောင် ကမ္မဋ္ဌာန်းကျောင်းစသည်များ၌၊ ၁၀–နှစ်ခန့် နည်းယူ လေ့လာဘူး၍၊ ရဟန်းသိက္ခာ ၂၅-ဝါခန့် ရှိသော ယောဂီ ဆရာကြီး တပါးနှင့် တွေ့ဆုံ၍၊ အားထုတ်ပုံ ဝိပဿနာ ကမ္မဋ္ဌာန်း တရား၏ နည်းလမ်းများကို၊ ပြောကြားမေးမြန်း စုံစမ်း ဆွေးနွေး ကြသောအခါ၊ ယောဂီ ဆရာတော်ကြီးက၊ မင်းကွန်း ဇေတဝန် ဘုန်းကြီး ဟောပြောသော နည်းလမ်းဖြင့်၊ ဝိပဿနာ ကမ္မဋ္ဌာန်း၌၊ သတိပဋ္ဌာန်အတိုင်း မှတ်တယ်ဆိုတာ၊ ဘယ်ပုံဘယ်နည်းမှတ်သလဲဟု၊ မေးမြန်းခြင်း ပြုတော်မူ၏။

ထိုအခါ သတိပဋ္ဌာန်နည်းအတိုင်း ဝိပဿနာရှုမှတ်ပုံမှာ၊ ဣရိယာပထပဗ္ဗ, သမ္ပဇညပဗ္ဗ စသည်တို့၌ လာသည့်အတိုင်း၊ သွားလျှင် သွားမှန်းသိအောင်၊ သွားတယ်ဟု မှတ်ခြင်း။ ရပ်လျှင် ရပ်မှန်းသိအောင်၊ ရပ်တယ်ဟု မှတ်ခြင်း။ ကွေးလျှင် ကွေးမှန်းသိအောင်၊ ကွေးတယ်ဟု မှတ်ခြင်း။ ဆန့်လျှင် ဆန့်မှန်းသိအောင်ဆန့်တယ်ဟု မှတ်ခြင်းများပါဘဲဟု၊ လျှောက်ထားလိုက်လေ၏။

ယခုလို လျှောက်သော အခါ၊ ယောဂီ ဆရာကြီးမှာ အနည်းငယ် မျက်နှာမသာဘဲ၊ဝိပဿနာဆိုတာ ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စသဘော,

ဒုက္ခသဘော, အနတ္တသဘော ထင်အောင်၊ လက္ခဏာသည် ၃-ပါးသို့ တင်၍ ဆင်ခြင်သုံးသပ်ရသည်။ သည်လိုမှ မဟုတ်ဘဲ၊ သွားမှန်း, ရပ်မှန်း, ကွေးမှန်း, ဆန့်မှန်းသိအောင်၊ သွား-သွားတယ်၊ ရပ်-ရပ်တယ်၊ ကွေး-ကွေးတယ်၊ ဆန့်-ဆန့်တယ်လို့ မှတ်ရုံဖြင့်၊ အလကားဟာပေါ့ဟု မိန့်ကြား ပြောဆိုလေ၏။

အဲသည်တော့၊ အရှင်ဘုရား မိန့်တော်မူသည့်အတိုင်း အလကားဟာမှန်ပါတယ်၊ ဝိပဿနာဆိုတာ အလကားဟာမှန်း သိအောင်ပင် လုပ်ရပါတယ် ဟု လျှောက်သောအခါ၊ ဘယ့်နှယ်ကြောင့် ပရမတ်သဘော လက္ခဏာကို၊ အလကားဟာလို့ ပြောရပါသဟု မေးလေတော်မူပြန်သဖြင့်၊ ဝိပဿနာဆိုတာ ရုပ်နာမ်ခန္ဓာဖြစ်သော ပရမတ်သဘော လက္ခဏာကို၊ အနိစ္စ, ဒုက္ခ, အနတ္တထင်အောင် လုပ်ရသည် မဟုတ်ပါလားဟု လျှောက်ရာ၊ ဟုတ်တယ်ဟု မိန့်တော်မူ၏။

ထိုအခါ တော ၄၀ - ခေါ်သော ဝိပဿနာဉာဏ် ၄၀ - ကို၊ လက္ခဏာ ၃-ပါးနှင့် ဝေဘန်သော် အနတ္တလက္ခဏာ ၅ ပါးဆိုသည်ကို သတိထားမိပါရဲ့လားဟု လျှောက်ရာ၊ သတိထားမိတယ်ဟုဆိုပြီး၊ အနတ္တတော အသာရကတော ရိတ္တတော တုစ္ဆတော၊ သုညတော–ဟု ပြောလေ၏။ သည်တော့ တုစ္ဆတော၏အနက် ဘယ်လိုထွက်ပါ မလဲဟု လျှောက်ရာ၊ အချည်းနှီးဖြစ်ကြောင်းကို ပြောဆိုလေ၏။

တဘန် တာဖြင့်၊ ရုပ်နာမ်ခန္ဓာ၏သဘော လက္ခဏာကို အချည်းနှီးဟု ဉာဏ်ထင်အောင် အားထုတ်ခြင်းဟာ၊ ဝိပဿနာမဟုတ်ပါလား-ဟု လျှောက်ပြန်ရာ ဟုတ်တယ်ဟု မိန့်တော်မူသဖြင့်၊ အချည်းနှီးဆိုသော စကားနှင့် အလကား အသုံးမကျ ဆိုသော စကားများမှာ၊ အဓိပ္ပါယ်သဘောသွား မထူးခြားဘဲ၊ တမျိုးတစားတည်းပင် ဖြစ်၍ ရုပ်နာမ်ခန္ဓာဟူသည်လည်း အလကားဟာ၊ သွားခြင်း, ရပ်ခြင်း, ကွေးခြင်း, ဆန့်ခြင်း စသော၊ အမူအရာ ဟူသည်လည်း အလကားဟာ ရှုခြင်း, မှတ်ခြင်းဟူသည်လည်း အလကားဟာပင်ဖြစ်ပါသည်။

ထို့ကြောင့် သွားခြင်း, ရပ်ခြင်း, ကွေးခြင်း, ဆန့်ခြင်းကို သိအောင် မှတ်ရုံဖြင့်၊ အလကားဟာပေါ့ဟု အရှင်ဘုရား မိန့်တော်မူခြင်းသည်၊ အချည်းနှီး အသုံးမကျ ဟူသော၊ တုစ္ဆတော သုညတောဆိုသည့် အနက် သဘောပင် ဖြစ်ပါ၍၊ မှန်ကန်ရာကိုသာ မိန့်တော်မူသည်ဟု

ယုံကြည်ကြောင်းများဖြင့် ဝန်ခံပါသည်ဟု ဖျောက်ထားလိုက်သော အခါ၊ မျက်နှာများသာပြီး ရွှင်လန်းပြုံးရယ်တော်မူလာလေသည်။

ထို့ကြောင့်၊ ဤအထက်ပါ အကြောင်းများကို ကြည့်ရှုမှတ်သား၍၊ သဘာဝနည်းလမ်းဘုရား၏ မှန်-မမှန်ကို၊ အဘန်ဘန် ဆင်ခြင်ပြီး၊ ဥာဏ်မြင်အောင် စဉ်းစားသင့်ကြပေသတည်း။

**သဘာဝ မှန် မမှန်ကို ပစ္စုပ္ပန်ဝတ္ထုများနှင့် ပြဆိုခြင်းပြီး၏။**

**နိဗ္ဗာနမဂ္ဂကဏ္ဍ ပြီး၏။**

ဝိပဿနာရှုမှု၌ ရှေးဦးစွာ သိတိပြုရန်ကို ပြဆိုရာ

# ပုဗ္ဗကမ္မကဏ္ဍ

## သာဓကဥပမာနှင့် ပဋိပဒါ ၄-ပါးကို ဝိုင်းခြား၍ ပြဆိုခြင်း

နိဗ္ဗာန်မဂ်ဖိုလ်သို့ ပေါက်ရောက်စေခြင်းငှါ၊ ဝိပဿနာတရားကို အားထုတ်သောအခါ၌၊ ပဋိပဒါတရား ၄-ပါးကို မှတ်သားသိရှိထားရပေသည်။ ဤပဋိပဒါတရားဟူသည်ကား၊ ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာ, ဒုက္ခပ္ပဋိပဒါ ခိပ္ပါဘိညာ, သုခပ္ပဋိပဒါ ဒန္ဓာဘိညာ, သုခပ္ပဋိပဒါ ခိပ္ပါဘိညာ ဟူ၍ ၄-ပါးအပြားရှိ၏။ ထို ၄-ပါးတို့တွင်၊ ဆင်းရဲပင်ပန်းစွာ ကျင့်ရ၍ နှံ့နှေးကြာမြင့်သော အသိဉာဏ်သည်၊ ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညာမည်၏။ ဆင်းရဲပင်ပန်းစွာကျင့်ရ၍ လျင်မြန်သော အသိဉာဏ်သည်၊ ဒုက္ခပ္ပဋိပဒါ ခိပ္ပါဘိညာမည်၏။ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ နှံ့နှေးကြာမြင့်သော အသိဉာဏ်သည်၊ သုခပ္ပဋိပဒါ ဒန္ဓာဘိညာမည်၏။ ချမ်းသာလွယ်ကူစွာ ကျင့်ရ၍ လျင်မြန်သော အသိဉာဏ်သည်၊ သုခပ္ပဋိပဒါ ခိပ္ပါဘိညာမည်၏။

အထူးမှာ၊ ဤပဋိပဒါ ၄-ပါးတွင်၊ ကိလေသာ ကွာခဲသည်ကို ဒုက္ခပဋိပဒါခေါ်၏။ ကိလေသာ ကွာလွယ်သည်ကို သုခပ္ပဋိပဒါခေါ်၏။ မဂ်ဉာဏ်ပေါ်လာခဲသည်ကို ဒန္ဓာဘိညာခေါ်၏။ မဂ်ဉာဏ် ပေါ်လွယ်သည်ကို ခိပ္ပါဘိညာခေါ်၏။

ယောဂီပုဂ္ဂိုလ်တို့ ဝိပဿနာကို အားထုတ်သောအခါ၊ ဤပဋိပဒါ ၄-ပါးနှင့်တွေ့ကြုံရ၏။ ထိုပဋိပဒါ ၄-ပါးတို့တွင်၊ သုခပ္ပဋိပဒါ ၂-ပါး

မှာ၊ ဝိပဿနာ၏ဆန့်ကျင်ဘက် ဘေးရန်မဟုတ်၍ အထူးပြဆိုဘွယ် မရှိပေ။ ဥက္ကပ္ပဒိုပဒါ ၂-ပါးမှာမူကား၊ ယောဂီပုဂ္ဂိုလ်တို့ တွေ့ကြုံသောအခါ၌၊ ဝိပဿနာကို လက်လွှတ် စွန့်ပစ်တတ်၍ ဆန့်ကျင်ဘက် ဘေးရန်ဖြစ်၏။ ထို့ကြောင့်၊ ၎င်း ဥက္ကပ္ပဒိုပဒါ ၂-ပါးကိုသာ ပြဆိုပေအံ့။ တရားအားထုတ်သော ယောဂီပုဂ္ဂိုလ် အချို့တို့မှာ၊ ဝိပဿနာ၏အရှိန်အဝါကြောင့်၊ဆင်းရဲပြင်းပြင်း ပင်ပန်းစွာသော ဥက္ကဝေဒနာတို့ ဖြစ်ပေါ်လာတတ်ကုန်၏။ ထိုဆင်းရဲဥက္ကတို့သည် တကယ်ဧကန်မဟုတ်ဘဲ၊ ဝိပဿနာ၏ အရှိန်အဝါကြောင့် ဖြစ်ပေါ်လာသဖြင့်၊ ဝိပဿနာ အာရုံ၌ နှလုံးသွင်းခြင်းကို စွန့်လွှတ်လိုက်လျှင်၊ တခါတည်း ပျောက်ပျက်၍သွားလေတော့၏။

ဆင်းရဲပင်ပန်းစွာ ဥက္ကဝေဒနာပေါ်လာပုံမှာ၊ ကိုယ်ခန္ဓာ တခုလုံးကို ကြိုးကြိမ်တို့ဖြင့် ဖွဲ့ချီတုတ်နှောင် ထားသကဲ့သို့ရင်း၊ ကြီးလေးစွာသော ဝန်ထုပ်ဝန်ပိုးနှင့်ဘိဖိ၍တင်ထားသကဲ့သို့ရင်း၊နှုတ်ခမ်းပါးစပ်များကို ပိတ်ဆို့စိးနှောင်၍ ထားသကဲ့သို့ရင်း၊ ကြီးစွာသောသတ်တို့နှင့် ရိုက်နှက်၍ ထားသကဲ့သို့ရင်း၊ ရင်ဝရင်အုံများ ပွင့်ကွဲသွားမည်ကဲ့သို့ရင်း၊ ဘေးနံရိုးများ ကျိုးပြတ် သွားမည်ကဲ့ သို့ရင်း၊ ပါးရင်းနားရင်း နထင် ဦးခေါင်းများ ကွဲစိတ် ပြုတ်ထွက် သွားမည်ကဲ့သို့ ရင်း၊ ဤသို့စသည်ဖြင့် အကြီးအငယ် အနည်းအများ အစားစားသော ဥက္ကဝေဒနာတို့ ဖြစ်ပေါ် လာတတ်ကုန်၏။

ပဋိသမ္ဘိဒါမဂ် ပါဠိတော်လာ၊ ဝိပဿနာဉာဏ် ၄၀-ခေါ်သော အခဏ်း၌၊ အာဗာဓတော, ဘယတော, ရောဂတော, သလ္လတော, စသည်ဖြင့် ဆိုသကဲ့သို့လည်း ဖြစ်လာတတ်ကုန်၏။ ဥက္ကဝေဒနာဖြစ်ပေါ်သောသဘောသည်၊ အထူးထူး အထွေထွေ၊ လွန်စွာဆန်းကြယ်များပြားလှသဖြင့်၊ ပိုင်းခြား၍ မပြမဆိုနိုင်ပေ။သို့သော် ဆင်းရဲပင်ပန်းသော ဥက္ကသဘောတခုသည်သာလျှင်၊ဤနေရာ၌ မှတ်ရန်လိုရင်းအချက်ပေတည်း။

ဤသို့ဝိပဿနာတရားကို အားထုတ်ဆဲအခါ၌၊ ဥက္ကဝေဒနာတို့ ဖြစ်ပေါ်လာသော်လည်း၊ ဝိပဿနာ၏အာရုံကို မလွှတ်မစွန့်မူ၍၊ ရဲရဲငံ့ငံ့ မကြောက်မ႐ွံ့ နောက်ဝင့်ဆုတ်ယုတ်ခြင်းမရှိဘဲ သေလျှင်ဖြတ်သေး ၏ဟူသော စိတ်ကိုထား၍ ရွတ်ရွတ်ချွန်ချွန် ယောက်ျားတို့၏ မာန်တံခွန်ကို အတိုင်းထက်အလွန်ဖြစ်စေရန်၊ ထက်သန်ကြီးမားလှသော

ဝိရိယတရားကို၊ ယောက်ျားတို့ အစွမ်းကုန်စွန့်စားသော ခွန်အားဖြင့် မနားမရပ်ဘဲ၊ အထပ်ထပ်အဘန်ဘန် လွန်မင်းစွာ ထက်သန်လျက်၊ အပြင်းအထန် အားထုတ်ရလေသည်။

## **ကာယေစ ဇီဝိတေစ အနပေက္ခတံ ဟောတိ။**

**(ပဋိသမ္ဘိဒါမဂ်ပါဠိတော်။)**

ယောဂါဝစရော၊ ဝိပဿနာကမ္မဋ္ဌာန်းကိုကြိုးပမ်းအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်။ ကာယေစ၊ ခန္ဓာကိုယ် အတ္တဘော၌၎င်း။ ဇီဝိတေစ၊ အသက်၌၎င်း။ အနပေက္ခတံ၊ ထောက်ညှာ ငဲ့ကွက်ခြင်းမရှိသည်။ ဝါ၊ သေလျှင် သေပေစေတော့ဟု စွန့်လွှတ်၍ ထားရသည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပါယ်ကား။ ဝိပဿနာတရားကို အားထုတ်သောသူသည်၊ ခန္ဓာကိုယ်၌၎င်း အသက်၌၎င်း၊ ထောက်ညှာ ငဲ့ကွက်ခြင်းမပြုဘဲ၊ လွန်ကဲသော အာသာဆန္ဒဖြင့်၊ထိုအခါ ၌သေသွားလျှင် စင်စစ်ကေန်အမှန်ပင်၊ ကောင်းမွန်မြင့်မြတ်၏ဟူသော စိတ်ကိုထားလျက်၊ စွန့်စားအားထုတ်ရမည်ဟု ဆိုလိုသည်။**

ဝိပဿနာကို အားထုတ်ဆဲအခါ၌၊ ပေါ်လာသော ဒုက္ခဝေဒနာမျိုးသည်၊ နှလုံးသွင်းနေသော အာရုံကို လွှတ်လိုက်လျှင်လည်း၊ ပြေငြိမ်းပျောက်ပျက်၏။ ထိုဝေဒနာကို လွန်မြောက်သွားလျှင်လည်း၊ ပြေငြိမ်းပျောက်ပျက်၏။ အထူးမှတ်သားရန် အချက်မှာ၊ ငယ်ရွယ်သောအခါက ဆင်းရဲ ပင်ပန်းစွာ၊ ထမ်းရွက်သယ်ပိုး လုပ်ကိုင် ဘူးသောသူ၊ တစုံတခုသော အိမ် ကျောင်း အမြင့် စသည်မှ၊ ချော်ချွတ်လိမ့်ကျ၍ အနာတရ ဘေးဒဏ်ရရှိဘူးသော သူတို့မှာသာ၊ များသောအားဖြင့် ပေါ်ပေါက်လာတတ်လေသည်။

အဘယ့်ကြောင့်ဆိုသော်၊ ရှေးရှေးနှစ်ပေါင်းများစွာတို့က၊စိတ်ဖြင့် တွေ့ဘူး ရောက်ဘူးသော၊ အကောင်းအဆိုး အမျိုးမျိုးသော အာရုံတို့သည်၎င်း၊ နှုတ်ဖြင့်ပြောဆိုဘူးသော စကားတို့သည်၎င်း၊ ကိုယ်ဖြင့် လုပ်ကိုင်ဘူးသော အကောင်းအဆိုး အမျိုးမျိုးသောအပြုအမူတို့သည် ၎င်း၊ ဝိပဿနာတရားကို အားထုတ်သောအခါ၊ နှစ်ကာလကြာမြင့်၍ မေ့လျော့ကွယ်ပျောက်နေသော်လည်း၊ စိတ်အာရုံ၌ ထင်ထင်ရှားရှား ပေါ်ပေါက်၍လာကြကြောင်းများကို၊ ကျမ်းဂန်တို့၌ လာရှိ၍၊ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး ရေးသားတော်မူ၏။

ထိုသို့ပြုလုပ်ပြောဆိုကြံစည်သိရှိဘူးသောအာရုံများသည်၊ဖုံးကွယ် ဖျောက်ဖျက်၍ မရဘဲ ပေါ်ထွက်လာသည် ဆိုသဖြင့်၊ ရှေးကသင့် ရောက်ဘူးသော ဘေးဒဏ်တို့သည်၊ကြာရှည်၍ မေ့လျော့ကွယ်ပျောက် နေသော်လည်း၊ တရားအားထုတ်သောအခါ၊ ထိုဘေးဒဏ်တို့သည် ဖုံးကွယ် ဖျောက်ဖျက်၍မရဘဲ၊ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ထဲ၌ ဒုက္ခပ္ပဒို ပဒါအနေဖြင့်၊ ပင်ပန်းဆင်းရဲလျက်၊ လွန်ကဲသော ဒုက္ခဝေဒနာတို့ ဖြစ်ပေါ်ရောက်ရှိလာတတ်၏ဟု ပြဆိုခဲ့ပေသည်။

ဥပမာကား၊ စစ်မြေပြင်၌ စစ်ထိုးကြသော စစ်ဗိုလ်တို့သည်၊ ရန် ဘက်ဖြစ်သော တဘက်က စစ်တပ်စစ်ဗိုလ်ကို၊ ကြောက်ရွံ့၍ နောက် ဆုတ်လိုက်ပါလျှင်၊ **''တလှမ်းဆုတ် တအားယုတ်''** ဆိုသကဲ့သို့ ဖြစ်၍၊ နောက်ဆုတ်ရာမှ ထွက်ပြေးခြင်း၏ မိမိစစ်သားတို့သည်၊ ပျက် ပြားဆုံးရှုံးလေ၏။ ထိုအခါ ရန်သူစစ်တပ်သည်၊ လက်နက်စစ်သားတို့ အင်အားပင် နည်းပါးသော်လည်း၊ စိတ်သန်အားတက်၍ ရက်ရက် စက်စက် ရွတ်ရွတ် ချွန်ချွန် တိုးတက်တိုက်ဖျက်သဖြင့်၊ နှစ်သက်ရွှင် လန်း၍ အောင်ပန်းကို ရလေ၏။ နောင်တိုက်ပွဲနှင့် တွေ့ကြုံရာတို့၌ ရဲတင်းသန်မာသော စိတ်ရှိ၍လာကြလေသည်။

အရှုံးပေး၍ ထွက်ပြေးရသော စစ်ဗိုလ်မှာမူ၊ နောင် ရန်သူနှင့် တွေ့ ကြုံသောအခါ၊ မိမိတို့က ဆင်မြင်းဗိုလ်ပါ လက်နက်စစ်သားတို့ အင် အားပင် ကြီးမားသော်လည်း၊ အနည်းငယ် အချက်မရောက်၍၊ ကသိ ကအောက် စနောင့်စနင်းဖြစ်လာလျှင်၊ အောင်မြင်နိုင်နင်းရန် တမျိုး တမည်ဉာဏ်မဆင် မပြုပြင်ဘဲ၊ ရှုံးမည်သာ မှတ်ထင်သဖြင့်၊ ရှေ့သို့ တိုးတက်ခြင်း ရဲတင်းခိုင်မာစွာ စိတ်ထားခြင်းမရှိ၊ နောက်ကိုသာ လှည့်ကြည့်၍၊ ဆုတ်ခွါထွက်ပြေးလိုသော စိတ်သာ ရှိတတ်လေသည်။

ဤဥပမာနှင့်အတူ၊ ဝိပဿနာ ကမ္မဋ္ဌာန်းခွင်ဟူသော လောကုတ္တ ရာ စစ်မြေပြင်သို့ ဝင်၍၊ မောဟစသော ကိလေသာရန်သူ စစ်ထ ဘက်ကို တိုက်ဖျက်နေဆဲအခါ၊ ဆိုခဲ့သော ဒုက္ခဝေဒနာမျိုးနှင့် တွေ့ ကြုံရာ၌၊ ထိုဒုက္ခဝေဒနာမှ လွန်မြောက်နိုင်နင်းရန်၊ အပြင်းအထန်အား မထုတ် ကြောက်ရွံ့နောက်ဆုတ်၍၊ ဝိပဿနာအလုပ်ကို သိမ်းယုတ် စွန့်လွှတ်လိုက်ပါလျှင်၊ သည်တသက်တွင် အောင်မြင်ပေါက်ရောက် အောင် အားမထုတ်ဝံ့ဘဲ၊ ရှောင်လွှဲတွန့်ဆုတ်၍ နေတတ် လေတော့ သည်။

ဝိပဿနာအလုပ်ကို အားမထုတ်ဘဲ စွန့်လွှတ်လိုက်ပြန်လျှင်၊ ထိုဒုက္ခဝေဒနာစုသည် ကွယ်ပျောက်၍နေ၏။ ဝိပဿနာအလုပ်ကို အားထုတ်ပြန်လျှင်၊ ထိုဒုက္ခဝေဒနာတို့သည် အလိုလိုပင် ပေါ်ပေါက်၍လာမြဲပေတည်း။ ဤသို့ဒုက္ခဝေဒနာ ပေါ်ပေါက်လာလျှင်၊ လွန်မြောက်သွားအောင် မကြောက်မရွံ့ဘဲ၊ ရဲဝံ့စွန့်စား၍ ယောကျ်ားတို့မာန်ဖြင့်၊ အပြင်းအထန် အကြောက်အကန် အားကုန်လွှတ်၍၊ ထက်သန်ခိုင်မြဲစွာ အားထုတ်ကြိုးပမ်းရလေတော့သည်။

ဤကား ပစ္စုပ္ပန်အကြောင်းကို ထောက်ထား၍၊ ဒုက္ခပ္ပဋိပဒါသဘောများ ဖြစ်ပေါ်တတ်ပုံကို၊ သိမှတ်ရန်ပါဠိမဘက်ဘဲ၊ အမိပ္ပါယ်သက်သက်ဖြင့် အမြွက်မျှပြဆိုလိုက်သော စကားစုပေတည်း၊

သာဓက ဥပမာနှင့် ပဋိပဒါ ၄-ပါးကို ပြဆိုချက်ပြီး၏။

## အဋ္ဌကထာအလာနှင့် ပဋိပဒါသဘောကို နှိုးနှော၍ ပြဆိုခြင်း

ဣဓ ဘိက္ခု ပုဗ္ဗေ အကတာဘိနိဝေသော ပုဗ္ဗဘာဂေ ရူပပရိဂ္ဂဟေ ကိလမတိ၊ အရူပပရိဂ္ဂဟေ ကိလမတိ၊ ပစ္စယပရိဂ္ဂဟေ ကိလမတိ၊ တီသု အဒ္ဓါသု ကိလမတိ၊ မဂ္ဂါမဂ္ဂေ ကိလမတိ၊ ဧဝံ ပဉ္စသုဌာနေသု ကိလမန္တော ဝိပဿနံ ပါပုဏာတိ။ ဝိပဿနံ ပတ္တာပိ ဥဒယဗ္ဗယာနုပဿနေ၊ ဘင်္ဂါနုပဿနေ၊ ဘယတုပဋ္ဌာနေ၊ အာဒီနဝါနုပဿနေ၊ နိဗ္ဗိဒါနုပဿနေ၊ မုဉ္စိတုကမျတာဉာဏေ၊ပဋိသင်္ခါဉာဏေ၊ သင်္ခါရုပေက္ခာဉာဏေ၊ အနုလောမဉာဏေတိ၊ ဣမေသု နဝသု ဝိပဿနာဉာဏေသုပိ ကိလမိတွာဝလောကုတ္တရမဂ္ဂံ ပါပုဏာတိ။တဿ သော လောကုတ္တရမဂ္ဂေါ ဧဝံ ဒုက္ခေန ဂရုဘာဝေန သစ္စိကတတ္တာ ဒုက္ခပ္ပဋိပဒေါ ဒန္ဓာဘိညောနာမဇာတော။ (အင်္ဂုတ္တိုရ်အဋ္ဌကထာ။)

ဣဓ၊ ဤသာသနာတော်၌။ ပုဗ္ဗေ၊ ရှေးရှေးသောဘဝက။ အနက ဘာဘိနိဝေသော၊ နှလုံးသွင်းအားထုတ်ခြင်းအမှုကို မပြုခဲ့ဘူးသော။ ဘိက္ခု၊ ယောဂီပုဂ္ဂိုလ်သည်။ ပုဗ္ဗဘာဂေ၊ ဝိပဿနာအလုပ်ကို အား ထုတ်သော ရှေးအဘို့၌။ ရူပ ပရိဂ္ဂဟော၊ ကွေးဆန့်ခြင်း စသော ရုပ်ကို ရှုမှတ် သိမ်းဆည်းရာ၌။ ကိလမတိ၊မထင်မမြင် ငြိုငြင်ပင်ပန်း၏။အရူပ ပရိဂ္ဂဟော၊ မှတ်သိခြင်းစသော နာမ်ကို ရှုမှတ်သိမ်းဆည်းရာ၌။ ကိလ မတိ၊ မထင်မမြင် ငြိုငြင်ပင်ပန်း၏။ ပစ္စယပရိဂ္ဂဟော၊ နာမ်ရုပ် ၂-ပါး တို့၏အကြောင်းကို ရှုမှတ်သိမ်းဆည်းရာ၌။ ကိလမတိ၊ မထင်မမြင် ငြိုငြင်ပင်ပန်း၏။ တီသု၊ သုံးပါးကုန်သော။ အဒ္ဓါသု၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်၏ ရှေ့အစွန်း နောက်အစွန်း၊ ရှေ့နောက် ၂-ပါးသော အစွန်းတို့၌။ ကိလမတိ၊ မထင်မမြင် ငြိုငြင်ပင်ပန်း၏။ မဂ္ဂါမဂ္ဂေ၊ မဂ်ဟုတ်သည် မဟုတ်သည်ဟု ရှုမှတ် သိမ်းဆည်း ရာ၌။ ကိလမတိ၊ မထင်မမြင် ငြိုငြင်ပင်ပန်း၏။ ဇဝံ၊ ဤသို့။ ပဉ္စသု ဌာနေသု၊ ငါးပါး သော ဌာနတို့၌။ ကိလမန္တော၊ မထင်မမြင် ငြိုငြင်ဆင်းရဲ လွန်ကဲ ပင်ပန်းလျက်။ ဝိပဿနံ၊ ဝိပဿနာ လမ်းမှန်သော ဥဒယဗ္ဗယာ နုပဿ နာ ဉာဏ်ရင့်သို့။ ပါပုဏာတိ၊ ရောက်၏။

ဝိပဿနံ၊ ဝိပဿနာသို့။ ပတွာပိ၊ ရောက်ပြီး၍လည်း။ ဥဒယဗ္ဗယာ နုပဿနေ၊ အဖြစ်အပျက်ကို ရှုမှတ်သောဉာဏ်ရင်း။ ဘင်္ဂါနုပဿနေ၊ အပျက်ကို ရှုမှတ်သောဉာဏ်၌ရင်း။ ဘယတုပဋ္ဌာနေ၊ ဘေးဟု ရှုမှတ် သောဉာဏ်၌ရင်း။အာဒီနဝါနုပဿနေ၊ အပြစ်ဟု ရှုမှတ်သောဉာဏ်၌ ရင်း။ နိဗ္ဗိဒါနုပဿနေ၊ ငြီးငွေ့ဘွယ်ဟု ရှုမှတ်သောဉာဏ်၌ရင်း။ မုဉ္စိ တုကမျတာဉာဏေ၊ လွတ်လိုသည်ဟု ရှုမှတ်သောဉာဏ်၌ရင်း။ ပဋိ သင်္ခါဉာဏေ၊လွတ်အောင်ဆင်ခြင်သောဉာဏ်၌ရင်း။ သင်္ခါရုပေက္ခာ ဉာဏေ၊ ရုပ်နာမ်သင်္ခါရကို လျစ်လျူပြု၍ ရှုမှတ်သောဉာဏ်၌ရင်း။ အနုလောမဉာဏေ၊ မဂ်ဖိုလ်အားလျော်စွာပြု၍ ရှုမှတ်သော ဉာဏ်၌ ရင်း။ ကိလမတိ၊ ဤသို့။ ကိလမေသု နဝသု ဝိပဿနာဉာဏေသု၊ ဤ ၉ ပါး သော ဝိပဿနာဉာဏ်တို့၌လည်း။ ကိလမိတွာဝ၊ မထင်မမြင် ငြိုငြင် ပင်ပန်းပြီး၍ သာလျှင်။ လောကုတ္တရမဂ္ဂံ လောကုတ္တရာမဂ်သို့။ ပါပုဏာတိ၊ ရောက်၏။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏။ သော လောကုတ္တရ မဂ္ဂေါ၊ ထိုလောကုတ္တရာမဂ်သည်။ ဇဝံ၊ ဤသို့။ ဒုက္ခေန၊ ဆင်းရဲ ငြိုငြင် ပင်ပန်းသဖြင့်။ ဂရုဘာဝေန၊ လေးလံ နှေးပင့်သည်၏အဖြစ်ဖြင့်။ သဒ္ဓို

ကတတ္တာ၊ မျက်မှောက်ပြုအပ်သည်၏ အဖြစ်ကြောင့်။ ဒုက္ခပ္ပဋိပဒေါ ဒန္ဓာဘိညောနာမ၊ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညမည်သည်။ဇာတော၊ ဖြစ်၏။

အဓိပ္ပါယ်ကား၊ ရှေးရှေးသော ဘဝများ၌၊ ဒါနသီလစသော ပါရမီကုသိုလ်တရားကို အားထုတ်စဉ်အခါ၊ လောဘ,ဒေါသ,မောဟ ခြိုးခြံ၍ပြုလုပ်မိခြင်း၊ဝိပဿနာတရား၌ အလေ့အလာနည်းပါးခြင်းရှိသော ယောဂီပုဂ္ဂိုလ်သည်၊ ယခုဘဝ၌ တရားကိုအားထုတ်သောအခါ၊ရာဂ, ဒေါသ,မောဟ ထူထဲ၍၊ ရှေးအတွဲ၌ ဆင်းရဲပင်ပန်းစွာ ကျင့်ရလျက်၊ ဝိပဿနာဉာဏ်သို့သက်ရောက်ပြီးလျှင်၊ အသိအမြင်ဉာဏ်ပညာ နှုန်နှေး လေးဖင့်လျက်၊ လောကုတ္တရာမဂ်သို့ ရောက်ရသဖြင့်၊ ၎င်းပုဂ္ဂိုလ်သည် ဒုက္ခပ္ပဋိပဒါ ဒန္ဓာဘိညမည်၏။

ဤသို့ ပြဆိုခဲ့သော၊ ပထမ ပုဂ္ဂိုလ်၏ အဓိပ္ပါယ် သဘောများကဲ့သို့၊ ကြွင်းသော ပုဂ္ဂိုလ် ၃-ပါးတို့၏ ဒုက္ခပ္ပဋိပဒါ သုခပ္ပဋိပဒါ,ဒန္ဓာဘိည ခိပ္ပါဘိည အဖြစ်မျိုးကို၊ ပါရမီ ကုသိုလ် ပြုစဉ်၌၊ လောဘ, ဒေါသ, မောဟ တရားတို့ ခြိုးခြံခြင်း, မခြိုးခြံခြင်း၊ ဝိပဿနာ ကမ္မဋ္ဌာန်းတရား၌ အလေ့အလာ နည်းပါးခြင်း, များပြားခြင်းတို့ကြောင့် ဖြစ်ရသည်ဟု၊ နည်းမှီ ထောက်ထား၍ အဓိပ္ပါယ် သဘောများကို မှတ်သားသိရှိကြပါလေ။

၎င်း ပဋိပဒါတရား၏ အကြောင်းများကို ပြဆိုရာ၌၊ အဋ္ဌကထာတွင် ကုသိုလ်ပြုစဉ်က၊ လောဘ, ဒေါသ, မောဟတို့ ခြိုးခြံခြင်း,မခြိုးခြံခြင်းကို၊ ဒုက္ခ, သုခပ္ပဋိပဒါ၏ အကြောင်းဟုလာ၏။ ဤကျမ်း၌ကား၊ ဆင်းရဲ ပင်ပန်းစွာ လုပ်ကိုင်ရခြင်း။ ကျင်နာ သည်းထန်စွာသော ဘေးဒဏ် အန္တရာယ် သင့်ရောက် ဘူးခြင်းများ ရှိ မရှိမျိုးကို၊ ဒုက္ခ, သုခပ္ပဋိပဒါ၏ အကြောင်းဟု ရေးသားသဖြင့်၊ စကားချင်း ကွဲပြား ဆန့်ကျင်သကဲ့သို့ ထင်မြင် တွေးတောရန် ရှိနေပေသည်။

ဤနေရာ၌၊ အဋ္ဌကထာသည် အတိတ်အကြောင်းကို ပြ၏။ ဤကျမ်းသည် ပစ္စုပ္ပန်အကြောင်းကို ပြ၏ဟု ယူပါလျှင်၊ဆန့်ကျင်ခြင်း မဖြစ်နိုင်ပေ။ သဘောယုတ္တိမှာကား၊ ကုသိုလ်တရားကို ပြုစဉ်က၊ မသန့်ရှင်း မစင်ကြယ်လျှင်၊ အကျိုး ပေးသောအခါတွင် ဘေးရန် အန္တရာယ် ငြိတွယ်တတ်၏။ ကုသိုလ်ပြုစဉ်က သန့်ရှင်း စင်ကြယ်လျှင်၊ အကျိုးပေးသောအခါတွင် ဘေးရန် အန္တရာယ်တို့ မငြိတွယ်ဘဲ၊လွယ်ကူချမ်းသာ

စွာ ဖြစ်တတ်သည်ဟူသော ကမ္မဝိပါက၏ သဘောကို နှလုံးသွင်း၍၊ တွေးတောခြင်း ကင်းသင့်ပေသည်။

ယခုပြခဲ့သောအဓိပ္ပါယ်သဘောများအရ၊ သုခပ္ပဋိပဒါဒိပ္ပါဘိညာ အဖြစ်မျိုး၊ မဂ်ဖိုလ် နိဗ္ဗာန်ကို အမှန်လိုလားကြသော ပုဂ္ဂိုလ်များသည်၊ လောဘစသည်တို့ လွတ်ကင်းသော ကုသိုလ်ကိုပြုခြင်း၊ ပင်ပန်းပြင်းထန်သော ဘေးဒဏ်တို့ မရောက်ရအောင်၊ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်း၊ ဝိပဿနာတရားကို ပွါးများ လေ့လာခြင်း အမှုမျိုး၌၊ ကြိုးစားအားထုတ်၍ ပြုလုပ် ဆည်းပူးကြပါလေ။ ဓမ္မသဘာဝ၏ အရဖြင့်၊ ပစ္စုပ္ပန်အကြောင်းမျှကို ပြရာ၌၊ ရုတ်တရက် သဘောမကျရှိနေပါလျှင်၊ ကမ္မဋ္ဌာန်းခွင်သို့ဝင်၍ တွင်ကျယ်အောင် စမ်းသပ်အားထုတ်ကြည့်ပါက၊ ကိုယ်တိုင် ဒိဋ္ဌပင် တွေ့မြင်၍ လာသောအခါမှ၊ အမှန် မုချ ဖြစ်ကြောင်းကို ကောင်း ကောင်းကြီး ထင်ရှား သဖြင့်၊ သဘာဝ တရားနှင့် ကျမ်းဂန်စကား ညီမျှသည်ဟု ယုံကြည်ခြင်း ရှိလာပေလိမ့်မည်။

ဤပဋိပဒါ ၄-ပါးတို့တွင်၊ ပဌမ ပဋိပဒါအရ၊ စက္ခုပါလမထေရ် စသည်တို့ကဲ့သို့ မှတ်အပ်၏။ ဒုတိယ ပဋိပဒါအရ၊ ခြေဘဝါး၌ အမွေးပေါက်သော သောဏမထေရ် စသည်တို့ကဲ့သို့ မှတ်အပ်၏။ တတိယ ပဋိပဒါအရ၊ ရှင်မောဂ္ဂလာန်မထေရ် စသည်တို့ကဲ့သို့ မှတ်အပ်၏။ စတုတ္ထ ပဋိပဒါအရ၊ ပဥ္စဝဂ္ဂီရဟာန်း စသည်တို့ကဲ့သို့ မှတ်အပ်ပေသည်။

သဘောမှာ၊ ဤပဋိပဒါ တရားမျိုးသည်။ တဦးနှင့်တဦးတို့ အဖြစ်ချင်း တူမျှရန်ကို မဆိုထားဘိ၊ တဦးတယောက်ထည်းပင်သော်လည်း အမျိုးမျိုးပင် ဖြစ်တတ်လေ၏။ တရှိန်တည်း တခါတည်း ပြီးစီးပေါက်ရောက် သွားသော ပုဂ္ဂိုလ်မှာသာ၊ ပဋိပဒါ နည်းလမ်းလည်း တမျိုးတည်း တပါးတည်း ဖြစ်တတ်လေသည်။

အဘယ်ကိုထောက်၍ တဦးတယောက်ထည်းပင် သော်လည်း၊ ပဋိပဒါ တရားတို့ အသီးအခြား ကွဲပြားနေ၏ ဟု ဆိုရသနည်း ဟူမူကား၊ တပါးသော အခါ၌ အရှင်သာရိပုတ္တရာက အရှင်မောဂ္ဂလာန် မထေရ်မြတ်အား၊ မဂ်ဖိုလ်သို့ ပေါက်ရောက်သော စကားများကို မေးမြန်းတော်မူ၏။ မေးမြန်းပုံမှာ ငါ့ရှင်မောဂ္ဂလာန် အရှင်သည် အဘယ် ပဋိပဒါတို့ဖြင့်၊ မဂ်ဖိုလ်ကို ရပါသနည်းဟု မေးတော်မူ၏။ ထိုအခါ အရှင်မောဂ္ဂလာန် မထေရ်မြတ်က၊ တပည့်တော်သည် ပဌမမဂ်ကို၊ သုခပ္ပဋိ

ပဒါ ခိပ္ပါဘိညဖြင့် ရရှိပါ၏ဟု ဖြေကြားကြောင်း ကျမ်းဂန်တို့၌ လာရှိပေသည်။

ဤ၀င်းပြင် အရှင်အာနန္ဒာ မထေရ်သည်လည်း၊ ပဌမ မဂ်ဖိုလ်ကို သုခပဋိပဒါ ခိပ္ပါဘိညဖြင့်ရ၍၊ အထက်မဂ်ဖိုလ်များကို ဒုက္ခပဋိပဒါ ခိပ္ပါဘိညဖြင့်ရရှိ၏ဟု မှတ်ယူပါလေ။ ဤနေရာ၌ ဒုက္ခပဋိပဒါချင်းတူသည် ဆိုသော်လည်း၊ ဖြစ်ပေါ် ခံစားရသော ဒုက္ခများမှာမူ တဦးနှင့်တဦး မတူကြဘဲ၊ ကွဲလွဲထူးခြား၍ အမျိုးမျိုး အစားစား ရှိနေတတ်သည်များကိုမှတ်သား သတိပြုအပ်ပေသတည်း။

ယခုအခါ ပဋိပဒါ ၄-ပါး၏ အဓိပ္ပါယ်သဘောများကို၊အကျဉ်းအားဖြင့် မှတ်သား လွယ်ကူ စေရန်၊ သံပေါက် လင်္ကာဖြင့် ပြထားပေအံ့။....

၁။ ။ပဋိပဒါ ၄-ပါး၊ ကျင့်တရား၊ မှတ်သားသိလေပါ။
၂။ အကျင့်ငြိုငြင်၊ အသိလျင်၊ နှေးပင် ပ,ဒုမှာ။
၃။ ချမ်းသာကျင့်ရန်၊ သိနှေးပြန်၊ လျင်မြန် တ,စမှာ။
၄။ သူရဲကောင်းများ၊ ပမာထား၊ စိတ်အားထက်သန်စွာ။
၅။ ဒုက္ခတွေပြား၊ ယောဂီများ၊ စွန့်စားကြလေပါ။
၆။ ကြောက်ရွံ့စိတ်ထား၊ နောက်ဆုတ်ပြား၊ ပျက်ပြားဝိပဿနာ။
၇။ တကြိမ်မရ၊ ရှောင်တိမ်းလွှဲ၊ အမြဲကြောက်တတ်ပါ။
၈။ ထက်မြက်မာန်ဝင်၊ စိတ်ဇောယှဉ်၊ သေလျှင်မြတ်သည်သာ။
အဋ္ဌကထာအလာနှင့် ပဋိပဒါသဘောကို ပြဆိုချက်ပြီး၏။

## ဝိပဿနာတရားလက်ရှိက ဒုတိယဘဝ၌ မဂ်ဖိုလ်ရသည်ကို ပြဆိုခြင်း

အထက်တွင် ပြခဲ့သော ပဋိပဒါနှင့် စပ်၍၊ အားထုတ် အပ်သော တရားရှိက ဒုတိယဘဝ၌ မဂ်ဖိုလ်ကို ရသည်မှာ၊ သမဏ နတ်သားဝတ္ထုကို ကြည့်ရှု၍ သိအပ်ပေ၏။ သေလျှင်မြတ်၏ဟု ဆိုရာ၊ တွေ့ကြုံဆဲ ဒုက္ခဝေဒနာမှ လွန်မြောက်ပါလျှင်လည်း၊ အလုပ်ကိစ္စ ပေါက်ရောက်သဖြင့် လွန်စွာပင် ကောင်းမြတ်ပါ၏။ ဒုက္ခဝေဒနာမှ မလွန်မြောက်၍ သမဏ နတ်သားကဲ့သို့ သေသွားသော်လည်း၊ ဒုတိယဘဝ၌ နတ်ဘုံတွင် ဖြစ်ရ၍၊ စင်စစ် တရားထူးကို ပေါက်ရောက်နိုင်သဖြင့် ကောင်းမြတ်လှပေသည်။

ဝိပဿနာ အလုပ် လက်ရှိနှင့် ရုတိသေလွန်ရ၍ ကောင်းမွန် မြင့်မြတ်ပုံမှာ၊ ဝိပဿနာမှုဖြင့် ပရမတ် နာမ်ရုပ်ရုကို ရှုမှတ်နေဆဲ အခါ၊ ဝေဒနာ တခုခု နှိပ်စက်မှုကြောင့် ရုတိသေလွန် သွားလျှင်၊ အားကိုးအားထား တရားလက်ကိုင် ရှိသဖြင့် "အိပ်သောယောကျ်ား နိုးသောလား" ဟူသကဲ့သို့၊ မတွေမဝေ မမေ့မလျော့ ရုတိရသည်ဖြစ်၍၊ နတ်ရွာ သုဂတိဖြစ်သော ဘဝများသို့ အမှန်လားရောက်ရခြင်း၊ နတ်ပြည်သို့ရောက်လျှင် ငါသည်နတ်ပြည်သို့ ရောက်လာပါကလားဟု အောက်မေ့သော သတိ ဖြစ်ပေါ်ခြင်းထက် မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်ပေါ်သည်က လျင်မြန်လေသည်။

အကယ်၍ လူ့ပြည်မှ ရုတေ၍ နတ်ပြည်သို့ ရောက်လျှင်ရောက်ခြင်း၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မထိုးထွင်း မသိမြင် စေကာမူ၊ အတူနေအပေါင်းအဘော်တို့က သတိပေးသဖြင့် ပေါက်ရောက်နိုင်ခြင်း၊ ထိုအခါမှာပင် မအောင်မြင် မထမြောက် သေးသော်လည်း၊ သုဓမ္မာဇရပ်၌ နတ်အပေါင်းတို့ တရားသဘင် ကျင်းပဟောပြောသောအခါ၊ မနှေးမကြာဘဲ မချွတ်ကေန် အမှန်အားဖြင့်၊ လျင်မြန်စွာ ထမြောက်ပေါက်ရောက်နိုင်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

ထို့ကြောင့် တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့သည်၊ဆင်းရဲပင်ပန်းစွာ ဒုက္ခဝေဒနာတို့နှင့် တွေ့ကြုံသောအခါ၊ စစ်မြေပြင်သို့ရောက်သော သူရဲကောင်းစစ်ဗိုလ်ချုပ်ကဲ့သို့၊ မတုန်မလှုပ် မကြောက်မရွံ့ဘဲ၊ ရဲဝံ့စွန့်စား ထက်သန်ခိုင်မြဲသော စိတ်ထားဖြင့်၊ ဝိပဿနာတရားကို မနေမနား ကြိုးစားအားထုတ်ရလေသတည်း။

> တဿ တတ္ထ သုခိနော ဓမ္မပဒါနိ ပိလဝန္တိ။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထခေါ သော သတ္တော ခိပ္ပမေဝ ဝိသေသဘာဂီ ဟောတိ။ (စတုက္က အင်္ဂုတ္တိုရ်ပါဠိတော်)

တတ္ထ၊ထိုနတ်ပြည်ခြောက်ထပ် အထက်ရပ်၌။ တဿ၊ထိုရှေးဘဝက ဝိပဿနာအလုပ်ကို အားထုတ်လျက် ရုတိသေလွန်ရသော ယောဂီပုဂ္ဂိုလ်အား၊ သုခိနော၊မပင်မပန်း ချမ်းသာလွယ်ကူသည်ဖြစ်၍၊ ဓမ္မပဒါနိ၊ နှုတ်သွင်း ရှုမှတ်လျက် လေ့ကျက်အားထုတ်ခဲ့ဘူးသော တရား

အစုတို့သည်။ ဗိလဝန္တိ၊ ဘွားကနဲ စိတ်ဉာဏ်အစဉ်၌ ထင်မြင်ပေါ်ပေါက်၍ လာကြလေကုန်၏။သိက္ခဝေ၊ရဟန်းတို့။သတုပ္ပါဒေါ၊ရှေးက အားထုတ်သော တရားဟောင်းကို အောက်မေ့ မှတ်မိခြင်း သတိဖြစ်ပေါ်လာမှုသည်။ ဒန္ဓော၊ လွန်စွာနုန့်နှေး၍ လေးကန်ကြာမြင့်လှပေသေး၏။ အထခေါ၊မုချဧကန် အမှန်စင်စစ်သော်ကား၊သော သတ္တော၊ ထိုလူ့ပြည်က အားထုတ်သော တရားလက်ရှိ၍ စုတိပျက်ကြွေသေလွန်လာသော ယောဂီပုဂ္ဂိုလ်သည်။ ခိပ္ပမေဝ၊မနှေးမကြာ ဆောလျင်စွာ သာလျှင်။ ဝိသေသဘာဂီ၊ ထူးမြတ်သောတရားကို ပေါက်ရောက်နိုင်ခြင်းအဘို့ ရှိသည်။ ဟောတိ၊စင်စစ်မသွေ ဖြစ်ရလေတော့သတည်း။

ဤဒေသနာတော်အရ နောက်ဘဝ၌၊ ဥပပတ် ပဋိသန္ဓေနေသောနတ်တို့သည်။အဘယ်ပုံ တရားထူးကို ရနိုင်သနည်းဟူမူ၊ ဥပပတ် ပဋိသန္ဓေနေသောသူတို့၏ ရုပ်ခန္ဓာသည် လွန်စွာနူးညံ့သိမ်မွေ့၏။ ပေါ့ပါးလျင်မြန်၍ ကြည်လင်တောက်ပ၏။ ထိုရုပ်ခန္ဓာ၌မှီသော ဉာဏ်သည်လည်း၊ လွန်စွာပင် ပေါ့ပါးလျင်မြန်၍ ကြည်လင်တောက်ပလေ၏။ ထို့ကြောင့် အနန္တရဘဝက တရားကို အားထုတ် လေ့ကျက်ခဲ့ဘူး၍၊ သေလွန်လေလျှင် ဥပပတ်ဘဝကို ရသောအခါ၊ ထိုတရားဟောင်းတို့သည် လျင်မြန်စွာ ပေါ်ပေါက်လာ၍၊ ထက်သန်ကြည်လင်သော ဉာဏ်ဖြင့် ထူးထွေးကဲသော သဘောအဓိပ္ပါယ်ကို သိပြီးလျှင်၊ တရားထူးကို အလွယ်နှင့်ပင် သိမြင်ရရှိနိုင်လေသည်။ ဤသို့လျှင် မိမိဉာဏ်ဖြင့်လည်း ပေါက်ရောက်နိုင်၏။

အရှင်မဟာမောဂ္ဂလာန် မထေရ်မြတ်ကဲ့သို့၊တန်ခိုးဈာန်ပါဒ်နှင့်ပြည့်စုံသောသူတို့ လာရောက် ဟောပြောသဖြင့်လည်း ပေါက်ရောက်နိုင်၏။သနင်္ကုမာရဗြဟ္မာကြီးကဲ့သို့၊ ဓမ္မကထိကနတ်သားတို့ ဟောကြားသော တရားကို နာရသဖြင့်လည်း ပေါက် ရောက်နိုင်၏။ မိတ်ဆွေနတ်သားတို့ သတိပေးသဖြင့်လည်း၊ ရှေးက လေ့ကျက်ခဲ့သော တရားဟောင်းတို့ပေါ်ပေါက်လာ၍၊ လျင်မြန်စွာ တရားထူးကို ရရှိနိုင်၏။ သမဏနတ်သား ဘားနတ်သား စသည်များကဲ့သို့၊ လူ့ပြည်ဆင်း၍ တရားနာရသဖြင့်လည်း မဂ်ဖိုလ်သို့ ပေါက်ရောက်နိုင်လေသည်။

ဒုတိယဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်ရသည်ကို ပြဆိုခြင်းပြီး၏။

## ဒိဋ္ဌိမာနနှင့် တဏှာလောဘ ဝင်တတ်မှုကို မဟာသိဝ ဝတ္ထုဖြင့် ပြဆိုခြင်း

ဝိပဿနာအလုပ်ကို အားထုတ်ရှုမှတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ရှုမှတ်ဆဲအခါ၌ သတိပြု နှလုံးမသွင်းတတ်ပါလျှင်၊အလွန်နူးညံ့သိမ်မွေ့သော တဏှာ,မာန,ဒိဋ္ဌိ ဂုဏ်း သုံးပါးတို့သည် ဝင်ရောက်မှန်း မသိဘဲ၊ ဝင်ရောက်၍ နှောက်ရှက် ဖျက်ဆီးတတ်သဖြင့်၊ ဝိပဿနာအာရုံ ဉာဏ်အထင်အမြင်များ ပျက်ပြား ဆုတ်ယုတ်တတ်လေသည်။ ပျက်စီးဆုံးရှုံးတတ်ပုံမှာ အောက်၌ ဘော်ပြထားသော၊ အဋ္ဌကထာ စကားဖြင့် မှတ်သားအပ်ပေသည်။

ငါသည် ရှုမှတ်၏၊ ငါ၏ ရှုမှတ်ခြင်းတည်း။ ဤသို့ စွဲလမ်းမှတ်ထင်၍ ကမ္မဋ္ဌာန်းကို ဆင်ခြင်သုံးသပ် ရှုမှတ်နေပါလျှင်၊ ဒိဋ္ဌိတရားမပျောက်ဘဲ ဝင်ရောက်ချခံနေသဖြင့်၊ လမ်းမှန်သို့ မရောက်နိုင်ဘဲ ချော်လွဲ၍ နေတတ်လေသည်။ ထိုအတူ ကောင်းကောင်းရှုမှတ်မည်၊ သဘောကျနှစ်သက်ဘွယ် ရှုမှတ်မည်၊ ဤသို့ အာရုံစွဲလမ်းမှတ်ထင်၍ ကမ္မဋ္ဌာန်းကို ဆင်ခြင်သုံးသပ် ရှုမှတ်နေပါလျှင်၊ မာနတရားမပျောက်ဘဲ ဝင်ရောက်ချခံနေသဖြင့်၊ လမ်းမှန်သို့ မရောက်နိုင်ဘဲ ချော်လွဲ၍ နေတတ်လေ၏။

ငါသည် လွန်စွာရှုမှတ်နိုင်၏၊လွန်စွာ ထင်မြင်၏။ ဤသို့ ဝိပဿနာရှုမှုကို သာယာစွဲလမ်း၍၊ ကမ္မဋ္ဌာန်းကို ဆင်ခြင်သုံးသပ် ရှုမှတ်နေပါလျှင်၊တဏှာတရားမပျောက်ဘဲ ဝင်ရောက်ချခံနေသဖြင့်၊လမ်းမှန်သို့ မရောက်နိုင်ဘဲ ချော်လွဲ၍ နေတတ်လေ၏။ တဏှာ,မာန,ဒိဋ္ဌိ တရား သုံးပါးတို့ မကွာမပျောက်ဟု ဆိုလိုသည်။

အဟံ ဝိပဿာမိ မမ ဝိပဿနာတိ ဂဏှတော ဟိ ဒိဋ္ဌိ
သမုဂ္ဃါဋ နံနာမ န ဟောတိ။ (ဝိသုဒ္ဓိမဂ်)

ဟိသစ္စ၊ ထိုစကားသည်မှန်၏။ အဟံ ဝိပဿာမိ၊ ငါသည်ရှုမှတ်၏။ မမ ဝိပဿနာ၊ငါ၏ ရှုမှတ်ခြင်းတည်း။ဣတိ ဂဏှတော၊ ဤသို့ စွဲလမ်းမှတ်ထင်သောသူအား။ ဒိဋ္ဌိသမုဃ္ဃါဋနံနာမ၊ ဒိဋ္ဌိကွာသည်မည်သည်။ န ဟောတိ၊ မဖြစ်နိုင်သတည်း။

မာန, တဏှာတို့နှင့်စပ်၍ ပြအပ်သောပါဠိပါဋ္ဌိများမှာ၊ အထက်တွင် ပြဆိုခဲ့သော အဓိပ္ပါယ်စကားအတိုင်းပင်တည်း။ ထိုဒိဋ္ဌိ, မာန, တဏှာတို့ ကင်းကွာအောင် ရှုပုံမှာ၊ ခန္ဓာငါးပါး ဖြစ်သော အာရုံ

များလည်း သင်္ခါရတရားဖြစ်၏။ ရှုမှတ်ထင်မြင်သော သတိပညာ များလည်း၊ သင်္ခါရတရားပင် ဖြစ်ကြ၏။ဝိပဿနာကမ္မဋ္ဌာန်း ဟူသည် သင်္ခါရတရားတို့သည်သာလျှင်၊ သင်္ခါရတရားတို့ကို ရှုမှတ်ကုန်သည် ဟူ၍ နှလုံးသွင်းအပ်၏။ ဤသို့ ထင်မြင်ရှုမှတ် သုံးသပ်ဆင်ခြင်မှသာ၊ ဗိဇ္ဇတရားတို့ ပျောက်ပျက်ကင်းကွာ၏ဟု ဆိုလိုသည်။

သင်္ခါရာ၀ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ၀၀တ္ထပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တီတိ ဂဏှတော ပန ဗိဇ္ဇသမုဂ္ဃါဋနံ နာမ ဟောတိ။ (ဝိသုဒ္ဓိမဂ်)

ပန၊မှချကေန် အမှန်စင်စစ်သော်ကား။ သင်္ခါရာ၀၊ရုပ်နာမ်သင်္ခါရ တရားတို့သည်သာလျှင်။ သင်္ခါရေ၊ ရုပ်နာမ် သင်္ခါရ တရားတို့ကို။ ဝိပဿန္တိ၊ရှုကုန်၏။ သမ္မသန္တိ၊သုံးသပ်ကုန်၏။ ၀၀တ္ထပေန္တိ၊ မှတ်ကုန်၏။ ပရိဂ္ဂဏှန္တိ၊ သိမ်းဆည်းကုန်၏။ ပရိစ္ဆိန္ဒန္တိ၊ ပိုင်းခြားကုန်၏။ ဣတိ ဂဏှတော၊ ဤသို့ နှလုံးသွင်း ထင်မှတ်သောသူအား၊ ဗိဇ္ဇသမုဂ္ဃါဋနံနာမ၊ ဗိဇ္ဇကွာသည်မည်သည်။ ဟောတိ၊ဖြစ်၏။

မာန,တဏှာတို့ ကင်းကွာခြင်းနှင့်စပ်၍ ပြဆိုအပ်သော ပါဠိများ သည်လည်း၊ ဤဗိဇ္ဇကွာသောစကားနှင့် အဓိပ္ပါယ် သဘောသွားမှာ မခြားမနားဘဲ၊တသားတည်းပင်လျှင် ကျယ်ဝန်းစွာ လာရှိပေသည်။

သဘော အချုပ်မှာ မူကား၊ ဝိပဿနာ အလုပ်ကို အားထုတ်၍ တကယ်အဟုတ် အချိုးအစား စေ့စပ်လာသောအခါ၊ အမှတ်အသိနှင့် အာရုံတို့သည်၊ဖြစ်ပေါ်တိုင်းတွေ့ဆုံထပ်မိလျက် လစ်လပ်မေ့လျော့ခြင်း နည်းပါးလာလေ၏။ထိုအခါ (တယ်ဟုတ်ပါ ကလား၊ တယ်နေရာကျပါ ကလား၊ တယ်ကောင်းပါကလား) စသော၊အားရခြင်း,နှစ်သက်ခြင်း,ငွှင်လန်းခြင်း, ဝမ်းမြောက်ခြင်း ဟူသော၊ သဘောမျိုးတို့ ဖြစ်ပေါ်လာတတ်ကုန်၏။ ဤသို့ အားရ နှစ်သက် ငွှင်လန်း ဝမ်းမြောက်သော သာယာခြင်း သဘောမျိုးသည်၊ လောဘဟူသော တဏှာမည်၏။

ဤလောဘဟူသော တဏှာမည်သည်၊ဝိပဿနာအလုပ်ကို မဆုတ် မယုတ်သော ဝီရိယဖြင့် မြဲမြဲမှန်ကန်စွာ အားထုတ်သောအခါ၊တကယ် အဟုတ် အသိဉာဏ်စိပ်စိပ် ထင်မြင်၍၊ မှတ်စဉ်များ အချိုးအစား ကျလာလျှင်၊မိမိသဏ္ဍာန်တွင် တကြိမ်တဘန်မှ မတွေ့စဘူး မကြုံစဘူး

ထူးထွေသော အာရုံအစဉ်ကို၊ ဒိဗ္ဗထင်လင်း သန့်ရှင်းကြည်လင်စွာနှင့် အမှန်အတိုင်း သိမြင်လာသောအခါ၊ လွန်စွာမှ ဝမ်းမြောက်ခြင်း သဘောလက္ခဏာဖြစ်ပေ၍၊ ဤနေရာ ဤအခါမျိုးသို့ကျရောက်ပါလျှင်၊ ပုဂ္ဂိုလ်တိုင်းပင် မလွတ်မကင်းနိုင် ဖြစ်တတ်သည် များပြားလှသဖြင့်၊ လွတ်မြောက်အောင် ရှောင်ရှားပါလေ။

ယခုလို ဝမ်းသာအားရခြင်း တဏှာ လောဘ ဖြစ်လာလျှင်၊ တက်ကြွသော စိတ်သဘောထားမျိုး ဝင်တတ်၏။ ဝင်တတ်ပုံမှာ ( ငါသည် တယ် အဘိုးထုတ် နိုင်ပါကလား၊ ငါ တယ် ထင်မြင်ပါကလား၊ ငါလိုလူ၊ ဤမြို့ရွာနိုင်ငံမှာ ရှိပါ့မလား) စသည်ဖြင့် မိမိကိုယ်ကို၊ မြှောက် စား ခြင်း-အဘ္ဘုန္နတိသန။ ငါသာ ဤလို အဘိုးထုတ်နိုင်သည်၊ ငါသာ ဤလို ထင်မြင်သည်၊တပါးသောသူတို့ ဤလို အဘိုးမထုတ်နိုင် ငါ ထင်မြင်သလို မထင်မြင်နိုင် စသော၊ သူတပါးကို နှိပ်ချခြင်း-ပရဝမ္ဘန။ ဤသို့ ဝင်လာတတ်၏။ ထိုစိတ်သဘောမျိုးသည်၊ မာနမည်၏။

ဤကဲ့သို့ တဏှာ,မာနတို့ ဖြစ်ပေါ်လာခဲ့သော်၊ထင်မြင်ခြင်းသဘောကိုပင် စွဲလန်းခြင်းစိတ် ဖြစ်လာတတ်၏။ ၎င်းစွဲလန်းခြင်းသဘောသည် ဒိဋ္ဌိမည်၏။ ဤ တဏှာ,မာန,ဒိဋ္ဌိဟူသော တရား ၃-ပါးသည်၊သဘောအားဖြင့် နီးစပ်ဆက်သွယ်နေ၍၊ တပါးပြိုတွယ်လျှင် ၃-ပါးသုံးပင် ပါဝင် ဖြစ်ပေါ်လေ၏။ ယခုလို ဖြစ်ပေါ်လာခဲ့သော် ထိုသဘောသို့ မလိုက်ဘဲ၊ မိမိ စွဲမြဲထင်မြင်နေသော အာရုံကိုသာ အစဉ်အတိုင်း မလစ်မလပ်ရအောင်၊ ပွါးများရှုမှတ်၍ သွားရသည်ဟု ဆိုလိုသည်။

ယခုအခါ အထက်၌ ပြဆိုခဲ့သော အဓိပ္ပါယ် အလုံးစုံကို၊ အကုန်သိမ်းရုံးပေါင်းစု၍ သုတ်မဟာဝါအဋ္ဌကထာ မဟာသိဝ မထေရ်ကြီး၏ ဝတ္ထုသွားဖြင့်၊ မှတ်သားသိရှိစေခြင်းငှါ အကျဉ်းမျှ ပြဆိုပေအံ့။ ထိုမထေရ်ကြီးသည် ရွာအနီး လိုဏ်ကျောင်း၌ သီတင်းသုံး၍ တသဲ့ရှစ်ဂိုဏ်းသော ရဟန်းတို့ကို စာပေ ချပို့လျက် နေ၏။ ၎င်းမထေရ်ကြီး၏ အဆုံးအမကို နာယူ၍ သုံးသောင်းသော တပည့် ရဟန်း တို့သည် ရဟန္တာဖြစ်ကြကုန်၏။ ထိုရဟန္တာတို့တွင် ပိဏ္ဍပါတ်ဆောင် ရဟန္တာ တပါးသည်၊ အဝေးမှနေ၍ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုရာ ပုထုဇဉ်အဖြစ်မျှသာ ရှိနေသော ဆရာမထေရ်ကြီးကို မြင်၍ ကောင်းကင်ခရီးဖြင့် လာပြီး မထေရ်ကြီး နေ့သန့်စင်သော နေရာ၌နေ၍ ဝတ်ကြီးဝတ်ငယ် ပြုလေသည်၊

ထိုအခါ အဘယ်ကြောင့်လာသနည်းဟု မထေရ်ကြီးကမေး၍၊တရား တခု မေးလျှောက်လိုသဖြင့် လာကြောင်းပြောလျှင်၊ အချိန်မရနိုင်ဟု ပယ်လိုက်၏။ ဤသို့ ပယ်သောအခါ ယာဂုသောက်ချိန်မှ မရဘဲ၊အလုံးစုံ လွှဲပယ်တားမြစ်လေ၏။ ထိုအခါ ရဟန္တာမထေရ်ကြီးသည် ယခုလိုဖြင့် အရှင်ဘုရားမှာ သေစရာအချိန်ကိုပင် မရနိုင်တော့ပြီ၊ သူတပါး၏ မှီခိုရာမှာဖြစ်နိုင်၍ မိမိ၏ မှီခိုရာမှာမူကား မဖြစ်နိုင်ပေ၊ တပည့်တော်သည် အရှင်ဘုရားအား မေးမြန်းလို၍ လာသည်မဟုတ်ဟု မခံ့မညား ပြောကြားပြီး၊ ကောင်းကင်ခရီးဖြင့် ကြွသွားလေ၏။

ထိုအခါ မဟာသိဝ မထေရ်ကြီးသည် ကြံတော်မူ၏။ဤရဟန်းသည် ပရိယတ်စာပေကျမ်းဂန် မတတ်ဘဲ ကိစ္စပြီးစီးသဖြင့်၊ငါသည် ၂-ရက်၊ ၃-ရက်မျှနှင့် ကိစ္စပြီးမြောက်လတံ့ဟုကြံ၍၊ ဝါဆိုလဆန်း ၁၃-ရက်နေ့ နံနက် လင်းအားကြီးအချိန်တွင်၊တပည့်များကို မပြောကြားဘဲ၊တပ ါး ထည်း ထွက်သွား၍၊ တရားကို အားထုတ်ရာ၊ မပေါက်မရောက်နိုင် ရှိနေသဖြင့်၊ ဝါတွင်းသုံးလ အားထုတ်လျှင် ရလိမ့်မည်၊ တရားထူးရမှ ကျောင်းသို့ပြန်မည်၊မရလျှင် မပြန်ဟုကြံပြီး ဝါဆို၍အားထုတ်လေရာ၊ သီတင်းကျွတ် လပြည့်နေ့ ရောက်သော်လည်း မပေါက်နိုင်သဖြင့်၊ ငါ၏ တပည့် သီတင်းသုံးဘော်များသည်၊ ရဟန္တာဖြစ်၍ ဝိသုဒ္ဓိပဝါရဏာ ပြုကြကုန်၏။ ငါမှာမူ ၂-ရက်၊ ၃-ရက်မျှနှင့် ရဟန္တာ ဖြစ်မည်ဟု အားထုတ်ရာ၊ ၃-လကြာ၍မျှ တရားထူးပေါက်ရောက်ခြင်း မဖြစ်ပါ ကလားဟု ကြံစည်ဝမ်းနည်း၍ ပြင်းပြစွာ ငိုရလေသည်။

ထိုအခါ မထေရ်ကြီးသည်၊ ယနေ့မှစ၍ ရဟန္တာမဖြစ်သမျှ ကာလ ပတ်လုံး၊ အိပ်ခြင်း,ရေချိုးခြင်းကို မပြုတော့ပြီဟုကြံ၍ အပြင်းအထန် အားထုတ်လေ၏။ ဤသို့ အားထုတ်ပါသော်လည်း ၁၉-နှစ်ကြာ၍မျှ မပေါက်ရောက်သဖြင့်၊ ပဝါရဏာပြုသော နေ့တိုင်းပင်လျှင် ပြင်းစွာ ငိုကြွေးရလေ၏။ အနှစ် ၂၀-မြောက်သော ပဝါရဏာနေ့မှာမူ ပျဉ်ချပ် တချက်ကို မှီထိုင်၍၊ ငါသည် ၂-ရက်၊ ၃-ရက်မျှနှင့် အရဟတ္တဖိုလ်ကို ရအောင်အားထုတ်မည်ကြံရာ၊ယခုအခါ အနှစ် ၂၀-မျှကာလပတ်လုံး၊ အပြင်းအထန်အားထုတ်ပါသော်လည်း မဂ်ဖိုလ်ကို မရလေ၊ဤဘဝမှာ ကျွတ်ထိုက်မည်မဟုတ်ပါ၊ ပါရမီ နုသေးသည်ဟု မှတ်ထင်၍ အလွန် ပြင်းထန်စွာ ငိုကြွေးမြည်တမ်းလေသည်။

ထိုအခါ အနီး၌ စောင့်ရှောက်နေသော နတ်သွီး တယောက်သည်၊ မထေရ်ကြီးအနီးတွင် လာ၍ ငိုလေသဖြင့်၊သင်ဘယ်သူလဲဟု မေးရာ၊ နတ်သွီးပါဟု ပြောက်၏။နတ်သွီးဖြစ်လျက် အဘယ်ကြောင့် ငိုသနည်း ဟုမေးရာ၊ မဂ်ဖိုလ်ကို လိုချင်သောကြောင့် ငိုပါသည်ဟုလျှောက်၏။ ထိုအခါ မထေရ်ကြီးသည် မာနကျ၍ မိမိကိုယ် မိမိဆုံးမလျက်၊အရှိ မဟာ သိဝ သင့်ကို နတ်သွီးကပင်သိ၍ ပြောင်လှောင်လေ၏။မဂ်ဖိုလ်တရားကို ငိုနေ၍ ရနိုင်သည် မဟုတ်ပေဟု မာန စသည်ကို နှိမ်အုပ်၍ တရားကို အားထုတ်မှ၊ အရဟတ္တဖိုလ်သို့ ပေါက်ရောက်သွားလေသည်။

ဤဝတ္ထု၌ အချုပ်သဘောမှာ၊ ပရိယတ်ကျမ်းဂန်တတ်သော မာန ဖြင့်၊ပရမတ်တရားကို မိမိက စိုးပိုင်သကဲ့သို့၊ငါအားထုတ်လျှင် ဖြစ်မည် ဟု ဘယ်လို အားထုတ်မည်စသည်ဖြင့်၊ မှတ်ထင်စွဲလန်းနေ၍ ဒိဋ္ဌိ, မာန,တဏှာတို့ မကင်းမကွာနိုင်သောကြောင့်၊လွဲချော်ကြာမြင့်နေ၏။ ၎င်းနောက်မှ မာနစသည်ကို ပယ်ချ၍ ညီမျှစွာ အားထုတ်သဖြင့်၊ အလွယ်နှင့် ပေါက်ရောက်ရလေ၏။ ထို့ကြောင့် မိမိ သဘောအတိုင်း ဖြစ်စေရန် မကြံစည်ဘဲ၊ တရားသဘောသို့လိုက်၍ ဖြစ်ပေါ်လာသမျှ သော၊ ကိုယ်,စိတ်,နှလုံး ၃–ပါးသော အမူအရာကိုသာ ရှုမှတ်ရလေ သတည်း။

ဒိဋ္ဌိ,မာနနှင့် တဏှာလောဘ ဝင်တတ်မှုကို ပြဆိုချက်ပြီး၏။

---

## ဝိပဿနာရှုမှတ်ရန်နှင့် မဂ်ဉာဏ်ပေါ်ပေါက်သော အခါကို ရှင်းလင်းစွာ ပြဆိုခြင်း

ဝိပဿနာအလုပ်ကို အားထုတ်ပွါးများကြသောအခါ၊ မှတ်စဉ်၏ လက္ခဏာကို မြဲမြံစွာ သတိပြုအပ်ပေ၏။မှတ်စဉ်ကို သတိပြုရသည်မှာ၊ အချိန်ကာလအားဖြင့်၎င်း,နေရာဌာနအားဖြင့်၎င်း, ကမ္မဋ္ဌာန်းအားဖြင့် ၎င်း,ဣရိယာပုထ်အားဖြင့်၎င်း၊ ဤသဘောမျိုးတို့၌လည်း အထက်တွင် ပြဆိုခဲ့သော စွဲလန်းမှတ်ထင်ခြင်းများ ရှိနေပါလျှင်၊ ဒိဋ္ဌိ,မာန,တဏှာ ၎င်း တရား ၃-ပါးတို့ မကင်းမကွာနိုင်သဖြင့်၊ ကင်းကွာအောင် သတိ ပြုအပ်ပေသည်။ အချိန်ကာလ အားဖြင့် သတိပြုရန်မှာ၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲ အခါ၌၊ နံနက်အချိန်အားထုတ်မည်, နေ့လည် အချိန်အားထုတ်မည်,ညအချိန်အားထုတ်မည်၊ ဘယ်အချိန်မှစ၍ ဘယ်

အချိန်အထိ အားထုတ်မည်၊ဘယ်နာရီမှစ၍ ဘယ်နာရီအထိ အားထုတ်မည်၊ ဤသို့ စသည်ဖြင့် အချိန်ကာလ အပိုင်းအခြားကို မှန်းထားခြင်း မပြုရပေ။

ယခုလို ပိုင်းခြားမှန်းထားလျှင်၊ ဝိပဿနာကို အားထုတ်သော ပရမတ်အလုပ်သည်၊ ပုဂ္ဂိုလ်က အားထုတ်မှုဖြစ်၍၊ အားမထုတ်ဘဲ တန့်ရပ်ထားသောအခါ၌ ထားတိုင်းနေသကဲ့သို့ဖြစ်၍၊ အနတ္တဖြစ်သော ပရမတ်တရားသည် ပုဂ္ဂိုလ်၏အလိုသို့ လိုက်ရာ ရောက်နေသဖြင့်၊ ဒိဋ္ဌိ, မာန, တဏှာ ဤတရား ၃-ပါးတို့သည်၊ မကွာမကွဲဘဲ အတူတကွ ပူးတွဲဖြစ်နေတတ်လေ၏။ ထို့ကြောင့် ဤအချိန်ကာလကို ပိုင်းခြားခြင်းများ၌လည်း၊ မလွဲမမှားရအောင် အထူးပင် သတိထားအပ်ပေသည်။

ကမ္မဋ္ဌာန်းအားဖြင့် သတိပြုရန်မှာ၊ ဘယ်ကမ္မဋ္ဌာန်းကို အားထုတ်မည်၊ ဘယ်ကမ္မဋ္ဌာန်းကို အားမထုတ်သေးဟူ၍၎င်း၊သမထကမ္မဋ္ဌာန်း, ဝိပဿနာ ကမ္မဋ္ဌာန်းကို ခွဲခြမ်း၍ အားထုတ်မည်၊ အားမထုတ်သေး ဟူ၍၎င်း၊ ရုပ်နာမ်အားဖြင့်၎င်း၊ ခန္ဓာစသည်အားဖြင့်၎င်း၊ ခွဲခြမ်းစိတ်ဖြာ၍ ရုပ်ကိုသာ အားထုတ်မည်၊နာမ်ကိုသာအားထုတ်မည်၊နှစ်ပါးစုံတွဲ၍ အားထုတ်မည်၊ ဘယ်ခန္ဓာကို အားထုတ်မည်၊ ဘယ်ခန္ဓာကို အားမထုတ်သေး၊ ဤသို့စသည်ဖြင့် ပိုင်းခြားမှတ်သားပါလျှင်၊အထက်နည်းအတိုင်း ဒိဋ္ဌိ,မာန,တဏှာတို့ မကွာမကွဲဘဲ ပူးတွဲဝင်နေတတ်လေသည်။ နေရာဌာနအားဖြင့် သတိပြုရန်မှာ၊ ဟိုနေရာသို့သွား၍ အားထုတ်မည်၊ သည်နေရာသွား၍ အားထုတ်မည်၊ ဤသို့ စသည်ဖြင့် ပိုင်းခြားမှတ်သားထားပါလျှင်၊ အထက်၌ ပြဆိုခဲ့သော အတိုင်းပင် ဖြစ်တတ်လေ၏။

ဣရိယာပုထ်အားဖြင့် သတိပြုရန်မှာ၊သွား၍ အားထုတ်မည်၊ရပ်၍ အားထုတ်မည်၊ထိုင်၍ အားထုတ်မည်၊ အိပ်၍ အားထုတ်မည်။ ဤသို့ စသည်ဖြင့် ပိုင်းခြား မှတ်သားထားလျှင်၊ဒိဋ္ဌိ,မာန,တဏှာတို့ မကင်းနိုင်ဖြစ်တတ်လေ၏။ သဘော မကျေနပ်ပါလျှင်၊ နောက်၌ ပြခဲ့သော အဋ္ဌကထာစကားကို စဉ်းစားဆင်ခြင်ပါလေ။

အထက်တွင် ပြဆိုခဲ့သော အဓိပ္ပါယ်များကို ပေါင်းစု၍ သဘော အချုပ်မျှကိုသာ ဘော်ပြပေအံ့။ (သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ။) သင်္ခါရ တရားတို့သည်သာလျှင် သင်္ခါရ တရားတို့ကို ရှုမှတ်သည် စသဖြင့်၊

အဋ္ဌကထာ၌ ဝိပဿနာရှုမှတ်ပုံကို၊ အစိအစဉ်နှင့်တကွ နည်းမှီးရန် မိန့်ဆိုတော်မူသောကြောင့်၊ အောက်၌ ဘော်ပြထားသော သဘော များကို မှတ်သား သတိပြုကြပါလေ။

အသုံးစုံသော တရားသဘောတို့၌၊ ငါအားထုတ်မည်ဟု နှလုံးသွင်း လျှင်၊ မိမိ၏ တရားသဘောကဲ့သို့ဖြစ်၍ ဒိဋ္ဌိပါဝင်သည်မည်၏။သည်လို အားထုတ်မည် ဟိုလို အားထုတ်မည်ဟု နှလုံးသွင်းလျှင်၊ မိမိစိတ် အတိုင်း လိုက်သကဲ့သို့ဖြစ်၍ မာနပါဝင်သည်မည်၏။ အားထုတ်နိုင် ရှုမှတ်နိုင် သည်ဟု နှလုံးသွင်းလျှင်၊ နှစ်သက်သာယာ သကဲ့သို့ဖြစ်၍ တဏှာပါဝင်သည်မည်၏။ ဤသို့ ဒိဋ္ဌိ,မာန,တဏှာတို့ ပါဝင်ပုံများကို အကျဉ်းအားဖြင့် မှတ်သား၍ထားအပ်ပေသည်။

သဘောမှာ၊ ဘယ်အချိန် ဘယ်ကာလဟု အမှတ်မပြုဘဲ၊ အခွင့်ရ သောအခါ အာရုံဖြစ်ပေါ်လာသောအခါ ရှုမှတ်ရ၏။ သမထအာရုံသို့ ကူးမည် ဝိပဿနာအာရုံသို့ ကူးမည်ဟု အမှတ်မပြုဘဲ၊ တခုတည်း သော အာရုံကိုသာ ရှုမှတ်ရ၏။ ဟိုနေရာသို့သွား၍ အားထုတ်မည် သည်နေရာသို့သွား၍ အားထုတ်မည်ဟု အာရုံမပြုဘဲ၊ စိတ်သွားလိုရာ သို့လိုက်၍ ရှုမှတ်ရ၏။ ထိုင်၍အားထုတ်မည် ထ၍အားထုတ်မည်ဟု အမှတ်မပြုဘဲ၊ ခံ့ညားချမ်းသာသော ဣရိယာပုထ်ဖြင့်ရှုမှတ်ရ၏။

အချုပ်မှာ၊ ကမ္မဋ္ဌာန်းတခုမှ တခုသို့မပြောင်းဘဲ၊ အချိန်ကာလကို သတ်မှတ်၍မထားဘဲ၊ စိတ်ကသွားလိုလျှင် သွား၍အားထုတ်၊ စိတ်က ထိုင်လိုလျှင် ထိုင်၍အားထုတ်၊ သွားလိုသောစိတ်ကို သိအောင်မှတ် ခြင်း၊ သွားသောအမူအရာကို သိအောင်မှတ်ခြင်း၊ ထိုင်လိုသည်ကို သိအောင်မှတ်ခြင်း၊ ထိုင်သည်ကို သိအောင်မှတ်ခြင်း များကိုသာ၊ အမြဲသတိပြု၍၊ သူ့အလိုအတိုင်း လွှတ်ပြီး၊ ဝိပဿနာ စိတ်ကသာ မိအောင်လိုက်ရလေသည်။

အကြောင်းညီညွတ်၍ အခွင့်သာသောအခါ အားထုတ်၊ အခွင့် မသာသောအခါ အားမထုတ်ဘဲထားရ၏။ မိမိကထားသော အဖြစ် မိမိကယူ၍၊ အားထုတ်သောအဖြစ်မျိုးသို့ မရောက်စေရ ဆိုလိုသည်။ ဤအချက်၌ မဂုံမပြားသကဲ့သို့ထင်တတ်၏။ အရေးကြီးသောအချက် များဖြစ်၍ စဉ်းစားဆင်ခြင် နိုင်ကြစေရန် အဘန်ဘန် ပြဆိုလိုက်ပေ သည်။

ကာလေန ကာလဉ္စ သမယေ သမယေ နနုစ ကမ္မဋ္ဌာနံ
နာမ မုဟုတ္တမ္ပိ အဆဋ္ဌေတွာ နိရန္တရံ မနသိကာတဗ္ဗံ၊
ကသ္မာ ဘဂဝါ ကာလေန ကာလဉ္စ အာဟာတိ။
(မူလပဏ္ဏာသအဋ္ဌကထာ ဝိတက္ကသဏ္ဌာနသုတ်)

ကာလေန ကာလဉ္စ၊ အခါခပ်သိမ်း အားထုတ်ရမည် ဟူသည်ကား။ သမယေ သမယေ၊ အခါတိုင်း အခါတိုင်း။ နနုစ ကေနန္တေန၊ မချကေန် အမှန် စင်စစ်အားဖြင့်။ ကမ္မဋ္ဌာနံနာမ၊ ကမ္မဋ္ဌာန်းကိုအားထုတ်သော ယောဂီပုဂ္ဂိုလ် မည်သည်ကား။ မုဟုတ္တမ္ပိ၊ ခဏခေတ္တ မျက်တောင်တခတ် ကာလမျှသော်လည်း။ အဆဋ္ဌေတွာ၊ ကမ္မဋ္ဌာန်းကိုမစွန့်မူ၍။နိရန္တရံ၊အမြဲမပြတ် ကြားမလပ်ဘဲ စပ်မိသွားလေအောင်။ မနသိကာတဗ္ဗံ၊ ရှုမှတ်အပ်၏။ ကသ္မာ၊ အဘယ့်ကြောင့် အမြဲမပြတ် မနားမရပ်ဘဲ စပ်မိအောင် ရှုမှတ်အပ်ပါသနည်းဟူမူကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကာလေန ကာလဉ္စ၊ ကာလေန ကာလံ-ဟူ၍။ အာဟ၊ ဟောတော်မူ၏။ ဣတိတသ္မာ၊ ထိုသို့ ကာလေန ကာလံ-ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသောကြောင့်။ မနသိကာတဗ္ဗံ၊အမြဲမပြတ် မနားမရပ်ဘဲ ရှုမှတ်အပ်ပေသတည်း။

ဤအဋ္ဌကထာစကားဖြင့် အထက်၌ဘော်ပြခဲ့သော အဓိပ္ပါယ်များကို၊ အလုံးစုံသိမ်းကျုံး၍ နှလုံးသွင်းအပ်လှပေ၏။ ယခုခေတ်အခါတွင် အချို့သော အရပ်ဒေသများ၌၊ အချို့သော ယောဂီပုဂ္ဂိုလ် တို့သည်၊ နံနက်အခါ၌ ကမ္မဋ္ဌာန်းတမျိုး၊ ညအခါ၌ ကမ္မဋ္ဌာန်းတမျိုး အားထုတ်သည်ဟုကြားရ၏။ အချို့မှာ ၃-မျိုး, ၄-မျိုးသော ကမ္မဋ္ဌာန်းတို့ကိုပင်၊ တယောက်တည်း အချိန်အခါကိုပိုင်းခြား၍ အားထုတ်သည်ဟု ကြားရ၏။ ထိုယောဂီပုဂ္ဂိုလ်တို့သည် အထက်တွင်ပြခဲ့သော အဋ္ဌကထာစကားကို၊ သတိထား စဉ်းစားဆင်ခြင်သင့်ပေသည်။

ပုဂ္ဂိုလ်တယောက်တည်း၊ကမ္မဋ္ဌာန်း ၂-မျိုး, ၃-မျိုးကို အားမထုတ်ရဟု ဆိုရာ၌၊တရှိန်တည်း တပြိုင်နက် ပူးတွဲလျက်ပြုလုပ်သည်ကို မှတ်အပ်၏။ တမျိုးပေါက်ရောက်ပြီးစီး၍ တမျိုးသို့ကူးပြောင်းသည်ကို ဆိုခြင်းမဟုတ်ပေ။ ဧကော ဓမ္မော ဘာဝိတော ဗဟုလီကတော၊-စသည်ဖြင့် ဟောတော်မူသော၊ ဒေသနာများကို ထောက်ထား၍ လွန်စွာပင် သိသာထင်ရှားလှပေတော့သည်။ ဤကား ဝိပဿနာရှုရာတွင် မှတ်စဉ်

၏နည်းလမ်းကို ကမ္မဋ္ဌာန်းနှင့် အချိန်အခါပါတွဲစပ်၍၊သိမှတ်အပ်သော အချက်များကို ပိုင်းခြား၍ ပြဆိုခြင်းပေတည်း။

မဂ်ဉာဏ်သို့ ပေါက်ရောက်သော အချိန်အခါဟူသည်မှာ၊ နေရာဌာန ဣရိယာပထတို့နှင့်စပ်၍ သိမှတ်အပ်ပေ၏။ နေရာဌာနနှင့် ဣရိယာပုထ် ၂-ပါး၌ မိမိသဘောအတိုင်း ပြုလုပ်သဖြင့်၊ဒိဗ္ဗ,မာန,တဏှာတို့ ဝင်ရောက်တတ်သည်မှာ နောက်ကပြဆိုခဲ့သော အတိုင်းပင်မှတ်ရာ၏။ သူ့သဘော အတိုင်းသို့လိုက်၍ အားထုတ်သဖြင့် အလုံးစုံသော နေရာဌာန အလုံးစုံသော အရိယာပုထ်တို့၌ပင်၊ မဂ်ဖိုလ်တရားများကို ရနိုင်ကြောင်းဖြင့် အနည်းငယ်ပြဆိုပေအံ့။

> ယဿ သဒ္ဓါစ ဗလဝတီ၊ ဝိပဿနာစ အရဒ္ဓါ၊ တဿ
> ဂစ္ဆန္တဿ တိဋ္ဌန္တဿ နိသိဒန္တဿ နိပ္ပဇ္ဇန္တဿ ခါဒန္တဿ
> ဘုဉ္ဇန္တဿ မဂ္ဂဖလ ပဋိဝေဓော နာမ နဟောတီတိ နတ္ထိ။
> (ပုဂ္ဂလပညတ်အဋ္ဌကထာ။)

ယဿ၊ အကြင် ယောဂီပုဂ္ဂိုလ်အား။ သဒ္ဓါစ၊ ယုံကြည်ခြင်း သဒ္ဓါတရားသည်လည်း။ ဗလဝတီ၊ ထက်သန်လှစွာ အားကြီးလာ၏။ ဝိပဿနာစ၊ ဝိပဿနာကိုလည်း။ အာရဒ္ဓါ၊ အပတ်တကုတ် နောက်မဆုတ်ဘဲ ပြင်းထန်စွာအားထုတ်လေ၏။တဿ၊ထိုယောဂီပုဂ္ဂိုလ်အား။ ဂစ္ဆန္တဿ၊ သွားစဉ်။ တိဋ္ဌန္တဿ၊ ရပ်စဉ်။ နိသိဒန္တဿ၊ ထိုင်စဉ်။ နိပ္ပဇ္ဇန္တဿ၊ အိပ်စဉ်။ ခါဒန္တဿ၊ ခဲစဉ်။ ဘုဉ္ဇန္တဿ၊ စားစဉ်။ မဂ္ဂဖလပဋိဝေဓော နာမ၊ မဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိမြင်ခြင်းမည်သည်။ န ဟောတီတိ၊ မဖြစ်နိုင်ဟူသည်ကား။ နတ္ထိ၊ မရှိပေ။ အဘ္ဘိဓေဝ၊ ရှိနိုင်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား၊တရားကိုအားထုတ်သောသူသည်၊သွားဆဲ,ရပ်ဆဲ, ထိုင်ဆဲ,လျောင်းဆဲ,စားဆဲ ခဏတို့၌ပင်၊ မဂ်ဖိုလ်တရားထူးကို ထိုးထွင်း သိမြင်နိုင်သည်ဟု၊ အဋ္ဌကထာ ဆရာ မိန့်ဆိုတော်မူသဖြင့်၊ ကွေးဆဲ, ဆန့်ဆဲ, မြင်ဆဲ, ကြားဆဲ စသောခဏတို့၌လည်း၊ မဂ်ဖိုလ်တရားထူးကို ထိုးထွင်းသိမြင်နိုင်သည်ဟု မှတ်ယူအပ်ပေသည်။ အထူးမှာ၊ ဤစကား၌ ဣရိယာပုထ်ကိုပြသဖြင့်၊ နေရာဌာနလည်း ပါဝင်ပြီးစီး လေတော့၏။

မာတိကာဒါယိကာမကြီး နန္ဒမာတာ စသောသူတို့သည်၊ အိမ်တွင် လုပ်ရင်း, ကိုင်ရင်, သွာရင်း, လာရင်းပင် ပေါက်ရောက်ကြကုန်၏။ အချို့ဒါယိကာမများမှာ၊မီးဖိုချောင်၌ ချက်ရင်း ပြုတ်ရင်းပင်၊ဟင်းအိုး ဆူပွက်သည်ကိုမြင်၍၊ ဝိပဿနာ ရှုမှတ်သဖြင့် အလွယ်နှင့်ပင် တရား ထူးကို ရကြကုန်၏။ မဟာနာဂ မထေရ်ကြီးမှာ၊ စင်္ကြံသွားရင်းပင် အရဟတ္တဖိုလ်သို့ ပေါက်ရောက်သွားလေ၏။ဤသို့ပေါက်ရောက်သော သူတို့မှာ လွန်စွာများပြားကြလေ၏။

ထို့ကြောင့် သတိပဋ္ဌာန်နည်းလမ်းဖြင့် ဝိပဿနာကမ္မဋ္ဌာန်း အား ထုတ်ပုံအစဉ်ကို၊ သွား,ရပ်, ထိုင်,လျောင်း, စား,သောက်, မြင်,ကြား စသော အမူအရာတို့၌၊ ဖြစ်ပေါ်လာသော သူသဘောအတိုင်း ခဏ ချင်းစပ်၍၊အကြားအလပ်မရှိ အလုံးစုံ သိရှိသွားအောင်၊ မနားမရပ်ဘဲ စွဲမြဲရှုမှတ်ရမည်ဟု အထက်၌ပြဆိုခဲ့ပေသည်။

ဤသတိပဋ္ဌာန် နည်းလမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းမျိုးသည်၊ ယခုအခါ အိုးအိမ်ပစ္စည်း သားသမီးပလိဗောဓတို့ များပြား၍၊ အရပ် ဝေး တောတောင်သို့ ရက်လနှည်လျားစွာ မထွက် မသွား နိုင်သော သူတို့သည်၊ မိမိတို့တိုက်အိမ်များတွင်ပင် ဥစ္စာပစ္စည်း သားသမီးတို့နှင့် မခွဲမခွါ၊ အလုပ်အကိုင် မပျက်မကွက် နေရာဌာန မရွေးမချယ်ရပါဘဲ၊ လွယ်ကူသက်သာ ချောင်ချိစွာ အားထုတ်နိုင်သဖြင့်၊ အသင့်အတင့် နှလုံးသွင်းခြင်းဟူသော ယောနိသော မနသိကာရတရားကို၊ မိမိတို့ စိတ်၌ ခိုင်မြဲစွာတည်ထား၍၊ ဝိဇ္ဇာပါရမီများနှင့် ထင်ရှားစွာပြည့်စုံ နိုင်ကြစေရန်၊ သွား,ရပ်,ကွေး,ဆန့်,စား,သောက်,မြင်,ကြား စသော အမူအရာတို့၌၊ စွဲမြဲစွာ မှတ်ခြင်းဟူသော သတိပဋ္ဌာန် နည်းလမ်း၊ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်သင့်လှပေသည်။

ဤကား မဂ်ဉာဏ်ပေါ်ပေါက်သောအခါကို၊ နေရာဌာနနှင့် ဣရိယာပထပါတွဲစပ်၍၊ သိမှတ်ရန်အချက်ကို အမြွက်မျှပြဆိုခြင်းပေတည်း၊

ဝိပဿနာရှုမှတ်ရန်နှင့် မဂ်ဉာဏ်ပေါ်ပေါက်သောအခါကို ရှင်းလင်းစွာ ပြဆိုခြင်းပြီး၏။

# ပကတိလူ့ ရှင်နှင့် ယောဂီ၏ဉာဏ်မြင်များကို ခွဲခြား၍ပြဆိုခြင်း

အထက်တွင်ပြဆိုခဲ့သော သတိပဋ္ဌာန်နည်းအတိုင်း၊ သွား, ရပ်, ထိုင်, လျောင်း, ကွေး, ဆန့် စသော ကိုယ်အမူအရာ၊ ပြောဆိုမေးမြန်း ခေါ်ဝေါ်စသော နှုတ်အမူအရာ၊ကြံစည်တွေးတော အောက်မေ့ဆဝါး စသော စိတ်အမူအရာ၊ ဤသို့စသောသဘောတို့ ဖြစ်ပေါ်လာတိုင်း၊ ဝိပဿနာ၏ အာရုံအစဉ်ကို မပြတ်မလတ်အောင်ဖွဲ့မြဲရှုမှတ်နေသဖြင့်၊ မောဟစသော ကိလေသာကင်းရှင်း၍ ဉာဏ်အမြင် ပွင့်လင်းလာသော အခါ၊ ရုပ်, နာမ်, ခန္ဓာတို့သည် မိမိတို့၏ မူလပင်ကိုယ် ပကတိသဘော အတိုင်း၊ ထင်ရှားစွာ ပေါ်လွင်၍ လာကြကုန်၏။

ထိုအခါ ပေါ်ပေါက်လာသော ရုပ်နာမ်တို့၏ အဖြစ်အပျက် လျင်မြန်သလောက်လည်း၊ အသိဉာဏ် ထင်မြင်ခြင်းသည် အတော်ပင် သန့်ရှင်း လျင်မြန်၍လာ၏။ ထင်မြင်လာပုံမှာ အဆင်းမျိုးစုံရှိသော ပန်းကုံးကို မြင်ရာ၌၊ တရားကို အားထုတ်သောသူမှာ၊ အလုံးစုံသော ပန်းတို့ကို တပြိုင်နက် တချက်တည်း မြင်သည်ဟု မှတ်ထင်ရ၏။ ပန်း အမျိုးမျိုး အဆင်းအမျိုးမျိုးတို့ကို၊ အသီးအခြားကွဲပြား၍ မြင်သည်ဟု မထင်နိုင်ပေ။

ယောဂီပုဂ္ဂိုလ်မှာမူ၊ ပန်းအမျိုးမျိုး အဆင်းအမျိုးမျိုးကို၊ တပြိုင်နက် တချက်တည်း ပေါင်းစု၍ မြင်သည်မဟုတ်၊ တခုမြင်ပြီးမှ တခုကို မြင် ၏ဟု တမျိုးစီ တမျိုးစီ ကွဲပြားသီးခြား၍၊အပိုင်းအပိုင်း အတစ်အတစ် အသစ်အသစ်ဖြစ်သော၊ မြင်ခြင်း ရုပ်နာမ် သဘောများသည်၊ ဉာဏ်၌ ထင်မြင်၍ လာလေတော့သည်။

တပါးသော အမိုးအခုတ်ကျွတ် နံ့ခံ ပျဉ်စသော အဆင်းတို့၌လည်း၊ ပကတိသော ပုဂ္ဂိုလ်နှင့် ယောဂီပုဂ္ဂိုလ်တို့မှာ၊အထက်နည်းအတိုင်းပင် မြင်ခြင်း မှတ်ထင်ခြင်းများ ကွဲပြားခြားနားလေ၏။

တူရိယာ မျိုးစုံနှင့် ဆိုင်းတီးသံကို ကြားရခြင်း၌၊ တရားကို အားမထုတ်သောသူမှာ၊ အလုံးစုံသော အသံတို့ကို တပြိုင်နက် တချက် တည်း ကြားသကဲ့သို့ မှတ်ထင်ရ၏။ အသံအမျိုးမျိုးတို့ကို အသီး အခြား ကွဲပြား၍ ကြားသည်ဟု မထင်နိုင်ပေ။ ယောဂီပုဂ္ဂိုလ်မှာမူ၊

အသံမျိုးစုံကို အသံကြီး အသံသေးဟူ၍ဖြင်း၊ အသံရှည် အသံတိုဟူ၍ ဖြင်း၊ ထပြိုင်နက် တချက်တည်း မကြားဘဲ၊ တခုစီ တခုစီ ကွဲပြား သီး ခြား၍ အပိုင်းအပိုင်း အတစ်အတစ် အသစ်အသစ် ဖြစ်သော၊ ကြား ခြင်းရုပ်နာမ်သဘောများသည် ဉာဏ်၌ထင်မြင်၍လာလေတော့သည်။

မီးရထား ခုတ်သွားသော အသံစသည်၌လည်း၊ ပကတိသော ပုဂ္ဂိုလ်နှင့် ယောဂီပုဂ္ဂိုလ်တို့မှာ၊ အထက်နည်းအတိုင်းပင် ကြားခြင်း မှတ်ထင်ခြင်းများ ကွဲပြား ခြားနားလေ၏။ အချုပ်မှာ၊ ဤသို့ အမြင် အကြား အမှတ်အထင်များတို့ မတူကွဲပြား၍ ခြားနားနေခြင်းသည်၊ မောဟ စသော ကိလေသာများ၍ ဉာဏ်အမြင် မပွင့် မလင်းခြင်း၊ မောဟ ကိလေသာ နည်းပါး၍ ဉာဏ်အမြင် ပွင့်လင်းခြင်းများကြောင့် ဟူ၍ မှတ်ယူအပ်ပေ၏။ အဆင်း အသံတို့မှာ မူကား၊ ပကတိသော ပရမတ်သဘောအတိုင်း အတူအမျှပင် ဖြစ်ပေါ်၍လာကြကုန်၏။

စင်စစ်မှာမူကား၊ဖြစ်ပျက်သော ပရမတ်ရုပ်နာမ်တရားက လွန်စွာ လျင်မြန်လျက်၊ အမှတ်အသိက လွန်စွာ လေးကန်နှေးဖင့်သောကြောင့် သာလျှင်၊အများအပြား အကြိမ်ကြိမ် အဆင့်ဆင့် ဖြစ်ပေါ်လာသော အဆင်းအသံတို့ကို၊ တပြိုင်နက်တချက်တည်း မြင်သကဲ့သို့ ကြားသကဲ့ သို့ မှတ်ထင်ရလေသည်။ ဥပမာအားဖြင့် မီးစတခုကို၊ အလွန် လျင်မြန် စွာကိုင်၍ ရမ်းလိုက်သည်ရှိသော်၊ မြင်ရသော သူမှာ မီးစက်ဝိုင်း မီး စက်ကွင်းကြီးဟု ထင်မှတ်ရ သကဲ့သို့။ ထိုအတူ အဆင်းမျိုးမျိုးကို မြင်ရာ၌ တခါတည်း မြင်သည်ဟု မှတ်ထင်လေသည်။

အသံကို ကြားရာ၌ ဥပမာကား၊ ငွေတရာကို အသံ ကောင်း မကောင်း မှန် မမှန်သိစေခြင်းငှါ၊ မြို့ရွာရှိ ပကတိသော လူများမှာ၊ ငွေတကျပ်ကိုတခါ တီးခေါက်ရသဖြင့် ငွေတရာမှာ အခါ တရာ ဖြစ်၍၊ အချို့ ငွေမှာမူ၊ နှစ်ခါ သုံးခါပင် ထပ်၍ တီးခေါက် ရပြန်လေ၏။ ထိုကြောင့် ငွေတရာမှုကို တီးခေါက်ရာ၌ ပကတိသောသူမှာ လွန်စွာ အချိန်ကြာမြင့်လေသည်။

အ စိုး ရ ဘဏ် တိုက် သူဌေး ဘဏ် တိုက် ကြီး များ ၌ နေ သော၊ ဘဏ်တိုက် စာရေးကြီးများမှာမူ၊ငွေတရာကိုသော်ငြင်း၊ငွေတထောင် ကိုသော်ငြင်း၊ တကြိမ်တည်း သွန်ချရုံမျှဖြစ်စေ၊ တချက်တည်းကိုင်၍ လှုပ်ရုံမျှဖြစ်စေ၊ငြင်းငွေတရာ ငွေတထောင်အတွင်း၌၊တကျပ်,နှစ်ကျပ် သော ငွေများ အသံတို့ အသံအ ပါသည်ကို သိရှိနိုင်လေ၏။

ဤသို့ ငွေတရာ တထောင်ကို တကြိမ်သွန်ချရာ၌၊ပကတိသောလူမှာ တသံတည်း တချက်တည်းကဲ့သို့ ထင်မှတ်ရ၏။ ထို့ကြောင့် အသံတို အသံရှည်၊ အသံကောင်း မကောင်းဟု ကွဲပြားခြားနား၍ မသိနိုင်လေ။ ဘဏ်တိုက်စာရေးမှာ၊ ငွေတရာ တထောင်ကို တချက်တည်း သွန်ချ လိုက်သော်လည်း၊ မြည်သော အသံပေါင်းမှာ အကြိမ်တရာ အကြိမ် တထောင်ဟု ကွဲပြားခြားနား၍ မှတ်သားနိုင်၏။ ထို့ကြောင့် အသံတို အသံရှည်၊ အသံကောင်း မကောင်း ငွေမှန် မမှန်များကို၊ ပိုင်းခြား၍ သိရှိ နိုင်လေသည်။ ဤဥပမာအတူ၊ ဥပမေယျ ဖြစ်သော ရုပ်နာမ်နှင့်၊ ယောဂီပုဂ္ဂိုလ်များကို မှတ်သားစပ်ယှဉ်၍၊ ဉာဏ်အမြင် ရှင်းလင်းကြ ပါလေ။

ယခု ပြဆိုခဲ့သော အဆင်း,အသံများကို မြင်ကြားရာ၌၊ ကွဲပြား ခြားနားသော သဘောဖြစ်ပုံအလား၊ ဥပမာ ဥပမေယျကဲ့သို့ပင်လျှင်၊ ကြွင်းသော အနံ့မျိုးစုံကို နံခြင်း၊ အစာမျိုးစုံကို စားခြင်း၊ အတွေ့မျိုး စုံကို ထိခြင်း၊ သဘောမျိုးစုံကို သိခြင်းတို့၌လည်း၊ဖြစ်ပေါ်ပုံအလားနှင့် ဥပမာ ဥပမေယျများကို၊ ကွဲပြားခြားနား၍ မှတ်သား သိရှိအပ်ပေ သတည်း။

ဝိသုဒ္ဓိမဂ်၌ကား၊ ရုပ်, နာမ်, ခန္ဓာ,သင်္ခါရသဘောတရားတို့သည်၊ တခုနှင့်တခု မစပ်ဘဲ အပြတ် အပြတ် ဖြစ်ပုံမှာ၊ လောလောပူသော အိုးကင်း၌ နှမ်းများစွာကိုထည့်၍ လှော်သောအခါ၊ဖျစ်ဖျစ် မြည်သော အသံများကဲ့သို့၊ တရားသဘောတို့သည် တခုနှင့်တခု မထိစပ်ဘဲ၊ အပိုင်းအပိုင်း အတစ် အတစ် ခြားနားကြောင်းကို မိန့်ဆိုတော်မူလေ၏။

> ဇာတိ တတ္ထတတ္ထ ဥပ္ပန္နာ ဇာတရိတရဲ ကောဋ္ဌာသံ အပ္ပ
> တွာ တတ္ထတတ္ထေဝ ပဋ္ဋံပဋ္ဋံ သန္ဓိသန္ဓိ ဩဓိဩဓိ ဟုတွာ
> တတ္တကပါလေ ပက္ခိတ္တတိလာဝိယ တဋတဋာယန္တာ သင်္ခါ
> ရာ ဘိဇ္ဇန္တိ၊ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။
>
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဇလတိ၊ ဤသို့။ တဏ္ဍတဏ္ဍ၊ ထိုထိုဇာရိယာပုထ်၌။ဥပ္ပန္နာ၊ဖြစ်ပေါ် သော သင်္ခါရတရားတို့သည်။ ဇလတိရီတရံ၊ ဤမှ တပါး ဤမှ တပါးသော။ ကောဋ္ဌာသံ၊အဘို့အစုသို့။ အပ္ပတွာ၊မရောက်မူ၍။တဏ္ဍတဏ္ဍေဝ၊ထိုထို ဇာရိယာပုထ် အဘို့အစု၌သာလျှင်။ ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ်။ သန္ဓိသန္ဓိ၊ အစပ်အစပ်။ဩဓိဩဓိ၊အပိုင်းအပိုင်း။ဟုတွာ၊ဖြစ်၍။တတ္တ ကပါလေ၊ လောလောပူသော အိုးကင်း၌။ ပက္ခိတ္တတိလာ၊ထည့်၍လှော်အပ်သော နှမ်းတို့သည်။ တဋတဋယန္တာယထာ၊ ဖျစ်ဖျစ် ဖျစ်ဖျစ် မည်ကုန်သကဲ့သို့။ ဧဝံ၊ဤအတူ။သင်္ခါရာ၊ရုပ်,နာမ်,သင်္ခါရ တရားတို့သည်။ ဘိဇ္ဇန္တိ၊ ဖြစ်ပေါ်ပြီးက ပျက်စီးကြကုန်၏။တသ္မာ၊ထို့ကြောင့်။အနိစ္စာ၊မမြဲခြင်း-အနိစ္စမည်ကုန်၏။ ဒုက္ခာ၊ဆင်းရဲခြင်း-ဒုက္ခမည်ကုန်၏။ အနတ္တာ၊အစိုးမရ အလိုမကျခြင်း-အနတ္တမည်ကုန်၏။

ဤအဋ္ဌကထာ၌လာသောဥပမာ၊အထက်၌ပြခဲ့သော ဥပမာတို့ဖြင့်၊ သင်္ခါရတရားတို့ အဖြစ်အပျက် လျင်မြန်ပုံကို သိသဖြင့်၊ သဲကန္တာရ ကြီးများ ငြိကျသောဥပမာ စသည်ဖြင့်လည်း သိအပ်ပေသည်။ ဤမျှ လောက် လျင်မြန်သော တရားတို့သည်၊ ၂-ခု, ၃-ခုစသည် ပြိုင်၍ မဖြစ်ဘဲ၊ တခုပျက်ပြီးမှသာလျှင် တခုဖြစ်ပေါ် လာနိုင်ကြောင်းကို၊ အဋ္ဌ ကထာဆရာ မိန့်ဆိုတော်မူ၏။ ဤသို့ ကျမ်းဂန်အရနှင့် ဥပမာ ဥပမေ ယျတို့ဖြင့် ပြဆိုခဲ့သောအတိုင်း၊ သင်္ခါရတရားတို့၏ အဖြစ်အပျက် လျင်မြန်ပုံများကို၊ ဝိပဿနာဉာဏ် အမြင်သန်အောင် အားထုတ် စမ်းသပ်၍ ရှုမှတ်သော ပုဂ္ဂိုလ်များသည်၊ ကျမ်းဂန်အလာ ဥပမာ အဆိုထက် ပိုမိုလွန်ကဲပြီးလျှင်၊ ဒိဋ္ဌထင်လင်း ကိုယ်တိုင်ပင် ထိုးထွင်း သိမြင်၍ လာကြပေလိမ့်မည်။

ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ပစ္ဆိမံ ဇာယတေ တတော။

(ဝိသုဒ္ဓိမဂ်)

ပုရိမံ၊ရှေ့၌ဖြစ်သော။စိတ္တံ၊စိတ်သည်။ဘိဇ္ဇတေ၊ပျောက်ပျက်လေ၏။ တတော၊ ထိုရှေ့၌ဖြစ်သော စိတ်ပျောက်ပျက်ပြီးမှ။ ပစ္ဆိမံ၊ နောက်၌ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဇာယတေ၊ အသစ်ထပ်ခါ ဖြစ်ပေါ်၍ လာလေသတည်း။

ယောဂီ၏ ဉာဏ်မြင်များကို ခွဲခြား၍ပြဆိုခြင်းပြီး၏။

ရုပ်နာမ်တရားနှစ်ပါးတို့၏ အပိုင်းအခြား စသည်ကို ပြဆိုရာ

# နာမရူပပရိစ္ဆေဒကဏ္ဍ

## ကာလ ၃-ပါး၏ သဘောသွားလက္ခဏာကို ထင်ရှားစွာ ပြဆိုခြင်း

တတ္ထ ပထမမဂ္ဂဉာဏံ တာဝ သမ္ပါဒေတုကာမေန အညံ့
ကိဉ္စိ ကာတဗ္ဗံနာမ နတ္ထိ။ ယဉ္ဟိ အနေန ကာတဗ္ဗံ သိယာ၊ တံ
အနုလောမာ ဝသာနံ ဝိပဿနံ ဥပ္ပါဒေန္တေန ကတမေဝ။
(ဝိသုဒ္ဓိမဂ်)

တတ္ထ၊ ထို ၄-ပါးသော မဂ်ဉာဏ်တို့တွင်။ တာဝ၊ ရှေးဦးစွာ။ ပထမ မဂ္ဂဉာဏံ၊ ပထမ မဂ်ဉာဏ်ကို။ သမ္ပါဒေတုကာမေန၊ ပြီးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ အညံ၊ တပါးကို။ ကိဉ္စိ၊ တစုံတခု။ ကာတဗ္ဗံနာမ၊ ပြုအပ်သောမည်သည်။ နတ္ထိ၊ မရှိချေ။ ယံ၊ အကြင်ပထမမဂ်ဉာဏ်ကို။ အနေန၊ ဤယောဂီပုဂ္ဂိုလ်သည်။ ကာတဗ္ဗံ၊ ပြုအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုယောဂီပြုအပ်သော ပထမမဂ်ဉာဏ်သည်။ အနုလောမာဝသာနံ၊ အနုလုံ အဆုံးရှိသော။ ဝိပဿနံ၊ ဝိပဿနာကို။ ဥပ္ပါဒေန္တေန၊ ဖြစ်စေသဖြင့်။ ကတ မေဝ၊ ပြီးတော့သည်သာလျှင်တည်း။

ဉာဏ်သည်၊ နာမရူပပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်ဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်ဟူ၍၊ အလုံးစုံ သိမ်းကျုံး၍ဆိုသော ဉာဏ်စဉ်အားဖြင့်၊ ၁၆-ပါး အပြားရှိ၏။

ဤဉာဏ်တို့တွင်၊ နာမရူပပရိစ္ဆေဒဉာဏ်ကို၊ ရှေးဦးစွာ အားထုတ်အပ်၏။ နာမ်,ရုပ်ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည်၊ နာမရူပ ပရိစ္ဆေဒဉာဏ်မည်၏။ ဤ နာမရူပ ပရိစ္ဆေဒဉာဏ်ကို၊ အားထုတ်လိုသော ယောဂီသည်၊ ရုပ်ကို ရှေးဦးစွာ ပိုင်းခြားအပ်၏။ ရုပ်ကို ပိုင်းခြားပါများ၍ ရုပ်ကို သိသောစိတ် အကြင်အခါကာလ ထင်၏။ ထို အခါကာလ နာမ်,ရုပ်အစုံကို ပိုင်းခြားအပ်၏။ ။ ဤကား အကျဉ်း လက္ခဏာဆောင်ပုဒ်တည်း၊

နာမ်ရုပ်သည်၊အတိတ်,အနာဂတ်,ပစ္စုပ္ပန်အားဖြင့် ၃-ပါး အပြား ရှိ၏။ ထို ၃-ပါးတို့တွင်၊ ဖြစ်ပြီးပျက်ပြီးသော နာမ်ရုပ်သည်၊အတိတ် မည်၏။ ဖြစ်လတံ့ ပျက်လတံ့သော နာမ်ရုပ်သည်၊ အနာဂတ်မည်၏။ ဖြစ်ဆဲပျက်ဆဲသော နာမ်ရုပ်သည်၊ ပစ္စုပ္ပန်မည်၏။ဤနေရာ၌ ဝိပဿနာ ကို အစခွာ အားထုတ်သော၊ အာဒိကမ္မိက ယောဂီ ပုဂ္ဂိုလ်သည်၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ၃-ပါးတို့တွင်၊ အတိတ်,အနာဂတ်ကို နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် မပိုင်းခြားအပ်။

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံတံ၊ အပ္ပတ္တဉ္စ အနာဂတံ။ ။

(နေတ္တိပါဠိတော်)

ယံ အတီတံ၊ အကြင် အတိတ်သည်။ ပဟီနံ၊ သဘော လက္ခဏာ မမြင်ရာသို့ ရောက် ပျောက်ကွယ်လေပြီ။ တံ အတီတံ၊ ထို သဘော လက္ခဏာ မမြင်ရာသို့ရောက် ပျောက်ကွယ်ပြီးသော အတိတ်ကို။နာန္ဝာ ဂမေယျ၊လွန်ပြီဟူ၍ထ နောက်မှတဖန် ပြန်မလိုက်ရာ။ ယဉ္စ အနာဂတံ၊ အကြင် အနာဂတ်သည်လည်း။ အပ္ပတ္တံ၊ လက္ခဏာသဘော ဖြစ်ခွင့် ပေါ်ပေါက် မရောက်လာသေး။ တံ အနာဂတံ၊ ထိုလက္ခဏာသဘော ဖြစ်ခွင့်ပေါ်ပေါက် မရောက်လာသေးသောအနာဂတ်ကို။ န ပဋိကင်္ခေ၊ မဖြစ်ဒိဟော့ ကြံဆို အလိုမရှိရာ။

ဝိပဿနာကို အစခွာ အားထုတ်သော အာဒိကမ္မိက ယောဂီ ပုဂ္ဂိုလ်သည်၊ အတိတ်,အနာဂတ်,ပစ္စုန် ၃-ပါးတို့တွင်၊ ပစ္စုပ္ပန်ကို သာလျှင်၊ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် ပိုင်းခြားအပ်၏။

ပစ္စုပ္ပန္နဉ္စ ယံဓမ္မံ၊ တတ္ထတတ္ထ ဝိပဿတိ။
အသံဟိရံ အသင်္ကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ။ ။

(နေတ္တိပါဠိတော်)

တတ္ထတတ္ထ ခဏေခဏေ၊ ထိုထို ခဏခဏ၌။ ပစ္စုပ္ပန္နံ၊အသစ်အသစ် ခုတင်ခုဖြစ်သော။ ယဉ္စဓမ္မံ၊ အကြင်ပစ္စုပ္ပန်အာရုံကို။ ဝိပဿတိ၊စေ့စေ့ ငုငု နှံ့မှ ညဥ့်တွေ ရှုလေအပ်၏။ တံ ဓမ္မံ၊ ထိုအသစ်အသစ် ခုတင်ခု ဖြစ်သော ပစ္စုပ္ပန်အာရုံကို။အသံဟိရံ၊ စေ့စေ့ငုငု နှံ့မှညဥ့်တွေ ရှုလေ ကောင်းကောင်း မပြောင်းမရွေ့။ အသင်္ကုပ္ပံ၊ စေ့စေ့ငုငု နှံ့မှ ညဥ့် တွေ ရှုလေနောက်နောက် မပျောက်မပျက်။ ဝါ၊ တနည်း။ အသံဟိရံ၊

ပစ္စုပ္ပန်လာ လက္ခဏာဟော့ မပြောင်းရွှေ့မှီ။ အသက်ပွဲ၊ပစ္စုပ္ပန်လာ လက္ခဏာရောက် မပျောက်ပျက်မှီ။ဝိဇ္ဇါ၊ပညာရှိသည်။အနူမြူ၊ဟာယော၊ တဆင့်ဆင့် မြင့်တမျှားမျှား ပွါးများရာ၏။

**အသစ်ကို မကြီလင့်၊ အဟောင်းကို မပြန်လင့်။ ဖြစ်အောင် မပြုလင့်၊ ပျက်အော မပြုလင့်။ ဖြစ်တိုင်းပျက်တိုင်း ထင်အောင်ရှု။ ဖြစ်အောင်ပြု-လောဘ၊ ပျက်အောင်ပြု ဒေါသ၊ ဖြစ်တိုင်း ပျက်တိုင်း မသိ-မောဟ၊ ။ဤကား ဆောင်ပုဒ်တည်း။**

အဓိပ္ပါယ်ကား၊ ဤဆောင်ပုဒ်၌၊အနာဂတ်ကို ကြိုခြင်းသည်။အသစ် ကို ကြိုသည်မည်၏။ အနာဂတ်ကို မကြိုခြင်းသည်၊အသစ်ကို မကြိုသည် မည်၏။ ထို့ကြောင့်၊ အသစ်ကို မကြိုလင့်ဟု ဆိုသည်။ အတိတ်ကို ကြိုခြင်းသည်၊ အဟောင်းကို ပြန်သည်မည်၏။ အတိတ်ကို မကြိုခြင်း သည်၊ အဟောင်းကို မပြန်သည်မည်၏။ ထို့ကြောင့် အဟောင်းကို မပြန်လင့်ဟု ဆိုသည်၊

လောကအလို၊ မဖြစ်သေးသည်ကို ဖြစ်အောင်ပြုလိုသော သဘော သည်၊ ဖြစ်အောင် ပြုသည်မည်၏။ လောကအလို၊ မဖြစ်သေးသည်ကို ဖြစ်အောင် မပြုလိုသော သဘောသည်၊ ဖြစ်အောင် မပြုသည်မည်၏။ ထို့ကြောင့်၊ ဖြစ်အောင် မပြုလင့်ဟု ဆိုသည်။ လောကအလို၊ ဖြစ်ပြီး သည်ကို ပျက်အောင် ပြုလိုသော သဘောသည်၊ ပျက်အောင် ပြုသည် မည်၏။ လောကအလို၊ ဖြစ်ပြီးသည်ကို ပျက်အောင် မပြုလိုသော သဘောသည်၊ ပျက်အောင် မပြုသည်မည်၏။ ထို့ကြောင့်၊ ပျက်အောင် မပြုလင့်ဟု ဆိုသည်။ နာမ်ရုပ်တို့၏ ဖြစ်ခြင်းသည်၊ ဖြစ်တိုင်းမည်၏။ နာမ်ရုပ်တို့၏ ပျက်ခြင်းသည်၊ပျက်တိုင်းမည်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို သိခြင်းသည်၊ ထင်အောင် ရှုသည်မည်၏။ ထို့ကြောင့်၊ ဖြစ်တိုင်း,ပျက်တိုင်း ထင်အောင်ရှုဟုဆိုသည်။

လောကအလို၊မဖြစ်သေးသည်ကို ဖြစ်အောင် ပြုလိုသောသဘော သည်၊ လောဘမည်၏။ ထို့ကြောင့်၊ ဖြစ်အောင်ပြု - လောဘ ဟု ဆိုသည်။ လောကအလို၊ ဖြစ်ပြီးသည်ကို ပျက်အောင် ပြုလိုသော သဘောသည်၊ ဒေါသမည်၏။ ထို့ကြောင့်၊ ပျက်အောင်ပြု-ဒေါသ ဟု ဆိုသည်၊ နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းသည် ဖြစ်တိုင်းပျက်တိုင်း မည်၏။ နာမ်ရုပ်တို့၏ ဖြစ်ခြင်းပျက်ခြင်းကို မသိခြင်းသည်၊ မောဟ မည်၏။ ထို့ကြောင့်၊ ဖြစ်တိုင်းပျက်တိုင်း မသိ-မောဟဟု ဆိုသည်။

ထို့ကြောင့်၊ အသစ်ကို မကြံလင့်၊ အဟောင်းကို မပြန်လင့်။ ဖြစ်အောင် မပြုလင့်၊ ပျက်အောင် မပြုလင့်။ ဖြစ်တိုင်း ပျက်တိုင်း ထင်အောင်ရှု။ ဖြစ်အောင်ပြု - လောဘ၊ ပျက်အောင်ပြု - ဒေါသ၊ ဖြစ်တိုင်း ပျက်တိုင်း မသိ - မောဟ ဟု ဆိုခဲ့ပေသည်။ ။ဤကား၊ ဆောင်ပုဒ်၏အဓိပ္ပါယ်တည်း။

ကာလ ၃-ပါး၌ သဘောသွားကို ပြဆိုချက်ပြီး၏။

## ဝိညာဏ် ၆-ပါး၏ အဓိပ္ပါယ်ကို သိလွယ်အောင်ပိုင်းခြား၍ မှတ်သားရန် ပြဆိုခြင်း၊

နာမရူပ ပရိစ္ဆေဒဉာဏ်သည်၊ နာမ်ကို ပိုင်းခြားသော — နာမ ပရိစ္ဆေဒဉာဏ်၊ ရုပ်ကို ပိုင်းခြားသော--ရူပ ပရိစ္ဆေဒ ဉာဏ်အားဖြင့် ၂-ပါး အပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ရူပ ပရိစ္ဆေဒဉာဏ်သည်၊ ရှေးဦးစွာဖြစ်၏။ရူပ ပရိစ္ဆေဒဉာဏ်အားဖြင့်၊ရုပ်ကိုပိုင်းခြားလိုသော်—

မျက်စိဖြင့် အဆင်းကို မြင်သောခဏ၊ မြင် - မြင်တယ်မှတ်။ နားဖြင့် အသံကို ကြားသောခဏ၊ ကြား-ကြားတယ်မှတ်။နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ နံ-နံတယ်မှတ်။ လျှာဖြင့် အရသာကို စားသော ခဏ၊ စား-စားတယ်မှတ်။ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၊ ထိ-ထိတယ် မှတ်။ စိတ်ဖြင့် သဘောကို သိသောခဏ၊ သိ-သိတယ်မှတ်။

### ဆောင်ပုဒ်-၆-ပုဒ်အဓိပ္ပါယ်ကား

**မျက်စိဖြင့်** အဆင်းကို မြင်သောခဏ၊ မြင်-မြင်တယ်မှတ် ဆိုသော စကား အရပ်၌၊ အဆင်းထင်သော ခဏ၊ စက္ခုဒွါရ ကြည်ခြင်းသည်၊ မျက်စိ ကြည်သောခဏမည်၏။ မျက်စိကြည်သော ခဏ၊ ရူပါရုံ ထင်ခြင်းသည်၊ အဆင်း ထင်သောခဏမည်၏။ မျက်စိ ကြည်သောခဏ, အဆင်းထင်သောခဏ, အဆင်းကို မြင်သော စက္ခု ဝိညာဏ်သည်၊မြင်သောခဏမည်၏။ ထို့ကြောင့်၊မျက်စိဖြင့် အဆင်းကို မြင်သော ခဏဟု ဆိုခဲ့ပေသည်။

ဤင်း ဒွါရ,အာရုံ,ဝိညာဏ် ၃-ပါး ဆုံသောခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးအပေါင်းကို၊ တပေါင်းတည်း တစုနက်၊ မြင်-မြင် တယ်ဟု ဝိပဿနာဖြင့်၊ သိမှတ် ပိုင်းခြား အပ်သောကြောင့်၊ မျက်စိ, အဆင်း,မြင်ခြင်းသည်၊ မြင်သည်မည်၏။ ထို့ကြောင့်၊**မြင်** ဆိုသည်။

စက္ခုဒွါရ ရှေ့ဝီထိဖြင့် မြင်သည်ကို၊နောက် ဝိပဿနာစိတ်ဖြင့် မြင်တယ်ဟု အမှတ်ပြုခြင်းသည်၊မြင်တယ် မှတ်သည်၊ မည်၏။ထို့ကြောင့်၊ **မြင်တယ်**မှတ်ဆိုသည်။ထို့ကြောင့်၊ မျက်စိဖြင့် အဆင်းကို မြင်သော ခဏ၊ **မြင်-မြင်တယ်မှတ်**ဟု ဆိုခဲ့ပေသည်။

**နားဖြင့်** အသံကို ကြားသောခဏ၊ ကြား-ကြားတယ်မှတ် ဆိုသော စကားရပ်၌၊ အသံထင်သောခဏ သောတ ဒွါရ ကြည်ခြင်းသည်၊ နားကြည်သော ခဏမည်၏။ နားကြည်သော ခဏ၊ သဒ္ဒါရုံထင်ခြင်းသည်၊ အသံထင်သော ခဏမည်၏။ နား ကြည်သော ခဏ, အသံ ထင်သောခဏ, အသံကို ကြားသော သောတဝိညာဏ်သည်၊ ကြားသောခဏမည်၏။ထို့ကြောင့်၊ နားဖြင့်အသံကို ကြားသော ခဏဟု ဆိုခဲ့ပေသည်။

ဝင်း ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါး ဆုံသောခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးအပေါင်းကို၊ တပေါင်းတည်းတပြိုင်နက်၊ ကြား-ကြားတယ်ဟု ဝိပဿနာဖြင့်၊သိမှတ် ပိုင်းခြားအပ်သောကြောင့်၊ နား, အသံ,ကြားခြင်းသည်၊ ကြားသည်မည်၏။ထို့ကြောင့်၊ **ကြား**ဆိုသည်။

သောတဒွါရ ရှေ့ဝီထိဖြင့် ကြားသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့် ကြားတယ်ဟု အမှတ်ပြုခြင်းသည်၊ ကြားတယ် မှတ်သည်မည်၏။ ထို့ကြောင့်၊ **ကြားတယ်** မှတ်ဆိုသည်။ ထို့ကြောင့်၊ နားဖြင့် အသံကို ကြားသောခဏ၊ **ကြား-ကြားတယ်မှတ်**ဆိုသည်။

**နှာခေါင်းဖြင့်** အနံ့ကို နံသောခဏ၊ နံ-နံတယ်မှတ် ဆိုသောစကားရပ်၌၊ အနံ့ထင်သောခဏ၊ ဃာနဒွါရ ကြည်ခြင်းသည်၊နှာခေါင်း ကြည်သောခဏမည်၏။ ဂန္ဓာရုံ ထင်ခြင်းသည်၊ အနံ့ထင်သောခဏမည်၏။နှာခေါင်းကြည်သောခဏ,အနံ့ ထင်သောခဏ, အနံ့ကိုနံသော ဃာနဝိညာဏ်သည်၊ နံသောခဏမည်၏။ ထို့ကြောင့်၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏဆိုသည်။

ဝင်း ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါး ဆုံသောခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးအပေါင်းကို၊ တပေါင်းတည်း တပြိုင်နက်၊ နံ-နံတယ်ဟု ဝိပဿနာဖြင့်၊ သိမှတ် ပိုင်းခြားအပ်သောကြောင့်၊ နှာခေါင်း, အနံ့, နံခြင်းသည်၊ နံသည်မည်၏။ ထို့ကြောင့်၊ **နံ** ဆိုသည်။

ဃာနဒွါရ ရှေ့ဦးထိဖြင့် နံသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ နံတယ်ဟု အမှတ်ပြုခြင်းသည် နံတယ်မှတ်သည်မည်၏။ ထို့ကြောင့်၊ **နံတယ်** မှတ်ဆိုသည်။ ထို့ကြောင့်၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ **နံ-နံတယ်** ဆိုသည်။

လျှာဖြင့် အရသာကို စားသောခဏ၊ စား-စားတယ်မှတ် ဆိုသော စကားရပ်၌၊ အရသာထင်သောခဏ၊ ဇိဝှါဒွါရ ကြည်ခြင်းသည်၊ လျှာကြည်သောခဏမည်၏။ ရသာရုံ ထင်ခြင်းသည်၊ အရသာ ထင်သောခဏမည်၏။ လျှာ ကြည်သောခဏ, အရသာထင်သောခဏ, အရသာကိုစားသော ဇိဝှါ ဝိညာဏ်သည်၊ စားသောခဏမည်၏။ ထို့ကြောင့်၊ လျှာဖြင့်အရသာကို စားသောခဏဆိုသည်။

ဤင်း ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးဆုံသောခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးအပေါင်းကို၊စား-စားတယ်ဟု ဝိပဿနာဖြင့်၊သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ လျှာ, အရသာ, စားခြင်းသည်၊ စားသည်မည်၏။ ထို့ကြောင့်၊ **စား** ဆိုသည်။

ဇိဝှါဒွါရ ရှေ့ဦးထိဖြင့် စားသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊စားတယ်ဟု အမှတ်ပြုခြင်းသည်၊ စားတယ် မှတ်သည်မည်၏။ထို့ကြောင့်၊ **စားတယ်** မှတ်ဆိုသည်။ ထို့ကြောင့်၊လျှာဖြင့် အရသာကို စားသောခဏ၊**စား-စားတယ်မှတ်** ဆိုသည်။

ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၊ ထိ-ထိတယ်မှတ် ဆိုသော စကားရပ်၌၊ အတွေ့ထင်သောခဏ၊ ကာယဒွါရ ကြည်ခြင်းသည်၊ ကိုယ် ကြည်သောခဏမည်၏။ ကိုယ်ကြည်သောခဏ၊ဖေါဋ္ဌဗ္ဗာရုံ ထင်ခြင်းသည်၊ အတွေ့ထင်သော ခဏမည်၏။ ကိုယ် ကြည်သောခဏ, အတွေ့ ထင်သောခဏ, အတွေ့ကို ထိသော ကာယဝိညာဏ်သည်၊ ထိသောခဏမည်၏။ ထို့ကြောင့်၊ ကိုယ်ဖြင့်အတွေ့ကို ထိသောခဏဆိုသည်။

ဤင်း ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးဆုံသောခဏ၌၊ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးအပေါင်းကို၊ ထိ-ထိတယ်ဟု ဝိပဿနာဖြင့်၊ သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ ကိုယ်, အတွေ့, ထိခြင်းသည်၊ ထိသည်မည်၏။ ထို့ကြောင့်၊ **ထိ** ဆိုသည်။

ကာယဒွါရ ဈေ့ရိထိဖြင့် ထိသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ ထိတယ်ဟု အမှတ်ပြုခြင်းသည်၊ ထိတယ်မှတ်သည်မည်၏။ ထို့ကြောင့်၊ **ထိတယ်မှတ်** ဆိုသည်။ ထို့ကြောင့် ကိုယ်ဖြင့်အတွေ့ကို ထိသောခဏ၊ **ထိ-ထိတယ်မှတ်** ဆိုသည်။

**စိတ်ဖြင့်** သဘောကို သိသောခဏ သိ-သိတယ်မှတ် ဆိုသောစကား ရပ်၌၊ သဘောထင်သောခဏ၊ မနောဒွါရ ကြည်ခြင်းသည်၊ စိတ်ကြည်သောခဏမည်၏။ စိတ် ကြည်သောခဏ၊ ဓမ္မာရုံ ထင်ခြင်းသည်၊ သဘော ထင်သောခဏမည်၏။စိတ်ကြည်သောခဏ, သဘော ထင်သောခဏ, သဘောကိုသိသော မနောဝိညာဏ်သည်၊ သိသော ခဏမည်၏။ ထို့ကြောင့်၊ စိတ်ဖြင့် သဘောကို သိသောခဏဆိုသည်။

ဖင်း ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးဆိုသောခဏ၌၊ ဒွါရ, အာရုံ, ဝိညာဏ် ၃-ပါးအပေါင်းကို၊ သိ-သိတယ်ဟု ဝိပဿနာဖြင့်၊ သိမှတ် ပိုင်းခြားအပ်သောကြောင့်၊ စိတ်, သဘော, သိခြင်းသည်၊ သိသည် မည်၏။ ထို့ကြောင့်၊ **သိ** ဆိုသည်။

မနောဒွါရ ဈေ့ရိထိဖြင့် သိသည်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ သိတယ်ဟု အမှတ်ပြုခြင်းသည်၊ သိတယ် မှတ်သည်မည်၏။ ထို့ကြောင့် **သိတယ်**မှတ်ဆိုသည်။ ထို့ကြောင့်၊ စိတ်ဖြင့်သဘောကို သိသောခဏ၊ **သိ-သိတယ်မှတ်** ဆိုသည်။

မြင်-မြင်တယ်မှတ် ဆိုသောစကားရပ်၌၊ မြင်ကား မှတ်စရာအာရုံ၊ မြင်တယ်ကား မှတ်တဲ့စိတ်၊ မှတ်ကား သတိ, ပညာ, ဝိပဿနာနှင့် တကွ မှတ်တဲ့စိတ်ဟု အမှာတည်း။ ထို့အတူ၊ ကြား, နံ, စား, ထိ, သိကား၊ မှတ်စရာအာရုံ၊ ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ကား၊ မှတ်တဲ့စိတ်၊ မှတ်ကား သတိ, ပညာ, ဝိပဿနာနှင့် တကွ မှတ်တဲ့စိတ်ဟုအမှာတည်း။ ဤကား အဓိပ္ပါယ်တည်း။

သတိ ဟိ ဓာရဏာတိ နိဒ္ဒိဋ္ဌာ ဓာရဏာ ဠေတ္ထ သလ္လက္ခဏံ
ပညာ ပရိစယောတိ နိဒ္ဒိဋ္ဌော ပရိစယော စေတ္ထ နိစ္ဆယော။
(မဟာဋီကာ)

ဟိ၊မထင်သည်ကို ထင်အောင်ပြအံ့။သတိ၊သတိကို။ဧတ္ထ၊ဤဝိပဿ နာအရာ၌။ဓာရဏာတိ၊အမှတ်ဟူ၍။ နိဒ္ဒိဋ္ဌာ၊ ညွှန်ကြားပြောဆိုအပ်၏။

သတိယာစ၊ သတိဖြင့်လည်း။ ဓာရဏံ၊မှတ်ခြင်း။ သလ္လက္ခဏံ၊ ကောင်းစွာမှတ်ခြင်း။ ပညာ၊ ပညာကို။ ဧတ္ထ၊ ဤဝိပဿနာအရာ၌။ ပဝိစယော၊ အဆုံးအဖြတ်ဟူ၍။ နိဒ္ဒိဋ္ဌော၊ ညွှန်ကြားပြောဆိုအပ်၏။ ပညာယာစ၊ ပညာဖြင့်လည်း။ ပဝိစယော၊ ဆုံးဖြတ်ခြင်း။ နိစ္ဆယော၊ ဆုံးဖြတ်ခြင်း။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်များနှင့်၊ဋီကာ၏စကားသွားကို ဆင်ခြင်စဉ်းစား၍၊ မှတ်သားသည်ဆိုသော ဝိပဿနာသည်၊ သညာ စေတသိက်မဟုတ်။ လိုရင်းအချုပ်မှာ၊ ပညိန္ဒြေ စေတသိက်ကို ရသည်ဟု သဘာဝကျနအောင်၊ ယထာဘူတကိုယူဆ၍ သတိပြုကြပါကုန်။

ဝိညာဏ် ၆-ပါး၏အဓိပ္ပါယ် ပြဆိုချက်ပြီး၏။

## ပကတိရဟန်း, လူ, ရှင်တို့၏ပုထုဇဉ်အလေ့သဘောများကို ထင်ရှားစွာပြဆိုခြင်း

ဝိပဿနာအလုပ်ကို အားမထုတ်သောသူသည်၊ ပုထုဇဉ်မည်၏။ ပုထုဇဉ်သည်၊ပုထုဇဉ်တို့၏နည်း အထင်အမှတ်ဖြင့်သာ မှတ်၏။အထင်အမှတ်ဖြင့်သာ မှတ်ခြင်းကြောင့်၊နဒ္ဒိမည်သော သံယောဇဉ်ကြိုးဖွဲ့ချည်၏ မပြည်။ မပြည်ခြင်းကြောင့်၊ နာမ်ရုပ်နှင့် ကိလေသာ တကွဲတပြား အပိုင်းအခြားမဖြစ်။ ထို့ကြောင့်၊ မြင်-မြင်တယ်၊ ကြား–ကြားတယ်၊ နံ့–နံ့တယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ်ဟု၊ ပုထုဇဉ်တို့၏နည်း အထင်အမှတ်ကို၊ အရင်းအမြစ် အစစ်မူလဖြစ်သော၊ ပါဠိတော် သာဓကကိုပြသဖြင့်။ ယုံကြည်စွာ သိမှတ်ကြပါလေ။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော။ ပ။ ဒိဋ္ဌံဒိဋ္ဌတော သဉ္ဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော သညတွာ ဒိဋ္ဌံမညတိ၊ ဒိဋ္ဌသ္မိံ မညတိ၊ ဒိဋ္ဌတော မညတိ၊ ဒိဋ္ဌံ မေတိ မညတိ၊ ဒိဋ္ဌံ အဘိနန္ဒတိ။ တံကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

(မူလပရိယာယသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါဘုရား သာသနာတော် မြတ်၌။ အသုတဝါ၊ အကြား အမြင် မရှိသော။ ပုထုဇနော၊ ယောဂီမတွင်

ပုထုဇဉ်သည်။ အရိယာနံ၊ အရိယာတို့၏။ အဒဿာဝီ၊ ဝိပဿနာမှ ရုပ်နာမ်ကို ရှုလေ့ မရှိသည် ဖြစ်၍။ အရိယ ဓမ္မဿ၊ အရိယာတို့၏ ဝိပဿနာ အကျင့်တရား၌။ အကောဝိဒေါ၊ လိမ်မာသောဉာဏ် မရှိသည်ဖြစ်၍။ အရိယဓမ္မေ အရိယာတို့၏ဝိပဿနာ အကျင့်တရားဖြင့်။ အဝိနီတော၊ ကိလေသာကို ပယ်ဖျောက်သော ဉာဏ်မရှိသည်ဖြစ်၍။ သပ္ပုရိသာနံ၊ ကိလေသာ ငြိမ်းအေးသော သူတော် ကောင်းတို့၏ အဒဿာဝီ၊ဝိပဿနာမှ ရုပ်နာမ်ကို ရှုလေ့မရှိသည်ဖြစ်၍။ သပ္ပုရိသဓမ္မဿ၊ကိလေသာငြိမ်းအေးသော သူတော်ကောင်းတို့၏ ဝိပဿနာ အကျင့်တရား၌။ အကောဝိဒေါ၊ လိမ်မာသော ဉာဏ်မရှိသည်ဖြစ်၍။ သပ္ပုရိသဓမ္မေ၊ ကိလေသာ ငြိမ်းအေးသော သူတော်ကောင်း တို့၏ ဝိပဿနာအကျင့်တရားဖြင့်။ အဝိနီတော၊ ကိလေသာကို ပယ်ဖျောက်သောဉာဏ်မရှိသည်ဖြစ်၍။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ ဒိဋ္ဌတော၊ မြင်ခြင်းဟု။ သဉ္ဇာနာတိ၊အထင်ဖြင့်မှတ်၏။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ဒိဋ္ဌတော၊ မြင်ခြင်းဟု။ သညတွာ၊ အထင်ဖြင့်မှတ်၍။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊အဘယ်သို့ထင်မှတ်သနည်း။ ဒိဋ္ဌသ္မိံ၊မြင်ခြင်း၌။ဒိဋ္ဌံ၊ တစိပ်မြင်ခြင်းကို။မေတိ၊တစိပ်မြင်ခြင်းကငါ၊ငါ့ဥစ္စာဟု။မညတိ၊ထင်မှတ်၏။ ဒိဋ္ဌတော၊မြင်ခြင်းမှ။ ဒိဋ္ဌံ၊ တစိပ်မြင်ခြင်းကို။ မေတိ၊ တစိပ်မြင်ခြင်းက ငါ၊ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ ဣတိဧဝံ၊ ဤသို့။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ မညတိ၊ ထင်မှတ်၏။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ် အကြောင်း ကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်သနည်း။ တဿ၊ ထိုယောဂီမတွင် ပုထုဇဉ်အား။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ ကိလေသာနှင့်စပ် အထင် အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊နှစ်သက်၏။ဣတိဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

**ဤကား၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကိုမြင်ရာ၌၊ဝိပဿနာအလုပ်ကို အားထုတ်ခြင်း မရှိသေးသော၊ ပကတိပုထုဇဉ်တို့၏ အထင်အမှတ်ဖြစ်သော၊အလေ့သဘောကိုပြဆိုခြင်း ပေတည်း။**

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ပ။ သုတံ သုတတော သမနုပဿတိ၊ သုတံ သုတတော သညတွာ သုတံ မညတိ၊ သုတသ္မိံ မညတိ၊ သုတတော မညတိ၊ သုတံ မေတိ မညတိ၊ သုတံ အဘိနန္ဒတိ။ တံကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။ (ရင်းသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤငါဘုရား သာသနာတော်ဖြစ်၌။အသုတဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ယောဂီမတွင် ပုထုဇဉ်သည်။ ပ။သုတံ၊ကြားခြင်းကို။ သုတတော၊ကြားခြင်းဟု။သမနုပဿတိ၊ အထင်ဖြင့်မှတ်၏။ သုတံ၊ ကြားခြင်းကို။ သုတတော၊ ကြားခြင်းဟု။ သညတွာ၊ အထင်ဖြင့်မှတ်၍။ သုတံ၊ကြားခြင်းကို။ မညတိ၊ထင်မှတ်၏။ ကိံ မညတိ၊အဘယ်သို့ ထင်မှတ်သနည်း။သုတသ္မိံ၊ကြားခြင်း၌။သုတံ၊ တစိပ်ကြားခြင်းကို။မေတိ၊တစိပ်ကြားခြင်းက ငါ့,ငါ့ဥစ္စာဟု။မညတိ၊ ထင်မှတ်၏။ သုတတော၊ ကြားခြင်းမှ။ သုတံ၊ တစိပ် ကြားခြင်းကို။ မေတိ၊ တစိပ် ကြားခြင်းက ငါ့, ငါ့ဥစ္စာဟု။ မညတိ၊ ထင်မှတ်၏။ ဣတိဇေဝံ၊ ဤသို့။ သုတံ၊ ကြားခြင်းကို။ မညတိ၊ ထင်မှတ်၏။ သုတံ၊ ကြားခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ အဘိနန္ဒတိ၊နှစ်သက်သနည်း။ တဿ၊ထိုယောဂီ မတွင် ပုထုဇဉ်အား။ သုတံ၊ကြားခြင်းကို။ အပရိညာတံ၊ကိလေသာ နှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊နှစ်သက်၏။ ဣတိဇေဝံ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ နားဖြင့် အသံအမျိုးမျိုးကို ကြားရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ခြင်း မရှိသေးသော၊ ပကတိ ပုထုဇဉ်၏ အထင်အမှတ်ဖြစ်ပုံသော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ပ။ မုတံ မုတတော သမနုပဿတိ၊ မုတံ မုတတော သညတွာ မုတံ မညတိ၊ မုတသ္မိံ မညတိ၊မုတတော မညတိ၊ မုတံ မေတိ မညတိ၊ မုတံ အဘိနန္ဒတိ။ တံကိဿဟေတု၊အပရိညာတံ တဿာတိ ဝဒါမိ။ (ရင်းသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ဣဓ၊ဤငါဘုရား သာသနာတော်မြတ်၌။ အသုတဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ယောဂီမတွင် ပုထုဇ္ဇဉ်သည်။ပ။မုတံ၊ နံ့သော,စားသော,ထိသော တွေ့ခြင်းကို။ မုတတော၊ နံ့သော, စားသော, ထိသော တွေ့ခြင်းဟူ၍။ သဉ္ဇာနာတိ၊ အထင်ဖြင့်မှတ်၏။ မုတံ၊နံ့သော,စားသော, ထိသော တွေ့ခြင်းကို။ မုတတော၊ နံ့သော,စားသော,ထိသော တွေ့ခြင်းဟူ၍။ သညတွာ၊အထင်ဖြင့်မှတ်၍။ မုတံ၊နံ့သော, စားသော, ထိသော တွေ့ခြင်းကို။ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊အဘယ်သို့ ထင်မှတ်သနည်း။ မုတသ္မိံ၊နံ့သော,စားသော, ထိသော တွေ့ခြင်း၌။ မုတံ၊ နံ့သော, စားသော,ထိသော တစိပ်တွေ့ခြင်းကို။ မေတိ၊ နံ့သော,စားသော, ထိသော တစိပ်တွေ့ခြင်းက ငါ, ငါ့ဥစ္စာဟူ၍။မညတိ၊ထင်မှတ်၏။မုတတော၊နံ့သော, စားသော,ထိသော တွေ့ခြင်းမှ။ မုတံ၊ နံ့သော, စားသော, ထိသော တစိပ်တွေ့ခြင်းကို။ မေတိ၊နံ့သော,စားသော,ထိသော တစိပ်တွေ့ခြင်းက ငါ,ငါ့ဥစ္စာဟူ၍။ မညတိ၊ထင်မှတ်၏။ဣတိဧဝံ၊ဤသို့။ မုတံ၊နံ့သော, စားသော, ထိသော တွေ့ခြင်းကို။ မညတိ၊ထင်မှတ်၏။ မုတံ၊ နံ့သော,စားသော, ထိသော တွေ့ခြင်းကို။ အဘိနန္ဒတိ၊ နှစ်သက်၏။ တံကိဿဟေတု၊ အဘယ်အကြောင်းကြောင့်။ အဘိနန္ဒတိ၊နှစ်သက်သနည်း။ တဿ၊ထိုယောဂီမတွင် ပုထုဇ္ဇဉ်အား။ မုတံ၊ နံ့သော,စားသော,ထိသော တွေ့ခြင်းကို။ အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေနဟေတု၊ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။အဘိနန္ဒတိ၊နှစ်သက်၏။ဣတိဧဝံ၊ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

**ဤကား၊ နှာခေါင်း, လျှာ,ကိုယ်တို့ဖြင့်၊ အနံ့,အရသာ, အတွေ့အချိုးချိုးကို တွေ့ရ၍၊ ဝိပဿနာကို အားထုတ်ခြင်းမရှိသေးသော၊ပကတိ ပုထုဇ္ဇဉ်တို့၏ အထင်အမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။**

ဣဓ ဘိက္ခဝေ အသုတဝါ ပုထုဇ္ဇနော။ပ။ဝိညာတံ ဝိညာ
တတော သဉ္ဇာနာတိ ဝိညာတံ ဝိညာတတော သညတွာ
ဝိညာတံ မညတိ၊ ဝိညာတသ္မိံ မညတိ၊ ဝိညာတတော
မညတိ၊ ဝိညာတံ မေတိ မညတိ၊ ဝိညာတံ အဘိနန္ဒတိ။
တံကိဿဟေတု၊ အပရိညာတံ တဿာတိ ဝဒါမိ။

(ရင်းသုတ်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ ငါဘုရား သာသနာတော်မြတ်၌။ အသုတဝါ၊ အကြားအမြင် မရှိသော။ ပုထုဇ္ဇနော၊ ယောဂီမတွင် ပုထုဇဉ်သည်။ ဝိညာတံ၊ သိခြင်းကို။ ဝိညာတတော၊ သိခြင်းဟူ၍။ သဉ္ဇာနာတိ၊ အထင်ဖြင့်မှတ်၏။ ဝိညာတံ၊ သိခြင်းကို။ ဝိညာတတော၊ သိခြင်းဟူ၍။ သညတွာ၊ အထင်ဖြင့်မှတ်၍။ ဝိညာတံ၊ သိခြင်းကို။ မညတိ၊ ထင်မှတ်၏။ ကိံ မညတိ၊ အဘယ်သို့ ထင်မှတ်သနည်း။ ဝိညာတသ္မိံ၊ သိခြင်း၌။ ဝိညာတံ၊ တစိမ့်သိခြင်းကို။ မေတိ၊ တစိမ့်သိခြင်းက ငါ့,ငါ့ဉစ္စာဟူ၍။ မညတိ၊ ထင်မှတ်၏။ ဝိညာတတော သိခြင်းမှ။ ဝိညာတံ၊ တစိမ့်သိခြင်းကို။ မေတိ၊ တစိမ့်သိခြင်းက ငါ့,ငါ့ဉစ္စာဟူ၍။ မညတိ၊ ထင်မှတ်၏။ ဣတိဧဝံ။ ဤသို့။ ဝိညာတံ၊ သိခြင်းကို။ မညတိ၊ ထင်မှတ်၏။ ဝိညာတံ၊ သိခြင်းကို၊ အဘိနန္ဒတိ နှစ်သက်၏။ တံ ကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်သနည်း။ တဿ ထိုယောဂီမတွင် ပုထုဇဉ်အား။ ဝိညာတံ သိခြင်းကို။ အပရိညာတံ၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်။ တေန ဟေတု၊ ကိလေသာနှင့်စပ် အထင်အမှတ်ဖြင့် မပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ အဘိနန္ဒတိ၊ နှစ်သက်၏။ ဣတိဧဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ စိတ်ဖြင့် သဘော အမျိုးမျိုးကိုသိရာ၌ ဝိပဿနာအလုပ်ကို အားထုတ်ခြင်း မရှိသေးသော၊ ပကတိပုထုဇဉ်တို့၏ အထင်အမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယခု ပြဆိုခဲ့သော ဒေသနာ အစဉ်များသည်ကား၊ တရားကို အားမထုတ်ဘဲ ယောဂီမတွင်သေးသော၊ ပုထုဇဉ်တို့၏ အစွမ်းအားဖြင့်၊ ပဌမနည်းဖြစ်ရာ အပိုင်းအခြားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားများဖြစ်၏။ ဒေသနာတော်လာ အစဉ်မှီး၍ အဓိပ္ပါယ် ညှာဏ်ကြီး ကြပါလေ။

ပကတိ ရဟန်း,လူ,ရှင်တို့၏ ပုထုဇဉ် အလေ့သဘောများကို
ထင်ရှားစွာ ပြဆိုချက်ပြီး၏။

---

## အားထုတ်ဆဲဖြစ်ကြသော သေက္ခတို့၏ အလေ့သဘောများကို မှတ်သားရန် ပြဆိုခြင်း

ဝိပဿနာ အလုပ်ကို အားထုတ်သောသူသည်၊ သေက္ခမည်၏၊ သေက္ခပုဂ္ဂိုလ်သည်၊ အရိယာတို့၏နည်း အသိအမှတ်ဖြင့်သာ မှတ်၏။

အသိအမှတ်ဖြင့်သာ မှတ်ခြင်းကြောင့်၊ နဦးမည်သော သံယောဇဉ်ကြိုး မဖွဲ့မချည် ပြေ၍၊ ပြေခြင်းကြောင့်၊ နာမ်ရုပ်နှင့် ကိလေသာ တကွဲ တပြား အပိုင်းအခြားဖြစ်၍။ ထို့ကြောင့်၊ မြင်-မြင်တယ်၊ ကြား-ကြားတယ်၊ နံ-နံတယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ်ဟု၊ အရိယာတို့၏နည်း အသိအမှတ်ကို၊ အရင်းအမြစ် အစစ်မူလဖြစ်သော၊ ပါဠိတော် သာဓကကို ပြသဖြင့် ယုံကြည်စွာ သိမှတ်ကြပါလေ။

ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ။ ပ။ ဒိဋ္ဌံ ဒိဋ္ဌတော အဘိဇာနာတိ၊ ဒိဋ္ဌံ ဒိဋ္ဌတော အဘိညာယ ဒိဋ္ဌံ မာမညိ၊ ဒိဋ္ဌသ္မိံ မာမညိ၊ ဒိဋ္ဌတော မာမညိ၊ ဒိဋ္ဌံ မေတိ မာမညိ၊ ဒိဋ္ဌံ မာဘိနန္ဒတိ။ တံကိဿ ဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။ (မူလပရိယာယသုတ်)

ဘိက္ခဝေ၊ရဟန်းတို့၊ဘိက္ခု၊ယောဂီအစစ် ရဟန်းဖြစ်သော၊ ယောပိသော သေခေါ၊ပုထုဇဉ်မည်ရ အကြင်သေက္ခသည်လည်း။ အနုတ္တရံ၊ လောကုတ္တရာသို့။ အပတ္တမာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ် ရှိသည်ဖြစ်၍။ ယောဂက္ခေမံ၊ နိဗ္ဗာန်ကို၊ ပတ္ထယမာနော၊ တောင့်တ သည်ဖြစ်၍၊ ဝိဟရတိ၊နေ၏။ သောပိ သေခေါ၊ ယောဂီအစစ် ရဟန်း အဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ ဒိဋ္ဌတော၊ မြင်ခြင်းဟု၊ အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ ဒိဋ္ဌံ၊ မြင်ခြင်း ကို။ ဒိဋ္ဌတော၊ မြင်ခြင်းဟု။ အဘိညာယ၊ အမှတ်ဖြင့်သိ၍။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ မာမညိ၊ မထင်မှတ်။ ကိံ မာမညိ၊ အဘယ်သို့ မထင်မှတ် သနည်း၊ ဒိဋ္ဌသ္မိံ၊ မြင်ခြင်း၌၊ ဒိဋ္ဌံ၊ တစိပ်မြင်ခြင်းကို၊ မေတိ၊တစိပ်မြင် ခြင်းက ငါ့၊ ငါ့ဉစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဒိဋ္ဌတော၊ မြင်ခြင်းမှ။ ဒိဋ္ဌံ၊ တစိပ်မြင်ခြင်းကို။ မေတိ၊ တစိပ်မြင်ခြင်းက ငါ့၊ ငါ့ဉစ္စာဟု၊ မာမညိ၊ မထင်မှတ်။ ဣတိဝိဓံ၊ ဤသို့၊ ဒိဋ္ဌံ၊ မြင်ခြင်းကို၊ မာမညိ၊ မထင်မှတ်၊ ဒိဋ္ဌံ၊ မြင်ခြင်းကို။ မာဘိနန္ဒတိ၊ မနှစ်သက်၊ တံကိဿ ဟေတု၊ အဘယ်အကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း၊ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခ အား။ ဒိဋ္ဌံ၊ မြင်ခြင်းကို။ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအ မှတ်ဖြင့် ပိုင်းခြားအပ်၏။ တေနဟေတု၊ ကိလေသာနှင့်မစပ် အသိ

အမှတ်ဖြင့် ပိုင်းခြားအပ်သော ထိုအကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်။ ဣတိဝေဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်ရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ဆဲဖြစ်ကြသော၊ သေက္ခယောဂီတို့၏ အသိအမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ။ ပ။ သုတံ သုတတော အဘိဇာနာတိ၊ သုတံ သုတတော အဘိညာယ သုတံ မာမညိ၊ သုတသ္မိံ မာမညိ၊ သုတတော မာမညိ၊ သုတံ မေတိ မာမညိ၊ သုတံ မာဘိနန္ဒတိ။ တံကိဿဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။

(ဂုဏ်းသုတ်)

ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သော။ ယောပိ သေခေါ၊ သည်လည်း။ အနုတ္တရံ၊ လောကုတ္တရာသို့။ အပတ္တမာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ်ရှိသည်ဖြစ်၍။ ယောဂက္ခေမံ၊ နိဗ္ဗာန်ကို။ ပတ္ထယမာနော၊ တောင့်တသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သောပိ သေခေါ၊ ယောဂီ အစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ ပ။ သုတံ၊ကြားခြင်းကို။ သုတတော၊ကြားခြင်းဟု။ အဘိဇာနာတိ၊အမှတ်ဖြင့်သိ၏။ သုတံ၊ ကြားခြင်းကို။ သုတတော၊ ကြားခြင်းဟု။ အဘိညာယ၊ အမှတ်ဖြင့်သိ၍။ သုတံ၊ ကြားခြင်းကို။ မာမညိ၊ မထင်မှတ်။ ကိံ မာမညိ၊ အဘယ်သို့ မထင်မှတ်သနည်း။ သုတသ္မိံ၊ကြားခြင်း၌။ သုတံ၊ တစိပ်ကြားခြင်းကို။ မေတိ၊ တစိပ်ကြားခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ သုတတော၊ ကြားခြင်းမှ။ သုတံ၊ တစိပ်ကြားခြင်းကို။ မေတိ၊ တစိပ်ကြားခြင်းက ငါ့,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဣတိဝေဝံ၊ ဤသို့။ သုတံ၊ ကြားခြင်းကို။ မာမညိ၊ မထင်မှတ်။ သုတံ၊ ကြားခြင်းကို။ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊ အဘယ် အကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီ အစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခအား။ သုတံ၊ကြားခြင်းကို။ ပရိညေယျံ၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တေနဟေတု၊ ကိလေသာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြား

အပ်သော ထိုအကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်။ ဣတိဣဝံ၊ ဤသို့။ ဝဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

**ဤကား၊ နားဖြင့် အသံအမျိုးမျိုးကိုကြားရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ဆဲဖြစ်ကြသော၊ သေက္ခပုဂ္ဂိုလ်တို့၏အသိအမှတ်ဖြစ်သော၊ အလေ့သဘောကိုပြဆိုခြင်းပေတည်း။**

ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာန
သော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊
သောပိ။ ပ။ မုတံ မုတတော အဘိဇာနာတိ၊ မုတံ မုတ
တော အဘိညာယ မုတံ မာမညိ မုတသ္မိံ မာမညိ၊ မုတ
တော မာမညိ၊ မုတံ မေတိ မာမညိ၊ မုတံ မာဘိနန္ဒတိ။
တံကိဿဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။ (ဇင်းသုတ်)

ဘိက္ခဝေ၊ တို့။ ဘိက္ခု၊ သော။ ယောပိ သော သေခေါ၊ သည်လည်း။ အနုတ္တရံ၊ သို့။ အပတ္တမာနသော၊ ၍။ ယောဂက္ခေမံ၊ ကို။ ပတ္ထယမာနော၊ ၍။ ဝိဟရတိ၊ ၏။ သောပိ သေခေါ၊ သည်လည်း။ ပ။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို။ မုတတော နံသော, စားသော, ထိသော တွေ့ခြင်းဟု။ အဘိဇာနာတိ၊ အမှတ်ဖြင့်သိ၏။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို။ မုတတော၊ နံသော, စားသော,ထိသော တွေ့ခြင်းဟု။ အဘိည၁ယ၊ အမှတ်ဖြင့်သိ၍။ မုတံ၊ နံသော,စားသော,ထိသော တွေ့ခြင်းကို။ မာမညိ၊ မထင်မှတ်။ ကိံမာ မညိ၊ အဘယ်သို့ မထင်မှတ်သနည်း။ မုတသ္မိံ၊ နံသော, စားသော, ထိသော တွေ့ခြင်း၌။ မုတံ၊ နံသော,စားသော,ထိသော တစိပ် တွေ့ခြင်းကို။ မေတိ၊ နံသော,စားသော, ထိသော တစိပ် တွေ့ခြင်းက ငါ, ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ မုတတော၊ နံသော, စားသော, ထိ သော တွေ့ခြင်းမှ။ မုတံ၊ နံသော,စားသော, ထိသော တစိပ်တွေ့ခြင်း ကို။ မေတိ၊ နံသော, စားသော, ထိသော တစိပ်တွေ့ခြင်းက ငါ,ငါ့ ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဣတိဣဝံ၊ ဤသို့။ မုတံ၊ နံသော, စား သော, ထိသော တွေ့ခြင်းကို၊ မာမညိ၊ မထင်မှတ်။ မုတံ၊ နံသော, စားသော, ထိသော တွေ့ခြင်းကို။ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿ ဟေတု၊ အဘယ်ကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခ အား။မုတံ၊နံသော,စားသော,ထိသောတွေ့ခြင်းကို။ ပရိညေယျံ ကိလေ သာနှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။ တောနဟောဘု၊ ကိလေ

သာနှင့်မစပ် အသိ အမှတ်ဖြင့် ပိုင်းခြား အပ်သော ထိုအကြောင်း ကြောင့်။ မာဘိနန္ဒတိ၊မနှစ်သက်။ ဇာတိဇေ၀ံ၊ ဤသို့။ ၀ဒါမိ၊ ငါဘုရား ဟောကြားတော်မူ၏။

ဤကား၊ နွားခေါင်း, လျှာ, ကိုယ်တို့ဖြင့်၊ အနံ့, အရသာ, အတွေ့အမျိုးမျိုးတို့ ကို တွေ့ရှိရာ၌၊ ဝိပဿနာအလုပ်ကို အားထုတ်ဆဲ ဖြစ်ကြသော၊ သေက္ခ ပုဂ္ဂိုလ်တို့၏ အသိအမှတ်ဖြစ်သော၊ အလေ့သဘောကို ပြဆိုခြင်းပေတည်း။

ယောပိ သော ဘိက္ခဝေ ဘိက္ခု သေခေါ အပတ္တမာန သော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ၊ သောပိ။ ပ။ ဝိညာတံ ဝိညာတတော အဘိဇာနာတိ၊ ဝိညာတံ ဝိညာတတော အဘိညာယ ဝိညာတံ မာမညိ၊ ဝိညာတသ္မိံ မာမညိ၊ ဝိညာတတော မာမညိ၊ ဝိညာတံ မေတိ မာမညိ၊ ဝိညာတံ မာဘိနန္ဒတိ။ တံကိဿဟေတု၊ ပရိညေယျံ တဿာတိ ဝဒါမိ။ (ဍင်းသုတ်)

ဘိက္ခဝေ၊ရဟန်းတို့။ဘိက္ခု၊ယောဂီအစစ် ရဟန်းဖြစ်သော။ယောပိ သော သေခေါ၊ ပုထုဇဉ်မည်ရ အကြွင်သေက္ခသည်လည်း။ အနုတ္တရံ၊ လောကုတ္တရာသို့။ အပတ္တမာနသော၊ မရောက်ဘူးသော ပုထုဇဉ်စိတ် ရှိသည်ဖြစ်၍။ယောဂက္ခေမံ၊နိဗ္ဗာန်ကို။ ပတ္ထယမာနော၊တောင့်တသည် ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သောပိ သေခေါ၊ ယောဂီအစစ် ရဟန်း အဖြစ်ထင် ပုထုဇဉ်မည်ရ ထိုသေက္ခသည်လည်း။ ပ။ ဝိညာတံ၊သိခြင်း ကို။ ဝိညာတတော၊ သိခြင်းဟု။ အဘိဇာနာတိ၊ အမှတ်ဖြင့် သိ၏။ ဝိညာတံ၊သိခြင်းကို။ ဝိညာတတော၊သိခြင်းဟု။ အဘိညာယ၊အမှတ် ဖြင့်သိ၍။ ဝိညာတံ၊သိခြင်းကို။မာမညိ၊မထင်မှတ်။ကိံ မာမညိ အဘယ် သို့ မထင်မှတ်သနည်း။ ဝိညာတသ္မိံ၊သိခြင်း၌။ ဝိညာတံ၊တစ်ပါးသိခြင်း ကို။ မေတိ၊တစ်ပါးသိခြင်းကိုက ငါ,ငါ့ဥစ္စာဟု။ မာမညိ၊ မထင်မှတ်။ ဝိညာတတော၊ သိခြင်းမှ။ ဝိညာတံ၊တစ်ပါးသိခြင်းကို။ မေတိ၊ တစ်ပါး သိခြင်းက ငါ,ငါ့ဥစ္စာဟု။မာမညိ၊မထင်မှတ်။ဇာတိဇေ၀ံ၊ဤသို့။ ဝိညာတံ၊ သိခြင်းတို့။ မာမညိ၊ မထင်မှတ်။ ဝိညာတံ၊ သိခြင်းကို။ မာဘိနန္ဒတိ၊ မနှစ်သက်။ တံကိဿဟေတု၊အဘယ်ကြောင်းကြောင့်။ မာဘိနန္ဒတိ၊ မနှစ်သက်သနည်း။ တဿ၊ ယောဂီအစစ် ရဟန်းအဖြစ်ထင် ပုထုဇဉ် မရည် ထိုသေက္ခအား။ ဝိညာတံ၊သိခြင်းကို။ ပရိညေယျံ၊ ကိုလေသာ

နှင့်မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်၏။တေနဟောတု၊ကိလေသာနှင့် မစပ် အသိအမှတ်ဖြင့် ပိုင်းခြားအပ်သော ထို အကြောင်းကြောင့်။ မာဘိနန္ဒတိ၊မနှစ်သက်။ ဣတိဧဝံ၊ဤသို့။ ဝဒါမိ၊ငါဘုရား ဟောကြား တော်မူ၏။

**ဤကား၊ စိတ်ဖြင့် သဘောအမျိုးမျိုးကို သိရာ၌၊ ဝိပဿနာ အလုပ်ကို အားထုတ်ဆဲ ဖြစ်ကြသော၊ သေက္ခ ယောဂီတို့၏ အသိအမှတ်ဖြစ်သော အလေ့သဘောကို ပြဆိုခြင်း ပေတည်း။**

ယခု ပြဆိုခဲ့သော ဒေသနာ အစဉ်များသည်ကား၊ အားထုတ်ဆဲ တရား၌တည် ယောဂီအစစ် ရဟန်းအဖြစ်ထင်၊ပုထုဇဉ်အမည်ရသော သေက္ခ၏ အစွမ်းအားဖြင့်၊ ဒုတိယနည်းဖြစ်ရာ အပိုင်းအခြားကို မှတ် သားရန် ပြဆိုလိုက်သော စကားများဖြစ်၏။ ဒေသနာတော်လာ အစဉ် မှီး၍ အဓိပ္ပါယ်ညက် ကြီးကြပါလေ။

**အားထုတ်ဆဲသေက္ခ၏ အလားကို မှတ်သားရန် ပြဆိုချက်ပြီး၏။**

---

## ကံ,ဝိရတီအရနှင့် ရူပ ပရိစ္ဆေဒ၏ သဘောသွားကို ပိုင်းခြား၍ ပြဆိုခြင်း

ဒွါရသည်၊ ကမ္မဒွါရ,ဝိထိဒွါရအားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂-ပါးတို့တွင်၊ ကမ္မဒွါရသည်လည်း၊ ကာယဒွါရ, ဝစီဒွါရ,မနောဒွါရ အားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင်၊ကာယကံကို ဖြစ်စေ တတ်သော ကိုယ် အမူအရာသည်၊ ကာယဒွါရမည်၏။ ဝစီကံကို ဖြစ်စေတတ်သော နှုတ် အမူအရာသည်၊ ဝစီဒွါရမည်၏။ မနောကံကို ဖြစ်စေတတ်သော စိတ် အမူအရာသည်၊မနောဒွါရမည်၏။

ဝိထိဒွါရသည်လည်း၊စက္ခုဒွါရ,သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ, ကာယဒွါရ,မနောဒွါရအားဖြင့် ၆-ပါးအပြားရှိ၏။ထို ၆-ပါးတို့တွင်၊ စက္ခုဒွါရ, သောတဒွါရ,ဃာနဒွါရ,ဇိဝှါဒွါရ,ကာယဒွါရ ဤ ၅-ပါး သော ပဉ္စဒွါရသည်၊ ကာယကံ, ဝစီကံနှစ်ပါးကို မဖြစ်စေတတ်၊ မနောကံ တပါးကိုသာ ဖြစ်သောကြောင့်၊ မနောဒွါရမည်၏။ကိုယ်ဖြင့် မကောင်းသော အကျင့်၊ မကောင်းသော အလေ့အလာ၊ ဒုဿီလ မိစ္ဆာဇီဝသည်၊ကာယဒွါရမှာဖြစ်၏။နှုတ်ဖြင့် မကောင်းသောအကျင့်၊ မကောင်းသော အလေ့အလာ၊ ဒုဿီလ မိစ္ဆာဇီဝသည်၊ ဝစီဒွါရမှာ

ဖြစ်၏။ စိတ်ဖြင့် မကောင်းသော အကျင့်၊ မကောင်းသော အလေ့ အလာ၊ ဒုဿီလ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိသည်၊ မနောဒွါရမှာ ဖြစ်၏။

ကိုယ်ဖြင့် ကောင်းသော အကျင့်၊ ကောင်းသော အလေ့အလာ၊ သီလ သမ္မာအာဇီဝသည်၊ကာယဒွါရမှာဖြစ်၏။နှုတ်ဖြင့် ကောင်းသော အကျင့်၊ ကောင်းသော အလေ့အလာ၊ သီလ သမ္မာဇီဝသည်၊ ဝစီဒွါရမှာ ဖြစ်၏။စိတ်ဖြင့် ကောင်းသော အကျင့်၊ ကောင်းသော အလေ့ အလာ၊ သီလ အနဘိဇ္ဈာ,အဗျာပါဒ, သမ္မာဒိဋ္ဌိသည်၊ မနောဒွါရမှာ ဖြစ်၏။

မြင်သောခဏာ စက္ခုန္ဒြေကို၊ကြားသောခဏာ သောတိန္ဒြေကို၊နံသော ခဏာ ဃာနိန္ဒြေကို၊စားသောခဏာ ဇိဝှိန္ဒြေကို၊ ထိသောခဏာ ကာယိန္ဒြေ ကို၊ သိသောခဏာ မနိန္ဒြေကို၊ မစောင့်ရှောက်သော-ဒုဿီလ၊ မေ့လျော့ သော-မုဋ္ဌသတိ၊ မသိသော - အညာဏ၊ သည်းမခံသော - အက္ခန္တိ၊ အားမထုတ်သော-ကောသဇ္ဇ ဤ ၅-ပါးသည်၊ မနောဒွါရမှာဖြစ်၏။

မြင်သောခဏာ စက္ခုန္ဒြေကို၊ကြားသောခဏာ သောတိန္ဒြေကို၊နံသော ခဏာ ဃာနိန္ဒြေကို၊စားသောခဏာ ဇိဝှိန္ဒြေကို၊ထိသောခဏာ ကာယိန္ဒြေ ကို၊ သိသောခဏာ မနိန္ဒြေကို၊ စောင့်ရှောက်သော-သီလ၊ မမေ့လျော့ သော-သတိ၊ သိသော-ဉာဏ၊ သည်းခံသော-ခန္တီ၊ အားထုတ်သော- ဝီရိယ၊ ဤ ၅-ပါးသည်။ မနောဒွါရမှာဖြစ်၏။

ပစ္စည်း ၄-ပါးကို၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း၊ သတိ သမ္ပဇဉ်ကင်း မဆင်ခြင်ခြင်း ဒုဿီလသည်၊ မနောဒွါရမှာဖြစ်၏။ ပစ္စည်း ၄-ပါးကို၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း၊ သတိသမ္ပဇဉ် ဆင်ခြင်သော သီလသည်၊ မနောဒွါရမှာဖြစ်၏။

မျက်စိဖြင့် အဆင်းကို မြင်သောခဏာ ဇောကာလမှာ၊ ဝိပဿနာကို အားမထုတ်သော သူတို့၏ အထင်ဖြင့်သာမှတ်၍၊စက္ခုန္ဒြေကို မစောင့် ရှောက်သော-ဒုဿီလ၊ မေ့လျော့သော-မုဋ္ဌသတိ၊မသိသော-အညာဏ၊ သည်းမခံသော - အက္ခန္တိ၊ အားမထုတ်သော - ကောသဇ္ဇ ဤတရား ၅-ပါး ဖြစ်သည်ရှိသော်၊ စက္ခုန္ဒြေကို မစောင့်ရှောက်သည် မည်၏။ ဒွါရတံခါး မလုံခြုံ၊ ဘဝင်စိတ်,ဝီထိစိတ် မလုံခြုံ၊ လောဘ, ဒေါသ, မောဟတည်းဟူသော ခိုးသူသည်ဝင်၍၊ ကုသိုလ် တည်းဟူသော ဥစ္စာထုပ်ကို လုယူသည်မည်၏။ သဘောအားဖြင့် ဖြူစင် သန့်ရှင်း

ကြည်လင်သော၊ အာဝါသိကဖြစ်သော ဘဝင်စိတ်, ဝိထိစိတ်သည်လည်း၊ ဧည့်သည် အာဂန္တုကဖြစ်သော လောဘ, ဒေါသ, မောဟ ကိလေသာ အညစ်အကြေးဖြင့်၊ ညစ်ညူးလူးလဲ ပေရေ လိမ်းကျံနေသည်မည်၏။

ဇဝနက္ခဏေ ပန သစေ ဒုဿီလျံဝါ မုဋ္ဌဿစ္စံဝါ အညာဏံဝါ အက္ခန္တိံဝါ ကောသဇ္ဇံဝါ ဥပ္ပဇ္ဇတိ၊ အသံဝရော ဟောတိ။ ဧဝံ ဟောန္တော ပန သော စက္ခုန္ဒြိယေ အသံဝရောတိ ဝုစ္စတိ။ ကသ္မာ။ ယသ္မာ တသ္မိံ သတိဒွါရံပိ အဂုတ္တံ ဟောတိ၊ ဘဝင်္ဂံပိ အာဝဇ္ဇနာဒီနိပိ ဝိထိစိတ္တာနိ။
(ဝိသုဒ္ဓိမဂ်)

ဇဝနက္ခဏေ ပန၊ ဇောခဏ၌ကား။ ဒုဿီလျံဝါ၊ သီလမရှိသည်၏ အဖြစ်သည်ရင်း။ မုဋ္ဌဿစ္စံဝါ၊ မေ့လျော့သော သတိရှိသည်၏ အဖြစ်သည်ရင်း။ အညာဏံဝါ၊ မသိခြင်းသည်ရင်း။ အက္ခန္တိံဝါ၊ သည်းမခံခြင်းသည်ရင်း။ ကောသဇ္ဇံဝါ၊ ပျင်းရိသောသူ၏ အဖြစ်သည်ရင်း။ သစေ ဥပ္ပဇ္ဇတိ၊ အကယ်၍ဖြစ်အံ့။ အသံဝရော၊ မစောင့်ရှောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ ဟောန္တော၊ ဤသို့ဖြစ်သော။ သော၊ ထိုသူကို။ စက္ခုန္ဒြိယေ အသံဝရောတိ၊ စက္ခုန္ဒြေကို မစောင့်မရှောက်သောသူ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်သနည်း။ ယသ္မာ၊ အကြင့်ကြောင့်။ တသ္မိံ၊ ထိုမစောင့်ရှောက်ခြင်းသည်။ သတိ၊ ရှိသော်။ ဒွါရံပိ၊ ဒွါရတံခါးသည်လည်း။ အဂုတ္တံ၊ မလုံခြုံသည်။ ဟောတိ ဖြစ်၏။ ဘဝင်္ဂံပိ၊ ဘဝင်စိတ်သည်ရင်း။ အာဝဇ္ဇနာဒီနိ၊ အာဝဇ္ဇန်း အစရှိကုန်သော။ ဝိထိစိတ္တာနိပိ၊ ဝိထိစိတ်တို့သည်ရင်း။ အဂုတ္တာနိ၊ မလုံခြုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ ထို့ကြောင့်။ ဝုစ္စတိ၊ ဆိုအပ်၏။

ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ၊ တဉ္စခေါ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ။ (ကော်ဏ္ဏုရပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ပဘဿရံ၊ ကြည်လင်သန့်ရှင်း ဖြူစင်ခြင်းဖြင့် လင်းတလက်လက် ထွက်သော အရောင်တပြောင်ပြောင်တောက်ပ၏။ တဉ္စခေါ စိတ္တံ၊ ထို စိတ်သည်လည်း။ အာဂန္တုကေဟိ၊ ဧည့်သည် အာဂန္တုဖြစ်ကုန်သော။ ဥပက္ကိလေသေဟိ၊

ကိလေသာ အညစ်အကြေးတို့ဖြင့်။ ဥပက္ကိလိဋ္ဌ၊ ရောင်ဆင်းမမြူး ညစ်ညူးလူးလဲ၏။

နားဖြင့် အသံကို ကြားသောခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ လျှာဖြင့် အရသာကို စားသောခဏ၊ ကိုယ်ဖြင့် အတွေ့ကို ထိသောခဏ၊ စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလမှာ၊ ဝိပဿနာကို အားမထုတ်သောသူတို့၏ အထင်အမှတ်ဖြင့်သာ မှတ်၍၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ,ကာယိန္ဒြေ, မနိန္ဒြေကို၊ မစောင့်ရှောက်သော - ဒုသီလ၊ မေ့လျော့သော – မုဋ္ဌဿတိ၊ မသိသော-အညာဏ၊ သည်းမခံသော – အက္ခန္တိ၊ အားမထုတ်သော – ကောသဇ္ဇ။ ဤတရား ၅ ပါးဖြစ်သည်ရှိသော်၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို မစောင့်ရှောက်သည်မည်၏။

ဒွါရတံခါး မလုံခြုံ၊ ဘဝင်စိတ်,ဝီထိစိတ် မလုံခြုံ၊လောဘ,ဒေါသ, မောဟ တည်းဟူသော ခိုးသူသည်ဝင်၍၊ ကုသိုလ်တည်း ဟူသော ဥစ္စာထုပ်ကို လုယူသည်မည်၏။ သဘောအားဖြင့် မြစင် ကြည်လင် သန့်ရှင်းသော အာဝဇ္ဇနိကဖြစ်သော ဘဝင်စိတ်, ဝီထိစိတ်သည်လည်း၊ ဧည့်သည် အာဂန္တုကဖြစ်သော လောဘ,ဒေါသ, မောဟ ကိလေသာ အညစ်အကြေးဖြင့် ညစ်ညူးလူးလဲ၏။ ။သာဓက ပါဠိ အဋ္ဌကထာနည်းတူ။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ ဇောကာလမှာ၊ဝိပဿနာကို အားထုတ်သောသူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍၊ စက္ခုန္ဒြေကို စောင့်ရှောက်သော-သီလ၊ မမေ့လျော့သော-သတိ၊ သိသော-ဉာဏ၊ သည်းခံသော-ခန္တီ၊အားထုတ်သော-ဝီရိယ။ ဤတရား ၅-ပါးဖြစ်သည် ရှိသော်၊ စက္ခုန္ဒြေကို စောင့်ရှောက်သည်မည်၏။ဒွါရတံခါး လုံခြုံသည် မည်၏။ ဘဝင်စိတ်, ဝီထိစိတ် လုံခြုံသည်မည်၏။ လောဘ, ဒေါသ, မောဟတည်းဟူသော ခိုးသူမဝင်နိုင်။ ကုသိုလ်တည်းဟူသော ဥစ္စာ ထုပ်ကို လုမယူသည်မည်၏။ သဘောအားဖြင့် မြစင် ကြည်လင် သန့်ရှင်းသော၊အာဝဇ္ဇနိကဖြစ်သော ဘဝင်စိတ်, ဝီထိစိတ်သည်လည်း၊ ဧည့်သည် အာဂန္တုကဖြစ်သော လောဘ,ဒေါသ,မောဟ ကိလေသာ အညစ် အကြေးဖြင့်၊ မညစ်ညူးမလူးလဲ မပေရေ မလိမ်းကျံသည် မည်၏။

ဇဝနေ သီလာဒီသု ဥပ္ပန္နေသု ဒွါရံပိ ဂုတ္တံ ဟောတိ၊ ဘဝင်္ဂံပိ အာဝဇ္ဇနာဒီနိပိ ဝီထိစိတ္တာနိ။ တသ္မာ ဇဝနက္ခဏေ ဥပ္ပဇ္ဇမာနေနာပိ စက္ခုန္ဒြိယေ သံဝရောတိ ဝုတ္တော။ သောတေန သဒ္ဒံ သုတွာတိ အာဒီသုပိ ဧသေဝနယော။ ဧဝ မိဒံ သင်္ခေပတော ရူပါဒီသု ကိလေသာနုဗန္ဓ နိမိတ္တာ ဒိဂ္ဂါဟပရိဝဇ္ဇနလက္ခဏံ ဣန္ဒြိယသံဝရသီလန္တိ ဝေဒိတဗ္ဗံ။
(ဝိသုဒ္ဓိမဂ်)

ဇဝနေ၊ ဇောဝယ်၌။ သီလာဒီသု သီလ,သတိ,ဉာဏ,ခန္တီ, ဝီရိယ ၅-ပါးတို့သည်။ ဥပ္ပန္နေသု၊ ဖြစ်ကုန်သည်ရှိသော်။ ဒွါရံပိ၊ ဒွါရသည်လည်း။ ဂုတ္တံ လုံခြုံသည်။ ဟောတိ၊ ဖြစ်၏။ ဘဝင်္ဂံပိ၊ ဘဝင်သည်၎င်း။ အာဝဇ္ဇနာဒီနိ အာဝဇ္ဇန်းအစရှိကုန်သော။ ဝီထိစိတ္တာနိပိ၊ ဝီထိစိတ်တို့သည်၎င်း။ ဂုတ္တာနိ၊ လုံခြုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဇဝနက္ခဏေ၊ ဇောခဏ၌။ ဥပ္ပဇ္ဇမာနေနာပိ သံဝရေ၊ဖြစ်သော စောင့်ရှောက်ခြင်းကိုလည်း။ စက္ခုန္ဒြိယေ သံဝရောတိ၊ စက္ခုန္ဒြေကို စောင့်ရှောက်၏ဟူ၍။ ဝုတ္တော၊ဆိုအပ်၏။သောတေန၊နားဖြင့်။ သဒ္ဒံ၊အသံကို။ သုတွာ၊ကြား၍။ ဣတိအာဒီသုပိ၊ ဤသို့အစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ဤနည်းလျှင် နည်းရှိသလျှင်ကတည်း။ဧဝံ၊ဤသို့။သင်္ခေပတော၊ အကျဉ်းအားဖြင့်။ ရူပါဒီသု၊ အဆင်းအစရှိသည်တို့၌။ ကိလေသာနုဗန္ဓ နိမိတ္တာဒိဂ္ဂါဟ ပရိဝဇ္ဇနလက္ခဏံ၊ ကိလေသာ အစဉ်တစိုက် မပြတ်လိုက်သော၊ မိန်းမ ယောကျ်ား ခြေလက်အင်္ဂါ မျက်နှာရင်ဝမ်း နှုတ်ခမ်းသွားမေး ယဉ်ကျေးအစ လှပတင့်တယ် ပြုံးရယ်ခြင်း,ပြောဆိုခြင်း, တူရူတစောင်းကြည့်ခြင်း စသော အထင်အမှတ်ဖြင့်၊ပေါက်ပြန်မှားယွင်းသော အယူမှ ရှောင်ကြဉ်သော လက္ခဏာရှိသော။ဣဒံသီလံ၊ မြင်-မြင်တယ် အမှတ်ဖြင့်သိသော ဤအလေ့ကို။ဣန္ဒြိယသံဝရသီလန္တိ၊ ဣန္ဒြေကို စောင့်ရှောက်သော အလေ့ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

နားဖြင့် အသံကို ကြားသောခဏ၊ နှာခေါင်းဖြင့် အနံ့ကို နံသောခဏ၊ လျှာဖြင့် အရသာကို စားသောခဏ၊ကိုယ်ဖြင့်အတွေ့ကို ထိသောခဏ၊စိတ်ဖြင့် သဘောကို သိသောခဏ ဇောကာလမှာ၊ ဝိပဿနာကို အားထုတ်သော သူတို့၏ အသိအမှတ်ဖြင့်သာ မှတ်၍၊ သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေကို စောင့်ရှောက်သော-သီလ၊

အပိုင်း အခြား မှုသာ ဖြစ်၏။ ထိုအတူ၊ တဒနုဝတ္တက မနောဒွါရ ဇောကာလမှာ ဒုတိယအကြိမ်၊တဒနုဝတ္တကမနောဒွါရ ဇောကာလမှာ တတိယအကြိမ်၊ မြင်-မြင်တယ် မှတ်ခြင်းသည်၊ စက္ခုဒွါရဖြင့် မြင်ပြီးသော အဆင်းကို အာရုံပြု၍၊မြင်-မြင်တယ် မှတ်သောကြောင့်၊အဆင်းဟူသော ရုပ်အပိုင်းအခြားမှုသာဖြစ်၏။

ထိုအတူ၊ ကြားသောခဏ, နံသောခဏ,စားသောခဏ, ထိသော ခဏ,သိသောခဏ၊ ကြားတယ်, နံတယ်, စားတယ်, ထိတယ်,သိတယ် မှတ်ခြင်းသည်၊ အသီးအသီး မိမိဥစ္စာဖြစ်သော၊ အသံ,အနံ့,အရသာ, အတွေ့,သဘောကိုအာရုံပြု၍၊ကြားတယ်,နံတယ်,စားတယ်,ထိတယ်, သိတယ် မှတ်သောကြောင့်၊ အသံ, အနံ့, အရသာ, အတွေ့, သဘော ဟူသော ရုပ်အပိုင်းအခြားမှုသာဖြစ်၏။

မြင်သောခဏ မြင် - မြင်တယ် မှတ်ရာ၊ မြင် – စက္ခုဝိညာဉ်ဆိုသည် ဖြစ်လျက်၊ နာမ် အပိုင်းအခြားမဖြစ်၊ အဆင်းဟူသော-ရုပ် အပိုင်း အခြားမှုသာ ဖြစ်၏ဆိုသော စကားရပ်၌။ မြင်သောခဏ၊ မှတ်သော အသိဉာဏ်မှာ၊ မျက်စိဖြင့် အဆင်းကို မြင်တယ်၊ အဓိပ္ပါယ် မှတ်မထင်၊ ရုပ်နှင့်နာမ် ၃ - ပါးလုံးကွဲအောင် မမြင်ခင်၊ မြင်၏လော မြင်၏။ အဘယ်ကို မြင်သနည်း၊ အညို, အရွှေ, အနီ, အဖြူစသည် တခုခုကို မြင်၏ဟု၊ အဆင်းကိုသာ မှတ်၍ ပြောဆိုသကဲ့သို့။ မြင်-စက္ခုဝိညာဉ် ဆိုသော်လည်း၊ မြင်သောခဏ မြင်-မြင်တယ်ဟု၊ အညို, အရွှေ, အနီ, အဖြူစသည်၊တခုခု အဆင်းကိုသာ အာရုံပြု၍၊ အာဒိကမ္မိက အစစွာ ရုပ်ကို ပိုင်းခြားသော ယောဂီမှတ်၏ဆိုသည်၊ အဆင်းဟူသော – ရုပ် အပိုင်းအခြားမှုသာဖြစ်၏။ နာမ် အပိုင်းအခြားမဖြစ်။ ဤနည်းကိုမှီ၊ နောက်ဆိုရန် သိသာလှပြီ။

ကံ,ဝိရတီနှင့် ရူပပရိစ္ဆေဒ၏ သဘောသွားကို ပြဆိုချက်ပြီး၏။

---

## နာမပရိစ္ဆေဒနှင့် ဥါရစသည်တို့၏အချုပ်ကို အဘိဓေယျ သုတ်ဖြင့် ထုတ်နုတ်၍ ပြဆိုခြင်း

ဤနည်းဖြင့် ကြိမ်ဖန်များစွာ သိမှတ်ပိုင်းခြားပါများ၍၊ နာမ်ကို ပိုင်းခြားသော ဉာဏ်တဆင့်၊ဘာသာအလျောက် တက်သည်ရှိသော်၊ မြင်သောခဏ၊မြင်–မြင်တယ်ဟု အဆင်းကို တကြိမ်၊ဝိပဿနာစိတ်ဖြင့်

မှတ်၏။ မြင်တယ်မှတ်သော ရှေ့ ဝိပဿနာစိတ်ကို၊ မြင်တယ်မှတ် မှတ်တယ်ဟု စိတ်ကိုတကြိမ်၊နောက် ဝိပဿနာစိတ်ဖြင့် မှတ်၏။ဤသို့ မှတ်သည်ရှိသော်၊ ရုပ်ကို ပိုင်းခြားသောဉာဏ်၊ နာမ်ကိုပိုင်းခြားသော ဉာဏ်စုံ၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။ မြင်သောခဏ ယောဂီ၏ ဉာဏ်မှာ၊မြင်—မြင်တယ်၊မြင်တယ်မှတ် မှတ်တယ်ထင်၏။

ထို့အတူ၊ ကြားသောခဏ၊ ကြား – ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်။ နံသောခဏ၊ နံ-နံတယ်၊ နံတယ်မှတ် မှတ်တယ်။စားသော ခဏ၊စား-စားတယ်၊ စားတယ်မှတ် မှတ်တယ်။ ထိသောခဏ၊ ထိ-ထိတယ်၊ထိတယ်မှတ် မှတ်တယ်။ သိသောခဏ၊သိ-သိတယ်၊ သိတယ် မှတ် မှတ်တယ်၊ ယောဂီ၏ ဉာဏ်မှာထင်၏။ ဤသို့ ထင်သည်ရှိသော်၊ ရုပ်ကို ပိုင်းခြားသောဉာဏ်၊ နာမ်ကို ပိုင်းခြားသောဉာဏ်စုံ၍၊ နာမ ရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၏။

အဆင်းထင်မှ မျက်စိကြည်၏၊ မျက်စိကြည်မှ အဆင်းထင်၏။ မျက်စိကြည်မှ အဆင်းထင်မှ၊ မျက်စိဖြင့် အဆင်းကို မြင်ရာ၌၊အဆင်း ထင်သောခဏ၊ မျက်စိ၏ ကြည်ခြင်းသည်၊ မျက်စိ၏ ရူပ္ပနလက္ခဏာ မည်၏။ အဆင်း၌ မြင်သောစိတ်ကို ဆွဲပို့ခြင်းသည်၊ မျက်စိ၏ ကိစ္စ မည်၏။မြင်-မြင်တယ်မှတ်သော ယောဂီဉာဏ်မှာ၊မျက်စိဖြင့် မြင်တယ် ထင်ခြင်းသည်၊ မျက်စိ၏ ပစ္စုပဋ္ဌာန်မည်၏။ ကလာပ်တူ ကမ္မဇမဟာ ဘုတ်သည် မျက်စိ၏ ပဒဋ္ဌာန်မည်၏။

မျက်စိကြည်သောခဏ၊အဆင်း၏ ထင်ခြင်းသည်၊ အဆင်း၏ ရုပ္ပန လက္ခဏာမည်၏။ မြင်သောစိတ်၏ အာရုံဖြစ်ခြင်းသည်၊အဆင်း၏ကိစ္စ မည်၏။မြင်-မြင်တယ်မှတ်သော ယောဂီဉာဏ်မှာ၊အဆင်းဖြူလျှင် အဖြူ ထင်ခြင်းသည်၊ အဆင်း၏ ပစ္စုပဋ္ဌာန်မည်၏။ ကလာပ်တူ မဟာဘုတ် သည်၊ အဆင်း၏ ပဒဋ္ဌာန်မည်၏။

မျက်စိကြည်သောခဏ၊ အဆင်းထင်သောခဏ၊ အဆင်းကို အာရုံ ပြုခြင်းသည်၊ မြင်သောစိတ်၏ နမနလက္ခဏာမည်၏။ အဆင်းကို မြင် ခြင်းသည်၊ မြင်သော စိတ်၏ကိစ္စမည်၏။ မြင် - မြင်တယ် မှတ်သော ယောဂီဉာဏ်မှာ၊အဆင်းကို မြင်တယ် ထင်ခြင်းသည်၊မြင်သောစိတ်၏ ပစ္စုပဋ္ဌာန်မည်၏။အဆင်းကို ဆင်ခြင်သော အာဝဇ္ဇန်းသည်၊မြင်သော စိတ်၏ ပဒဋ္ဌာန်မည်၏။

မျက်စိဖြင့် အဆင်းကို မြင်သောခဏ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊ ပစ္စုပ္ပန်လႏၲဏာအင်္ဂါ ၄-ပါးနှင့် ပြည့်စုံသောအဆင်းကို၊ ဇောကာလမှာ ·မြင်-မြင်တယ်မှတ်ခြင်းသည်၊ အဆင်းကိုသာ သိသည် မဟုတ်သေး၊ အဆင်း၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကိုလည်း သိ၏။ ဆင်ပြောင်ကြီးတွေ့ကတည်းက၊ဆင်ခြေရာ ခံဘွယ်မရှိပြီ ဟူသကဲ့သို့။ အဆင်းကို မြင်-မြင်တယ်မှတ်ကတည်းက၊ အဆင်း၏လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ကို မှတ်ဖွယ်မရှိပြီ။ ထို့ကြောင့်၊ လက္ခဏာ, ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကို၊ ဤနေရာ၌ အထူးမဆိုလိုပြီ။

ဤနည်းဖြင့် အကြိမ်ကြိမ် အခါခါ၊ သိမှတ်ပိုင်းခြားပါများ၍၊ဉာဏ် အဆင့်ဆင့် တက်သည်ရှိသော်၊ မြင်သောခဏ၊ မြင်တာက စိတ်ဘဲ၊ အဆင်းက အာရုံဘဲ၊အဆင်းထင် ကြည်လင်တာက မျက်စိဘဲ၊ မျက်စိဖြင့်အဆင်းကို မြင်တာဘဲ။

ကြားသောခဏ၊ကြားတာက စိတ်ဘဲ၊အသံက အာရုံဘဲ၊အသံထင် ကြည်လင်တာက နားဘဲ၊နားဖြင့် အသံကို ကြားတာဘဲ။နံသောခဏ၊နံတာက စိတ်ဘဲ၊အနံ့က အာရုံဘဲ၊အနံ့ထင်ကြည်လင်တာက နှာခေါင်းဘဲ၊နှာခေါင်းဖြင့် အနံ့ကို နံတာဘဲ။စားသောခဏ၊ စားတာက စိတ်ဘဲ၊ အရသာက အာရုံဘဲ၊အရသာထင် ကြည်လင်တာက လျှာဘဲ၊လျှာဖြင့် အရသာကို စားတာဘဲ။ထိသောခဏ၊ထိတာက စိတ်ဘဲ၊တွေ့တာက အာရုံဘဲ၊ အတွေ့ထင် ကြည်လင်တာက ကိုယ်ဘဲ၊ကိုယ်ဖြင့် အတွေ့ကို ထိတာဘဲ။ သိသောခဏ၊ သိတာက စိတ်ဘဲ၊ သဘောက အာရုံဘဲ၊ သဘောထင် ကြည်လင်တာက စိတ်ဘဲ၊စိတ်ဖြင့် သဘောကို သိတာဘဲ။

အာရုံနှင့် တွေ့တာက ဖဿဘဲ၊ အာရုံကို နှစ်သက်တာက ချမ်းသာဘဲ၊ မနှစ်သက်တာက ဆင်းရဲဘဲ။ ချမ်းသာ, ဆင်းရဲ မထင်တာက ဥပေက္ခာဘဲ။ ဒွါရ, အာရုံ, ဝိညာဏ်, ဖဿ, ဝေဒနာ ဝီထိစိတ်ပါ၊ ရုပ်နာမ်ကွဲအောင်ယောဂီဉာဏ်မှာထင်၏။ဝိညာဏ်, ဖဿ,ဝေဒနာ ထင်သဖြင့်၊ စိတ်,စေတသိက် ဝီထိစိတ္တုပ္ပါဒ် ထင်သည်မည်၏။ ဤသို့ ထင်သောအခါ၊ မြင်သောခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိဖြင့်အဆင်းကို မြင်တယ်။ပ။ သိသောခဏ၊သိ—သိတယ်၊ သိတယ်မှတ် မှတ်တယ်၊ စိတ်ဖြင့် သဘောကို သိတယ်၊ ယောဂီဉာဏ်မှာ ထင်၏။ဤသို့ ယောဂီဉာဏ်မှာ ထင်သည်ကို ရည်တော်မူ၍၊

စက္ခုံ အဘိညေယျံ၊ ရူပါအဘိညေယျာ၊ စက္ခုဝိညာဏံ အဘိညေယျံ၊စက္ခုသမ္ဖဿော အဘိညေယျော၊ယမိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခ မသုခံဝါ၊ တမ္ပိ အဘိညေယျံ။ သောတံ၊ ဃာနံ၊ ဇိဝှါ၊ ကာယော၊ မနော အဘိညေယျော၊ ဓမ္မာ အဘိညေယျာ၊ မနောဝိညာဏံ အဘိညေယျံ၊ မနောသမ္ဖဿော အဘိညေယျော၊ ယမိဒံ မနောသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ။ တမ္ပိ အဘိညေယျံ။

ဟု အဘိညေယျနိဒ္ဒေသကို ဟောတော်မူပြီ။

စက္ခုံ၊မျက်စိကို။ အဘိညေယျံ၊အမှတ်ဖြင့် သိအပ်၏။ ရူပါ၊အဆင်းတို့ကို။ အဘိညေယျာ၊အမှတ်ဖြင့် သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊မြင်ခြင်းကို။အဘိညေယျံ၊အမှတ်ဖြင့် သိအပ်၏။စက္ခုသမ္ဖဿော၊မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကို။အဘိညေယျော၊အမှတ်ဖြင့် သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိဖြင့် မြင်ခြင်း၏ အဆင်းနှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာလည်းဖြစ်သော။ ဒုက္ခံဝါ၊ ဆင်းရဲလည်းဖြစ်သော။အဒုက္ခမသုခံဝါ၊ချမ်းသာလည်းမဟုတ်, ဆင်းရဲလည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ထိုခံစားခြင်းကိုလည်း။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ ပ ။ သောတံ၊နားကို။ အဘိညေယျံ၊အမှတ်ဖြင့် သိအပ်၏။ ဃာနံ၊နှာခေါင်းကို။ အဘိညေယျံ အမှတ်ဖြင့် သိအပ်၏။ ဇိဝှါ၊လျှာကို။ အဘိညေယျာ၊ အမှတ်ဖြင့် သိအပ်၏။ ကာယော၊ကိုယ်ကို။ အဘိညေယျော၊အမှတ်ဖြင့် သိအပ်၏။ မနော၊စိတ်ကို။အဘိညေယျော၊အမှတ်ဖြင့် သိအပ်၏။ ဓမ္မာ၊ သဘောတို့ကို။ အဘိညေယျာ၊ အမှတ်ဖြင့် သိအပ်ကုန်၏။ မနောဝိညာဏံ၊သိခြင်းကို။ အဘိညေယျံ၊ အမှတ်ဖြင့် သိအပ်၏။ မနောသမ္ဖဿော၊စိတ်ဖြင့် သိခြင်း၏ သဘောနှင့် တွေ့ခြင်းကို။အဘိညေယျော၊အမှတ်ဖြင့် သိအပ်၏။ မနောသမ္ဖဿပစ္စယာ၊ စိတ်ဖြင့် သိခြင်း၏ သဘောနှင့် တွေ့ခြင်းကြောင့်။ သုခံဝါ၊ ချမ်းသာလည်းဖြစ်သော။ ဒုက္ခံဝါ၊ဆင်းရဲလည်းဖြစ်သော။အဒုက္ခမသုခံဝါ၊ချမ်းသာလည်းမဟုတ်, ဆင်းရဲလည်းမဟုတ်သော။ ယမိဒံ ဝေဒယိတံ၊ အကြင်ခံစားခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။တမ္ပိ၊ထိုခံစားခြင်းကိုလည်း။အဘိညေယျံ၊အမှတ်ဖြင့် သိအပ်၏။

ဤအဘိဓမ္မာသင်္ဂြိုဟ်လာ သမထဝိပဿနာ စိတ်ဖြစ်စဉ်လဲ သိနိုင်သည်။ ခြွေရ,အာရုံ,
ပိညာဏ်,ဖဿ,ဝေဒနာ,သုခ,ဒုက္ခ, ဥပေက္ခာ၊ သိမှတ်ပိုင်းခြားတိုင်း,
သိမှတ်ပိုင်းခြားတိုင်း၊ ယောဂီဉာဏ်မှာ ထင်သည့်ရှိသော်၊ ရုပ်နာမ်
ထင်ကာမျှမဟုတ်၊ ခွါရ, အာရုံ,ပိညာဏ်, ဖဿ, သုခ,ဒုက္ခ,ဥပေက္ခာ
ဝေဒနာတို့နှင့် ဆက်ဆံသော၊ ကာမဘုံဖြင့် ရေတွက်အပ်သော၊ ခန္ဓာ
၅-ပါး၊ ခွါရ ၆-ပါး၊အာရုံ ၆-ပါး၊ ပိညာဏ် ၆-ပါး၊ဖဿ ၆-ပါး၊
ဝေဒနာ ၆-ပါး၊ သညာ ၆-ပါး၊ စေတနာ ၆-ပါး၊ တဏှာ ၆ ပါး၊
ဝိတက် ၆-ပါး၊ ဝိစာရ ၆-ပါး၊ ဓာတ် ၆-ပါး၊ ကောဋ္ဌာသ ၃၂-ပါး၊
အာယတန ၁၂ ပါး၊ ဓာတ် ၁၈-ပါး၊ လောကီဣန္ဒြေ ၁၉-ပါး၊
ကာမဓာတ်,ကာမဘဝ, ပဉ္စဝေါကာရဘဝ, သညီဘဝ ပဋိစ္စသမုပ္ပါဒ်
အင်္ဂါ ၁၂-ပါး၊ထိုက်သည့်အားလျော်စွာ ထင်၏။ နှုတ်တက်အောင်
သုတမယဉာဏ်ဖြင့် မဆောင်ဘူးသူသည်၊ အမည်နာမ သရုပ်သဘောကို
ပညတ်တင်၍ မပြောမဆိုနိုင်၊ ထင်သောအတိုင်း, မှတ်သောအတိုင်း
သာ၊ ဝိပဿနာမှာ ပြောဆိုနိုင်၏။

ဒွါရစသည်တို့၏ အချုပ်ကို အဘိဓမ္မာသုတ်ဖြင့် ပြဆိုချက်ပြီး၏။

---

## လေးပါးသော ဣရိယာပုထ်၌ နာမ်ရုပ်၏ အပိုင်းအခြားကို မှတ်သားရန် ပြဆိုခြင်း

စိတ်ဖြင့် သဘောကို သိသောခဏ၊သိ-သိတယ်မှတ် ဆိုသောစကား
ရပ်၌၊သိ-သိတယ် မှတ်ခြင်းသည်၊သမထသာဖြစ်၏။ ဝိသေသအားဖြင့်
သော်ကား များသောအပြားရှိ၏။ အကျယ်ဆိုသော်လည်း၊ဝိပဿနာ
မှာအကျိုးမရှိပြီ၊ဝိပဿနာမည်သည်ကား၊သတိပဋ္ဌာန်နှင့်တရံတခါမျှ
မကင်းကောင်း၊ဝိပဿနာဉာဏ် အခြေအမြစ်မှန်သော သတိပဋ္ဌာန်ကို
သာဆိုမည်၊ ဝိပဿနာဉာဏ် အခြေအမြစ်မှန်သော သတိပဋ္ဌာန်အရ၊
သွားသောခဏ၊ သွား သွားတယ်မှတ်။ ရပ်သောခဏ၊ ရပ်-ရပ်တယ်
မှတ်။ ထိုင်သောခဏ၊ ထိုင် - ထိုင်တယ်မှတ်။ အိပ်သောခဏ အိပ်-
အိပ်တယ်မှတ်။

၁။ သွားသောခဏ၊သွား-သွားတယ်မှတ်ဆိုသောစကားရပ်၌၊သွား
ချင်သောစိတ် ဖြစ်သောခဏ၊ စိတ္တဇဝါယောဓာတ် လှုပ်ရှားခြင်းသည်
ကိုယ်လှုပ်ရှားသောခဏမည်၏။ ကိုယ်လှုပ်ရှားသောခဏ၊ ကိုယ်တနေ့

ရွေ့ရွေ့ ရွေ့ခြင်းသည်၊ သွားသောခဏမည်၏။ ထို့ကြောင့် သွားသော ခဏ ဆိုသည်။

ကိုယ်တရွေ့ရွေ့ ရွေ့ခြင်းသည်၊ ရွေ့သည်ကို သွား-သွားတယ်ဟု ဝိပဿနာဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊သွားသည်မည်၏။ ထို့ကြောင့် **သွား** ဆိုသည်။သွားသည်ကို သွား-သွားတယ်ဟု ဝိပဿနာ စိတ်ဖြင့် အမှတ်ပြုခြင်းသည်၊ သွားတယ် မှတ်သည်မည်၏။ ထို့ကြောင့် **သွားတယ်မှတ်** ဆိုသည်။ ထို့ကြောင့် သွားသောခဏ၊ **သွား-သွား တယ်မှတ်** ဆိုသည်။

၂။ ရပ်သောခဏ၊ ရပ်-ရပ်တယ်မှတ် ဆိုသောစကားရပ်၌ ရပ်ချင်သောစိတ် ဖြစ်သော ခဏ စိတ္တဇဝါယောဓာတ် ထောက်ခံတည်တံ့ခြင်းသည်၊ကိုယ်မတ်တန့်သော ခဏမည်၏။ ကိုယ်မတ်ကန့်သော ခဏ၊ ကိုယ်မရွေ့ခြင်းသည်၊ ရပ်သောခဏမည်၏။ ထို့ကြောင့် ရပ်သော ခဏဆိုသည်။

ကိုယ်မရွေ့ခြင်းသည်၊ မရွေ့သည်ကို ရပ်-ရပ်တယ်ဟု၊ ဝိပဿနာဖြင့် သိမှတ် ပိုင်းခြားအပ်သောကြောင့်၊ ရပ်သည်မည်၏။ ထို့ကြောင့် **ရပ်** သည်ဆိုသည်။ ရပ်သည်ကို ရပ်-ရပ်တယ်ဟု၊ ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည်၊ ရပ်တယ် မှတ်သည်မည်၏။ ထို့ကြောင့် **ရပ်တယ် မှတ်**ဆိုသည်။ထို့ကြောင့် ရပ်သောခဏ၊ **ရပ်-ရပ်တယ်မှတ်**ဆိုသည်။

၃။ ထိုင်သောခဏ၊ **ထိုင်-ထိုင်တယ်မှတ်** ဆိုသော စကားရပ်၌၊ ထိုင်ချင်သောစိတ် ဖြစ်သောခဏ၊စိတ္တဇဝါယောဓာတ် ကျခြင်းသည်၊ အထက်ကိုယ်ကို ချသောခဏမည်၏။ အထက်ကိုယ်ကို ချသောခဏ၊ အောက်ကိုယ်ကို ခေါက်၍၊ အထက်ကိုယ်ကို တည်ထားခြင်းသည်၊ ထိုင်သောခဏမည်၏။ ထို့ကြောင့် ထိုင်သောခဏဆိုသည်။

အောက်ကိုယ်ကို ခေါက်၍၊ အထက်ကိုယ်ကို တည်ထားခြင်းသည်၊ တည်ထားသည်ကို ထိုင်-ထိုင်တယ်ဟု၊ ဝိပဿနာဖြင့် သိမှတ်ပိုင်းခြား အပ်သောကြောင့်၊ထိုင်သည်မည်၏။ထို့ကြောင့် **ထိုင်**ဆိုသည်။

ထိုင်သည်ကို ထိုင်-ထိုင်တယ်ဟု၊ ဝိပဿနာ အမှတ်ပြုခြင်းသည်၊ ထိုင်တယ် မှတ်သည်မည်၏။ ထို့ကြောင့် **ထိုင်တယ်** မှတ်ဆိုသည်။ ထို့ကြောင့် ထိုင်သောခဏ၊ **ထိုင်-ထိုင်တယ်မှတ်** ဆိုသည်။

၄။ အိပ်သောခဏ၊ အိပ်-အိပ်တယ်မှတ် ဆိုသော စကားရပ်၌၊ အိပ်ချင်သောစိတ် ဖြစ်သောခဏ၊စိတ္တဇဝါယောဓာတ် ဖြန့်ခြင်းသည်၊ ကိုယ်ဆန့်ခင်းသော ခဏမည်၏။ ကိုယ်ဆန့်ခင်းသောခဏ၊ ကိုယ်စန့်လျောင်းခြင်းသည်၊ အိပ်သောခဏမည်၏။ကိုယ်စန့်လျောင်းခြင်းသည်၊ စန့်လျောင်းသည်ကို အိပ်-အိပ်တယ်ဟု၊ ဝိပဿနာဖြင့် သိမှတ်ပိုင်းခြားအပ်သောကြောင့်၊ အိပ်သည်မည်၏။ ထို့ကြောင့် **အိပ်** ဆိုသည်။

အိပ်သည်ကို အိပ်-အိပ်တယ်ဟု၊ ဝိပဿနာစိတ်ဖြင့် အမှတ်ပြုခြင်းသည်၊အိပ်တယ် မှတ်သည်မည်၏။ ထို့ကြောင့် အိပ်တယ်မှတ်ဆိုသည်။ ထို့ကြောင့် အိပ်သောခဏ၊ **အိပ်-အိပ်တယ်မှတ်** ဆိုသည်။

သွားဆိုတာက-မှတ်စရာအာရုံ၊သွားတယ် ဆိုတာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ။ ရပ်ဆိုတာက-မှတ်စရာအာရုံ၊ ရပ်တယ်ဆိုတာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက-သတိ,ပညာ,ဝိပဿနာ။ထိုင်ဆိုတာက–မှတ်စရာ အာရုံ၊ ထိုင်တယ်ဆိုဒါက–မှတ်တဲ့စိတ်၊ မှတ်ဆိုတာက - သတိ, ပညာ, ဝိပဿနာ။ အိပ်ဆိုတာက–မှတ်စရာ အာရုံ၊အိပ်တယ်ဆိုတာက-မှတ်တဲ့စိတ်၊ မှတ်ဆိုတာက-သတိ, ပညာ, ဝိပဿနာ။

သွား-သွားတယ်၊ ရပ်-ရပ်တယ်၊ ထိုင်-ထိုင်တယ်၊ အိပ်-အိပ်တယ် ဆိုသော စကားရပ်၌၊ သွားသော - ရုပ်ကို၊ သွားတယ် မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ရပ်သော-ရုပ်ကို၊ ရပ်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ထိုင်သော-ရုပ်ကို၊ ထိုင်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ အိပ်သော-ရုပ်ကို၊ အိပ်တယ်မှတ်သော ဝိပဿနာစိတ်ဖြင့် ပိုင်းခြား၏။ ရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

ဤဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း၊ဉာဏ်တဆင့်တက်၍၊ သွားတယ်မှတ်သော ရှေ့စိတ်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ သွားတယ်မှတ် မှတ်တယ်။ ရပ်တယ်မှတ်သော ရှေ့စိတ်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ ရပ်တယ်မှတ် မှတ်တယ်။ ထိုင်တယ်မှတ်သော ရှေ့စိတ်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ ထိုင်တယ်မှတ် မှတ်တယ်။ အိပ်တယ်မှတ်သော ရှေ့စိတ်ကို၊ နောက် ဝိပဿနာစိတ်ဖြင့်၊ အိပ်တယ်မှတ် မှတ်တယ်ဟု၊ နာမ်ကိုပိုင်းခြား၏။ နာမ်,ရုပ်စုံ၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

သွားသောခဏ၊ ရပ်သောခဏ၊ ထိုင်သောခဏ၊ အိပ်သောခဏ မှတ်တိုင်း,မှတ်တိုင်း၊သွား-သွားတယ်၊သွားတယ်မှတ် မှတ်တယ်။ရပ်-

ရပ်တယ်၊ ရပ်တယ်မှတ် မှတ်တယ်။ ထိုင်-ထိုင်တယ်၊ ထိုင်တယ်မှတ် မှတ်တယ်။ အိပ်-အိပ်တယ်၊ အိပ်တယ်မှတ် မှတ်တယ်။ ဉာဏ်မှာထင်၏။

ဉာဏ်အဆင့်ဆင့်တက်၍၊ သွားချင်သောစိတ်, ရပ်ချင်သောစိတ်, ထိုင်ချင်သောစိတ်, အိပ်ချင်သောစိတ် ဖြစ်သောခဏခဏ၊ မသွားမှီ သွားမည့်အစီအရင်၊ မရပ်မှီ ရပ်မည့်အစီအရင်၊ မထိုင်မှီ ထိုင်မည့် အစီအရင်၊ မအိပ်မှီ အိပ်မည့် အစီအရင်၊ ကိုယ်အမူအရာ ဟူသမျှ ကိုလည်းမှတ်၏။ မှတ်သော ရှေ့စိတ်ကိုလည်း၊ နောက် စိတ်ဖြင့်မှတ်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်၏။ မထူးမပြား၍ မဖြေငြားသော်လည်း၊ သိသာလှပြီ။

ဣရိယာပုထ်လေးပါး၌ နာမ်, ရုပ် တရား ၂-ပါးတို့၏ အပိုင်းအခြားကို ပြဆိုချက်ပြီး၏။

## ဣရိယာပထနှင့် သမ္ပဇညတရားတို့၏အဓိပ္ပါယ်ကို သိလွယ်အောင် ပြဆိုခြင်း

ဣရိယာပုထ်သည်၊ မဟာဣရိယာပုထ်, မဇ္ဈိမဣရိယာပုထ်, ခုဒ္ဒက ဣရိယာပုထ်အားဖြင့် ၃-ပါးအပြားရှိ၏။ထို ၃-ပါးတို့တွင်၊ ဣရိယာ ပထပဗ္ဗ၌လာသော၊ သွားသော ဣရိယာပုထ်၊ ရပ်သော ဣရိယာပုထ်၊ ထိုင်သော ဣရိယာပုထ်၊ အိပ်သော အရိယာပုထ် ၄-ပါးသည်၊ ကာ လအားဖြင့် ရှည်ကြာလွန်းသည်ဖြစ်၍၊ မဟာ ဣရိယာပုထ် မည်၏။ သမ္ပဇညပဗ္ဗ၌၊ အဘိက္ကန္တေ ပဋိက္ကန္တေ-အရ ဋ္ဌာနန္ဒ၌လာသော၊ ၎င်း ဣရိယာပုထ် ၄-ပါးသည်၊ ကာလအားဖြင့် မရှည်လွန်း မကြာလွန်း သည်ဖြစ်၍၊ မဇ္ဈိမဣရိယာပုထ်မည်၏။ ဂတေ,ဌိတေ,နိသိန္နေ,သုတ္တေ- အရ ဋ္ဌာနန္ဒ၌လာသော၊ ၎င်းဣရိယာပုထ် ၄-ပါးသည်၊ ကာလအား ဖြင့် တိုလွန်းသည်ဖြစ်၍၊ ခုဒ္ဒကဣရိယာပုထ်မည်၏။

မဟာဣရိယာပုထ် ၄-ပါး၊ မဇ္ဈိမဣရိယာပုထ် ၄-ပါး၊ ခုဒ္ဒက ဣရိယာပုထ် ၄-ပါးကိုပေါင်း၍၊ တပါးတပါးသော ဣရိယာပုထ် ဖြစ်သော်၊ သွား သော ဣရိယာ ပုထ်၌၊ ရှေ့သို့ တက် ခြင်းသည်၊ အဘိက္ကန္တ-အရ သွားသည် မည်၏။ နောက်သို့ ဆုတ်ခြင်းသည်၊ ပဋိက္ကန္တ-အရ ပြန်သည်မည်၏။ရပ်သော ဣရိယာပုထ်၌၊ ရှေ့ကုန်းခြင်း သည်၊ ၎င်းအရ သွားသည်မည်၏။ နောက်လှန်ခြင်းသည်၊ ၎င်းအရ ပြန်သည်မည်၏။ထိုင်သောဣရိယာပုထ်၌၊ ရှေ့ကုန်ခြင်းသည်၊ ၎င်းအရ

သွားသည်မည်၏။ နောက် လှန်ခြင်းသည်၊ ၎င်းအရ ပြန်သည် မည်၏။ အိပ်သော ဇာရိယာပုထ်၌၊ ရှေ့ ဝမ်းလျားမှောက် အိပ်ခြင်းသည်၊၎င်း အရ သွားသည်မည်၏။ နောက် ပက်လက်လှန် အိပ်ခြင်းသည်။ ၎င်းအရ ပြန်သည် မည်၏။ ဤသို့ သွားသောခဏ၊ သွား-သွားတယ်၊ သွား တယ်မှတ် မှတ်တယ်။ ပြန်သောခဏ၊ ပြန်-ပြန်တယ်၊ ပြန်တယ်မှတ် မှတ်တယ်။ ထင်၏။

သွားသောခဏ, ပြန်သောခဏ၊ ဘယ်ခြေလှမ်း-လှမ်းတယ်၊ လှမ်း တယ်မှတ် မှတ်တယ်။ ညာခြေ လှမ်း-လှမ်းတယ်၊ လှမ်းတယ်မှတ် မှတ် တယ်။ ခြေတလှမ်းတလှမ်း၌၊ခြေ ကြွသောခဏ၊ ကြွ-ကြွတယ်၊ကြွတယ် မှတ် မှတ်တယ်။ ခြေ ရှေ့ဆောင်သောခဏ၊ ဆောင်-ဆောင်တယ်၊ ဆောင်တယ်မှတ် မှတ်တယ်။ ဖယ်ရှောင်သောခဏ၊ ရှောင် - ရှောင် တယ်၊ ရှောင်တယ်မှတ် မှတ်တယ်။ ခြေ အောက် လွှတ်သောခဏ၊ လွှတ်-လွှတ်တယ်၊ လွှတ်တယ်မှတ် မှတ်တယ်။ ခြေ မြေကျသောခဏ၊ ချ-ချတယ်၊ ချတယ်မှတ် မှတ်တယ်။ ခြေ နှိပ်နင်းသောခဏ၊ နင်း-နင်း တယ်၊ နင်းတယ်မှတ် မှတ်တယ်။ ထင်၏။

ကြည့်ခြင်းသည်၊ သာမညအားဖြင့် ၂-ပါးပင် ဖြစ်သော်လည်း၊ ဝိသေသအားဖြင့် ၆-ပါးအပြားရှိ၏။ ထို ၆-ပါးတို့တွင်၊ ရှေ့ တူရူ ကြည့်ခြင်းသည်၊ အာလောကိတ-အရ၊ရှေ့ ကြည့်သည်မည်၏။ နောက် ပြန်ကြည့်ခြင်းသည်၊ပရလောကိတရ-အရ၊နောက် ကြည့်သည်မည်၏။ လက်ျာတစောင်း ကြည့်ခြင်းသည်၊ ဝိလောကိတ-အရ၊ လက်ျာပေး ကြည့်သည်မည်၏။ လက်ဝဲတစောင်း ကြည့်ခြင်းသည်၊ ဝိလောကိတ- အရ၊ လက်ဝဲပေး ကြည့်သည်မည်၏။ငုံ၍ ကြည့်ခြင်းသည်၊ အဝလော ကိတ-အရ၊ အောက် ကြည့်သည်မည်၏။ မော်၍ ကြည့်ခြင်းသည်၊ ဥလ္လောကိတ-အရ၊ အထက် ကြည့်သည်မည်၏။ အထင် ၆-ပါး ဖြစ် သင့်သည် အားလျော်စွာ သိသာပြီ။

ခြေလက် ကွေးသောခဏ, ခြေလက် ဆန့်သောခဏ၊ ထိုင်သော ခဏ,ယူသောခဏ၊ စားသောခဏ, သောက်သောခဏ, ခဲသောခဏ, လျက်သောခဏ၊ ကျင်ကြီးကျင်ငယ် စွန့်သောခဏ၊ သွားသောခဏ, ရပ်သောခဏ, ထိုင်သောခဏ, အိပ်သောခဏ, နိုးသောခဏ ပြော သောခဏ,ဆိတ်ဆိတ်နေသောခဏ၊ဆိတ်ဆိတ်နေ-နေတယ်၊ နေတယ် မှတ် မှတ်တယ်ဟူသောနည်း လွယ်ပြီ။

သမ္ပဇာနကာရီ-အရ၊သတိသမ္ပဇဉ်ပညာဖြင့် ဆင်ခြင်သောအလေ့ သဘောရှိသော ယောဂီသည်၊ သမ္ပဇာနကာရီမည်၏။ သတိသမ္ပဇဉ် ပညာဖြင့် ဆင်ခြင်ခြင်းသည်၊သမ္ပဇညမည်၏။သမ္ပဇညသည်၊သာတ္ထက သမ္ပဇည,သပ္ပါယသမ္ပဇည,ဂေါစရ သမ္ပဇည, အသမ္မောဟ သမ္ပဇည အားဖြင့် ၄-ပါး အပြားရှိ၏။

ထို ၄–ပါးတို့တွင်၊ သွားလိုသောစိတ် ဖြစ်သည်ရှိသော်၊ သွားလို သောစိတ်၏ အစွမ်းအားဖြင့် မသွားသေးဘဲ၊အဘယ်နည်း ဤအရပ်သို့ သွားသဖြင့်၊ ငါ့အား အကျိုးရှိမည်လော, မရှိမည်လောဟု ဆင်ခြင် ပြီး၍၊ အကျိုးမရှိသည်ကို ပယ်၊ အကျိုးရှိသည်ကို ဆင်ခြင်ခြင်းသည်၊ သာတ္ထကသမ္ပဇညမည်၏။ ဝိပဿနာမဟုတ်။

အဘယ့်ကြောင့်နည်း၊ မသွားမှီက သွား-သွားသော်ဟု မှတ်သော် လည်း၊ သွားသော ဣရိယာပုထ် မဖြစ်သေးသောကြောင့်၊ ဝိပဿနာ မဟုတ်ဟုပေသတည်း။ သွားလိုသောစိတ် ဖြစ်သည်ရှိသော်၊ သွားလို သောစိတ်၏ အစွမ်းအားဖြင့် မသွားသေးဘဲ၊အဘယ်နည်း ဤအရပ်သို့ သွားသဖြင့်၊ ငါ့အား လျောက်ပတ်မည်လော,မလောက်ပတ်မည်လော ဟု ဆင်ခြင်ပြီး၍၊မလျောက်ပတ်သည်ကိုပယ်၊ လျောက်ပတ်သည်ကို ဆင်ခြင်ခြင်းသည်၊ သပ္ပါယ သမ္ပဇညမည်၏။

သာတ္ထက,သပ္ပါယ ၂-ပါးတွင်၊ အသုဘရှုသွားလျှင်၊ သာတ္ထက- အကျိုးပင် ရှိသော်လည်း၊ ယောကျ်ားမှာ ယောကျ်ား အသုဘသာ လျောက်ပတ်၏၊ မိန်းမအသုဘ မလျောက်ပတ်။ မိန်းမမှာ မိန်းမ အသုဘသာ လျောက်ပတ်၏။ ယောကျ်ားအသုဘ မလျောက်ပတ်။ ဆွေမတော် မျိုးမစပ်၊ ယောကျ်ား,မိန်းမ ၂-ရပ်မှာ၊ ဝိသဘာဂဖြစ်ခဲ့ပါ လျှင်၊ အဝိညာဏက အသုဘပင်ဖြစ်လင့်ကစား၊ မှားယွင်းပျက်စီးခြင်း များ ဖြစ်တတ်၏။ သဝိညာဏက မိန်းမနှင့် ယောကျ်ားမှာ ဧကန်သာ မှားယွင်း ပျက်စီး၏။

မှားယွင်း ပျက်စီးခြင်း၊ မသင့်ပါဘဲလျက်၊ ထင်ချက် သက်သေ၊ အဂ္ဂိရေ ပါဠိနေအတွေ့၊ ဘုရားဟောကို ရှေ့ပြု၊ စေ့စေ့ကြီး ရှုမိ သဖြင့်၊မိမိ၏သဘော သူရောကိုယ်ပါ တယောက်ယောက်က ပုထုဇဉ် ဖြစ်ခဲ့ပါလျှင်၊ အသွားအလာ အတူများ၊ အထွက်အဝင် အတူများ၊ အတွေ့အကြုံ အတူများ၊အနေအထိုင် အတူများ၊အတူဖိပ် အတူသွား၊

အပြောအဆို အတူများ၊ကြံရေဖန်ရေ အမူအရာတွေ အတူများခဲ့လျှင်၊ အမိနှင့်သား မှားယွင်းပျက်စီး၏။ အဘနှင့်သ္မီး မှားယွင်း ပျက်စီး၏။ မောင်နှင့်နှမ မှားယွင်းပျက်စီး၏။

အတ္တာနမေဝ ပထမံ၊ပဋိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။ ။
(ဓမ္မပဒပါဠိတော်)

အတ္တာနမေဝ၊ ကိုယ့်ကိုယ် ကိုသာလျှင်။ ပထမံ၊ရှေးဦးစွာ။ပဋိရူပေ၊ သင့်တင့်လျှောက်ပတ်ရာ၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နိဝေသယေ၊ တည်စေရာ၏။ အထပစ္ဆာ၊နောက်မှ။ အညံ၊သူတပါးကို။ အနုသာသေယျ၊ဆုံးမရာ၏။န ကိလိဿေယျ၊ မြူကိလေခြမ်း မညစ်နွမ်းစေရာ။

ဤ သပ္ပါယ သမ္ပဇဉ်သည်လည်း ဝိပဿနာမဟုတ်၊ မသွားမီက အကျိုးရှိသည်၊ လျောက်ပတ်သည်ကို ဆင်ခြင်ပြီး၍၊ သွားသောခဏ၊ သွား-သွားတယ် အမှတ်ပြုရခြင်းသည်၊ ဂေါစရ သမ္ပဇဉ်မည်၏။ ဝိပဿနာ အမှန် ကေန်ဟုတ်၏။ အဘယ့်ကြောင့်နည်း၊ မသွားမီက လည်း မဟုတ်၊ သွားပြီးမှလည်း မဟုတ်၊ သွားသောခဏ၊ သွားသော ဣရိယာပုထ် ရုပ်ကမ္မဋ္ဌာန်းအာရုံကို၊ သွား-သွားတယ်ဟု ယထာဘူတ ဟုတ်သော အတိုင်း၊ အမှတ်ပြုသောကြောင့်၊ ဝိပဿနာ အမှန် ကေန် ဟုတ်၏ ဟုပေသတည်း။

ဤနည်းဖြင့်ရုပ်ကို သိမှတ်ပိုင်းခြားပါများ၍၊ နာမ်ကိုပိုင်းခြားသော ဉာဏ်တဆင့် တက်သည်ရှိသော်၊ သွားသောခဏ၊ သွားသောဣရိယာ ပုထ် ရုပ်ကို၊ သွား-သွားတယ် မှတ်၏။ တဆင့် သွားတယ်မှတ်သော ရှေ့စိတ်ကို၊ သွားတယ်မှတ် မှတ်တယ်ဟု၊ နောက် ဝိပဿနာစိတ်ဖြင့် မှတ်၏။ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်၏။

သွားသောခဏ၊ သွားသောဣရိယာပုထ်သည်၊ သွား-သွားတယ်ဟု မှတ်သော၊ ပထမရုပ်ကို ပိုင်းခြားသောဉာဏ်၏ အာရုံဖြစ်၏။ မှတ်ပြီး သောခဏ၊ သွား-သွားတယ် မှတ်သောစိတ်သည်၊ သွားတယ်မှတ် မှတ်တယ်ဟုမှတ်သော၊ ဒုတိယနာမ်ကို ပိုင်းခြားသောဉာဏ်၏ အာရုံ ဖြစ်၏။ပထမရုပ်ကိုပိုင်းခြားသော ဉာဏ်၏အာရုံ ရုပ်ပင် ဖြစ်စေ၊ဒုတိယ နာမ်ကို ပိုင်းခြားသော ဉာဏ်၏အာရုံ နာမ်ပင်ဖြစ်စေ၊ ဖြစ်သော ခဏ ခဏ၊ ဤနည်းနှင်နှင် ရုပ်,နာမ် ၂-ပြင်သည်၊သိမှတ်ပိုင်းခြား အားထုတ်

သော၊ ဝိပဿနာ့ရှု၏ တည်ကြည်ရာ ဖြစ်သောကြောင့်၊ ကမ္မဋ္ဌာန်းမည်၏။

ဖြစ်သော ခဏခဏ၊ ဤနည်းနှင်နှင် ရုပ်,နာမ် ၂-ပြင်သည်၊ဝိပဿနာဘာဝနာ၏ အာရုံဖြစ်သောကြောင့်၊ ဂေါစရမည်၏။ ဖြစ်သော ခဏခဏ၊ ဤနည်းနှင်နှင် ရုပ်နာမ် ၂-ပြင်ကို၊ အသိအမှတ်ပြုခြင်းသည်၊ ဂေါစရသမ္ပဇဉ်မည်၏။ဣရိယာပုထ် ၄-ပါး တပါးတပါး၌၊ဖြစ်သော ခဏခဏ၊ ဤနည်းနှင်နှင် အသွားအပြန် ရုပ်, နာမ် ၂-ပြင်ကို၊မလစ်မလပ်ဉာဏ်အစဉ်မပြတ်အောင်၊သတိအမှတ်ပြုသောဂေါစရသမ္ပဇဉ်သည်သာလျှင်၊ ဝိပဿနာ အထွဋ်အထိပ်သို့ရောက်၏။

ဤနည်းနှင်နှင် ရုပ်,နာမ် ၂-ပြင်ဆိုသော စကားရပ်၌၊ ဖြစ်သော ခဏခဏ၊ သိမှတ်ပိုင်းခြားအပ်သော ဖြစ် ဖြစ်သမျှသော-ရုပ်၊ ဖြစ်ဖြစ်သမျှသော-နာမ်ကို၊ဤနည်းနှင်နှင် ရုပ်,နာမ် ၂-ပြင်ဆိုသည်၊ဆိုရန်ကြွင်းသမျှကို အကုန်သိမ်းသည် မှတ်ရမည်။

> ယောဂကမ္မဿ ပဝတ္တိဋ္ဌာနတာယ ဘာဝနာယ အာရမ္မဏံ ဂေါစရန္တိ ဝုစ္စတီတိ အာဟ၊ ကမ္မဋ္ဌာနသင်္ခါတံ ဂေါစရန္တိ။ (ဋီကာ)
>
> ဣတိ ဣမသ္မိံ စတုက္ကေ ယွာယံ ဟရတိစ ပစ္စာဟရတိစ၊ တဿ ဂေါစရသမ္ပဇည်ပ္ပိ သိခါပတ္တံ ဟောတိ။ (အဋ္ဌကထာ)

ဘာဝနာယ၊ဝိပဿနာဘာဝနာ၏။ အာရမ္မဏံ၊ရုပ်,နာမ် အာရုံကို။ ယောဂကမ္မဿ၊ သိမှတ်ပိုင်းခြား အားထုတ်သော ဝိပဿနာမှု၏။ ပဝတ္တိဋ္ဌာနတာယ၊ဖြစ်ရာဌာန၏ အဖြစ်ကြောင့်။ ဂေါစရန္တိ၊ ဂေါစရဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ဣတိ၊ဤသို့ကြောင့်။ကမ္မဋ္ဌာနသင်္ခါတံ ဂေါစရန္တိ၊ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းဟု ဆိုအပ်သော အာရုံဟူ၍။ အာဟ၊ အဋ္ဌကထာဆရာမိန့်ပြီ။

ကေစ္စော၊ အချို့သော ယောဂီသည်။ ဟရတိ၊ အသွားသာ ကမ္မဋ္ဌာန်းကိုဆောင်၏။ န ပစ္စာဟရတိ၊ အပြန်မဆောင်။ ကေစ္စော၊ သည်။ ပစ္စာဟရတိ၊ အပြန်သာဆောင်၏။ န ဟရတိ၊ အသွားမဆောင်။ ကေစ္စော၊သည်။ နေဝဟရတိ၊အသွားလည်းမဆောင်။ န ပစ္စာဟရတိ၊

အပြန်လည်းမဆောင်။ ဧကာဗ္ဗော၊သည်။ ဟာရတိစ၊အသွားလည်း ကမ္မဋ္ဌာန်းကိုဆောင်၏။ပစ္စာဟာရတိစ၊အပြန်လည်း ကမ္မဋ္ဌာန်းကိုဆောင်၏။ ဣတိ ဣမသ္မိံ စတုက္ကေ၊ ဤစတုက္ကၥ၌။ ယွာယံ-ယောအယံ၊ အကြင် ယောဂီသည်။ ဟာရတိစ၊အသွား ကမ္မဋ္ဌာန်းကိုလည်း ဆောင်၏။ ပစ္စာဟာရတိစ၊ အပြန်ကမ္မဋ္ဌာန်းကိုလည်း ဆောင်၏။ တဿ၊ ထိုအသွား ကမ္မဋ္ဌာန်း, အပြန် ကမ္မဋ္ဌာန်းကို ဆောင်သော ယောဂီ၏။ ဂေါစရ သမ္ပဇညဗ္ဗိ ဂေါစရသမ္ပဇဉ့် ဧဝ၊ ဂေါစရ သမ္ပဇည သည်သာလျှင်။ သိခါပတ္တံ၊ ဝိပဿနာအထွန့်အထိပ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

ရှာန်မဂ်ဖိုလ်နှောင်မှသာ ပစ္စဝေက္ခဏာဉာဏ်ကျသည်မဟုတ်သေး၊ နာမရူပပရိစ္ဆေဒဉာဏ်အစ, သင်္ခါရုပေက္ခာဉာဏ် အဆုံး ရှိသော၊ ဂေါစရသမ္ပဇည ဝိပဿနာဉာဏ် ၁၂-ပါး၊ တပါး တပါးသော ဝိပဿနာဉာဏ် တဖက်ကမ်းရောက်သည် ရှိသော်၊ တဖက်ကမ်း ရောက်သော ဝိပဿနာဉာဏ်၏ အဆုံးအဆုံး၊ ဝိပဿနာ အာရုံ ခန္ဓာ,အာယတန, ဓာတ်, ပစ္စည်းကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် ကျ၏။ ဤ ပစ္စဝေက္ခဏာဉာဏ်သည်၊ ဝိပဿနာနောင် မတွေမဝေ ဆင်ခြင်သည်၏ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့်၊ အသမ္မောဟသမ္ပဇည မည်၏။

ဧဝမေတ္တ ခန္ဓာယတနဓာတုပစ္စယ ပစ္စဝေက္ခဏဝသေ
နပိ အသမ္မောဟသမ္ပဇညံ ဝေဒိတဗ္ဗံ။

(သုတ်မဟာဝါ အဋ္ဌကထာ၊)

ဧဝံ၊ ဤသို့။ဧတ္ထ၊ဤအသမ္မောဟ သမ္ပဇညအရာ၌။ခန္ဓာယတနဓာတုပစ္စယ ပစ္စဝေက္ခဏဝသေနပိ၊ ခန္ဓာ, အာယတန, ဓာတ် ပစ္စည်း ကို ဆင်ခြင်သည်၏ အစွမ်း အားဖြင့်လည်း။ အသမ္မောဟသမ္ပဇည်၊ အသမ္မောဟသမ္ပဇညကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။ဝိသဒ္ဒါဖြင့် ခန္ဓာ, **အာယတန,ဓာတ်,ပစ္စည်းမှတပါး အမျိုးမျိုးအဖုံဖုံ ဆင်ခြင်ပုံကိုယူ။**

မသွားမီကလည်း မဟုတ်၊ သွားပြီးမှလည်း မဟုတ်၊ သွားသော ခဏခဏ၊ သွား-သွားတယ်၊ သွားတယ်မှတ် မှတ်တယ်၊ ဤနည်းဖြင့် အကြိမ်ကြိမ်အခါခါ သိမှတ် ပိုင်းခြားပါများ၍၊ ဉာဏ် အဆင့်ဆင့် တက်သည်ရှိသော်၊ သွား-သွားတယ်၊ သွားတယ်မှတ် မှတ်တယ်၊ ရုပ်, နာမ်အစုံကို သိမှတ်ပိုင်းခြားသော ဂေါစရသမ္ပဇည၊ ဝိပဿနာ၏ အဆုံးအဆုံး၊ သွားက ကိုယ်တရွေ့ရွေ့ ရွေ့တာဘဲ၊ ကိုယ်တရွေ့ရွေ့

ရွေ့တာက ကိုယ်လှုပ်ရှားလို့ဘဲ၊ ကိုယ်လှုပ်ရှားတာဟာ သွားချင်လို့ဘဲ၊ သွားချင်တာက စိတ်ဘဲ၊ သွားချင်လို့ ကိုယ်လှုပ်ရှားတော့၊ ကိုယ်တရွေ့ရွေ့ ရွေ့တာကို သွားတယ် ဆိုရတာဘဲဟု ဆင်ခြင်ခြင်းသည်၊ အသမ္မောဟသမ္ပဇဉ်မည်၏။ ဝိပဿနာကား မဟုတ်ပေ။

အဘယ့်ကြောင့်နည်း၊ သွားပြီးမှ သွားသောသဘော ဆတ်ဆတ်၊ ပရမတ်ကိုလွတ် ပညတ်သို့တင်၊ သွားချင်လို့ ကိုယ်လှုပ်ရှားတော့၊ကိုယ် တရွေ့ရွေ့ ရွေ့တာကို သွားတယ်ဆိုရတာဘဲဟု၊ လောကဝေါဟာရ အမည်နာမထင်အောင် ဆင်ခြင်သောကြောင့်၊ဝိပဿနာမဟုတ်ဟူပေသတည်း။

အာလောကိတာဒိသမဉ္ဇာပိ ယသ္မာ ဓမ္မာမတ္တသောဝ ပဝတ္တိဝိသေသော၊ တသ္မာ တဿ ယာထာဝတော ပဇာနနံ အသမ္မောဟသမ္ပဇဉ်ံ။

အာလောကိတာဒိ သမဉ္ဇာပိ၊ ရှေ့ကြည့်ခြင်း အစရှိသော။ ဝ ါ၊ သွားခြင်း ပြန်ခြင်း ရှေ့ကြည့်ခြင်း အစရှိသော အမည်သည်လည်း။ ယသ္မာ၊ အကြင့်ကြောင့်။ ဓမ္မာမတ္တသောဝ၊ဟုတ်သောအတိုင်း တရားသဘော၏သာလျှင်။ပဝတ္တိဝိသေသော၊ဖြစ်သောအမည်ထူးပင်တည်း။ တသ္မာ၊ ထိုကြောင့်။ တဿ၊ထိုအမည်ထူးကို။ ယာထာဝတော၊ဟုတ် သောအတိုင်း။ပဇာနနံ၊သိခြင်းသည်။ အသမ္မောဟသမ္ပဇဉ်ံ၊အသမ္မော ဟသမ္ပဇဉ်မည်၏။ ။**ဓိပ္ပါယ်အမှန်၊ မြန်မာပြန်၊ သမ္ဗန္ဓနက်သိ၊အလွန်ခဲသတည်း။ ဓမ္မ–အာမ–အတ္တသောဝ။**

ဤနည်းဖြင့် ဉာဏ်အဆင့်ဆင့်တက်၍ ဝိပဿနာဉာဏ်၏ တဖက်ကမ်းသို့ ရောက်အောင် ဆင်ခြင် နိုင်သည်ရှိသော်၊ သွား-သွားတယ်၊ သွားတယ်မှတ် မှတ်တယ်၊ သွားချင် ကိုယ်လှုပ်ရှား၊ ကိုယ်တရွေ့ရွေ့ ရွေ့သွားတယ်၊ ယောဂီ၏ဉာဏ်တွင် အမှတ်ထင်၏။

**ဂေါစရ သမ္ပဇဉ်နှင့် အသမ္မောဟ သမ္ပဇဉ် ၂-ပါးတို့ကို ထင်ရှားစွာ ပြဆိုချက်ပြီး၏။**

## ဣရိယာပထလေးပါး၌ သမ္ပဇညတရား၏ သဘောအရကို သတိပဋ္ဌာနသုတ် အဋ္ဌကထာဖြင့်ပြဆိုခြင်း

တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ ဂစ္ဆာမာတိ ဇာနန္တိ၊ နပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝရူပဉှိ ဇာနနံ သတ္တူပလဒ္ဓိံ နပဇဟတိ၊ သတ္တသညံ နဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ နဟောတိ။ ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊ သတ္တသညံ ဥဂ္ဃာဋေတိ၊ ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာန ဘာဝနာ စ ဟောတိ။

တတ္ထ၊ ထိုဣရိယာပထပဗ္ဗ၌။ သောဏသိင်္ဂါလာဒယောပိ၊ ခွေး, မြေခွေး အစရှိကုန်သော တိရစ္ဆာန်တို့သည်လည်း။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ ဂစ္ဆာမာတိ၊ သွားကုန်၏ဟူ၍။ ကာမံဇာနန္တိ၊ တကယ်သိကြကုန်၏။ ပန တထာပိ၊ ထိုသို့ပင် သိကြကုန်သော်လည်း။ ဧဝရူပံ၊ ဤသို့တိရစ္ဆာန်သိသော သဘောရှိသော။ ဇာနနံ၊ သိခြင်းကို။ သန္ဓာယ၊ ရည်၍။ ဧတံ ဇာနနံ၊ ထိုသိခြင်းကို။ န ဝုတ္တံ၊ မဟောအပ်။ ဟိသစ္စံ၊ မှန်၏။ ဧဝရူပံ၊ ဤသို့ တိရစ္ဆာန် သိသော သဘော ရှိသော။ ဇာနနံ၊ သိခြင်းသည်။ သတ္တူပလဒ္ဓိံ၊ သတ္တဝါအယူကို။ န ပဇဟတိ၊ မစွန့်။ သတ္တသညံ၊ သတ္တဝါအမှတ်ကို။ န ဥဂ္ဃာဋေတိ၊ မခွါ။ ကမ္မဋ္ဌာနံ ဝါ၊ ဂေါစရသမ္ပဇည ဝိပဿနာ ကမ္မဋ္ဌာန်းသည်လည်း။ န ဟောတိ၊ မဖြစ်။ သတိပဋ္ဌာနဘာဝနာဝါ၊ အသမ္မောဟ သမ္ပဇည သတိပဋ္ဌာန် ဘာဝနာ သည်လည်း။ န ဟောတိ၊ မဖြစ်။ ဣမဿပန ဘိက္ခုနော၊ ဤယောဂီ ရဟန်း၏ကား။ ဇာနနံ၊ သိခြင်းသည်။ သတ္တူပလဒ္ဓိံ၊ သတ္တဝါ အယူကို။ ပဇဟတိ၊ စွန့်၏။ သတ္တသညံ၊ သတ္တဝါအမှတ်ကို။ ဥဂ္ဃာဋေတိ၊ ခွါ၏။ ကမ္မဋ္ဌာနဉ္စေဝ၊ ဂေါစရသမ္ပဇည ဝိပဿနာ ကမ္မဋ္ဌာန်း သည်လည်း။ ဟောတိ၊ ဖြစ်၏။ သတိပဋ္ဌာနဘာဝနာ စ၊ အသမ္မောဟသမ္ပဇည သတိပဋ္ဌာန်ဘာဝနာသည်လည်း၊ ဟောတိ၊ ဖြစ်၏။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-စသည်ဖြင့်၊ ပါဠိ၌ပင် ဂေါစရသမ္ပဇည ထင်ရှား၏။ အသမ္မောဟသမ္ပဇည မထင်ရှား၍ ထင်ရှားအောင်၊ ဋုဒ္ဒိ ကော ဂစ္ဆတိ-စသော စကားရပ်ကို၊ အဋ္ဌကထာဆရာ မိန့်သော်။

ဇူဒ္ဒြိ ကော ဂစ္ဆတိ၊ ကဿ ဂမနံ၊ ကိံ ကာရဏာ ဂစ္ဆတီတိ။ ဇေ၀ံ သမ္ပဇာနနံ သန္တာယ ၀ုတ္တံ၊ ဌာနာဒိသုပိ ဧသေ၀နယော။ တတ္ထ ကောဂစ္ဆတီတိ နကောစိ သတ္တော ၀ါ ပုဂ္ဂလော၀ါ ဂစ္ဆတိ။ ကဿ ဂမနန္တိ နကဿစိ သတ္တဿ၀ါ ပုဂ္ဂလဿ၀ါ ဂမနံ။ ကိံကာရဏာ ဂစ္ဆတီတိ စိတ္တကြိယ၀ါ ယောဓာတုဝိပ္ဖါရေန ဂစ္ဆတိ။ တသ္မာ ဧသ ဧ၀ံ ပဇာနာတိ၊ ဂစ္ဆာမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ၀ါယံ ဇနေတိ၊ ၀ါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယ ၀ါယော ဓာတုဝိပ္ဖါရေန သကလကာယဿ ပုရတောအဘိနီဟာ ရော ဂမနန္တိ ၀ုစ္စတိ။ ဌာနာဒိသုပိ ဧသေ၀နယော။

(ငင်းအဋ္ဌကထာ)

ဟိယသ္မာ၊အကြင့်ကြောင့်။ ကော၊အဘယ်သူသည်။ ဂစ္ဆတိ၊သွားပါအံ့နည်း။ ကဿ၊ အဘယ်သူ၏။ ဂမနံ၊ သွားခြင်း ဟုတ်ပါအံ့နည်း။ ကာရဏာ၊ အကြောင်းကြောင့်။ ဂစ္ဆတိကိံ၊ သွားသည် မဟုတ်ပါလော။ ဇူတိဧ၀ံ၊ဤသို့။ပဇာနနံ၊ သိခြင်းကို။ သန္တာယ၊ရည်၍။ ဇူဒံ ဇာနနံ၊ ဤယောဂီ၏သိခြင်းကို။၀ုတ္တံ၊ ဟောအပ်၏။ ဌာနာဒိသုပိ၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၌လည်း။ ဧသေ၀နယော၊ ဤနည်းကဲ့သို့သော နည်းပင်တည်း။ တတ္ထ၀စနေ၊ ထိုစကား၌။ ကောဂစ္ဆတီတိ၊ ကော ဂစ္ဆတိ-ဟူသည်ကား။ ကောစိ၊ တစုံတယောက်သော။ သတ္တော၀ါ၊ သတ္တ၀ါသည်လည်း။ န ဂစ္ဆတိ၊ မသွား။ ပုဂ္ဂလော၀ါ၊ ပုဂ္ဂိုလ်သည်လည်း။န ဂစ္ဆတိ၊ မသွား။ ကဿဂမနန္တိ၊ ကဿဂမနံ ဟူသည်ကား။ ကဿစိ၊တစုံတယောက်သော။သတ္တဿ၀ါ၊သတ္တ၀ါ၏လည်း။န ဂမနံ၊ သွားခြင်းမဟုတ်။ ပုဂ္ဂလဿ၀ါ၊ ပုဂ္ဂိုလ်၏လည်း။ န ဂမနံ၊ သွားခြင်း မဟုတ်။ကိံကာရဏာ ဂစ္ဆတီတိ၊ ကိံကာရဏာ ဂစ္ဆတိ-ဟူသည်ကား။ စိတ္တကြိယ ၀ါယောဓာတုဝိပ္ဖါရေန၊ စိတ္တဇ၀ါယောဓာတ် လှုပ်ရှားခြင်းကြောင့်။ ဂစ္ဆတိ၊ သွား၏။ တသ္မာ၊ ထိုကြောင့်။ ဧသ-ဧသော၊ဤယောဂီသည်။ ဧ၀ံ၊ဤသို့၊ပဇာနာတိ၊သိ၏။ကထံ ပဇာနာတိ၊ အဘယ်သို့ သိသနည်း။ ဂစ္ဆာမီတိ စိတ္တံ၊ သွားအံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ ထိုစိတ်သည်။ ၀ါယံ၊ လေကို။ ဇနေတိ၊

ဖြစ်စေ၏။ ဝါယော၊ လေသည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို သွားတယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေ၏။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် လှုပ်ရှားခြင်းကြောင့်။ သကလကာယဿ၊ တကိုယ်လုံး၏။ ပုရတော အဘိနီဟာရော၊ ရှေ့သို့ဆောင်သည်ကို။ ဂမနန္တိ၊ သွား၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဌာနာဒိသုပိ၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၌လည်း။ ဧသေဝနယော၊ ဤနည်းကဲ့သို့သော နည်းပင်တည်း။

ထိုမှတပါး၊ ရပ်ခြင်း, ထိုင်ခြင်း, အိပ်ခြင်းတို့၏ သဘောလက္ခဏာ နှင့် ဖြစ်ပုံအခြင်းအရာများကို ထင်ရှားစွာ ပြပြန် လိုသောကြောင့်၊ တတြာပိဟိ – စသောစကားကို အဋ္ဌကထာဆရာ မိန့်ကြားတော်မူ သတည်း။

> တတြာပိဟိ တိဋ္ဌာမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန သကလကာယဿ ကောဋိတော ပဋ္ဌာယ ဥဿိတဘာဝေါ ဌာနန္တိ ဝုစ္စတိ။ နိသီဒါမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယော ဓာတုဝိပ္ဖါရေန ဟေဋ္ဌိမကာယဿ သမိဉ္ဇနံ ဥပရိမကာယဿ ဥဿိတဘာဝေါ နိသဇ္ဇာတ္တိ ဝုစ္စတိ။ သယာမီတိစိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကြိယဝါယော ဓာတုဝိပ္ဖါရေန သကလ သရီရဿ တိရိယတော ပသာရဏံ သယနန္တိ ဝုစ္စတီတိ။ (ဋ္ဌင်းအဋ္ဌကထာ)

တတြာပိဟိ၊ ထိုရပ်ခြင်း,ထိုင်ခြင်း,အိပ်ခြင်းတို့တွင်လည်း။ တိဋ္ဌာမီတိစိတ္တံ၊ ရပ်အံ့ဟူသောစိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တံ၊ထိုစိတ်သည်။ဝါယံ၊လေကို။ ဇနေတိ၊ဖြစ်စေ၏။ ဝါယော၊လေသည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို ရပ်တယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ စိတ္တကြိယဝါယောဓာတုဝိပ္ဖါရေန၊ စိတ္တဇ ဝါယောဓာတ် ပြန့်နှံ့ခြင်းကြောင့်။ သကလကာယဿ၊တကိုယ်လုံး၏။ ကောဋိတော၊ အောက်အစွန်းမှ။ ပဋ္ဌာယ၊ စ၍။ ဥဿိတဘာဝေါ၊

ရပ်စောက်မတ်တန့်သည့်၏အဖြစ်ကို။ဌာနန္တိ၊ရပ်၏ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ နိသိဒါမိတိစိတ္တံ၊ ထိုင်အံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ထိုစိတ်သည်။ဝါယံ၊လေကို။ဇနေတိ၊ဖြစ်စေ၏။ဝါယော၊ လေသည်။ ဝိညတ္တိံ၊မိမိ,သူတပါး ၂-ပါးစုံကို ထိုင်တယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနေတိ၊ဖြစ်စေ၏။ စိတ္တကြိယာဓာတုဝိပ္ဖါရေန၊ စိတ္တဇ ဝါယောဓာတ် ကျခြင်းကြောင့်။ ဟေဋ္ဌိမကာယသ္မာ၊အောက်ကိုယ်၏။ သမဥ္ဇနံ၊ ကွေးသည်ကို။ ဥပရိမကာယဿ၊ အထက်ကိုယ်၏။ ဥဿိတဘာဝေါ၊တည်ထားသည့်၏ အဖြစ်ကို။နိသဇ္ဇာတိ၊ထိုင်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သယာမိတိစိတ္တံ၊အိပ်အံ့ဟူသော စိတ်အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ၊ထိုစိတ်သည်။ ဝါယံ၊လေကို။ ဇနေတိ၊ဖြစ်စေ၏။ ဝါယော၊ လေသည်။ ဝိညတ္တိံ၊ မိမိ, သူတပါး ၂-ပါးစုံကို အိပ်တယ်ဟု သိစေ တတ်သော ဝိညတ်ကို။ ဇနေတိ၊ဖြစ်စေ၏။ စိတ္တကြိယ ဝါယောဓာတု ဝိပ္ဖါရေန၊ စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ် ဖြန့်ခြင်းကြောင့်။ သကလသရီရဿ၊တကိုယ်လုံး၏။ တိရိယတောပသာရဏံ၊ဖီလာဆန့် ခြင်းကို။ သယနန္တိ၊ အိပ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဇာနာတိ၊ ဤသို့။ ပဇာနာတိ၊သိ၏။

တဘန်၊ သွားခြင်း,ရပ်ခြင်း စသောသဘောသည်၊ပုဂ္ဂိုလ်,သတ္တဝါ, ငါ,သူတပါး မဟုတ်၊ ခေါ် ဝေါ် ပြောဆိုခါမျှသာတည်းဟု ဆင်ခြင် စဥ်းစားသည်ကို ပြခြင်းငှါ၊ တဿဧဝံ-စသော စကားကို အဋ္ဌကထာ ဆရာမိန့်ကြားတော်မူသတည်း။

> တဿ ဧဝံ ပဇာနတော ဧဝံဟောတိ၊ သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတီတိ ဝုစ္စတိ။ အတ္ထိပန ကောစိ သတ္တော ဂစ္ဆန္တောဝါ ဋ္ဌိတောဝါ နတ္ထိ။ ပ။ တထာ သတ္တော ဂစ္ဆတိ သတ္တော တိဋ္ဌတိ၊ အဟံဂစ္ဆာမိ အဟံ တိဋ္ဌာမီတိ ဝေါဟာရမတ္တံ ဟောတိ။ (ဋ္ဌင်းအဋ္ဌကထာ၊)

ဧဝံ၊ဤသို့။ပဇာနတော၊သိသော။တဿ၊ထိုယောဂီအား။ဧဝံ ဧသော ဝိစာရဏာ၊ ဤသို့သော စိစစ်ခြင်းသည်။ ဟောတိ၊ဖြစ်၏။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်း။ သတ္တော၊ သတ္တဝါသည်။ ဂစ္ဆတိ၊ သွား၏။သတ္တော၊သတ္တဝါသည်။တိဋ္ဌတိ၊ရပ်၏။သတ္တော၊သတ္တဝါသည်။ နိသီဒတိ၊ထိုင်၏။သတ္တော၊သတ္တဝါသည်။သယတိ၊အိပ်၏။ ဇာတိ၊ဤသို့။

အဇ္ဈာနန္တေ ဟိ၊ မသိကုန်သောသူတို့သည်။ ဝုစ္စတိ၊ ဆိုအပ်၏။ ဂစ္ဆန္တော ဝါ၊ သွားသည်လည်းဖြစ်သော။ ဌိတော ဝါ၊ ရပ်သည်လည်းဖြစ်သော။ နိသိန္နော ဝါ၊ ထိုင်သည်လည်းဖြစ်သော။ သယာနော ဝါ၊ အိပ်သည်လည်းဖြစ်သော။ ကောစိ သတ္တော၊ တစုံတယောက်သော သတ္တဝါသည်။ အတ္ထိ ပန၊ ရှိသလော။ နတ္ထိ၊ မရှိချေ။ ပ။ တတော၊ ထိုသို့မရှိခြင်းကြောင့်။ သတ္တော ဂစ္ဆတိ၊ သတ္တဝါသွား၏။ သတ္တော တိဋ္ဌတိ၊ သတ္တဝါရပ်၏။ သတ္တော နိသီဒတိ၊ သတ္တဝါထိုင်၏။ သတ္တော သယတိ၊ သတ္တဝါအိပ်၏။ အဟံ ဂစ္ဆာမိ၊ ငါသွား၏။ အဟံ တိဋ္ဌာမိ၊ ငါရပ်၏။ အဟံ နိသဇ္ဇာမိ ငါထိုင်၏။ အဟံ သယာမိ ငါအိပ်၏။ ဣတိ၊ ဤသို့။ ဝေါဟာရမတ္တံ၊ ပြောဟောခေါ် ဆိုရုံမျှသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ သော ဝိစာရဏာ၊ ဤသို့သော စိစစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

သတိပဋ္ဌာနသုတ်အဋ္ဌကထာဖြင့် ပြဆိုချက်ပြီး၏။

## သဒ္ဓါရှိစေသော တရားငါးပါး၏သဘောအရကို အမြွက်မျှ ပြဆိုခြင်း

အဘိက္ကမာဒီနိ ပန အသမ္မုယှန် အသမ္မောဟာသမ္ပဇညံ။ တံ ဧဝံ ဝေဒိတဗ္ဗံ၊ ဣဓ ဘိက္ခု အဘိက္ကမန္တော ဝါ ပဋိက္ကမန္တော ဝါ ယထာ အန္ဓဗာလပုထုဇ္ဇနာ အဘိက္ကမာဒီသု အတ္တာ အဘိက္ကမတိ၊ အတ္တနာ အဘိက္ကမော နိဗ္ဗတ္တိတော တိ ဝါ အဟံ အဘိက္ကမာမိ၊ မယာ အဘိက္ကမော နိဗ္ဗတ္တိတော တိ ဝါ သမ္မုယှန္တိ။ တထာ အသမ္မုယှန္တော အဘိက္ကမာမီ တိ စိတ္တေ ဥပ္ပဇ္ဇမာနေ တေနေဝ စိတ္တေန သဒ္ဓိံ စိတ္တသမုဋ္ဌာန ဝါယောဓာတု ဝိညတ္တိံ ဇနယမာနာ ဥပ္ပဇ္ဇတိ။ ဣတိ စိတ္တကြိယဝါယော ဓာတု ဝိပ္ဖါရဝသေန အယံ ကာယသမ္မတော အဋ္ဌိသင်္ဃာတော အဘိက္ကမတိ။

(သာမညဖလသုတ်အဖွင့်)

အဘိက္ကမာဒီနိ ပန၊ အသွား အစ, ဆိတ်ဆိတ်နေ အဆုံးရှိသော ဣရိယာပုထ် တို့ကို၊ အသမ္မုယှန်၊ မတွေဝေ မယုံမှားခြင်းသည်။ အသမ္မောဟာသမ္ပဇညံ၊ အသမ္မောဟာသမ္ပဇညမည်၏။ တံ၊ ထိုအသမ္မော

ဟာသမ္ဘဇညကို။ ဇဝံ၊ ဤသို့။ ပေဒိတဗ္ဗံ၊ သိအပ်၏။ ကထံဝေဒိတဗ္ဗံ၊ အဘယ်သို့သိအပ်သနည်း။ အန္တဗာလပုထုဇနာ၊ မိုက်ကန်းသော ပုထုဇဉ်တို့သည်။ အဘိက္ကမာဒီသု၊ အသွား အစ,ဆိတ်ဆိတ်နေ အဆုံးရှိသော ဣရိယာပုထ်တို့၌။ အတ္တာ မိမိသည်၊ အဘိက္ကမတိ၊ သွား၏။ အတ္တနာ၊ မိမိသည်။ အဘိက္ကမော၊ သွားခြင်းကို။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း။ သမ္မုယှန္တိ ယထာ၊ တွေဝေ ယုံမှားကုန်သကဲ့သို့။ အဟံ၊ ငါသည်။ အဘိက္ကမာမိ၊ သွား၏။ မယာ၊ ငါသည်။ အဘိက္ကမော၊ သွားခြင်းကို။ နိဗ္ဗတ္တိတော၊ ဖြစ်စေအပ်၏။ ဣတိဝါ၊ ဤသို့လည်း။ သမ္မုယှန္တိ ယထာ၊ တွေဝေ ယုံမှားကုန် သကဲ့သို့။ တထာ၊ ထိုအတူ။ ဣဓ၊ ဤငါဘုရားသာသနာ၌။ ဘိက္ခု၊ ယောဂီရဟန်းသည်။ အဘိက္ကံမန္တော ဝါ၊ သွားသော်ရင်း။ ပဋိက္ကံမန္တော ဝါ၊ ပြန်သော်ရင်း။ အသမ္မုယှန္တော၊ မတွေဝေ မယုံမှားဘဲ။ အဘိက္ကမာမီတိ စိတ္တေ၊ သွားအံ့ဟူသော စိတ်အကြိမ်သည်။ ဥပ္ပဇ္ဇမာနေ၊ ဖြစ်သည်ရှိသော်။ တေနေဝ စိတ္တေန၊ ထို စိတ်နှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ စိတ္တသမုဋ္ဌာန ဝါယောဓာတု၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်သည်။ ဝိညတ္တိံ၊ မိမိ,သူတပါး ၂-ပါးစုံကို သွားတယ်ဟု သိစေတတ်သော ဝိညတ်ကို။ ဇနယမာနာ၊ ဖြစ်စေလျက်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ စိတ္တကြိယာဝါယောဓာတု ဝိပ္ဖါရဝသေန၊ စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်လှုပ်ရှားသည်၏ အစွမ်းအားဖြင့်။ ကာယသမ္မတော၊ ကိုယ်ဟု သမုတ်အပ်သော။ အယံ အဋ္ဌိသင်္ဃာတော၊ ဤအရိုးစုသည်။ အဘိက္ကမတိ၊ သွား၏။ ဣတိ အာဒိနာ၊ ဤသို့ အစ ရှိသည်ဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ။သာမညဖလသုတ်နှင့် အနက်။

ရုပ်,နာမ်အစုံကို ပိုင်းခြားသော ဂေါစရသမ္ပဇည ဝိပဿနာ၏ အဆုံးအဆုံး၊ ဂေါစရသမ္ပဇညဝိပဿနာ၏အာရုံ၊ ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းကို ဉာဏ်အဆင့်ဆင့်တက်၍၊ ဝိပဿနာ ဉာဏ်၏ တဖက်ကမ်းသို့ရောက်အောင် ဆင်ခြင်နိုင်မှ၊ အသမ္မောဟ သမ္ပဇည ဖြစ်၏။ ဂေါစရသမ္ပဇည ဝိပဿနာမပါ။ သာမည ရုပ်,နာမ်ကို အမြင်သန်အောင် ဆင်ခြင်လျှင်လည်း၊ အသမ္မောဟသမ္ပဇညဝိပဿနာပင်တည်းဟု မကြံဆသာပြီ။

ဝိသုဒ္ဓိမဂ်ခန္ဓနိဒ္ဒေသ, အာယတန,ဓာတု,ဣန္ဒြိယ,သစ္စ,ပဋိစ္စသမုပ္ပါဒနိဒ္ဒေသလာတိုင်း၊ ဂေါစရသမ္ပဇည ဝိပဿနာမပါ၊ ဘာသာအလျောက်

ရုပ်,နာမ်ကောက်၍ ဆင်ခြင်လျှင်၊ အသမ္မောဟသမ္ပဇဉ် ဝိပဿနာပင်တည်းဟု ယုံကြည်ခါမျှကို၊ အညတြေဝသဒ္ဓါယ-ပုဒ်ဖြင့် ပယ်အပ်ပြီ။ နှစ်သက်သဘောကျ အာသာဆန္ဒ အလိုရှိခါမျှကို၊ အညတြရုစိယာ-ပုဒ်ဖြင့် ပယ်အပ်ပြီ။ သင်္ခံလေ့ကျက် နှုတ်တက်ရွရွ ကြားရ,နာရ သုတမယညာဏ်ဖြင့် ဆင်ခြင်လျှင်၊ အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို၊ အညတြအနုဿဝါ-ပုဒ်ဖြင့် ဆင်ခြင်လျှင်၊ အသမ္မောဟသမ္ပဇဉ် အထင်အမြင်ကို၊ အညတြအာကာရပရိဝိတက္ကာ-ပုဒ်ဖြင့် ပယ်အပ်ပြီ။ အဟုတ်အမှန် ရဟန္တာ အရှင်မြတ်တို့၏ ညာဏ်လို ယထာဘူတ စိန္တာမယညာဏ်ဖြင့် ဆင်ခြင်လျှင်၊ အသမ္မောဟသမ္ပဇဉ် အထင် အမြင်ကို၊ အညတြဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ-ပုဒ်ဖြင့် ပယ်အပ်ပြီ။

သဒ္ဓါ,ရုစိ,အနုဿဝ,အာကာရပရိဝိတက္က, ဒိဋ္ဌိနိဇ္ဈာနက္ခန္တီ ၅-လိင်္ဂါန ဆင်ခြင်သော ဉာဏ်မျှသည်၊ ဂေါစရသမ္ပဇဉ် ဝိပဿနာအမည်လည်းမတွင်၊ အသမ္မောဟသမ္ပဇဉ်လည်း မဟုတ်၊ ဝိပဿနာဝိမုတ်ဟု ယုံကြည်စွာ မှတ်ယူအပ်လှပေသတည်း။

သဒ္ဓါ,ရုစိ စသောတရားငါးပါး၏ သဘောကို ပြဆိုချက်ပြီး၏။

## ဝိထိဇောအစဉ်နှင့် ပရမတ်ရုပ်နာမ်ထင်ပုံကို သိသာရုံ ပြဆိုခြင်း

ဂေါစရသမ္ပဇဉ်,အသမ္မောဟသမ္ပဇဉ် ၂-ပါးတို့တွင် အသမ္မောဟသမ္ပဇဉ်သည်၊ ဂေါစရသမ္ပဇဉ်၏ တဖက်ကမ်းသို့ရောက် နောက်မှ ဖြစ်၏။ ဂေါစရသမ္ပဇဉ်သည်၊ ရှေးဦးစွာဖြစ်၏။ ဂေါစရသမ္ပဇဉ်သည်လည်း၊ ရုပ်ကို ပိုင်းခြားသောဉာဏ်,နာမ်ကို ပိုင်းခြားသောဉာဏ် အားဖြင့် ၂-ပါးအပြားရှိ၏။ ထို ၂ ပါးတို့တွင်၊ ရုပ်ကို ပိုင်းခြားသော ဉာဏ်သည်၊ ရှေးဦးစွာဖြစ်၏၊ နာမ်ကို ပိုင်းခြားသော ဉာဏ်သည်၊ နောက်မှဖြစ်၏။

ရုပ်ကို ပိုင်းခြားသော ဉာဏ်သည်လည်း၊ ခဏကာလဖြင့် ရုပ်ကို ပိုင်းခြားသောဉာဏ်၊ သန္တတိကာလဖြင့် နာမ်ကို ပိုင်းခြားသော ဉာဏ် အားဖြင့် ၂-ပါး အပြားရှိ၏။ နာမ်ကို ပိုင်းခြားသော ဉာဏ်သည်၊ သန္တတိကာလဖြင့် နာမ်ကို ပိုင်းခြားသော ဉာဏ် ၁-ပါးသာရှိ၏။ ဖြစ်ဆဲ ဖြစ်ဆဲသော နာမ်, ရုပ်သည်၊ ခဏ ကာလ မည်၏။ ဖြစ်ပြီး၍ တဝီထိ, ၂-ဝီထိ, ၃-ဝီထိလွန်သော နာမ်, ရုပ်သည်၊ သန္တတိကာလ

မည်၏။ ထိုခဏာကာလ, သန္တတိကာလ ၂-ပါးတို့တွင်၊ တဝိထိ၏ အတွင်း၌ဖြစ်သော ရုပ်ကို၊ တဝိထိ၏ အတွင်းဖြစ်သော ပထမဝိထိ ဇောကာလဖြင့် ပိုင်းခြားခြင်းသည်၊ ခဏာကာလဖြင့် ရုပ်ကို ပိုင်းခြား သည်မည်၏။ ။ဇုန္ဒိယသံဝရနှင့် အာရမ္မဏာပူရေဇာတ ဝဏ္ဏာရမ္မဏာပူရေဇာတကို၍။

ဖြစ်ပြီး၍ တဝိထိလွန်, ၂-ဝိထိလွန်သော ရုပ်ကို၊ ဒုတိယ ဝိထိဇော ကာလ, တတိယ ဝိထိဇောကာလဖြင့် ပိုင်းခြားခြင်းသည်၊ သန္တတိ ကာလဖြင့် ရုပ်ကို ပိုင်းခြားသည်မည်၏။ ပထမ ဝိထိဇောကာလဖြင့် ရုပ်ကို ပိုင်းခြား၊ ဒုတိယဝိထိဇောကာလဖြင့် ရုပ်ကိုပိုင်းခြား၊ တတိယ ဝိထိဇော ကာလဖြင့် ရုပ်ကို ပိုင်းခြားသော စိတ်ကို၊ စတုတ္ထဇော ကာလဖြင့် ပိုင်းခြားခြင်းသည်၊ သန္တတိကာလဖြင့် နာမ်ကို ပိုင်းခြား သည်မည်၏။ အရမ်းမဲ့ကောင်းကင် လက်ဖွဲ့သတ်သင်သလို၊ မှတ်ချင် တိုင်း မှတ်ရသည် မဟုတ်ချေ။

မှတ်ချင်တိုင်း မှတ်ခဲ့ချေသော်၊ ပထဝီစ ဒူရေ၊ နဘံစ ဒူရေ၊ ကောင်း ကင်နှင့် မြေကြီး ဝေးကြီးဝေးသလို ဝေးမည်။ ထို့ကြောင့်၊ဖြစ်ဆဲဖြစ်ဆဲ သော ပစ္စုပ္ပန် နာမ်,ရုပ်ကို၊သိမှတ်ပိုင်းခြား အားမထုတ်ဘဲ၊နာမ်,ရုပ်တို့ ၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကို၊သင်အံလေ့ကျက် တွေးတော ကြံဆ၊ အမည်နာမ သရုပ်သျှ၊ ဝိပဿနာဉာဏ်မှာ ထင်လာအောင်၊ မှတ်ချင်တိုင်း သိမှတ်ပိုင်းခြား အားထုတ်ရမည်ဟု၊ ပါဠိအဋ္ဌကထာ ဋီကာတို့၌ တစိုးတစိမျှမဆိုချေ။ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊ ပစ္စုပ္ပန်လက္ခဏာအင်္ဂါ ၄-ပါးနှင့်ပြည့်စုံသော၊ဖြစ်ဆဲ-ပစ္စုပ္ပန် နာမ်ရုပ် ကိုသာ ရည်တော်မူ၍၊ဖြစ်ဆဲဖြစ်ဆဲသော ရုပ်ခဏ,နာမ်ခဏ ကာလကို၊ သိမှတ်ပိုင်းခြား အားထုတ်ရမည်ဆိုချေသည်။

ဖြစ်ဆဲ ရုပ်ခဏသည်၊ ဆတ်ဆတ်မရှ ပရမတ္ထအားဖြင့်၊ ရုပ္ပနလက္ခ ဏာမည်၏။ ပစ္စုပ္ပန်လက္ခဏာအင်္ဂါ ၄-ပါးနှင့်လည်းပြည့်စုံ၏။ ဖြစ်ဆဲ နာမ်ခဏသည်၊ ဆတ်ဆတ်မရှ ပရမတ္ထအားဖြင့်၊နမနလက္ခဏာမည်၏။ ပစ္စုပ္ပန်လက္ခဏာ အင်္ဂါ ၄-ပါးနှင့်လည်း ပြည့်စုံ၏။ ဖြစ်ဆဲ ရုပ်ခဏ, နာမ်ခဏကို၊ မိဿကအားဖြင့် ထိုက်သည့်အားလျော်စွာ၊သိမှတ် ပိုင်း ခြားရာဌာန ကာလဖြင့် သိမှတ်ပိုင်းခြားမှသာလျှင်၊ ရှေ့ကပျက်သော ရုပ်နာမ်အစဉ်၊ နောက်ကဖြစ်သော ရုပ်နာမ်အစဉ် မရောရှက်သည် ဖြစ်၍၊ ရှေ့ကပျက်သော ရုပ်နာမ်အစဉ်လည်း၊ တခြားပင်ထင်သည်။

နောက်ကဖြစ်သော ရုပ်နာမ်အစဉ်လည်း၊ တခြားပင်ထင်သည်။ ထင်အောင် ရှေးကပျက်သော ရုပ်နာမ်အစဉ်နှင့်၊ နောက်ကဖြစ်သော ရုပ်နာမ်အစဉ်၊ မရောယှက်သော ခဏကာလခြားပုံမှာ၊....

သွားသောခဏ၊ သွား-သွားတယ်၊ သွားတယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မသွားမှီက ရုပ်အစဉ်၊ သွားသောရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ သွားသော ရုပ်အစဉ်၊ သွားတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏၊ သွား-သွားတယ်မှတ်သော စိတ်အစဉ်၊ သွားတယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။

သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ ထင်သောအတိုင်း၊ ရုပ်သက်သက်, နာမ်သက်သက် မျှသာ ထင်၏။ ကိလေသာ၏ အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,ယောကျ်ား,မိန်းမ မထင်။

ရပ်သောခဏ၊ ထိုင်သောခဏ၊ အိပ်သောခဏ၊ ဘယ်လှမ်းသောခဏ၊ ညာလှမ်းသောခဏ၊ တလှမ်းတလှမ်း၌၊ ကြွသောခဏ, ဆောင်သောခဏ, ချောင်သောခဏ လွှတ်သောခဏ,ချသောခဏ, နင်းသောခဏ၊ ရှေ့ကြည့်သောခဏ၊ နောက်ကြည့်သောခဏ၊ လက်ျာဘေးကြည့်သောခဏ၊ လက်ဝဲဘေး ကြည့်သောခဏ၊ အောက်ကြည့်သောခဏ၊ အထက် ကြည့်သောခဏ၊ ကွေးသောခဏ၊ ဆန့်သောခဏ၊ ကိုင်သောခဏ၊ ယူသောခဏ၊ စားသောခဏ၊ သောက်သောခဏ၊ ခဲသောခဏ၊ လျက်သောခဏ၊ ကျင်ကြီး စွန့်သောခဏ၊ ကျင်ငယ်စွန့်သောခဏ၊ အိပ်သောခဏ၊ နိုးသောခဏ၊ ပြောသောခဏ၊ ဆိတ်ဆိတ် နေသောခဏ၊ ဆိတ်ဆိတ်နေ နေတယ်၊ နေတတ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊ ဆိတ်ဆိတ်မနေမှီက ရုပ်အစဉ်၊ ဆိတ်ဆိတ်နေသောရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။

ဆိတ်ဆိတ် နေသော ရုပ်အစဉ်၊ နေတယ်မှတ်သော စိတ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ဆိတ်ဆိတ်နေ နေတယ်မှတ်သော စိတ်အစဉ်၊ နေတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ်၊ကိလေသာနှင့်မစပ်ပြတ်သောအပိုင်းအခြားထင်၏။ သိမှတ်

ပိုင်းခြားသောဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ ထင်သောအတိုင်း၊ ရုပ်သက်သက်,နာမ်သက်သက်မျှသာ ထင်၏။ကိလေသာ၏အာရုံ၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, မိန်းမ, ယောကျ်ား မထင်။

ဝိထိဇောအမည်နှင့် ရုပ်နာမ်ထင်ပုံကို ပြဆိုချက်ပြီး၏။

## ခေတ်ကြီး ၄-ဖြာ ဝေဒနာနှင့် ဝိညာဏ်လက္ခဏာတို့ ထင်ပုံကို ပြဆိုခြင်း

**ပထဝီ ကက္ခဠလက္ခဏာ ထင်ပုံမှာ၊**ချသောခဏ,နင်းသောခဏ, နှိပ်သောခဏ, ဖိသောခဏ, ရှုးသောခဏ, ရှသောခဏ, တိုက်သောခဏ, ထိသောခဏ၊ ထိ-ထိတယ်၊ ထိတယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသော ဉာဏ်ဖြင့်၊ မထိခိုက ရုပ်အစဉ်၊ ထိသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ထိသော ရုပ်အစဉ်၊ ထိတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ ထိ-ထိတယ်မှတ်သော စိတ်အစဉ်၊ ထိတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ ထင်သောအတိုင်း၊ ရုပ်သက်သက်, နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,မိန်းမ,ယောကျ်ား မထင်။

**အာပေါ ပဂ္ဃရဏလက္ခဏာ ထင်ပုံမှာ။** ၊ချွဲပျစ်သောခဏ၊ ပြည်ထွက်သောခဏ၊ သွေးထွက် သောခဏ၊ ချွေးထွက်သော ခဏ၊ မျက်ရေ ထွက်သောခဏ၊ ဆီးကြည်ထွက်သောခဏ၊ တံတွေး ထွေးသောခဏ၊ နှပ်ညှစ်သောခဏ။

**တေဇော ဥဏှတ္တလက္ခဏာ ထင်ပုံမှာ။** ၊ပူသောခဏ၊ အိုက်သောခဏ၊ လောင်သောခဏ၊ ကျက်သောခဏ။ ။သီတလက္ခဏာ ထင်ပုံမှာ၊ အေးသောခဏ၊ ချမ်းသောခဏ။

**ဝါယော စလနလက္ခဏာ ထင်ပုံမှာ။** ၊လှုပ်ရှားသောခဏ၊ ရွေ့သောခဏ၊ ချီသောခဏ၊ ဆောင်သောခဏ၊ ရှောင်သောခဏ၊ သွားလာသောခဏ၊ ကွေးသောခဏ၊ ဆန့်သောခဏ၊ တိုးဝှေ့သောခဏ၊ တိုးဝှေ့-တိုးဝှေ့တယ်၊ ဝှေ့တယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်း

ခြားသောဉာဏ်ဖြင့်၊ မတိုးပွားမှီက ရုပ်အစဉ်၊ တိုးပွားသော ရုပ်အစဉ် ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။

တိုးပွားသော ရုပ်အစဉ်၊တိုးပွားတယ်မှတ်သော စိတ်အစဉ်၊ ကိလေ နှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ တိုးပွား-ပွားတယ်မှတ်သော စိတ်အစဉ်၊ ပွားတယ်မှတ် မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေ သာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသော ဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ ထင်သောအတိုင်း၊ ရုပ်သက်သက်, နာမ် သက်သက်မျှသာထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး,မိန်းမ,ယောကျ်ား မထင်။

**ဝေဒနာ ဝေဒယိတလက္ခဏာ ထင်ပုံမှာ။** ၊နာသော ခဏ၊ ကျင်သောခဏ၊ ကိုက်သောခဏ၊ ခဲသောခဏ၊ အောင့်သောခဏ၊ အင့်သောခဏ၊ နင့်သောခဏ၊ သက်သာသောခဏ၊ မသက်သာသော ခဏ၊ နှစ်သက်သောခဏ၊ မနှစ်သက်သောခဏ၊ နှစ်သက်-နှစ်သက် တယ်၊ နှစ်သက်တယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသော ဉာဏ် ဖြင့်၊ မနှစ်သက်မှီက ဝေဒနာအစဉ်၊ နှစ်သက်သော ဝေဒနာအစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။ နှစ်သက်သော ဝေဒနာအစဉ်၊ နှစ်သက်တယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။ နှစ်သက်-နှစ်သက်တယ် မှတ် သော စိတ်အစဉ်၊ နှစ်သက်တယ်မှတ် မှတ်တယ် မှတ်သောစိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြား သောဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ နာမ်သက်သက်သာထင်၏။ ကိလေ သာ၏ အာရုံ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, မိန်းမ, ယောကျ်ား မထင်။

**ကိလေသာနှင့်တကွ စိတ်၊ ကိလေသာ ကင်းသော စိတ်၊ ဝိဇာ နနလက္ခဏာ ထင်ပုံမှာ။** ၊သရာဂစိတ် တပ်မက်သောခဏ၊ ဝိတ ရာဂစိတ် မတပ်မက်သောခဏ၊သဒေါသစိတ် စိတ်ဆိုးသောခဏ၊ဝိဘ ဒေါသစိတ် စိတ်မဆိုးသောခဏ၊ သမောဟစိတ် မသိသောခဏ၊ ဝိတ မောဟစိတ် သိသောခဏ၊ သံခိတ္တစိတ် အားမထုတ်ဝံ့ တွန့်သောခဏ၊ ဝိက္ခိတ္တစိတ် ပြန့်လွင့်သောခဏ၊သမာဟိတစိတ် တည်ကြည်သောခဏ၊ အသမာဟိတစိတ် မတည်ကြည်သောခဏ၊ ဝိမုတ္တစိတ် ကိလေသာမှ

လွတ်သောခဏ။အခါမှတ္တစိတ် ကိလေသာမှ မလွတ်သောခဏ။ ကိလေသာမှ လွတ်သောခဏ၊လွတ်-လွတ်တယ်၊လွတ်တယ်မှတ်မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့် မလွတ်မီက စိတ်အစဉ်၊ လွတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။

လွတ်သော စိတ်အစဉ်၊ လွတ်တယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ လွတ်-လွတ်တယ် မှတ်သော စိတ်အစဉ်၊ လွတ်တယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သောအပိုင်းအခြားထင်၏။ သိမှတ်ပိုင်းခြားသောဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ နာမ်သက်သက်မျှသာထင်၏။ကိလေသာ၏အာရုံ ပုဂ္ဂိုလ်,သတ္တဝါ,ငါ,သူတပါး,မိန်းမ,ယောကျ်ားမထင်။

**ဝိညာဉ် ၆-ပါး၏အာရုံထင်ပုံ ခဏကာလမှာ။** ။မြင်သောခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ဟု၊သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မမြင်မီက ရုပ်အစဉ်၊ မြင်သော ရုပ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။

မြင်သော ရုပ်အစဉ်၊ မြင်တယ်မှတ်သော စိတ်အစဉ်၊ ကိလေသာ မစပ် ပြတ်သောအပိုင်းအခြားထင်၏။ မြင်-မြင်တယ်မှတ်သော စိတ်အစဉ်၊ မြင်တယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။

ကြားသောခဏ၊ ကြား-ကြားတယ်၊ကြားတယ်မှတ် မှတ်တယ်ဟု၊ သိမှတ် ပိုင်းခြားသောဉာဏ်ဖြင့်၊ မကြားမီက ရုပ်အစဉ်၊ ကြားသော ရုပ်အစဉ်၊ ကိလေသာနှင့် မစပ်။ ကြားသော ရုပ်အစဉ်၊ ကြားတယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ်။ ကြား-ကြားတယ် မှတ်သော စိတ်အစဉ်၊ ကြားတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ်။နံသောခဏ၊ နံ နံတယ်၊ နံတယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မနံမီက ရုပ်အစဉ်၊ နံသောရုပ်အစဉ်၊ ကိလေသာနှင့် မစပ်။နံသော ရုပ်အစဉ်၊ နံတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ် ပြတ်သောအပိုင်းအခြားထင်၏။

နံ-နံတယ်မှတ်သော စိတ်အစဉ်၊ နံတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ကိလေသာနှင့် မစပ်။ စားသောခဏ၊ စား-စားတယ်၊ စားတယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မစားမီက

ရုပ်အစဉ်၊ စားသော ရုပ်အစဉ်၊ ကိလေသာနှင့် မစပ်။ စားသော ရုပ်အစဉ်၊ စားတယ်မှတ်သော စိတ်အစဉ်၊ကိလေသာနှင့် မစပ်။စား-စားတယ်မှတ်သော စိတ်အစဉ်၊ စားတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ်၊ထိသောခဏ၊ ထိ ထိတယ်၊ ထိတယ်မှတ် မှတ်တယ်ဟု၊ သိမှတ်ပိုင်းခြားသောဉာဏ်ဖြင့်၊ မထိမီက ရုပ်အစဉ်၊ ထိသော ရုပ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြား ထင်၏။

ထိသော ရုပ်အစဉ်၊ ထိတယ်မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ်။ထိ-ထိတယ်မှတ်သော စိတ်အစဉ်၊ ထိတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့် မစပ်။ သိသောခဏ၊ မသိမီက ရုပ်အစဉ်၊ သိသော ရုပ်အစဉ်၊ကိလေသာနှင့် မစပ်။ သိသောရုပ်အစဉ်၊ သိတယ်မှတ်သော စိတ်အစဉ်၊ကိလေသာနှင့် မစပ်။ သိ-သိတယ်မှတ်သော စိတ်အစဉ်၊ သိတယ်မှတ်-မှတ်တယ် မှတ်သော စိတ်အစဉ်၊ ကိလေသာနှင့်မစပ် ပြတ်သော အပိုင်းအခြားထင်၏။သိမှတ်ပိုင်းခြားသောဉာဏ်မှာ၊ ဝိညာဉ်၏အာရုံ ရုပ်သက်သက်၊နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူတပါး၊ မိန်းမ၊ ယောကျ်ား မထင်။

မြင်သော ရုပ်၊ ကြားသော ရုပ်၊ နံသော ရုပ်၊ စားသော ရုပ်၊ ထိသော ရုပ်၊ သိသော ရုပ်ကို၊ ဖြေဆိုခဲ့ပြီးသောအတိုင်း၊ သဘာဝါတို့၏ အမှတ်မှုလည်သိုလိုက်၍၊ မှုချ,ဥပစာ သင့်အောင် ယူကြပါကုန်။ အပြစ်ကို အလွန်မရှုကြပါကုန်လင့်။

ခေါင်းကြီး ၄-ဖြာ ဝေဒနာနှင့် ဝိညာဏ်လက္ခဏာတို့
ထင်မြင်ပုံကို ပြဆိုချက်ပြီး၏။

---

## ဝိပဿနာအသိဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပုံ အကျဉ်းချုပ်၍ ဗာဟိယသုတ်ဖြင့် ပြဆိုခြင်း

ဝိညာဏ်၏အာရုံ ရုပ်သက်သက်၊ နာမ်သက်သက်မျှသာ ထင်၏။ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်၊ သတ္တဝါ၊ငါ၊သူတပါး၊ယောကျ်ား၊မိန်းမ မထင် ဆိုသောစကားရပ်၌၊ မြင်သောခဏ၊ စက္ခုဝိညာဏ် မြင်၏။ ကြားသောခဏ၊ သောတဝိညာဏ် ကြား၏။ နံသောခဏ၊ ဃာန ဝိညာဏ် နံ၏။ စားသောခဏ၊ ဇိဝှါဝိညာဏ် စား၏။ ထိသောခဏ၊

ကာယဝိညာဏ် ထိ၏။ သိသောခဏ၊မနောဒွါရာဝဇ္ဇန်းဟူသော မနော ဝိညာဏ် သိ၏။ မြင်ခြင်း ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း,သိခြင်း သည်၊ ဝိပါက်ဂြဲ့ယာ စိတ်မျှသာဖြစ်သောကြောင့်၊ ပုဗ္ဗင်္ဂမ ပဓာန အားဖြင့် ကိလေသာနှင့်မယှဉ်၊ ဝိညာဏ်မည်၏။

မြင်သော စက္ခုဝိညာဏ်၏အာရုံ အဆင်း၊ ကြားသော သောတ ဝိညာဏ်၏အာရုံ အသံ၊နံသော ဃာနဝိညာဏ်၏အာရုံ အနံ့၊စားသော ဇိဝှါဝိညာဏ်၏အာရုံ အရသာ၊ ထိသော ကာယဝိညာဏ်၏ အာရုံ အတွေ့၊ သိသော မနောဝိညာဏ်၏အာရုံ သဘော။ အဆင်း, အသံ, အနံ့, အရသာ, အတွေ့, သဘောသည်၊ပညတ်နှင့်မရောမစပ် ပရမတ် ဆတ်ဆတ်ဖြစ်သောကြောင့်၊ ကိလေသာနှင့်မယှဉ်၊ ဝိညာဏ်၏အာရုံ ရုပ်သက်သက်, နာမ်သက်သက်မည်၏။

ဓောကာလ မှတ်သောခဏ၊ မြင်-မြင်တယ်၊ ကြား-ကြားတယ်၊ နံ-နံတယ်၊ စား-စားတယ်၊ ထိ-ထိတယ်၊ သိ-သိတယ် မှတ်ခြင်းသည်၊ ပညတ်နှင့် မရောမစပ်၊ ပရမတ်ဆတ်ဆတ်၊ ကိလေသာနှင့် မယှဉ်၊ ဝိညာဏ်၏အာရုံ ရုပ်သက်သက်,နံသက်သက်မျှသာထင်သောကြောင့်၊ ကိလေသာ၏အာရုံ ပုဂ္ဂိုလ်, သတ္တဝါ,ငါ,သူတပါး,ယောကျာ်း,မိန်းမ မထင်သည်မည်၏။

ကိလေသာ အကုသိုလ်ဟူသမျှ၊ မုချဆတ်ဆတ် ပရမတ်ပင်ဖြစ်သော်လည်း မိန်းမ, ယောကျာ်း စသည်အမှတ်၊ ပညတ်မထင်ဘဲ မဖြစ်နိုင်ဟူ၍၊ မှတ်ယူ သိရှိကြပါလေ။

တသ္မာ တိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ ဒိဋ္ဌေ ဒိဋ္ဌ
မတ္တံ ဘဝိဿတိ။ သုတေ၊ မုတေ၊ ဝိညာတေ ဝိညာတမတ္တံ
ဘဝိဿတိ။ ယတောခေါ တေ ဗာဟိယ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ
ဘဝိဿတိ။ သုတေ၊ မုတေ၊ ဝိညာတေ ဝိညာတမတ္တံ
ဘဝိဿတိ။ တတော တွံ ဗာဟိယ နတေန၊ ယတော တွံ
ဗာဟိယ နကေန၊ တတော တွံ ဗာဟိယ နတတ္ထ၊ ယတော
တွံ ဗာဟိယ နတတ္ထ၊ တတော တွံ ဗာဟိယ နေဝိဓ နဟုရံ
န ဥဘယမန္တရေန ဧသေဝန္တော ဒုက္ခဿ။

ဗာဟိယ၊ ချစ်သားဗာဟိယ။ ဣဟ၊ ဤငါဘုရား သာသနာတော် မြတ်၌။တေ တယာ၊ သင်သည်။ ဧဝံ၊ ဤသို့။ ယသ္မာ၊ အကြင်ကြောင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ တသ္မာ၊ ထိုကြောင့်။ တေ၊ သင်အား။ ဒိဋ္ဌေ၊

မြင်ရာ၌၊ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ သုတေ ကြားရာ၌။ သုတမတ္တံ၊ ကြားရုံမျှသည်၊ မုတေ၊ နံသော, စားသော ထိသော တွေ့ရာ၌။ မုတမတ္တံ၊ တွေ့ရုံမျှသည်။ ဝိညာတေ၊ သိရာ၌၊ ဝိညာတမတ္တံ၊ သိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ ဗာဟိယ၊ ချစ်သား ဗာဟိယ။ ယတော ခေါ၊အကြင်ကြောင့်လျှင်။ တေ၊ သင်အား။ ဒိဋ္ဌေ၊ ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်ရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။ သုတေ၊ ကြား ရာ၌။ သုတမတ္တံ၊ ကြားရုံမျှသည်။ မုတေ၊ နံသော,စားသော,ထိသော တွေ့ရာ၌။ မုတမတ္တံ၊ တွေ့ရုံမျှသည်။ ဝိညာတေ၊ သိရာ၌။ ဝိညာတမတ္တံ၊ သိရုံမျှသည်။ ဘဝိဿတိ၊ ဖြစ်လတ့်။

ဗာဟိယ၊ ချစ်သားဗာဟိယ။ တတော၊ ထို့ကြောင့်၊ တွံ၊ သင်သည်။ တေန၊ ထိုသို့မြင်ရုံမျှ, ကြားရုံမျှ၊ နံသော,စားသော,ထိသော တွေ့ရုံမျှ, သိရုံမျှဖြင့်။ အဇ္ဈတ္တနံ၊ ကိုယ်ကို။န ပဿိဿသိ၊ မမြင်လတ့်။ ဗာဟိယ၊ ချစ်သားဗာဟိယ။ ယတော၊အကြင်ကြောင့်။ တွံ၊ သင်သည်။ တေန၊ ထိုသို့မြင်ရုံမျှ, ကြားရုံမျှ၊ နံသော, စားသော, ထိသော တွေ့ရုံမျှ, သိရုံ မျှဖြင့်။ အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊ မမြင်လတ့်။ ဗာဟိယ၊ ချစ် သားဗာဟိယ။ တတော၊ ထိုကြောင့်။ တွံ၊ သည်။ တတ္ထ၊ ထိုမြင်ရာ, ကြားရာ, နံသော, စားသော, ထိသော တွေ့ရာ, သိရာ၌။ အတ္တာနံ၊ ကိုယ်ကို။ န ပဿိဿသိ၊ မမြင်လတ့်။ ဗာဟိယ၊ ချစ်သားဗာဟိယ။ ယတော၊ အကြင်ကြောင့်။ တွံ၊ သင်သည်။ တတ္ထ၊ ထိုမြင်ရာ,ကြားရာ၊ နံသော,စားသော,ထိသော တွေ့ရာ,သိရာ၌။အတ္တာနံ၊ကိုယ်ကို။န ပဿိ ဿသိ၊မမြင်လတ့်။ ဗာဟိယ၊ချစ်သားဗာဟိယ။ တတော၊ထို့ကြောင့်။ တွံ၊သင်သည်။ ဣဓ၊ဤ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ၆-ဒွါရ၌။ အတ္တာနံ၊ကိုယ်ကို။န ပဿိဿသိ၊မမြင်လတ့်။ဟုရံ၊အဆင်း,အသံ,အနံ့, အရသာ,အတွေ့,သဘော အာရုံ ၆-ပါး၌။အတ္တာနံ၊ကိုယ်ကို။ န ပဿိ ဿသိ၊မမြင်လတ့်။ဥဘယမန္တရေန၊ဒွါရ,အာရုံ ၂-ပါးစုံတို့၏အကြား စိတ်,စေတသိက် နာမ်တရား၌။အတ္တာနံ၊ကိုယ်ကို။ န ပဿိဿသိ၊မမြင် လတ့်။ ဧသေဝ-ဧသော ဧဝ အန္တော၊ ဤသို့သော ပညတ်သဘော သင်မမြင်သော ကိုယ်သည်ပင်လျှင်။ဒုက္ခဿ၊သင်ဟုသမုတ် ဝဋ်ဒုက္ခ၏။ အန္တော၊အဆုံးအပြီး နိဗ္ဗာန်ကြီးပင်တည်း။

**အတ္တာနံ နပဿတိတိ အနတ္တာပြု။ ။ယော သော ကာ၊ နိဗ္ဗာန်စွဲ။ ။ယော အနေ္တာ၊ အကြင်အဆုံးအပြီး နိဗ္ဗာန်ကြီးသည်။ အတ္တာနံ၊ ကိုယ်ကို။န ပဿတိ၊ မိမိလည်း မမြင်တတ်၊သူ့ကိုလည်း မမြင်စေတတ်။ဣတိ၊ထို့ကြောင့်။သော အနေ္တာ၊ ထိုအဆုံးအပြီး နိဗ္ဗာန်ကြီးသည်။အနတ္တာ၊အနတ္တမည်၏။**

အတ္တ၏အရကား၊ ရှိသဖြင့် မချုပ်,ဖြစ်သဖြင့် မချုပ်သော၊ ကိလေသာ အနုသယ, ပရိယုဋ္ဌာန်၊ ဘဝတဖန် ခန္ဓာ, နာမ်ရုပ် တရားကိုယ်တည်း။ အနတ္တ၏ အရကား မရှိသဖြင့် ချုပ်,မဖြစ်သဖြင့် ချုပ်သော၊ ကိလေသာ အနုသယ, ပရိယုဋ္ဌာန်၊ ဘဝတဖန် ခန္ဓာ,နာမ်ရုပ် တရားကိုယ်တည်း။ ထို့ကြောင့်၊ အတ္တ၏ အနက်မြန်မာ၊ ကိုယ်ဟု ယသတ်ပြန်ဆိုမှ သင့်မည်။အဘယ့်ကြောင့်နည်း၊ဤဗာဟိယသုတ်ကို ကြားနာရသောကာလ၊ ဝိပဿနာနှင့်တကွ၊ အစဉ်အတိုင်း ၄-ပါးသော မဂ်ဖြင့်ကိုယ်ကို မမြင်၊ အနတ္တ ထင်သဖြင့်၊ ဗာဟိယဒါရု စီရိယမထေရ် နိဗ္ဗာန်ကို မြင်သောကြောင့် ဟူပေသတည်း။

ဤဗာဟိယသုတ်ဖြင့် အစပင်ဖြစ်သော်လည်း၊ ဝိပဿနာမှန်လျှင် ဝိညာဏ်၏ အာရုံမှုသာ ထင်ပုံ၊ ကိလေသာ၏အာရုံ မထင်ပုံ။ ကိလေသာ၏အာရုံ မထင်လျှင်လည်း၊တဒင်္ဂတဒင်္ဂ ကိလေသာ ချုပ်ပုံ။ကိလေသာ ချုပ်လျှင်လည်း၊ တဒင်္ဂတဒင်္ဂ ဘဝဘဖန် ခန္ဓာ, နာမ်ရုပ် ချုပ်ပုံ။ နောက် ဉာဏ်အဆင့်ဆင့် မြင်သဖြင့်၊ ကိလေသာ ဘဝတဖန် ခန္ဓာ, နာမ်ရုပ် ချုပ်လျှင်လည်း၊ တဒင်္ဂတဒင်္ဂ ဉာဏ်ဖြင့်ထင်ထင် ကိုယ်ကို မမြင်ပုံ။ကိုယ်ကို မမြင်လျှင်လည်း၊ တဒင်္ဂတဒင်္ဂ အနတ္တထင်ပုံ။ အနတ္တ ထင်လျှင်လည်း၊ တဒင်္ဂတဒင်္ဂ နိဗ္ဗာန်ကိုမြင်ပုံ၊ အလုံးစုံကို၊ အကုန်မကြွင်း အကျဉ်းအားဖြင့် သိမှတ်၍၊ မြဲမြံစွာ မှတ်ယူ အပ်လှပေသတည်း။

ဝိပဿနာဉာဏ်ဖြင့် နိဗ္ဗာန်မြင်ပုံကို ပြဆိုချက်ပြီး၏။

---

## ဝိညာဏ်,ဓာတ် လက္ခဏာနှင့် ၂-ဖြာသော နာမ်ရုပ် အပိုင်းအခြားကို မှတ်သားရန် ပြဆိုခြင်း

မဂ်ဖြင့် အနုသယ,ပရိယုဋ္ဌာန်၊ ဘဝတဖန် ခန္ဓာ,နာမ်ရုပ် အကြွင်းမဲ့ ချုပ်သော နိဗ္ဗာန်ကို၊ နောက်မှ အကျယ်ဆိုလတ္တံ့။

အစပင်ဖြစ်သော်လည်း ဝိပဿနာမှန်လျှင်၊ဝိညာဏ်၏ အာရုံမှုသာ ထင်ပုံ ကိလေသာ၏အာရုံ မထင်ပုံ၊ ဆိုသောစကားရပ်၌၊ ဝိပဿနာ

မှန်လျှင်၊ ဝိညာဏ်၏အာရုံသာ ထင်၏။ ကိလေသာ၏ အာရုံ မထင်။ ဝိပဿနာမမှန်လျှင်၊ ကိလေသာ၏အာရုံသာ ထင်၏၊ဝိညာဏ်၏အာရုံ မထင်။ ဝိညာဏ်ဖြင့် သိသောခဏ၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို၊ ဝိညာဏ်၏ အာရုံ တူမျှကြ၏။ ဓောကာလ မှတ်သောခဏ၊ မတူမျှကြ။ သွားသော ခဏ၊ ခွေး, မြေခွေး အစရှိသော အန္ဓဗာလ ပုထုဇဉ်တို့သည်လည်း၊ သွားသော ရုပ်သက်သက်ကို အာရုံပြု၍၊ မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့်၊ သွား-သွားတယ်ဟု သိကြကုန်၏၊ ဓောကာလ မှတ်သောခဏ၊ ကိလေသာ၏ အာရုံဖြစ်သော၊ သွားသော သဏ္ဌာဝါကို အာရုံပြု၍၊ငါသွား-ငါသွားတယ်ဟု မှတ်ကြကုန်၏။ မှတ်သောအတိုင်း လည်း ပြောဆိုကြကုန်၏။ ဝိညာဏ်၏အာရုံ မထင်ကုန်။

သွားသောခဏ၊ ယောဂီ ပုဂ္ဂိုလ်တို့သည်လည်း၊ သွားသော ရုပ်သက်သက်ကို အာရုံပြု၍၊မနောဒွါရာဝဇ္ဇန်းဟူသော မနောဝိညာဏ်ဖြင့်၊ သွား-သွားတယ်ဟု သိကြကုန်၏၊ ဓောကာလမှတ်သော ခဏလည်း၊ ဝိညာဏ်၏ အာရုံဖြစ်သော၊ သွားသော ရုပ်သက်သက်ကိုပင် အာရုံပြု၍၊ သွား-သွားတယ်ဟူ၍ပင် မှတ်ကြကုန်၏။ မှတ်သော အတိုင်းသာ ပြောဆိုကြကုန်၏၊ကိလေသာ၏အာရုံ မထင်ကုန်။ထို့ကြောင့်၊ အစပင် ဖြစ်သော်လည်း၊ ဝိပဿနာ မှန်လျှင် ဝိညာဏ်၏ အာရုံမျှသာ ထင်ပုံ၊ ကိလေသာ၏အာရုံ မထင်ပုံဟုဆိုသည်။ ဤနိဒဿနနည်းဖြင့်၊ ဖြေဆို ပုံကိုမှတ်၍ ဖြေဆိုရန်အလုံးစုံကို၊ အကုန်သိမ်းကျုံး၍ ပြီးဆုံးအောင် သိသင့်လှပေပြီ။

လက္ခဏာသည်၊ သဘာဝလက္ခဏာ, သင်္ခတလက္ခဏာ, သာမညလက္ခဏာအားဖြင့် ၃-ပါးအပြားရှိ၏။ ထို ၃-ပါးတို့တွင်၊ ဖြစ်ဆဲသော နာမ်ရုပ်သည်၊ သဘာဝလက္ခဏာမည်၏။ ဖြစ်ဆဲသော နာမ်ရုပ်၏ ဥပါဒ်,ဌီ,ဘင်သည်၊သင်္ခတလက္ခဏာမည်၏။ ဥပါဒ်,ဌီ,ဘင် သင်္ခတ လက္ခဏာ၏ မမြဲဟု မှတ်အပ်သော ပေါက်ပြန်ပျက်စီးသော အခြင်း အရာ၊ ဆင်းရဲဟု မှတ်အပ်သော နှိပ်စက်သော အခြင်းအရာ၊ အစိုး မရဟု မှတ်အပ်သော အလိုသို့ မလိုက်သော အခြင်းအရာသည်၊ သာမညလက္ခဏာမည်၏။

သာမညလက္ခဏာ ထင်အောင်၊ သင်္ခတ လက္ခဏာကို သိမှတ် ပိုင်းခြားအပ်၏။ သင်္ခတလက္ခဏာ ထင်အောင်၊ သဘာဝလက္ခဏာကို သိမှတ်ပိုင်းခြားအပ်၏။ သဘာဝလက္ခဏာ ထင်အောင်၊ ဖြစ်ဆဲသော

နာမ်ရုပ်ကို သိမှတ်ပိုင်းခြားအပ်၏။ ဝိပါက်ဝိညာဏ်, ကိရိယာဝိညာဏ်ဖြင့် သိသောခဏ၊ ဘယ်ပုဂ္ဂိုလ်မျိုးမဆို၊ဖြစ်ဆဲသော နာမ်ရုပ်ကို အာရုံပြု၍၊ နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ ဝိညာဏ်ဖြင့် သိ၏။ သိသော်လည်း ဝိပါက်ဝိညာဏ်, ကြိယာဝိညာဏ် သိရုံမျှသာဖြစ်၍၊ နာမ်ရုပ် အပိုင်းအခြားလည်းမဖြစ်၊ ဝိပဿနာလည်း မဟုတ်။ ဝိပါက်ဝိညာဏ်, ကြိယာဝိညာဏ်သည်၊ ကိလေသာနှင့် မယှဉ်သည် ဖြစ်၍ ဝိညာဏ်မည်၏။ ဖြစ်ဆဲသော နာမ်ရုပ်သည်၊ ကိလေသာ၏ အာရုံ မဟုတ်သည်ဖြစ်၍ ဝိညာဏ်၏ အာရုံမည်၏။

ဇောကာလ မှတ်သောခဏ၊ ဝိပဿနာကို အားမထုတ်နိုင်သော၊ ခွေး,မြေခွေးအစရှိသော အန္ဓဗာလပုထုဇဉ်သည်၊ ကိလေသာ၏အာရုံဖြစ်သော သဏ္ဍာန်ပညတ် သဏ္ဌာဝါကိုသာ အာရုံပြု၍၊ ဖြစ်ဆဲသော နာမ်ရုပ် ကိုပင်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမဟု ထင်မှတ်၏။ ဝိညာဏ်၏ အာရုံလည်း မထင်၊ နာမ်ရုပ် အပိုင်းအခြားလည်း မဖြစ်၊ ဝိပဿနာလည်း မဟုတ်။

ဇောကာလ မှတ်သောခဏ၊ဝိပဿနာကိုအားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ဝိညာဏ်၏အာရုံဖြစ်သော၊ ဖြစ်ဆဲသော နာမ်ရုပ် ကိုသာ အာရုံပြု၍၊နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ သိမှတ်ပိုင်းခြား၏။ကိလေသာ၏အာရုံလည်း မထင်၊နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၏။ ဝိပဿနာလည်း ဟုတ်၏။

ဤသို့ ဇောကာလ မှတ်သောခဏ၊ ဝိပဿနာလည်း မဟုတ်၊ နာမ်ရုပ် အပိုင်းအခြားလည်း မဖြစ်၊ဝိညာဏ်၏အာရုံလည်း မထင်၊ ကိလေသာ၏ အာရုံဖြစ်သော သတ္တဝါကိုသာ အာရုံပြု၍၊ ဖြစ်ဆဲသော နာမ်ရုပ်ကိုပင်၊ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောက်ျား, မိန်းမဟု ထင်မှတ်သော၊ ဝိပဿနာကို အားမထုတ်နိုင်သော၊ ခွေး,မြေခွေးအစရှိသော အန္ဓဗာလပုထုဇဉ်တို့၏ အထင်အမှတ်ကို ပယ်ရှား၍ ဇောကာလ မှတ်သောခဏ၊ ဝိပဿနာလည်း ဟုတ်၊ နာမ်ရုပ် အပိုင်းအခြားလည်း ဖြစ်၊ ကိလေသာ၏ အာရုံလည်း မထင်။ ဝိညာဏ်၏ အာရုံဖြစ်သော၊ ဖြစ်ဆဲသော နာမ်ရုပ်ကိုသာ အာရုံပြု၍၊နာမ်ကို နာမ်ဟူ၍သာ၊ ရုပ်ကို ရုပ်ဟူ၍သာ သိမှတ်ပိုင်းခြားသော၊ ဝိပဿနာကို အားထုတ်သော၊ ယောဂီပုဂ္ဂိုလ်တို့၏ သိမှတ်ပိုင်းခြားသော နည်းဖြင့်၊ သိမှတ်ပိုင်းခြားပါများသော်၊နာမရူပပရိစ္ဆေဒဉာဏ်တဖက်ကမ်းသို့ရောက်၏။

ဤသို့ နာမရူပပရိစ္ဆေဒဉာဏ်တဖက်ကမ်းသို့ ရောက်သည့်ရှိသော်၊ မုချဆတ်ဆတ် ပရမတ်အားဖြင့် နာမ်,ရုပ်မျှသာရှိ၏။နာမ်,ရုပ်မှတ်ပါး ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ မရှိဟု၊ အကြွင်းအခါကာလ၊ ဆုံးဖြတ်သောဉာဏ် ဖြစ်၏။ ထိုအခါ ကာလ နာမရူပပရိစ္ဆေဒဉာဏ် တဖက်ကမ်းရောက်၏။ နာမ်,ရုပ်မျှသာ ထင်၏။ သတ္တသညာ ဒိဋ္ဌိကွာ၏၊ နာမ်,ရုပ်ကို ပိုင်းခြားသော ဉာဏ် အစဥ်မပြတ် စပ်၏။ နေ့ရောညဥ့်ပါ အခါမစဲ အမြဲမပြတ်လပ်အောင် နာမ်,ရုပ်ထင်၏။သတ္တသညာ ပျောက်၏။နာမရူပပရိစ္ဆေဒဉာဏ်သည် ဂေါစရ သမ္မောဇညမည်၏။ ဆုံးဖြတ်သော ဉာဏ်သည်၊ အသမ္မောဟ သမ္ပဇညမည်၏။

ဝိညာဏ်,ဇော လက္ခဏာနှင့် နာမ်,ရုပ် အပိုင်းအခြားကို ပြဆိုချက်ပြီး၏။

**နာမရူပ ပရိစ္ဆေဒကထာပြီး၏။**

**နာမ်ရုပ်၏အကြောင်း သိမ်းဆည်းခြင်းစသည်ကို ပြဆိုရာ**

# ပစ္စယပရိဂ္ဂဟကထာ

## ဉာဏ်အစနှင့် ဒွါရ ၆-ပါး၌ နာမ်၏အကြောင်း ရုပ်ထင်ပုံကို ပြဆိုချက်

ယသ္မာ မဟာသိဝတ္ထေရဝါဒေ အနန္တရေ အနန္တရေ ဣရိယာပထေ ပဝတ္တရူပါရူပဓမ္မာနံ တတ္ထတတ္ထေဝ နိရောဓ ဒဿနဝသေန သမ္ပဇာနကာရိတာ ဂဟိတာတိ တံ သမ္ပဇညဝိပဿနာစာရဝသေန ဝေဒိတဗ္ဗံ။ တေန ဝုတ္တံ တယိဒံ မဟာသိဝတ္ထေရေန ဝုတ္တံ၊ အသမ္မောဟဓုရံ မဟာ သတိပဋ္ဌာန သုတ္တေ အဓိပ္ပေတန္တိ။

ယသ္မာ၊ အကြင့်ကြောင့်။ မဟာသိဝတ္ထေရဝါဒေ၊ မဟာသိဝထေရ်၏ဝါဒ၌။ အနန္တရေ အနန္တရေ၊ အခြားမဲ့တိုင်း အခြားမဲ့တိုင်း။ ဣရိယာပထေ၊ ဣရိယာပုထ်၌။ပဝတ္တရူပါရူပဓမ္မာနံ၊ ဖြစ်သော ရုပ်နာမ်တရား

တို့၏။ တတ္ထ တတ္ထေ၀၊ထိုထိုဇ္ဈာရိယာပုထ်၌သာလျှင်။ နိရောဓ ဒဿန ၀သေန၊ ချုပ်ပျက်သည်ကို ရှုမြင်သည့်၏ အစွမ်းအားဖြင့်။ သမ္မဓာန ကာရိတာ၊ သမ္မဇဉ်ကို ပြုလေ့ရှိသော ယောဂီ၏အဖြစ်ကို။ ဂဟိတာ၊ ယူအပ်၏။ ဣတိ၊ထို့ကြောင့်။ တံ သမ္မဇည်၊ ထိုယောဂီ၏ သမ္မဇဉ်ကို။ သမ္မဇည ဝိပဿနာ စာရဝသေန၊ သမ္မဇည ဝိပဿနာ ဖြစ်သည့်၏ အစွမ်းအားဖြင့်။ ဝေဒိတဗ္ဗံ၊သိအပ်၏။ တေန၊ထို့ကြောင့်။တယိဒံ။ပ။ အဓိပ္ပေတန္တိ၊တယိဒံ။ပ။အဓိပ္ပေတံ-ဟူ၍။ ဝုတ္တံ၊ မိန့်ဆိုအပ်၏။မဟာသိဝတ္ထေရေန၊ မဟာသိဝ ထေရ်သည်။ ဝုတ္တံ၊မိန့်ဆိုအပ်သော။တယိဒိ-တံ ဣဒံ သမ္မဇည်၊ ထိုသမ္မဇည်ကို။ မဟာသတိပဋ္ဌာနသုတ္တေ၊ မဟာသတိ ပဋ္ဌာန်သုတ်၌။ အသမ္မောဟရုံ၊ အသမ္မောဟသမ္မဇည၏ ရှေ့ဦးဖြစ်သော ဂေါစရသမ္မဇညဟူ၍။ အဓိပ္ပေတံ၊လိုအပ်၏။

ဤသာမညဖလသုတ်၏ အဖွင့်၊ ဗုဒ္ဓမတည အဋ္ဌကထာ ဋီကာတို့၏ အလိုအားဖြင့်၊ မဟာသတိပဋ္ဌာန်သုတ်၌ ဟောတော်မူအပ်သော သမ္မဇညသည်၊ ဝိပဿနာ သက်သက် ဖြစ်၍ သာတ္ထက သမ္မဇညလည်း မမည်ခဲ့ချေ၊သပ္ပါယသမ္မဇညလည်း မမည်ခဲ့ချေ၊ အသမ္မောဟသမ္မဇည လည်း မမည်ခဲ့ချေ၊ သမ္မဇညဝိပဿနာသက်သက်ဖြစ်၍ ဂေါစရသမ္မဇညသာ မည်ခဲ့ချေ၏။ သမ္မဇညဝိသေသ, ဝိပဿနာ ဝိသေသကို ဆိုသဖြင့်၊ ဝိပဿနာသည်၊ ဂေါစရ သမ္မဇည, ဝိပဿနာ သမ္မဇည အားဖြင့် ၂-ပါးအပြားရှိ၏။ထို ၂-ပါးတို့တွင်၊ဂေါစရသမ္မဇညသည်၊ နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ ဖြစ်၏။ ဝိပဿနာသမ္မဇညသည်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်မှစ၍ဖြစ်၏။

ထိုဉာဏ် ၂ ပါးတို့တွင်၊ နာမ်,ရုပ်၏ အကြောင်းကို သိမ်းဆည်း ဆင်ခြင်သောဉာဏ်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ်မည်၏။

ဤပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်လိုသော ယောဂီပုဂ္ဂိုလ်သည်၊ တဖက်ကမ်းရောက်သော နာမရူပပရိစ္ဆေဒဉာဏ်ဖြင့်၊ သိမှတ်ပိုင်းခြား အပ်သော၊ ဖြစ်ဆဲသော ပစ္စုပ္ပန်နာမ်ရုပ်ကို လွှတ်၍၊ သက်သက် နာမ် ရုပ်၏ အကြောင်းမျှကိုသာ သိမ်းဆည်းဆင်ခြင်သော၊ ပစ္စယပရိဂ္ဂဟ ဉာဏ်ကို အားထုတ်ရမည် မဟုတ်ချေ။ တဖက်ကမ်းရောက်သော နာမ ရူပ ပရိစ္ဆေဒဉာဏ်ဖြင့်၊ ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ် ရုပ်ကို သိမှတ် ပိုင်းခြားပါများ၍၊ သိမှတ်ပိုင်းခြားအပ်သော၊ ဖြစ်ဆဲသော ပစ္စုပ္ပန် နာမ်ရုပ်၏ အကြောင်းကို၊ အကြင် အခါ ကာလ ဉာဏ် တဆင့်

တက်၍ သိမှတ်ပိုင်းခြားနိုင်၏။ ထိုအခါကာလ ပစ္စယပရိဂ္ဂဟာဉာဏ်ကို အားထုတ်သည်မည်၏။

## ပစ္စယပရိဂ္ဂဟာဉာဏ်သို့ရောက်ပုံမှာ

သွားသောခဏ၊ သွား-သွားတယ်၊ သွားတယ်မှတ် မှတ်တယ်ဟု၊ သွားသောခဏ၊သွားသော ရုပ်ကို၊သွား-သွားတယ်မှတ်သောစိတ်ဖြင့်၊ မှတ်သောခဏ၊သွားတယ် မှတ်သောစိတ်ကို၊သွားတယ်မှတ် မှတ်သော စိတ်ဖြင့်၊ နာမ်ရုပ် အစုံကို တဖက်ကမ်းရောက် သိမှတ် ပိုင်းခြား နိုင်သော နာမရူပပရိစ္ဆေဒဉာဏ်သည်၊ ဖြစ်ဖြစ်သမျှသော နာမ်ရုပ်ကို၊ မလစ်မလပ် ဉာဏ်အစဉ်စပ်အောင်၊ သိမှတ်ပိုင်းခြားခြင်း၌ စွမ်းနိုင် သည်ဖြစ်၍၊ မသွားမီက သွားချင်သောစိတ်ကို သိမှတ်ပိုင်းခြားနိုင်၏။ သိမှတ်ပိုင်းခြားနိုင်သော ကာလမှစ၍၊သွားချင်သောခဏ, သွားသော ခဏ, မှတ်သောခဏ၊ ၃-ဌာနလုံးစုံအောင်၊ သွားချင်-သွားချင်တယ်၊ သွား-သွားတယ်၊ သွားတယ်မှတ် မှတ်တယ်ဟု၊ ယောဂီ၏ဉာဏ်တွင် အမှတ်ထင်၍ သိမြင်လာတော့၏။

ဤနည်းဖြင့် အမှတ် ထင်ပါများ၍၊ နာမ် ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်နိုင်သည်ရှိသော်၊ အမှတ်၏ အဆုံးအဆုံး၊ သွားချင် သောကြောင့် သွား၏။ သွားသောကြောင့်၊ သွား-သွားတယ် မှတ်၏။ သွားတယ် မှတ်သောကြောင့်၊ သွားတယ်မှတ် မှတ်၏ဟု ပကတိ မိမိ သဘော အထင်၊ ကျမ်းရိုးစကားပြင် ပြိုပြင်အောင်၊ နာမ် ရုပ်၏ အကြောင်းကို သိမ်းဆည်း ဆင်ခြင်သည်ဖြစ်၍၊ ကျမ်းဂန်သင်ဘူးသူ ယောဂီလူတို့၏ ဉာဏ်တွင်၊ နာမ်ရုပ်၏ အကြောင်း ထင်၏။ နာမ် ရုပ်၏ အကြောင်း ထင်သော ဉာဏ်သည်၊ ပစ္စယ ပရိဂ္ဂဟာဉာဏ်သို့ ရောက်သည်မည်၏။

သွားချင်လို့ သွား၏။ သွားလို့ သွား-သွားတယ် မှတ်၏။ သွားတယ် မှတ်လို့ သွားတယ်မှတ် မှတ်၏ဟု ပကတိ မိမိသဘော အထင်၊ကျမ်းရိုး စကားပြင် မပြိုမပြင်၊ နာမ်ရုပ်၏ အကြောင်းမျှကိုသာ သိမ်းဆည်း ဆင်ခြင်သည်ဖြစ်၍၊ ကျမ်းဂန်မသင်ဘူးသူ ယောဂီလူတို့၏ဉာဏ်တွင်၊ လောကီလူတို့ စကားပြင်လို၊ နာမ်ရုပ်၏ အကြောင်း ထင်၏။ နာမ် ရုပ်၏ အကြောင်း ထင်သော ဉာဏ်သည်၊ ပစ္စယ ပရိဂ္ဂဟာဉာဏ်သို့ ရောက်သည်ဟု မည်တော့လေ၏။

ဘာပြုလို့ သွားသနည်း၊ သွားချင်လို့ သွား၏။ ဘာပြုလို့ သွား-သွားတယ်မှတ်သနည်း၊ သွားလို့ သွား-သွားတယ် မှတ်၏။ ဘာပြုလို့ သွားတယ်မှတ် မှတ်သနည်း၊ သွားတယ်မှတ်လို့ သွားတယ်မှတ် မှတ်၏ဟု၊ အမေးနှင့်အဖြေ လောကီလူတို့ စကားပြေလို၊ နာမ်ရုပ်၏ အကြောင်းကို ဆင်ခြင်၏ ဆိုသည်။ ကျမ်းဂန် မသင်ဘူးသူ လူထု လူပိန်းပင် ဖြစ်သော်လည်း၊ ယောဂီမှန်လျှင် ဤနည်းဖြင့် နာမ်ရုပ်၏ အကြောင်းကို၊ ပကတိ မိမိသဘော အထင်၊ လောကီလူတို့ စကား ပြင်လို ဆင်ခြင်နိုင်၏။ ဆင်ခြင်နိုင်သောကြောင့်ပင်လျှင်၊ ကျမ်းဂန် မသင်ဘူးသူ လူထုလူပိန်းပင်ဖြစ်သော်လည်း၊ မဂ်ဖိုလ်ကိုရ၏။မဂ်ဖိုလ် ကို ရသောကြောင့်ပင်လျှင်၊ သဘောဟုတ် လောကုတ္တရာ ဆိုသော စကား အမှန်သာဖြစ်၏။

ပြန်ချင်သောခဏ၊ ပြန်သောခဏ၊ မှတ်သောခဏ၊ ပြန်ချင်-ပြန်ချင် တယ်၊ ပြန်-ပြန်တယ်၊ ပြန်တယ်မှတ် မှတ်တယ်၊ ပြန်ချင်သောကြောင့် ပြန်၏။ ပြန်သောကြောင့် ပြန်-ပြန်တယ် မှတ်၏။ ပြန်တယ် မှတ်သော ကြောင့် ပြန်တယ်မှတ် မှတ်၏။

လှမ်းချင်သောခဏ၊ လှမ်းသောခဏ၊ မှတ်သောခဏ၊ လှမ်းချင်—လှမ်းချင်တယ်၊ လှမ်း-လှမ်းတယ်၊ လှမ်းတယ်မှတ် မှတ်တယ်၊ လှမ်းချင် သောကြောင့် လှမ်း၏။ လှမ်းသောကြောင့်၊ လှမ်း-လှမ်းတယ် မှတ်၏။ လှမ်းတယ် မှတ်သောကြောင့်၊ လှမ်းတယ်မှတ် မှတ်၏။ လှမ်းချင်လို့ လှမ်း၏။ လှမ်းလို့ လှမ်း-လှမ်းတယ် မှတ်၏။ လှမ်းတယ် မှတ်လို့၊ လှမ်းတယ်မှတ် မှတ်၏။

ကြည့်ချင်သောခဏ၊ ကြည့်သောခဏ၊ မှတ်သောခဏ၊ ကြည့်ချင်-ကြည့်ချင်တယ်၊ ကြည့်-ကြည့်တယ်၊ ကြည့်တယ်မှတ် မှတ်တယ်၊ ကြည့်ချင်သောကြောင့် ကြည့်၏။ ကြည့်သောကြောင့်၊ ကြည့်-ကြည့် တယ် မှတ်၏။ကြည့်တယ် မှတ်သောကြောင့်၊ ကြည့်တယ်မှတ် မှတ်၏။ ကြည့်ချင်လို့ ကြည့်၏။ကြည့်လို့ ကြည့်ကြည့်တယ် မှတ်၏။ကြည့်တယ် မှတ်လို့ ကြည့်တယ်မှတ် မှတ်၏။

ကွေးချင်သောခဏ၊ ကွေးသောခဏ၊ မှတ်သောခဏ၊ ကွေးချင်-ကွေးချင်တယ်၊ ကွေး-ကွေးတယ်၊ကွေးတယ်မှတ် မှတ်တယ်၊ကွေးချင် သောကြောင့် ကွေး၏။ ကွေးသောကြောင့်၊ ကွေး-ကွေးတယ် မှတ်၏။ ကွေးတယ် မှတ်သောကြောင့်၊ ကွေးတယ်မှတ် မှတ်၏။ ကွေးချင်လို့

ကွေး၏။ ကွေးလို့ ကွေး ကွေးတယ် မှတ်၏။ ကွေးတယ်မှတ်လို့ ကွေးတယ်မှတ် မှတ်၏။ ဆိတ်ဆိတ် နေသည့်တိုင်အောင် သွားလေ။

မြင်သောခဏ၊ မှတ်သောခဏ၊ မြင် – မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိကြည်လင် အဆင်းထင်လို့ မြင်တယ်။ ကြားသော ခဏ, မှတ်သောခဏ၊ ကြား-ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်၊ နားက ကြည်လင် အသံထင်လို့ ကြားတယ်။ နံသောခဏ, မှတ်သော ခဏ၊ နံ-နံတယ်၊ နံတယ်မှတ် မှတ်တယ်၊ နှာခေါင်းကြည်လင် အနံ့ ထင်လို့ နံတယ်။ စားသောခဏ, မှတ်သောခဏ၊ စား - စားတယ်၊ စားတယ်မှတ် မှတ်တယ်၊လျှာကကြည်လင် အရသာထင်လို့ စားတယ်။ ထိသောခဏ,မှတ်သောခဏ၊ ထိ-ထိတယ်၊ ထိတယ်မှတ် မှတ်တယ်၊ ကိုယ်ကကြည်လင် အတွေ့ထင်လို့ ထိတယ်။ သိသောခဏ, မှတ်သော ခဏ၊ သိ-သိတယ်၊သိတယ်မှတ် မှတ်တယ်၊ စိတ်ကကြည်လင်သဘော ထင်လို့ သိတယ်။

ဉာဏ်အစနှင့် ဒွါရ ၆-ပါး၌ နာမ်၏အကြောင်း
ရုပ်ထင်ပုံကို ပြဆိုခြင်းပြီး၏။

## ပဋိစ္စသမုပ္ပါဒနှင့် အဝိနိဗ္ဘောဂ၏ သဘောများကို မှတ်သားရန် ပြဆိုခြင်း



ဤသို့ပြအပ်သော၊ အထက်ပါ ပဋိစ္စသမုပ္ပါဒ် ဟူသော၊ မနားမရပ် လည်ပုံ စက်ရဟတ် အနေနှင့်စပ်ယှဉ်၍၊အောက်တွင် ရေးသားသော၊ ပစ္စယ ပရိဂ္ဂဟဉာဏ်ဖြစ်ပုံ၏ အဓိပ္ပါယ် သဘောများကို၊ နားလည် ကွဲပြားအောင် မှတ်သားသိရှိကြပါလေ။

ဘဝခန္ဓာ နာမ်,ရုပ်ကို၊ မသိ မမြင်ခြင်းသည်-အဝိဇ္ဇာမည်၏။ အား ထုတ်ခြင်းသည်-သင်္ခါရမည်၏။ တပ်မက်တောင့်တခြင်းသည်-တဏှာ

မည်၏။ စွဲလမ်းခြင်းသည် - ဥပါဒါန်မည်၏။ ပြုခြင်းသည်-ကံမည်၏။ ရုပ္ပ, အနိဋ္ဌဖြစ်သော အဆင်း,အသံ,အနံ့, အရသာ,အတွေ့,သဘော၊ အဇ္ဈတ္တ, ဗဟိဒ္ဓဖြစ်သော ရုပ်အာရုံ ၆-ပါးသည်၊ ဇနက, ဥပတ္ထမ္ဘက ဖြစ်သော ကံ, စိတ်, ဥတု, အာဟာရကြောင့်ဖြစ်၏။ ကမ္မဇရုပ်သည်၊ ကံကြောင့်ဖြစ်၏။ စိတ္တဇရုပ်သည်၊ စိတ်ကြောင့်ဖြစ်၏။ ဥတုဇရုပ်သည်၊ ဥတုကြောင့်ဖြစ်၏။ အာဟာရဇရုပ်သည်၊ အာဟာရကြောင့်ဖြစ်၏။

စက္ခု, သောတ, ဃာန,ဇိဝှါ,ကာယ၊ ဝတ္ထု ဘာဝ ဇီဝိတ၊ မျက်စိ, နား,နှာ,လျှာ,ကိုယ်,နှလုံး၊ မိန်းမ ယောက်ျားတို့၏ အသွင်အပြင် အမူ အရာ အသက် အဆက်ဆက် ပွါးတိုးစေခြင်းအကျိုး၄ါ၊ ဆံပင်အစ ကျင်ငယ်အဆုံးရှိသော၊ ကောဋ္ဌာသမျိုး ပွါးတိုးစေခြင်း အကျိုး၄ါ၊ ဘောဇဉ်အစာအာဟာရကို စားသောက်ကြ၏ဟု၊ပကတိ မိမိသဘော အားဖြင့် ကြီးငယ်မဟူ၊ ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့သည် သိ လည်းသိကြ၏။ ဟုတ်မှန်စွာ သိသဖြင့် ဖြောင့်မတ်သော အယူကို လည်း ယူကြ၏။

ယခုအခါ သာသနာတော်တွင်း၌ ဖြစ်ကြကုန်သော၊ ကြီးငယ်မဟူ ရဟန်းရှင်လူ ခပ်သိမ်းသောသူတို့သည်၊ ဒိဋ္ဌမျက်မှောက် ဝိပဿနာ ဉာဏ်ဖြင့် အထင်အမြင်မရောက်သေးသော်လည်း၊ ကြားနာဘူးသော ဗဟုသုတ သုတမယဉာဏ်၊ သဘောသကန်အဟုတ်အမှန် ကြားဘူး သော စိန္တာမယဉာဏ်အရင်းခံသဖြင့်၊ အယူကိုဖြောင့်မတ်စွာပြုတတ် သော၊ဒိဋ္ဌိဇုကမ္မ ပုညကြိယာဝတ္ထုနှင့် ပြည့်စုံကြကုန်သည်ဖြစ်၍၊စက္ခု, သောတ,ဃာန,ဇိဝှါ, ကာယ,ဝတ္ထု၊ဘာဝ ဒသက ကလာပ်အားဖြင့် ၇-ပါး၊ သရုပ်အားဖြင့် ၇၀-ကမ္မဇရုပ်၊ စေတသိက်ယှဉ်နှင့် တကွ၊ စက္ခုဝိညာဏ်, သောတဝိညာဏ်, ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်,မနောဝိညာဏ် ဝိညာဏ် ၆-ပါး၊ဝိပါက်ကမ္မဇနာမ်၊ ဤရုပ်နာမ် ၂-ပါးသည်၊ ယခုဘဝ ခဏခဏ ဖြစ်သည်ရှိသော်၊ ရှေး ရှေးသောကာလ ဘဝက၊ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံကြောင့်ဖြစ်၏ဟု သိလည်း သိကြကုန်၏။ ဟုတ်မှန်စွာ သိသဖြင့်၊ ဖြောင့်မတ်သော အယူကိုလည်း ယူကြကုန်၏။ စေတသိက်ယှဉ်နှင့် တကွ၊ ဝီထိစိတ်ဝိညာဏ် နာမ်သည်၊ ဒွါရ အာရုံကြောင့် ဖြစ်၏ဟု သိလည်း သိကြကုန်၏။ ဟုတ်မှန်စွာသိသဖြင့် ဖြောင့်မတ်သော အယူ ကိုလည်း ယူကြကုန်၏။

ဖြောင့်မတ်သော အယူကိုယူမိကြသည်ဖြစ်၍၊ သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့်၊ ယခုဘဝ ခဏခဏဖြစ်သော ခန္ဓာ နာမ် ရုပ်ကို၊ အကြောင်းနှင့်တကွ သိကြပါ၏ဆိုသော်လည်း၊ သုတမယ ဉာဏ်, စိန္တာမယ ဉာဏ်ဖြင့် သိခြင်းသည်၊ ဝိနိဗ္ဘောဂ မဖြစ်၊ အဝိနိဗ္ဘောဂ သာဖြစ်၍၊ နာမ်ရုပ်အပိုင်းအခြားမျှမဖြစ်ချေ။ နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်နိုင်ရန်မှာ၊ဆိုဘွယ်ရာမရှိအလွန်ပင်ဝေးကွာသတိ၏။

ဝိနိဗ္ဘောဂ,အဝိနိဗ္ဘော ဂ၂-ပါးတို့တွင်၊အဝိနိဗ္ဘောဂသည်၊သန္တတိဃန အဝိနိဗ္ဘောဂ,သမူဟဃန အဝိနိဗ္ဘောဂ,ကိစ္စဃန အဝိနိဗ္ဘော ဂ,အာရမ္မဏဃန အဝိနိဗ္ဘောဂအားဖြင့်၄-ပါးအပြားရှိ၏။ ထို၄-ပါး တို့တွင်၊ တဝိထိဝိ ရှေးကဖြစ်သော ဒွါရအာရုံ၊ ဝိထိစိတ်ဝိညာဏ် ရုပ်နာမ်တို့၏ယခုနောက်ကဖြစ်သောဒွါရအာရုံ ဝိထိစိတ်ဝိညာဏ်နာမ် ရုပ်တရားတို့နှင့်၊ မကွဲမပြား မခြားမပြတ် အသိဖြင့်မှတ်ဘဲ၊တပေါင်း တည်း ရှေ့နောက် နာမ်ရုပ်အစဉ် ရောစပ်ခြင်းသည်၊ သန္တတိဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်း ရှေ့နောက် နာမ်ရုပ်အစဉ် ရောစပ်သောကြောင့် ပင်လျှင်၊ မျက်စိတဆုံး အကုန်သိမ်းကျုံး၍ ကြည့်သော်လည်း၊ တပြိုင် နက် တပေါင်းတည်း တကြိမ်တခါတည်းမြင်သည် ထင်၏။

တဝီထိတည်း ဖြစ်သော ဒွါရအာရုံ ရုပ်တရားတို့၏၊ ဝိထိစိတ် ဝိညာဏ်နာမ်တရားတို့နှင့်၊မကွဲမပြား မခြားမပြတ် အသိဖြင့်မှတ်ဘဲ၊ တပေါင်းတည်း နာမ်ရုပ်အပေါင်း ရောစပ်ခြင်းသည်၊ သမူဟဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်း နာမ်ရုပ်အပေါင်း ရောစပ်သောကြောင့်ပင်လျှင်၊ မြင်သောခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်၊ မျက်စိဖြင့် အဆင်းကို မြင်တယ်စသည်ဖြင့်၊မြင်တာ တခြား၊မှတ်တာတခြား၊မျက် စိ တခြား၊ အဆင်း တခြား၊မြင်တဲ့ ဝိထိစိတ် ဝိညာဏ် နာမ် တခြား၊ ဤသို့သော နာမ်အပိုင်းအခြား၊ ရုပ်အပိုင်းအခြား မထင်ချေ။ ရုပ်က လာပ်ပေါင်း နာမ်ကလာပ်ပေါင်း၊ သောင်ပြောင်း တပေါင်းတည်း ရောစပ်လေ၏။

ယခုဖြစ်သော ဝိထိစိတ်နှင့် တူသော၊ ရှေးကဖြစ်သော ဝိထိစိတ် တို့၏၊ ယခု နောက်ကဖြစ်သောဝိထိစိတ် ကိစ္စအထူးတို့နှင့်၊ မကွဲမပြား

မခြားမပြတ် အသိဖြင့်မမှတ်ဘဲ၊ တပေါင်းတည်း ကိစ္စရှေ့နောက် ရောစပ်ခြင်းသည်၊ ကိစ္စဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်း ကိစ္စရှေ့နောက် ရောစပ်သောကြောင့် ပင်လျှင်၊ ရှေးကကြားဘူးတာနှင့် ယခုကြားဘူးတာမထူး အတူတူဘဲ၊ ခုတင်ခုပြော ခုတင်ခုကြား မထူးအတူတူဘဲဟု၊ ကိုယ်ပါသူရော ပြောမိကြ၏။ ရှေ့ကကြားသော ကိစ္စခဏကာလနှင့်၊ ယခုနောက်မှကြားသော ကိစ္စခဏကာလ၏ ရှိ,မရှိ၊ အထူးသတိဖြင့် အမှတ်မပြု၊ ကြားတိုင်းကြားတိုင်း၊ ကြား-ကြားတယ်,ကြား-ကြားတယ်ဟု၊ဝိပဿနာပညာဖြင့် ပိုင်းခြားမှုမထင်ချေ၊ကြားသောကိစ္စ ရှေ့နောက်ရောစပ်ကြလေ၏။

ယခုပြုသော အာရုံနှင့်တူသော၊ ရှေးကပြုသော အာရုံတို့၏ ယခုနောက်ကပြုသော အာရုံအထူးတို့နှင့်၊ မကွဲမပြား မခြားမပြတ် အသိဖြင့်မမှတ်ဘဲ၊ တပေါင်းတည်း ရှေ့နောက်အာရုံ ရောစပ်ခြင်းသည်၊ အာရမ္မဏဃန အဝိနိဗ္ဘောဂမည်၏။

တပေါင်းတည်းရှေ့နောက် ရောစပ်သောကြောင့် ပင်လျှင်၊ ရှည်ကြာအောင်မြည်သော အသံကိုကြားသော်လည်း၊တကြိမ်တခါတည်းကြားသည်ထင်၏။ ကွေး-ကွေးတယ်၊ ဆန့်-ဆန့်တယ်ဆိုတဲ့ အသိမျိုး ယခုမှသိရမည်မဟုတ်၊ မွေးစပေါက်ကသိ၏ဟု ဆိုမိကြ၏။ ရှေ့နောက် အာရုံမထူး အတူတူရောစပ်မိလေ၏။

ဤသို့ သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့်၊ ယခုဘဝ ခဏခဏ ဖြစ်သော ဒွါရ, အာရုံ,ဝိညာဏ် နာမ်ရုပ်တို့ကို၊ ရှေ့နောက် အစဉ်, အပေါင်း, ကိစ္စ, အာရုံ ကွဲပြားခြားပြတ် တပေါင်းတည်း မရောမစပ်အောင်၊သိမှတ်ပိုင်းခြားနိုင်သည်မဟုတ်သောကြောင့် ဝိနိဗ္ဘောဂမဖြစ်။

အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလအားဖြင့်၊ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲမဟုတ်၊ ဖြစ်သင့်သော ဒွါရ, အာရုံ, ဝိညာဏ် နာမ်ရုပ်တို့၏ အမည်နာမ သရုပ်သဘော သဘောလက္ခဏာကိုသာ၊ တွေးတောကြံဆဆင်ခြင်မိခါမျှဖြစ်၍၊ ဖြစ်တိုင်းဖြစ်တိုင်း သိမှတ် ပိုင်းခြားသင့်လျက်၊ မသိမမှတ် မပိုင်းမခြားသော ဒွါရ, အာရုံ, ဝိညာဏ် နာမ်ရုပ်တို့၏ ရှေ့နောက် အစဉ်, အပေါင်း, ကိစ္စ, အာရုံ မကွဲမပြား မခြားမပြတ် တပေါင်းတည်း ရောစပ်သောကြောင့်၊ အဝိနိဗ္ဘောဂသာဖြစ်၏။

ထို့ကြောင့်၊ သုတမယဉာဏ်, စိန္တာမယဉာဏ်ဖြင့် သိခြင်းသည်၊ ဝိနိဗ္ဘောဂ မဖြစ်၊ အနိဝိဗ္ဘောဂသာဖြစ်၍ နာမ်ရုပ် အပိုင်းအခြားမျှ

မဖြစ်ချေ။ နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်နိုင်ရန်မှာ၊ ဆိုဘွယ်ရာမရှိ အလွန်ဝေးကွာသတိ၏ဟု ဆိုသည်။

ဖြစ်တိုင်းဖြစ်တိုင်း မသိမမှတ် မပိုင်းမခြားခြင်းကြောင့်၊ အစဉ်၊ အပေါင်း၊ ကိစ္စ၊ အာရုံ မကွဲမပြား မခြားမပြတ်၊ တပေါင်းတည်း ရောစပ်သော အဝိနိဗ္ဘောဂ ၄-ပါးကို ဆိုသဖြင့်၊ ဖြစ်တိုင်းဖြစ်တိုင်း သိမှတ်ပိုင်းခြားခြင်းကြောင့် အစဉ်၊အပေါင်း၊ကိစ္စ၊အာရုံ ကွဲပြား ခြားပြတ်၊တပေါင်းတည်း မရောမစပ်သော ဝိနိဗ္ဘောဂ ၄-ပါးကို သိ အပ်၏။ဝိပဿနာ ဘာဝနာမယဉာဏ်ဖြင့် သိခြင်းသည်၊အဝိနိဗ္ဘောဂ မဖြစ်၊ ဝိနိဗ္ဘောဂသာဖြစ်၍ နာမ်ရုပ် အပိုင်းအခြားလည်းဖြစ်၏။ နာမ် ရုပ်၏ အကြောင်းကိုလည်း သိမ်းဆည်း ဆင်ခြင်နိုင်၏။ သဘာဝ လက္ခဏာ၊သင်္ခတလက္ခဏာ၊ သာမညလက္ခဏာလည်း၊ ထင်သင့်သည် အားလျော်စွာ ထင်၏။

ယခု နာမရူပ ပရိစ္ဆေဒဉာဏ်က တဖက်ကမ်းရောက်၊ ပစ္စယ ပရိဂ္ဂဟဉာဏ်က အစ၊ ဝိပဿနာ ဘာဝနာမယဉာဏ်ဖြင့်၊ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာလအားဖြင့် ၃-ပါးတို့တွင်၊ ခဏပစ္စုပ္ပန်၊ သန္တတိပစ္စုပ္ပန်ဖြစ်သော၊ခဏခဏဖြစ်သောဒွါရ၊အာရုံ၊ဝိညာဏ် နာမ် ရုပ်တို့ကို၊ အကြောင်းနှင့်တကွ သံမှတ်ပိုင်းခြား သိမ်းဆည်း ဆင်ခြင် ခြင်းသည်၊ နာမ်ရုပ်တို့၏ ရှေးနောက် အစဉ်၊ အပေါင်း၊ ကိစ္စ၊ အာရုံ ကွဲပြားခြားပြတ်၊ တပေါင်းတည်း မရောစပ် သောကြောင့်၊ အဝိ နိဗ္ဘောဂ မဖြစ်၊ ဝိနိဗ္ဘောဂသာဖြစ်၍ နာမ်ရုပ် အပိုင်း အခြားလည်း ဖြစ်၏။နာမ်ရုပ်တို့၏ ခဏပစ္စုပ္ပန်၊သန္တတိပစ္စုပ္ပန်ဖြစ်သော၊အကြောင်း တစိပ်ကိုလည်း သိမ်းဆည်းဆင်ခြင်နိုင်၏။ အတိတ် အကြောင်းကို မဆင်ခြင်နိုင်သေး၊ အတိတ်၊ အနာဂတ် နာမ်ရုပ်တို့၏ အကြောင်း ကိုလည်း မဆင်ခြင်နိုင်သေးပေ။

ထို့ကြောင့်၊ပစ္စယပရိဂ္ဂဟဉာဏ် အစ၌၊အတိတ်၊အနာဂတ်၊ပစ္စုပ္ပန် ကာလ ၃-ပါး၌ ဖြစ်သော၊ ဒွါရ၊ အာရုံ၊ ဝိညာဏ် နာမ် ရုပ်တို့၏ အကြောင်းကို၊သံမှတ်ပိုင်းခြား သိမ်းဆည်းဆင်ခြင်နိုင်ခြင်းအကျိုးငှါ၊ ဝိပဿနာကို အားမထုတ်မီက မသိမထင်ပုံ၊ ယခု ဝိပဿနာကို အား ထုတ်သောကာလ သိထင်ပုံ အလုံးစုံကို၊ ဤ ပစ္စယပရိဂ္ဂဟဉာဏ် အစသို့ ရောက်သော ယောဂီမှန်ပါလျှင်၊ ဆင်ခြင်နိုင်မြဲပင် ဖြစ်၏။ ဝိပဿနာမဟုတ်ပေ။

**ပဋိစ္စသမုပ္ပါဒနှင့် အဝိနိဗ္ဘောဂ၏ သဘောကို ပြဆိုခြင်းပြီး၏။**

## ၆-ပါးသော ဒွါရ၌ ဝိညာဉ်၌ ဆင်ခြင်၍ သိပုံကို ယုံကြည်ရန် ပြဆိုခြင်း

ဆင်ခြင်ပုံမှာ၊ယခုဝိပဿနာကို အားထုတ်သောကာလ၊ မြင်သော ခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ မိန်းမ,ယောကျ်ားဟု မထင်မှတ်။ မထင်မှတ်၍ မိန်းမ,ယောကျ်ားကို မမြင်ရ။မြင်ရအောင် အားမထုတ် အားမထုတ်၍ မိန်းမ, ယောကျ်ားကို မမြင်ရ။မမြင်ရအောင် မတောင့်တ၊မတောင့်တ၍ မိန်းမ, ယောကျ်ား ကို မမြင်ရ။မြင်ရအောင် မစွဲလမ်း၊ မစွဲလမ်း၍ မိန်းမ,ယောကျ်ားကို မမြင်ရ။ မြင်ရအောင် မပြု။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ မြင်သောခဏ၊ မြင်-မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ မိန်းမ, ယောကျ်ားဟု မထင်မှတ်။ မထင်မှတ်၍ မိန်းမ ဘဝ, ယောကျ်ား ဘဝကို မရ။ ရအောင် အားမထုတ်၊ အားမထုတ်၍ မိန်းမဘဝ, ယောကျ်ားဘဝကို မရ။ ရအောင် မတောင့်တ၊ မတောင့်တ၍ မိန်းမ ဘဝ,ယောကျ်ားဘဝကို မရ။ ရအောင် မစွဲလမ်း၊ မစွဲလမ်း၍ မိန်းမ ဘဝ, ယောကျ်ားဘဝကို မရ။ ရအောင် မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီက၊ မြင်သောခဏ၊မြင်-မြင်တယ်၊ မြင်တယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ။ မိန်းမ, ယောကျ်ားဟု ထင်မှတ်၏။ ထင်မှတ်၍ မိန်းမ,ယောကျ်ားကို မမြင်ရ။ မြင်ရအောင် အားထုတ်၏၊အားထုတ်၍ မိန်းမ,ယောကျ်ားကို မမြင်ရ။မြင်ရအောင် တောင့်တ၏၊ တောင့်တ၍ မိန်းမ,ယောကျ်ားကို မမြင်ရ။မြင်ရအောင် စွဲလမ်း၏၊ စွဲလမ်း၍ မိန်းမ,ယောကျ်ားကို မမြင်ရ။ မြင်ရအောင် ပြု၏၊ မိန်းမဘဝ,ယောကျ်ားဘဝကို မရ။ ရအောင် အားထုတ်၏၊ တောင့် တ၏၊ စွဲလမ်း၏၊ ပြု၏။

ယခုဝိပဿနာကို အားထုတ်သောကာလ၊ကြားသောခဏ၊ကြား- ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ မိန်းမ, ယောကျ်ားဟု မထင်မှတ်။ မထင်မှတ်၍ မိန်းမသံ, ယောကျ်ားသံကို မကြားရ။ ကြားရအောင် အားမထုတ်၊ အားမထုတ်၍ မိန်းမသံ, ယောကျ်ားသံကို မကြားရ။ ကြားရအောင် မတောင့်တ၊ မတောင့် တ၍ မိန်းမသံ,ယောကျ်ားသံကို မကြားရ။ကြားရအောင် မစွဲလမ်း၊

မစွဲလမ်း၍ မိန်းမသံ,ယောကျ်ားသံကို မကြားရ။ ကြားရအောင် မပြု၊ မိန်းမဘာဝ,ယောကျ်ားဘာဝကို မရ။ ရအောင် အားမထုတ်၊ မတောင့်တ၊ မစွဲလမ်း၊မပြု။

ရှေးပိပဿနာကို အားမထုတ်မီကာလ၊ ကြားသောခဏ၊ ကြား-ကြားတယ်၊ ကြားတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ၊ မိန်းမ, ယောကျ်ားဟု ထင်မှတ်၏။ ထင်မှတ်၍ မိန်းမသံ, ယောကျ်ားသံကို မကြားရ။ ကြားရအောင် အားထုတ်၏၊ အားထုတ်၍ မိန်းမသံ, ယောကျ်ားသံကို မကြားရ။ ကြားရအောင် တောင့်တ၏၊တောင့်တ၍ မိန်းမသံ, ယောကျ်ားသံကို မကြားရ။ ကြားရအောင် စွဲလမ်း၏၊ စွဲလမ်း၍ မိန်းမသံ,ယောကျ်ားသံကို မကြားရ။ ကြားရအောင် ပြု၏၊ မိန်းမဘာဝ, ယောကျ်ားဘာဝကို မရ။ ရအောင်အားထုတ်၏၊ တောင့်တ၏၊ စွဲလမ်း၏၊ ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊နံသောခဏ၊နံ-နံတယ်၊ နံတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ မိန်းမ, ယောကျ်ားဟု မထင်မှတ်။ မထင်မှတ်၍ မိန်းမ,ယောကျ်ားကို မနမ်းရ။ နမ်းရအောင် အားမထုတ်၊ အားမထုတ်၍ မိန်းမ, ယောကျ်ားကို မနမ်းရ။ နမ်းရအောင် မတောင့်တ၊ မတောင့်တ၍ မိန်းမ, ယောကျ်ားကို မနမ်းရ။ နမ်းရအောင် မစွဲလမ်း၊ မစွဲလမ်း၍ မိန်းမ, ယောကျ်ားကို မနမ်းရ။ နမ်းရအောင် မပြု၊ မိန်းမဘာဝ, ယောကျ်ားဘာဝကို မရ။ ရအောင် အားမထုတ်၊ မတောင့်တ၊ မစွဲလမ်း၊မပြု။

ရှေးပိပဿနာကို အားမထုတ်မီကာလ၊ နံသောခဏ၊ နံ-နံတယ်၊ နံတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ။ မိန်းမ, ယောကျ်ားဟု ထင်မှတ်၏။ ထင်မှတ်၍ မိန်းမ,ယောကျ်ားကို မနမ်းရ။ နမ်းရအောင် အားထုတ်၏၊အားထုတ်၍ မိန်းမ,ယောကျ်ားကို မနမ်းရ။နမ်းရအောင် တောင့်တ၏၊ တောင့်တ၍ မိန်းမ, ယောကျ်ားကို မနမ်းရ။ နမ်းရအောင်စွဲလမ်း၏၊စွဲလမ်း၍ မိန်းမ,ယောကျ်ားကို မနမ်းရ။နမ်းရအောင် ပြု၏၊ မိန်းမဘာဝ, ယောကျ်ားဘာဝကို မရ။ ရအောင် အားထုတ်၏၊ တောင့်တ၏၊ စွဲလမ်း၏၊ပြု၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ စားသောခဏ၊ စား-စားတယ်၊ စားတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ မိန်းမ, ယောကျ်ားဟု မထင်မှတ်။ မထင်မှတ်၍ မိန်းမ, ယောကျ်ားကို

မစားရ။ စားရအောင် အားမထုတ်၊ အားမထုတ်၍ မိန်းမ, ယောကျ်ား ကို မစားရ။ စားရအောင် မတောင့်တ၊ မတောင့်တ၍ မိန်းမ, ယောကျ်ားကို မစားရ။ စားရအောင် မစွဲလမ်း၊ မစွဲလမ်း၍ မိန်းမ, ယောကျ်ားကို မစားရ။စားရအောင် မပြု၊မိန်းမဘဝ,ယောကျ်ားဘဝ ကို မရ။ ရအောင် အားမထုတ်၊ မတောင့်တ၊ မစွဲလမ်း၊မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မိကာလ၊ စားသောခဏ၊ စား–စားတယ်၊ စားတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ။ မိန်းမ, ယောကျ်ားဟု ထင်မှတ်၏။ ထင်မှတ်၍ မိန်းမ,ယောကျ်ားကို မစားရ။ စားရအောင် အားထုတ်၏၊ အားထုတ်၍ မိန်းမ, ယောကျ်ားကို မစားရ။ စားရအောင် တောင့်တ၏၊တောင့်တ၍ မိန်းမ,ယောကျ်ား ကို မစားရ။ စားရအောင် စွဲလမ်း၏၊ စွဲလမ်း၍ မိန်းမ, ယောကျ်ားကို မစားရ။ စားရအောင် ပြု၏၊ မိန်းမဘဝ, ယောကျ်ားဘဝကို မရ။ ရအောင် အားထုတ်၏၊ တောင့်တ၏၊ စွဲလမ်း၏၊ပြု၏။

ယခုဝိပဿနာကို အားထုတ်သောကာလ၊ ထိသောခဏ၊ ထိ–ထိတယ်၊ ထိတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် သိ၏။ မိန်းမ, ယောကျ်ားဟု မထင်မှတ်။ မထင်မှတ်၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် အားမထုတ်၊အားမထုတ်၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် မတောင့်တ၊ မတောင့်တ၍ မိန်းမ, ယောကျ်ားကို မထိရ။ထိရအောင် မစွဲလမ်း၊မစွဲလမ်း၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် မပြု၊ မိန်းမဘဝ, ယောကျ်ားဘဝကို မရ။ ရအောင် အားမထုတ်၊ မတောင့်တ၊ မစွဲလမ်း၊မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မိကာလ၊ထိသောခဏ၊ ထိ-ထိတယ်၊ ထိတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ။ မိန်းမ, ယောကျ်ားဟု ထင်မှတ်၏။ ထင်မှတ်၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် အားထုတ်၏၊ အားထုတ်၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် တောင့်တ၏၊ တောင့်တ၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် စွဲလမ်း၏၊ စွဲလမ်း၍ မိန်းမ,ယောကျ်ားကို မထိရ။ ထိရအောင် ပြု၏၊ မိန်းမဘဝ,ယောကျ်ားဘဝကို မရ။ ရအောင် အားထုတ်၏၊ တောင့်တ၏၊ စွဲလမ်း၏၊ ပြု၏။

ယခုဝိပဿနာကို အားထုတ်သောကာလ၊ သိသောခဏ၊ သိ-သိတယ်၊သိတယ်မှတ် မှတ်တယ်ဟု၊မှတ်သဖြင့်သိ၏။မိန်းမ,ယောကျ်ားဟု

မထင်မှတ်။ မထင်မှတ်၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် အားမထုတ်၊ အားမထုတ်၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် မတောင့်တ၊ မတောင့်တ၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် မစွဲလမ်း၊ မစွဲလမ်း၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် မပြု၊ မိန်းမဘဝ,ယောကျ်ားဘဝကို မရ။ ရအောင် အားမထုတ်၊ မတောင့်တ၊ မစွဲလမ်း၊ မပြု။

ရှေ့ဝိပဿနာကို အားမထုတ်မီကာလ၊သိသောခဏ၊ သိ-သိတယ်၊ သိတယ်မှတ် မှတ်တယ်ဟု၊ မှတ်သဖြင့် မသိ။ မိန်းမ,ယောကျ်ားဟု ထင်မှတ်၏။ ထင်မှတ်၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် အားထုတ်၏၊ အားထုတ်၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် တောင့်တ၏၊ တောင့်တ၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် စွဲလမ်း၏၊ စွဲလမ်း၍ မိန်းမ,ယောကျ်ားကို မသိရ။ သိရအောင် ပြု၏၊ မိန်းမဘဝ,ယောကျ်ားဘဝကို မရ။ ရအောင် အားထုတ်၏၊ တောင့်တ၏၊ စွဲလမ်း၏၊ ပြု၏။

ဤသို့သောနည်းဖြင့်၊ မိမိကိုယ်၌ ကိုယ်တိုင် သိမသိ၊ထင်မထင် အမှုကို၊ မဆင်ခြင်သော သူသာလျှင် မသင်၊ ဆင်ခြင်လျှင် ထင်သောသူချည်းပင်တည်း။

၆-ပါးသောဒွါရ, ဝိညာဉ်၌ ဆင်ခြင်၍သိပုံကို
ယုံကြည်ရန် ပြဆိုခြင်းပြီး၏။

---

## ကာလ ၃-ပါး၌ ယုံမှားခြင်းကင်းသည်ကို ရှင်းလင်းစွာ ပြဆိုခြင်း

ယခုဝိပဿနာကို အားထုတ်သောကာလ၊ ဖြစ်တိုင်းဖြစ်တိုင်း သိသဖြင့်၊ မှတ်အပ်သော နာမ်ရုပ်၌၊ သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ်သဖြင့် သင်္ခါရမရှိ၊ မတောင့်တသဖြင့် တဏှာမရှိ၊ မစွဲလမ်း သဖြင့် ဥပါဒါန်မရှိ၊ မပြုသဖြင့် ကံမရှိ။ ယခု အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်,ကံ အကြောင်း မရှိခြင်းကြောင့်၊ နောင် အကျိုးနာမ်ရုပ် မဖြစ်ဟု ဆင်ခြင်သဖြင့် ထင်၏။ အကြောင်းမရှိ အကျိုးမဖြစ်။ ယခု နာမ်ရုပ်၌ အကြောင်း, အကျိုးချုပ်ပုံ၊ နောင် မင်္ဂ၏အာရုံ နိဗ္ဗာန်နှင့် ဆ၍သိရအောင်၊ ယုံကြည်ဘို့ သတိပြုလေ။

ဝိပဿနာကို အားမထုတ်မီကာလ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်၌၊ မသိသဖြင့် အဝိဇ္ဇာရှိ၏၊ အားထုတ်သဖြင့်

သင်္ခါရရှိ၏၊တောင့်တသဖြင့် တဏှာရှိ၏၊စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏၊ ပြုသဖြင့် ကံရှိ၏။ယခု အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကံအကြောင်း ရှိခြင်းကြောင့်၊နောင် အကျိုးနာမ်ရုပ် ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။ အကြောင်းရှိ အကျိုးဖြစ်။ ယခု နာမ်ရုပ်၌ အကြောင်း,အကျိုးမချုပ်ပုံ၊ နောင် ရဟန္တာတို့၏၊ သဥပါဒိသေသ,အနုပါဒိသေသနိဗ္ဗာန်နှင့် ဆ၍ သိရအောင်၊ ယုံကြည်တို့ သတိပြုလေ။

ရှေးဘဝကာလ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်၌၊ မသိသဖြင့် အဝိဇ္ဇာရှိ၏၊ အားထုတ် သဖြင့် သင်္ခါရရှိ၏၊ တောင့်တသဖြင့် တဏှာရှိ၏၊ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏၊ ပြုသဖြင့်၊ ကံရှိ၏။ ရှေး အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ အကြောင်း ရှိခြင်းကြောင့်၊ယခု အကျိုးနာမ်ရုပ် ဖြစ်၏ဟု ဆင်ခြင်သဖြင့် ထင်၏။ ယခု အကြောင်းကြောင့်၊ နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးက လည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်း ကြောင့် နာမ်ရုပ်ဖြစ်လတ္တံ့ဟု ဆင်ခြင်သဖြင့် ထင်၏။

ယခု ဝိပဿနာကို အားထုတ်သောကာလ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ် သဖြင့်၊သိအပ်သော နာမ်ရုပ်တို့၏၊အစ ဖြစ်သောသဘောကို ဆင်ခြင် သဖြင့်၊ ဇာတိလည်း ထင်၏။ အလယ် အိုသောသဘောကို ဆင်ခြင် သဖြင့်၊ ဇရာလည်း ထင်၏။ အဆုံး ပျက်သော သဘောကိုဆင်ခြင် သဖြင့်၊ မရဏလည်း ထင်၏။ သုတမယဉာဏ်ဖြင့် ကြားနာဘူးသော အတိုင်း၊ စိန္တာမယ ဉာဏ်ဖြင့် ကြံဘူးသော အတိုင်း၊ အဝိဇ္ဇာ, တဏှာ,ဥပါဒါန်,ကံ,အာဟာရကြောင့် ရုပ်ဖြစ်၏။ ဒွါရ,အာရုံကြောင့် နာမ်ဖြစ်၏။ ကံ,စိတ်,ဥတု,အာဟာရကြောင့် ရုပ်ဖြစ်၏။ ဆက်ဆံသော အကြောင်း, မဆက်ဆံသော အကြောင်းကြောင့် နာမ်ဖြစ်၏ဟု ဆင် ခြင်သဖြင့် ထင်၏။

ဤသို့ ယခု ဝိပဿနာကို အားထုတ်သော ကာလ သိထင်ပုံ၊ ဝိပဿနာကို အားမထုတ်မီက မသိမထင်ပုံ၊ သုတမယဉာဏ်, စိန္တာ မယဉာဏ်ကာလ သိထင်ပုံ၊ အလုံးစုံကို အကုန်ဆင်ခြင်၏။ ဝိပဿနာ မဟုတ်ပေ။

စိတ်သည်၊ သုတစိတ်, စိန္တာစိတ်, ဘာဝနာစိတ်အားဖြင့် ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင်၊ သုတ စိတ် သည်၊ ကြားနာသော ကာလ၊ သုတမယဉာဏ်ဖြင့်၊ ဒေသနာသံ နာမ်ရုပ်တို့၏အမည်၊ နာမ

ပညာတ် ထင်၏။ ကြားနာပြီး၍ ဆင်ခြင်သောကာလ၊ သုတမယဉာဏ်ဖြင့်၊ ဒေသနာသံ၏အနက် နာမ်ရုပ်တို့၏သဘော၊ တဇ္ဇာပညတ် ထင်၏။ စိန္တာစိတ်သည်၊ တွေးတော ကြံဆသောကာလ၊ စိန္တာမယဉာဏ်ဖြင့်၊ နာမ်ရုပ်တို့၏ သဘော တဇ္ဇာပညတ် ထင်၏။ ဘာဝနာစိတ်သည်၊ ပွါးများ အားထုတ်သောကာလ၊ ဘာဝနာမယဉာဏ်ဖြင့်၊ နာမ်ရုပ် ဆတ်ဆတ် ပမြတ်သဘော ထင်၏။

> နနုစ တဇ္ဇာပညတ္တိဝသေန သဘာဝဓမ္မော ဂယှတီတိ၊
> သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ၊ ဘာဝနာယ ပန ဝဍ္ဎမာနာယ
> ပညတ္တိံ သမတိက္ကမိတွာ သဘာဝေယေဝ စိတ္တံ တိဋ္ဌတိ။
>
> (မဟာဋီကာ)

တဇ္ဇာပညတ္တိဝသေန၊ တဇ္ဇာပညတ်၏ အစွမ်းအားဖြင့်။ သဘာဝဓမ္မော၊ သဘောတရားကို။ ဂယှတိ နနု၊ ယူအပ်သည် မဟုတ်လော။ ဣတိစ၊ ဤသို့လည်း။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ ပုဗ္ဗဘာဂေ၊ ဘာဝနာမှရှေ့ သုတမယ,စိန္တာမယ ကာလအခါ၌။ ဂယှတိ၊ ယူအပ်သည်။ သစ္စံ၊ မှန်ပေ၏။ ပန တထာပိ ထိုသို့ပင်မှန်သော်လည်း။ ဘာဝနာယ၊ ဘာဝနာကို။ ဝဍ္ဎမာနာယ၊ ပွါးအပ်သည်ရှိသော်။ ပညတ္တိံ ပညတ်ကို။ သမတိက္ကမိတွာ၊ လွန်၍။ သဘာဝေယေဝ၊ သဘော ပရမတ်၌သာလျှင်။ စိတ္တံ၊ စိတ်သည်။ တိဋ္ဌတိ၊ တည်၏။

ဝိပဿနာကို အားထုတ်သောသူသည်၊ သုတမယဉာဏ်ဖြင့် ကြားနာ ဘူးသော အတိုင်း၊ နာမ်ရုပ် ထင်အောင် အားထုတ်သောသူ တယောက်၊ စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း၊ နာမ်ရုပ်ထင်အောင် အားထုတ်သောသူ တယောက်။ထို ၂-ယောက်တို့တွင်၊ ဤ ပစ္စယပရိဂ္ဂဟဉာဏ် အစီအရင်၌၊ ပထမနည်း,ဒုတိယနည်းဖြင့်၊ ဝိပဿနာကို အားထုတ်သောသူသည်၊ သုတမယဉာဏ်ဖြင့် ကြားနာ ဘူးသော အတိုင်း၊ နာမ်ရုပ်ထင်အောင် အားထုတ်သောသူမည်၏။ တတိယ နည်း, စတုတ္ထနည်း, ပဉ္စမနည်းဖြင့် ဝိပဿနာကို အားထုတ်သောသူ သည်၊ စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း၊ နာမ်ရုပ်ထင်အောင် အားထုတ်သောသူမည်၏။

ပထမနည်းဖြင့်၊ ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည် ရှိသော်၊ သုတမယဉာဏ်ဖြင့် ကြားနာဘူးသောအတိုင်း၊ ယာခု တဘာဝပတ်လုံး

ဖြစ်သော ရုပ်အပေါင်း၏၊ အကြောင်း ၅-ပါးကို တပေါင်းတည်း မြင်၏။ တဝိထိလုံး တဝိထိလုံးဖြစ်သော နာမ်အပေါင်း၏၊ ဒွါရ,အာရုံ အကြောင်းကို တပေါင်းတည်း မြင်၏။ မြင်ခြင်း၄ါ အားထုတ်သော ကာလ၊ အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ, အာဟာရကြောင့် ရုပ်ဖြစ်၏ ဟု၊အမြဲ အခါခပ်သိမ်း ရုပ်၏အကြောင်းကိုသာ သိမ်းဆည်းဆင်ခြင်၏။

အကြားအကြား မြင်သောခဏ၊ မျက်စိကြည်လင် အဆင်းထင် သောကြောင့် မြင်၏။ အကြား အကြား ကြားသောခဏ၊ နားက ကြည်လင် အသံထင်သောကြောင့် ကြား၏။ အကြားအကြား နံသော ခဏ၊ နှာခေါင်းကြည်လင် အနံ့ ထင်သော ကြောင့် နံ၏။ အကြား အကြား စားသောခဏ၊ လျှာကကြည်လင် အရသာထင်သောကြောင့် စား၏။ အကြားအကြား ထိသောခဏ၊ ကိုယ်ကကြည်လင် အတွေ့ ထင်သောကြောင့် ထိ၏။ အကြားအကြား သိသောခဏ၊ စိတ်က ကြည်လင် သဘောထင်သောကြောင့် သိ၏ဟု နာမ်၏အကြောင်းကို သိမ်းဆည်းဆင်ခြင်၏။

ဤသို့သောနည်းဖြင့် သိမ်းဆည်း ဆင်ခြင်ပါများ၍၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင် အခါကာလ၊ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင် ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတ္တံ့ဟု၊ ပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထိုထို အခါကာလ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။

ရှေးက ငါဖြစ်ဘူးလေသလော၊ ရှေးက ငါမဖြစ်ဘူးလေသလော၊ ရှေးက ဘယ်အမျိုး ငါဖြစ်ဘူးလေသနည်း၊ ရှေးက အဘယ်သဏ္ဌာန် ငါ ဖြစ်ဘူးလေသနည်း၊ ရှေးက ဘယ်အမျိုး ငါဖြစ်ပြီး၍၊ ဘယ်အမျိုး ငါဖြစ်ဘူးလေသနည်း။ အတိတ် ယုံမှားခြင်း ၅-ပါး။

နောင်ခါ ငါဖြစ်ရလတ္တံ့လော၊ နောင်ခါ ငါမဖြစ်ရလတ္တံ့လော၊ နောင်ခါ ဘယ်အမျိုး ငါဖြစ်ရလတ္တံ့နည်း၊ နောင်ခါ အဘယ်သဏ္ဌာန် ငါဖြစ်ရလတ္တံ့နည်း၊ နောင်ခါ ဘယ်အမျိုး ငါဖြစ်ရလတ္တံ့သည်ဖြစ်၍၊ ဘယ်အမျိုး ငါဖြစ်ရလတ္တံ့နည်း။ အနာဂတ် ယုံမှားခြင်း ၅-ပါး။

ယခု ငါဖြစ်သလော၊ ယခု ငါမဖြစ်သလော၊ ယခု ဘယ်အမျိုး ငါဖြစ်သနည်း၊ ယခု အဘယ်သဏ္ဍာန် ငါဖြစ်သနည်း၊ ယခု ဘယ်က ငါလာရလေသနည်း၊ ယခု ဘယ်ကို ငါသွားရမည် ဖြစ်လေသနည်း။ ပစ္စုပ္ပန်ယုံမှားခြင်း ၆-ပါး။ ဤ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ။ ပထမနည်းဖြင့် အားထုတ်၍ ဥဒယဗ္ဗယဉာဏ်သို့ရောက်သူ တယောက်။

ဒုတိယနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော်၊ သုတမယဉာဏ်ဖြင့် ကြားနာဘူးသော အတိုင်း၊ယခု တဘဝပတ်လုံး ဖြစ်သော ရုပ်အပေါင်းတို့၏၊ အကြောင်း ၄-ပါးကို တပေါင်းတည်း မြင်၏။ တဝိထိလုံး တဝိထိလုံးဖြစ်သော နာမ်အပေါင်း၏၊ ဆက်ဆံသော အကြောင်း၊ မဆက်ဆံသော အကြောင်းကို တခြားစီမြင်၏။ မြင်ခြင်း၌ အားထုတ်သောကာလ၊ ကံ,စိတ်,ဥတု,အာဟာရကြောင့် ရုပ်ဖြစ်၏ဟု၊ အမြဲ အခါခပ်သိမ်း ရုပ်၏အကြောင်းကို သိမ်းဆည်း ဆင်ခြင်၏။

အကြားအကြား မြင်သောခဏ၊ မျက်စိကြည်လင် အဆင်းထင် သောကြောင့် မြင်၏။ အကြားအကြား ကြားသောခဏ၊ နားက ကြည်လင် အသံထင်သောကြောင့် ကြား၏။ အကြားအကြား နံသော ခဏ၊ နှာခေါင်းကြည်လင် အနံ့ ထင်သောကြောင့် နံ၏။ အကြား အကြား စားသောခဏ၊ လျှာကကြည်လင် အရသာထင်သောကြောင့် စား၏။ အကြားအကြား ထိသောခဏ၊ ကိုယ်ကကြည်လင် အတွေ့ ထင်သောကြောင့် ထိ၏။ အကြားအကြား သိသောခဏ၊ စိတ်က ကြည်လင် သဘောထင်သောကြောင့် သိ၏ဟု၊ နာမ်၏ ဆက်ဆံသော အကြောင်းကို တခြားသိမ်းဆည်းဆင်ခြင်၏။

အသင့်အတင့် နှလုံးသွင်းသောကြောင့် ကုသိုလ်ဖြစ်၏။ မသင့်မတင့် နှလုံးသွင်းသောကြောင့် အကုသိုလ်ဖြစ်၏။ တရား နာသောကြောင့် ကုသိုလ်ဖြစ်၏။ တရားမနာသောကြောင့် အကုသိုလ်ဖြစ်၏။ ရှေး ကံ ကိလေသာ အကြောင်းကြောင့် ယခု အကျိုးဝိပါက်ဖြစ်၏။ ဘဝင် ကြောင့် အာဝဇ္ဇန်းကြိယာဖြစ်၏။ သန္တိရဏကြောင့် ဝုဋ္ဌောကြိယာ ဖြစ်၏ဟု၊ နာမ်၏ ဆက်ဆံသောအကြောင်းကို တခြား သိမ်းဆည်း ဆင်ခြင်၏။ ဆင်ခြင်သော်လည်း၊ တိက္ခ, မန္ဒ ယောဂီအားလျော်စွာ အကျဉ်းအကျယ်ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် သိမ်းဆည်း ဆင်ခြင်ပါများ၍၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင် အခါကာလ၊ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ထိုအတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု၊ ယခု အကြောင်းကြောင့် ဖြစ်သော၊ ပစ္စုပ္ပန် နာမ်ရုပ်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထိုအခါကာလ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားခြင်း ကင်း၏။ ။ ဒုတိယနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူ တယောက်။

ကာလ ၃-ပါး၌ ယုံမှားခြင်းကင်းသည်ကို
ပြဆိုခြင်းပြီး၏။

---

## ပဋိစ္စသမုပ္ပါဒ်၏ ၁၂-ရပ်သောအင်္ဂါကို သိသာရန် ပြဆိုခြင်း

ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း နာမ်ရုပ်တို့ကို၊မသိခြင်းသည်-အဝိဇ္ဇာမည်၏။ နာမ်ရုပ်တို့ကို မဖြစ်—ဖြစ်အောင်၊ အားထုတ် ခြင်းသည်-သင်္ခါရ မည်၏။ ဘဝ၏အစ ပဋိသန္ဓေစိတ်သည်-ဝိညာဏ်မည်၏။ ဝိညာဏ်နှင့်တကွဖြစ်သော စေတသိက်၊ ကမ္မဇနာမ်,ကမ္မဇရုပ်သည်-နာမ်ရုပ်မည်၏။ မျက်စိ အကြည်သည် — စက္ခာယတနမည်၏။ နား အကြည်သည်-သောတာယတနမည်၏။ နှာခေါင်း အကြည်သည်-ဃာနာယတနမည်၏။ လျှာ အကြည်သည်-ဇိဝှါယတနမည်၏။ ကိုယ် အကြည်သည် - ကာယာယတနမည်၏။ စိတ်အကြည်သည်-မနာယတနမည်၏။ ဤ အာယတန ၆-ပါးသည်၊ သဠာယတနမည်၏။

မျက်စိဖြင့် အဆင်းနှင့်တွေ့၊ နားဖြင့် အသံနှင့်တွေ့၊ နှာခေါင်းဖြင့် အနံ့နှင့်တွေ့၊ လျှာဖြင့် အရသာနှင့်တွေ့၊ ကိုယ်ဖြင့် အတွေ့နှင့်တွေ့၊ စိတ်ဖြင့် သဘောနှင့်တွေ့။ ဤအတွေ့ ၆-ပါးသည် ဖဿမည်၏။

မျက်စိဖြင့် တွေ့သောအဆင်းကို ခံစား၊ နားဖြင့် တွေ့သောအသံကို ခံစား၊ နှာခေါင်းဖြင့် တွေ့သော အနံ့ကို ခံစား၊ လျှာဖြင့် တွေ့သော အရသာကို ခံစား ကိုယ်ဖြင့် တွေ့သော အတွေ့ကို ခံစား၊ စိတ်ဖြင့် တွေ့သောသဘောကို ခံစား။ဤခံစားခြင်း ၆-ပါးသည်၊ဝေဒနာမည်၏။

အဆင်းကို တပ်မက်တောင့်တ၊ အသံကို တပ်မက်တောင့်တ၊ အနံ့ကို တပ်မက်တောင့်တ၊ အရသာကို တပ်မက်တောင့်တ၊ အတွေ့ကို တပ်မက်တောင့်တ၊ သဘောကို တပ်မက်တောင့်တ။ ဤတပ်မက်တောင့်တခြင်း ၆-ပါးသည်၊ တဏှာမည်၏။

အဆင်း, အသံ, အနံ့, အရသာ,အတွေ့ ၅-ပါးသော ဝတ္ထုအာရုံကာမဂုဏ်ကို၊ မရ ရအောင် စွဲလမ်းခြင်းသည်၊ ကာမုပါဒါန်မည်၏။ မိစ္ဆာအယူ စွဲလမ်းခြင်းသည်၊ ဒိဋ္ဌုပါဒါန်မည်၏။ မှားယွင်းသော အကျင့်သီလဖြင့်၊ ဘဝ၏စင်ကြယ်ခြင်းကို စွဲလမ်းခြင်းသည်၊သီလဗ္ဗတုပါဒါန်မည်၏။ ငါသူတပါးဟု ကိုယ်ဟူသော အယူကို စွဲလမ်းခြင်းသည်၊ အတ္တဝါဒုပါဒါန်မည်၏။ ဤဥပါဒါန် ၄-ပါးသည်၊ ဥပါဒါန်မည်၏။

တစုံတခုအမှုကို ပုထုဇဉ်တို့၏ ပြုခြင်းသည်၊ဘဝတဖန် နာမ်ရုပ်ကို ဖြစ်စေတတ်သောကြောင့်၊ကံမည်၏။နာမ်ရုပ်တို့၏ အစဖြစ်ခြင်းသည်-ဇာတိမည်၏။ အလယ် အိုခြင်းသည်-ဇရာမည်၏။ အဆုံး ပျက်ခြင်းသည်-မရဏမည်၏။

တတိယနည်းဖြင့်၊ ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည်ရှိသော်၊ ဝိပဿနာမယဉာဏ်ဖြင့် ကြီးဘူးသောအတိုင်း၊ယခုဝိပဿနာကိုအားထုတ်သောကာလ၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့် သိအပ်သော၊ နာမ်ရုပ်တို့၏အစ ဖြစ်သောသဘောကို မြင်သဖြင့်၊ဇာတိလည်း ထင်၏။ အလယ် အိုသောသဘောကို မြင်သဖြင့်၊ ဇရာလည်း ထင်၏။ အဆုံး ပျက်သောသဘောကို မြင်သဖြင့်၊ မရဏလည်း ထင်၏၊

ဇာတိ, ဇရာ, မရဏ ၃-ပါးတို့တွင်၊ အကျိုးဖြစ်သော ဇရာမရဏ၏၊ အကြောင်းဖြစ်သော ဇာတိကို မြင်သဖြင့်၊ အဆုံးကစ၍ အစတိုင်အောင်၊ အစဉ်အတိုင်းဖြစ်သော အကျိုးအဆက်ဆက်တို့၏၊ အစဉ်အတိုင်းဖြစ်သော အကြောင်းအဆက်ဆက်ကို မြင်၏။

မြင်ခြင်းငှါ အားထုတ်သောကာလ၊ နာမ်ရုပ်တို့၏ ဇာတိဖြစ်သည်ရှိသော်၊ ဇာရာမရဏ ဖြစ်၏။ ကံရှိသော်၊ နာမ်ရုပ်တို့၏ ဇာတိဖြစ်၏။ ဥပါဒါန်ရှိသော်၊ ကံဖြစ်၏။ တဏှာရှိသော်၊ဥပါဒါန်ဖြစ်၏။ ဝေဒနာရှိသော်၊ တဏှာဖြစ်၏။ ဖဿရှိသော်၊ ဝေဒနာဖြစ်၏။ သဠာယတနရှိသော်၊ ဖဿဖြစ်၏။ နာမ်ရုပ်ရှိသော်၊ သဠာယတနဖြစ်၏။ ဝိညာဏ်

ရှိသော်၊နာမ်ရုပ်ဖြစ်၏။သင်္ခါရရှိသော် ဝိညာဏ်ဖြစ်၏။အဝိဇ္ဇာရှိသော်၊ သင်္ခါရဖြစ်၏ဟု၊တကြိမ် တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏ အကြောင်းကို၊ပဋိလောမပဋိစ္စသမုပ္ပါဒ် ထင်သည့်၏ အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့ သော နည်း ဖြင့် ဆင်ခြင်ပါများ၍၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင် အခါ ကာလ၊ ယခု အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထို့အတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊ နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတ္တံ့ဟု၊ ယခု ပစ္စုပ္ပန်ကို သက်သေ ပြု၍၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထို အခါ ကာလ၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၁၆-ပါး သော ယုံမှားခြင်းကင်း၏။ ။တတိယနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူ တယောက်။

စတုတ္ထနည်းဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို အားထုတ်သည် ရှိသော်၊ ဝိပဿနာကို အားမထုတ်မီက၊ ခဏခဏဖြစ်သော နာမ်ရုပ်၌၊ မသိ သော အဝိဇ္ဇာကို မြင်၍၊ ရှေးရှေးကာလ ဘဝဘဝက၊ ခဏခဏ သော နာမ်ရုပ်၌၊ မသိသော အဝိဇ္ဇာကို မြင်သဖြင့်၊ မြင်သော အဝိဇ္ဇာမှ စ၍၊ အဆုံး ဇရာမရဏ တိုင်အောင်၊ယခုဝိပဿနာကို အားထုတ်သော ကာလ၊ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ သိအပ်သော နာမ် ရုပ်၏၊ အကြောင်း အစဉ်အဆက်၊ အကျိုး အစဉ်အဆက်ကို မြင်၏။

မြင်ခြင်း၌ အားထုတ်သောကာလ၊ အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်၏။ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်၏။နာမ် ရုပ်ကြောင့် သဠာယတနဖြစ်၏။ သဠာယတနကြောင့် ဖဿဖြစ်၏။ ဖဿကြောင့် ဝေဒနာဖြစ်၏။ ဝေဒနာကြောင့် တဏှာဖြစ်၏။ တဏှာ ကြောင့် ဥပါဒါန်ဖြစ်၏။ဥပါဒါန်ကြောင့် ကံဖြစ်၏။ကံကြောင့် ဇာတိ ဖြစ်၏။ ဇာတိကြောင့် ဇရာမရဏဖြစ်၏ဟု၊ တကြိမ် တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏အကြောင်းကို၊ အနုလောမ ပဋိစ္စသမုပ္ပါဒ် ထင်သည့်၏ အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍၊ ငါဖြစ်သည် မထင်။ အ ကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊ အကြင်အခါကာလ၊ ယခုအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ထို့အတူ၊ ရှေးကလည်း

အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတံ့ဟု၊ယခုပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ထိုအခါကာလ၊အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ။စတုတ္ထနည်း ဖြင့်အားထုတ်၍ ဥာတပရိညာသို့ရောက်သူ တယောက်။

အရိယာတို့၏သန္တာန်၌၊ ပစ္စုပ္ပန် ယခုအသစ်အသစ် ဖြစ်သော၊ တခုတခုသော စိတ်အကြိမ်၊တခုတခုသော ရုပ်အကြိမ်သည်၊အတိတ်, အနာဂတ် ရှေးနောက် အကြောင်း,အကျိုးနှင့် မစပ်၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်သောအားဖြင့် မဖြစ်။ ။မယ်ပြီးသော အကြောင်း,အကျိုး ကိုယူ။

ပုထုဇဉ်တို့၏သန္တာန်၌၊ ပစ္စုပ္ပန် ယခုအသစ်အသစ်ဖြစ်သော၊ တခု တခုသော စိတ်အကြိမ်၊ တခုတခုသော ရုပ်အကြိမ်သည်၊ အတိတ်, အနာဂတ် ရှေးနောက် အကြောင်း, အကျိုးနှင့် စပ်၍၊ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်သောအားဖြင့်ဖြစ်၏။ ။ဘစုံတခုသော အကြောင်း,အကျိုး ကို မပယ်ဟု ယူ။

ဘဝသည်၊ ကမ္မဘဝ, ဥပပတ္တိဘဝအားဖြင့် ၂-ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင်၊ အကြောင်းသည်၊ ကမ္မဘဝမည်၏။ အကျိုးသည်၊ ဥပပတ္တိဘဝမည်၏။ အကြောင်း,အကျိုး ၂-ပါးတို့တွင် အကြောင်း သည်၊ အဝိဇ္ဇာ,သင်္ခါရ,တဏှာ, ဥပါဒါန်,ကံအားဖြင့် ၅-ပါးအပြား ရှိ၏။

ထို ၅-ပါးတို့တွင်၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်သည်၊ ကိလေသ ဝဋ်မည်၏။ ကံ,သင်္ခါရသည်၊ ကမ္မဝဋ်မည်၍၊ အကြောင်း၏ အဖြစ် တူသော အားဖြင့်၊ ကိလေသဝဋ်ကို ကမ္မဝဋ်၌ထည့်၍၊ အကြောင်း တရား ၅-ပါးသည်၊ တပေါင်းတည်း ကမ္မဝဋ်ပင်မည်၏။

အကျိုးသည်၊ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,ဝေဒနာ အားဖြင့် ၅-ပါးအပြားရှိ၏။ အကျိုးတရား ၅-ပါးသည်၊ ဝိပါကဝဋ် မည်၏။ ဝိပါကဝဋ်သည်၊ နာမ်ရုပ်မည်၏။ ကမ္မဝဋ်သည်၊ နာမ်ရုပ် ၏အကြောင်းဖြစ်၏။

ယခုဝိပဿနာကို အားထုတ်သောကာလ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ် သဖြင့်၊ သိအပ်သော နာမ်ရုပ်တို့၌၊ သိသဖြင့် အဝိဇ္ဇာမရှိ၊ အားမထုတ်

သဖြင့် သင်္ခါရမရှိ၊ မတောင့်တသဖြင့် တဏှာမရှိ၊ မစွဲလမ်းသဖြင့် ဥပါဒါန်မရှိ၊ မပြုသဖြင့် ကံမရှိ။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ယခု အကြောင်း မရှိခြင်းကြောင့်၊ နောင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အကျိုးမရှိ၊ ယခု အကြောင်း မရှိ၊ နောင် အကျိုးမရှိသည်ကိုမှတ်၍၊ ကာလအားဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် နာမ်ရုပ်တို့၌၊ ယခု တဒင်္ဂအကြောင်းချုပ်ပုံ၊ အကျိုးချုပ်ပုံကို၊ ထင်မြင်အောင် ဆင်ခြင်လျှင်၊ လိုရင်းပင်ဖြစ်လင့်၏။ ပစ္စယပရိဂ္ဂဟာဉာဏ်၏ အရာဌာန မဟုတ်၍သာ၊ အကျယ်မှာ မဆိုသာချေ။

ဝိပဿနာကို အားမထုတ်မီက၊ အားထုတ်သော ခဏခဏ၊ အားထုတ်သော ဝိပဿနာစိတ်နှင့်တကွ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်တို့၌၊ မသိသဖြင့် အဝိဇ္ဇာရှိ၏။ အားထုတ်သဖြင့် သင်္ခါရရှိ၏။ တောင့်တသဖြင့် တဏှာရှိ၏။ စွဲလမ်းသဖြင့် ဥပါဒါန်ရှိ၏။ ပြုသဖြင့် ကံရှိ၏။ အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ ယခု အကြောင်း ရှိခြင်းကြောင့်၊ နောင် ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ အကျိုးရှိ၏။ ယခု အကြောင်းရှိ၊ နောင်အကျိုးရှိသည် မှတ်၍၊ ကာလအားဖြင့် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် နာမ်ရုပ်တို့၌၊ ယခုက အကြောင်းမချုပ်ပုံ၊ အကျိုး မချုပ်ပုံကို၊ ထင်မြင်အောင် ဆင်ခြင်ခြင်းသာလျှင်၊ လိုရင်းသာ၍ပင်ဖြစ်၏။ ပစ္စယ ပရိဂ္ဂဟာဉာဏ်၏ အရာဌာန လိုရင်းကျ၍၊ အကျယ်မှာလည်း ဆိုသာချေ၏။

ဝိပဿနာစိတ်၏ အာရုံဖြစ်သော နာမ်ရုပ်တို့၌၊ အကြောင်း၊ အကျိုး တဒင်္ဂချုပ်၏။ ဝိပဿနာစိတ်၌ အကြောင်း၊ အကျိုးတဒင်္ဂမျှ မချုပ်။ ဝိပဿနာစိတ်သည်၊ ကံ ကိလေသာဟူသော အဗ္ဗျာပတ္တမှလည်း မထ၊ ဘဝတဖန် နာမ်ရုပ်ဟူသော ပဝတ္တမှလည်း မထ။ ဤအရာဌာနကြောင့် ဆိုအပ်ပြီး ဆိုအပ်လတ္တံ့သော အစီအရင်ကို၊ စေ့စေ့ငငု သတိပြု၍ ကြည့်ရှုသဖြင့်၊ အပြစ်မယူသင့်ပြီ။

ပဋိစ္စသမုပ္ပါဒ်၏ ၁၂ -ရပ်သောအင်္ဂါကို ပြဆိုခြင်းပြီး၏။

---

## နာမ်ရုပ်၏ အကျိုး၊ အကြောင်း ပိုင်းခြားရာ၌ ဉာတပရိညာ၏သဘောကို ပြဆိုခြင်း

ပဌမနည်းဖြင့် ပစ္စယပရိဂ္ဂဟာဉာဏ်ကို အားထုတ်သည် ရှိသော်၊ စိန္တာမယဉာဏ်ဖြင့် ကြံဘူးသောအတိုင်း၊ ဝိပဿနာကို အားမထုတ်မီက၊ အားမထုတ်သော ခဏခဏ၊ အားထုတ်သော ဝိပဿနာစိတ်နှင့်တကွ၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်တို့၌

ရှိသော၊ ယခု အကြောင်း နောင်အကျိုးကို မြင်သဖြင့်၊ ရှေးရှေး ကာလာဘဝက၊ ဖြစ်တိုင်းဖြစ်တိုင်း မှတ်သဖြင့်၊ မသိအပ်သော နာမ်ရုပ်တို့၌ရှိသော၊ ရှေးအကြောင်း ယခုအကျိုးကို မြင်၏။

မြင်ခြင်း၄ါ အားထုတ်သောကာလ၊ ရှေးကမ္မဘဝ၌၊ ခဏခဏဖြစ်သဖြင့်၊ ရင့်သော အာယတနတို့ကို၊ မသိတာက-အဝိဇ္ဇာ၊ အားထုတ်တာက-သင်္ခါရ၊ တောင့်တတာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ပြုတာက-ကံ၊ ရှေးကမ္မဘဝ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ၊ ဤအကြောင်းတရား ၅-ပါးသည်၊ ယခုဘဝ ပဋိသန္ဓေ၏အကြောင်း ပင်တည်း။

ယခုဘဝ ပဋိသန္ဓေက-ဝိညာဏ်၊ သက်ဝင်တာက-နာမ်ရုပ်၊ ကြည်တာက-အာယတန၊ တွေ့တာက-ဖဿ၊ ခံစားတာက-ဝေဒနာ၊ ယခုဘဝ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ဤအကျိုးတရား ၅-ပါးသည်၊ ရှေးကပြုဘူးသော ကံကြောင့်၊ ဖြစ်သောအကျိုး ပင်တည်း။ ယခုကမ္မဘဝ၌၊ ခဏခဏဖြစ်သဖြင့်၊ ရင့်သော အာယတနတို့ကို၊ မသိတာက-အဝိဇ္ဇာ၊ အားထုတ်တာက-သင်္ခါရ၊ တောင့်တတာက-တဏှာ၊ စွဲလမ်းတာက-ဥပါဒါန်၊ ပြုတာက-ကံ၊ ယခုကမ္မဘဝ အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကံ ဤအကြောင်းတရား ၅-ပါးသည်၊ နောင်ဘဝ ပဋိသန္ဓေ၏ အကြောင်းပင်တည်း။

နောင်ဘဝ ပဋိသန္ဓေက - ဝိညာဏ်၊ သက်ဝင်တာက-နာမ်ရုပ်၊ ကြည်တာက-အာယတန၊ တွေ့တာက-ဖဿ၊ ခံစားတာက-ဝေဒနာ၊ ဤအကျိုးတရား ၅-ပါးသည်၊ ယခုဘဝကပြုသော ကံကြောင့်ဖြစ်သော အကျိုးပင်တည်းဟု၊ တကြိမ်တကြိမ်ဖြစ်သော နာမ်ရုပ်တို့၏ အကြောင်းကို၊ ကမ္မဝဋ်,ဝိပါကဝဋ် ထင်သည်၏အစွမ်းအားဖြင့် ဆင်ခြင်၏။

ဤသို့သောနည်းဖြင့် ဆင်ခြင်ပါများ၍၊ ငါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်သဖြင့်၊အကြင်အခါကာလ၊ ယခုအကြောင်းကြောင့် နာမ်ရုပ်ဖြစ်သကဲ့သို့။ ထိုအတူ၊ ရှေးကလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်ပြီ၊နောင်ခါလည်း အကြောင်းကြောင့် နာမ်ရုပ်ဖြစ်လတ္တံ့ဟု၊ ပစ္စုပ္ပန်ကို သက်သေပြု၍၊ အတိတ်, အနာဂတ်,

ပစ္စုပ္ပန်ကာလ ၃-ပါးတို့၌၊ ၄ ါဖြစ်သည် မထင်၊ အကြောင်းကြောင့် နာမ်ရုပ်ဖြစ်သည်ကို မြင်၏။ ထိုအခါ ကာလ အတိတ်,အနာဂတ်,ပစ္စုပ္ပန် ကာလ ၃-ပါးတို့၌၊ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ။ဤသို့လျှင် ပဉ္စမနည်းဖြင့် အားထုတ်၍ ဉာတပရိညာသို့ ရောက်သူ တယောက်ဖြစ်၏။

> အသဃဟောတိ ဉာတပရိညာတိ ယာယ နာမရူပပရိဂ္ဂဟံ တဿစ ပစ္စယပရိဂ္ဂဟံ ကရောတိ၊ သာ အဿယောဂိနော ဉာဒံနာမံ ဧတ္တကံနာမန္တိ အာဒိနာ တဿ အယံ ပစ္စယော ဧတ္တကော ပစ္စယောတိ အာဒိနာစပရိစ္ဆေဒ ဝသေန ဉာတ ဝတီ ပညာတိကတွာ ဉာတပရိညာ။ (မဟာဋီကာ)

အဿဟောဘိ ဉာတပရိညာတိ၊ အဿဟောတိ ဉာတပရိညာ-ဟူသည်ကား။ ယာယ ပညာယ၊ အကြင်ပညာဖြင့်။ နာမရူပပရိဂ္ဂဟံ၊ နာမ်ရုပ်ကို ပိုင်းခြားခြင်းကို။ ကရောတိ၊ ပြု၏။ တဿစ၊ ထိုပိုင်းခြားသော နာမ်ရုပ်၏လည်း။ ပစ္စယပရိဂ္ဂဟံ၊ အကြောင်းကို သိမ်းဆည်းခြင်းကို။ ကရောတိ၊ ပြု၏။ သာ ပညာ၊ ထိုပညာသည်။ အဿ ယောဂိနော၊ ထိုပိုင်းခြားသော ယောဂီအား။ ဉာတပရိညာ၊ ဉာတပရိညာသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤအာရုံပြုခြင်းသည်ကား။ နာမံ၊ အာရုံသို့ညွတ်သဖြင့်အာရုံပြု-နမနလက္ခဏာထင်သောနာမ်တည်း။ဧတ္တကံ၊ ဤအာရုံပြုသော ကာလမျှသည်ကား။ နာမံ၊ အာရုံသို့ ညွတ်သဖြင့် အာရုံပြုကာလ-နမနလက္ခဏာထင်သောနာမ်တည်း။ ဣတိအာဒိနာစ ပရိစ္ဆေဒ ဝသေန၊ ဤသို့ အစရှိသော နာမ်ရုပ်ကို ပိုင်းခြားသည်၏ အစွမ်းအားဖြင့်၎င်း။ အယံ၊ ဤဒွါရ, ဤအာရုံသည်ကား။ တဿ၊ ထို ပိုင်းခြားသော နာမ်၏။ ပစ္စယော၊ အကြောင်းတည်း။ ဧတ္တကော၊ ဤမျှသော ဒွါရကာလ, ဤမျှသော အာရုံကာလသည်ကား။ တဿ၊ ထိုပိုင်းခြားသောနာမ်၏။ ပစ္စယော၊ အကြောင်းတည်း။ ဣတိအာဒိနာစ ပရိစ္ဆေဒဝသေန၊ ဤသို့ အစရှိသော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားသည်၏ အစွမ်း အားဖြင့်၎င်း။ ယာ ပညာ၊ အကြင် ပညာသည်။ ဉာတဝတီ၊ ဉာတ-ဟူသော နာမ်ရုပ်ကိုပိုင်းခြား၊ ဉာတ-ဟူသော နာမ်ရုပ် ၏အကြောင်းကို ပိုင်းခြားသော။ပညာ၊ ပညာတည်း။ ဣတိကတွာ၊ ထို့ကြောင့်။ သာ ပညာ၊ ထိုပညာသည်။ ဉာတပရိညာ၊ ဉာတပရိညာ မည်၏။

ဖွေ့ကာ ဖွေ့ကော-ဟူသောပုဒ်၏ မြန်မာပြန် အနက်သံမှာ၊ ဤ‌ရွှေ့ ဤမျှအောက်၊ ဤ‌ရွှေ့ ဤမျှထက် မယုတ်မသာ အဇ္ဈတ္တဗဟိဒ္ဓ ဖြစ်ဖြစ်သမျှ အမည်နာမ သရုပ်သ‌ဏ္ဍာ၊ အကုန်ပါသော နာမ်ရုပ်ကို၊ နာမ်ရုပ်၏ အကြောင်းကို ပိဋကတ်ဉာဏ်က လိုပုံရ၏။ ဝိပဿနာဉာဏ်က မလို တိုက်ရိုက်ဆိုမူ၊ အာရုံ,အာရမ္မဏိက ဖြစ်သောခဏ၊ ဖြစ်တိုင်းဖြစ်တိုင်း အာရုံသို့ ညွတ်သဖြင့်၊ အာရုံပြုထင်သော - နမနလက္ခဏာ၊ ဖြစ်တိုင်းဖြစ်တိုင်း ရှေ့ရုပ်အစဉ်နှင့်မတူ၊ နောက်ရုပ်အစဉ် ဖေါက်ပြန်သဖြင့်၊ အာရုံထင်သော - ရုပ္ပနလက္ခဏာ၊ နာမ်ရုပ်ကိုသာ ဝိပဿနာဉာဏ်ကလို၏။ အာရုံ, အာရမ္မဏိက ဖြစ်သောခဏ၊ နမနလက္ခဏာ, ရုပ္ပနလက္ခဏာ ထင်သည်ကို သိမှ၊နာမ်ရုပ် အပိုင်းအခြားဖြစ်၏။ အပိုင်းအခြားဖြစ်သော နာမ်ရုပ်၏ အကြောင်းကို ပိုင်းခြားမှ၊ ဉာတပရိညာဖြစ်၏။ တွေးတောကြံဆ စိတ်ကထင်ရာ၊ ဖြစ်သင့်သော သဘောအနေနှင့်၊နာမ်ရုပ်၏အကြောင်းကို ရှာဖွေ၍၊ ပိုင်းခြားခါမျှနှင့် ဉာတပရိညာ မဖြစ်၊စိန္တာမယဉာဏ်မျှ ဖြစ်၏။

သုတမယဉာဏ်, စိန္တာမယဉာဏ်နှင့်၊ဝိပဿနာဘာဝနာမယဉာဏ် ၃-ပါးခွဲပုံကို၊ သိသာရန်ပြဆိုခြင်းစကားတို့ပေတည်း။

နာမ်ရုပ်၏အကျိုးအကြောင်းကို ပိုင်းခြားရာ၌ ဉာတပရိညာ၏
သဘောကို ပြဆိုခြင်းပြီး၏။

## ယုံမှားခြင်းကင်းပျောက်၍ဉာဏ်အဆုံးရောက်ပုံကို သိသာရုံ ပြဆိုခြင်း

ဤသို့ ကိုယ်စိ ကိုယ်ဌ ပစ္စယ ပရိဂ္ဂဟာဉာဏ်ကို၊ အသီး အသီးအား ထုတ် ကြသော နည်း ဖြင့်၊ ခဏ ခဏ ဖြစ်တိုင်း ဖြစ်တိုင်း တကြိမ်တကြိမ်၊ ပိုင်းခြားအပ်သော နာမ် ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်၍၊ ကာလ ၃-ပါး၌၊ ၁၆-ပါးသော ယုံမှားခြင်းကင်းသောသူအား၊ ဖြစ်ဖြစ်သမျှအကုန် အလုံးစုံ၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ဖြစ်သော၊ ခန္ဓာ, နာမ်ရုပ် တို့သည်၊ စုတိပဋိသန္ဓေ၏ အစွမ်းအားဖြင့်၊အကြောင်းအခါကာလ ထင်ရှားကုန်၏။ ထိုအခါကာလ ဉာတပရိညာဖြင့်ဖြစ်၏။ ဖြစ်သောဉာတပရိညာဖြင့်၊ စုတိပဋိသန္ဓေကို မြင်၍၊ အကြောင်းအခါကာလ၊ အနိစ္စ ဒုက္ခ, အနတ္တအားဖြင့်ထင်ရှားကုန်၏။ ထို

အခါကာလ၊ပစ္စယပရိဂ္ဂဟာဉာဏ်မြင်က အဆုံးကျ၍၊သမ္မသနဉာဏ်က အစ၊ ပစ္စယပရိဂ္ဂဟာဉာဏ်၏ တဖက်ကမ်းသို့ရောက်၏။

ရောက်ခြင်း၌ အားထုတ်သောကာလ၊ ဉာတပရိညာဖြင့် ယောဂီပုဂ္ဂိုလ်၊ ဤသို့ စုတိ ပဋိသန္ဓေကို သိမြင်၏။ အဘယ်သို့ သိမြင်သနည်း၊ ရှေးဘဝက ကံကြောင့်ဖြစ်ကုန်သော ခန္ဓာတို့သည်၊ ရှေးဘဝအဆုံး ချုပ်ပျက်ကြကုန်ပြီ။ ယခု ဘဝအစ ရှေးကံကြောင့်၊ တပါးအသစ် ခန္ဓာဖြစ်ကြကုန်၏။ရှေးဘဝက တစုံတခုသော တရားမျှ၊ ယခုဘဝသို့ မလာရောက်။

ယခုဘဝ ရှေးကံကြောင့် ဖြစ်ကုန်သော ခန္ဓာတို့သည်၊ ယခုဘဝအဆုံး ချုပ်ပျက်ကြကုန်လတ္တံ့။ နောင် တဖန်ဘဝ အစ၊ ယခုဘဝက ကံကြောင့်၊ တပါးအသစ် ခန္ဓာဖြစ်ကြကုန်လတ္တံ့။ ယခုဘဝက တစုံတခုသော တရားမျှ၊နောင် တဖန်ဘဝသို့ မသွားမရောက်။ရှေးဘဝက တစုံတခုသော တရားမျှ၊ယခုဘဝသို့ မပြောင်းမရွှေ့။ မပြောင်းမရွှေ့သော်လည်း၊ ရှေးဘဝက ခန္ဓာအာယတန ဓာတ်ကြောင့်၊ယခုဘဝအစ ခန္ဓာအာယတနဓာတ် မဖြစ်သည်မဟုတ် ဖြစ်၏။

ယခုဘဝက တစုံတခုသောတရားမျှ၊နောင် တဖန်ဘဝသို့ မပြောင်းမရွှေ့။ မပြောင်းမရွှေ့ သော်လည်း၊ ယခုဘဝက ခန္ဓာအာယတန ဓာတ်ကြောင့်၊ နောင် တဖန်ဘဝအစ ခန္ဓာအာယတနဓာတ် မဖြစ်သည်မဟုတ် ဖြစ်ပြန်လေ၏။

ရှေးဘဝအဆုံး စုတိမနေ သေသောစိတ် ဖြစ်၏။ သေသောစိတ်ကြောင့်၊ ယခုဘဝအစ ပဋိသန္ဓေ နေသောစိတ် ဖြစ်၏။ရှေးဘဝအဆုံး စုတိမနေသေသောစိတ်က တစုံတခုမျှ၊ ယခုဘဝအစ ပဋိသန္ဓေနေသောစိတ်သို့ မလာမရောက်၊ ယခုဘဝအဆုံး စုတိမနေသေသောစိတ် ဖြစ်၏။သေသောစိတ်ကြောင့်၊နောင် တဖန်ဘဝအစ ပဋိသန္ဓေနေသော စိတ်ဖြစ်၏။ ယခုဘဝအဆုံး စုတိမနေ သေသောစိတ်က တစုံတခုမျှ၊ နောင် တဖန်ဘဝအစ ပဋိသန္ဓေနေသောစိတ်သို့ မသွားမရောက်။

ဤသို့ဉာတပရိညာဖြင့်၊ယောဂီပုဂ္ဂိုလ် စုတိ,ပဋိသန္ဓေကို သိမြင်၏။ စုတိပဋိသန္ဓေ အစွမ်းအားဖြင့်၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဖြစ်သော၊ ခပ်သိမ်းဥဿုံ အလုံးစုံ ခန္ဓာ,နာမ်ရုပ် တရားကို၊ ဉာတပရိညာဖြင့် သိသော ယောဂီအား၊ခပ်သိမ်းသော အခြင်းအရာအားဖြင့်၊ ခဏခဏ

ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်သော၊ ပစ္စယပရိဂ္ဂဟာဉာဏ်၊ အားရှိအားမဲ့ သိမ်းဆည်းဆင်ခြင်ခြင်း၄ါ၊ စွမ်းသန်ထက်မြက်ခြင်းသို့ ရောက်၏။

ထိုအခါ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ၈-ပါးသော ယုံမှားခြင်းကင်း၏။ ၆၂-ပါးသော ဒိဋ္ဌိကွာ၏။ စုတိကိုမြင်၍ နိမိတ္တအရ၊ ခပ်သိမ်းသော သင်္ခါရတို့သည်၊ ဟုတ်သောအတိုင်း မမြဲသောသဘော အနိစ္စအားဖြင့် ထင်ရှားကုန်၏။ ပဋိသန္ဓေကိုမြင်၍ ပဝတ္တအရ၊ခပ်သိမ်းသော သင်္ခါရတို့သည်၊ ဟုတ်သောအတိုင်း ဆင်းရဲသောသဘော ဒုက္ခအားဖြင့် ထင်ရှားကုန်၏။ စုတိ,ပဋိသန္ဓေ ၂-ပါးကိုမြင်၍ နိမိတ္တ, ပဝတ္တ ၂-ပါးစုံအရ၊ ခပ်သိမ်းသော တရားတို့သည်၊ ဟုတ်သော အတိုင်း မမြဲ,ဆင်းရဲက ကိုယ်အလိုမကျသောသဘော အနတ္တအားဖြင့် ထင်ရှားကုန်၏။ အနိစ္စ,ဒုက္ခ,အနတ္တ ထင်သဖြင့် ပစ္စယပရိဂ္ဂဟာဉာဏ်က အဆုံးကျ၍၊ သမ္မသနဉာဏ်က အစ၊ ပစ္စယပရိဂ္ဂဟာဉာဏ်၏ တဖက်ကမ်းသို့ရောက်၏။

ထိုအခါ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ၈-ပါးသော ယုံမှားခြင်းကင်း၏။ ၆၂-ပါးသောဒိဋ္ဌိ ကွာ၏ဆိုသောစကားရပ်၌၊အတိတ်၌ ယုံမှား ၅-ပါး၊ အနာဂတ်၌ ယုံမှား ၅-ပါး ပစ္စုပ္ပန်၌ ယုံမှား ၆-ပါး။ ကာလကိုမှတ်သောအားဖြင့်၊ ယုံမှားခြင်း ၁၆-ပါး ပြားသော်လည်း၊ ဘုရား၌ ယုံမှားခြင်း၊ တရား၌ ယုံမှားခြင်း၊ သံဃာ၌ ယုံမှားခြင်း၊ အကျင့်၌ ယုံမှားခြင်း၊အတိတ်၌ ယုံမှားခြင်း၊ အနာဂတ်၌ ယုံမှားခြင်း၊ ပစ္စုပ္ပန်၌ ယုံမှားခြင်း၊ ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း၊ ဌာနကို မှတ်သော အားဖြင့် ယုံမှားခြင်း ၈-ပါးသာဖြစ်၏။

ဌာနကို မှတ်သောအားဖြင့် ယုံမှားခြင်း ၈ ပါး ပြားသော်လည်း၊ နာမ်ရုပ်၌ ယုံမှားခြင်း၊ နာမ်ရုပ်၏အကြောင်း၌ ယုံမှားခြင်း၊ အာရုံကို မှတ်သောအားဖြင့်၊ ယုံမှားခြင်း ၂-ပါးသာဖြစ်၏။

အာရုံကို မှတ်သောအားဖြင့် ယုံမှားခြင်း ၂-ပါး ပြားသော်လည်း၊ ယုံမှားသော အခြင်းအရာတရားကိုယ်ကို မှတ်သောအားဖြင့် ဝိစိကိစ္ဆာ ၁-ပါးသာဖြစ်၏။

ပုဗ္ဗန္တာနုဒိဋ္ဌိ ၁၈ ပါး၊အပရန္တာနုဒိဋ္ဌိ ၄၄-ပါး၊ ဝါဒကိုမှတ်သော အားဖြင့်၊ ဒိဋ္ဌိ ၆၂-ပါး ပြားသော်လည်း၊ ခန္ဓာကို မှတ်သောအားဖြင့်

သင်္ကာယဒိဋ္ဌိ ၂၀-သာဖြစ်၏။ ခန္ဓာကို မှတ်သောအားဖြင့်၊ သက္ကာယဒိဋ္ဌိ ၂၀-ပြားသော်လည်း၊ အဝိဇ္ဇာ ဘဝတဏှာကို မှတ်သောအားဖြင့်၊ သဿတ၊ ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးသာ ဖြစ်၏။

အဝိဇ္ဇာ ဘဝတဏှာကို မှတ်သောအားဖြင့်၊ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးပြားသော်လည်း ယုံမှားသော အခြင်းအရာတရားကိုယ်ကို မှတ်သောအားဖြင့်၊ အတ္တဒိဋ္ဌိ ၁-ပါးသာဖြစ်၏။

ခဏခဏဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ နာမ်ရုပ်ကို မပိုင်းခြား၊ နာမ်ရုပ်၏ အကြောင်းကို မပိုင်းခြားသည်ရှိသော်၊ မပိုင်းခြားသော နာမ်ရုပ်၊ မပိုင်းခြားသော နာမ်ရုပ်၏ အကြောင်း၌၊ ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာဖြစ်၏။ ဝိစိကိစ္ဆာဖြစ်သော်လည်း၊ သဟာဇေကမ္မ အားဖြင့်၊ ယူမှားသော အခြင်းအရာ ဒိဋ္ဌိဖြစ်၏။

သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၊ သိမှတ် ပိုင်းခြားအပ်သော နာမ်ရုပ်၏အကြောင်း၌၊ ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာ မဖြစ်။ ဝိစိကိစ္ဆာ မဖြစ်သည်ရှိသော်၊ ပဟာနေကမ္မအားဖြင့်၊ ယူမှားသော အခြင်းအရာ ဒိဋ္ဌိမဖြစ်။ ထို့ကြောင့်၊ ယုံမှားသော အခြင်းအရာ ဝိစိကိစ္ဆာတရားကိုယ် အရင်းကင်းသဖြင့်၊အရင်းလဲက အဖျားထင်းဖြစ်သကဲ့သို့။ ၁၆-ပါးသော ယုံမှားခြင်းကင်း၏။ ၈-ပါးသော ယုံမှားခြင်းကင်း၏။ယူမှားသောအခြင်းအရာ ဒိဋ္ဌိတရားကိုယ် အရင်းကွာသဖြင့်၊ အရင်းလဲက အဖျားထင်းဖြစ်သကဲ့သို့။ သဿတ, ဥစ္ဆေဒ ဒိဋ္ဌိ ၂-ပါးကွာ၏။ သက္ကာယဒိဋ္ဌိ ၂၀-ကွာ၏။ ၆၂-ပါးသော ဒိဋ္ဌိကွာ၏ဆိုသည်။

ယုံမှားခြင်းကင်းပျောက်၍ ဉာဏ်အဆုံးရောက်ပုံကို
သိသာရုံ ပြဆိုခြင်း ပြီး၏။

---

## ဩလီယန္တစသောပုဂ္ဂိုလ် မျိုး၏အလားကို မှတ်သားရန် ပြဆိုခြင်း

ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၏ အမည်နာမ သရုပ်သဉ္ဇာ၊ အရေအတွက် အကုန်ပါအောင် အပြားအားဖြင့် ၁-ပါးစီ၊ဝိပဿနာဉာဏ်ဖြင့် သိသင့်သိထိုက် သိအပ် ပယ်သင့် ပယ်ထိုက် ပယ်အပ်သည်မဟုတ်၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာကို ပယ်၏ဆိုသောစကား၏ အရ၊ ဖြစ်လျက် ဖယ်ထား

သည်မဟုတ်၊ အလျင်းပင် မဖြစ်ပေါ်လာ၊ယုံမှားကင်းသော အနေမျိုး၊ ယူမှားကင်သော အနေမျိုးသာဖြစ်၏။

ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊ နာမ်ရုပ်ကို သိမှတ်ပိုင်းခြား၊နာမ်ရုပ်၏အကြောင်းကိုသိမှတ်ပိုင်းခြားသော၊ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် ပယ်အပ်သည်ဖြစ်လျက်၊မြင်းကိုစီးလို့မှ အထီးမှန်း အမမှန်း မသိ ဆိုဘိသကဲ့သို့။ ပယ်အပ်သော ဒိဋ္ဌိ, ဝိစိကိစ္ဆာ၏ အမည်နာမ သချပ်သ၌၊ အရေအတွက် အကုန်ပေါင်းအောင် ၁-ပါးစီ၊ အသီးအသီး မသိကတည်းက ဘာမှမဟုတ်ဟု မယုံကြည်ကြချေ။

ထို့ကြောင့်၊ ဘဝ၌ မွေ့လျော် ပျော်ရွှင်၊ ဖြစ်သော နာမ်ရုပ်ကို မြင်ငါဟူသော သတ္တဝါထင်မှတ်သဖြင့်၊မကျင့်ဘဲနေသောသူ **ဩလီယန္တိ** ပုဂ္ဂိုလ်တယောက်။ ဘဝ၌ ငြူးငြင်းငွေ့ မမွေ့ မလျော် မပျော် မရွှင် ဖြစ်သော နာမ်ရုပ်ကို မြင်၊ ငါဟူသောသတ္တဝါ၊ သေသည့်နောက်မဖြစ်ဟုထင်မှတ်သဖြင့်၊လွန်ပြေးသောသူ **အတိဓာဝန္တိ** ပုဂ္ဂိုလ်တယောက်။ ခဏခဏ ဖြစ်တိုင်းဖြစ်တိုင်း တကြိမ်တကြိမ်၊သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၊ သိမှတ်ပိုင်းခြားအပ်သော နာမ်ရုပ်၏အကြောင်း၌၊ဝိပဿနာအကျိုး၄၊ မဂ်အကျိုး ဖိုလ်အကျိုး၄၊ နိဗ္ဗာန်အကျိုး၄၊ ယုံကြည်သဖြင့်ကျင့်သော **စက္ခုမန္တော** ပုဂ္ဂိုလ် တယောက်။ ဤသို့ပုဂ္ဂိုလ် ၃-ယောက်ကို ဟောတော်မူ၏။

> ကထဉ္စ ဘိက္ခဝေ ဩလီယန္တိ ဧကေ။ ဘဝါရာမာ ဘိက္ခဝေ ဒေဝမနုဿာ ဘဝရတာ ဘဝသမုဒိတာ။ တေသံ ဘဝနိရောဓာယ ဓမ္မေ ဒေသိယမာနေ စိတ္တံ နပက္ခန္ဒတိ နပ္ပသီဒတိ နသန္တိဋ္ဌတိ နာဓိမုစ္စတိ။ ဧဝံ ခေါ ဘိက္ခဝေ ဩလီယန္တိ ဧကေ။
>
> ကထဉ္စ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။ ဘဝေနေဝ ခေါပနေကေ အဋ္ဋီယမာနာ ဟရာယမာနာ ဇိဂုစ္ဆမာနာ ဝိဘဝံ အဘိနန္ဒန္တိ။ ယတော ကိရ ဘော အယံ အတ္တာ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ နဟောတိ ပရမ္မရဏာ ဧတံသန္တံ ဧတံ ပဏီတံ ဧတံ ယာထာဝန္တိ။ ဧဝံခေါ ဘိက္ခဝေ အတိဓာဝန္တိ ဧကေ။

ကထဉ္စ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။ ဣဓ ဘိက္ခဝေ ဘိက္ခု ဘူတံ ဘူတတော ပဿတိ။ ဘူတံ ဘူတတော ဒိသွာ ဘူတဿ နိဗ္ဗိဒါယ ဝိရာဂါယ ပဋိပန္နော ဟောတိ။ ဧဝံခေါ ဘိက္ခဝေ စက္ခုမန္တော ပဿန္တိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ဘိက္ခဝေ၊ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ ဩလိယန္တိ၊ နေရစ်ကုန်သနည်း။ ဘိက္ခဝေ၊ တို့။ ဒေဝမနုဿာ၊ နတ်လူတို့သည်။ ဘဝါရာမာ၊ ဘဝ၌ မွေ့လျော်ကြကုန်၏။ ဘဝရတာ၊ ဘဝ၌ တပ်မက်ကြကုန်၏။ ဘဝသမုဒိတာ၊ ဘဝ၌ မွေ့လျော်နှင့်လန်း ဝမ်းမြောက်ခြင်းသို့ ရောက်ကြကုန်၏။ တေသံ၊ ထိုနတ်လူတို့အား။ ဘဝနိရောဓာယ၊ ဘဝချုပ်ခြင်းငှါ။ ဓမ္မေ၊ အကျင့်တရားကို။ ဒေသိယမာနေ၊ ဟောအပ်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ န ပက္ခန္ဒတိ၊ အကျင့်၌ မသက်ဝင်။ န ပသီဒတိ၊ အကျင့်ကို မယုံ။ န သန္တိဋ္ဌတိ၊ ကျင့်မည်ဟု မဆောက်တည်။ နာဓိမုစ္စတိ၊ ကျင့်မည်ဟု နှလုံးမသွင်း။ ဘိက္ခဝေ၊ တို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ ဩလိယန္တိ၊ နေရစ်ကုန်၏။

ဤကား၊ ဩလိယန္တိပုဂ္ဂိုလ်၏ သဘောသွားကို၊မှတ်သားရန် ပြဆိုလိုက်သော စကားပင်တည်း၊ ဒေသနာတော်၏အဓိပ္ပါယ်များကို၊ ဥာဏ်သွားတိုင်း ဆင်ခြင်၍၊ ထင်မြင်အောင် သိရှိကြပါလေ။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်၊ အတိဓာဝန္တိ၊ လွန်ပြေးကုန်သနည်း။ ဧကေ၊ အချို့သော နတ်လူတို့သည်။ ဘဝေနေဝခေါပန၊ ဘဝမှသာလျှင်။ အဋ္ဋီယမာနာ၊ ငြီးငွေ့ကုန်သည်ဖြစ်၍။ ဟရာယမာနာ၊ ရှက်နိုးကုန်သည်ဖြစ်၍။ ဇိဂုစ္ဆမာနာ၊စက်ဆုပ်ကုန်သည်ဖြစ်၍။ ဝိဘဝံ၊ဘဝပြတ်သည်ကို။ အဘိနန္ဒန္တိ၊ နှစ်သက်ကုန်၏။ ဘော၊ အိုအချင်းတို့။ အယံအတ္တာ၊ ဤငါဟူသော သတ္တဝါသည်။ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်ခြင်းကြောင့်။ ဥစ္ဆိဇ္ဇတိ၊ ပြတ်၏။ ဝိနဿတိ၊ ပျက်၏။ ပရမ္မရဏာ၊ သေသည်မှနောက်။ န ဟောတိ၊ မဖြစ်။ ဧတံ၊ ဤသို့သေသည်မှနောက် မဖြစ်ခြင်းသည်။ သန္တံ၊ ငြိမ်း၏။ ဧတံ၊ ဤငြိမ်းခြင်းသည်။ ပဏီတံ၊ မြတ်၏။ ဧတံ၊ ဤငြိမ်းခြင်းသည်။ ယာထာဝံ ကိရ၊ အမှန်ဟုတ်သတတ်။ ဣတိ၊ ထို့ကြောင့်။ ဝိဘဝံ၊ ဘဝကင်းပြတ်ခြင်းကို။ အဘိ

နန္တိ၊ နှစ်သက်ကြကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံခေါ၊ ဤသို့လျှင်။ ဧကေ၊ အချို့သော နတ်လူတို့သည်။ အတိဓာဝန္တိ၊ လွန်ပြေးကြကုန်၏။

ဤကား၊ အတိဓာဝန္တပုဂ္ဂိုလ်၏ သဘောသွားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားပေတည်း။

ဘိက္ခဝေ၊ တို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ စက္ခုမန္တော၊ မျက်စိအမြင်ရှိသော သူတို့သည်သာလျှင်။ပဿန္တိ၊မြင်ကုန်သနည်း။ဘိက္ခဝေ၊ တို့။ ဣဓ၊ ဤငါဘုရား၏ ဩဝါဒသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဘူတံ၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းကို။ ဘူတတော၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းဖြင့်။ ပဿတိ၊ရှုမြင်၏၊ ဘူတံ၊နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းကို။ဘူတတော၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်းဖြင့်။ ဒိသွာ၊ ရှုမြင်၍။ ဘူတဿ၊ နာမ်ရုပ်တို့၏ ဖြစ်သောအတိုင်း၌။ နိဗ္ဗိဒါယ၊ ငြီးငွေ့သော ဝိပဿနာအကျိုးငှါ၊ ဝိရာဂါယ၊ ကိလေသာကင်းသော မဂ်အကျိုးငှါ။ နိရောဓာယ၊ဘဝတဏှာ ခန္ဓာနာမ်ရုပ်ချုပ်သော နိဗ္ဗာန်အကျိုးငှါ။ ပဋိပန္နော၊ကျင့်သည်။ ဟောတိ၊ဖြစ်၏။ ဘိက္ခဝေ၊တို့။ ဧဝံ ခေါ၊ဤသို့လျှင်။ စက္ခုမန္တော၊ မျက်စိအမြင်ရှိသော သူတို့သည်သာ လျှင်။ ပဿန္တိ၊မြင်ကုန်၏။

ဤကား၊စက္ခုမန္တပုဂ္ဂိုလ်၏သဘောသွားကို၊မှတ်သားရန်ပြဆိုသောစကားပေတည်း။

ယခုပြဆိုခဲ့သော ပုဂ္ဂိုလ် ၃-ပါး၌ မှတ်သားရန်အဓိပ္ပါယ် အထူးမှာ၊ ဩလီယန္တိ ပုဂ္ဂိုလ်သည်၊ သဿတဒိဋ္ဌိ ပုဂ္ဂိုလ်မည်၏။ အတိဓာဝန္တိ ပုဂ္ဂိုလ်သည်၊ ဥစ္ဆေဒ ဒိဋ္ဌိ ပုဂ္ဂိုလ်မည်၏။ စက္ခုမန္တ ပုဂ္ဂိုလ်သည်၊ ဝိပဿနာ ဉာဏ်မျက်စိဖြင့် မျက်စိ ရှိသော ယောဂီ ပုဂ္ဂိုလ်မည်၏။ ဝိပဿနာ ဉာဏ်မျက်စိဖြင့် မျက်စိရှိသည်ဖြစ်၍၊ ခဏခဏ ဖြစ်တိုင်း ဖြစ်တိုင်း တကြိမ်တကြိမ် ရှုမြင်သဖြင့်၊ သိမှတ်ပိုင်းခြားအပ်သော နာမ် ရုပ်၏ အကြောင်းကို သိမ်းဆည်းဆင်ခြင်သော၊ ပစ္စယပရိဂ္ဂဟ ဉာဏ် နှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည်၊ မဆုတ်မတက် တသက်ပတ်လုံး ဤဉာဏ်နှင့်ပြည့်သည်ရှိသော်၊ သေသည့်မှနောက် လူ့ဘဝနတ်ဘဝသို့ ရောက်သော၊ ဒုတိယ ဂတိမြဲသည်ဖြစ်၍၊စူဠသောတာပန်မည်၏။

ဣမိနာပန ဉာဏေန၊ သမန္နာဂတော ဝိပဿကော
ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိ
ကော စူဠသောတာပန္နောနာမ ဟောတိ။

(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ရူမိနာပန ဉာဏော၊ ဤနာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် ၂-ပါးနှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာယောဂီ ပုဂ္ဂိုလ်သည်။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်ကြီး၌၊ လဒ္ဓဿာသော၊ ရပ်အပ်သော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည် မှီခိုရာရှိသည်ဖြစ်၍။ နိယတဂတိကော၊ မြင့်မြတ်သော သုဂတိ၌ မြဲသောလားခြင်း ဂတိရှိသည်ဖြစ်၍။ စူဠသောတာပန္နောနာမ၊ သောတာပန်ငယ် သောတာပန် အခေါ်မည်သည်။ ဟောတိ၊ စင်စစ်မသွေ ဖြစ်ရလေသတည်း။

ဩလီယန္တစသော ပုဂ္ဂိုလ် ၃-မျိုး၏အလားကို ပြဆိုခြင်းပြီး၏။

---

**အမှာစကား။** ။ဝိပဿနာအရာ၌ ဆယ်ဖြာသောဉာဏ်တို့တွင်၊ ယခု ပြဆိုခဲ့ပြီးသော ဉာဏ် ၂-ပါးသည်၊ အလုပ်တရား အတွင်း၌ လိုရင်းဖြစ်၏။ ထို့ကြောင့်၊ ဤဉာဏ် ၂-ပါး၏သဘောများကို သုမ်သင်ရှင်းလင်း၍၊ **မင်းကွန်းဆရာတော်ဘုရားကြီး** ကျယ်ဝန်းစွာရေးသားတော်မူ၏။ ၎င်းဉာဏ် ၂-ပါး၌ဆိုခဲ့သော အဓိပ္ပါယ်သဘောအရဖြင့်၊ ရှုမှတ်ပုံ အားထုတ်ပုံ အချိုးအစား ကျပါလျှင်၊ ကြွင်းကျန်သော အထက်ဉာဏ်များတွင်၊ အထူး ပြုပြင် ရခြင်းမရှိဘဲ၊ အလွယ်နှင့်ပင် ဖြစ်ထွန်းထမြောက်၍၊ ပေါက်ရောက် ပြီးစီးနိုင်လေတော့သည်။

ဤမှတပါး၊ ကြွင်းကျန်သော ဉာဏ်များကို၊ ယခုရေးသားသကဲ့သို့ ကျယ်ဝန်းစွာ ဘွင့်ပြရေးသားပါလျှင်၊ လွန်စွာပင် ရှည်လျားနေမည်တကြောင်း။ မကျဉ်းမကျယ်ဖြစ်သော အဓိပ္ပါယ်အရနှင့်၊ အကျဉ်းမျှဖြစ်သော သဘောများမှာ၊ **ဂမ္ဘီရဏ္ဏပကာသနီကျမ်း**ကြီး၌ ပါရှိပြီးဖြစ်သည်တကြောင်း။ ယခုကဲ့သို့ တပါးသောဝိပဿနာ ကျမ်းတို့နှင့် ခွဲခြမ်းစိတ်ဖြာပုံချင်း မတူဘဲ၊ထူးကဲသောအဓိပ္ပါယ်တို့ဖြင့် ဆန်းကြယ်ရှည်လျားစွာ ဘွင့်ပြရေးသားထားရာ၊ စာဘတ် ကြည့်ရှုသူများတို့၏ စိတ်၌၊ နှစ်ခြိုက်သဘောကျမည် မကျမည်ကို၊ အတည်တကျ မသိရသည်တကြောင်း။ ဤသို့စသော အကြောင်းများကြောင့်၊ ဤကျမ်း၌ ဝိပဿနာဉာဏ် ၂-ပါး၏ အဓိပ္ပါယ်များကိုသာ၊ ကျယ်ဝန်းစွာ စမ်းသပ် ရေးသားလိုက်ပေသည်။

ယခုရေးသားတွင်ပြလိုက်သော ဝိပဿနာဉာဏ် ၂-ပါး၏ ကျယ်ဝန်းသော အဓိပ္ပါယ်သဘောသွားမျိုးကို၊ ကြည့်ရှုရသူ ရဟန်းရှင်လူအများတို့၏စိတ်၌၊ နှစ်ခြိုက်အားရသဘောကျ၍ သက်သေခံများရသော်ငင်း၊လက်မှတ်ထိုး ပူဇော်သူတို့ လုံလောက်ခဲ့သော်ငင်း၊ကြွင်းကျန်သော ဝိပဿနာ ဉာဏ်တို့၏ အကျယ်ဖြစ်သော အဓိပ္ပါယ် အစီအစဉ်ကို၊ မကြာမီ နှစ်များတွင်ပင်၊ စက်တင် ပုံနှိပ်မည် ဖြစ်ကြောင်းများကို၊ မှာကြားထားလိုက်ပါသည်။ ။ဤကား၊အမှာစကားကိုပြဆိုခြင်းတည်း။

ဤတွင်၍ကား၊အားထုတ်အပ်သော ဘာဝနာအစီအရင်ကိုပြဆိုရာ၌၊
နာမ်ရုပ်တို့၏ အကြောင်းကို သိမ်းဆည်းသော

**ပစ္စယပရိဂ္ဂဟကဏ္ဍ ပြီး၏။**

---

## ပရမတ်ရုပ်နာမ်၌ ရှုမှတ်ရန် သဘောစသည်ကို ပြဆိုရာ၊

# ဝိပဿနာကဏ္ဍ

## သတိပဋ္ဌာန်အလာဖြင့် ကိုယ်အမူအရာရှုမှတ်ပုံ၌ သိသာရုံ ပါဠိမဘက်ဘဲ အဓိပ္ပါယ်သဘောသက်သက်ကို အမြွက်မျှ ပြဆိုခြင်း

အထက်တွင် ပြဆိုခဲ့သော၊ ဝိပဿနာ ရှုမှတ်ရန် နည်းလမ်းနှင့်၊ ဝိပဿနာဉာဏ်ခဏ်းများကို ခွဲခြမ်းစိတ်ဖြာ၍၊ရှင်းလင်းကျယ်ဝန်းစွာ ပါရှိခြင်းမှာ၊ သေချာကဲ့ပြား၍ ခြားနားသိသာ၊ လွန်စွာပင် ထင်ရှားပါသော်လည်း၊ ပါဠိအနက် အဓိပ္ပါယ်တို့ပါ ရောယှက်နေသဖြင့်၊ဗဟုသုတနည်းပါး၍ ရှုမှတ်ပုံ အစဉ်အလာများကို၊ သဘောသွား ဉာဏ်မသက်နိုင်သောသူတို့အား၊ခဲခက်ခြင်း မဖြစ်ကြစေရန် ထပ်မံကာထည့်စွက်ပြီး၊ ပါဠိအနက် အဓိပ္ပါယ် မရောယှက်ဘဲ၊ မြန်မာ စကားပြေသဘောသက်သက်ဖြင့် အားထုတ်ရှုမှတ်ပုံကိုသာ အမြွက်မျှခွဲခြား၍ ပြဆိုပေအံ့။

ထမင်းစားရာ၌၊ ဝိပဿနာ ရှုမှတ်ပုံမှာ၊ ယောဂီ ပုဂ္ဂိုလ်သည်၊ ထမင်းပွဲအနီး၌ ထိုင်ပြီးလျှင်၊ လက်လှုပ်လျှင် လှုပ်တယ်ဟုမှတ်၊ လက်ကြွလျှင် ကြွတယ်ဟုမှတ်၊ လက်မြှောက်လျှင် မြှောက်တယ်ဟုမှတ်၊

လက်လှမ်းလျှင် လှမ်းတယ်ဟုမှတ်၊ လက်ချလျှင် ချတယ်ဟုမှတ်၊ အတို့နှင့်လက်ထိလျှင် ထိတယ်ဟုမှတ်၊ ကိုင်လျှင် ကိုင်တယ်ဟုမှတ်၊ ယူလျှင် ယူတယ်ဟုမှတ်၊ ဆွဲလျှင် ဆွဲတယ်ဟုမှတ်၊ သတ်လျှင် သတ်တယ်ဟုမှတ်၊ ဖြတ်လျှင် ဖြတ်တယ်ဟုမှတ်၊ လှီးလျှင် လှီးတယ်ဟုမှတ်၊ ထွေးလျှင် ထွေးတယ်၊ ရစ်လျှင် ရစ်တယ်၊ ပတ်လျှင် ပတ်တယ်ဟု မှတ်ပါလေ။

တဘန် လက်မြှောက်လျှင် မြှောက်တယ်၊ လှမ်းလျှင် လှမ်းတယ်၊ ချလျှင် ချတယ်၊ ငါးပိကိုတို့လျှင် တို့တယ်၊ ယူလာလျှင် ယူလာတယ်၊ ထမင်းနှင့်ထိလျှင် ထိတယ်၊ မြှုပ်လျှင် မြှုပ်တယ်၊ လွှတ်လျှင် လွှတ်တယ်ဟုမှတ်။

တဘန် ထမင်းနှင့်လက်ထိလျှင် ထိတယ်၊ ထမင်းကို ကိုင်လျှင် ကိုင်တယ်၊ ထမင်းယူလျှင် ယူတယ်၊ ထမင်းလုပ်ပြင်လျှင် ပြင်တယ်၊ ထမင်းလုပ်မြှောက်လျှင် မြှောက်တယ်၊ ပါးစပ်နှင့်ထိလျှင် ထိတယ်၊ ပါးစပ်ဟလျှင် ဟတယ်၊ ထမင်းသွင်းလျှင် သွင်းတယ်ဟု မှတ်ပါလေ။

တဘန် လက်နုတ်လျှင် နုတ်တယ်၊ ပါးစပ်စိလျှင် စိတယ်၊ လက်ပြန်ချလျှင် ချတယ်၊ ပန်းကန်နှင့်လက်ထိလျှင် ထိတယ်၊ ထမင်းဝါးလျှင် ဝါးတယ်ဟုမှတ်။ ဤသို့လျှင် တကြိမ်ဝါးလျှင် ဝါးတယ်၊ နှစ်ကြိမ်ဝါးလျှင် ဝါးတယ်ဟု ဝါးလှုံမပြီးမချင်း၊ ဝါးတိုင်းဝါးတိုင်းပင်၊ ဝါးတယ် ဝါးတယ်၊ မြိုလျှင် မြိုတယ်၊ မျိုလျှင် မျိုတယ်ဟု မှတ်ပါလေ။

တဘန် ဟင်းရေသောက်ရန်အလို့ငှါ၊ လက်လှုပ်လျှင် လှုပ်တယ်၊ ကြွလျှင် ကြွတယ်၊ လှမ်းလျှင် လှမ်းတယ်၊ လက်ချလျှင် ချတယ်ဟုမှတ်။ ဇွန်းနှင့်ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ်၊ ယူလျှင် ယူတယ်၊ ပန်းကန်ထဲသို့ ထဲ့လျှင် ထဲ့တယ်၊ နှစ်လျှင် နှစ်တယ်ဟုမှတ်။ တဘန် ဟင်းရေခပ်လျှင် ခပ်တယ်၊ ဇွန်းပေါ်လျှင် ပေါ်တယ်၊ မြှောက်လျှင် မြှောက်တယ်၊ ပါးစပ်နှင့်ထိလျှင် ထိတယ်၊ ဟလျှင် ဟတယ်၊ သောက်လျှင် သောက်တယ်ဟုမှတ်။ ဇွန်းနုတ်လျှင် နုတ်တယ်၊ ပါးစပ်စိလျှင် စိတယ်၊ မြိုလျှင် မြိုတယ်၊ မျိုလျှင် မျိုတယ်၊ ဇွန်းပြန်ချလျှင် ချတယ်၊ ပန်းကန်နှင့်ထိလျှင် ထိတယ်၊ လက်လွှတ်လျှင် လွှတ်တယ်ဟု မှတ်ရလေသည်။

ဤကား၊ ထမင်းတလုပ်စားရာ၌ ဝိပဿနာရှုမှတ်ပုံသက်သက်ကို၊ အမြွက်မျှပြဆိုလိုက်သော စကားစုတို့ပေတည်း။

ရေတခါသောက်ရာ၌၊ ဝိပဿနာရှုမှတ်ပုံမှာ၊ လက်လှုပ်လျှင် လှုပ်တယ်၊ ကွေ့လျှင် ကွေ့တယ်၊ မြှောက်လျှင် မြှောက်တယ်၊ လှမ်းလျှင် လှမ်းတယ်၊ ရေခွက်နှင့်ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ်၊ ရေခပ်လျှင် ခပ်တယ်၊ နှစ်လျှင် နှစ်တယ်၊ ဖေါ်လျှင် ဖေါ်တယ်၊ ယူလျှင် ယူတယ်ဟု မှတ်ပါလေ။ တဘန် မြှောက်လျှင် မြှောက်တယ်၊ ပါးစပ်နှင့်ထိလျှင် ထိတယ်၊ ဟလျှင် ဟတယ်၊ သောက်လျှင် သောက်တယ်၊ ပါးစပ်စိလျှင် စိတယ်၊ မြို့လျှင် မြို့တယ်၊ မျိုလျှင် မျိုတယ်၊ ခွက်ပြန်ချလျှင် ချတယ်။ ရေနှင့်ထိလျှင် ထိတယ်၊လက်လွှတ်လျှင် လွှတ်တယ်ဟု မှတ်ရလေသည်။

**ဤကား၊ ရေတခါသောက်ရာ၌ ဝိပဿနာရှုမှတ်ပုံသက်သက်ကို၊ အမြွက်မျှပြဆိုလိုက်သော စကားစုတို့ပေတည်း။**

ကွမ်းတခါစားရာ၌၊ ဝိပဿနာရှုမှတ်ပုံမှာ၊ လက်လှုပ်လျှင် လှုပ်တယ်၊ လက်ကွေ့လျှင် ကွေ့တယ်၊ မြှောက်လျှင် မြှောက်တယ်၊ လှမ်းလျှင် လှမ်းတယ်၊ချလျှင် ချတယ်ဟုမှတ်။ ကွမ်းအစ်နှင့် လက်ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ်၊ ဖွင့်လျှင် ဖွင့်တယ်၊ ချလျှင် ချတယ်၊ ကွမ်းအစ်ဖုံးနှင့်ဗျာထိလျှင် ထိတယ်ဟုမှတ်။ လက်လွှတ်လျှင် လွှတ်တယ်၊ လက်ပြန်သိမ်းလျှင် သိမ်းတယ်၊ကွမ်းအစ်ကို လက်လှမ်းလျှင် လှမ်းတယ်၊ ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ်ဟု မှတ်ပါလေ။

တဘန် အစ်အနိကိုဆွဲလျှင် ဆွဲတယ်၊ ဖယ်လျှင် ဖယ်တယ်၊ ချလျှင် ချတယ်၊ အစ်ဖုံးနှင့် အစ်အနိကိုထိလျှင် ထိတယ်၊ လက်လွှတ်လျှင် လက်လွှတ်တယ်ဟုမှတ်။လက်သိမ်းလျှင် သိမ်းတယ်၊ကွမ်းကိုလက်လှမ်းလျှင် လှမ်းတယ်၊လက်ချလျှင် ချတယ်၊ လက်နှင့်ကွမ်းထိလျှင် ထိတယ်၊ ကွမ်းကို ကိုင်လျှင် ကိုင်တယ် ဟုမှတ်။ ကွမ်းကို ယူလျှင် ယူတယ်၊ မြှောက်လျှင် မြှောက်တယ်၊ လက်တဘက် လှမ်းလျှင် လှမ်းတယ်၊ ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ်ဟု မှတ်ပါလေ။

တဘန် လက်တဘက်လွှတ်လျှင် လွှတ်တယ်၊ ကွမ်းကိုသုတ်လျှင် သုတ်တယ်၊ ဖြတ်လျှင် ဖြတ်တယ်၊ ဖဲ့လျှင် ဖဲ့တယ်၊ တပိုင်းကိုပြန်ထဲ့လျှင် ထဲ့တယ်ဟုမှတ်။ ကွမ်းကိုချိုးလျှင် ချိုးတယ်၊ ခေါက်လျှင် ခေါက်တယ်၊ ထုံးဖူးကို လက်လှမ်းလျှင် လှမ်းတယ်၊ လက်ချလျှင် ချတယ်၊ ထုံးဖူးနှင့်ထိလျှင်ထိတယ်ဟုမှတ်။ထုံးဖူးကိုကိုင်လျှင် ကိုင်တယ်၊ယူလျှင် ယူတယ်၊ တဘက်လှမ်းလျှင် လှမ်းတယ်၊ ထိလျှင် ထိတယ်၊ ဖွင့်လျှင် ဖွင့်တယ်ဟု မှတ်ပါလေ။

တဘန် ထုံးကိုလက်လှမ်းလျှင် လှမ်းတယ်၊ ထုံနှင့်ထိလျှင် ထိတယ်၊ ထုံးကော်လျှင် ကော်တယ်၊ တချက်တို့လျှင် တို့တယ်၊ နှစ်ချက်တို့လျှင် တို့တယ်၊ တို့တိုင်း တို့တိုင်း၊တို့တယ် တို့တယ်ဟုမှတ်။ ထုံးဖူးပိတ်လျှင် ပိတ်တယ်၊ ကိုင်လျှင် ကိုင်တယ်၊ ယူလျှင် ယူတယ်၊လှမ်းလျှင် လှမ်းတယ်၊ ချလျှင် ချတယ်ဟုမှတ်။ အစ်အန်နှင့် ထုံးဖူးထိလျှင် ထိတယ်၊ လက်လွှတ်လျှင် လွှတ်တယ်၊ လက်ပြန်သိမ်းလျှင် သိမ်းတယ်၊ မြောက်လျှင် မြောက်တယ်၊ကွမ်းနှင့်ထိလျှင် ထိတယ်ဟု မှတ်ပါလေ။

တဘန် ကွမ်းကိုခေါက်လျှင် ခေါက်တယ်၊ ချိုးလျှင် ချိုးတယ်ဟု၊ ခေါက်တိုင်း ခေါက်တိုင်း၊ ချိုးတိုင်း ချိုင်းတိုင်း၊ ခေါက်တယ် ခေါက်တယ်၊ ချိုးတယ် ချိုးတယ်ဟုမှတ်။ ကိုင်လျှင် ကိုင်တယ်၊ ယူလျှင် ယူတယ်၊ မြောက်လျှင် မြောက်တယ်၊ ပါးစပ်နှင့် ထိလျှင် ထိတယ်၊ ဟလျှင် ဟတယ်ဟုမှတ်။ ခွံ့သျှင် ခွံ့တယ်၊ လက်နှုတ်လျှင် နှုတ်တယ်၊ ငုံလျှင် ငုံတယ်၊ လက်ချလျှင် ချတယ်၊ ဝါးလျှင် ဝါးတယ်၊ ကွမ်းသွေး ထွေးလျှင် ထွေးတယ်၊ မျိုချလျှင် မျိုချတယ်ဟု၊ ဝါးတိုင်း ဝါးတိုင်း၊ ဝါးတယ် ဝါးတယ်။ ထွေးတိုင်း ထွေးတိုင်း၊ ထွေးတယ် ထွေးတယ်။ မျိုတိုင်း မျိုတိုင်း၊မျိုတယ် မျိုတယ်ဟု မှတ်ရလေသည်။

ဤကား၊ ကွမ်းတခါစားရာ၌ ဝိပဿနာရှုမှတ်ပုံ သက်သက်ကို၊ အမြွက်မျှပြဆိုလိုက်သော စကားစုတို့ပေတည်း။

ဆေးလိပ် တခါသောက်ရာ၌၊ ဝိပဿနာရှုမှတ်ပုံမှာ၊ ဆေးလိပ်ယူရန် လက်လှုပ်လျှင် လှုပ်တယ်၊ ကြွလျှင် ကြွတယ်၊ မြောက်လျှင် မြောက်တယ်၊လှမ်းလျှင် လှမ်းတယ်၊ချသျှင် ချတယ်ဟုမှတ်။ ဆေးလိပ်နှင့်လက်ထိလျှင် ထိတယ်၊ကိုင်လျှင် ကိုင်တယ်၊ယူလျှင် ယူတယ်၊လက်တဘက်သို့ကမ်းလျှင် ကမ်းတယ်၊ လွှတ်လျှင် လွှတ်တယ်ဟုမှတ်။ မီးခြစ်ကိုလက်လှမ်းလျှင် လှမ်းတယ်၊ လက်ချလျှင် ချတယ် ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ်၊ ယူလျှင် ယူတယ်ဟု မှတ်ပါလေ။

တဘန် ဖွင့်လျှင် ဖွင့်တယ်၊ လက်လွှတ်လျှင် လွှတ်တယ်၊ မီးခြစ်ဆံကိုလက်လှမ်းလျှင် လှမ်းတယ်၊ထိလျှင် ထိတယ်၊ ကိုင်လျှင် ကိုင်တယ် ဟုမှတ်။နှုတ်လျှင် နှုတ်တယ်၊မီးခြစ်လျှင် ခြစ်တယ်၊မီးတို့လျှင် တို့တယ်၊ ဖွာလျှင် ဖွာတယ်၊ ရှုလျှင် ရှုတယ်၊ ရှိုက်လျှင် ရှိုက်တယ်၊ အငွေ့ထုတ်လျှင် ထုတ်တယ်ဟု၊ဖွာတိုင်းဖွာတိုင်း၊ဖွာတယ် ဖွာတယ်။ရှုတိုင်း

ရှိုက်တိုင်း၊ ရှုတယ် ရှိုက်တယ်။ အငွေ့ထုတ်တိုင်း ထုတ်တိုင်း၊ ထုတ်တယ်ဟု မှတ်ရလေသည်။ ။ဤကား၊ ဓွဆေးလိပ် တခါသောက်ရာ၌၊ ဝိပဿနာရှုမှတ်ပုံ သက်သက်ကို၊ အမြွက်မျှ ပြဆိုလိုက်သော စကားစုတို့ပေတည်း။

ဝိပဿနာ ရှုမှတ်ပုံကို၊ အလုံးစုံပေါင်းရုံး၍၊ အကျဉ်းချုံး သိမှတ်ရန်မှာ၊ ယခုပြဆိုခဲ့သော ထမင်းတလုပ်စား အချိန်အခါ၌၊ ပရမတ်နာမ်ရုပ် အမူအရာသဘောတို့၊ ပကတိအတိုင်း ဖြစ်ပေါ်လာသည်ကို ရှုမှတ်ပုံ။ ရေတခါသောက်,ကွမ်းတခါစား, ဆေးလိပ်တခါသောက်သော အချိန်အခါတို့၌၊ ပရမတ်နာမ်ရုပ် အမူအရာသဘောတို့၊ ပကတိအတိုင်း ဖြစ်ပေါ်လာသည်များကို ရှုမှတ်ပုံ။ ဤအလုံးစုံသော လေးဌာနတို့၌၊ သဘောကျ ရှင်းလင်းပါလျှင်၊ ကြွင်းသော အမူအရာသဘောအသီးသီးတို့၌၊ ရှုမှတ်ပုံ သဘောနည်းများကို ဉာဏ်မှီး၍ သိရှိကြပါလေ။

နည်းမှီးရန် အချက်တို့တွင်၊ အမြွက်မျှ သိရှိမှတ်သားရန်မှာ၊ ပုဆိုး, ထမိ, အင်္ကျီ, ပုဝါစသည်များကို၊ ဝတ်ဆင်ကြသောအခါ၌၊ ဖြစ်ပေါ်လာသောအမူအရာအမျိုးမျိုး တို့ကိုဂင်း။ ရောင်,ဆံတုံးနှင့် ဘီး,ပန်းမာ္သလ်စသည်များကို၊ ပြုပြင်သုံးစွဲကြသော အခါတို့၌၊ ဖြစ်ပေါ်လာသောအမူအရာ အမျိုးမျိုးတို့ကိုဂင်း။ ပကတိ သူ့သဘော အတိုင်းပင်လျှင် အမှတ်စိပ်နိုင်သမျှ စိပ်၍၊ များနိုင်သမျှ များအောင်၊ အစဉ်အတိုင်း မလစ်မလပ်စေဘဲ၊ အမြဲ မပြတ် ရှုမှတ်၍ နေရလေသည်။

ယခုပြဆိုပြီးခဲ့သော၊ ရှုမှတ်ပုံ နည်းအသီးသီးကို၊ ပညာဉာဏ်သွင်မှီး၍၊ မီးဖိုချောင်အတွင်း၌၊ ထမင်းချက်ပြုတ် ကြော်လှော်ရာစသည်များတွင်၊ ဖြစ်ပေါ်လာသော အမူအရာအမျိုးမျိုးတို့ကိုဂင်း။ ရေချိုး, ရေခပ်, အဝတ်လျှော်ခြင်းနှင့် ထင်းခွဲ, ထင်းပေါက်ရာ စသည်များ၌၊ ဖြစ်ပေါ်လာသော အမူအရာ အမျိုးမျိုး တို့ကိုဂင်း။ အိပ်ရာဝင်, အိပ်ရာထ, စက်ချုပ်, ဇာထိုး, ဆေးလိပ်ရာ စသည်များ၌၊ ဖြစ်ပေါ် လာသော အမူအရာ အမျိုးမျိုးတို့ကိုဂင်း။ အထက်တွင် ပြဆိုပြီးခဲ့သော နည်းအတိုင်း၊ မလစ်မလပ်ရအောင် အမြဲမပြတ် ရှုမှတ်၍ နေရလေသည်။

ဂင်းပြင်၊ အမှိုက်လှဲ, မြက်နှုတ်, ဆန်ဖွပ်, စပါးထောင်း, ဈေးရောင်း, လမ်းသွား, စပါးကြဲ, လယ်ထွန်, ကောက်စိုက်, ပျိုးနှုတ်, ကောက်ရိတ်, ကောက်နယ်, နှမ်းစည်း, နှမ်းခါစသောအမှုတို့ကို ပြုပြင်လုပ်ကိုင်သော အခါတို့၌၊ ဖြစ်ပေါ်လာသော အမူအရာ အမျိုးမျိုးတို့ကိုဂင်း၊ အထက်

တွင် ပြဆိုခဲ့ပြီးသော နည်းအတိုင်း၊ အစဉ်အဆက် မပြတ်၊မလစ်မလပ် ရအောင်၊ အကြိမ်ကြိမ်အထပ်ထပ်ဖြင့် ရှုမှတ်၍ နေရလေတော့သည်။

ထိုမှ တပါးလည်း၊ လှေထိုး, လှော်တိုက်, ပန်းဘဲ, ပန်းရံ, ပန်းထိမ်, ပန်းပု,ပန်းတင်း,လက်သမား၊စာရေး,ရုံးထိုင်၊သစ်ပေါင်စီး,သစ်ခုတ်၊ အိုးလုပ်,ဖျာယက်၊ စစ်စီးထိုး,နွားကျောင်း၊ ယက်ကန်းချီ, ယက်ကန်း ယက်ရာ စသည်တို့၌၊ ဖြစ်ပေါ်လာသော အမူအရာ အမျိုးမျိုး တို့ကို ၎င်း၊ သူသဘောအတိုင်းပင်လျှင်၊ အစဉ်မပြတ်အောင် ရှုမှတ်၍နေရ လေသည်။

တဖန် အသွား,အရပ်,အထ,အထိုင်၊ အကိုင်, အတွယ်, အယူ, အငင်၊အပေး,အကမ်း,အကြွ,အမ၊ အပင့်,အမြှောက်,အတွန်း,အဆွဲ၊ အရုန်း, အကန်, အပြန်, အလှန်၊အရွေ့, အပြောင်း, အစောင်း, အငဲ့၊ အသွဲ့, အပတ်, အတက်, အဆင်း, အကွေး, အဆန့်၊ အထား, အသို, အသယ်,အပိုး။ဤသို့ စသောအမှုတို့ကို ပြုပြင်လုပ်ကိုင်ရာတို့၌၊ဖြစ်ပေါ် လာသမျှသော အမူအရာ သဘောတို့ကိုလည်း၊ အမြဲမပြတ် ရှုမှတ်ရ လေသည်။

ထိုမှတပါး၊ အကြည့်, အရှု, အမြင်, အကြား,အနံ့,အစား,အထိ, အသိစသော၊ အမူအရာသဘောတို့ ဖြစ်ပေါ်လာရာ၌၎င်း၊ထွက်သက်, ဝင်သက်၊အကို့,အရှည်၊ အကြမ်း,အနူ၊ မျက်တောင်ခတ်,ချောင်းဆိုး၊ အအိပ်,အနိုး အမျိုးမျိုးနှင့် အယုတ်ဆုံးအားဖြင့်၊ ကျင်ကြီး, ကျင်ငယ် စွန့်ခြင်းစသော အမှုကိစ္စများကို ပြုပြင်ရာတို့၌၊ ဖြစ်ပေါ်လာသမျှသော အမူအရာသဘောမျိုးတို့ကိုလည်း၊အသီးသီး အကြားအလပ်မရှိစေဘဲ၊ ထိစပ်၍ သွားရလေအောင်၊အမြဲမပြတ် အထပ်ထပ်ဖြင့်၊ရှုမှတ်၍ နေရ လေသည်။

ဤသို့စသည်ဖြင့်၊ဖြစ်ပေါ် လာသော ကိုယ်အမူအရာ ဟူသမျှတို့၌၊ အမှတ်စိပ်နိုင်သမျှ စိပ်၍၊ များနိုင်သမျှ များအောင်၊ အစဉ်အတိုင်း မလစ်လပ်စေဘဲ၊ အမြဲမပြတ် အဘန်ဘန်အထပ်ထပ်ဖြင့်၊ ဖြစ်ပေါ်လာ သောအမူအရာနှင့်၊ အမှတ်ပြုသော သတိတရားတို့၊ ရှေ့ကျနောက်ကျ ခြင်းမရှိစေဘဲ၊ ဖြစ်ပေါ်ဆဲအခိုက်၌ ထပ်နီလျက်၊ ချိန်ကိုက် မှန်ကန် အောင်၊ အပြင်းအထန် ရှုမှတ်ရလေသည်။ ။ဤကား၊ကိုယ်၌ဖြစ်ပေါ်သော သဘောအမူအရာတို့ကို ဝိပဿနာရှုမှတ်ရန် ဆက်သက်ဖြင့်၊ အမြွက်မျှ ပြဆိုလိုက်သော စကားစုပေတည်း။

သတိပဋ္ဌာန်အလာဖြင့် ကိုယ်အမူအရာ ရှုမှတ်ပုံ၌၊ သိသာရုံ ပါဠိမဘက်ဘဲ၊
အဓိပ္ပါယ်သဘော သက်သက်ကို ပြဆိုခြင်းပြီး၏။

## သတိပဋ္ဌာန်အလားဖြင့် စိတ်အမူအရာ ရှုမှတ်ပုံ၌ သိသာရုံ ပါဠိမဘာက်ဘဲ အဓိပ္ပါယ်သက်သက်ကို အမြွက်မျှ ပြဆိုခြင်း။

ယခုအခါ စိတ်အမူအရာတို့၌၊ဝိပဿနာရှုမှတ်ရန် အချက်ကို၊ ပါဠိအနက်နှင့် အဓိပ္ပါယ်တို့ မရောမယှက်ဘဲ၊ မြန်မာဘာသာစကားဖြင့် သဘောသက်သက်ဖြင့်၊ အမြွက်မျှ ပြဆိုရေးသားပေအံ့။ စိတ် အမူအရာ၌ ဝိပဿနာရှုမှတ်ပုံမှာ၊ လိုချင်လျှင် လိုချင်တယ်၊နှစ်သက်လျှင် နှစ်သက်တယ်၊ တပ်မက်လျှင် တပ်မက်တယ်၊ ချစ်လျှင် ချစ်တယ်၊ ခင်လျှင် ခင်တယ်၊မင်လျှင် မင်တယ်ဟုမှတ်။မြတ်နိုးလျှင် မြတ်နိုးတယ်၊ သဒ္ဒါလျှင် သဒ္ဒါတယ်၊ သဘောကျလျှင် သဘောကျတယ်၊အားရလျှင် အားရတယ်၊ ကောင်းလျှင် ကောင်းတယ်၊ ကြိုက်လျှင် ကြိုက်တယ် မှတ်။ ။ဤသို့စသည်ဖြင့် မှတ်ခြင်းသည်၊လောဘ၏သဘောတည်း။

တဘန် ဒေါသဖြစ်လျှင် ဒေါသဖြစ်တယ်၊ စိတ်ဆိုးလျှင် စိတ်ဆိုးတယ်၊ စိတ်ပျက်လျှင် စိတ်ပျက်တယ်၊ စိတ်နာလျှင် စိတ်နာတယ်၊ စိတ်ညှိုးလျှင် ညှိုးတယ်၊ စိတ်ပန်းလျှင် ပန်းတယ်၊ စိတ်နွမ်းလျှင် နွမ်းတယ်၊ စိတ်ပူလျှင် ပူတယ်၊ မောလျှင် မောတယ်၊ ဟိုက်လျှင် ဟိုက်တယ်၊ စိတ်အိုက်လျှင် အိုက်တယ်၊ ဆင်းရဲလျှင် ဆင်းရဲတယ်၊ စိတ်တိုလျှင် တိုတယ်ဟုမှတ်။ တဘန် မနှစ်သက်လျှင် မနှစ်သက်ဘူး၊မသာယာလျှင် မသာယာဘူး၊သဘောမကျလျှင် သဘောမကျဘူးမှတ်။ ။ဤသို့စသည် ဖြင့် မှတ်ခြင်းသည်၊ ဒေါသ၏သဘောစုများပေတည်း။

တဘန် မေ့လျှင် မေ့တယ်၊ ပျောက်လျှင် ပျောက်တယ်၊ သတိလစ်လျှင် သတိလစ်တယ်၊ တွေဝေလျှင် တွေဝေတယ်၊ မိန်းမောလျှင် မိန်းမောတယ်၊ ထိုင်းလျှင် ထိုင်းတယ်၊ မှိုင်းလျှင် မှိုင်းတယ်ဟုမှတ်။ တဘန် မသိလျှင် မသိဘူး၊ အမှတ်မရလျှင် အမှတ်မရဘူးဟုမှတ်။ ။ ဤသို့စသည်ဖြင့် မှတ်ခြင်းသည်၊ မောဟ၏ သဘောတည်း။

သာမညအားဖြင့် စိတ်သဘော အကျဉ်းချုံး၍ ပေါင်းရုံး ရှုမှတ်ပုံမှာ၊ စိတ်အိမ်ရောက်လျှင် အိမ်ရောက်တယ်၊ ကျောင်းရောက်လျှင် ကျောင်းရောက်တယ်၊ ရွာရောက်လျှင် ရွာရောက်တယ်၊ တောရောက်လျှင် တောရောက်တယ်၊ တောင်ပေါ်ရောက်လျှင် တောင်ပေါ်ရောက်

တယ်ဟုမှတ်။ တဘန် လယ်ထဲရောက်လျှင် လယ်ထဲရောက်တယ်၊ ယာထဲရောက်လျှင် ယာထဲရောက်တယ်၊ မြို့ထဲရောက်လျှင် မြို့ထဲရောက်တယ်၊ ဘုရားရောက်လျှင် ဘုရားရောက်တယ်ဟု မှတ်ပ လေ။

ဥပမာ၊ အဖြူ၊ အဝါ၊ အမွှေး အခါး၊ အချို အချဉ်၊ အနူး အမာ၊ အကြမ်း အငေါ့၊ ဤသို့ စသည်ဖြင့်၊ စိတ်အာရုံ၌ တွေ့မြင် ပေါ် ထင်သမျှသော သဘောအလုံးစုံကို၊ အကုန်အစင် မလစ်မလပ်ရအောင်၊ အမြဲမပြတ် မနားမရပ်ဘဲ၊ အသိချင်း စပ်မိသွားအောင်၊ အထပ်ထပ် အဘန်ဘန်ဖြင့် ထက်သန်စွာ ရှုမှတ်ရလေသည်။

ဥပမာ၊ ညောင်းညာ ကိုက်ခဲ၊ ပေါက်ပြဲ ထုံကျင်၊ မူးဝေ အော့အန်၊ ရူးယှ နာကျင်၊ ထိခိုက် ပုတ်ခတ်၊ သတ်ဖြတ် တိုးဝှေ့၊ ပူအေး ကျိန်းစပ်၊ ခေါင်းကိုက် ခေါင်းအုံစသော ဝေဒနာ သဘောများကို၊ အထက်ပါ နည်းကဲ့သို့၊ ပကတိ ဖြစ်ပေါ် လာသော သူ့သဘောအတိုင်း၊ မရပ်မဆိုင်း မနားမနေဘဲ၊ အမြဲမပြတ် မလစ်မလပ်ရအောင်၊ အထပ်ထပ် ရှုမှတ် ရလေတော့သည်။ ။ဤကား၊ စိတ်သဘော အမူအရာတို့၌၊ ဝိပဿနာ ရှုမှတ်ပုံ သက်သက်ကို၊ အမြွက်မျှ ပြဆိုလိုက်သော စကားစုတို့ပေတည်း၊

ယခုပြဆိုခဲ့သော၊ ပရမတ်ရုပ်နာမ်တို့၏ ဖြစ်ပေါ် ခြင်း အမူအရာ သဘော စိပ်ပုံ၊ ဖြစ်ပေါ် တိုင်းသော အမူအရာ သဘောအလုံးစုံကို၊ အကုန်အစင် သိမြင်အောင် သတိပြု၍၊ အမှတ်စပ်ပုံများကို သိရှိကြပြီးသဖြင့်၊ ဤနည်းကို အစဉ်မှီး၍ အသီးသီး ကြွင်းကျန်သော ပရမတ် သဘော အမူအရာတို့၌၊ ဝိပဿနာ ရှုမှတ်ပုံ အစဉ်ကို၊ ဉာဏ်ယှဉ်ကာ ထိုးထွင်း၍၊ ယထာဘူတ မမှားမယွင်းအောင်၊ နှုံးသွင်း ဖြောင့်မတ်လျက် အစဉ်မပြတ်မလစ်လပ်ဘဲ၊ အထပ်ထပ် ရှုမှတ်သင့်လှ ပေသတည်း။

သတိပဋ္ဌာန်အလာဖြင့် စိတ်အမူအရာရှုပုံ၌ သိသာရုံ ပါဠိမဘက်ဘဲ
အဓိပ္ပါယ်သဘောသက်သက်ကို ပြဆိုခြင်းပြီး၏၊

## ဝိပဿနာရှုမှတ်ရာဝယ် အဓိပ္ပါယ်သဘောအစဉ်ကို သိမြင်ရန်ယုတ္တိများနှင့် ထင်ရှားစွာပြဆိုခြင်း

ဝိပဿနာရှုမှတ်ရာ၌ အစဉ်အလာအားဖြင့်၊ ဆက်စပ်၍ ဖြစ်နေသော ပရမတ် နာမ်ရုပ်တို့၏ အမူအရာသဘော အလုံးစုံကို၊ အကုန်အစင် သိမြင်နိုင်ရန်၊ ရှုမှတ်သော ဝိပဿနာဉာဏ်တို့လည်း၊ ကြွင်းကျန်

လစ်လပ်ခြင်းမရှိစေဘဲ၊ ထပ်မိ စပ်မိလေအောင် အမှတ်စိပ်နိုင်သမျှ စိပ်၍၊ မှတ်ပုံများကို အထက်တွင် ရေးသားတော်ပြခဲ့ပေ၏။ ဤသို့ အမှတ်စိပ်အောင် လိုက်ရန်ကို ပြဆိုခဲ့သည်မှာ၊ ဝိပဿနာရှုမှတ်ပုံကို သိသာရုံပြဆိုခြင်းမျှဖြစ်ပေ၏။ မှတ်ခါစပုဂ္ဂိုလ်တို့ ယခုလို အမှတ်များများ၊ အမှတ်ပိပ်စိပ် မိနိုင်စေရန်၊ ရှေးဦးအစ၌ အားထုတ်ရသည် မဟုတ်ပေ။မှတ်စအခါမှာ ထင်ရှားသောအမူအရာကိုသာ၊နိုင်လောက် မိလောက်ရုံမျှ နဲနဲနှင့်ခတ်ကျဲကျဲမှတ်ရ၏၊နောင်တဖြေးဖြေး သူ့သဘော အတိုင်း မှတ်စရာအာရုံကို ဉာဏ်၌မြင်၍၊ မြင်တိုင်း မြင်တိုင်း မှတ်သွားသဖြင့်၊ အလိုလိုပင် အမှတ်တိုးပွါး၊ အသိဉာဏ်များလျက်၊ မဟာ တရားတို့ ပွါးသွားကြလေသည်။ ။ဤကား၊ အမှတ်စိပ်ခြင်း အမှု၌၊ သတိပြုရန်ကို ပြဆိုခြင်းတည်း။

အမှတ် တိုးပွါးလာပုံမှာ၊ ခြေတလှမ်းတွင်၊ ကြွခြင်း, ရှောင်ခြင်း, ဆောင်ခြင်း, ချခြင်း, နင်းခြင်း, ဘိနှိပ်ခြင်းဟု ၆-ဌာန ရှိကြောင်းကို၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူ၏။ ထို ၆-ဌာနတို့တွင်၊ အားထုတ်စပုဂ္ဂိုလ်သည်၊ခြေတလှမ်း၌ တချက်သာ မှတ်ရလေသည်။မှတ်ရန်မှာ၊ ဘယ်ခြေ လှမ်းလျှင် ဘယ်လှမ်းတယ်၊ ညာခြေ လှမ်းလျှင် ညာလှမ်းတယ်ဟုမှတ်ရ၏။၎င်းအလှမ်းနှင့် အမှတ်တို့၊မမှား မပြန်ဘဲ အချိုးအစားကျ၍ ချိန်ကိုက်မှန်ကန်ပြီး မြဲမြံလာသောအခါ၊ကြွသော အချက်ကို၊ ဉာဏ်တွင်သိမြင်လာ၏။ ထိုအခါ ဉာဏ်မြင်သည့်အတိုင်း မှတ်ရလေ၏။ ၎င်းခြေလှမ်း, ခြေကြွ နှစ်ချက်မှတ်၍၊ ခြေလှမ်းနှင့်အမှတ်တို့ ဆက်စပ် မှန်ကန်လာသောအခါ ချခြင်း အမူအရာကိုလည်း၊ အလိုလိုပင် ထင်မြင်သိရှိ၍လာလေ၏။ ထိုအခါ ဉာဏ်မြင်သည့် အတိုင်း မှတ်ရ၏။ ဤသို့စသည်ဖြင့် အဆင့်ဆင့် တိုးပွါး၍၊ အလိုလို အမှတ်များလာလေသည်။ ။ဤကား၊ အမှတ်တိုးပွါးမှု၌၊ သတိပြုရန်ကိုပြဆိုခြင်းတည်း။

ယခုကဲ့သို့မဟုတ်ဘဲ၊ အဋ္ဌကထာ၌ ခြေလှမ်းမှာ ၆-ဌာန ဆို၍၊ မှတ်စအခါ၌ ၆-ချက်စလုံး အကုန်မိအောင်မှတ်ရပါလျှင်၊ အသွားခက် အမှတ်ခက်လျက်၊ စိတ်ပိတက်ပြန့်ပွါး သမာဓိ ပျက်ပြားသဖြင့်၊ ခြေမနိုင်သေးသောခလေးကိုအပြေးခိုင်းလျှင်၊ မဆိုင်းချက်ခြင်း လဲပြိုရာသကဲ့သို့။ ယောဂီပုဂ္ဂိုလ်မှာလည်း၊ ဝိပဿနာ တရားလမ်းမှ၊ ချော်လဲ

ပျက်စီးတတ်လေ၏။ ဂန္ထနွော၀ါ ဂန္ထာမိတ်ိ ပဇာနာတိ၊ စသော ပါဠိတော်ရင်းကို နှလုံးသွင်း၍၊ ဉာဏ်အမြင် ပွင့်လင်းသင့်ပေသည်။

ဤနေရာ၌ ပါဠိတော်မှာ၊ ခြေတလှမ်းလျှင် တချက်လာ၍၊ အဋ္ဌကထာမှာ၊ ခြေတလှမ်းလျှင် ၆-ချက် လာသဖြင့်၊ ဒေသနာချင်း မညီသကဲ့သို့၊ မှတ်ထင်ရန်ရှိနေပေ၏။ သဘောမှာကား၊ ပါဠိတော်အရဖြင့် အားထုတ်ပုံကို ပြ၏။ အဋ္ဌကထာ အရဖြင့် သဘာဝ အခိုက်အတန့် ပါဝင်၍၊ ဉာဏ်ရင့်သန်သောအခါ ထင်မြင်နိုင်ပုံကို ပြ၏။ ဤကဲ့သို့ ယူဆပါလျှင် ဒေသနာချင်း မဆန့်ကျင်ဘဲ၊အညီအမျှပင် အဓိပ္ပါယ်ရရှိနိုင်လေသည်။ ။ဤကား၊ ပါဠိတော်နှင့် အဋ္ဌကထာသဘောကို နှီးနှော၍ ပြဆိုခြင်းတည်း။

ဝိပဿနာအလုပ်ကို အားထုတ်စအခါတွင် ခြေလှမ်းကိုမှတ်ရာ၌၊ ရှေးဦးစွာ ခြေတလှမ်းကို တချက်မှတ်သောအခါ၊ ဘယ်လှမ်းလျှင် ဘယ်လှမ်းတယ်၊ ညာလှမ်းလျှင် ညာလှမ်းတယ်ဟုမှတ်။ ထို့နောက် ခြေတလှမ်းကို နှစ်ချက် မှတ်နိုင်သောအခါ၊ဘယ်,ညာ ဟူသောသညာကို မပါစေဘဲ၊ ကြွလျှင် ကြွတယ်၊ လှမ်းလျှင် လှမ်းတယ်ဟုမှတ်။ ၃-ချက် မှတ်နိုင်သောအခါ၊ ကြွ,လှမ်း,ချ-ဟူ၍သာ မှတ်ပါလေ။

ဤနေရာ၌ ရှေးဦးစွာ ခြေတလှမ်းကို တချက် မှတ်သောအခါတွင်၊ ဘယ်,ညာ-ဟု အမည်သညာဖြစ်သော၊နာမပညတ်ကို တွဲဘက်၍ မှတ်သားခြင်းသည်၊ အလှမ်းနှင့်အမှတ်တို့၏ အမှန်အမှားများ၊ ထင်ရှားကွဲပြား၍၊သိရှိလာရန်မျှသာဖြစ်၏။ ထို့ကြောင့်၊ အမှတ်မှန်လျက် အစဉ်မပျက်ဘဲ၊ နှစ်ချက် မှတ်နိုင်သောအခါ၊ ဘယ်, ညာဟူသော အမည်သညာပျောက်၏။ ကောင်းစွာ အမှတ်မမှန်သေးလျှင်၊ ဘယ်လှမ်းသည်ကို ညာဟုမှတ်မိခြင်း၊ ညာလှမ်းသည်ကို ဘယ်ဟုမှတ်မိခြင်းများ ဖြစ်တတ်လေ၏။ သမာဓိ မခိုင်မာ မမြဲမြံသေးဟုဆိုလိုသည်။ စမ်းသပ်လျှင် ထင်ရှားစွာ သိရှိပါလိမ့်မည်။ ။ဤကား၊အမည်သညာ ပညတ်ပါမှု၌၊ သတိပြု မှတ်သားရန်ကို ပြဆိုခြင်းတည်း။

ဝိပဿနာ ရှုရာတွင်၊ အမှတ်ပြုသော သဘောအရမှာ၊ လောက၌ ခေါ်ဝေါ်သုံးစွဲသော ဝေါဟာရစကားတို့တွင်၊ လူမျိုးဘာသာ စကားအလိုက်၊ အထက်အောက်စသော အရပ်ဒေသများတွင်၊ မိမိတို့၌ဘာသာ အလော့အလာအတိုင်း မှတ်ရ၏။ ၎င်းပြင် ပရိယာယ် စကားတို့တွင်၊ ထင်ရှားရာ စကား၊ အလေ့အလာများရာ စကားတို့ဖြင့်သာ အမှတ်

အသား ပြုရာ၏။ ဤသို့ထင်ရှားရာ အလေ့အလာများရာကို မှတ်သား မှု၊အနက်အဓိပ္ပါယ်သဘောများ ထင်ရှားသဖြင့်၊ပရမတ်တရားသဘော အမှန်တို့၊ အသိဉာဏ်၌ ထင်မြင်ပေါ်ပေါက်လာနိုင်ပေသည်။

ဤနေရာ၌ ထင်ရှားသိသာအောင် မှတ်သားရန်မှာ၊ သတိပဋ္ဌာန် ပါဠိတော် ဣရိယာပထပဗ္ဗ၌၊ ဂစ္ဆန္တော၀ါ ဂစ္ဆာမိတိ ပဇာနာတိ- ဟူသော စကားအရ၊ သွားခြင်း ဣရိယာပထကို အဋ္ဌကထာ၌၊ ဖ- ဋ္ဌာန ဝေဘန်၍ ပြဆိုရာ၊ ခြေကို ရှေ့သို့ငင်သည်ကို၊ ဆောင်ခြင်းဟု ဆို၏။ မြန်မာစကား၌ အများသိမှတ် ထင်ရှားသည်မှာ၊ လှမ်းခြင်းဟု ဆို၏။ ထို့ကြောင့်၊ ၎င်းလှမ်းခြင်း အမူအရာကို၊ အဋ္ဌကထာ၌လာသော စကားအရ၊ ဆောင်ခြင်းဟုဆိုပါလျှင် မြန်မာစကားဖြစ်လျက်၊ မြန်မာ တိုင်း နားမလည်နိုင် မသိရှိနိုင်ပေ။

၎င်းပြင် မျက်စိပသာဒနှင့် အဆင်းထိခိုက်၍၊ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကို၊ ပျဉ်းမနား တောင်ငူနယ်များ၌၊ မြင်သည်ဟုခေါ်ဝေါ် ကြ၏။ ပဲခူးနယ်မှာမူကား၊ တွေ့သည်ဟု ခေါ်ဝေါ် ကြသည်။ ထို့အတူ လျင်မြန်စွာ သွားသည်ကို၊ အထက်နယ်များ၌၊ ပြေးသည်ဟု ခေါ်ဆို ကြ၏။ အောက်နယ်၌မူကား၊ သုတ်သည်ဟု ခေါ်ဆိုကြသည်။ တဘန် အရပ်ဒေသ၊ ဌာန ချင်းတူကြသော်လည်း၊ အချဉ်ဖတ် ဟင်းရွက်ပြုတ် များကို၊ အချို့က အမြှုပ်၊ အချို့က အတို့ဟု ခေါ်ဆိုကြ၏။ ဤသို့စသည် ဖြင့် ကွဲပြားသော အပြောအဆိုတို့မှာ၊ များစွာရှိကြလေသည်။

ဤကဲ့သို့ဖြစ်၍၊ ပါဠိဘာသာမှ မြန်မာပြန်ဆိုသော၊ ဆောင်ခြင်း အနက်ကို၊ မြန်မာတိုင်း သဘောကိုမသိ၊မြန်မာလူမျိုးစကားဖြစ်လျက်၊ အထက်စကားကို အောက်က မသိ၊ အောက်စကားကို အထက်က မသိ ဖြစ်ပေသည်။ ထို့ကြောင့်၊ဖြစ်ပေါ်သော အမူအရာသဘောများကို မိမိတို့ ပြောဆိုသုံးစွဲသော ဘာသာစကားဖြင့်၊ အနက်သဘောများ ထင်ရှား၍၊ ဉာဏ်အား သိမြင်သွားလေအောင်၊ မှတ်သားရသည်ဟု ပြောကြားခဲ့ပေသည်။ ။ဤကား၊ ခေါ်ဝေါ်သော ဘာသာစကားမှန်၌၊ သတိပြု မှတ်သားရန်ကို ပြဆိုခြင်းတည်း။

တဘန် ဝိပဿနာရှုမှတ်ရာ၌၊ သတိ ပြုအပ်သည်မှာ၊ အာရုံ တခု တည်း၌ ခိုင်မြဲတည်ကြည်စွာ ထားရမည်။ ထားပုံ နည်းလမ်းမှာ၊ သွားခြင်း ဣရိယာပုထ်ကို ရှုမှတ်သောအခါ၊ ရှေးဦးအစတွင်၊ ခြေ

တလှမ်းလျှင် တချက်မျှ မှတ်ရသဖြင့်၊ ဘယ်ခြေလှမ်းခိုက် ဘယ်လှမ်းတယ်၊ ညာခြေလှမ်းခိုက် ညာလှမ်းတယ်ဟု မှတ်ရ၏။ ဤသို့မှတ်သော အခါ၊ ခြေတလှမ်းကိုပင် မျက်စိကကြည့်၍၊ ခြေလှမ်း၌ပင် စိတ်မနော စိုက်လျက်၊ လှမ်းသော အမူအရာဖြစ်ခိုက်နှင့် ချိန်ကိုက်သွားအောင်၊ လှမ်းတယ်ဟု အမှတ်ပြုရလေသည်။

ဤကဲ့သို့ မဟုတ်ဘဲ၊ ခြေလှမ်းခိုက်၌ လှမ်းတယ်ဟု အမှတ်ပြုနေသော်လည်း၊ မျက်စိက အခြားကိုကြည့်၊ စိတ်မနောက တခြားကိုစောမိနေပါလျှင်၊ ပရမတ်သဘော ဖြစ်ပေါ်ခိုက်ကို၊ အမှတ်က မမိလိုက်ဘဲ၊ အလွဲအချော်ဖြစ်ပြီး၊ အမှတ်နှင့်အမူအရာတို့ မညီညာသဖြင့်၊ ရှေ့သော်ဎင်း, နောက်သော်ဎင်း ကျတတ်လေ၏။ ယခုလိုဖြစ်ခဲ့သော်၊ သမာဓိ မဖြစ်နိုင်၊ သမာဓိမရှိလျှင်၊ ဝိပဿနာဉာဏ် မထင်နိုင်ပေ။ ထို့ကြောင့်၊ အမူအရာ ဖြစ်ခိုက်၊မျက်စိ စိုက်ခိုက်၊ စိတ်နှလုံး သွင်းခိုက်နှင့်၊ အမှတ်ပြုသော အခိုက်တို့ တိုက်ဆိုက် ချိန်ကိုက် သွားအောင်၊ မှတ်သားရလေသည်။ ။ဤကား၊ ဝိပဿနာ ရှုမှတ်မှု၌၊ အာရုံ,မျက်စိ, စိတ်တို့ကို သတိပြုရန် ပြဆိုခြင်းပေတည်း။

ဎင်းပြင် ဝိပဿနာရှုမှတ်ရာတွင်၊ ဉာဏ်သွင်၍ သတိပြုရန်မှာ၊ မှတ်သောအခါ၊မျက်စိကိုစိုက်၍ အမူအရာ၌ထားရမည်ဆိုသော်လည်း၊ ဦးခေါင်းကိုစိုက်၍ ကြည့်ရသည်မဟုတ်၊ဩက္ခိတ္တစက္ခု-ဟူသော ပါဠိတော်အရ၊ မျက်လွှာကို ချခြင်းမျှသာ ဖြစ်၏။ ဤကဲ့သို့ မဟုတ်ဘဲ၊ ခေါင်းကို စိုက်နေပါလျှင်၊ မြင်သောသူများက ဂုတ်ကြိုးသည်ဟု ထင်တတ်သည့်ပြင်၊အလွန်ပင် လည်ပင်းညောင်းခြင်းဖြစ်တတ်လေ၏။ ဤကဲ့သို့ ညောင်းညာ ကိုက်ခဲ၍၊ကိုယ်စိတ် ဆင်းရဲအောင် ပြုလုပ်ရခြင်းမျိုးမဟုတ်ပေ။

**သုခံ သမာဓတ္ထာယ သံဝတ္တတိ။** ။သုခံ၊ ကိုယ်, စိတ်နှစ်ဖြာ ချမ်းသာခြင်းသည်။ သမာဓတ္ထာယ၊ အာရုံနှင့်သင့် စိတ်မပြန့်လွင့်ဘဲ တည်ကြည်ငြိမ်သက်ခြင်း သမာဓိအကျိုးငှါ။ သံဝတ္တတိ၊ဖြစ်၏။ ။ ဤသို့လာရှိသော ပါဠိတော် ဒေသနာနှင့်အညီ၊ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်း အားထုတ်သော ယောဂီပုဂ္ဂိုလ်သည်၊ ကိုယ်စိတ်ချမ်းသာ အောင်ထား၍ တရားကို အားထုတ်ရ၏။ ထိုကဲ့သို့ အားထုတ်ရှုမှတ်သော ယောဂီပုဂ္ဂိုလ်မှသာလျှင်၊ သမာဓိနိုင်မာ၍ ဝိပဿနာဉာဏ်

ဖြစ်လွယ်လေသည်။အချို့ယောဂီဆရာတို့သည်၊ ထိုင်သောဣရိယာပုထ် ရှည်ကြာ၍ ညောင်းညာ ကိုက်ခဲ ဆင်းရဲသည်ကိုပင်၊မပြုပြင် မပြောင်းလဲဘဲ ဆင်းရဲကို သည်း ခံ ရ မည် ဟု ဆိုတတ်ကြ၏။ ဤ ကဲ့ သို့ မှတ်ထင်ပါလျှင်၊ အထက်တွင် ပြဆိုခဲ့သော ပါဠိတော် အဓိပ္ပါယ် သဘောနှင့်၊ နှီးနှောစပ်ယှဉ်၍ ဆင်ခြင်စဉ်းစားကြပါလေ။ ၎င်းဒုက္ခ အမျိုးမျိုးတို့ အဓိပ္ပါယ်သဘောသွားများကို၊ ဂန္တိရဏ္ဍပကာသနီကျမ်း ကြီး၌၊ ကျယ်ဝန်းစွာ ရေးသားပါရှိလေပြီ။

ဤနေရာမျိုးနှင့်စပ်၍ သိမှတ်ရန် သဘောအချုပ်မှာ၊ တရားထူး ပေါက်ရောက်ရာ ဣရိယာပုထ်ကို ပြခြင်း၌၊ သွားဆဲ, ရပ်ဆဲ, ထိုင်ဆဲ, လျောင်းဆဲ, စားဆဲ, သောက်ဆဲ အခါတို့၌ပင်၊ဖြစ်ပေါ် နိုင်ကြောင်းဖြင့် လာရှိပေ၏။ သတိပဋ္ဌာန်ပါဠိတော်၊ ဣရိယာပထပဗ္ဗ, သမ္ပဇညပဗ္ဗ စသည်တို့၌၊ သွား, ရပ်, ထိုင်, လျောင်း, စား, သောက်, ကွေး, ဆန့် စသော အမူအရာ သဘောစုတို့ကို၊ သိမြင်မှုဖြစ်ရန် ရှုမှတ်ရမည်ဟု လာပေ၏။ လိုရင်းမှာ၊ သွား၍အားထုတ်မှ ချမ်းသာလျှင်၊ သွား၍ပင် အားထုတ်။ ထိုင်၍အားထုတ်မှ ချမ်းသာလျှင်၊ ထိုင်၍ပင် အားထုတ်။ ဤသို့စသည်ဖြင့်၊ ဣရိယာပုထ်တမျိုးတည်း မဟုတ်ဘဲ၊ ချမ်းသာရာ ဣရိယာပုထ်နှင့် အားထုတ်ရမည်ဟူ၍မှတ်။ ဣရိယာပုထ်က ပဓာန မဟုတ်ဘဲ၊ အားထုတ်၍ အလုပ်တွင်ကျယ်သည်ကသာလျှင်၊ မချ လိုရင်းဟု နှလုံးသွင်း ယူမှတ်ရာ၏။ ဤမျှနှင့် မကျေနပ်ခဲ့ပါလျှင်၊ သတိပဋ္ဌာန် ပါဠိတော်ရင်းကို၊ ရှင်းလင်းသေချာအောင် အခါခါကြည့်ရှု ကြပါလေ။ ။ဤကား၊ဝိပဿနာရှုမှတ်မှု၌၊ဣရိယာပုထ် သတိပြုရန် ပြဆိုခြင်းတည်း။

ထိုမှ တပါးလည်း၊ အာရုံအားဖြင့် သတိထားရန်မှာ၊ ဝိပဿနာ ရှုမှတ်သောအခါ၊ များစွာသော အာရုံတို့သည်၊ ပေါင်းဆုံလုံးစည်း၍ တကြိမ်တည်းဖြစ်ပေါ်လာသည်ဟု ထင်မှတ်သဖြင့်၊ တခါတည်းသိမ်းကျုံးလျက် တပြိုင်နက်တည်း ရှုမှတ်ကြ၏။ ဤကဲ့သို့ ဖြစ်တတ်ပုံမှာ၊ သွားဆဲအခိုက်၌၊ ခြေလှမ်းကို မှတ်နေစဉ်၊မြင်ခြင်း,ကြားခြင်း စသော သဘောများ၊ ယှဉ်ပြိုင်၍ ဖြစ်ပေါ်သည်ဟု ထင်တတ်ကြ၏။ ထို့အတူပင်လျှင်၊စားဆဲအခါတွင်၊လက်မြှောက်,လက်ချ,ပါးစပ်ဟ,ဝါးသော အမူအရာများကို မှတ်နေစဉ်၊ ပန်းကန်, ဇွန်း, ထမင်း, ဟင်း စသည် များကို မြင်ခြင်း၊ ဇွန်းသံ, ပန်းကန်သံ စသည်များကို ကြားခြင်း၊ ဤသို့

စသော အမူအရာတို့လည်း၊ တကြိမ်တခါတည်း ပေါင်းဆုံဖြစ်ပေါ်သည်ဟု မှတ်ထင်ကြလေသည်။

ဤကဲ့သို့ ထင်မှတ်ရသော်လည်း၊ ပရမတ်သဘောဟူသည်၊တကြိမ်တည်း,တခါတည်း၊ ၂-မျိုး,၃-မျိုးဆိုင်၍ တပြိုင်နက် ဖြစ်သည်မဟုတ်။ ထို့ကြောင့်၊ အားထုတ်သောအခါ၊ စိတ်ထဲမှာ ယှဉ်ပြိုင်၍ ဖြစ်သည်ဟု ထင်သည့်အတိုင်း၊အလှိုင်းတကြိး တခါတည်း ဖြိုးအောင်ဟု၊ ၂-မျိုး, ၃-မျိုးစသည်ကို လုံးစည်းပေါင်းစု၍ မမှတ်ရ၊ ထင်ရှား၍ ပိုင်ပိုင်မိနိုင်ရာ အာရုံကိုသာ၊ တခုစီတခုစီ မှတ်ရလေ၏။ ယခုလိုပေါင်းရုံးပြီး မှတ်လိုက်ပါလျှင်၊ ငါး ၂-ကောင်ဘမ်းသော ဥပမာမျိုးကဲ့သို့၊ ဘယ်အာရုံကိုမှ ကောင်းစွာမမိလိုက်ဘဲ၊ ချော်လွဲလွတ်ထွက်၍ သွားတတ်လေသတည်း။

ယခုပြဆိုခဲ့သော နည်းလမ်းအရ၊ ရှုမှတ်စအခါ၌ အာရုံကိုမိခြင်း ပိုင်နိုင်လျက်၊ ဒဏ်ချက် နာစေခြင်းငှါ၊ လျှာဖျားများ လှုပ်လာလောက်အောင်၊ အာရုံ တခု တည်း ကိုသာ မှတ်ရ၏။ အမှတ်စိပ်၍ မောဟပယ်ရှင်း ဉာဏ်ပွင့်လင်းလာသောအခါ၊ ဖြစ်ပေါ်သော ပရမတ်အာရုံတို့၊ မပေါင်းသင်း မစုဆုံ မလုံးစည်း မရောယှက်ဘဲ၊ တခုပျက်ပြီးမှ တခုအသစ် ဖြစ်ပေါ်လာကြောင်းများကို၊ထင်ရှား ကွဲပြားအောင် သိမြင်နိုင်၏။ မောဟပူးယှဉ် ဉာဏ်မဝင်သေး၍၊ တပေါင်းတည်းဖြစ်သည်ဟု ထင်ရလေသည်။ ။**ဤကား၊ ဝိပဿနာရှုမှတ်မှု၌၊ အာရုံတို့၏သဘောကို သတိပြုရန် ပြဆိုခြင်းပေတည်း။**

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမေဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ။ ။

(ဓမ္မပဒပါဠိတော်)

ဘိက္ခဝေ၊ချစ်သား ချစ်သ္မီးအပေါင်းတို့။ ဒူရင်္ဂမံ၊ မြင့်မိုရ်စကြာဝဠာ ခြားကွာဝေးလံသော အရပ်၌ရှိသည့်၊အမျိုးမျိုးသော အဆင်းရူပါရုံများကို၊ အာရုံပြု၍ ကျက်စားခြင်းငှါ စွမ်းနိုင်ထသော။ ဧကစရံ၊ ပရမတ္ထ သဘာဝမှ တခုချုပ်ပျောက်ပျက်စီးပြီးမှ၊တခုအသစ် ဖြစ်ပေါ်ခြင်းငှါ စွမ်းနိုင်ထသော။ အသရီရံ၊ ခန္ဓာကိုယ်ရုပ် လွန်စက်ဆုပ်သဖြင့်၊ အကောင်အထည်လည်း မဟုတ်ထသော။ဂုဟာသယံ၊ ဟဒယနှလုံးတည်းဟူသော မှီရာလိုဏ်လည်း ရှိပေထသော။ စိတ္တံ၊ တော

မျောက်ပမာ လွန်စွာရိုင်းပြ လေ်လီလှသည့် မနခေါ်တွင် စိတ်ဝိညာဉ်ကို။ ယေ ယောဂိနော၊ ဝိပဿနာတော၌ အကြင်ယောဂီတို့သည်၊ သံယမေဿန္တိ၊ပညတ်တရား အာရုံများသို့ မမှားမပေါက်မသွားရောက်အောင် စောင့်ရှောက်သိုမြို နိုင်နင်းစွာ သိမ်းဆည်းနိုင်ကြလေကုန်၏။ တေ ယောဂိနော၊ ဝိပဿနာတော၌ ထိုယောဂီတို့သည်။ မာရဗန္ဓနာ၊ ကာမရာဂ စသည်များစွာ ထောင့်ငါးရာဟု ကိလေသာမာရ်မင်း နှောင်ဖွဲ့ခြင်းမှ။ မောက္ခန္တိ၊ လျင်မြန်ထုတ်ခြောက် အလင်းပေါက်၍ ကင်းလွတ် ထွက်မြောက်နိုင်ကြလေကုန်၏။

ယခုပြဆိုခဲ့သော ဒေသနာဝဓ္မ၊ ဥပမာ ဥပမေယျတို့၏ အဓိပ္ပါယ်သဘာဝများကို၊ ထောက်ဆခြင်ဆင် ဉာဏ်နှင့်ယှဉ်၍၊ ဝိပဿနာရှုမှတ်သော အရာများတွင် မထင်ရှား မပေါ်လွင်ဘဲ၊ ကြွင်းကျန်နေသောအဓိပ္ပါယ်သဘောအစဉ်များကို၊အထက်တွင် ပြဆိုခဲ့ပြီးသောနည်းကို အစဉ်မှီး၍၊ ဉာဏ်ကြီးသမျှ ချဲ့ထွင်ပြီး၊ အကုန်အစင် သိမြင်ထိုးထွင်းလျက် ပွင့်လင်းမကျန် ဟုတ်မှန်ဖြောင့်စင်းသော သဘာဝဖြင့်၊ ယထာဘူတ ကျနစေရန်၊ အဘန်ဘန် သတိမလပ်ရအောင်၊ အမြဲမပြတ် အားထုတ်ရှုမှတ်ကြပါလေ။ ။ဤကား၊ ဝိပဿနာရှုမှတ်မှု၌၊ပရမတ်တရားစုတို့ တခုစီ ဖြစ်ပျက်ကို၊ ယုံကြည်ရန်အကျဉ်းချုံးပြီး ပေါင်းရုံး၍ ပြဆိုလိုက်သော စကားတို့ပေတည်း။

ဝိပဿနာရှုမှတ်ရာဝယ် အဓိပ္ပါယ်သဘောအစဉ်ကို
သိမြင်ရန် ပြဆိုခြင်းများပြီး၏။

---

## ဝိပဿနာအလုပ်၌ ပရမတ် နာမ်ရုပ်တို့၏ သဘောလက္ခဏာကို ရှင်းလင်းစွာ ပြဆိုခြင်း

ဝိပဿနာအလုပ်ကို အားထုတ်ရှုဟူသည်၊လိုရင်းသဘော အချုပ်မှာ၊ ပညတ်တရားတို့ လွှမ်းမိုးဖုံးအုပ်နေ၍ မပေါ်လွင်နိုင်အောင် နစ်မြုပ်နေသော၊ ပရမတ်တရားတို့ ထင်ရှား ပေါ်လွင်လာအောင်၊ ထုတ်ဆောင် ဖော်နှုတ်ခြင်း ဖြစ်ပေ၏။ ပညတ်ဖြစ်သော အမွေးအကာတို့ ကွယ် ပျောက် ၍၊ ပရမတ်ဖြစ်သော အနှစ်အသားများ ထင်ရှားပေါ် ပေါက်အောင်၊ ပြုလုပ်မှုဟု ဆိုလိုရင်းပေတည်း။

ထို ပရမတ်, ပညတ်တရား ၂-ပါးတို့တွင်၊ ပရမတ်ဟူသည်၊ အကောင်, အထည်, ဒြပ်, သဏ္ဌာန် မရဘဲ၊ အမူအရာ သဘောမျှသာ

ဖြစ်ပေ၏။ ၎င်းသဘောမျှဖြစ်သော ပရမတ်ဟူသည်လည်း၊ ရုပ်နာမ် ဟူ၍၎င်း၊ ခန္ဓာ ဟူ၍၎င်း၊ အာယတန ဟူ၍၎င်း၊ဓာတ် ဟူ၍၎င်း၊သစ္စာ ဟူ၍၎င်း၊ပဋိစ္စသမုပ္ပါဒ် ဟူ၍၎င်း၊ လက္ခဏာ ဟူ၍၎င်း၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသည်ဟူ၍၎င်း၊ ဗောဓိပက္ခိယ ဟူ၍၎င်း။ ဤသို့ စသည်ဖြင့် အမည် အမျိုးမျိုး ခေါ်ဆိုရသော တရားတို့သည်၊ သဘောအားဖြင့် မဖေါက်မပြန် ဖြောင့်မှန် မြဲမြံ လေသောကြောင့်၊ ပရမတ် ဟူ၍ မှတ်ယူအပ်ပေသည်။ ။ဤကား၊ သဘောဖြစ်သော ပရမတ္ထဓမ္မကို၊ အမြွက်မျှ ပြဆိုခြင်းပေတည်း။ ။

ဝိပဿနာအလုပ်ကို အားထုတ်ခြင်းမည်သည်၊ လိုရင်း သဘော အားဖြင့် အထက်တွင်ပြဆိုခဲ့သော၊ ရုပ်နာမ်,ခန္ဓာ စသည်ဖြင့် ခေါ်ဝေါ် ပညတ်သည့် ပရမတ်သဘော အဟုတ်အမှန်တို့ကို၊ ဧကန်ထင်လင်း ထိုးထွင်းသိမြင်အောင် ပြုလုပ်ရခြင်းတို့ပေတည်း။ ထိုပရမတ်တရား တို့တွင်၊ ရုပ်,နာမ်ဟူသော ပရမတ် ၂-ပါးအရ၊ အမည်နာမ သရုပ် သင်္ချာနှင့် ကျမ်းဂန်တို့၌ ပြဆိုသည်မှာ၊ ရုပ် ၂၈-ပါး, နာမ် ၅၃-ပါး ဟု လာရှိပေသည်။ ၎င်းတရားများကို သင်ကြားဘူးသူ ကြည့်ရှုဘူး သူတို့ သိရှိပြီ ဖြစ်သည် တကြောင်း၊ မသိသေးသော သူတို့ အတွက် မှာလည်း၊ များစွာသော ဝိပဿနာကမ္မဋ္ဌာန်းကျမ်းတို့၌ ပါရှိနေသည် တကြောင်း၊ ဝိပဿနာအလုပ်၌ လိုရင်းမဟုတ်သည် တကြောင်း။ ဤသို့စသော အကြောင်းများကြောင့်၊ ရုပ်နာမ်စသော ပရမတ်တရား တို့၏ သင်္ချာ သရုပ်များကို မထုတ်ဘဲ၊ ဝိပဿနာအလုပ်နှင့် စပ်သည့် ပရမတ် ရုပ်နာမ်စသည်တို့၏ သဘောများကိုသာ၊ အမြွက်မျှရေးသား ဘော်ပြပေးအံ့။

ဝိပဿနာအလုပ်နှင့် စပ်သည့် ပရမတ်ရုပ်နာမ်တို့၏ သဘောကို၊ ပဋိသမ္ဘိဒါမဂ် စသောကျမ်းဂန်ကြီးတို့၌၊ ရုပ္ပနလက္ခဏံ ရူပံ-ဟု ဘွင့် ပြတော်မူကြကုန်၏။ ။ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်လှုပ်ရှား ပြောင်း လွှဲခြင်းလက္ခဏာရှိသော သဘောတရားသည်။ ရူပံ၊ ရုပ်မည်၏။ နမန လက္ခဏံ၊အမှုအရာ အာရုံတပါးကို၊တိုက်တွန်း ညွှတ်ဆော်ခြင်းလက္ခဏာ ရှိသော သဘောတရားသည်။ နာမံ၊ နာမ်မည်၏။

ဤသို့လာရှိသော ဒေသနာ ကျမ်းဂန်များ၏ အဓိပ္ပါယ်အရ၊ ပရ မတ္ထဓမ္မတို့၏ သဘာဝဖြစ်သော ရုပ်နာမ်ဟူသည်၊ သတိ ပဋ္ဌာန်နည်း လမ်းဖြင့် ဝိပဿနာလုပ်ငန်းကို၊ ခွဲခြမ်းဝေဘန်၍ အထက်တွင်ပြဆို

ခဲ့သော၊ သွား, ရပ်,ထိုင်, လျောင်း၊ ကွေး,ဆန့်,ကြွ, မ၊ ကြည့်ရှု, စား သောက် စသော အမူအရာသဘောတို့ဟူ၍၊မှတ်ယူသိရှိအပ်ပေသည်။

ထိုသွား,ရပ် စသော အမူအရာ သဘောတို့ကို၊ ပရမတ် ရုပ်နာမ်ဟု ဆိုရာ၌၊ထိသာထင်ရှားအောင် ခွဲခြမ်းဝေဘန်လျှင်၊သွားခြင်းအမူအရာ တချ၌ သွားကာမျှသဘောသည်–ရုပ်မည်၏။ သွားအောင် တိုက်တွန်း နိုးဆော်သော စိတ်သည်-နာမ်မည်၏။ ထို့ကြောင့်၊ သွားသောအခိုက်၌ သွားတယ်ဟု မှတ်လျှင်၊ သွားခြင်းသဘော - ရုပ်နှင့်၊ သွားအောင် စေ့ဆော်သော-နာမ်ကို အမှန်သိ၍၊ ဝိပဿနာဟု ခေါ် ဆိုရလေသည်။

ဤနေရာ၌ သဘောလက္ခဏာကို ရှင်းလင်းရန်မှာ၊ သွားသော အမူ အရာသည်၊ ဝါယောဓာတ် ရုပ်ဖြစ်၏။ ထို ထင်ရှားသော အဓိက ဝါယောဓာတ်ဖြစ်ရာ၌၊ပထဝီ,အာပေါ,တေဇော ဟူသော ဓာတ်ကြီး ၃–ပါးတို့လည်း မကင်းကောင်း၊ တပေါင်းတည်း ပါဝင်ဖြစ်ပေါ်ကြ လေ၏။ ဤကဲ့သို့ ဓာတ်ကြီး ၄-ပါး ဖြစ်ပေါ် သည့်ရှိသော်၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော ဓာတ်ငယ် ၄-ပါးတို့သည်လည်း တပြိုင် နက်ထည်း ပါဝင်ပြီးစီးကြလေ၏။

ဤနေရာ၌ ခွဲ၍မရကောင်းသော အဝိနိဗ္ဘောဂ၏ သဘော၊ ပရမတ် ဓာတ်ခဲတခုခေါ်သော အဋ္ဌကလာပ်၏ အဓိပ္ပါယ် များကို စဉ်းစားဆင်ခြင်ပါလျှင်၊ အထက်တွင် ပြဆိုခဲ့သော၊ သွားခြင်း အမူ အရာသဘောကို၊ ပရမတ် ရုပ် ဖြစ်သည်၊ ပရမတ် ရုပ်မှန်သည်ဟု၊ ကောန်ပင် ယုံကြည်နိုင်ရန် သင့်လှပေတော့သည်။

တဘန် သွားအောင် စေ့ဆော်သော သဘောဟူသည်၊စေတနာ ခေါ် သော နာမ်ဖြစ်၏။ ထို ထင်ရှားသော အဓိကစေတနာ ဓာတ်ဖြစ် ရာ၌၊ ဖဿ, ဝေဒနာ, သညာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ ဟူသော သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၆-ခုတို့လည်း မကင်း ကောင်းသဖြင့်၊ တပေါင်းတည်း ပါဝင်ဖြစ်ပေါ်ကြလေ၏။ ဤကဲ့သို့ သဗ္ဗစိတ္တသာဓာရဏ စေတသိက်တို့ ဖြစ်သည့်ရှိသော်၊ သဟဇာတ သမ္ပယုတ္တဖြစ်သော စိတ်တရားတို့သည်လည်း၊ တပြိုင်နက်တည်း ပါဝင်ပြီးစီးကြလေ၏။

ဤ နေရာ၌လည်း၊ အလုံးအခဲဖြစ်သော ဃနသဘော၊ ပရမတ် ဓာတ်ခဲခေါ် သော နာမ်ကလာပ်၏ အဓိပ္ပါယ်များကို စဉ်းစားဆင်ခြင် ပါလျှင်၊ အထက်တွင် ပြဆိုခဲ့သော၊ သွားအောင် စေ့ဆော်ခြင်း အမူ

အရာ သဘောကို၊ ပရမတ် နာမ်ဖြစ်သည်၊ ပရမတ် နာမ်မှန်သည်ဟု၊ ကောင်းပင် ယုံကြည်နိုင်ရန် သင့်လှပေတော့သတည်း။

ယခုပြဆိုခဲ့သော၊ အဓိပ္ပါယ်သဘောသူဆပုံများ အရဖြင့်၊ ပရမတ္ထ ဓမ္မ သဘာဝတို့၏ ထယာဘူတ ဟုတ်မှန်သော နည်းလမ်းကျသည်ဟု၊ မုချဖြစ်အင် သဘောအစဉ်ကို၊ ဉာဏ်၌မထင် မသိမြင်၍ ရုတ်တရက် ယုံကြည်ခြင်း မရှိပါလျှင်၊အောက်တွင် ဘော်ပြထားသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားကို၊ စဉ်းစားဆင်ခြင်၍ ဉာဏ်အမြင် ပွင့်လင်းပြီး ယုံကြည်ခြင်းစိတ်ရှိကြပါလေ။

> နာမံ ဘုဉ္ဇိတုကာမတာယ ရူပံ ဘုဉ္ဇတိ။ နာမံ ခါဒိတုကာမတာယ ရူပံ ခါဒတိ။ နာမံ ပိဝတုကာမတာယ ရူပံ ပိဝတိ။

နာမံ၊နာမ်သည်။ ဘုဉ္ဇိတုကာမတာယ၊ စားလိုသောကြောင့်။ ရူပံ၊ ရုပ်သည်။ ဘုဉ္ဇတိ၊စားရ၏။ နာမံ၊ နာမ်သည်။ ခါဒိတုကာမတာယ၊ ခဲလိုသောကြောင့်။ ရူပံ၊ ရုပ်သည်။ ခါဒတိ၊ ခဲရ၏။ နာမံ၊ နာမ်သည်။ ပိဝတုကာမတာယ၊သောက်လိုသောကြောင့်။ ရူပံ၊ရုပ်သည်။ ပိဝတိ၊ သောက်ရ၏။

အဓိပ္ပါယ်ကား၊ နာမ်က စားချင်သောကြောင့်၊ ရုပ်က စား၏။ နာမ်က ခဲချင်သောကြောင့်၊ ရုပ်က ခဲ၏။ နာမ်က သောက်ချင်သော ကြောင့်၊ ရုပ်က သောက်၏ဟူ၍ လာရှိပေသည်။ ဤသို့ လာရှိသော အဋ္ဌကထာစကားကို ထောက်ထား၍၊ သွား, ရပ်, ထိုင်, လျောင်း, ကွေး, ဆန့် စသော အမူအရာ တို့၌လည်း၊ နာမ်က သွားချင်သော ကြောင့်၊ ရုပ်က သွား၏။ နာမ်က ရပ်ချင်သောကြောင့်၊ ရုပ်က ရပ်၏။ ဤသို့စသည်ဖြင့်၊ အလုံးစုံ ဖြစ်ပေါ်သမျှသော အမူအရာများ၌၊ နာမ် ရုပ် ၂-ပါးတို့၏ သဘောသွားကို၊ ကွဲပြားရှင်းလင်းစွာ သိမြင်ကြ ပါလေ။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်စကားရပ်တို့ဖြင့်၊ စာပေကျမ်းဂန်ကို မတတ်သော သူတို့သည်လည်း၊ ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန် သိမြင်သဖြင့်၊ ပြုပြင်ပြောင်းလဲ၍ အမြဲမပြတ် ဖြစ်နေသော အမူအရာ သဘောများသည်၊ ပရမတ် ရုပ်,နာမ် ၂-ပါးမျှသာ ဖြစ်ကြောင်းကို ကောင်းကောင်းကြီး သဘောပိုက်နိုင်ကြစေရန်၊ အောက်၌ ဘော်ပြ

ထားသော၊ ရုပ်,နာမ် ၂-ပါး၏ အဓိပ္ပါယ်သဘောများကို၊ စွဲမြဲစွာ မှတ်သားကြပါလေ။

သွားတာ-ရုပ်၊ သွားချင်တာ-နာမ်။ ရပ်တာ-ရုပ်၊ရပ်ချင်တာ-နာမ်။ ထိုင်တာ-ရုပ်၊ ထိုင်ချင်တာ-နာမ်။ အိပ်တာ-ရုပ်၊ အိပ်ချင်တာ-နာမ်။ ကွေးတာ-ရုပ်၊ ကွေးချင်တာ-နာမ်။ ဆန့်တာ-ရုပ်၊ဆန့်ချင်တာ-နာမ်။ စားတာ-ရုပ်၊စားချင်တာ-နာမ်။သောက်တာ-ရုပ်၊ သောက်ချင်တာ-နာမ်။ ဤသို့ စသည်ဖြင့် လောကဓာတ်တခုလုံး၌၊နာမ်,ရုပ် ၂-ပါးသာ ရှိ၏။ နာမ်ရုပ်မှ တပါး၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျ်ား, မိန်းမ မရှိဟု၊ ဟောတော်မူသော ဒေသနာတော်ကို ဆင်ခြင်၍၊ လောကကြီး တခု လုံး၌ ပြုပြင်ပြောင်းလဲသမျှသော၊အမူအရာ အားလုံးပင်လျှင်၊ ပရမတ် နာမ်,ရုပ် ၂-ပါးတို့၏ သဘောသွား ဖြစ်အင်ကို၊ ကုန်စင်အောင် ထိုးထွင်း၍ ဉာဏ်အမြင် ပွင့်လင်း သိရှိကြပါလေ။

နာမရူပမတ္တတော ဥဒ္ဓံ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ ဒေဝေါ ဝါ ဗြဟ္မာ ဝါ နတ္ထိ။ (ဝိသုဒ္ဓိမဂ်)

နာမရူပ မတ္တတော၊ပရမတ္ထတရား နာမ်,ရုပ် ၂-ပါးထက်။ဥဒ္ဓံ၊အပို အလွန်။အညော၊ ပရမတ္ထတရား နာမ်ရုပ်မှ တပါးသော။သတ္တော ဝါ၊ အသက်ရှင်စွာ သတ္တဝါ သည်၎င်း။ ပုဂ္ဂလော ဝါ၊ မိန်းမ,ယောကျ်ား ပုဂ္ဂိုလ်များသည်၎င်း။ ဒေဝေါ ဝါ၊ ၆-ထပ်ဘုံသား နတ်အများသည် ၎င်း။ ဗြဟ္မာ ဝါ၊ တန်ခိုးထိန်လင်း ဗြဟ္မာမင်းကြီးသည်၎င်း။ နတ္ထိ၊ တစုံတခု မြူဏုမျှပေ မရှိလေသတည်း။

ယခုပြဆိုခဲ့ပြီးသော၊ ပါဠိအဋ္ဌကထာ ဒေသနာနှင့်၊ ဥပမာ ဥပမေယျ၊ အဓိပ္ပါယ်ယူဆ ပုံကို နားလည်ကြသဖြင့်၊ ပရမတ္ထဓမ္မ နာမ်,ရုပ် ၂-ပါးတို့၏ သဘာဝတရားကို၊ ကွဲပြား ရှင်းလင်း ပညတ်မှ လွတ်ကင်း၍ ဉာဏ်အမြင် ပွင့်လင်းပြီး၊ ထိုးထွင်းသိမြင်၍ လာစေ ခြင်းငှါ၊ ဖြစ်ပေါ်သမျှသော အမူအရာတို့ကို၊ မှတ်ခြင်းဟူသော ဝိပဿနာကမ္မဋ္ဌာန်း တရားကို၊ နေ့ညမအား လွန်ကြိုးစား၍၊ ပွားများအားထုတ်သင့်လှပေတော့သတည်း။

ဝိပဿနာအလုပ်၌ ပရမတ် နာမ်ရုပ်တရားတို့၏ သဘောလက္ခဏာကို ရှင်းလင်းစွာ ပြဆိုခြင်းပြီး၏။

## ဝိပဿနာရှုမှတ်ရာ၌ ခန္ဓာငါးပါးတို့၏သဘောသွားလက္ခဏာကို ထင်ရှားစွာ ပြဆိုခြင်း

ဝိပဿနာကို အားထုတ်မှုဟူသည်၊ ခန္ဓာ, အာယတန, ဓာတ်, သစ္စာတို့၏ ပရမတ် သဘောလက္ခဏာ ဖြစ်စဉ်ကို၊ ဉာဏ်၌ အမှန် သိမြင်အောင် ပြုလုပ်ခြင်းဖြစ်၏။ ထိုတရားအပေါင်းတို့တွင်၊ ခန္ဓာ ငါးပါး အရ၊ ကျမ်းဂန်တို့၌ ပြသည်မှာ၊ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာဟူ၍ လာရှိပေ၏။ ၎င်းခန္ဓာ ငါးပါးတို့တွင်၊ရုပ် ၂၈-ပါးသည်၊ ရူပက္ခန္ဓာမည်၏။ ဝေဒနာ စေတသိက်သည် ဝေဒနက္ခန္ဓာမည်၏။ သညာစေတသိက်သည်၊ သညက္ခန္ဓာ မည်၏။ ဝေဒနာ,သညာမှကြွင်းသော၊ စေတသိက် ၅၀-သည်၊ သင်္ခါ ရက္ခန္ဓာမည်၏။ စိတ်တခု ယုတ် ၉၀-အကျယ် ၁၂၁-ပါးသည်၊ ဝိညာဏက္ခန္ဓာမည်၏။ ။ဤကား၊ ခန္ဓာငါးပါးတို့၏ အမည်သချာများပေတည်း၊

ဤခန္ဓာငါးပါးတို့၏ သချာသရုပ်များသည်၊ ဝိပဿနာအလုပ်၌ လို ရင်းမဟုတ်လှ၍၊ရှင်းလင်းဘော်ထုတ်၍ မပြဘဲ၊ ပရမတ္ထဓမ္မနှင့် ဆိုင်ရာ ဝိပဿနာလုပ်ငန်းဖြစ်သော၊ ခန္ဓာငါးပါးတို့၏ သဘောများကိုသာ၊ နားလည် ကွဲပြား၍ မှတ်သား သိရှိကြစေရန်၊ အကျဉ်းမျှ ဝေဘန် ခွဲခြမ်း၍ ပြဆိုပေအံ့။

> ရုပ္ပနလက္ခဏံ ရူပံ၊ဝေဒယိတလက္ခဏံ ဝေဒနာ၊ သဥ္ဇာနနလက္ခဏံ သညာ၊ အာယူဟနလက္ခဏာ သင်္ခါရာ၊ ဝိဇာနနလက္ခဏံ ဝိညာဏံ။ (ပဋိသမ္ဘိဒါမဂ်ပါဠိတော်)

ရုပ္ပနလက္ခဏံ၊ ဖေါက်ပြန် လှုပ်ရှား ဖွဲ့ပြောင်းခြင်း သဘော လက္ခဏာများသည်။ရူပံ၊ရူပက္ခန္ဓာမည်၏။ ဝေဒယိတလက္ခဏံ၊ဆင်းရဲ ချမ်းသာကို ခံစားခြင်းသဘောလက္ခဏာသည်။ ဝေဒနာ၊ဝေဒနက္ခန္ဓာ မည်၏။ သဥ္ဇာနနလက္ခဏံ၊ မျိုးမည်များပြား မှတ်သားခြင်း သဘော လက္ခဏာသည်။ သညာ၊ သညက္ခန္ဓာမည်၏။ အာယူဟနလက္ခဏာ၊ စေ့ဆော်ပြုလုပ်အားထုတ်ခြင်း သဘောလက္ခဏာတို့သည်။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာ မည်ကုန်၏။ ဝိဇာနနလက္ခဏံ၊ ဆိုး ကောင်းများစွာ သိခြင်းသဘောလက္ခဏာသည်။ ဝိညာဏံ၊ ဝိညာဏက္ခန္ဓာမည်၏။

ဤသို့လာရှိသော ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကြီး၏ အဓိပ္ပါယ်မှာ၊ ဖေါက်ပြန်ခြင်းသဘောမျှသည်၊ ရူပက္ခန္ဓာမည်၏။ အကောင်းအဆိုး

အမျိုးမျိုးသော အာရုံ၏အရသာကို ခံစားခြင်းသဘောမျှသည်၊ ဝေဒနက္ခန္ဓာမည်၏။ အမည်နာမ အမျိုးမျိုးများကို မှတ်သားခြင်းသဘောမျှသည်၊ သညာက္ခန္ဓာမည်၏။ အ မှု အ ရာ အ မျိုး မျိုး တို့ ဖြစ် အောင် ရှေ့ဆောင်ပြုလုပ် အားထုတ်ခြင်း သဘောတို့သည်၊ သင်္ခါရက္ခန္ဓာမည်ကုန်၏။ အမှုအရာ အာရုံအမျိုးမျိုးတို့ကို သိခြင်းသဘောမျှသည်၊ ဝိညာဏက္ခန္ဓာမည်ကုန်၏။

ဤသို့လျှင် ဝိပဿနာအလုပ်တွင် ပါဝင်အသုံးများသော၊ ခန္ဓာငါးပါးတို့၏ သဘောလက္ခဏာတို့ကို ပြဆိုပေ၏။ ထိုသဘောများကို မိမိတို့၏ ဘာသာ စကား အားဖြင့် သိရှိခြင်းသာလျှင်၊ ဝိပဿနာအလုပ်တွင် ပါဝင်ပြီးစီးလေ၏။ သရုပ်သင်္ချာနှင့် အမည်သညာတို့ကို၊ ဝိပဿနာအရာ၌ သိရှိရန် လိုရင်းဟု မမှတ်အပ်။ စာမတတ်သော သူတို့ ပင်လျှင် အရိယာ ဖြစ်နေကြသည်ကို၊ ထောက်ဆ ဆင်ခြင်၍ မြော်မြင် သတိပြုသင့်လှပေသည်။

ဤနေရာ၌ ဝိပဿနာအလုပ်ကို၊ သတိဖြင့် မှတ်ရသည်ဆို၍၊ အချို့သော ပုဂ္ဂိုလ်များက မှတ်ခြင်းအနက်ရှိသော၊ သညာစေတသိက်နှင့် မကွဲမပြား၍ ယောင်မှားတတ်လေ၏။ ကွဲပြားထူးခြားပုံမှာ၊ အနမတဂ္ဂသံသရာမှစ၍ ယခု အခါသို့တိုင်အောင်၊ များမြောင်စွာသော အမည်တို့ကို ပေါင်းစုလျက်၊ သင်္ကေတပြု၍ မှတ်သား ထားခြင်းမျိုးသည်၊သညာစေတသိက်၏ သဘောမည်၏။ အခိုက်အတန့် ဖြစ်ပေါ်ဆဲ ခဏပစ္စုပ္ပန်တွင်၊ ထင်မြင်သော အမှုအရာ၊ အာရုံကို မိအောင် မှတ်ခြင်းသည်၊သတိစေတသိက်၏သဘောမည်၏။ဤသို့သော သဘောအစဉ်ကို သတိသမ္ပဇဉ် အမြဲစပ်ယှဉ်၍၊ ဉာဏ်အမြင် ကွန့်မြူးသိရှိကြပါလော။

ဝိပဿနာအရာ၌ ခန္ဓာငါးပါးကို သိအောင် အားထုတ်ရသည်ဆိုသော်လည်း၊ အမည်ကိုမှတ်၍ တခုစီအားဖြင့်၎င်း၊အပေါင်းအစည်းအားဖြင့်၎င်း၊ စိတ်တွင် ကြံစည်တွေးတော၍၊ ဆင်ခြင်သုံးသပ် နေရသော သဘောမျိုးမဟုတ်၊ အားထုတ်ရှုမှတ်သော ဝိပဿနာ စိတ်၌ တိုက်ဆိုက်ပြီးစီး၍၊ သဘောအသီးသီးတို့ တပြိုင်နက်တည်း၊ ပါဝင်ပြီးစီးသွားသည်ကိုသာလျှင် မှတ်ယူအပ်လှပေသည်။

ဝိပဿနာစိတ် တချက်တည်း၌ သဘောပါဝင်ပြီးစီးပုံမှာ၊ ကွေးခြင်းဟူသော အမှုအရာ အာရုံ သဘော ဖြစ်ခိုက်၊ ကွေး တယ် ဟု

ဝိပဿနာစိတ်ဖြင့် မှတ်သည်ရှိသော်၊ ကွေးခြင်းအမူအရာ ဖြစ်ပေါ်သည်ကိုသာ သိလိုက်လေသည်။ထိုအခိုက်၌ ကွေးခြင်းသဘောသည်၊ ရူပက္ခန္ဓာမည်၏။ ကွေးသောအခိုက်၌ အခန့်သင့်၍ ကောင်းသောသဘော၊ အခန့်မသင့်၍ မကောင်းသောသဘောသည်၊ ဝေဒနက္ခန္ဓာမည်၏။ ကွေးတယ်ဟု မှတ်ခြင်းသဘောသည်၊ သညက္ခန္ဓာမည်၏။ ကွေးတယ်ဟု အားထုတ်ခြင်း သဘောသည်၊ သင်္ခါရက္ခန္ဓာမည်၏။ သိခြင်းသဘောသည်၊ ဝိညာဏက္ခန္ဓာမည်၏။ဤသို့လျှင် ဓမ္မသဘောတို့ တပြိုင်နက်ထည်း၊ ပါဝင်ပြီးစီးသွားသည်ကို သိမြင်ကြပါလေ။

သဘောမှာကား၊ ကွေးခြင်း, ဆန့်ခြင်းစသော အမူအရာသည်၊ ရူပက္ခန္ဓာ၏ သဘောထင်ရှား၏။ ကွေး, ဆန့်ခြင်း စသည်တို့ဖြစ်သောအခါ၊ အခန့်သင့်, အခန့်မသင့်သော၊ စိတ်၌ ဆင်းရဲ, ချမ်းသာခြင်း၊ ဝေဒနက္ခန္ဓာ၏သဘော ထင်ရှား၏။ ကွေးဆန့်ခြင်းဖြစ်သော အခိုက်၌၊ ကွေးတယ်,ဆန့်တယ်ဟု မှတ်ခြင်း၊ သညက္ခန္ဓာ၏သဘော ထင်ရှား၏။ ကွေးဆန့်ခြင်း ဖြစ်အောင်၊ ကွေးမယ်, ဆန့်မယ်ဟု အားထုတ်ခြင်း၊ သင်္ခါရက္ခန္ဓာ၏သဘော ထင်ရှား၏။ ကွေးခိုက်,ဆန့်ခိုက်၌၊ ကွေးတယ်, ဆန့်တယ်ဟု မှတ်သောအခါ၊ ကွေးမှန်း ဆန့်မှန်း သိခြင်း၊ ဝိညာဏက္ခန္ဓာ၏ သဘော ထင်ရှား၏။ ဤသို့သဘောအားဖြင့် ပါဝင်သည်များကို၊ မှတ်သားသိရှိကြပါလေ။

ဤကဲ့သို့ ခန္ဓာငါးပါးတို့သည်၊ သဘောအားဖြင့် တပြိုင်နက်တည်း ပါဝင်ပြီးစီးသော်လည်း၊ဖြစ်ပေါ်ဆဲခန္ဓာကို ရှုမှတ်သော ဝိပဿနာစိတ် တချက်တချက်၌ကား၊ ထင်ရှားရာ တပါးတပါးသာလျှင် ပေါ်လွင်သိသာပေသည်။ ဥပမာကား၊ အဆောက်အဦး ငါးမျိုးကို၊ စုပေါင်း၍ ချက်သောဟင်းကို သောက်သောအခါ၊ ဆား လွန်ကဲလျှင်၊ ငန်သောအရသာ ထင်ရှား၏။သို့သော် အခြားသော အရသာများလည်း မကင်းပေ။ ထို့အတူ၊ ငြုတ်သီး လွန်ကဲလျှင်၊ စပ်သောအရသာ ထင်ရှား၏။ မန်ကျည်းသီး လွန်ကဲလျှင်၊ ချဉ်သောအရသာ ထင်ရှား၏။ ဆီ လွန်ကဲလျှင်၊ ဆိမ့်သောအရသာ ထင်ရှား၏။တမာ ခွေးတောက် လွန်ကဲလျှင်၊ ခါးသောအရသာများ ထင်ရှား သိသာ၏။ သို့သော်လည်း၊ အခြားသော အရသာများ မကင်းနိုင်ကြပေ။

ဤဥပမာ အတူပင်လျှင်၊ ကွေးခြင်း,ဆန့်ခြင်း စသည်ကို မှတ်ရာ၌၊ ရူပက္ခန္ဓာ ထင်ရှား၏၊ သို့သော် တပါးသောခန္ဓာတို့လည်း၊ မကြွင်း

မကျန်ခဲ့ပေ။ ထို့အတူ၊ ညောင်းညာ ကိုက်ခဲ၊ ပူအေးသည်ကို မှတ်ရာ၌။ ဝေဒနက္ခန္ဓာ ထင်ရှား၏။ မှတ်ခြင်းသဘောကို မှတ်ရာ၌၊ သညာက္ခန္ဓာ ထင်ရှား၏။ အားထုတ်ခြင်းကို မှတ်ရာ၌၊ သင်္ခါရက္ခန္ဓာ ထင်ရှား၏။ သိခြင်းကို မှတ်ရာ၌၊ ဝိညာဏက္ခန္ဓာ ထင်ရှား၏။ သို့သော်၊ တပါးသော ခန္ဓာတို့လည်း၊ မကြွင်းမကျန်ခဲ့ပေ။ ဤသို့သော နည်းလမ်းကို ထောက်ထား၍၊ ခန္ဓာငါးပါးတို့၏ သဘောများကို၊ ကွဲပြား ရှင်းလင်းစွာ သိသင့်လှပေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်များအရ၊ ဝိပဿနာစိတ်တချက်၌၊ ခန္ဓာငါးပါးတို့ တပြိုင်နက် ပါဝင်ပြီးစီးသွားပုံကို၊ စာကြီးပေကြီးကို မသင်ကြားဘူးသော သူတို့ပင်လျှင်၊ သဘာဝအစဉ်ကို သိမြင်ထင်ရှား၍၊ ကွဲပြား နားလည်နိုင်ကြစေရန်၊ ရည်သန်သော စိတ်ဓာတ်ဖြင့်၊ ပရမတ်သဘော အချုပ်ကို၊ ထုတ်နှုတ်၍ ပြဆိုပေအံ့။

ကွေးတာ-ရူပက္ခန္ဓာ၊ ကွေးလို့ ကောင်းတာ,မကောင်းတာ-ဝေဒနက္ခန္ဓာ၊ ကွေးတယ် မှတ်တာ-သညာက္ခန္ဓာ၊ ကွေးမယ် အားထုတ်တာ-သင်္ခါရက္ခန္ဓာ၊ ကွေးတာ သိတာ-ဝိညာဏက္ခန္ဓာ။ ဆန့်တာ-ရူပက္ခန္ဓာ၊ ဆန့်လို့ ကောင်းတာ,မကောင်းတာ-ဝေဒနက္ခန္ဓာ၊ ဆန့်တယ် မှတ်တာ-သညာက္ခန္ဓာ၊ ဆန့်မယ် အားထုတ်တာ-သင်္ခါရက္ခန္ဓာ၊ ဆန့်တာ သိတာ-ဝိညာဏက္ခန္ဓာ။

ဤသို့စသည်ဖြင့်၊ ဝိပဿနာရှုမှတ်သော အမူအရာသဘော တချက်တချက်၌၊ ခန္ဓာငါးပါးတို့ တပြိုင်နက် ပါဝင်ပုံကို၊ ထင်ရှားစွာ သိမြင်သင့်ပေ၏။ လောကတခုလုံး၌၊ ခန္ဓာငါးပါးသာရှိ၏။ ခန္ဓာငါးပါးထက်လွန်၍၊ ပုဂ္ဂိုလ်, သတ္တဝါ, ယောကျာ်း, မိန်းမဟူ၍၊ အထူးမြှုမှု မရှိဆိုသော ဒေသနာတော်များကို ထောက်ထားဆင်ခြင်၊ လောကတခုလုံး၌ရှိသော ခန္ဓာငါးပါးတို့၏ သဘောဖြစ်အင်ကို၊ ကုန်စင်အောင်ထိုးထွင်း၍ ဉာဏ်အမြင် ပွင့်လင်းသိရှိအပ်လှပေသတည်း။

ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ၊ ဘာရဟာရောစ ပုဂ္ဂလော။
ဘာရာဒါနံ ဒုခံ လောကေ၊ ဘာရနိက္ခေပနံ သုခံ။
(ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်။)

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စက္ခန္ဓာ၊ ရုပ်,ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဉ်ဟုဆိုအပ်သော ခန္ဓာငါးပါး တရားအပေါင်းတို့သည်။ ဟဝေ-

ကောင်နန်း၊မှုချကောန် အမှန်စင်စစ်အားဖြင့်။ ဘာရော၊ လေးလံလှသော ဝန်ထုပ်ဝန်ပိုးကြီးပမာ တူလှပါကုန်၏။ ပုဂ္ဂလော၊ယောကျ်ား,မိန်းမ ခေါ်ဆိုကြသည့် များလှသောင်းသောင်း ပုဂ္ဂိုလ် အပေါင်းသည်။ ဘာရဟာရော၊ လွန်စွာပင်ပန်း ဝန်ထမ်းသမားနှင့် မခြားပမာ တူလှပါ၏။ လောကေ၊ လူပြည်နတ်ရပ် လောကဓာတ်ကြီး၌။ ဘာရာဒါနံ၊ ခန္ဓာဝန်အမျိုးမျိုးကို ထမ်းဆောင်သည်ပိုး၍ နေရခြင်းသည်။ ဒုခံ၊မချိ ညှိုးနွမ်း လွန်စွာပင်၊ ပင်ပန်းဆင်းရဲလှလေ၏။ ဘာရနိက္ခေပနံ၊ ခန္ဓာ ဝန်များသွန်ချ၍ ထားရခြင်းသည်။ သုခံ၊ကိုယ်စိတ် အေးမြ အလွန်ပင် ချမ်းသာလှပေသတည်း။

အဓိပ္ပါယ်ကား၊ ခန္ဓာငါးပါးသည်၊လေးလံလှသော ဝန်ထုပ်ကြီးနှင့် တူ၏။ ပုဂ္ဂိုလ်သတ္တဝါတို့သည်၊ ဝန်ထမ်းသမားနှင့် တူကြကုန်၏။ ခန္ဓာ ငါးပါးကို ထမ်းဆောင်နေရခြင်းသည်၊ လောက၌ အလွန်ဆင်းရဲ၏။ ခန္ဓာဝန်ကို စွန့်ခွါရခြင်းသည်၊ အလွန်ချမ်းသာ၏ဟုဆိုလိုသည်။

## ဆင်းရဲချမ်းသာပုံ အကျဉ်းချုပ်သဘောမှာ

**ရူပက္ခန္ဓာ** ရှိနေသော ကြောင့်၊ ရူးယှ ကျိုးပဲ့ သွေးထွက်သံယို စသော၊ ဆင်းရဲဒုက္ခအမျိုးမျိုးဖြစ်ရ၏။ မကွေး,မဆန့်ဘဲ နေလို့လဲမရ၊ ကွေးဆန့်လို့ချည်း နေလို့လဲမဖြစ်၊မစားဘဲလဲ မနေနိုင်၊ စားလို့ချည်းလဲ မနေနိုင်၊ ဤသို့စသောဆင်းရဲဒုက္ခအမျိုးမျိုးဖြစ်ရ၏။ ရူပက္ခန္ဓာ မရှိခဲ့ပါ လျှင်၊ ထိုဆင်းရဲဒုက္ခ အမျိုးမျိုးမှ လွတ်ကင်း၍၊ ချမ်းသာခြင်း သုခ ဖြစ်ပေ၏။

**ဝေဒနက္ခန္ဓာ** ရှိနေသောကြောင့်၊ကောင်းသောအာရုံ,မကောင်း အာရုံတို့နှင့် တွေ့ဆုံရာ၊ ကောင်းသောအာရုံအတွက် နှစ်သက်သာယာ ပြီး၊ တဏှာလောဘ အကြိုက် ကောင်းသည်ထက် ကောင်းရာကို၊ လိုက်၍ မဆုံးနိုင်သဖြင့် ဆင်းရဲခြင်း ဖြစ်ရ၏။ မကောင်းသောအာရုံ အတွက် မနှစ်သက် သဘောမကျ၊ ဒေါသဖြစ်၍ ဆင်းရဲရ၏။ ဤသို့ စသော ဆင်းရဲဒုက္ခအမျိုးမျိုးဖြစ်ရ၏။ ဝေဒနက္ခန္ဓာ မရှိခဲ့ပါလျှင်၊ ထို ဆိုခဲ့သောဆင်းရဲအမျိုးမျိုးမှ လွတ်ကင်း၍၊ချမ်းသာခြင်း သုခဖြစ်ပေ၏။

**သညက္ခန္ဓာ** ရှိသောကြောင့်၊ အမည် အမျိုးမျိုးကို မှတ်သားရာ ငရဲလောင်မီး အစရှိသော အဆိပ်ရေများကို၊ ဆေးရည်မှတ်ထင်ပြီး သောက်မိသဖြင့်၊ ဆင်းရဲဒုက္ခ ရောက်ရသကဲ့သို့။ ဒုက္ခအစစ်ဖြစ်သော

ခန္ဓာငါးပါးကို၊ သုခအစစ်မှတ်ထင်လျက် ခင်မင်လိုက်စား၍ အမှား မဆုံးနိုင်ခြင်း၊ ဤသို့စသော ဆင်းရဲဒုက္ခအမျိုးမျိုးဖြစ်ရ၏။ သညာက္ခန္ဓာ မရှိခဲ့ပါလျှင်၊ ထိုဆိုခဲ့သော ဆင်းရဲဒုက္ခ အမျိုးမျိုးမှ လွတ်ကင်း၍၊ ချမ်းသာခြင်း သုခဖြစ်၏။

**သင်္ခါရက္ခန္ဓာ** ရှိနေသောကြောင့်၊ လောက၌ ဝမ္မသတ် ဥပဒေ လွန်ကျူးသောအမှုကို၊ ပြုလုပ်အားထုတ်မိ၍ အဘိဒုက္ခ ဆင်းရဲခြင်း ဖြစ်ရသကဲ့သို့။ အကုသိုလ်မှု ဒုစရိုက်ရကို ပြုလုပ်အားထုတ်မိ၍၊ မချိ ထန်သဲသော ဆင်းရဲနှင့် တွေ့ကြုံရသဖြင့်၊ ဤသို့စသော ဆင်းရဲဒုက္ခ အမျိုးမျိုးဖြစ်ရ၏။ သင်္ခါရက္ခန္ဓာ မရှိခဲ့ပါလျှင်၊ ထိုဆိုခဲ့သော ဆင်းရဲ ဒုက္ခအမျိုးမျိုးမှ လွတ်ကင်း၍၊ ချမ်းသာခြင်း သုခဖြစ်၏။

**ဝိညာဏက္ခန္ဓာ** ရှိနေသောကြောင့်၊ အကောင်း,အဆိုး အမျိုး မျိုးသော အာရုံ သဘောတို့ကို သိရသဖြင့်၊ ဆင်းရဲ ဒုက္ခ ဖြစ်ရ၏။ ယခုလို ဆင်းရဲဒုက္ခမျိုးကို မသိလို၍၊ အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ် တို့သည်၊ မကြာမကြာ နိရောဓသမာပတ် ဈာန်ကို ဝင်စားတော်မူကြ ကုန်၏။ အာရုံအမျိုးမျိုးတို့ကို မြင်ကြားသိရှိနေသမျှ ကာလပတ်လုံး၊ ဤသို့ စိတ်ပင်ပန်းခြင်းစသော ဆင်းရဲဒုက္ခအမျိုးမျိုး ဖြစ်ရ၏။ ဝိညာ ဏက္ခန္ဓာ မရှိခဲ့ပါလျှင်၊ ထိုဆိုခဲ့သော ဆင်းရဲဒုက္ခ အမျိုးမျိုး တို့မှ လွတ်ကင်း၍၊ ချမ်းသာခြင်း သုခဖြစ်၏။

ယခုပြဆိုခဲ့ပြီးသော ခန္ဓာငါးပါး ဆင်းရဲဒုက္ခများမှ၊ ကင်းရှင်း အောင် စွန့်လွှတ်ရန်မှာ၊ဖြစ်ပေါ်လာဆဲ အမှုအရာသဘောကို၊အထက် တွင် ပြဆိုခဲ့ပြီးသော သတိပဋ္ဌာန်နည်းလမ်းအရ၊ ဝိပဿနာကမ္မဋ္ဌာန်း အလှုပြင့် ရှုမှတ်ရလေ၏။ အဘယ့်ကြောင့်ဆိုသော်၊ ဖြစ်ပေါ်သော အမှုအရာကို ရှုမှတ်လျှင်၊ပါဝင်သော ခန္ဓာငါးပါးကို သိမြင်နိုင်၏။ခန္ဓာ ငါးပါးကို သိမြင်လျှင် (နတ္ထိ ခန္ဓသမာ ဒုက္ခာ) လောက၌ ခန္ဓာငါးပါး နှင့်တူသောဆင်းရဲဒုက္ခမည်သည်မရှိဟု မြတ်စွာဘုရားဟောကြားတော် မူသည့်အတိုင်း၊ နှိပ်စက်သောဒုက္ခဟု သိမြင်သဖြင့်၊ထိုခန္ဓာငါးပါးကို တွယ်တာခင်မင် လိုချင်သော၊ သမုဒယတဏှာ လွတ်ကင်း၍၊ နောင် ဖြစ်ပေါ်ခြင်း ခန္ဓာငါးပါး ဒုက္ခတရား မရှိသဖြင့်၊ ဖြစ်ပေါ်လာဆဲ အမှု အရာသဘောကို၊ ဟုတ်မှန်သောအတိုင်းသိအောင် ရှုမှတ်ခြင်းသည်၊ ခန္ဓာငါးပါးဟူသော ဒုက္ခတရားကြီးများကို၊ ပယ်ရှားစွန့်လွှတ်၏ဟု ခေါ် ဆိုရလေသည်။

ထိုမှပြန်သောအားဖြင့်၊ ဖြစ်ပေါ်လာဆဲ အမှုအရာသဘောကို မရှုမှတ်လျှင်၊ ဆင်းရဲဒုက္ခဖြစ်သော ခန္ဓာငါးပါးကို အဟုတ်အမှန် မသိမမြင်ဘဲ၊ ချမ်းသာသုခဟုမှတ်ထင်၍ ခင်မင်တွယ်တာသာယာ ကပ်ငြိသော၊ သမုဒယ-လောဘတဏှာခေတ်ဖြင့်၊ အနာဂတ် ဘဝများစွာ၌ ခန္ဓာငါးပါးဟူသော၊ဒုက္ခတရားတို့ ကြီးမားတိုးပွား၍ လာကြကုန်၏။ ထို့ကြောင့်၊ ဤကဲ့သို့သော ခန္ဓာငါးပါး ဒုက္ခတရားအပေါင်းမှ လွတ်ကင်း၍၊ ချမ်းသာခြင်းသုခကို လျင်မြန်စွာ ခံစားစံစားနိုင်ကြစေရန်၊ ဖြစ်ပေါ်လာဆဲအမှုအရာသဘောများကို မနေမနား ရန်သူနီးကပ်သော ယောက်ျားကဲ့သို့၊ အဘန်ဘန် ပွား များ ရှု မှတ် သင့် လှ ပေ တော့ သတည်း။

ဝိပဿနာရှုမှတ်ရာ၌ ခန္ဓာငါးပါးတို့၏ သဘောသွားလက္ခဏာကို
ထင်ရှားစွာ ပြဆိုခြင်းပြီး၏။

## အာယတနတရား ၁၂-ပါးတို့၏ သဘောသွားအဓိပ္ပါယ်ကို သိလွယ်အောင်ပိုင်းခြား၍ ထင်ရှားစွာပြဆိုခြင်း

ဝိပဿနာရှုမှတ်ရာ၌ ပရမတ်ဖြစ်သော၊အာယတန တရားဟူသည်၊ သရုပ်အရေအတွက် အားဖြင့် ၁၂-ပါး အပြားရှိ၏။ ထို ၁၂-ပါးတို့တွင်၊ အတွင်းသန္တာန်၌ ဖြစ်သော အဇ္ဈတ္တိကအာယတန ၆-ပါး၊ အပသန္တာန်၌ ဖြစ်သော ဗာဟိရအာယတန ၆-ပါးဟူ၍ နှစ်မျိုး နှစ်စား ရှိလေ၏။ ၎င်းအာယတန ၂-ပါးတို့တွင်၊ စက္ခု,သောတ,ဃာန,ဇိဝှါ, ကာယ, မန၊ ဤ ၆-ပါးသည်၊ အတွင်းသန္တာန်၌ ဖြစ်သောကြောင့်၊ အဇ္ဈတ္တိက အာယတနမည်၏။ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ် ဟု ဆိုလိုသည်။

တဖန် ရူပ,သဒ္ဒ, ဂန္ဓ, ရသ, ဖေါဋ္ဌဗ္ဗ,ဓမ္မ ဤ ၆-ပါးသည်၊ အပသန္တာန်၌ဖြစ်သောကြောင့်၊ ဗာဟိရအာယတနမည်၏။ အဆင်း, အသံ, အနံ့,အရသာ,အတွေ့,သဘော ဟုဆိုလိုသည်။ ။ဤကား၊အာယတနတရား ၁၂-ပါးတို့၏ အမည်သညာနှင့်၊ သရုပ်သချာများကို ပြဆိုခြင်းပေတည်း။

အဓိပ္ပါယ်သဘောမှာကား၊အဇ္ဈတ္တိက အာယတန-ဟူသည်၊ယိုစီးခြင်း, သွားရောက်ခြင်း အနက်သဘော ဖြစ်၏။ ဗာဟိရအာယတန-ဟူသည်၊ ပေါင်းရုံး စုဆုံရာဟူသော အနက်သဘောဖြစ်၏။ ဖြစ်ပုံ

အခြင်းအရာမှာ၊ ဤလောကကြီး၌၊ မီးရထား ဆိပ်ကမ်း သင်္ဘော ဆိပ်ကမ်း ဈေးရုံ ဓာတ်ရုံ လူနာရုံစသော၊ လူအပေါင်းတို့ စုဆုံရာ ထင်ရှားကြီးမား ကျယ်ဝန်းစွာသော နေရာဌာနကြီးများ တည်ရှိကြ လေ၏။ ၎င်းအကြောင်းများကို လူရဟန်းအပေါင်းတို့၊ ကောင်း ကောင်းကြီးတွေ့မြင် သိရှိကြလေသည်။

ဤဥပမာအကူပင်လျှင်၊ မျက်စိ,နား,နှာခေါင်း,လျှာ,ကိုယ်,စိတ် ဟု ဆိုအပ်သော၊ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, မန၊ အဇ္ဈတ္တိက အာယတန ဒွါရ ၆-ပါးသည်၊တည်ရာဌာနဖြစ်သော ဈေးရုံ ဆိပ်ကမ်း ကြီးများနှင့် တူပေ၏။ အဆင်းအမျိုးမျိုး အသံအမျိုးမျိုး အနံ့အမျိုးမျိုး အရသာအမျိုးမျိုး အတွေ့အမျိုးမျိုး သဘောအမျိုးမျိုးဟုဆိုအပ်သော၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ၊ ဗာဟိရအာယတန အာရုံ ၆-ပါး သည်၊ သွားရောက်ထွက်ဝင်သော လူရှင်ရဟန်းအပေါင်းနှင့်တူပေ၏။

တဘန် အဇ္ဈတ္တိကအာယတန ၆-ပါးသည်၊လူဆိုး သူခိုးတို့ တိုက် ဖျက်နှိပ်စက်၍ နေထိုင်ခိုပုန်းရာ၊ ရွာဆိုး ရွာပျက်ကုန်းကြီးများနှင့်တူ၏။ ဗာဟိရအာယတန ၆-ပါးသည်၊ မတရားနှိပ်စက်၍ လုယက်ဖျက်ဆီး တတ်သော သူခိုး လူဆိုးများနှင့်တူ၏။ ဤသို့စသည်ဖြင့်လည်း အာယ တနတရား ၁၂-ပါးကို၊ဥပမာထား၍ မြတ်စွာဘုရားဟောကြားတော် မူသည်။ ။ဤကား၊ အာယတနတရား ၁၂-ပါးတို့၏ အဓိပ္ပါယ်သွား သဘောအလာ ကို၊ ဥပမာဖြင့် ပြဆိုခြင်းပေတည်း။

ထိုမှတပါးလည်း၊ အာယတနတရားဆဲ့နှစ်ဖြာကို ဝိပဿနာရှုမှတ် ပုံမှာ၊ မြင်ခိုက်, ကြားခိုက်, နံခိုက်, စားခိုက်, ထိခိုက်, သိခိုက်တို့၌၊ မြင်တယ်, ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ဟု မှတ်ရ၏။ဤသို့မှတ်လျှင်၊ အာယတနတရား ၁၂-ပါးကို သိသည်မည်၏။ မမှတ်လျှင်၊ မသိနိုင်ပေ။

ယခုလိုမမှတ်၍ မသိလျှင်၊ ဒွါရ ၆-ပါး၊ တံခါး ၆-ပေါက် မလုံ၍၊ သူခိုးများဝင်ပြီး ကုသိုလ်ဟူသော ဥစ္စာထုပ်ကို၊ လုယက် တိုက်ခိုက် ယူငင်သည်ဆို၏။ ယူငင်ပုံကား၊ မြင်ခိုက်၌ မြင်တယ်ဟု မမှတ်လျှင်၊ မြင်ခါမှ အဆင်းကို မသိ၊ ဒြပ်သဏ္ဌာန်တွေကိုသိ၏။ဒြပ်သဏ္ဌာန်တွေကို သိလျှင်၊ ပညတ်ပေါ်၍၊ ရာဂ, ဒေါသ, မောဟတို့ ဖြစ်၏၊ မြင်ခိုက်၌ မြင်တယ်ဟု မှတ်လျှင်၊ မြင်ခါမှ အဆင်းကို သိ၍၊သဏ္ဌာန် ဒြပ် ပညတ် မပေါ်သဖြင့်၊ ရာဂ, ဒေါသ, မောဟတို့မဖြစ်ဟု ဆိုလို၏။

ဤအခါ၌ပါယ် သဘောသွား ကို၊ လောက၌ ထင်ရှား ရှိသော အိမ်ကျောင်း တံခါးမလုံခြုံ၍၊ လူဆိုး သူခိုးများ ဝင်ရောက် လုယက်ဖျက်ဆီးပြီး၊ ပစ္စည်းဥစ္စာများ ယူသွားပုံ။ အိမ် ကျောင်း တံခါးများလုံခြုံ၍၊ လူဆိုး သူခိုးများ မဝင်ရောက် မလုယက် မဖျက်ဆီးနိုင်ဘဲ၊ ပစ္စည်းဥစ္စာများကို မယူမငင်နိုင်ပုံ စသော၊ လောကဥပမာနှင့်လည်း ညှိုက်သွားသမျှ ချဲ့ထွင်၍၊ကုန်စင်အောင် သိမြင်ကြပါလေ။ ။ဤကား၊ **အာယတနတရား ၁၂-ပါး၌၊ ဝိပဿနာပွားများ မှတ်သားပုံကို၊ ပြဆိုသော စကားပေတည်း။**

စက္ခု ရူပေန သံဝါသာ၊ ရာဂပုတ္တံ ဝိဇာယတိ။
မဟာနတ္ထကရော သောစ၊ သံဝါသံ တေန ဝါရယေ။

(ခန္ဓဝဂ္ဂ သံယုတ်ပါဠိတော်)

စက္ခု၊ ပသာဒမျက်စိအကြည်သည်။ ရူပေန၊ အဆင်းမျိုးစုံ ရူပါရုံနှင့်။ သံဝါသာ၊ အကြောင်းတော်လျှင်း ပေါင်းဘော်ခြင်းကြောင့်။ ရာဂပုတ္တံ၊ ဆိုးညစ်တေလှ သားရာဂကို။ ဝိဇာယတိ၊ ထင်ရှားမသွေ ဘွားမြင်လေ၏။သောစ ပုတ္တော၊လိမ်လည်ကောက်ကျစ် ထို သားညစ်သည်ကား။ မဟာနတ္ထကရော၊ ကြီးစွာချီးဖဲ့ အကျိုးမဲ့ကို မငဲ့မညှာ ပြုတတ်ပါ၏။ တေန၊ ထိုသို့သူခမနီး ဒုက္ခကြီးဖြင့် ဘိစီး၍သာ နှိပ်စက်ရှာလေသောကြောင့်။ သံဝါသံ၊ စက္ခု,ရူပါရုံ နှစ်ပါးဆုံက တွေ့ကြုံကျော်နင်း ပေါင်းဘော်ခြင်းကို။ဝါရယေ၊ သတိရှေ့ပြေး ခွင့်မပေးဘဲ ဝေးဝေးရှောင်ခွါ တားမြစ်ရာ၏။

ဤသို့လာရှိသော ဒေသနာတော်၌လည်း၊စက္ခုဒွါရမလုံခြုံ၍ ဆင်းရဲဒုက္ခဖြစ်ရပုံ၊ စက္ခုဒွါရလုံခြုံအောင်၊ မြင်သောအခိုက်၌၊ မြင်တယ်ဟု ဝိပဿနာရှုမှတ်သော၊ သတိဖြင့်ပိတ်ဆို့ရပုံကိုပြတော်မူ၏။ ထိုအတူ၊ ကြွင်းသော ဒွါရငါးပါး, အာရုံငါးပါးတို့၏ သဘောများကိုလည်း၊ မှတ်သားဆင်ခြင်၍၊ ညှိုက်မြင်သိရှိကြပါလေ။

ရင်းပြင် ယခုပြဆိုခဲ့သော ဂါထာ၌၊ ရာဂနှင့်ဆိုင်ရာအတွက်ဖြစ်၍၊ ဒေါသနှင့်ဆိုင်ရာ, မောဟနှင့်ဆိုင်ရာတို့ပါ စပ်ဟပ်၍၊ ဂါထာတပုဒ်

လျှင်၊ ၃-ပုဒ်ဖြစ်လာသဖြင့်၊ ၎င်းရှေ့ ၆-ပါးနှင့် ပြောက်ပေါင်းသော်၊ ၁၈-ဂါထာဖြစ်လာလေသည်။ ထိုဂါထာများ၏အဓိပ္ပါယ်အရကို၊ သံပေါက်လက်ာတို့ဖြင့် ပြဆိုပေအံ့။

**၁—စက္ခုရူပ၊ ပေါင်းဆုံက၊ ရာဂ သားဘွားရာ။**

**၂—သားဆိုး ရာဂ၊ ဘွားမြင်က၊ ဒုက္ခကြီးမားစွာ။**

**၃—ဒုက္ခကြောက်တွေး၊ ပေါင်းဘော်ရေး၊ ဝေးဝေး ရှောင်လို့ခွါ။**

**၄—ရှောင်ခွါကြဉ်ဘဲ၊ လွတ်အောင်လွှဲ၊ စွဲမြဲသတိသာ။**

ဤသံပေါက်လက်ာ ၄-ပိုဒ်သည်၊စက္ခု ဂါထာတွင်၊ရာဂနှင့်စပ်ဆိုင်ရာဖြစ်၍၊ တဂါထာအတွက်၊ သံပေါက်လက်ာ ၄-ပိုဒ်ရသဖြင့်၊ ၁၈-ဂါထာမှာ၊ သံပေါက်လက်ာပေါင်း ၇၂-ပိုဒ်ဖြစ်၏။ ထို့ကြောင့်၊ ယခုပြဆိုခဲ့သောနည်းကိုအစဉ်မှီး၍၊ အသီးသီးသောဂါထာနှင့် သံပေါက်လက်ာများ၏ တိုးပွားပုံကို၊ ဉာဏ်ကျက်စားချဲ့ထွင်လျက်၊ ကုန်စင်အောင် သိမြင်ပွင့်လင်း၍၊ ထိုးထွင်း ပေါက်ရောက် နိုင်ကြပါစေ ကုန်သတည်း။ ။ဤကား၊ အာယတနနှင့် စပ်ဆိုင်ရာ၌၊ ဂါထာတို့ တိုးပွားပုံနည်းကို ပြဆိုခြင်းတည်း။

အာယတန ၁၂-ပါးတို့၏ သဘောသွားအဓိပ္ပါယ်ကို
သိလွယ်အောင် ပြဆိုခြင်းပြီး၏။

---

## ဓာတ် ၁၈-ပါးနှင့် သစ္စာ ၄-ပါးတို့၏ သဘောအဓိပ္ပါယ်ကို နားလည်ရန်ထုတ်နှုတ်၍ အကျဉ်းချုပ်ပြဆိုခြင်း

**အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု။** ။အတ္တနော၊ မိမိ၏။ သဘာဝံ၊ သဘောကို။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဓာတု၊ ဓာတ်မည်၏။

ဤသို့လာရှိသော ကျမ်းဂန်အရ၊ပုဂ္ဂိုလ်သတ္တဝါတို့၏ အလိုအကြိုက်သို့ မလိုက်ဘဲ၊ မိမိတို့၏ သဘောအတိုင်း သာလျှင် အစဉ်မပျက်ရွက်ဆောင်တတ်သော သဘာဝကြောင့်၊ ဓာတ်အမည်ရှိသည်ဟု အဓိပ္ပါယ်လာရှိပေသည်။

၎င်းဓာတ်သည်၊မိမိသဘောကို ဆောင်ခြင်းအနက်အားဖြင့် တပါးအဘို့ရှိ၏။ သရုပ်သဏ္ဍာ အရေအတွက်အားဖြင့်ကား၊ စက္ခုဓာတ်၊

သောတဓာတ်, ဃာနဓာတ်, ဇိဝှါဓာတ်, ကာယဓာတ်, မနောဓာတ်ဟူ၍ ဝတ္ထုဒွါရနှင့် ဆိုင်ရာ ၆-ပါး။ ရူပဓာတ်, သဒ္ဒဓာတ်, ဂန္ဓဓာတ်, ရသဓာတ်, ဖေါဋ္ဌဗ္ဗဓာတ်, ဓမ္မဓာတ်ဟူ၍ အာရုံနှင့်ဆိုင်ရာ ၆-ပါး။ စက္ခု ဝိညာဏဓာတ်, သောတ ဝိညာဏဓာတ်, ဃာန ဝိညာဏဓာတ်, ဇိဝှါ ဝိညာဏဓာတ်, ကာယ ဝိညာဏဓာတ်, မနော ဝိညာဏဓာတ်ဟူ၍ ဝိညာဏ်နှင့်ဆိုင်ရာ ၆-ပါး။ ဤသို့အားဖြင့်၊ ၁၈-ပါးအပြားရှိ၏။ အနက်မှာ၊ အာယတနဌ္ဌ ဆိုခဲ့သောအတိုင်းမှတ်လေ။ ။ဤကား၊ဓာတ် ၁၈-ပါးတို့၏ အမည်သညာနှင့်၊ သရုပ်သဏ္ဌာန်များကို ပြဆိုခြင်းပေတည်း။

**စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။** ။စက္ခုဉ္စ၊မျက်စိပသာဒကိုလည်း။ ရူပေ စ၊ အဆင်းတို့ကိုလည်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်ခြင်းသဘောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ။ဤသို့လာရှိသော သံယုတ်ပါဠိတော်ကြီး၏ လိုရင်းအဓိပ္ပါယ်မှာ၊ ဓာတ်သဘော လက္ခဏာတို့၏ မိမိဆိုင်ရာကိစ္စကိုသာလျှင်၊ အသီးသီးဆောင်သည်ကို ပြဆိုခြင်းဖြစ်၏။ မိမိတို့၏ ကိစ္စသဘောကို ဆောင်ပုံမှာ၊ မျက်စိသည်၊ ဒဿနကိစ္စ-မြင်ခြင်းသဘော။ နားသည်၊ သဝနကိစ္စ-ကြားခြင်းသဘော။ နှာခေါင်းသည်၊ ဃာယနကိစ္စ-နံခြင်းသဘော။ လျှာသည်၊ သာယနကိစ္စ-လျက်ခြင်းသဘော။ ကိုယ်သည်၊ ဖုသနကိစ္စ-ထိခြင်းသဘော။ စိတ်သည်၊ ဝိဇာနနကိစ္စ-သိခြင်းသဘော။ ဤသို့လျှင်၊ မိမိတို့၏ သဘောကိစ္စကို၊ အသီးအသီးဆောင်သည် မည်၏။

ပုဂ္ဂိုလ်သတ္တဝါတို့၏ စရိုက်ကို မလိုက်ပုံမှာ၊ မျက်စိနှင့် အဆင်းတို့ တိုက်ဆိုင်မိလျှင်၊ သူ့သဘောအတိုင်း မြင်၏။ ပုဂ္ဂိုလ်သတ္တဝါတို့က၊ မမြင်ပါနှင့်ဆို၍ မရ။ မျက်စိနှင့်အဆင်းတို့ မတိုက်ဆိုင်လျှင်၊ မြင်ခြင်းသဘော မဖြစ်။ ပုဂ္ဂိုလ်သတ္တဝါတို့က၊ မမြင်ပါဆို၍ မဖြစ်နိုင်ပေ။ ထိုအတူပင်လျှင်၊ ကြွင်းသော ဓာတ်တို့၏ သဘော အဓိပ္ပါယ်များကိုလည်း၊ စဉ်းစားဆင်ခြင်၍ သိမြင်ပွင့်လင်းကြပါလေ။

တနည်းသော်ကား၊ဓာတ်ဟူသည်၊ သုဉ်းဆိတ်ခြင်းသဘောဖြစ်၏။ သုဉ်းဆိတ်ခြင်းဟူသည်၊လောက၌ မြို့ပျက် ရွာပျက်များတွင်၊ ပျော်ရွှင်နှစ်သက်ဘွယ်ရာ မမြင်၊ ဘီလူးသဘက်တို့ ခိုဝင်နေထိုင်ရာ အသွင်၊ လွန်စွာပင် တိတ်ဆိတ်သဖြင့်၊ကြောက်ရွံ့ လန့်ထိတ်ဘွယ် သာ ထင်သကဲ့သို့၊စက္ခု၊သောတ စသောသဘာဝဓာတ်တို့သည်၊ပြကတိသာယာ တွယ်တာခင်မင် ပျော်ရွှင်နှစ်သက်ဘွယ်ရာ မရှိဘဲ၊ ပကတိ သဘာဝ

အားဖြင့်၊ အဘွ, သာရ, သုခ, သုဘတို့မှ လုံးလုံးကြီး သုဉ်းဆိတ်လေတော့၏။ ။ဤကား၊ ခေတ် ၁၈-ပါးတို့၏ အဓိပ္ပါယ်သဘောများကို ပြဆိုခြင်းပေတည်း။

ထို ၁၈-ပါးသော ခေတ်တို့၌ ရှုမှတ်ပုံ နည်းလမ်းမှာ၊ အထက် အာယတနခဏ်း၌ ပြဆိုခဲ့သောအတိုင်း၊ မြင်ခိုက်,ကြားခိုက်,နံခိုက်, စားခိုက်,ထိခိုက်,သိခိုက် တို့၌၊ မြင်ခါမှု, ကြားခါမှု,နံခါမှု,စားခါမှု, ထိခါမှု, သိခါမှု ဖြစ်သော သဘောကို သိမြင်အောင်၊ မြင်တယ်, ကြားတယ်, နံတယ်, စားတယ်, ထိတယ်, သိတယ်ဟု အမှတ်ပြုခြင်း မျှသာ ဖြစ်၏။ သဘောလက္ခဏာနှင့် သညာ အမည်တို့ကို၊ ကြံစည်တွေးတောနေရသည့် မဟုတ်လှ၍၊ လွန်စွာမှ လွယ်ကူလေတော့သည်။

တဘန် ဤခေတ် ၁၈-ပါးဘို့သဘောကို သိအောင်အားထုတ်ခြင်း ဟူသည်၊ အာယတန အခဏ်းတွင် ပြဆိုထားသကဲ့သို့၊ ဖြစ်ပေါ်ဆဲ အမူအရာသဘောတို့ကို ရှုမှတ်ခြင်း သတိဖြင့်၊ စောင့်ရှောက်ပိတ်ဆို့ ရခြင်းမျိုးဖြစ်ပေ၍၊ ဣန္ဒြေ ၆-ပါ.တို့၏သဘောများနှင့် ဆက်စပ်လျက် နေပေ၏။ သို့သော်လည်း ကျယ်မည်စိုး၍၊ ဤနေရာ၌ မပြတော့ပြီ။ ယခုပြဆိုခဲ့သော အာယတန,ခေတ်တို့နှင့်စပ်၍၊ သိမှတ်ရန် သဘော အဓိပ္ပါယ်များသည် ဂမ္ဘီရတ္ထပကာသနီကျမ်း ဣန္ဒြိယကဏ္ဍ၌၊ကျယ်ဝန်းစွာ ဖွင့်ပြပါရှိလေသည်။အလိုရှိသူတို့ တိုက်ဆိုင် ကြည့်ရှုကြပါလေ။ ။ ဤကား၊ ခေတ် ၁၈-ပါးတို့၏ ရှုမှတ်ပုံသဘောများကို ပြဆိုခြင်းပေတည်း။

သစ္စာလေးပါးနှင့်စပ်၍ သိမှတ်ရန်အချက်မှာ၊ ကျမ်း ၈န် ဒေသနာ တို့၌ သရုပ်သျှာနှင့်တကွ၊ ကျယ်ဝန်းများပြားစွာ လာရှိပေ၏။ ထို ဒေသနာနည်းလမ်းတို့ကို ခွဲခြမ်းဝေဘန်၍ ပြဆိုနေပါလျှင်၊ လွန်စွာပင် ရှည်လျားသဖြင့်၊ ကျမ်းဂန်ကို မသင်ကြားဘူးသူတို့၊ နားမလည် တွေးရှုပ်သည့်ပြင်၊ ဝိပဿနာ အလုပ်၌လည်း လိုရင်း မဟုတ်လှ၍၊ ဤ ကျမ်းစာအုပ်၌ကား အသုံးများပါဝင်သော၊ သဘောအချုပ်ကိုသာ ထုတ်နှုတ်၍ ပြဆိုပေအံ့။

ဝိပဿနာအရာ၌၊သစ္စာကိုသိမြင်အောင်အားထုတ်ခြင်း အနှုဖြစ်၏။ သစ္စာဟူသည်ကား၊အမှန်တရားကို ဆိုပေသည်။ ထိုသစ္စာတရားသည်၊ မှန်ကန်သော သဘောအားဖြင့်၊ တပါးတည်း,တမျိုးတည်း ဖြစ်ပေ၏။ အမည်သညာနှင့် သရုပ်သျှာအားဖြင့် များပြားသော်လည်း၊ဝိပဿနာ ဘက်၌ အရိယာ၏ အဖြစ်ကို ပြုတတ်သော သစ္စာတရားမှာမူကား၊

လေးပါးမျှသာ ရှိသည်ဟူ၍၊ လိုရင်း သဘော အားဖြင့် မှတ်သား အပ်ပေသည်။

သစ္စာလေးပါးဟူသည်ကား၊ ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓ သစ္စာ,မဂ္ဂသစ္စာများဖြစ်၏။ ဆင်းရဲသော သဘောအမှန်၊ ဆင်းရဲကို ဖြစ်စေတတ်သော သဘောအမှန်၊ ဆင်းရဲ ချုပ်ငြိမ်းရာ သဘောအမှန်၊ ဆင်းရဲခပ်သိမ်းတို့ ချုပ်ငြိမ်းအေးမြရာသို့ ရောက်ကြောင်း၊ အကျင့် ကောင်း တရားအမှန်ဟု ဆိုလိုသည်။

အရိယာပုဂ္ဂိုလ်တို့၏ သွားရာလမ်းဖြစ်သော၊ ဝိပဿနာ ကမ္မဋ္ဌာန်း တရားဟူသည်ကား၊ ဤ အမှန်ဖြစ်သော သစ္စာလေးပါးကို၊ သဘော အားဖြင့်သာ ဉာဏ်၌ထင်ရှား သိမြင်လာအောင်၊အားထုတ်ခြင်းဖြစ်၏။ သရုပ်သဏ္ဍာန်နှင့် အမည်နာမများကို၊ မှတ်သား၍ အားထုတ်ရသည် မဟုတ်ပေ။ ထို့ကြောင့်၊ အောက်၌ ဘော်ပြထားသော အဓိပ္ပါယ် သဘောသွားကို၊ ကွဲ ပြား နားလည်နိုင်ရန် အဘန်ဘန် သတိပြုကြ ပါလေ။ ။ဤကား၊ သစ္စာလေးပါးတို့၏ သဏ္ဍာန်သရုပ်နှင့်၊ အမည် နာမများကို အကျဉ်းချုပ် ပြဆိုခြင်းပေတည်း။

သစ္စာလေးတန် တရားမှန်ကို၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဧကန်သိမြင် နိုင်ရန်၊ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ခြင်းဟူသည်၊တပါးစီ ခွဲခြမ်း၍ရင်း၊ တလုံးတည်း ပေါင်းစု၍ရင်း၊ မိမိစိတ်ဖြင့် ကြံစည်တွေးတော မနေသ၌ ထင်သလို၊ ဆင်ခြင်နှလုံးသွင်းရခြင်းမျိုး မဟုတ်၊ နောက်၌ ပြဆိုခဲ့သော အတိုင်း၊ ဖြစ်ပေါ်လာဆဲ အမူ အရာ အာရုံကို၊ ရှုမှတ်ခြင်း မျှသာ ဖြစ်ပေ၏။

ဥပမာအားဖြင့်၊ ကွေးခြင်းအမူအရာ ဖြစ်ပေါ်လာသောအခါ၊ ကွေး တယ်ဟုမှတ်ရှုလျှင်၊ကွေးခြင်း၊သဘောမျှကိုပင် သိရှိလေ၏။ဤသို့သိရာ၌ ကွေးခြင်း အမူအရာသဘောသည်၊ ပရမတ်ရုပ်နာမ် အမှန်တရားဖြစ်၏။ သိခြင်းသည်၊ ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ဖြစ်၏။ ၎င်းကိုပင် လောကီ မဂ္ဂင်၊ လောကီမဂ္ဂသစ္စာဟု ခေါ်ဆိုရလေ၏။ ထိုစိတ်တချက်၌ ကြွင်း သော သစ္စာသုံးပါးတို့လည်း၊ တပြိုင်နက် တချက်တည်းဖြင့် ပါဝင် ပြီးစီးကြလေတော့သည်။

ဤဆိုခဲ့သော၊ လောကီသမ္မာဒိဋ္ဌိခေါ်သည့်၊ ဝိပဿနာ ဉာဏ်တို့ အဆင့်ဆင့် ရင့်သန်လာသောအခါ၊ လောကုတ္တရာ သစ္စာဉာဏ်သို့ အလိုလိုပေါက်ရောက် သွားလေ၏။ ထိုသဘောများကို စာမတတ်သူတို့

ပင်လျှင်၊ အံလွယ်တကူနှင့် မှတ်ယူ သိမြင်နိုင်ကြစေရန်၊ အောက်၌ ဘော်ပြ ထားသော အဓိပ္ပါယ်သဘောသွားကို စဉ်းစားဆင်ခြင်၍ သိမြင်ပွင့်လင်းကြပါလေ။

ကွေးတာ-ဒုက္ခသစ္စာ။ ကွေးချင်တာ-သမုဒယသစ္စာ။ ကွေးတာ သိသဖြင့်၊ မသိတဲ့ မောဟာချုပ်တာ-နိရောဓသစ္စာ။ ကွေးတာ သိတာ-မဂ္ဂသစ္စာ၊ ။ဆန့်တာ-ဒုက္ခသစ္စာ။ ဆန့်ချင်တာ-သမုဒယသစ္စာ။ ဆန့်တာသိသဖြင့်၊မသိတဲ့မောဟာချုပ်တာ–နိရောဓသစ္စာ။ဆန့်တာ သိတာ-မဂ္ဂသစ္စာ။ ။ဤသို့စသည်ဖြင့်၊ တခုတခုသော သဘောအမူအရာ၌၊ သစ္စာလေးပါးတို့၏ သဘောသွားကို မှတ်သားဆင်ခြင်၍၊ လောက တခုလုံး၌ သစ္စာလေးပါးသာ ရှိ၏။ သစ္စာလေးပါးမှ တပါး၊ မိန်းမ, ယောက်ျား, ပုဂ္ဂိုလ်, သတ္တဝါ မရှိဟူသော ဒေသနာတော် များကို၊ ထောက်ထားနှိုင်းယှဉ်၍၊ သဘောသွားကုန်စင်အောင် သိမြင် ပွင့်လင်းကြပါလေ။ ။ဤကား သစ္စာလေးပါး အားထုတ်ပုံများကို ပြဆိုခြင်းပေတည်း။

အဓိပ္ပါယ်အကျဉ်းချုပ်မှာ၊ ကွေးခြင်း, ဆန့်ခြင်းစသော စိတ် ရုပ် အမူအရာတို့ ဒုက္ခဖြစ်သည်မှာ၊ အားလုံးတို့ သိသာလောက်အောင်ပင် လွန်စွာမှ ထင်ရှားလှပေ၏။ ထို့ကြောင့်၊ ကွေးခြင်း, ဆန့်ခြင်းစသော အမူအရာကို ဒုက္ခသစ္စာဟု ဆိုခဲ့ပေသည်။

တဘန် ဘာ့ကြောင့်၊ ကွေး,ဆန့်သလဲဟု မေးလျှင်၊ ကွေးချင်, ဆန့်ချင်သောကြောင့်ဟု မြန်မာစကားဖြင့် ထင်ရှား၏။ ပါဠိတော်မှာကား၊ဒုက္ခသစ္စံ ဘိက္ခဝေ သမုဒယနိဒါနံ။ ။ဘိက္ခဝေ၊ရဟန်းတို့။ ဒုက္ခသစ္စံ၊ကွေးခြင်း,ဆန့်ခြင်းစသော ဆင်းရဲအမှန်ဖြစ်သည့် ဒုက္ခသစ္စာ တရားသည်။ သမုဒယနိဒါနံ၊ ကွေးချင်, ဆန့်ချင်ခြင်းစသော ဆင်းရဲ ကြောင်းအမှန်ဖြစ်သည့် သမုဒယသစ္စာကြောင့် ဖြစ်ပေါ်၍လာရလေ၏။ ဤသို့ဟောတော်မူ၏။ထို့ကြောင့်၊ ကွေးချင်တာ,ဆန့်ချင်တာ-သမုဒယ သစ္စာဟု ဆိုခဲ့ပေသည်။

တဘန် ကွေးခိုက်, ဆန့်ခိုက်၌၊ ကွေးတယ်,ဆန့်တယ်ဟု မှတ်၍၊ သိနေသောစိတ်အကြိမ်၌၊မသိသော မောဟာစသည်တို့မဖြစ်နိုင်၊ မောဟာ စသည်တို့ မဖြစ်သည်ကိုပင်၊ ကင်းရာ, ပျောက်ရာ, ချုပ်ရာ, ငြိမ်းရာ တဒင်္ဂနိဗ္ဗာန်ဟုဆိုရလေ၏။ပါဠိတော်၌၊ရာဂက္ခယော, ဒေါသက္ခယော, မောဟက္ခယော နိဗ္ဗာနံ-ဟု ဟောတော်မူ၏။ ။ရာဂက္ခယော၊ရာဂ

မဖြစ်ရာသည်၊ ဒေါသက္ခယော၊ ဒေါသ မဖြစ်ရာသည်။ မောဟက္ခယော၊ မောဟ မဖြစ်ရာသည်၊ နိဗ္ဗာနံ၊ ငြိမ်းအေးခြင်း နိဗ္ဗာန်မည်၏။ ။ထို့ကြောင့်၊ ကွေးတာ, ဆန့်တာ သိသဖြင့်၊ မသိဘဲ့မောဟချုပ်တာ-နိရောဓသစ္စာဟု ဆိုခဲ့ပေသည်။

တဘာန် အမှန်သိခြင်းသည်၊ ဉာဏ်ပညာမည်၏။ ၎င်း ပညာကို၊ သမ္မာဒိဋ္ဌိမဂ္ဂင်ဆို၏။ သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်လျှင်၊ ကြွင်းသော မဂ္ဂင်တို့လည်း ပါဝင်၏။ ။မဂ္ဂဘိညာ သကိံ မတာ။ ။မဂ္ဂဘိညာ၊ မဂ်ဇော, အဘိညာဥ်ဇော မဂ်စိတ်, အဘိညာဥ်စိတ်တို့ကို။ သကိံ၊ တကြိမ်တည်း, တခါတည်း, တချက်တည်းသာဖြစ်၏ဟူ၍။ မတာ၊ သိအပ်ကုန်၏။ ။ ဤသို့ ကျမ်းဂန်တို့၌ လာရှိပေ၏။ ထို့ကြောင့်၊ ကွေးတာ, ဆန့်တာ၊ သိတာ၊ မဂ္ဂသစ္စာဟု ဆိုခဲ့ပေသည်။

ယခုပြဆိုခဲ့သောနည်းကို အစဉ်မှီး၍၊ ကြွင်းကျန်သော ပရမတ်တရားတို့၏ အဓိပ္ပါယ်များကို၊ သစ္စာလေးပါး၏ သဘောသွား လက္ခဏာဖြင့်၊ ရှင်းလင်းစွာဝေဘန်၍ အသိဉာဏ် တိုးပွားကြပါလေ။ ဤကျမ်း၌အကျဉ်းမျှသာရေးသားလိုက်ပေ၏။ **ဂမ္ဘီရတ္ထပကာသနီကျမ်း** မဂ္ဂင်ခဏ်း, သစ္စာခဏ်းတို့၌ ကျယ်ဝန်းစွာ ပါရှိလေပြီ။ ။ဤကား၊ သစ္စာ ၄ လေးပါး၏ သဘောသွားအဓိပ္ပါယ်ကို ပြဆိုခြင်းတည်း။

ခတ် ၁၈-ပါးနှင့် သစ္စာ ၄-ပါးတို့၏ သဘောအချုပ်ကို
ထုတ်နှုတ်၍ ပြဆိုခြင်းပြီး၏။

---

## လက္ခဏာရေး ၃-ဖြာကို ဒေသနာအရပ်ရပ်နှင့် ဆုံးဖြတ်၍ ပြဆိုခြင်း

မြတ်စွာဘုရား ဟောကြားတော်မူသော၊ ပါဠိတော် ဒေသနာနှင့် အဋ္ဌကထာ ဋီကာ ကျမ်းဂန် တို့၌၊ နိဗ္ဗာန်သို့ သွားလမ်း ဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို၊ အခဏ်းခဏ်း ဝေဘန်၍ အတန်တန် ပြဆိုခဲ့ကြလေရာ။ လိုရင်းအချုပ်သဘောမှာ၊ ရုပ်နာမ်ခန္ဓာစသော ပရမတ္ထသဘာဝခေါ်ဆိုသည့် သင်္ခါရတရားတို့ကို၊ မမြဲခြင်း-အနိစ္စလက္ခဏာ၊

ဆင်းရဲခြင်း - ဒုက္ခလက္ခဏာ၊ အစိုးမရခြင်း – အနတ္တ လက္ခဏာ၊ ဤလက္ခဏာ ၃-ပါးသဘောများတို့ ဉာဏ်အားပေါ်လွင်၍ ထင်ရှားသိမြင်လာအောင်၊ အားထုတ်မှု, ပွားများမှု, နှလုံးသွင်းမှု, ဆင်ခြင်မှု, ရှုမှု,မှတ်မှု စသည်ဖြင့်၊ ပြုစု အားထုတ်ခြင်းများဟု ဆိုလိုပေသည်။

အနိစ္စသညိနော မေဃိယ အနတ္တသညာ သဏ္ဌာတိ။

(နဝင်္ဂုတ္တရပါဠိတော် မေဃိယသုတ်)

မေဃိယ၊ ချစ်သားမေဃိ။အနိစ္စသညိနော၊ရုပ်နာမ်ဓမ္မ သင်္ခါရ၌၊ အနိစ္စသညာ ထင်မြင်လာသောပုဂ္ဂိုလ်အား။ အနတ္တသညာ၊ အချည်းနှီးတုန်း စိုးမရသည့် အနတ္တသညာလက္ခဏာသည်။ သဏ္ဌာတိ၊ အလိုအလျောက် မကျွေကောက်ဘဲ ပေါ်ပေါက်ဉာဏ်မှာ ထင်မြင်၍လာရလေတော့၏။

အဓိပ္ပါယ်ကား၊ လက္ခဏာရေး ၃-ပါးတို့တွင်၊ အနိစ္စလက္ခဏာ တခုကို ထင်မြင်လာလျှင်၊ ကြွင်းသော လက္ခဏာ ၂-ပါးတို့သည်၊ တသားတည်း ပါဝင်ပြီးစီးသွား၏ဟု ဆိုလိုသည်။

ခန္ဓပဉ္စကံ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တံ အနတ္တာ။

(အဘိဓမ္မာဝိဘင်းပါဠိတော်)

ခန္ဓပဉ္စကံ၊ ခန္ဓာငါးပါး သင်္ခါရတရားသည်။ အနိစ္စံ၊ အမြဲမရှိ၍ အနိစ္စမည်၏။ ယံ၊ အကြင်ခန္ဓာငါးပါး သင်္ခါရတရားသည်။ အနိစ္စံ၊ အမြဲမရှိ၍ အနိစ္စမည်၏။ တံ၊ ထိုအမြဲမရှိသော ခန္ဓာငါးပါး သင်္ခါရတရားပင်လျှင်။ ဒုက္ခံ၊ဆင်းရဲ၍ ဒုက္ခမည်ပြန်၏။ယံ၊ အကြင်ခန္ဓာငါးပါး သင်္ခါရတရားသည်။ ဒုက္ခံ၊ ဆင်းရဲ၍ ဒုက္ခမည်၏။ တံ၊ ထိုဆင်းရဲ၍ ဒုက္ခမည်သော ခန္ဓာငါးပါး သင်္ခါရတရားသည်ပင်လျှင်။ အနတ္တာ၊ အစိုးမရ၍ အနတ္တမည်ပြန်၏။

အဓိပ္ပါယ်ကား၊ လက္ခဏာရေး ၃-ပါးတို့တွင်၊ အနိစ္စလက္ခဏာ တခုကို ထင်မြင်လာလျှင်၊ ကြွင်းသောလက္ခဏာ ၂-ပါးကို၊ အထူးအားထုတ်ဘွယ်မရှိ၊ အနိစ္စထင်ပြီးသော ခန္ဓာပင်လျှင် ဒုက္ခဖြစ်တော့၏။ ဒုက္ခထင်ပြီးသော ခန္ဓာသည်ပင်လျှင်၊ အနတ္တမည်လေတော့၏ ဟုဆိုလိုသည်။ ။ဤကား၊ ဝိပဿနာအရာ၌ လက္ခဏာတပါးမျှနှင့်ပင် ကိစ္စပြီးသွားပုံကို ပြဆိုခြင်းတည်း။

ဧကလက္ခဏ ဒဿန မဂ္ဂေနေ၀ ဟိ မဂ္ဂဝုဋ္ဌာနံ နာမ နဟောတိ။ အာဒိတော၀ ဒုက္ခတော အဘိနိဝိသိတွာ ဒုက္ခတော သင်္ခါရေ ပဿတိ၊ ယသ္မာ ပန ဒုက္ခတော ဒိဋ္ဌမဂ္ဂေနေ၀ မဂ္ဂဝုဋ္ဌာနံနာမ နဟောတိ၊ အနိစ္စတောပိ အနတ္တတောပိ ဒဋ္ဌဗ္ဗမေ၀ ဝဋ္ဋတိ။ (မြွေသင်္ဂဟပါဠိတော်)

ဟိ ပါကဋ်၊ ထင်ရှားပြဦးအံ့။ ဧကလက္ခဏ ဒဿနမဂ္ဂေနေ၀၊ လက္ခဏာတပါးကို မြင်ခါမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်မှထခြင်း မည်သည်၊ နဟောတိ၊ မဖြစ်။ အာဒိတော၀၊ အစ၌သာလျှင်။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ အဘိနိဝိသိတွာ၊ နှလုံးသွင်း၍။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ ပဿတိ၊ မြင်၏။ ယသ္မာပန၊ အကြင်ကြောင့်ကား။ ဒုက္ခတော၊ ဆင်းရဲဟူ၍။ ဒိဋ္ဌမဂ္ဂေနေ၀၊ မြင်ကာမျှဖြင့်သာလျှင်။ မဂ္ဂဝုဋ္ဌာနံနာမ၊ မဂ်မှထခြင်းမည်သည်။ နဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ အနိစ္စတောပိ၊ မမြဲဟူ၍၎င်း။ အနတ္တတောပိ၊ အစိုးမရဟူ၍၎င်း။ လက္ခဏာဒွယံ၊ အနိစ္စ,ဒုက္ခဟူသော လက္ခဏာ ၂-ပါး အပေါင်းကို။ ဒဋ္ဌဗ္ဗမေ၀၊ ရှုမှတ်ခြင်းသည်သာလျှင်။ ဝဋ္ဋတိ၊ သင့်မြတ်၏။

အဓိပ္ပါယ်ကား၊ လက္ခဏာရေး ၃-ပါးတို့တွင်၊ ဒုက္ခလက္ခဏာ တပါးကို မြင်ရုံမျှနှင့်၊ မဂ်မှ ထနိုင်ခြင်းမဖြစ်၊ အနိစ္စ, အနတ္တ-ဟူသော၊ လက္ခဏာ ၂-ပါးကိုလည်း ရှုမှတ်ခြင်း သင့်မြတ်၏ဟုလာ၏။ လက္ခဏာ တပါးကို မြင်ရုံမျှနှင့် မဂ်,ဖိုလ်ကိစ္စ မပြီးစီးနိုင်သေး၊ လက္ခဏာ ၃-ပါး စုံကို အကုန် ထင်မြင်လာမှ၊ မဂ်, ဖိုလ် ကိစ္စ ပြီးစီးနိုင်၏ဟု ဆိုလိုပေသည်။ ။ဤကား၊ လက္ခဏာရေး ၃-ပါးစုံမှ၊ မဂ်, ဖိုလ်ကိစ္စပြီးစီးပုံကို၊ ပြဆိုသော စကားပေတည်း။

ယခုပြဆိုခဲ့သော ဒေသနာတော်တို့တွင်၊ အင်္ဂုတ္တိုရ်ပါဠိတော်နှင့် ဝိဘင်းပါဠိတော်အလာ၌၊ လက္ခဏာတပါးနှင့်ပင် မဂ်,ဖိုလ်ကိစ္စ ပြီးစီး နိုင်၏ဟု အဆိုရှိ၍၊ မြွေသင်္ဂဟ်ပါဠိတော်၌ကား၊ လက္ခဏာ ၃-ပါးလုံး ထင်မြင်ပါမှ မဂ်,ဖိုလ်ကိစ္စ ပြီးစီးနိုင်ကြောင်းဆိုပြန်သဖြင့်၊ ပါဠိတော် ကျမ်းဂန်အချင်းချင်းပင်လျှင် အဆိုမညီ ချွတ်ယွင်းသျက်၊ အဓိပ္ပါယ် သဘောရင်းများ ကွဲပြား ခြားနား နေသကဲ့သို့၊ ဉာဏ်မဒိုနိုင်သော သူတို့အား ယောင်မှားတွေးထင်ရန် ရှိနေပေ၏။

ထိုသို့ ပါဠိတော်များ၌ ဟောကြားသော ဒေသနာတို့၊ ကွဲပြား ခြားနားသည်ဟု မှတ်ထင်ရန် ရှိသော်လည်း၊ အသီးသီးသောအဓိပ္ပါယ် သဘောသွားမှာမူကား၊ တသားတည်း ညီမျှရပေ၏။ ဤကဲ့သို့ ညီမျှ အောင် မယူမဆနိုင်သေးပါလျှင်၊ ကျမ်းဂန်ကို အပြစ်မတင်ဘဲ ဟုတ် မှန်တိုင်းသောနည်းလမ်းအစဉ်ကို၊ မိမိ၏ သဘောဉာဏ်က ယထာ ဘူတသို့ကျအောင် မသိမမြင်၊ မထင်မလင်းသေးလို့ ဟူ၍သာလျှင် မှတ်ယူရန် ရှိပေသည်။

ဤဒေသနာတော်များအရ၊ ညီမျှအောင် သဘောရင်းကို ဆုံးဖြတ် ရှင်းလင်းရန်မှာ၊ လက္ခဏာတပါးမျှနှင့် ကိစ္စပြီးစီးနိုင်သည် ဆိုသော ပါဠိတော်များ၏ အဓိပ္ပါယ်ကို၊ တရားသဘောတို့၏ အစဉ်အလာ သဘာဝဖြစ်သော ဓမ္မနိယာမကိုပြသည်ဟူ၍၊ လက္ခဏာ ၃-ပါးစုံမှ ကိစ္စပြီးစီးနိုင်သည်ဆိုသော ပါဠိတော်၏ အဓိပ္ပါယ်ကို၊ အခိုက်အတန့် ခဏဖြစ်သော ကာလပရိစ္ဆေဒကို ပြသည်ဟု မှတ်ယူပါလျှင်၊ ပါဠိ တော်ချင်း မဆန့်ကျင်ဘဲ အညီအမျှပင် ဖြစ်နိုင်လေတော့သည်။

ညီမျှပုံ သဘောမှာကား၊ လက္ခဏာတပါးမျှနှင့် ကိစ္စပြီးစီးသည် ဆိုရာ၌၊ လက္ခဏာတပါး ထင်မြင်လာလျှင်၊ ကြွင်းသော ၂-ပါးမှာ အားမထုတ်သော်လည်း၊ ဓမ္မနိယာမတို့၏ သဘောအတိုင်း အလို အလျောက်၊ ပြီးမြောက် ပါဝင်လာသည်ဟု ဆိုလိုသည်။ လက္ခဏာ ၃-ပါးလုံးစုံမှ ကိစ္စပြီးစီးသည် ဆိုရာ၌၊ ဓမ္မနိယာမအားဖြင့် တပါး ထင်မြင်လာက၊ ၂-ပါးမှာ အထူးအားမထုတ်ရဘဲ တပါတဲ ပြီးစီး သွားသော်လည်း၊လက္ခဏာ တပါးမျှသာ ထင်မြင်သေးသော အခိုက် အတန့် ကာလအတွင်း၌၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း၍ သိမြင်ခြင်းသို့ မပေါက်မြောက်နိုင်သေးဘဲ၊ အလို အလျောက် ပင်လျှင် လက္ခဏာ ၂-ပါးတို့ကို ထင်မြင်လာ၍၊၃-ပါးလုံး စုံလင်သောအခါမှ အောင်မြင် ထမြောက်၍၊ ပြီးဆုံးခြင် သို့ ရောက်နိုင်၏ဟု ဆိုလိုပေသည်။ ။

ဤကား၊ကျမ်းဂန်ချင်းမကွဲပြားသည်ကို သဘောသွား နှီးယှဉ်၍၊ ထင်မြင်အောင် ပြဆို လိုက်သော စကားပေတည်း။

ယခု ပြဆိုခဲ့သော ပါဠိတော် သုံးရပ်၏ ဆုံးဖြတ်သော ယူဆ နည်းကို၊ အသီးအသီးယှဉ်မှီး၍ ပါဠိတော်ကြီး အချင်းချင်းတို့၌၎င်း၊ ပါဠိတော်အလာနှင့် အဋ္ဌကထာတို့၏ အဓိပ္ပါယ်ကို၎င်း၊ အဋ္ဌကထာ ကျမ်းဂန် အချင်းချင်းတို့၏ သဘောရင်း အယူအဆတို့ကို၎င်း၊ အဋ္ဌ

ကထာကျမ်းဂန်နှင့် အဖွင့်ဋီကာ စသောကျမ်းတို့၏ ခွဲခြမ်းပြဆိုသည့် သဘောအဓိပ္ပါယ် တို့ကိုငင်း၊ မတိမ်းစောင်း မ ယွင်း မှား အောင် တသားတည်း ညီမျှလျက်၊ ဤယထာဘူတ နည်းလမ်းကျ၍ သဘာဝ ဖြောင့်မှန်အောင်၊ သတိဉာဏ်ယှဉ် သမ္ပဇဉ်ဖြင့် ဆင် ခြင် ရှေ့ သွား အဘန်ဘန်စဉ်းစားပြီး၊ဝိပဿနာကမ္မဋ္ဌာန်းတရားကို ပွားများ ရှုမှတ် နိုင်ကြပ ါစေကုန်သတည်း။

လက္ခဏာရေး ၃-ရပ်ကို ဆုံးဖြတ်၍ ပြဆိုခြင်းပြီး၏။

## လက္ခဏာရေး ၃-ပါး၏ သဘောသွားအဓိပ္ပါယ်လာကို ရှင်း၊လင်း၊စွာ ပြဆိုခြင်း

ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို ပွားများ အားထုတ်ကြရာတွင်၊ လက္ခဏာယာဉ် ၃-ပါးနှင့်စပ်၍ အရပ်ရပ်သော ဒေသနာကျမ်းဂန် တို့၌၊ ရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ-ဟူ၍ငင်း။နာမံ အနိစ္စံ,ဒုက္ခံ,အနတ္တာ- ဟူ၍ငင်း။ တဘန်၊ရူပက္ခန္ဓံ အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ ဝေဒနက္ခန္ဓံ အနိစ္စံ, ဒုက္ခံ,အနတ္တာ၊ သညက္ခန္ဓံ အနိစ္စံ,ဒုက္ခံ,အနတ္တာ၊သင်္ခါရက္ခန္ဓေ အနိစ္စာ, ဒုက္ခာ, အနတ္တာ၊ ဝိညာဏက္ခန္ဓံ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ – ဟူ၍ငင်း၊ လာရှိပေ၏။

တဘန်၊ နာမရူပံ အနိစ္စံ,ဒုက္ခံ,အနတ္တာ-ဟူ၍ငင်း။ ခန္ဓပဥ္စကံ အနိစ္စံ, ဒုက္ခံ, အနတ္တာ-ဟူ၍ငင်း။ တဘန်၊ လက္ခဏတ္တယံ အာရောပေတွာ- ဟူ၍ငင်း။ ဤသို့ စသည်ဖြင့် ကျမ်းဂန်များ၌ လာရှိသော စကားအရ၊ ယခုခေတ်အခါ တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည်၊ များသောအားဖြင့် ရုပ်နာမ်ခန္ဓာစသော တရားတို့ကို၊ လက္ခဏာရေး ၃-ပါးသို့တင်၍ ရှုရမည်ဟူသော အဓိပ္ပါယ်ကိုယူ၍၊ရုပ်သည်၊ အနိစ္စ, ဒုက္ခ, အနတ္တ။ နာမ်သည်၊ အနိစ္စ,ဒုက္ခ,အနတ္တ-ဟူ၍ငင်း။ ရုပ်သည်၊အမြဲ မရှိ, ဆင်းရဲ၏, အစိုးမရ-ဟူ၍ငင်း။ လက္ခဏာရေး ၃-ပါးသို့တင်၍၊ ရုပ်နာမ်အဖြစ်ဖြင့် ရှုကြကုန်၏

တဘန်၊ ရူပက္ခန္ဓာသည်၊ အနိစ္စ, ဒုက္ခ, အနတ္တ။ ဝေဒနက္ခန္ဓာသည်၊ အနိစ္စ,ဒုက္ခ,အနတ္တ။သညက္ခန္ဓာသည်၊အနိစ္စ,ဒုက္ခ,အနတ္တ။သင်္ခါရက္ခန္ဓာ တို့သည်၊အနိစ္စ,ဒုက္ခ,အနတ္တ။ ဝိညာဏက္ခန္ဓာသည်၊အနိစ္စ,ဒုက္ခ,အနတ္တ- ဟု ပါဠိဖြင့်ငင်း၊ လက္ခဏာရေး ၃-ပါးသို့တင်၍၊ ခန္ဓာအဖြစ်ဖြင့် ရှုကြကုန်၏။

သို့မဟုတ်။ ရူပက္ခန္ဓာသည်၊ အမြဲမရှိ, ဆင်းရဲ၏, အစိုးမရ။ ဝေဒနက္ခန္ဓာသည်၊ အမြဲမရှိ,ဆင်းရဲ၏,အစိုးမရ။သညာက္ခန္ဓာသည်၊ အမြဲမရှိ, ဆင်းရဲ၏,အစိုးမရ။ သင်္ခါရက္ခန္ဓာတို့သည်၊ အမြဲမရှိ,ဆင်းရဲ၏, အစိုးမရ။ ဝိညာဏက္ခန္ဓာသည်၊အမြဲမရှိ, ဆင်းရဲ၏, အစိုးမရ-ဟု အနက်ဖြင့်၎င်း၊ လက္ခဏာရေး ၃-ပါးသို့တင်၍ ခန္ဓာအဖြစ်ဖြင့် ရှုကြကုန်၏။ ။ ဤကား၊ များသောအားဖြင့်၊ ယခုအခါ အစဉ်အလာနည်းလမ်း ပြုလုပ်၍ အားထုတ်နေကြပုံကို၊ သိသာရုံ ပြဆိုလိုက်သော စကားပေတည်း။

ဤကျမ်း၌ ပြဆိုရေးသားသော၊ **မင်းကွန်းဆရာတော်ဘုရားကြီး**၏ သတိပဋ္ဌာန်နည်းလမ်းဖြစ်သော၊ ဝိပဿနာကမ္မဋ္ဌာန်း အစီအစဉ်၌၊ လက္ခဏာယာဉ် ၃-ပါးတို့၏ သဘောသွားမှာ၊ အသီးအခြား ယောဂီပုဂ္ဂိုလ်ကအားထုတ်ရန်မလို၊နောက်က ပြဆိုခဲ့သောမှတ်စဉ်နည်းအရ၊ အချိုးကျအောင်မှတ်၍ အမှတ်များ အမှတ်စိတ်လာသောအခါ၊ ဉာဏ်ထဲမှာ မမြဲခြင်းသဘော၊ ဆင်းရဲခြင်း သဘော၊ အစိုးမရခြင်းသဘောများ အလိုလိုပင်ပေါ်လွင် ထင်မြင်လာရ၏။ ဤကဲ့သို့ အလိုလိုထင်မြင်လာသည်ကိုသာ၊သူ့သဘောအတိုင်း မလွတ်ရအောင် ရှုမှတ်ရလေ၏။

အဘယ့်ကြောင့်ဆိုသော်၊ ဝိပဿနာဟူသည် ဉာဏ်ဖြစ်၏။ ဉာဏ်ဟူသည်၊ ဟုတ်မှန်တိုင်းကိုသိသော ယထာဘူတဖြစ်၏။ ယထာဘူတဟူသည်၊ ဖြစ်ထာကိုမြင်မှ ဖြစ်တယ်ဟု သိအောင် မှတ်ခြင်း၊ပျက်ထာကိုမြင်မှ ပျက်တယ်ဟု၊သိအောင် မှတ်ခြင်းဖြစ်၏။ မမြဲကိုမြင်မှမမြဲဟု မှတ်၏၊ဆင်းရဲကိုမြင်မှဆင်းရဲဟု မှတ်၏၊ အစိုးမရသည်ကိုမြင်မှ အစိုးမရဟု မှတ်၏။ဉာဏ်၌မမြင်ဘဲစိတ်အတွေးအထင်ဖြင့်၊ဆင်ခြင်ကြံဆ၍ ပြုလုပ်ခြင်းမဟုတ်ပေ။ ထို့ကြောင့်၊ အောက်၌ပါရှိသော ကျမ်းစကား၏ အဓိပ္ပါယ်သဘောသွားကို၊မမှားအောင် စဉ်းစားသင့်လှပေသည်။

**ယထာသဘာဝံ ဇာနာတိ ပဋိဝိဇ္ဈတီတိ ဉာဏံ။**

ယထာသဘာဝံ၊ ဟုတ်တိုင်းမှန်ရာ ပကတိ ဖြစ် ပေါ်လာသော သဘောလက္ခဏာကို။ ဇာနာတိ ပဋိဝိဇ္ဈတိ၊ မတွေးမကြံ ဟုတ်မှန် ထင်လင်း ထိုးထွင်း၍ သိတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဉာဏံ၊ ဉာဏ်မည်၏။

ဤသို့လာရှိသော အဘိဓမ္မတ္ထဝိဘာဝနီ ဋီကာကျော် ကျမ်းစကားနှင့်၊ အထက်တွင် ပြဆိုခဲ့သော အဓိပ္ပါယ်သဘောသွားတို့၊ မကွဲမပြား

တသားတည်း ညီမျှသဖြင့်၊ မတွေးဆ မကြံစည်ဘဲ၊ ဖြစ်ပေါ်ဆဲ အမှု အရာအရပ်ရပ်ကိုသာ မလစ်မလပ်စေဘဲ၊ ဆက်စပ်၍ သွားလေအောင် အမြဲမပြတ် ရှုမှတ်ရမည်ဟု ဆိုခဲ့ပေသည်။ ။ဤကား၊ဤကျမ်း၌ ပါရှိသော လက္ခဏာရေး အယူအဆဖြင့်၊ **သဘာ၁၀ အချက်ကို အမြွက်မျှ ပြဆိုလိုက်သော စကား** ပေတည်း။

ယခုပြဆိုခဲ့သော စကားနှစ်ရပ်ကို စပ်ဟပ်နှိုင်းယှဉ်ရန်မှာ၊ ဝိပဿ နာအရာ၌၊ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါးတို့၏ မမြဲခြင်း-အနိစ္စသဘော၊ ဆင်းရဲခြင်း-ဒုက္ခသဘော၊အစိုးမရခြင်း-အနတ္တသဘောတို့ ဖြစ်စဉ်ကို၊ ဉာဏ်၌မမြင်ရဘဲလျက်၊ ရုပ်နာမ်ခန္ဓာတို့ကို အနိစ္စ,ဒုက္ခ, အနတ္တ-ဟူ၍ ၎င်း။ အမြဲမရှိ, ဆင်းရဲ၏,အစိုးမရ-ဟူ၍၎င်း။ ရှုမှတ်နှုတ်သွင်းရှုသည်၊ ဝိပဿနာလမ်းမှန်သို့ မကျဘဲ၊ လမ်းလွဲ လမ်းမှားသို့ ရောက်နေသည် မည်၏။အဘယ့်ကြောင့်ဆိုသော်၊အမြင် မဟုတ်ဘဲ၊ အထင်မျှသာ ဖြစ်သောကြောင့်၎င်း။ ဒိဋ္ဌအတွေ့ မဟုတ်ဘဲ၊စိတ်က အဲတွေးမျှသာ ဖြစ်သောကြောင့်၎င်း။သဘော အဟုတ်အမှန် မဟုတ်ဘဲ၊မနောက လုပ်ကြံ ခြင်းမျှသာ ဖြစ်သောကြောင့်၎င်း။ ဖြစ်ပေါ်လာဆဲ၊ပစ္စုပ္ပန် ဆတ် ဆတ် မဟုတ်ဘဲ၊မဖြစ်ပေါ်သေးသည့် အနာဂတ်သဘောကို၊ မျှော်ဆကြံစည် ခြင်းမျှသာ ဖြစ်သောကြောင့်၎င်း။ ပရမတ်နှင့် မစပ်ဘဲ၊ ပညတ်မျှသာ ဖြစ်သောကြောင့်ပေတည်း။ ။ဤကား၊ စကားနှစ်ရပ်ကို စပ်ဟပ်နှိုင်းယှဉ်ရန်၊ ပြဆိုလိုက်သောစကားပေတည်း။

ဤနေရာ၌ စောဒနာရန်အချက်မှာ၊ဝိပဿနာအလုပ်ကို အားထုတ်မှ သာလျှင်၊ ခန္ဓာနာမ်ရုပ်တို့၏ လက္ခဏာသဘောများကို ထင်မြင်နိုင်၏။ ဝိပဿနာအလုပ်ကိုအားမထုတ်သေးဘဲနှင့်၊လက္ခဏာရေးသုံးပါးတို့၏ သဘောများကို ထင်ရှားတွေ့မြင်နိုင်သည်မဟုတ်။ထို့ကြောင့်၊ နာမ်ရုပ် ခန္ဓာတို့၏ လက္ခဏာရေးသဘောကို ထင်မြင်လာအောင်ပင်လျှင်၊ ရုပ် နာမ် အနိစ္စ,ဒုက္ခ,အနတ္တ၊ခန္ဓာ အနိစ္စ,ဒုက္ခ,အနတ္တ-ဟူ၍၎င်း။ ရုပ်နာမ် အမြဲမရှိ, ဆင်းရဲ၏, အစိုးမရ၊ ခန္ဓာ အမြဲမရှိ, ဆင်းရဲ၏, အစိုးမရ-ဟူ၍၎င်း။ဝိပဿနာ ရှုကြောင်းများဖြင့်၊ပြောကြားစောဒနာရန်အချက် ရှိနေခဲ့ပေသည်။

ထိုကဲ့သို့သော စကား၌ ဖြေကြားရန် အကျဉ်းချုပ်မှာ၊ ဝိပဿနာ အလုပ်ကိုအားထုတ်မှ လက္ခဏာရေးသဘောထင်၏ ဆိုသောစကား မှန်သော်လည်း၊ ဓမ္မသဘာဝ၏ နိယာမအစဉ် မဟုတ်ပါလျှင်၊ အလွဲ ကိုပင် အားထုတ်နေသည်မည်၏။

ဝိပဿနာအလုပ်ကို အားမထုတ်ဘဲ၊ လက္ခဏာရေးသဘော မထင်မမြင်ဆိုသောစကား မှန်သော်လည်း၊ လက္ခဏာရေးအလုပ်ကို အားမထုတ်ရဘဲ၊ ဓမ္မသဘာဝ၏ နိယာမအစဉ် ဟုတ်မှန်၍၊ ဉာဏ်၌ထင်မြင်မှ ထင်မြင်သည့်အတိုင်း ရှုမှတ်သဖြင့်၊ ဖြောင့်မတ်သော နည်းလမ်းဖြစ်ပေ၏။ ဤသို့အကျဉ်းမျှ ဖြေဆိုအပ်ပေသည်။

ဤစကားအရဖြင့် ဓမ္မသဘာဝ၏ နိယာမအစဉ်ကို မရှင်းလင်းပါလျှင်၊ အထက်တွင် ပြဆိုခဲ့သော ပစ္စယပရိဂ္ဂဟကဏ္ဍ၏အစ၌၊ သဘာဝ, သင်္ခတ, သာမည-ဟူသော၊ လက္ခဏာ ၃-ပါးတို့၏အပြားသဘောအဓိပ္ပါယ်များကို၊ ပြန်လှန်စဉ်းစား၍ ကွဲပြားအောင် ကြည့်ရှုကြပါလေ။ ။ဤကား၊စောဒနာရန်အချက်ကို အဖြေပါထည့်စွက်၍၊အမြွက်မျှ ပြဆိုလိုက်သောစကားပေတည်း။

ဤအထက်တွင် ပြဆိုခဲ့သော ဓမ္မသဘာဝတို့၏အရကို၊ ထောက်ဆဆင်ခြင်ရန်မှာ၊ဝိပဿနာဟူသည်၊ ပရမတ်အရာတွင်၊အနတ္တလက္ခဏာနှင့်သာလျှင်၊ များစွာစပ်ဆိုင်သော သဘောဖြစ်ကြောင်းကို၊ စာပေသင်ဘူး ကမ္မဋ္ဌာန်းတရားကို ကြားနာဘူးကြသော၊ ရဟန်းရှင်လူတိုင်းပင် သိရှိနိုင်ကြလေသည်။ ထို့ကြောင့်၊ အောက်တွင် ဘော်ပြထားသော အဓိပ္ပါယ်သဘောများကို၊ ရှင်းလင်းကွဲပြားအောင် မှတ်သားကြပါလေ။

ဝိပဿနာအလုပ်ကို အားထုတ်၍၊ပရမတ်နာမ်,ရုပ်တို့၏လက္ခဏာထင်မြင်သည် ဆိုရာ၌၊ နိယာမဖြစ်သော ဓမ္မသဘောတို့၏ အစဉ်မှာ၊ သဘာဝလက္ခဏာ, သင်္ခတလက္ခဏာ, သာမညလက္ခဏာဟု ၃-ပါး ရှိသည်တွင် သဘာဝလက္ခဏာသည်၊ ရှေးဦးစွာထင်၍၊ ထို့နောက် သင်္ခတလက္ခဏာ ထင်ရာ၏။ ၎င်းတို့နောက်မှ သာမညလက္ခဏာ ထင်လာရ၏။

ထို ၃-ပါးတို့တွင်လည်း၊ ရှေးဦးစွာမြင်သော သဘာဝလက္ခဏာ ထင်မြင်လာအောင်၊ အစဉ်ဖြစ်ဆဲပစ္စုပ္ပန်ဖြစ်သော ပရမတ်ရုပ်, နာမ်တို့၏ အမူအရာသဘောကိုသာ၊ ကိလေသာနှင့်မစပ်ဘဲ ပြတ်သောအပိုင်းအခြားဖြစ်အောင် သူ့ပကတိသဘောအတိုင်း ရှုမှတ်ရ၏။ဤသို့လျှင် ဓမ္မသဘာဝတို့၏အစဉ်အလာ မလွဲမမှားအောင်၊ အားထုတ်ရလေသည်။ စိတ်ထင်တိုင်း မှန်းဆရော်ရမ်း၍၊ ဝိပဿနာကမ္မဋ္ဌာန်း၌

အစဉ်နည်းလမ်းကို သတိမပြုဘဲ၊ ရှုခြင်သလို ရှု၊ မှတ်ခြင်သလို မှတ်၍ မဖြစ်နိုင်ကြောင်းကို ကောင်းကောင်းကြီး သိရှိနားလည် ကြပါလေ။

**ဤကား၊ ဓမ္မသဘာဝတို့၏ ဖြစ်စဉ်ကို သိမြင်၍၊ ဆင်ခြင်ရန် ပြဆိုလိုက်သော စကား များပေတည်း။**

ယခုပြဆိုခဲ့သော စကားရပ်များ၌၊ ရှင်းလင်းဆုံးဖြတ်၍ သိမှတ်ရန် သဘောသွားမှာ၊ ကမ္မဋ္ဌာန်းလေးဆယ်ကို ပြဆိုရာ၌၊ စရိုက်အားလျော်စွာ အားထုတ် ရသည်ဟု ပါရှိ၍၊ အလိုရှိရာကို ရှုမှတ်သည် ဆိုခဲ့လျှင်၊ သမထမှာ ဟုတ်မှန်ပါ၏။ ဝိပဿနာနှင့်မဆိုင်ဟု၊ ဗိုင်ဗိုင်ကြီး မှတ်ယူ အပ်ပေ၏။ ရှုမှတ်စအခါ၌ ရုတ်တရက် မထင်သော်လည်း၊ လေ့လာ ကျွမ်းကျင်၍ ပရိစယများလာပါလျှင်၊အမှန်ပင်ထင်မြင်နိုင်သည်ဟုဆို ခဲ့ပါလျှင်၊ထင်မြင်သည်ကား မှန်၏။သို့သော်လည်း၊ပရမတ်သဘောကို မထင်မြင်ဘဲ၊ ပညတ်သဘောကိုသာ ထင်မြင်သည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေသည်။

အဘယ့်ကြောင့်ဆိုလျှင်၊ ပျက်ထားကို မမြင်ဘဲလျက်၊ ပျက်သည့်, ပျက်သည် ဟူ၍ရှုင်း။ မမြဲတာကို မမြင်ဘဲလျက်၊ မမြဲ,မမြဲ ဟူ၍ရှုင်း။ ဆင်းရဲတာကို မမြင်ဘဲလျက်၊ ဆင်းရဲ,ဆင်းရဲ ဟူ၍ရှုင်း။ အစိုးမရ သည်ကို မမြင်ဘဲလျက်၊ အစိုးမရ, အစိုးမရ ဟူ၍ရှုင်း။ အဘန်ဘန် အထပ်ထပ်ဖြင့်၊ စိတ်ဓာတ်ထက်သန်စွာထားပြီး ရှုမှတ်နေရာ၏။

ခန္ဓာကိုယ်ကပင် တကယ်ပျက်ခြင်းမဟုတ်သော်လည်း၊ အားထုတ် စွဲလမ်းသော စိတ်ဓာတ်၏ အစွမ်းအားဖြင့်၊ ကိုယ်တခြမ်း ပျောက် သွားသည်၊ပျက်သွားသည် ဟူ၍ရှုင်း။ ကိုယ်တပိုင်း ပျောက်သွားသည်၊ ပြတ်သွားသည် ဟူ၍ရှုင်း။ တကိုယ်လုံးပင် ပျောက်သွားသည်၊ ပျက် သွားသည်၊ ပြတ်သွားသည် ဟူ၍ရှုင်း။ ဤသို့ စသည်ဖြင့် အမျိုးမျိုး ပင်လျှင်၊ စိတ်ထဲ၌ ထင်မြင်လာတတ်လေ၏။ ထိုသို့ ထင်မြင်ခြင်း သည်၊ ဝိပ္ပလ္လာသတရားတို့ ဆွဲငင်ခြင်းမျှသာ ဖြစ်လေသောကြောင့် ပေတည်း။ **။ဤကား၊ ဓမ္မသဘာဝနှင့် စပ်ရာ၌ ဆုံးဖြတ်၍၊ သိမှတ်ရန် အချက်ကို အမြွက်မျှ ပြဆိုသော စကားပေတည်း။**

ယခုပြဆိုခဲ့သော အဓိပ္ပါယ်အယူအဆတို့၌၊ သဘာဝအချင်းချင်း တို့ မစပ်မယှဉ်နိုင်ဘဲ၊ဆန့်ကျင်သော သဘောဖြစ်ပုံမှာ၊ ဝိပဿနာ ဟူသည်၊ ပရမတ် အရာ၌ဖြစ်၏။ ပရမတ်ဟူသည်လည်း၊ ထင်ရှား ရှိသောသဘောဖြစ်၏။ ထင်ရှားရှိသော ပရမတ် သဘောဟူသည်၊

ခဏပစ္စုပ္ပန်အခိုက်၌၊ရုပ်နာမ်အမူအရာတို့၊ဖြစ်ပေါ်လာဆဲသဘောမျိုး ဖြစ်ပေ၏။

ထို့ကြောင့်၊ ကွေးခိုက်,ဆန့်ခိုက် စသည်တို့၌၊ ကွေးခြင်း,ဆန့်ခြင်း စသည်ကို သိအောင်၊ ကွေးလျှင် ကွေးတယ်၊ ဆန့်လျှင် ဆန့်တယ် စသည်ဖြင့်၊ ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန် အသိဉာဏ်စပ်လျက်၊ ကိလေသာပညတ်တို့ ပိုင်းခြား ကင်းပြတ်သွားအောင်၊ အဘန်ဘန် အထပ်ထပ်ဖြင့် အမြဲမပြတ် ရှုမှတ်၍ နေရလေသည်။

ဤနေရာ၌ သတိပြုရန်အချက်မှာ၊ ပရဏကမ္မဋ္ဌာန်း, ဥဒ္ဒုမာတက ကမ္မဋ္ဌာန်း,အဋ္ဌိပုဉ္ဇကမ္မဋ္ဌာန်း, ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းတို့ကို အားထုတ်လေရာ၊မိမိကိုယ် မသေသေးဘဲလျက်၊အသေကောင်ကြီး ထင်အောင်။ ပုပ်ပွ ဖူးရောင်ခြင်း မဖြစ်ဘဲလျက်၊ ပုပ်ပွဖူးရောင်သော အကောင်ကြီး ထင်အောင်။အသွေး အသား အကြောတို့ ရှိပါလျက်၊အရိုးသက်သက် အကောင်ကြီး ထင်အောင်။မြတ်စွာဘုရားကိုယ်တိုင် မဟုတ်ဘဲလျက်၊ ကိုယ်တော်တိုင် ထင်လာအောင်၊အမျိုးမျိုးစိတ်ကို ဆွဲဆောင်ပြုလုပ်၍၊ ပွားများအားထုတ်ကြရလေသည်။

ထိုကဲ့သို့ အားထုတ်ချင်သလို အားထုတ်၍၊ ထင်ချင်သလိုအတိုင်း သာ ထင်လာသည်ကို ပရမတ်ဟု ထင်မှတ်နေပါလျှင်၊အနတ္တတရား၏ သဘောအချက်နှင့်၊လွန်စွာပင် ဆန့်ကျင်ဘက်ကြီးဖြစ်နေပေ၏။အနတ္တ တရား၏ လက္ခဏာမှာ၊ အစိုးမရခြင်း, အလိုမကျခြင်း သဘောမျိုး ဖြစ်၏။ အားထုတ်ရာ ထင်မြင်နိုင်၏ဟု ယူသည့်မှာ၊ လက္ခဏာရေး ၃-ပါးတို့တွင်၊ ကိုယ်အားထုတ်လိုရာဖြစ်၏။ ကိုယ်ထင်လိုရာ ထင်၏ဟု အဓိပ္ပါယ်ရသဖြင့်၊ပရမတ်တရားကို မိမိက စိုးပိုင်နိုင်နင်းရာသို့ရောက်၍ နေလေရာ၊အနတ္တတရား၏ သဘောလက္ခဏာနှင့်၊ လွန်စွာမှ ဆန့်ကျင် ဘက်ကြီး ဖြစ်လေတော့သည်။

တဘန် ဤမျှသာမကသေးပေ၊ ဓမ္မသဘာဝတို့၏ နိယာမအစဉ်မှာ၊ သဘာဝ လက္ခဏာ, သင်္ခတလက္ခဏာ, သာမညလက္ခဏာ ၃-ပါး တို့သည်၊သဘာဝလက္ခဏာထင်ပြီးမှ သင်္ခတလက္ခဏာထင်၍၊ သင်္ခတ လက္ခဏာထင်ပြီးမှ သာမည လက္ခဏာ ထင်ခြင်းဟု၊ အစဉ်အလာ သဘောအတိုင်းဖြစ်လေရာ၊အားထုတ်လိုရာဖြစ်၍ ထင်လိုရာထင်သည် ဟု မှတ်ယူပါလျှင်၊ သာမည လက္ခဏာကို ရှေးဦးစွာ အားထုတ်လျှင်၊ သင်္ခတလက္ခဏာကိုပင် ရှေးဦးစွာ ထင်နိုင်၏ဟု ဆိုရာကျသဖြင့်၊ ဓမ္မ

သဘာဝတို့၏ နိယာမအစဉ်အလာတို့နှင့်၊ လွန်စွာပင် ဆန့်ကျင်ဘက် ဖြစ်၍ နေပြန်လေသည်။ ။ဤကား၊ သဘာဝ အစဉ်တို့ ဆန့်ကျင်ဘက် ဖြစ်ပုံကို၊ သိသာရုံ ထည့်စွက်၍ အမြွက်မျှ ပြဆိုလိုက်သော စကားများပေတည်း။

ထို့ကြောင့်၊ ပရမတ္ထ ဓမ္မဖြစ်သော အနတ္တတရားတို့၏ သဘောကို၊ ယောဂီပုဂ္ဂိုလ်တို့၏ စိတ်အလိုအတိုင်း မဖြစ်စေဘဲ၊ ပရမတ္ထဓမ္မဖြစ်သော အနတ္တတရားတို့၏ ဖြစ်ပေါ်သော သဘောအတိုင်းကိုသာလျှင်၊ ယောဂီပုဂ္ဂိုလ်က သိမြင်အောင်လိုက်၍ ရှုမှတ်ရလေ၏။ ဤ နေရာ၌ မဂ္ဂင်၅စ်ပါးတွင်၊သမ္မာသင်္ကပ္ပ-ဟူသော ပုဒ်အရ၊ကောင်းစွာကြံရမည် ဟူသော အနက်သဘောကို၊ တွေးတောရန် မဖြစ်သင့်ပေ။ ၎င်းသမ္မာသင်္ကပ္ပပုဒ်၏ အနက်အဓိပ္ပါယ်ကို၊ အကျယ်ဆုံး ဖြတ်လျက်၊ ဂန္ထိရဏ္ဏ ပကာသနီကျမ်းကြီး၌ အသီးအသီး ပါရှိပြီးဖြစ်လေသည်။

ယခုပြဆိုခဲ့သော စကားအစဉ်ဖြင့် ဝိပဿနာအရာတွင်၊ ရုပ်နာမ်၊ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာ၊ လက္ခဏာ စသည်ဖြင့်၊ ဒေသနာတော်၌ အမည်သညာတို့ပင် ကွဲပြားသော်လည်း၊ ဓမ္မသဘာဝအားဖြင့်မူကား၊ ဝိပဿနာစိတ်တချက်၌ တပြိုင်နက် ပါဝင်ပြီးစီးပုံကို၊ ယုံကြည်သော သဒ္ဓါတရားဖြင့်၊ အောက်၌ ပါရှိသောဒေသနာတော်ကို ထောက်ထား၍၊ ပွားများရှုမှတ်ကြပါလေ။

### ယထာဘူတံ ဥာဏာယ သတ္တာ ပရိယေသိတဗ္ဗာ။

(သုတ်မဟာဝါပါဠိတော် မဟာပရိနိဗ္ဗာနသုတ်။)

ယထာဘူတံ၊ဟုတ်မှန်တိုင်းသောသဘောလက္ခဏာကို။ဉာဏာယ၊ အမှန်ဖြောင့်စင်း သိမြင်ထင်လင်းနိုင်ကြ စေခြင်းငှါ။သတ္ထာ၊ဝိပဿနာ လုပ်ငန်းကို ဖြောင့်တန်းမှန်ကန်စွာ ဟောပြောပြသတတ်သော ဆရာကောင်းဆရာမြတ်ကို။ပရိယေသိတဗ္ဗာ၊ထက်ဝန်ကျင်းအရပ်၌ အထင်ထပ်ရှာမှီး၍ဆည်းကပ် အားထုတ်သင့်လှပေတော့သတည်း။

လက္ခဏာရေး ၃-ပါး၏ သဘောသွားအဓိပ္ပါယ်လာကို
ရှင်းလင်းစွာ ပြဆိုခြင်းပြီး၏။

## အနတ္တဟူသော လက္ခဏာအရ၌ သဘာဝအဓိပ္ပါယ်ကို နားလည်အောင်ပြဆိုခြင်း

ယခုပြဆိုခဲ့သော လက္ခဏာရေး ၃-ပါးတို့၏ သဘောအဓိပ္ပါယ်များသည်၊ အနည်းငယ်အဖြွက်မျှသာ ပေါင်းရုံးလုံးစည်း၍ ပြဆိုခြင်းဖြစ်၏။ ဤကဲ့သို့ အကျဉ်းအဖြွက်သာ ပြဆိုထားပါလျှင်၊ ဒေသနာကျမ်းဂန်ကြီးများကို မသင်ရ၍ ဉာဏ်မယှဉ်နိုင်သောသူတို့မှာ၊ အမှန်ဖြစ်သော ယထာဘူတသဘာဝသို့ ကျအောင်၊ မချွပင် မသိမမြင်နိုင်ပေရာ။ ထို့ကြောင့်၊လက္ခဏာရေး ၃-ပါးနှင့်စပ်၍ ပရမတ်ရုပ်နာမ်ကို၊ စာကြီးပေကြီး မသင်ဘူးသော သူတို့ပင်လျှင်၊ ထင်ထင်ရှားရှားကြီး ကွဲပြားသိမြင်နိုင်ကြစေရန်၊ စေတနာစိတ်ဖြာ၍ ရှင်းလင်းစွာ ပြဆိုသင့်ပေသည်။

ထိုကဲ့သို့ ပြဆိုသင့်ရာတွင်၊ လက္ခဏာရေး ၃-ပါးသုံးကိုပင် လူပိန်းတို့သိမြင်ရန်၊အ ကျယ်ချဲ့တွင်၍ ရေးသားပါလျှင်၊လွန်စွာပင် ရှည်လျားများပြား နေပေလိမ့်မည်။ ၎င်းလက္ခဏာရေး ၃-ပါးတွင်၊ အနတ္တလက္ခဏာ တပါးသည်သာလျှင်၊ ပဓာနလိုရင်း အချုပ် ဖြစ်ပေ၏။ ထို့ကြောင့်၊သဂြိုဟ်စသော အဘိဓမ္မာကျမ်းတို့သည်၊အနတ္တလက္ခဏာကို ခွဲခြမ်း၍ ပြဆိုသော ကျမ်းချည်းဖြစ်ကြောင်းကို၊ မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားတော်မူခဲ့ပေသည်။ ထိုအနတ္တတရားသည်၊ မွေ့သဘာဝအားဖြင့် ထင်ရှားရှိပါသော်လည်း၊ ယထာဘူတဖြစ်သော ဟုတ်မှန်သည့်သဘောကို၊ထိအောင် မိအောင် မသိမမြင်နိုင်ကြပေ။

ဤအနတ္တတရားကို အဘယ့်ကြောင့် မမြင်နိုင်ပါသနည်းဟူမူ၊ ဃန ဖုံးလွှမ်းနေ၍ မမြင်ရသည်ဟု ကျမ်းဂန်တို့၌ လာရှိသဖြင့်၊ ကမ္မဋ္ဌာန်းကျမ်းစာတို့၌ ရေးသားခြင်း, ပြောပြောခြင်းများ ပြုကြ၍၊ စာသင်ဘူးသူ စာကြည့်ဘူးသူတို့ အားလုံးလိုလိုပင် သိရှိနေကြပေသည်။ သို့သော်၊ဃန ဟူသောသဘော ဖြစ်ပုံ၊ ဃန သဘော၏ ဖုံးလွှမ်းပုံ၊ ဃနကို ကွဲအောင် ခွဲပုံ၊ ဃနကွဲ၍ အနတ္တလက္ခဏာသဘော ပေါ်ပုံများကိုမူကား၊ လူပိန်းတို့နားလည် ကွဲပြားလောက်အောင်၊ ရေးသားထားသော ကမ္မဋ္ဌာန်းစာများကို၊ တကြိမ်တခါမျှ မကြားမသိ မတွေ့မမြင်ဘူးသေးပေ။

ဤကဲ့သို့မရေးသား၍ မတွေ့မမြင်ရဘူးသည်သာလျှင် မဟုတ်သေး၊ အနီးအဝေး မြို့ရွာများတို့၌ တရားဟောကြားကြရာမှာလည်း၊ အထက်တွင်ပြဆိုခဲ့သော အဓိပ္ပါယ်သဘောသွားကို၊ ရှင်းလင်းကွဲပြားအောင် ခွဲခြမ်းဝေဘန်၍ ဟောပြောသည်များကိုပင်၊ တကြိမ်တခါတွင်မှ မကြားမတွေ့ရဘူးသေးဘဲ၊ ဒေသနာတော်ကို အမှိုသဟဲ ပြုကြ၍၊ အနတ္တကို ဃန ဖုံးလွှမ်းသည်၊ ဃနကို ကွဲအောင်ခွဲရမည်ဟူ၍သာလျှင်၊ ရေးသားခြင်း, ဟောပြောခြင်းများ အစဉ်အဆက် ပြုလုပ်လာကြလေသည်။

ထို့ကြောင့်၊ဤ **နိဗ္ဗာနမဂ္ဂဒီပနီကျမ်း** ကြီး၌၊ အသီးသီးသော ဃနတို့၏သဘော၊ အနတ္တကို ဃနဖုံးလွှမ်းပုံ သဘော၊ ဃနကို ကွဲအောင်ခွဲသောသဘော၊ ဃနကွဲ၍ အနတ္တသဘောကို ဘောက်ခွဲ သိမြင်ပုံသဘော၊ ဤသို့ စသောသဘောများတို့ စာပေမသင်ကြားဘူးသော လူပိန်းတို့ပင်လျှင်၊ သိမြင်ထင်ရှား၍ ကွဲပြားနားလည် နိုင်ကြစေရန်၊ ဒေသနာ ကျမ်းဂန်တို့နှင့်တကွ ဝေဘန်စိတ်ဖြာလျက်၊သိသာရှင်းလင်းစွာ ပြဆိုရေးသားပေအံ့။ ။ဤကား၊အစဉ်အလာ သဘောများကို၊စဉ်းစားရန် ပြဆို လိုက်သော စကားတို့ပေတည်း။

> ကိဉ္စ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ။ နာနာဓာတုဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ အနတ္တလက္ခဏံ န ဥပဋ္ဌာတိ။ နာနာဓာတုယော ပန ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝ သရသတော ဥပဋ္ဌာတိ။
> (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

ကိဉ္စ၊ အဘယ်တရားကို။ အမနသိကာရာ၊ နှလုံးမသွင်း မရှုမှတ်ခြင်းကြောင့်။ ကေန၊ အဘယ်တရားသည်။ ပဋိစ္ဆန္နတ္တာ၊ မြှေးယှက် အစဉ် ပိတ်ပင် ဖုံးလွှမ်းခြင်းကြောင့်။ အနတ္တလက္ခဏံ၊ နာမ်,ရုပ်တို့၏ အစိုးမရ အလိုမကျခြင်း အနတ္တသဘောလက္ခဏာသည်။ န ဥပဋ္ဌာတိ၊ ယောဂီ ပုဂ္ဂိုလ်တို့၏ဉာဏ်၌ မထင်မမြင် နိုင်ပါသနည်း။ နာနာဓာတုဝိနိဗ္ဘောဂဿ၊ အတူမရောနှောဘဲ အထူးထူးသော ဓာတ်သဘောတို့၏ ကွဲသည်ကို။ အမနသိကာရာ၊ နှလုံးမသွင်း မရှုမှတ်ခြင်းကြောင့်။ ဃနေန၊ အစိုင်အခဲ ပေါင်းရုံး လုံးစည်းသော သဘော တခုထဲဖြင့်။

ပဋိစ္ဆန္နတ္တာ၊ မြေးယှက်အစဉ် ပိတ်ပင်ဖုံးလွှမ်းသည့်၏ အဖြစ်ကြောင့်။ အနတ္တ လက္ခဏံ၊ နာမ်,ရုပ်တို့၏ အစိုးမရ အလိုမကျခြင်း အနတ္တ သဘော လက္ခဏာသည်။ န ဥပဋ္ဌာတိ၊ ယောဂီပုဂ္ဂိုလ်တို့၏ ဉာဏ်၌ မထင်မမြင်နိုင်ပါသတည်း။

ပန၊ ထင်မြင်နိုင်ရန် သော်ကား။ နာနာဓာတုယော၊ အထူးထူး သော ဓာတ်သဘောတို့ကို။ ဝိနိဗ္ဘုဇ္ဇိတွာ၊ ကွဲ၍။ ဃနဝိနိဗ္ဘောဂေ၊ ပေါင်းရုံး လုံးစည်းလျက် တခဲနက် စိုင်ခဲသောသဘော ကွဲခြင်းသည်။ ကတေ၊ ပြီးသည့်ရှိသော်။အနတ္တလက္ခဏံ၊နာမ်,ရုပ်တို့၏ အစိုးမရ အလို မကျခြင်း အနတ္တသဘောလက္ခဏာသည်။ ယာထာဝ သရသတော၊ ဟုတ်မှန်တိုင်းသော မိမိတို့၏ကိစ္စအားဖြင့်။ ဥပဋ္ဌာတိ၊ ယောဂီပုဂ္ဂိုလ် တို့၏ ဉာဏ်၌ ဧကန်ပိုင်ပိုင် ထင်မြင်၍ လာနိုင်လေတော့သတည်း။

ဤသို့လာရှိသော အဋ္ဌကထာ၏ စကားအရ၊ အဖွင့်မျှဖြစ်သော အဓိပ္ပါယ်မှာ၊ ပရမတ် နာမ်,ရုပ်တို့၏ အစိုးမရ အလိုမကျသော၊အနတ္တ လက္ခဏာ သဘောတရားသည်၊ပကတိအားဖြင့် ထင်ရှားရှိ၏။ဤကဲ့သို့ ပကတိ သဘောအားဖြင့်၊ အနတ္တ လက္ခဏာတရားတို့ အထင်အရှား ရှိပါလျက်နှင့်၊အဘယ်တရားကိုနှလုံးမသွင်းခြင်း မရှုမမှတ်ခြင်းကြောင့်၊ အဘယ်တရားသည် မြေးယှက် ပိတ်ပင် အစဉ် ဖုံးလွှမ်းထားခြင်း ကြောင့်၊ အနတ္တတရား၏ သဘော လက္ခဏာသည် ယောဂီပုဂ္ဂိုလ် တို့၏ဉာဏ်၌၊ ဟုတ်မှန်တိုင်း မထင်မမြင်နိုင်ပါ သနည်းဟု မေးမြန်း လေသည်၊

ထိုအခါ အတူတကွ မရောမနှောဘဲ၊ အထူး ထူးသော ဓာတ် သဘောတို့၏ကွဲသည်ကို နှလုံးမသွင်း မရှုမမှတ်ခြင်းကြောင့်၊ အစိုင် အခဲ ပေါင်းရုံး လုံးစည်းသော သဘော တခုထဲဖြင့်၊ မြေးယှက်ပိတ်ပင် အစဉ်ဖုံးလွှမ်းခြင်းကြောင့်၊ နာမ်,ရုပ်တို့၏ အစိုးမရ အလိုမကျခြင်း အနတ္တသဘောလက္ခဏာသည်၊ ယောဂီပုဂ္ဂိုလ်တို့၏ဉာဏ်၌ ဟုတ်မှန် တိုင်း မထင်မမြင်နိုင်ဟု ဖြေကြားလေသည်။

ထို့နောက် ထင်မြင်နိုင်ရန်ကို ပြဆိုခြင်း၌၊ အထူးထူးသော ဓာတ် သဘောတို့ကိုကွဲ၍၊ အစိုင်အခဲ ပေါင်းရုံး လုံးစည်းလျက်၊ တခဲနက် ဖြစ်နေသော ဓာတ်သဘောတို့ ကွဲသည့်ရှိသော်၊ နာမ်,ရုပ်တို့၏ အစိုး မရခြင်း အလိုမကျခြင်း အနတ္တသဘော လက္ခဏာသည် ယောဂီ ပုဂ္ဂိုလ်တို့၏ဉာဏ်၌ ဟုတ်မှန်တိုင်းသော၊ မိမိတို့၏ကိစ္စအားဖြင့် ထင်

ဖြင်၍လာနိုင်လေတော့၏။ ။ဤကား၊ အနတ္တလက္ခဏာ၏အချက်၌၊ အဓိပ္ပါယ်အမြွက်မျှကို ပြဆိုသောစကားပေတည်း။

ဤသို့ပြဆိုခဲ့သော အနတ္တလက္ခဏာ၏ အဓိပ္ပါယ်သွားကဲ့သို့ပင်လျှင်၊ အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာ ၂-ပါးတို့၏ အဓိပ္ပါယ်များကိုလည်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျမ်းကြီး၌ အသီးသီး မိန့်ဆိုတော်မူ၏။ ထိုလက္ခဏာရေး ၃-ပါးတို့တွင်၊ အနိစ္စ လက္ခဏာ၏ ပါဠိ အနက် နှင့် အမြွက်မျှ ဖြစ်သော အဓိပ္ပါယ် သဘော၊ အနတ္တလက္ခဏာ အချက်၏ အမြွက်မျှ ဖြစ်သော အဓိပ္ပါယ်သဘောတို့ကို အနည်းငယ် ရေးသားလျက်၊ ဒုက္ခလက္ခဏာ အချက်၏ သဘောအဓိပ္ပါယ် တို့ကိုမူကား၊ ကျယ်ဝန်းစွာ ရေးသားပြီးဖြစ်၍၊ **ဂမ္ဘီရဆူ ပကာသနီ** ကျမ်းကြီး၌ အသီးသီးပါရှိကြလေပြီ။

ထို့ကြောင့်၊ နိဗ္ဗာနမဂ္ဂဒီပနီကျမ်းကြီး၌ အသီးသီး ခွဲခြမ်းစိတ်ဖြာ၍၊ အနတ္တလက္ခဏာ၏ သဘော အချက်တို့ကို၊ ကွက်ကွက် ကွင်းကွင်း အဓိပ္ပါယ်သန့်ရှင်း၍ အသိဉာဏ်ပွင့်လင်း နိုင်ကြစေရန်၊ ဟုတ်မှန်သော ပရမတ် ရုပ်,နာမ်တို့၏ မြဲမြဲပေါင်းရုံး တလုံးတစည်းအနေဖြင့်၊ ပကတိ အစိုင် အခဲကြီးဖြစ်သော ဃနသဘော၏ အခြင်းအရာ၊ ဝိပဿနာ ဉာဏ်ဖြင့် ရှုမှတ်သောအခါ၊ နိုင်မာစွာ ပေါင်းစုလုံးစည်း၍ တခုတည်း တခဲတည်းဖြစ်နေသော၊ ပရမတ် ရုပ်,နာမ်တို့၏ အစိတ်စိတ် အဖြာဖြာ ဖြင့်၊ ပြိုကွဲ၍လာသော အခြင်းအရာများကို ထင်ရှားစွာ ရေးသားပြဆိုပေအံ့။

ဖွဲ့စည်းပေါင်းစု၍ တခုတည်း တခဲတည်း ခေါ်သော ဃနသည်၊ သာမညအားဖြင့် တမျိုးတစား တပါးတည်းဖြစ်၏။ ဝိသေသအားဖြင့်သော်ကား၊ ရုပ်ဃန,နာမ်ဃန ဟူ၍ ၂-ပါးရှိ၏။ ၎င်းဃနကို ရုပ်ခဲတ်,နာမ်ခဲတ်ဟူ၍၎င်း၊ ရုပ်ကလာပ်, နာမ်ကလာပ်ဟူ၍၎င်း၊ ရုပ်အစည်း, နာမ်အစည်းဟူ၍၎င်း၊ ရုပ်အစု, နာမ်အစုဟူ၍၎င်း၊ ရုပ်အပေါင်း, နာမ်အပေါင်းဟူ၍၎င်း၊ ဤသို့စသည်ဖြင့် ပရမတ်သဘော တခုတည်းကိုပင်လျှင်၊ပညတ်အမည်အမျိုးမျိုးတင်၍ ခေါ်ဝေါ် ပြောဆိုခြင်းပြုကြလေသည်။

ထိုရုပ်စု, နာမ်စု၊ ရုပ်ခဲ, နာမ်ခဲ၊ ရုပ်ဃန, နာမ်ဃန နှစ်မျိုးတို့တွင်၊ ရုပ်နှင့်ဆိုင်ရာ သဘောမှာ၊ ပထဝီ,တေဇော,အာပေါ်,ဝါယော,ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဤ ၈-ပါးတို့တွင် တပါး ပါး သောရုပ် ထင်ရှား

ဖြစ်ပေါ်တည်ရှိခဲ့သော်၊ ကြွင်းကျန်သောရုပ် ၇-ပါးတို့သည် မထိသာ မထင်ရှားသော်လည်း၊ သဘောအားဖြင့် တပေါင်းတည်းပါဝင်ပြီးစီး လေ၏။ ၎င်းရုပ် ၈-ပါးတို့ ဖြစ်အတူ ပျက်အတူ၊ မကွဲမကွာသော သဘောဖြစ်၍ အဝိနိဗ္ဘောဂရုပ်ဟု ခေါ်ဆိုရလေသည်။

တဘန် ၎င်းရုပ် ၈-ပါးကို တပေါင်း တစည်းတည်း ဖြစ်သော ကြောင့်၊ အဋ္ဌကလာပ် ရုပ်ဟူ၍လည်း ခေါ်ဆိုရပြန်လေ၏။ တဘန် ၎င်းရုပ် ၈-ပါးကို ပရမတ် ခတ်ခဲတရဟူ၍လည်း ခေါ်ဆိုရလေ၏။ ဤကဲ့သို့ ပရမတ် သဘောအားဖြင့် ရှစ်မျိုး ရှစ်ပါး ရှိပါလျက်၊ ဖြစ်, ပျက် ရာတို့၌မူကား မကွဲမပြား မပိုင်းခြားဘဲ၊ တလုံး တစည်းတည်း ရခဲနေသော သဘောကို ဃန ဟု ခေါ်ဆိုရ၏။ ၎င်းရုပ် ၈-ပါးတို့ မကွဲ မပြားဘဲ၊ အတူတကွ၊ ပူးတွဲ ဖြစ်ပျက်ကြ၍ အဝိနိဗ္ဘောဂရုပ် ၈-ပါး ခေါ်ဆိုသည်မှာ၊ လွန်စွာမှ သိသာထင်ရှားလှ၍ အများပင် မှတ်သား မိကြလေသည်။

တဘန် ဃနခေါ်သော နာမ်ဘက်ဆိုင်ရာ သဘောအဖွဲ့ကိမှာ၊ ဖဿ, ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ ဤစေ တသိက် ၇-ပါးတွင်၊ တပါးပါးသော စေတသိက်နှင့်ယှဉ်၍ ထင်ရှား စွာ စိတ်ဖြစ်ပေါ်သည်ရှိသော်၊ ကြွင်းကျန်သော စေတသိက် ၆-ပါးတို့ သည် မသိသာ မထင်ရှားသော်လည်း၊ သဘောအားဖြင့် တပေါင်း တည်း ပါဝင် ပြီးစီးလေ၏။ ၎င်းစေတသိက် ၇-ပါးကို ဖြစ်အတူ, ပျက်အတူ၊ အလုံးစုံသော စိတ်တို့၌၊ အမြဲမကွာ ဆက်ဆံရောနှောသော သဘောဖြစ်၍၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟု ခေါ်ဆိုရလေသည်။

တဘန် ၎င်းစေတသိက် ၇-ပါးကို မိမိယှဉ်ရာ စိတ်တို့နှင့်မကွာမကွဲ ဘဲ၊ အတူတကွ ပူးတွဲ၍ ဖြစ်သောကြောင့်၊ ပရမတ် ခဘ်ခဲတရဟူ၍ လည်း ခေါ်ဆိုရလေ၏။ တဘန် ၎င်းစေတသိက် ၇-ပါးကိုပင်လျှင်၊ ဆိုင်ရာ စိတ်တို့နှင့် အမြဲယှဉ်လျက် မပြတ်မစဲဘဲ ခွဲခွါလို့ မရနိုင်အောင်၊ တပေါင်း တရုံး တလုံးတခဲထဲ ဖြစ်နေကြသောကြောင့်၊ ဃနဟူ၍ လည်း ခေါ်ဆိုရပြန်လေ၏။ ၎င်းစေတသိက် ၇-ပါးကို အလုံး စုံသော စိတ်တို့၌ အမြဲစပ်ယှဉ်လျက် ဆက်ဆံ နေကြ၍၊ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဟု ခေါ်ဆိုသည်မှာ၊ လွန်စွာမှ သိသာထင်ရှားလှ၍ အများ ပင် မှတ်သား မိကြလေသည်။ ။ဤကား၊ ရုပ်, နာမ် ၂-ပါးတို့၏ ဃနသဘော များကို ပြသော စကားတို့ပေတည်း။

အနတ္တဟူသော လက္ခဏာအရ၌ သဘာဝ အဓိပ္ပါယ်ကို နားလည်အောင် ပြဆိုခြင်းပြီး၏။

## အနတ္တလက္ခဏာ၌ ဃန၏ ဖောက်ခွဲဟန်ကို သိသာရန် သာဓကတို့နှင့် ရှင်းလင်းစွာ ဘွင့်ပြခြင်း

အနတ္တလက္ခဏာ၌ ဃနဖုံးလွှမ်းသည်ဆိုသော စကားများတွင်၊ ဃန ဟူသော အဓိပ္ပါယ် သဘောအရကို၊ နောက်က ပြဆိုခဲ့သော နည်းလမ်းများဖြင့်၊ ကွဲပြားရှင်းလင်းစွာ သိရှိအပ်ပေ၏။ ဃန ဖုံးလွှမ်းသည် ဆိုရာ၌လည်း၊ အခြား အထူး မဟုတ်လှပေ။ အသီးသီးဖြစ်သော ပရမတ္ထဓမ္မတို့၏ သဘာဝ ရုပ်နာမ်ကို၊ အဟုတ်အမှန် မသိမြင်ဘဲ၊ တပေါင်းတရုံး တလုံးတစည်း တခုတည်းပူးတွဲလျက်၊ တလုံ တခဲထဲဟု ထင်မှတ်နေမှုသည်၊ ဃနဖုံးလွှမ်းသည်မည်၏။

ထိုဃနကို ကွဲအောင်ခွဲမှုဟူသည်၊ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်ခြင်းဖြစ်၍၊ ပရမတ် ရုပ်နာမ်၏ဖြစ်ဟန်ကို ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်လိုက်လျှင်၊ ဃနကွဲသည်ကို သိမြင်နိုင်၏။ ဝိပဿနာဉာဏ်ဖြင့်၊ ဖြစ်ဆဲပစ္စုပ္ပန် ရုပ်နာမ်ကို မိအောင် မရှုမှတ်လျှင်၊ ဃနသဘော၏အသီးအသီး အစိတ်အစိတ်ကွဲနေသည်ကို၊ ဉာဏ်ထဲ၌ မသိမမြင် မထင်မလင်းနိုင်ပေ။ ။ ဤကား၊ ဃန ဖုံးလွှမ်းသောအချက်ကို၊ အမြွက်မျှ ပြဆိုလိုက်သောစကားပေတည်း။

ဤဆိုခဲ့ပြီးသော ဃနသဘောကို ကွဲအောင်ခွဲခြင်းမှာ၊ အထက် ဝိပဿနာရှုမှတ်ပုံကို ပြဆိုခဲ့သောအတိုင်းပင်လျှင်၊ ဖြစ်ပေါ်ဆဲအမှုအရာကို သူ့သဘောအတိုင်း ရှုမှတ်ခြင်းဖြစ်၏။ ယခုကဲ့သို့ ရှုမှတ်ခြင်းမျိုးသည်၊ ဃနကို ခွဲသည်မည်၏။ ရှုမှတ်သောအတိုင်းသာလျှင်၊ ဉာဏ်၌ သိမြင်မှုကို ဃနကွဲသည်ဟုဆိုရလေ၏။

ထိုသို့ ခွဲသည်၊ ကွဲသည် ဟုဆိုသော်လည်း၊ တွေးတောကြံစည်၍ ခွဲရသည် မဟုတ်ဘဲ၊ ပကတိ ဖြစ်ပေါ်လာသော အမှုအရာသဘောကိုသာ၊ ဖြစ်ပေါ်ဆဲ အခိုက်၌မိအောင်၊ သူ့သဘောအတိုင်း ရှုမှတ်ခြင်းကို၊ ခွဲသည်ဟု မှတ်ယူ အပ်ပေ၏။ ဃနကွဲသည် ဆိုရာ၌လည်း၊ အဝိနိဗ္ဘောဂဖြစ်သော ရုပ်ခဲတ်, နံခဲတ်သဘောတို့ တခုနှင့်တခု မရောနှော မပေါင်းစပ်ဘဲ၊ ကွဲ၍နေသည် ကွဲ၍ဖြစ်သည်ဟု မယူအပ်ပေ။

ရုပ်ခဲတ်, နာမ်ခဲတ်ဖြစ်သော၊ ပရမတ္ထတို့ဖြစ်ပေါ်ကြရာ၌ကား၊ အဝိနိဗ္ဘောဂ ဃနဟူသော သဘာဝအတိုင်း၊ အတူတကွပင်လျှင် ဖြစ်ပေါ်၍လာကြလေ၏။ ဤကဲ့သို့ ဓမ္မသဘာဝအတိုင်း ပရမတ္ထဖြစ်သော ရုပ်ခဲတ်, နာမ်ခဲတ်တို့၊ အတူတကွပင် ဖြစ်ပေါ်ကြသော်လည်း၊ ဝိပဿ

နာဉာဏ်ဖြင့် ရှုမှတ်ရာ၌ အပေါင်းအစည်းလိုက် မရှုမှတ်ဘဲ၊ ထင်ရှားရာ တခုထဲကိုသာလျှင် ခွဲ၍ရှုမှတ်လိုက်၏။ ထို့ကြောင့်၊ အသိဉာဏ်ထဲမှာ ကွဲ၍ထင်မြင် သိရှိလာလေ၏။ ဓာတ်သဘောတို့က တခု စီ မကွဲဘဲ၊ အသိဉာဏ်ထဲမှာသာ ကွဲသည်ဟုဆိုလိုပေသည်။

ဥပမာကား၊ အဖြူ,အနီ,အစိမ်း,အဝါစသော ချည်မျှင်စွာတို့ကို၊ စုပေါင်းရောယှက်၍ အကွက်ကြီး အကွက်ငယ်တို့ကိုဖေါ်လျက်၊ယက်လုပ်ထားသော ပုဆိုး, ထမိစသည်ဖြင့် ရှိလေရာ၊ ၎င်းအထည်မှာ တခုတည်းဖြစ်သော်လည်း၊ ချည်နှင့် အကွက် အဆင်မှာ၊ အမျိုးမျိုးပင် ဖြစ်လေ၏။ ထိုအထည်ကို မျက်စိမွဲသောသူမှာ၊ ချည်တမျိုးတည်း အကွက် အစင်းမမြင်ဘဲ၊ တပြင်တည်းဟု မှတ်ထင်ရလေ၏။ မျက်စိကောင်းသောသူမှာမူကား၊အထည်ကပင် တခုတည်းဖြစ်သော်လည်း၊ ချည်အမျိုးမျိုး အကွက် အဆင် အမျိုးမျိုး ရှိနေသည်ကို၊ ဒိဋ္ဌပင်လျှင် တွေ့မြင်နိုင်ပေ၏။ ဤဥပမာကို ထောက်ဆ၍ နောက်က ပြခဲ့သော အဓိပ္ပါယ်သဘောကို၊ နှိုင်းယှဉ်၍ သိမြင်သင့်လှပေတော့သည်။ ॥ဤ

**ကား၊ ဃန သဘောတို့၏ ခွဲပုံ ကွဲပုံကို၊ သိသာရုံ ပြဆိုလိုက်သော စကားတို့ပေတည်း။**

အထက်ပါစကားအရဖြင့် ဖြစ်ပေါ်ဆဲ အမှုအရာတို့ကို ရှုမှတ်ရုံနှင့် ဃနသဘော ကွဲသည်ဆိုရာ၌၊ ထင်ရှားစွာ ပြဆိုပေအံ့။ ထိုကွဲသော ဃနသည်၊ ရုပ်ဃန,နာမ်ဃနဟူ၍ ၂-ပါးအပြားရှိ၏။ ၎င်းဃန ၂-ပါးတို့တွင်၊ ဥာဏ်နှင့်စပ်၍ အာရုံကိုရှုမှတ်သော၊ ရုပ်ဃန ဓာတ်သဘောတို့ကို ပြဆိုရာ၏။ ထိုရုပ်ဃနဖြစ်သော ဓာတ်သဘောတို့တွင်၊ မျက်စိဖြင့် မြင်သောအခါ၊ မြင်တယ်ဟု ရှုမှတ်လိုက်သျှင်၊ မြင်ခါမျှဖြစ်သော ဓာတ်သဘောကို သိလိုက်သဖြင့်၊ ဃနခေါ်သော အစိုင်အခဲတို့ အစိတ်စိတ် ကွဲသွားလေသည်။

ကွဲသွားပုံမှာ၊ စက္ခုပသာဒခေါ်သော မျက်စိနှင့်၊ ဝဏ္ဏခေါ်သော အဆင်းတို့ ထိခိုက်သဖြင့်၊ စက္ခုဝိညာဏ်ခေါ်သော မြင်ခြင်းဖြစ်ပေါ်ရာ၌၊ အဆင်းကို အာရုံပြု၍၊ မြင်တယ်ဟု ရှုမှတ်သဖြင့်၊ အဆင်းရုပ် ဝဏ္ဏဓာတ်ဖြစ်ပေါ်သည်မည်၏။ ဤသို့အဆင်းရုပ် ဝဏ္ဏဓာတ် ဖြစ်ပေါ်သောအခါ၌၊ အဋ္ဌကလာပ်ရုပ်တွင် ပါဝင်သော၊ ပထဝီ, အာပေါ, တေဇော, ဝါယော, ဂန္ဓ, ရသ, ဩဇာ-ဟူသော ရုပ်ဓာတ် ၇-ပါးတို့သည်လည်း။ အဝိနိဗ္ဘောဂ၏သဘာဝအတိုင်း မကွဲမကွာဘဲ၊ အတူတကွပင်လျှင် ပါဝင်ပြီးစီးသွားကြလေသည်။

ဤသို့ပင်၊ အဆင်းရုပ် ဝဏ္ဏခါတ် ဖြစ်ပေါ်ရာ၌၊ ရုပ်ဓါတ် ၈-ပါး လုံး ပါဝင်သော်လည်း၊ မှတ်သောအခါမှာ မြင်အပ်သော ဝဏ္ဏဓါတ် ကိုသာ မှတ်သဖြင့်၊ ဝဏ္ဏဓါတ်တခုသာလျှင် ဉာဏ်၌ထင်မြင်သိရှိနိုင်၏။ ကြွင်းသော ဓါတ် ၇-ပါးတို့မှာ၊အတူတကွ ဖြစ်ပေါ်လာသော်လည်း၊ အမှတ် မပြုသဖြင့် ဉာဏ်၌မသိမြင် မထင်ရှားပေ။ သဘောမှာ၊ အဆင်းရုပ် ဝဏ္ဏဓါတ်ဖြစ်ပေါ်ရာ၌၊ ၎င်းဝဏ္ဏဓါတ် ထင်ရှား လွန်ကဲ သော အဓိကဖြစ်၍၊ ကြွင်းသောရုပ်ဓါတ် ၇-ပါးဘို့ မထင်ရှားဘဲ၊ နှုန်းသည်ဟုဆိုလိုရင်းပေတည်း။

ဤကဲ့သို့ ဝဏ္ဏဓါတ်လွန်ကဲ၍ အဆင်းရုပ် ဖြစ်ပေါ်ရာ၌၊ မြင်ခိုက် တွင် မြင်တယ်ဟု မှတ်လိုက်သောအခါ၊ အဆင်းဝဏ္ဏဓါတ် တခုသာ လျှင် အသိဉာဏ်မှာပေါ်၍၊ ကြွင်းသောရုပ် ၇-ပါးဘို့ အသိဉာဏ်၌ မပေါ်ခြင်းကိုပင်လျှင်၊ ရုပ်ဓါတ် ရုပ်ဃနတို့၏ အစိုင်အခဲ အစိတ်စိတ် ကွဲသည်ဟု ခေါ်ဆိုရလေတော့သည်။

ဤသို့ဓါတ်သဘော၊ အသီး အခြားကွဲသွားသည်ရှိသော်၊ မြင်ခြင်း သဘော၌ အသုံးမကျ အချည်းနှီးသာဖြစ်သည်ဟု ဉာဏ်တွင် ပေါ် လာ၏။ ထိုကဲ့သို့ အသုံးမကျ အချည်းနှီးဟု ဉာဏ်၌ မြင်ခြင်းမျိုးကို ပင်လျှင်၊ အနတ္တသဘော ပေါ်သည်ဟု ခေါ်ဆိုရလေ၏။ ကြွင်းသော ဓါတ်တို့၌လည်း နည်းတူပင်မှတ်ယူကြပါလေ။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောသွားကို ရှတ်တရက် မကွဲပြား သေးပါက၊ အဘန်ဘန် ဘတ်ရှုစဉ်းစားလျှင်၊ ထင်ရှားစွာ သိမြင် ထင်လင်း၍လာကြပါလိမ့်မည်။ ။ဤကား၊ အဆင်းရုပ် ဝဏ္ဏ လွန်ကဲ သော ဓါတ်အစု၌၊ ဃနကွဲမှုကို ပြဆိုသောစကားပေတည်း။

ယခုပြဆိုခဲ့သော အဆင်းရုပ် ဝဏ္ဏလွန်ကဲသော ဓါတ်အစု၌၊ ဃန ကွဲမှု၏သဘောအဓိပ္ပါယ်ကို နားလည်ကွဲပြား၍ မှတ်သား သိရှိပါလျှင် လည်း၊ ကြွင်းသောရုပ်ဓါတ်တို့၏ ဃနကွဲမှုသဘောများကို၊ ထင်ရှား စွာ သိမြင်ပွင့်လင်း၍ လာကြပေလိမ့်မည်။ ထို့ကြောင့်၊ ကြွင်းသော ရုပ်ဓါတ်အစုတို့၏ ဃနကွဲမှုများကို၊ အကျဉ်းအားဖြင့် သာလျှင် မှတ် သားရန် ပြဆိုပေအံ့။

နံ့သောအခိုက်၌၊ နံ့တယ်ဟု မှတ်လျှင်၊ နံ့တာကိုပင် သိ၏။နံ့တယ်ဟု မှတ်ရာ၌၊ ဂန္ဓာရုံ အနံ့ကိုသာ အာရုံပြုသဖြင့်၊ အနံ့ဟူသော ဂန္ဓဓါတ် တခုသာလျှင် အသိဉာဏ်တွင်ပေါ်၏။ ကြွင်းသော ရုပ်ဓါတ် ၇-ပါး

တို့သည်၊ အနံ့-ရုပ်ဟူသော ဂန္ဓခေတ်ဖြစ်ပေါ်ရာ၌၊ အတူတကွပါကြသော်လည်း၊ ထိုခေတ် ၇-ပါးတို့ကို အမှတ်မပြု၍ အသိဉာဏ်၌မပေါ်။ ဤသို့အနံ့ရုပ် ဂန္ဓခေတ်ဖြစ်ပေါ်ရာ၌၊ နံ့သောအခိုက်တွင်၊ နံ့တယ်ဟူ၍သာ မှတ်သဖြင့်၊ နံ့တာတခုကိုသာ သိ၍၊ ရုပ်ခေတ် ၇-ပါးတို့ကို မသိခြင်းသည်၊ ဃနကွဲသည်မည်၏။ သဘောမှာ၊ အနံ့ရုပ် ဂန္ဓခေတ်ဖြစ်ပေါ်ရာ၌၊ ၎င်းဂန္ဓခေတ် ထင်ရှားလွန်ကဲသော အဓိကဖြစ်၍၊ ကြွင်းသော ရုပ်ခေတ် ၇-ပါးတို့ မသိသာမထင်ရှားဘဲ၊ နှုန့်သည်ဟုဆိုလိုပေသတည်း။

အထက်တွင် ပြဆိုခဲ့သော၊ အဆင်းရုပ်, အနံ့ရုပ်ဟူသော၊ ဝဏ္ဏခေတ်, ဂန္ဓခေတ်တို့၌ ဃနသဘော ကွဲသကဲ့သို့။ ထို့အတူပင်လျှင်၊ မဟာဘုတ် ခေါ်သော ခေတ်ကြီး ၄-ပါးတို့တွင်၊ ပူသော အခိုက်၌၊ ပူတယ်ဟုမှတ်လျှင်၊ ပူတာကိုပင် သိ၏။ ကြွင်းသော သဘောများကို မသိပေ။ ပူခြင်းဟူသည်၊ ဥဏှတေဇော ခေါ်သော ရုပ်ခေတ်ဖြစ်၏။ ဤဥဏှ တေဇောခေါ်သော ရုပ်ခေတ်ဖြစ်ပေါ်ရာ၌၊ ပထဝီ, အာပေါ, ဝါယော စသော၊ ရုပ်ခေတ် ၇-ပါးဘို့လည်း ပါဝင်၏။ ထိုသို့ ပါဝင်ဖြစ်လာသော်လည်း၊ ပူသော သဘောတခုကိုသာ မှတ်၍၊ ပူခါမျှကိုသာ သိရှိလေသည်။

ထို့အတူ၊ အေးသောအခိုက်၌၊ အေးတယ် မှတ်လျှင်၊ အေးတာကိုပင်သိ၏။ ကြွင်းသောသဘောကို မသိပေ။ အေးခြင်းဟူသည်၊ သီတတေဇောဖြစ်၏။ ၎င်းသီတတေဇောခေါ်သော ရုပ်ခေတ်ဖြစ်ပေါ်ရာ၌၊ တပါးသော ရုပ်ခေတ်တို့လည်း ပါဝင်၏။ ထိုသို့ ပါဝင်ဖြစ်လာသော်လည်း၊ အေးသောသဘော တခုကိုသာမှတ်၍၊ အေးခါမျှ ကိုသာသိလေ၏။ တပါးသော သဘောကိုမမှတ်၍၊ အသိဉာဏ်၌ မပေါ်ပေ။ ဤသို့အပူ, အအေး ဟူသော တေဇောခေတ်သဘောသာလျှင် ဉာဏ်၌ထင်၍၊ တပါးသော ခေတ်တို့ ဉာဏ်၌ မထင်ခြင်းမျိုး ကိုပင်လျှင်၊ ဃနကွဲသည်ဟု ဆိုရလေတော့၏။

သဘောမှာမူကား၊ အပူ,အအေး ဖြစ်ပေါ်ရာ၌၊ တေဇော ခေတ်လွန်ကဲ ထင်ရှားသော အဓိကဖြစ်၍၊ ထိုအခိုက်တွင် ၇-ပါးသော ခေတ်တို့ မသိသာမထင်ရှားဘဲ၊ နှုန့်သည်ဟု ဆိုရလေ၏။ ဤသို့ထင်ရှားသော ရုပ်ခေတ်ဘို့၏ ဃနသဘောကို ပြလိုက်သဖြင့်၊ ကြွင်းသော ခေတ်တို့ လွန်ကဲထင်ရှားရာ၌လည်း၊ ဃန၏သဘောသွားကို၊ ကွဲပြား

ရာ၌လည်း၊ ဃာန၏ သဘောသွားကို၊ ကွဲပြားအောင် သိမြင်ကြပါလေ။ ဤကား၊ အနံ့, အပုပ်, အအေးစသည်တို့ လွန်ကဲသော ဓာတ်အစု၌၊ ဃာနကွဲမှုကို ပြဆိုသော စကားပေတည်း။

နာမ် ဃာနကွဲပြားရာ၌ မှတ်သားရန် အချက်မှာ၊ တွေ့လျှင် တွေ့တယ် မှတ်သဖြင့်၊ တွေ့တာကိုပင် သိ၏။ တွေ့ခြင်း ဟူသည်၊ ဖဿ သဘော ဖြစ်၏။ ဤကဲ့သို့ ဖဿ ဖြစ်သည် ရှိသော်၊ ဝေဒနာ, သညာ, စေတနာ, ဧကဂ္ဂတာ, ဇီဝိတိန္ဒြိယ, မနသိကာရ-ဟူသော စေတသိက် ၆-ပါးတို့ သည်လည်း၊ သဗ္ဗစိတ္တသာဓာရဏတို့၏ သဘော အတိုင်းပင်လျှင်၊ အလုံးစုံ ပါဝင်ဖြစ်ပေါ်ကြရကုန်၏။ စပ်ဆိုင်ရာစိတ်များလည်း မကင်း ကြပေ။ သို့သော်၊ သိသာ ထင်ရှားရာကိုသာ မှတ်သား လွယ်ကူ၍၊ သဘော အယူအဆ မနိုင်စေရန်ဖြင့်၊ စေတသိက်ကိုသာ ဝေဘန်၍ ပြဆိုလိုက်ပေသည်။

ယခုပြဆိုခဲ့သောအဓိပ္ပါယ်အရ၊ စေတသိက် ၇-ပါးလုံး ဖြစ်ပေါ်ရာ၌၊ တွေ့ခြင်း သဘောဖြစ်သော ဖဿကိုသာ မှတ်၍၊ ဖဿကိုပင် သိ၏။ ဝေဒနာ စသော သဘောတို့ ပါဝင်သော်လည်း၊ ၎င်းတို့ကို အမှတ် မပြုသဖြင့်၊ အသိဉာဏ်၌ မထင်ရှားပေ။ ဤသို့ အတူတကွ ဖြစ်သော စေတသိက် နာမ်ဓာတ်တို့တွင်၊ ဖဿ တခုကိုသာ သိ၍၊ ကြွင်း ၆-ပါး ကို မသိဘဲ၊ ကြွင်းကျန်နေခဲ့ခြင်း သဘောမျိုးသည်ပင်လျှင်၊ နာမ် ဃာန ကွဲသည်မည်၏။ ဤသို့ ဓာတ်သဘော အသီးအခြား ကွဲသွားသည် ရှိသော်၊ တွေ့ခြင်းသဘော၌၊ အသုံးမကျ အချည်းနှီးသာ ဖြစ်သည်ဟု ဉာဏ်တွင် ပေါ်လာ၏။ ထိုသို့ အသုံးမကျ အချည်းနှီးဟု ဉာဏ်၌ ထင် မြင်ခြင်းမျိုးကိုပင်လျှင်၊ အနတ္တ သဘောပေါ်သည်ဟု ခေါ်ဆိုရလေ၏။ ကြွင်းသော ဓာတ်တို့၌လည်း၊ နည်းတူ မှတ်ပါလေ။ သဘောမှာ၊ တွေ့ခြင်း ဖြစ်ရာ၌၊ ဖဿ စေတသိက် တခုသာလျှင်၊ ထင်ရှားလွန်ကဲ သော အဓိကဖြစ်၍၊ ကြွင်း ၆-ပါးမှာ အတူပါသော်လည်း၊ မသိသာ မထင်ရှားဘဲ၊ နုန့်သည်ဟု ဆိုလိုပေသည်။

ထို့အတူပင်လျှင်၊ ချမ်းသာခြင်း, ဆင်းရဲခြင်း ဖြစ်ရာ၌၊ ချမ်းသာ လျှင် ချမ်းသာတယ်၊ ဆင်းရဲလျှင် ဆင်းရဲတယ်ဟု မှတ်သည်ရှိသော်၊ ချမ်းသာခြင်း, ဆင်းရဲခြင်း သဘောမျှကိုသာ သိ၏။ အခြားသော သဘောများကို မသိပေ။ ချမ်းသာခြင်း, ဆင်းရဲခြင်းဟူသည်၊ သုခ, ဒုက္ခဟူသော ဝေဒနာသဘောဖြစ်၏။ ဤသို့ ဝေဒနာဖြစ်ရာ၌၊ ဖဿ

သညာ၁ စသောသဘော၁ဘို့လည်း အတူတကွဖြစ်ကြ၏။ ထိုသို့ စေတသိက် ၇-ပါးတို့ အတူတကွ ဖြစ်လျက်၊ ဝေဒနာ တခုကိုသာ သိ၍ ၆-ပါးကို မသိလိုက်ဘဲ၊ ကြွင်းကျန်၍နေခြင်းသည်ပင်လျှင်၊ နာမ်ဃန ကွဲသည်မည်၏။

သဘောမှာမူကား၊ ချမ်းသာခြင်း, ဆင်းရဲခြင်း ဖြစ်ရာ၌၊ ဝေဒနာ သဘောသည်၊ ဦးစီးခေါင်းဆောင်သွား ထင်ရှား လွန်ကဲသော အဓိကဖြစ်၍၊ ကြွင်းကျန်သော ၆-ပါးမှာ ဖြစ်ရာ၌အတူပါသော်လည်း၊ မထင်ရှား မသိသာဘဲ၊ နောက်လိုက်နောက်ပါ သဘောမျိုးကဲ့သို့ဖြစ်၍၊ နူးနှံ့သည်ဟု ဆိုလိုပေ၏။ ဤအထက်ပါ၊ ဖဿစသော သဘောများကို၊ အောက်၌ ဘော်ပြထားသော ပါဠိတော်အသွားဖြင့်၊ ကွဲပြားအောင် မှတ်သား သိရှိကြပါလေ။ ။ဤကား၊ ဖဿ,ဝေဒနာတို့ လွန်ကဲသော ဓာတ်အစုဠ်၊ ဃန ကွဲမှုကို ပြဆိုသောစကားပေတည်း။

စက္ခုဉ္စ ပဋိစ္စ ရူပေစ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။
တိဏ္ဏံ သင်္ဂတိ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ။
(သံယုတ်ပါဠိတော်)

စက္ခုဉ္စ၊ မျက်စိ ပသာဒကိုရင်း။ ရူပေစ၊ အဆင်းတို့ကိုရင်း။ ပဋိစ္စ၊ စွဲ၍။ စက္ခုဝိညာဏံ၊ မြင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တိဏ္ဏံ မျက်စိ, အဆင်း,မြင်ခြင်း ၃-ပါး တို့ ၏။ သင်္ဂတိ၊ တွေ့ဆုံ ပေါင်းမိခြင်းသည်။ ဖဿော၊ ဖဿမည်၏။ ဖဿပစ္စယာ၊ တွေ့ဆုံပေါင်းမိခြင်းကြောင့်။ ဝေဒနာ၊ချမ်းသာ, ဆင်းရဲသောသဘောကို ခံစားခြင်း ဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ အသစ်ထပ်ခါ ဖြစ်ပေါ်၍လာခဲ့လေ၏။

ဤသို့ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော်ဒေသနာနှင့်၊ ဥပမာ,ဥပမေယျ အဓိပ္ပါယ်အယူအဆနည်းများကို၊ အသီးသီးသော လက္ခဏာတို့တွင်၊ သညာ,စေတနာ စသောဘရားတို့၏ ထင်ရှားလွန်ကဲသော အဓိက ဖြစ်ပုံ၊ မထင်ရှားမသိသာဘဲ နောက်လိုက်နောက်ပါကဲ့သို့ဖြစ်၍ ဓာတ်သဘောတို့ အားသေး နူးနှံ့နေပုံ၊ နာမ် ဃနကွဲပုံ၊ အနတ္တပေါ်ပုံ အလုံးစုံကို၊ အကုန်အစင် စပ်မိအောင် နှိုင်းယှဉ်၍၊ ဉာဏ်အမြင် သန့်ရှင်းလျက်၊ အနတ္တ သဘောရင်းကို၊ ထင်လင်းစွာ ဘောက်ထွင်း၍၊ယုံမှားခြင်း ကင်းသင့်ကြပေသတည်း။

ထိုသို့ယုံမှားကင် ၍၊ ယထာဘူတဖြစ်သော သဘာဝ နည်းလမ်း မှန်သည်ဟု၊ ကေန်ယုံကြည်သော စိတ်ထားဖြင့်၊ ဘုံသုံးပါး၌ ဖြစ်သမျှ

ကို၊အသုံးမကျ အလဟာသ အချည်းနှီးသာဖြစ်သော၊ အနတ္တသဘော တရားကို ထင်ရှားစွာတွေ့မြင်၍၊ မဂ်ဖိုလ်နိဗ္ဗာန်သို့ အလျှင်အမြန် ဝင်ရောက်၍၊ ဒုက္ခခပ်သိမ်းတို့မှ လွတ်မြောက်ကင်းကွာသော၊ သန္တိသုခ ချမ်းသာများကို ခံစားစံစားနိုင်ကြစေရန်၊ ဖြစ်ပေါ်ဆဲ ပစ္စုပ္ပန်ဆတ်ဆတ်ဖြစ်သော၊ ပရမတ် ရုပ်နာမ် အမူအရာဟူသမျှ၌၊တစုံတခုမှ မလစ်မလပ်စေဘဲ၊ အစဉ်မပြတ် အထပ်ထပ်ဖြင့်၊ ရှုမှတ် အားထုတ်နိုင်ကြပါစေကုန်သတည်း။ ။ဤကား၊ နာမ်ခေတ်၏ သဘောဖြစ်ပုံကို၊ အလုံးစုံ ပေါင်းရုံး ထုတ်နှုတ်၍၊ အကျဉ်းချုပ် ပြဆိုလိုက်သောစကားပေတည်း။

အနတ္တသဘာဝ၌ ဃနဏ်ဘောက်ခွဲဟန်ကို သိသာရန်သာဓက တို့နှင့် ရှင်းလင်းစွာဘွင့်ပြခြင်းပြီး၏။

---

**သဘာဝတရားတို့၏ အမှားအမှန်စသည်ကိုပြဆိုရာ**

# ပရမတ္ထ ကဏ္ဍ

## ပရမတ်နှင့် ပညတ်တရား ၂-ပါးတို့၌ မှတ်သားရန် သဘောအနေကို ခွဲဝေ၍ပြဆိုခြင်း

ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်မှု ဟူသည်ကား၊ လိုရင်း သဘောအချုပ်မှာမူ၊ ပညတ်တရားတို့ ကိမ်မြုပ်ကွယ်ပျောက်၍၊ ပရမတ်တရားတို့ ပေါ်ပေါက်ဖြစ်ထွန်းလာအောင် ကျင့်ဆောင် ပြုလုပ်ရခြင်းဖြစ်၏။ ထို့ကြောင့်၊ ယခုအခါ ပရမတ်နှင့် ပညတ်တရားတို့၏ သဘောသွားကို၊ လူပိန်းများတို့ပင်လျှင် မှတ်သားသိရှိ နိုင်ကြစေရန်၊ ဝေဘန်ပိုင်းခြား၍ ရှင်းလင်းထင်ရှားစွာ ပြဆိုရေးသားပေအံ့။

ပရမတ်ဟူရာ၌၊အမူအရာသဘောမျှသာ ဖြစ်ကြောင်းကို၊နောက်က ပြဆိုခဲ့ပြီးသော အဓိပ္ပါယ်သွားတို့ဖြင့် မှတ်သားသိရှိအပ်ပေ၏။ပညတ်ဟူသည်ကား၊ နာမပညတ်, သမူဟပညတ်, သန္တတိပညတ်, သဏ္ဌာန ပညတ်ဟူ၍၊ ထင်ရှားရာ ၄-ပါးမျှ မှတ်သားအပ်၏။ ထို ၄-ပါးတို့ တွင်၊ ခေါ်ဝေါ်ပြောကြားသော အမည်သညာများသည်၊ နာမပညတ် မည်၏။ တခုစီ မကွဲမပြားဘဲ၊တသားတည်းပေါင်းစုနေသော သဘော သည်၊ သမူဟပညတ်မည်၏။ အစဉ်မပြတ်ဘဲ၊ ရှေ့နောက် ဆက်စပ် နေသော သဘောများသည်၊ သန္တတိပညတ်မည်၏။ လုံးစု ပေါင်း စည်း၍၊ အကြီး, အငယ်, အတို, အရှည်, အလုံး, အပြား, အပိုင်း,

အထောင့် စသောအားဖြင့်၊ ထင်ရှားပေါ်လွင်သော အထည်ဒြပ်များသည်၊ သဏ္ဍာနပညတ်မည်၏။

ရင်းပညတ် ၄-ပါးသည်၊ လောက၌ ခေါ်ဝေါ် မှတ်သားလွယ်ရန် သမုတ်၍ထားအပ်သောကြောင့်၊ ၄-ပါးလုံးပေါင်းစပ်၍ တခုတည်း ခေါ်ဆိုအပ်သည်ရှိသော်၊ သမုတိပညတ်မည်၏။ ဤသမုတိပညတ်မျိုး ကင်းပြတ်၍၊ ပရမတ်ခတ် ပေါ်လွင်ထင်ရှားနိုင်အောင်၊ ဝိပဿနာတရားကို ပွားများရှုမှတ်ရလေသည်။ ။ဤကား၊ ပရမတ်, ပညတ် တို့၏ သဘောမျှကို ပြဆိုခြင်းပေတည်း။

ထိုဆိုအပ်ခဲ့ပြီးသော ပရမတ်,ပညတ်တို့၏ သဘောသွားး၌၊ သိသာထင်ရှား ကွဲပြားနားလည်ရန်မှာ၊ စားသောအခါ သောက်သောအခါ တို့၌၊ ဝိပဿနာ ရှုမှတ်ပုံနည်းကို၊ မဟာသတိပဋ္ဌာန် ပါဠိတော်ကြီး၌၊ အသိတေ ပိတေ သမ္ပဇာနကာရီ ဟောတိ။-ဤသို့ဟောတော်မူသဖြင့်၊ စားလျှင် စားတယ် သိ၊သောက်လျှင် သောက်တယ် သိ-ဟု၊ အဓိပ္ပါယ် လာရှိပေသည်။

ဤသို့နိဗ္ဗာနဂမဂ္ဂဒီပနီကျမ်းတွင်၊ဝိပဿနာရှုမှတ်ရန် အခဏ်း၌၊ထမင်း တလုပ်စား အခါ၌ပင်၊ငါးပိ,အတို့,ဟင်းရေသောက်နှင့် စားရာတွင်၊ အကြမ်းအားဖြင့် အမှတ်ပေါင်း ၅၀-ကျော် ရှိပေ၏။ ဤသို့ ထမင်း တလုပ်စား အတွင်း၌၊ အမှတ်ပေါင်း ၅၀-ကျော် ရှိသဖြင့်၊ ထိုထမင်း တလုပ်စား အတွင်း၌၊ဖြစ်ပေါ်သော အမူအရာအကြိမ်ပေါင်းလည်း၊ ၅၀-ကျော်ပင်ရှိလေသည်။

ယခုလို ထမင်းတလုပ်စား အတွင်း၌၊ အမူအရာ အကြိမ်ပေါင်း ၅၀-ကျော်ဖြစ်ပေါ်၍၊ဖြစ်ပေါ်တိုင်းသောအမူအရာကို အမှတ်ရသဖြင့်၊ ထမင်းတလုပ်စား အတွင်း၌၊ မှတ်သော အကြိမ်ပေါင်း ၅၀-ကျော် ဖြစ်ပါလျှင်၊ထမင်းတထိုင်စား အတွင်း၌၊ထမင်းဆယ်လုပ် စားခဲ့သော်၊ ဖြစ်ပေါ်သော အမူအရာ အကြိမ်ပေါင်း ၅၀၀-ကျော် ဖြစ်၍၊ မှတ်ရသော အကြိမ်ပေါင်းလည်း၊ ထမင်းတထိုင်စား အတွင်း၌၊ ၅၀၀-ကျော်ပင် ရှိလေသည်။ ။ဤကား၊ ဝိပဿနာ အလုပ်သဘောကို ပြဆိုခြင်းပေတည်း။

ဤနေရာ၌ ပါဠိတော်တွင်၊ အသိတေ ပိတေ သမ္ပဇာနကာရီ ဟောတိ။ စားလျှင် စားတယ် သိ၊ သောက်လျှင် သောက်တယ် သိ-ဟု၊ သာမညအနည်းငယ်မျှဖြစ်ပါလျက်၊ ထမင်းတလုပ်စား အတွင်း

မှာပင်၊ အကြိမ်ပေါင်း ၅၀-ကျော် ဖြစ်၍၊ အကြိမ်ပေါင်း ၅၀-ကျော် မှတ်ရသည်ဆိုခြင်းမှာ၊ ပါဠိတော်နှင့်မညီဟု မှတ်ထင်ရန် ရှိနေပေ၏။ သို့သော်၊ ဤပါဠိတော်အရကို နည်းပြမျှသာ ဖြစ်သော အပေါင်းကို ဆို၏။ ဤကျမ်း၌ပါသောအဓိပ္ပါယ်ကို၊ အားထုတ်ရန် အစိတ်ကိုဆို သည်ဟု မှတ်ယူပါလျှင်၊ အညီအမျှပင်ဖြစ်လေတော့သည်။

ဥပမာအားဖြင့်ကား၊မန္တလေးမြို့ ရန်ကုန်မြို့များကိုသိသည် ဆိုရာ၌၊ သာမညဖြစ်သော မြို့များကိုသိရုံနှင့်၊ မြို့တွင်းရှိကိစ္စများကို ပြီးစီးအောင် မပြုလုပ်တတ်ပေ။ ရပ်ကွက်၏ အပိုင်းစခမ်း၊ သွားလမ်းလာလမ်း၏ ဒေသ၊ အလိုရှိသော ပုဂ္ဂိုလ် ၄ တို့ စသည်တို့၏ တည်ရာဌာနများကို သိမှ၊ ကိစ္စပြီးစီးအောင် ရွက်ဆောင်နိုင်လေ၏။ ဤဥပမာဖြင့်၊ ဥပမေယျဖြစ်သော တရားသဘောတို့ကို၊ နှိုးနှောစပ်ယှဉ်၍ ဉာဏ်အမြင် ပွင့်လင်းကြပါလေ။ ။ဤကား၊ ပါဠိတော်အလာကို၊ ဥပမာဖြင့် ပြဆိုခြင်းပေတည်း။

ယခုပြဆိုခဲ့သော ပါဠိတော်စကားနှင့် ဥပမာများအရ၊ အစိတ် အစိတ် ဖြစ်ဟန်ကိုယူဆသော သဘောသွားသည်၊ ပါဠိတော် အဋ္ဌကထာများ၌ မလာမရှိဘဲ၊ ကျမ်းဆရာ၏ အနတ္တနောမတိ အနေမျှသာ ဖြစ်လေသလောဟု၊ တွေးတောမှတ်ထင်ခြင်း ကင်းရှင်းစေရန်၊ မဟာ သတိပဋ္ဌာန် ပါဠိတော်ရင်းဖြင့်၊ ထင်လင်းစွာ ထုတ်ဆောင်ပြဆိုပေအံ့။

ယထာယထာ ဝါပနဿ ကာယော ပဏိဟိတော
ဟောတိ၊ တထာ တထာ နံ ပဇာနာတိ။

(ဣရိယာပထ ပဗ္ဗ၊ မဟာသတိပဋ္ဌာနသုတ် ပါဠိတော်)

ဝါပန၊ ကြီးမားထင်ရှားသော ဣရိယာပုထ်မှ တပါး၊ သေးငယ် သော ဣရိယာပုထ်တို့၏ သဘောများကို ဆိုဦးအံ့။ ယထာယထာ၊ အကြင်အကြင်သို့သော အခြင်းအရာအားဖြင့်။ အဿ၊ ထိုယောဂီ ပုဂ္ဂိုလ်၏။ ကာယော၊ ခန္ဓာကိုယ်ကို။ ပဏိဟိတော၊ အမျိုးမျိုး အစား စားအားဖြင့် ပြုပြင်ပြောင်းလဲ၍ထားသည်။ ဟောတိ၊ ဖြစ်၏။ တထာ တထာ၊ ထိုထိုသို့သော အခြင်းအရာအားဖြင့်။ နံ ကာယံ၊ ထိုပြုပြင် ပြောင်းလဲ ဖြစ်ပေါ်ဆဲခန္ဓာကိုယ် အမူအရာသဘောဟူသမျှကို။ ပဇာနာ တိ၊ မကြီစည် မတွေးတောဘဲ သူ့သဘောအတိုင်း သိအောင် ရှုမှတ်၏။

ဤသို့လာရှိသော ပါဠိတော်၏စကားကို၊ မှတ်သားကြည့်ရှု သတိပြု ဆင်ခြင်မိကြပါလျှင်၊ အထက်တွင်ပြဆိုခဲ့သော အဓိပ္ပါယ်သဘောသွား

နှင့်၊ ဝိပဿနာ လုပ်ငန်းများကို ယုံမှားခြင်း သံသယနှင့်၊ စိတ်ဒွိဟ ကင်းရှင်း၍ ဉာဏ်အမြင်ပွင့်လင်း သိရှိအပ်လှပေတော့သည်။ ။ဤကား၊ ယုံကြည်ရန် ပါဠိတော်ရင်းကို၊ ထည့်သွင်း၍ ပြဆိုလိုက်ခြင်းပေတည်း။

ဤအထက်တွင် ပြဆိုခဲ့သော ပါဠိတော် စကားနှင့်၊ အဓိပ္ပါယ် သဘောသွားများအရ၊ ဝိပဿနာတရားကို အားထုတ်မှု ပွားများမှု ရှုမှတ်မှုဟူသည်၊ စားသောက်သောအခါများ၌၊ စားတယ် သောက် တယ်ဟု သိအောင်မှတ်ခြင်းဖြစ်၏။ တပါးသော အမူအရာတို့၌လည်း၊ ထိုအတူပင်လျှင်၊ ဖြစ်ပေါ်သော သူ့သဘောအတိုင်းကို၊ သိအောင် မှတ်ခြင်းတို့ပေတည်း။

ဤနေရာ၌ ဝိပဿနာကို အားမထုတ်သော သူတို့သည်လည်း၊ စားသောက်သည်ကို၊ စားတယ် သောက်တယ်ဟု၊ သိသည်ပင် မဟုတ် လောဟူမူ၊ သိသည်ကား မှန်၏။ သို့သော်လည်း၊ အားမထုတ်သော သူတို့မှာ၊ ပညတ်မျှလောက်တွင် သိနိုင်လေ၏။ ပရမတ်ကို မိအောင် မသိနိုင်ကြပေ။ အားထုတ်သောသူမှာမူကား၊ ပညတ်ကို ဘောက်ထွင်း ကျော်လွန်၍၊ ပရမတ်သဘောသို့ ထိအောင် မိအောင်၊ သိရှိနိုင်ကြ သည်ဟူ၍ မှတ်ယူအပ်ပေသည်။ ။ဤကား၊ အားထုတ်သူ, အားမထုတ်သူ တို့၏သဘောကို၊ ပြဆိုခြင်းပေတည်း၊

ထိုအားထုတ်သူ, အားမထုတ်သူ ၂-ယောက်တို့၏၊ ပရမတ်သိ, ပညတ်သိ ၂-မျိုး, ၂-စားအားဖြင့် သိသာခြားနား၍ကွဲပြား ထင်ရှား ပုံမှာ၊အားထုတ်သောသူသည် ထမင်းစားသောအခါ၊ လက်ကြွလျှင် ကြွတယ်ဟူ၍သာ မှတ်သဖြင့်၊ကြွခါမျှ သဘောကိုသာ သိ၏။ လက်ဟူ သော အမည်ကိုမမှတ်၍ မသိပေ။ ထမင်းကို ကိုင်သောအခါ၊ ကိုင်တယ် ဟူ၍ မှတ်သဖြင့်၊ ကိုင်ခါမျှ သဘောကိုသာ သိ၏၊ ထမင်းဟူသော အမည်ကို မမှတ်၍ မသိပေ။ ဤနည်းကိုမှီ၍ အလုံးစုံသော အမူအရာ ပရမတ်သဘောနှင့်၊ အမည်သညာ ပညတ်တို့သဘောများကို မှတ် သားသိရှိကြပါလေ။

ဝိပဿနာအလုပ်ကို အားမထုတ်သောသူသည်၊ လက် ကြွသော အခါ၊ ကြွတယ်ဟု မမှတ်၍၊ ကြွခါမျှဖြစ်သော ပရမတ် သဘောကို မသိ၊ ပကတိခေါ်ဝေါ် မှတ်ထင်နေသည့်၊ လက်ဟူသော အမည်ပညတ် မပျောက်ပေ။ ထမင်းကို ကိုင်သောအခါ၊ ကိုင်တယ်ဟု မမှတ်၍၊ ကိုင် ခါမျှဖြစ်သော ပရမတ်သဘောကို မသိ၊ ပကတိခေါ်ဝေါ် မှတ်ထင်နေ

သည့်၊ ထမင်းဟူသော အမည်ပညတ် မပျောက်ပေ။ ဤသို့စသည်ဖြင့် အလုံးစုံသောအမှုအရာ ပရမတ်သဘောနှင့်၊အမည်ပညတ်တို့ သဘောများကို မှတ်သားသိရှိကြပါလေ။ ။ဤကား၊ ပရမတ်,ပညတ်တို့၏အသိ၂-မျိုးကို ပြဆိုခြင်းပေတည်း။

အဓိပ္ပါယ်သဘောများမှာ၊အားထုတ်သောသူသည်၊ ထမင်းတလုပ်စား အတွင်း၌၊ အမှတ်ပေါင်းအကြိမ် ၅၀-ဖြစ်၍၊ ထမင်းဆယ်လုပ်စား၌၊အမှတ်ပေါင်း အကြိမ် ၅၀၀-ဖြစ်လေ၏။ဤသို့ အစိတ် အစိတ် ပရမတ် သဘောဖြစ်၏။ အားမထုတ်သောသူမှာ၊ ထမင်း တခါစား တထိုင်လုံးပြီးဆုံးသည့် တိုင်အောင် တကြိမ်တည်း တခါတည်း ပေါင်းရုံး၍၊အထင်သဘောမျိုးသိသဖြင့်၊သမူဟပညတ်ကိုသာ သိရှိလေသည်။

အားထုတ်သောသူသည်၊ထမင်းတလုပ်စား အတွင်းမှာ၊အမှုအရာ ပရမတ်သဘောတို့၊ အပိုင်းအပိုင်း အတစ်အတစ် ပြတ်လျက်၊အကြိမ်ပေါင်း ၅၀-ကျော် အသစ်အသစ်ဖြစ်၍၊ ထမင်းတထိုင်စား အတွင်း၌၊ ထမင်း ဆယ်လုပ်ဖြစ်လျှင်၊ ပရမတ်သဘော အမှုအရာတို့၊ အကြိမ်ပေါင်း ၅၀၀-ကျော် အပိုင်းအပိုင်း အပြတ်ပြတ်ဖြစ်၍၊ယောဂီဉာဏ်၌ ထင်ရှားပေါ်လွင် သိမြင်၍လာနိုင်လေသည်။

ဝိပဿနာအလုပ်ကို အားမထုတ်သောသူမှာမူကား၊ ထမင်းတလုပ်စား အတွင်း၌ဖြစ်သော၊ပရမတ်အမှုအရာသဘော အကြိမ် ၅၀-ကျော်တို့သည်၊ အပိုင်းအပိုင်း အပြတ်အပြတ် မထင်ဘဲ၊ အစဉ်ဆက်စပ်၍ နေသော၊ သန္တတိပညတ်မျိုးသာ ထင်လာလေ၏။ ထို့အတူ၊ ထမင်းတထိုင်စားလုံးအတွင်း၌ ဖြစ်သော၊ ပရမတ် အမှုအရာ သဘော အကြိမ်ပေါင်း ၅ပ၀-ကျော်တို့ကိုလည်း၊ အပြတ်အပြတ် မသင်ဘဲ၊ အစဉ်အဆက် စပ်ယှက်၍သာ ထင်မြင်နိုင်လေတော့သည်။

ထို့အတူပင်လျှင် အားထုတ်သောသူမှာ၊ လက်,ထမင်း,ဟင်း,ဇွန်း,ပန်းကန် စသော၊ အထည်ဒြပ် သဏ္ဌာန် ပညတ်တွေ မထင်ဘဲ၊ မှတ်သော၊ ပရမတ်သဘော အမှုအရာမျှသာလျှင် ထင်ရှားနိုင်၏။ အားမထုတ်သော သူမှာမူကား၊ ပရမတ်သဘော အမှုအရာမထင်ဘဲ၊ ပကတိ ခေါ်ဝေါ်ပြောဆိုသော၊ အထည်ဒြပ် သဏ္ဌာန် ပညတ်တွေသာလျှင် ထင်ရှားလေသည်။ ဤသို့စသည်ဖြင့်၊ အလုံးစုံသော ပရမတ်, ပညတ်တို့၏ သဘောသွားကို၊ မှတ်သားသိမြင်ကြပါလေ။ ။ဤကား၊ပရမတ်, ပညတ်တို့၏ သဘောသွားကို၊ ပြဆိုသောစကားများပေတည်း။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောများကို သောက်သား၍၊ သွား, ရပ်,ထိုင်, လျောင်းစသော ဣရိယာပထပဗ္ဗ၊ ကွေး, ဆန့်စသော သမ္ပဇညပဗ္ဗစသည်တို့၏ အရဖြင့်၊ ဝေါဟာရ သမုတိပညတ်သို့ လိုက်၍ မှတ်သားခေါ်ဝေါ်ပြောဆိုကြပုံ။ ဝိပဿနာအလုပ်ကို အားထုတ်ရာ၌၊ ထိုပညတ်တို့ ကွယ်ပျောက်၍၊ အမှုအရာသဘောမျှ ဖြစ်ပေါ်ထင်မြင်လာနိုင်ပုံများကို၊ စဉ်းစားဆင်ခြင်၍ ကုန်စင်အောင် ဉာဏ်ပွင့်လင်းသင့်ပေသည်။

တဘန် လောကဝေါဟာရအားဖြင့်၊ ပကတိလူတို့ ပြောဆိုနေကြသော ရဟန်းအသုံးအဆောင်ဖြစ်သည့်၊ သပိတ်, သင်္ကန်း, ပရိက္ခရာ စသည်များကို၊ ကိုင်တွယ်ယူငင် အသုံးပြုရာ၌ရင်း။ ယောကျ်ားတို့၏ အသုံးအဆောင်ဖြစ်သော၊ ပုဆိုး,ခေါင်းပေါင်း - စသည်များကို ကိုင်တွယ် ယူငင်အသုံးပြုရာ၌ရင်း။ မိန်းမတို့၏အသုံးအဆောင်ဖြစ်သော၊ ပုတီး,နားဒေါင်း,ဘယက်တန်းဆာ, ထမီ,အင်္ကျီ, ခွက်,ပန်းကန်,ဇွန်း, တောင်း,စကော စသည်များကို၊ ကိုင်တွယ် ယူငင်အသုံးပြုရာတို့၌ရင်း။ ဝိပဿနာအလုပ်ကို အားထုတ်သောသူတို့၊ ပရမတ်သဘော အမှုအရာမျှကို သိပုံနှင့်၊ အားမထုတ်သောသူတို့ နာမပညတ်, သမူဟပညတ်, သဏ္ဌာနပညတ်, သဏ္ဌာနပညတ်မျှကို သိပုံ။ ဤအလုံးစုံသော အဓိပ္ပါယ် သဘောသွားကို ကွဲပြားရှင်းလင်းလျက်၊ စိတ်သဘော နှစ်သက်ပါလျှင်၊ အမည်သညာ အပေါင်း အစဉ် သဏ္ဌာန် ထင်သော ပညတ် တရားတို့ ကွယ်ပျောက်၍၊ ပရမတ် အမှုအရာ သဘောတို့ ပေါ်ပေါက်လာအောင်၊ ဖြစ်ဆဲသော ပရမတ်ကို အထပ်ထပ်ရှုမှတ်သင့်လှပေတော့သည်။ ။ဤကား၊ အားထုတ်ပုံ သဘောချုပ်၍၊နိဂုံးအုပ် ပြဆိုလိုက်သောစကားများပေတည်း။

ပရမတ်နှင့် ပညတ်တရား ၂-ပါးတို့၌ မှတ်သားရန်
သဘောအနေကို ခွဲဝေ၍ပြဆိုခြင်းပြီး၏။

---

## ပညတ်နှင့် ပရမတ်ကို အင်္ဂုယပ်ဓာတ်လုံးအဆွင်ဖြင့် ထင်မြင်အောင် ပြဆိုခြင်း

နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော လမ်းကောင်း လမ်းမှန်ကို၊ဘုရားဟော ပါဠိတော် ဒေသနာတော်နှင့် အဋ္ဌကထာ ဋီကာ ကျမ်းဂန်တို့၌၊ အဘန်ဘန် ပြဆိုရာတွင်၊ လက္ခဏာ သဘောချုပ်၍ လိုရင်း အစစ်

ကို ထုတ်နှုတ်လိုက်ပါလျှင်၊ သတိပဋ္ဌာန်တရား ၄-ပါးကို အားထုတ်မှု ဟူ၍ဖင်း။ ထို၄-ပါးတွင်၊ တပါးပါးကို အားထုတ်မှုဟူ၍ဖင်း။ ဤသို့ စသည်ဖြင့် သမ္မပ္ပဓာန် ၄-ပါးကို အားထုတ်မှု၊ တပါးပါးကို အားထုတ်မှု။ ဣဒ္ဓိပါဒ် ၄-ပါးကို အားထုတ်မှု၊ တပါးပါးကို အားထုတ်မှု။ ဣန္ဒြေ ၅-ပါးကို အားထုတ်မှု၊ တပါးပါးကို အားထုတ်မှု။ ဗိုလ် ၅-ပါးကို အားထုတ်မှု၊ တပါးပါးကို အားထုတ်မှု။ ဗောဇ္ဈင် ၇-ပါးကို အားထုတ်မှု၊ တပါးပါးကို အားထုတ်မှု။ မဂ္ဂင်ရှစ်ပါးကို အားထုတ်မှု၊ တပါးပါး ကို အားထုတ်မှုဟူ၍ဖင်း။ ဗောဓိပက္ခိယတရား ၃၇-ပါးကို အားထုတ် မှုဟူ၍ဖင်း။ အသီးသီးခေါ်ဆိုရာ တရားတို့ဟူ၍ပင်လျှင်၊ အစဉ်မလွဲ အမြဲမှတ်သားအပ်ပေ၏။

တဘာန် ကမ္မဋ္ဌာန်းကို အားထုတ်မှု၊ ဝိပဿနာတရားကို အားထုတ် မှု၊ နှစ်ပါးသော ရုပ်, နာမ်ကို အမှန်သိအောင် အားထုတ်မှု၊ ခန္ဓာ ငါးပါးကို အမှန်သိအောင် အားထုတ်မှု၊ သစ္စာလေးတန်ကို အမှန်သိ အောင် အားထုတ်မှု၊ လက္ခဏာရေး ၃-ပါးကို အမှန် ပိုင်းခြား သိအောင် အားထုတ်မှု၊ သမ္မာဒိဋ္ဌိ အသိဉာဏ်ပညာ ဖြစ်အောင် အား ထုတ်မှု၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရအောင် အားထုတ်မှု၊ ပရမတ်တရား ကို အမှန်သိအောင် အားထုတ်မှု ဟူ၍ဖင်း။ ဤသို့စသည်ဖြင့် ဘယ် တရားကို အားထုတ်ရသည်ဟု ပြောကြားသော်လည်း၊ ယွင်းမှားသည် မရှိဘဲ မလွဲကေန် အမှန်ချည်းသာ ဖြစ်သည်ဟု စင်စစ်မှတ်ယူအပ်ပေ သည်။

တနည်းအားဖြင့်၊ လောဘ, ဒေါသ, မောဟ စသော ကိလေသာ တရားစု၊ အကုသိုလ် ဒုစရိုက်တရားစုတို့၊ ကုန်ဆုံးအောင် ချုပ်ငြိမ်း အောင် မဖြစ်အောင် အားထုတ်မှု၊ ဝိပ္ပလ္လာသ, တရား ကင်းအောင်၊ ပညတ်တရား ကွာအောင် ပြောင်စင်အောင် အားထုတ်မှုဟူ၍ဖင်း၊ ခေါ်ဆိုလိုရာပင် ဖြစ်နိုင်ပါ၏။ အမှန်စင်စစ်မှာမူ၊ ပင်ကိုယ် ပကတိ ထင်ရှားရှိသော၊ ပရမတ်အသားနှစ် ပေါ်လွင်စေရန်၊ ပညတ်တရား စုကို ခွါလှန်စွန့်ပစ်ခြင်းမျှသာဖြစ်၏။ ထို့ကြောင့်၊ နိဗ္ဗာန်ရောက်ကြောင်း တရားမည်သည်၊ အကျဉ်းချုပ်၍ လိုရင်းကိုထုတ်ဆိုပါလျှင်၊ ပညတ် နှင့် ပရမတ် နှစ်ရပ်သောတရားကိုသာ၊ မှတ်သား၍ ထားအပ်ပေသည်။

ဤနေရာ၌၊ သွား, ရပ်, ထိုင်, လျောင်း စသော ဣရိယာပထပဗ္ဗ၊ ကွေး,ဆန့် စသော သမ္ပဇဉပဗ္ဗ စသည်ဖြင့်၊ သတိပဋ္ဌာန်နည်းအတိုင်း

အားထုတ် မှုသည်၊ သမာဓိ ဖြစ်ရုံမျှသာ ရှိသေး၏။ ဝိပဿနာမှုပင် မဟုတ်သေးဟု၊ အချို့သောသူတို့ အတွေးအထင် ရှိတော်လေသည်။ ဤသို့ ထင်မြင်မှတ်ယူခြင်းမှာ၊ ကျမ်းဂန်များ၌ ရုပ်နာမ်, ခန္ဓာတို့ကို၊ လက္ခဏာရေး ၃-ပါးသို့ တင်၍၊ ဆင်ခြင်ရှုမှတ် သုံးသပ်ခြင်းအမှုမျိုးကို၊ ဝိပဿနာဟု အဓိန္နံအဆိုရှိလေရာ။ သတိပဋ္ဌာန်၌လာသော ရှုမှတ်ပုံ နည်းလမ်းမှ တပါး၊ ရုပ်နာမ်, ခန္ဓာကို လက္ခဏာရေးသို့တင်ရန်၊ အသီးအခြား ရှိနေ သေးသည် ဟု၊ မှတ်ထင် ယူဆဟန် လက္ခဏာ တူပေသည်။

ဤသို့မှတ်ထင်ခြင်းကို လွဲသည်-မှားသည်၊ မဟုတ်မမှန် ဟူ၍ကား မဆိုလိုပေ။ သို့သော်၊ သတိပဋ္ဌာန်၌ လာသောနည်းလမ်းအတိုင်း၊ အချိုးကျအောင် အားထုတ်ပါလျှင်၊ ပညတ်တရားစုတို့ ကင်းကွာ ပြောင်စင်၍၊ ပရမတ်အစစ် အသားနှစ်တို့ ပေါ်လွင်သဖြင့်၊ ရုပ်နာမ်, ခန္ဓာတို့ကို လက္ခဏာရေး ၃-ပါးသို့ တင်ပြီးပင်ဖြစ်၏။ ထို့ကြောင့်၊ သမ္မာဒိဋ္ဌိ အသိဉာဏ်သာလျှင် ထင်မြင်နေတော့သည်။ အလုံးစုံကိစ္စ ပြီးစီးလျက်၊ တပြိုင်နက် တချက်တည်း၊ ပါဝင်ပြီးစီး လေတော့သည်ဟူ၍၊ မှတ်ယူ ယုံကြည်အပ်လှပေသည်။ ။ဤကား၊ သဘာဝ ဓမ္မကို ပြဆိုခြင်းပေတည်း။

ဥပမာအားဖြင့်၊ လောက၌ ဝိဇ္ဇာဒိုရ် ဖြစ်လိုသော ပုဂ္ဂိုလ်သည်၊ အညစ်အကြေးတို့နှင့် ရောစပ်နေသော သံပြဒါးဓာတ်မျိုးကို၊ မှန်ကန်သော ဟင်းရိုင်း ဒုဗ္ဗာ စသည့် အဆောက်အဦး ဆေးမျိုးနှင့်၊မီးအကြိမ် ၁၀၀–ထိုးရမည်ဟု အဆိုရှိသော နည်းလမ်းအရ၊ မီးအေး, မီးပြင်း, မီးရှန်, မီးမှန်, လုံအောက်, လုံလယ်, လုံဝ စသည်ဖြင့်၊ မီးအကြိမ် မီးအချိန် ရေအချိန် ဓာတ်ဆေး အဆောက်အဦး အချိန်များကို၊အချိုးကျအောင် ထိုးနိုင်မှ ဖြစ်မြောက်လေရာ၊တမီး နှစ်မီး, တကြိမ် နှစ်ကြိမ် ထိုးရုံမျှနှင့်၊ သံပြဒါး၌ရှိသော အညစ်အကြေးခာက်စုတို့၊ ကွာသည်ဟု ထင်မြင် လောက် အောင် မရှိသေးဘဲ၊ ဟင်းရိုင်း ဒုဗ္ဗာ စသော ဓာတ်တို့မှ ဖြစ်ပေါ်လာသည့်၊ ချော်အညစ်အကြေးတို့နှင့်သာ လုံးထွေးမြွေးရှက်လျက် ရှိနေပေ၏။

သို့သော်၊ ၎င်းသံပြဒါး ဓာတ်ကိုပင် အစဉ်မပြတ် မှတ်သား၍၊ နည်းလမ်းမမှားအောင် ထိုးသွားခဲ့သော်၊ကြမ်းထော်သောအညစ်အကြေး ကင်းစင်၍၊ဓာတ်သား သဘောပေါ်လွင်လာ၏။၎င်းဓာတ်မျိုးကို

**ပြဒါးမီးနေ၊ သံပန်းသေ** ဟု ခေါ်၏။ ထိုအခြေသို့ ရောက်ရှိသော ဓာတ်လုံးသည်၊ အာဟာရ သိဒ္ဓိ ပြီးစီးခြင်း၏ မူလ အခြေဖြစ်၍၊ ဝိဇ္ဇာ ဓိုရ်လမ်းဘက်၌ ထက်ဝက်ခန့် နီးကပ်သဖြင့်၊ ထိုက်တန်မြင့်မြတ်သော အကျိုးများကို ခံစားရရှိလေရာ။ ထိုအခါတွင် ဥစ္စာပစ္စည်းနှင့် သားသမီး မယားတို့ကိုပင် မခင်မင် မတွယ်တာဘဲ၊ လွတ်ကင်းစွာ စွန့်ခွါ၍ ဝိဇ္ဇာလမ်းစိတ်စွဲပြီး ခိုင်မြဲ ထက်သန်သော ဆန္ဒဖြင့်၊ နေ့ညမယုတ် နောက်မဆုတ်ဘဲ အားထုတ်လိုသော စိတ်ဓာတ်သည်၊ အစဉ်မပြတ် တည်ရှိလေတော့၏။ ထိုအဖြစ်မျိုးကို ရည်မှတ်၍၊ ဝိဇ္ဇာဓိုရ် လုပ်ယပ် ဆရာတို့သည်၊ **ပြဒါးမီးနေ၊ သံပန်းသေ၊ ရွှေနန်းမြေနှင့် လနိုင်ရိုးလား။** ဟူသော စကားကို ပြောကြားမြွက် ဆိုစမှတ်ပြုကြလေသည်။

ၡင်းနောက် အစဉ် ဆက်လက်၍၊ နည်းလမ်းအတိုင်း အဆင့်ဆင့် တက်သွားခဲ့သော်၊ မီးအကြိမ် ၁၀၀-စေ့ ရောက်သောအခါ၊ သံပြဒါး၌ ရှိသော အညစ်အကြေးဟူသမျှတို့ ကင်းပျောက်၍၊ လမ်းအဆုံးသို့ ပေါက်ရောက် သဖြင့်၊ ကြိုးအမျိုးမျိုး အရောင်အမျိုးမျိုးတို့ ထိန်လင်း ဝင်းတောက်လျက်၊ လိုရာကိစ္စကို ပြီးမြောက်နိုင်သည်။ မြေလျှိုး မိုးပျံ၍ ဘေးရန်မနှောက် မရှုံ့ မကြောက်ရဘဲ၊ သိဒ္ဓိဆယ်မျိုး အကုန် ပေါက်သော ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်ကြီးအဖြစ်သို့ ရောက်ရှိလေတော့၏။

ဤသို့ ဝိဇ္ဇာဓိုရ် ဓာတ်လုံး၌၊ မူလပကတိ အညစ်အကြေးရှိသော ဓာတ်ပြော့ ဓာတ်ကြမ်းကို၊ နည်းလမ်းအတိုင်း မလွဲရအောင် မီးအကဲ ဓာတ်အကဲကို ကြည့်၍၊ ထည့်စွက်သင့်သော အဆောက် အဦးကို ထည့်၊ နှုတ်သင့်သည်ကို နှုတ်၊ ပိုသင့်သည်ကို ပို၊ လိုသင့်သည်ကို လို၊ ညီမျှသင့်သည်ကို ညီမျှအောင်ပြုပြင်၍၊ သံပြဒါး၌ရှိသော အညစ် အကြေးတို့ ကုန်စင်သေဆုံး၍၊ ပျောက်ပျက်ခြင်း လုံးလုံးအဖြစ်မျိုးသို့ ရောက်စေရန်၊ အကြိမ်ကြိမ် အဘန်ဘန် အတန်တန်အားဖြင့်၊ သေ အောင် သတ်ရန်ဖြစ်သော ဓာတ်အဆောက်အဦးနှင့်၊ မီးမီတို့၏အချိန်ကို ပြုပြင်ပြောင်းလဲ၍ ပေးရငြားသော်လည်း၊ မူလဖြစ်သော သံပြဒါး ဓာတ် သားကိုမူကား၊ ပြုပြင်ပြောင်းလဲလာရခြင်းဟူ၍ မရှိတော့ပေ။ ၎င်း ဓာတ်လုံး သိဒ္ဓိပေါက်သောအခါ၊ အခြားက လာရောက်သည်မဟုတ်၊ မူလဓာတ်၏ အညစ်အကြေးတို့ ကုန်စင် ကင်းပြတ်သဖြင့်၊ ရောင်စုံ ဝင်းလျှပ် အမျိုးမျိုးသောတန်ခိုး ဣဒ္ဓိပါဒ်တို့နှင့်၊ ပြည့်စုံပေါက်မြောက် သော အသဘ္ဘိန္နဓာတ်အဖြစ်မျိုးသို့ ရောက်လေတော့သည်။

ဤအသာမ္ဘိန္နခေတ်ဖြစ်သော သံလုံးပြဒါးလုံးကို **စိန်, ဆေး, ကန့်, ဝက်၊ ဒုဿ, ဟင်း, လက်**-ဟူသော လက်ာအရ၊ စိန်, ဆေးဒန်း, ကန့်, ဇဝက်သာ, ဒုဿ, ဟင်းရိုင်း, လက်ချား ဟူသော သတ်ဆေး ၇-ပါး တို့ကြောင့် သေသည်ဟူ၍၎င်း၊ အခြားသော အစီအမံ တို့ကြောင့် သေသည်ဟူ၍၎င်း၊ မီး,ရေ,လေ,မို, မီသွေးတို့ကြောင့် သေသည်ဟူ၍ ၎င်း၊ အင်္ဂလိပ် ဆေးနည်းလမ်းကြောင့် သေသည်ဟူ၍၎င်း၊ အခုဆောက် အဦးအမျိုးမျိုးသော ဆေးခေတ်တို့ကို၊ သင့်လျော် ညီမျှအောင် ယှဉ် စပ်၍၊ မီးရပ်မီးနေကို မသွေမယိမ်း မတိမ်းမစောင်းဘဲ၊ အချိန်ကာလ အချိုးအစားကျအောင်၊ ဖိုဆွဲသော လုပ်ယပ်ဆရာကြောင့် သေသည် ဟူ၍၎င်း၊ ဆိုလိုရာပင် ဖြစ်နိုင်လေတော့၏။

အထူးမှာ၊ ၎င်းခေတ်မျိုးကို ကွဲအက်ပျက်စီးအောင်၊ ဘယ်နည်း နှင့်မှ ဖျက်ဆီး၍ မရနိုင်သောကြောင့်၊ အသာမ္ဘိန္နခေတ်ဟုခေါ်၏။ ခေတ် သေဟု ဆိုလိုသည်။ တနည်းအားဖြင့်၊ ၎င်းခေတ်လုံးနှင့်စိမ်သော ပက တိရေ ပျားရေစသည်ဘို့ကို သုံးစားမှီဝဲခြင်း၊ ဆောင်ထားခြင်းစသည် ကို ပြုသော်၎င်း၊ ရန်သူမျိုးငါးပါးတို့ကြောင့် စိုးရိမ်ရန်မရှိခြင်း၊ ဥတု ရေမြေ အစားအစာတို့ကြောင့် ကြောင့်ကြဘွယ်မရှိခြင်း၊ အသက် ရှည်ကြာ အနာကင်းရှင်း၍၊ အရုပ်အဆင်းတို့ ၄ပတင့်တယ်သဖြင့်၊ နုပျိုသော အရွယ်နှင့် ပြည့်စုံခြင်း၊ မြေရေသမုဒ္ဒရာ တောကြီးတောင် ကြီးတို့ ကွယ်ကာဆီးတားခြင်းမရှိ၊ ပကတိ စိတ်အလိုတော်တော်တသမျှ ကို တခဏခြင်း ပေါက်ရောက်အောင် သွားလာနိုင်၍၊ လိုရာကို ပြီး မြောက်လေသောကြောင့်၊ ခေတ်ရှင်ဟူ၍လည်း ခေါ်ပြန်၏။ ပြဒါးရှင် ဟုဆိုလိုပေသတည်း။

အင်္ဂလိပ်ခေတ်လုံးအသွင်ဖြင့် ထင်မြင်အောင် ပြဆိုချက်ပြီး၏။

---

## ပညတ်နှင့် ပရမတ်နှစ်ဖြာကို ဥပမာနှစ်ရပ်ဖြင့် ယှဉ်စပ်၍ပြဆိုခြင်း

ဤ ပြဆိုခဲ့သော ဥပမာ စကားကဲ့သို့၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပေါက်၍၊ ရဟန္တာကြီးအဖြစ်သို့ ရောက်ရန် လိုလားသော ယောဂီ ပုဂ္ဂိုလ်သည်၊ သမူဟ,သဏ္ဌာန,သန္တတိ စသော ပညတ်တို့နှင့်၊ ရော စပ်နေသော ပရမတ် သဘောမျိုးကို၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော

ဟောတော်မူတိုင်း ဖြစ်သည့်၊ သဘာဝနည်းလမ်းမှန်မျိုးဖြင့်၊ အချိန်ကာလ ၇-ရက်, ၇-လ, ၇-နှစ် စသည်ကြာအောင်၊ အားထုတ်ရသည်ဟု အဆိုရှိသော သတိပဋ္ဌာန် ဒေသနာတော်အရ၊ ဣရိယာပထသေနာသန ပုဂ္ဂလ ဘောဇန စသည်ကို ထောက်ချင့်၊ သဘာဝဓမ္မဖြစ်သော သဒ္ဓါ နှင့်ပညာ၊ သမာဓိနှင့်ဝီရိယတို့၏ အယုတ်အလွန် မရှိစေဘဲ၊ ဝိပဿနာမှတ်စဉ် အချိုးကျ၍ ညီမျှအောင်၊ သတိဖြင့် မှတ်နိုင်မှ ဖြစ်ပြောက်လေရာ၊ရုပ်နာမ်ခန္ဓာဟူသော ပရမတ်သဘော လက္ခဏာတို့က အလွန် လျင်မြန်စွာ ဖြစ်ပျက် နေသည်ကို တချက် နှစ်ချက် တကြိမ် နှစ်ကြိမ် ရံခါမှတ်၍၊ အသိဉာဏ် သမ္မာဒိဋ္ဌိဖြစ်ရုံမျှနှင့် ပရမတ်ခွာတ်နှုန်း အစဉ်မပြတ်၊ ငြိကပ်လိုက်ပါနေသော မောဟစသည့် ကိလေသာတို့၏ စွဲလမ်းရာဖြစ်သော၊ ပညတ်သဘောတို့ ကွာသည်ဟု သိသာထင်မြင်လောက်အောင် မရှိနိုင်သေးဘဲ၊ မှတ်ခြင်းသတိ မှာင်မိအောင် အားထုတ်ခြင်း ဝီရိယ၊ ဝိတက်သက်ပွစသော အကြံတို့နှင့်သာ ရှုပ်ထွေးနေသဖြင့်၊ ပရမတ်အစစ် ခွာတ်အနှစ်တို့ ကွာဝေးသကဲ့သို့၊ ဉာဏ်အမြင် မှိန်မှေး၍နေပေသည်။

သို့သော်၊ ပြုပြင်ပြောင်းလဲသောအမှုအရာ ပရမတ်ကိုပင်၊ သတိပဋ္ဌာန် ဒေသနာတော်၌လာသော နည်းလမ်းအတိုင်း၊ မလစ်မလပ်စေဘဲ အစဉ်မပြတ်အောင်၊ သူသဘော အတိုင်း ဖြစ်ခိုက်မျှကိုသာ မှတ်သား၍၊ အချိုးအစားကျအောင် မှတ်စဉ်မှတ်တမ်းတို့ ခိုင်မြဲစွဲလမ်းလာသော်၊ ကြမ်းတန်းသော ကိလေသာနှင့် ပညတ်များ ကင်းကွာသဖြင့်၊ ပရမတ် နာမ်ရုပ်လက္ခဏာတို့၏ ထင်ရှားစွာဖြစ်ပေါ်တည်ရှိနေသည့်၊ ပကတိ ပင်ကိုယ်ဖြစ်သော ဇာတိရင်းသဘောကို၊ သမ္မာဒိဋ္ဌိ ဉာဏ် ပွင့်လင်း၍ ဟုတ်မှန်တိုင်း သိမြင်ခြင်းအဖြစ်မျိုးသို့ ရောက်လေတော့၏။ ၎င်းဉာဏ်ကို ဝိပဿနာဉာဏ်အစစ်၏ အခြေမူလ အစဖြစ်၍၊ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟာဉာဏ်, ယထာဘူတဉာဏ် ခေါ်၏။ဗူဇ္ဇသောဘာပန်ဟု ဆိုလိုသည်။၎င်း သောတာပန်၏ သဘောသွားနှင့်၊ အကျိုးခံစားရသော အဓိပ္ပါယ်များကို၊ **ဂမ္ဘီရဏ္ဍ ပကာသနီကျမ်း** ၌ ကြည့်ရှုကြပါလေ။

၎င်းမှနောက်၊ ဆက်လက်၍ ဉာဏ်အဆင့်ဆင့် တိုးတက်ရင့်သန်လာသဖြင့်၊ အပြင်းအထန် အသိဉာဏ်ချင်း ဆက်စပ်မိအောင်၊ မနားမရပ်ဘဲ စိတ်၌စွဲပြီး အခိုင် အမြဲ ရှုမှတ် လေသော်၊ မောဟစသော

ကိလေသာတို့ ကင်းပြတ်လျက် တန့်ရပ်နေသောအခါ၊ ပညတ်တရားတို့ ကင်းကွာသဖြင့် ဝိပဿနာဉာဏ်အဆုံးသို့ ရောက်သည်နှင့်တပြိုင်နက်၊ သစ္စာလေးချက် အနက် ၁၆-ဖြာတို့ဖြင့် တန်းဆာဆင်အပ်သော၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ် အမြင်ပေါက်၍ အပါယ်ဘေးကို ကြောက်ရခြင်း၊ ကာမရာဂ, ရူပရာဂ ဘေးကို ကြောက်ရခြင်း၊ အာရုံ အမျိုးမျိုးတို့ မနှောင့်ယှက်နိုင်ခြင်း၊ တစုံတခုသော ဘေးရန်ကို ကြောက်ရခြင်း မရှိဘဲ၊ အမြဲချမ်းသာသဖြင့် လိုရာတိုင်းကိစ္စပြီးမြောက်သော၊ သောတာပန်,သကဒါဂါမ်,အနာဂါမ်,ရဟန္တာပုဂ္ဂိုလ်အဖြစ်မျိုးသို့ ရောက်ရလေတော့သည်။

ဤမဂ်ဉာဏ် ဖိုလ်ဉာဏ်၌ မူလပကတိက၊ ပညတ် အညစ်အကြေး ရှိသော ခတ်ကြမ်းကို၊ သတိပဋ္ဌာန်နည်းလမ်းအတိုင်း မလွဲအောင်၊ အနန့်နဲ့သော ဗောဓိပက္ခိယတရားတို့ လွှန်ကဲ ယုတ်လျော့ခြင်း မရှိရ၊ သတိဖြင့် ညီမျှအောင်ပြုပြင်၍၊ပရမတ်၌ ဖုံးလွှမ်းသော ပညတ် အညစ်အကြေးတို့ ကုန်စေရန်၊အကြိမ်ကြိမ် အဘန်ဘန် အတန်တန်အားဖြင့်၊ သတိပဋ္ဌာန်စသောတရားတို့နှင့် ပြုပြင်ပြောင်းလဲ၍ ပေးရလေ၏။

ဤသို့ပြောင်းလဲပေးရငြားသော်လည်း၊ရုပ်,နာမ် ခန္ဓာဟူသော ပရမတ်ကိုမူကား၊ တမျိုးတမည်ဖြစ်အောင်ဟု ဉာဏ်ဖြင့် ကြံဆောင်ဆင်ခြင်၍၊ ပြုပြင်ပြောင်းလဲပေးရခြင်း မရှိတော့ပေ။ ၎င်း မဂ်ဉာဏ်,ဖိုလ်ဉာဏ် ပေါက်သောအခါ၊ အခြားက လာရောက်သည်မဟုတ် ပညတ် အညစ်အကြေး ကင်းပျောက်သဖြင့်၊ ပယ်သင့်ပယ်ထိုက်သော ကိလေသာတို့ကို၊ အမြစ်ပါ အကုန်ပယ်ခြင်းဟူသော၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် အဖြစ်မျိုးသို့၊ စင်စစ်ရောက်ရှိလေတော့သည်။

ဤမဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ပေါက်ရောက်သော၊ ပရမတ် ရုပ်နာမ် ခန္ဓာကို၊ သတိပဋ္ဌာန်, သမ္မပ္ပဓာန်စသော အမည် ၃၇-ပါးရှိသည့်၊ ဗောဓိပက္ခိယ တရားတို့ကြောင့် သေသည် ဟူ၍၎င်း၊ လက္ခဏာရေး ၃-ပါး, သစ္စာ ၄-ပါးတို့ကြောင့် သေသည်ဟူ၍၎င်း၊ ဤသို့စသည်ဖြင့် ခေါ်ဆို လိုရာပင် ဖြစ်နိုင်လေတော့၏။ ၎င်းခတ်ကို အဝိဇ္ဇာစသော ပဋိစ္စသမုပ္ပါဒ် ကင်းပြတ်၍၊ ဘဝဇာတ် ကုန်ဆုံးချုပ်ငြိမ်းသဖြင့်၊ ခတ် သေပြီဟုခေါ်ဆို၏။ တနည်းအားဖြင့်၊ ဖြစ်ဆဲဘဝ မကင်း သေးသော ကြောင့်၊ သဉ္စိတ ခတ်ဟူ၍လည်း ခေါ်ဆိုရပြန်၏။

ပရိနိဗ္ဗာန် ပြုပြီးသည်မှ နောက်၊ ပေါ်ပေါက်ဖြစ်ထွန်း လာသော ခေတ်ကို၊ ပြုပြင်ခြင်း အကြောင်းကင်းသဖြင့်၊ အသင်္ခတနိဗ္ဗာန်ခေတ်ဟုခေါ် ဆိုရ၏။ တနည်းအားဖြင့်၊ ပဋိသန္ဓေ,အို,သေ,နာခြင်းတို့ ကင်း၍၊ ဝင်း တောက်သော ကြက်သရေ၊အပ္ပမေယျဖြစ်သော ချမ်းသာများကို၊ အမြဲ အေးငြိမ်းစွာ ခံစားရလေသောကြောင့်၊ ခေတ်ရှင်ဟူ၍လည်းခေါ်ဆို မှတ်သားအပ်ပေ၏။ အရိယာပုဂ္ဂိုလ်အဖြစ်၌ ခံစားရသော အာနိသံသ များသည်၊ ဂန္ထိရဋ္ဌပကာသနီကျမ်းကြီး၌၊ အရိယာ၏အကျိုးကိုပြ သော အခန်းတွင်၊ ထင်လင်းစွာ ပါရှိလေပြီ။ ။ဤကား၊ ဥပမေယျကို ပြဆိုခြင်းပေတည်း။

ဤနေရာ၌၊ ဥပမာနှင့်ဥပမေယျ သဘောတို့ကို၊ နှီးနှော စပ်ဟပ်၍ မှတ်သားအပ်သည်မှာ၊ ယောဂီပုဂ္ဂိုလ်သည်၊ လုပ်ယပ် ဆရာနှင့်တူ၏။ သမထယာနိကနည်း, ဝိပဿနာယာနိကနည်း, ရုပ်နာမ်နည်း, ခန္ဓာ နည်း, သတိပဋ္ဌာန်နည်း စသည်ဖြင့်လာသော ဒေသနာတော်တို့သည်၊ သံလမ်း,ပြဒါးလမ်း,နေသူရိန်လမ်း,ရုပ်လမ်း, ဓျောင်လမ်း စသည်ဖြင့် လာသော ဝိဇ္ဇာဓိုရ်ကျမ်းတို့နှင့်တူကုန်၏။ ပရမတ်နှင့် ပညတ်ရောစပ် နေသော ခေတ်ရိုင်းမျိုးသည်၊ သံပြဒါးနှင့်အညစ်အကြေးတို့ ရောထွေး နေသော ခေတ်သတ္တုကြမ်းမျိုးနှင့်တူ၏။ သတိပဋ္ဌာန် ,သမ္မပ္ပဓာန် စသော ၇-ပါးအမည်ရသည့် ဗောဓိပက္ခိယတရားစုသည်၊ဖိန်,ဆေးဒန်း စသော ဆေး ၇-ပါး၏ခေတ်သဘောများနှင့်တူ၏။

ထိုနောက်၊ဗောဓိပက္ခိယတရားတို့နှင့် မကင်းမပြတ်စေဘဲ၊ ပညတ် လွင့်စင်၍ ပရမတ်ကိုမြင်အောင် သတိဖြင့်မှတ်မှုသည်၊ ဖိန်, ဆေးဒန်း စသည်တို့နှင့် ရောစပ်လျက်၊ အခိုး အညစ် အကြေးတို့ ကင်းပြတ်၍၊ မူလခေတ် ပေါ်လွင်အောင် မီးဖြင့်ထိုးသည်နှင့်တူ၏။ တကြိမ် နှစ်ကြိမ် ရှုံခါမှတ်၍၊အသိဉာဏ်အနည်းငယ် ဖြစ်ရုံမျှနှင့်၊ မောဟစသော ကိလေ သာပညတ်တို့၊ ကင်းကွာသည်ဟု မထင်ရသေးဘဲ၊ ဉာဏ်အမြင် ရှုပ် ထွေးနေမှုသည်၊ တမီး နှစ်မီး ထိုးရုံမျှနှင့် မူလခေတ်သား မပေါ်လွင် မထင်ရှားသေးဘဲ၊ ချော်ရည် ချော်ခဲတို့ဖြင့် လုံးထွေးနေမှုနှင့်တူ၏။ ပရ မတ် ရုပ်နာမ်ကို အဟုတ်အမှန်သိသော ယထာဘူတ ဉာဏ်သည်၊ ပြဒါးမီးနေ၍ သံပန်းသေသည်နှင့်တူ၏။

ၑင်းမှနောက်၌၊ဝိပဿနာဉာဏ် ဆယ်ချက်ဖြင့်၊ အဆင့်ဆင့်တက်၍ ပညတ်ပျောက်ပျက်၊ပရမတ် အကြည့်ခတ်သက်သက်မျှ ကြွင်းကျန်မှုသည်၊ခတ်လုံးကို မီးအဆင့်ဆင့်ထိုး၍ အခိုးကင်း ပျောက်လျက်၊ သိဒ္ဓိ ဆယ်မျိုး အဆုံးရောက်သည်နှင့်တူ၏။ မဂ်ဉာဏ်,ဖိုလ်ဉာဏ် ဖြစ်ပေါ်မှုသည်၊သဒ္ဓိပေါက်သည်နှင့်ဘူ၏။ကိလေသာပညတ်တို့ ကင်းပြတ်၍၊ပရမတ် ရုပ်နာမ်မျှ ကျန်သဖြင့်၊တဘန် ပျက်စီးခြင်းမရှိမှုသည်၊အညစ် အကြေးစင်သော အသဒ္ဓိန္တ ခတ်လုံးဖြစ်သည်နှင့်တူ၏။ သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ စသော၊ ဗောဓိပက္ခိယတရားတို့ကို ပြုပြင်ပြောင်းလဲ မှုသည်၊စိန်,ဆေးဒန်းစသော ခတ်အမျိုးမျိုးတို့ ပြောင်းလဲထိုးရသည် နှင့်တူ၏။ ပကတိဖြစ်သော ပရမတ်ရုပ်နာမ် အမူအရာ သဘောကို၊ တမျိုးတမည်ဖြင့် ကြံစည်ပြုပြင်ခြင်း မရှိမှုသည်၊ မူလခတ်သတ္တုကို ပြောင်းလဲခြင်း မပြုရသည်နှင့်တူ၏။

အလုံးစုံသောတရားတို့ကို အယုတ်အလွန်မရှိစေရဘဲ၊ညီမျှအောင် မှတ်သော သတိသည်၊ဆေးချိန် မီးချိန် ရေချိန် လေချိန်တို့ သင့်လျော်စေ ရန် စိမံရသည်နှင့်တူ၏။အထူးထူးသော ဝိပဿနာ၏ပရိကံမှုတို့သည်၊ ကြိုး,ဖို,လုံ,မီးသွေး,ပေ,တူ,ညှပ်,ဇော်ဂျီ စသည်တို့နှင့်ဘူ၏။ အတန် တန်သော ဝိပပဿနာဉာဏ်သည်၊ အဘန်ဘန်သော မီးအကြိမ်နှင့် တူ၏။ ၇-ရက်, ၇-လ, ၇-နှစ် စသည်ဖြင့် မဂ်,ဖိုလ်ဉာဏ် ပေါက် ရောက်မှု ကာလသည်၊ မီးအကြိမ် ၁၀၀-စသည်ဖြင့်လာသော အချိန် အခါနှင့်တူ၏။ အရိယာပုဂ္ဂိုလ်သည်၊ ဝိဇ္ဇာဓိုရ် ပုဂ္ဂိုလ်နှင့်တူ၏။ မဂ်, ဖိုလ်၏ အကျိုးသည်၊သဒ္ဓိမြောက်သော အကျိုးနှင့်တူ၏။ ဤသို့စသည် ဖြင့် ဉာဏ်မြင်သမျှ၊ စပ်ယှဉ်၍ ယူသင့်ပေသည်။ ။ဤကား၊ ဥပမာ, ဥပမေ ယျကို နှီးနှော၍ ပြခြင်းတည်း။

ပညတ်နှင့် ပရမတ်နှစ်ဖြာကို ဥပမာနှစ်ရပ်ဖြင့်
ယှဉ်စပ်၍ ပြဆိုခြင်းပြီး၏။

## ပညတ်နှင့် ပရမတ်ဓမ္မတို့၏ သဘာဝအနေကို ခွဲဝေ၍ ပြဆိုခြင်း

ယခုပြဆိုခဲ့သော ခတ်လုံး ဥပမာစကားရပ်၌၊ ပညတ်နှင့် ပရမတ် အချက်ကို တွေဝေထွေးယှက်ခြင်းမရှိဘဲ၊ ရှင်းလင်းစွာ သဘောဉာဏ် သက်နိုင်အောင်၊ ဥပမာ တနည်းဖြင့် ဆက်လက်၍ သိမှတ်ရန်မှာ၊

လက္ခဏာရေး ၃-ပါးသို့ တင်၍ ဝိပဿနာ ဉာဏ် ထင်မြင်အောင်၊ ဆင်ခြင်ရှုမှတ်ရသော ရုပ်နာမ် ခန္ဓာဟူသည်၊ အခြားမဟုတ် ဋ္ဌာရ ခြေ အခဏ်းတွင်လာရှိသော၊ မြင်ခြင်း,ကြားခြင်း,နံခြင်း,စားခြင်း,ထိခြင်း သိခြင်း-ဟူသော အမူအရာ သဘောရတို့ပေတည်း။ ၎င်းသဘောရကို ပင်လျှင်၊ ပရမတ် ဟူ၍လည်းခေါ်ဆိုရပြန်၏။ပညတ်ဟူသည်မှာလည်း အခြားမဟုတ်၊ ထိုမြင်အပ်, ကြားအပ်, နံအပ်, စားအပ်, ထိအပ်, သိအပ်သော ဝတ္ထုတို့၌၊ ခေါ်ဝေါ် ပြောဆို ကြသော အမည်နာမ သင်္ကေတတို့ပေတည်း။

ထိုပရမတ်,ပညတ် နှစ်ရပ်တို့တွင်၊ ပရမတ်တရားတို့ ထင်ရှားပေါ် လွင်လာအောင်၊ ပညတ်တရားကို ခွါလှန်သည်ဆိုရာ၌၊ မြင်အပ်သော အဆင်းဝတ္ထုနှင့်၊ထိုအဆင်း၏အမည်တို့သည်၊ မကွေမကွာဘဲ ပူးတွဲ၍ နေ၏။ နေပုံမှာ၊ မျက်စိဖြင့် မြင်ရာ၌၊ ဘာကိုမြင်သလဲဟု ဆိုလျှင်၊ ယောကျ်ားကို မြင်သည်၊မိန်းမကို မြင်သည်၊အပျိုကို မြင်သည်၊အအိုကို မြင်သည်၊ ဤသို့စသည်ဖြင့် မြင်အပ်သော အဆင်းနှင့်၊ အဆင်း၏ အမည်ပါ ပူးတွဲ၍ပြောကြား၏။ပြောသည့်အတိုင်းလည်း၊ ဟုတ်သည် ဟု မှတ်ထင်လေ့ရှိ၏။ ထိုသို့ပြောကြား မှတ်ထင်ရာ၌. ယောကျ်ား, မိန်းမ,အပျို,အအို ဟူသောအမည်သည်၊ ပညတ်တရားပဖြစ်၏။ မြင် ကာမျှဖြစ်သော အမူအရာသဘောသည်၊ ပရမတ်ဖြစ်၏။ ဤသို့ပညတ် နှင့် ပရမတ်တို့ ယှဉ်စပ်ပူးကပ်၍ နေပုံသဘောများကို၊ ကွဲပြားအောင် မှတ်သားကြပါလေ။

ဤသို့ မျက်စိဖြင့် မြင်အပ်သော၊ ပရမတ်အဆင်းမျိုးမျိုး၌၊ ပညတ် ဖြစ်သော အမည်သင်္ကေတ အရပ်ရပ်တို့နှင့်၊ အမြဲမပြတ် ယှဉ်စပ် ပူးတွဲ၍ နေပုံကို သိရသဖြင့်၊ ဋ္ဌာရခြေအခဏ်းတွင် လာရှိသောအတိုင်း၊ ကြားခြင်း အမျိုးမျိုး၊ နံခြင်း အမျိုးမျိုး၊ စားခြင်း အမျိုးမျိုး၊ ထိခြင်း အမျိုးမျိုး၊ သိခြင်းအမျိုးမျိုး ဟူသော ဋ္ဌာရခြေငါးရပ်တို့၌၊ ပရမတ်နှင့် ပညတ်တို့၏ မပြတ်မကွဲဘဲ၊ ယှဉ်တွဲပူးကပ်နေပုံ အခြင်းအရာ များကို လည်း၊ထင်ရှားစွာ သိမြင်သဘောကျသင့်လှပေသည်။

ထိုပရမတ်, ပညတ် နှစ်ရပ်တို့တွင်၊ ဝိပဿနာရှုမှတ်သောအခါ၊ မြင်လျှင် မြင်ဘယ်ဟု မှတ်၏။ မြင်အပ်သော အဆင်း၏ အမည်ကို မမှတ်၊ ဤသို့မြင်ကာမျှကို မှတ်သဖြင့်၊ မြင်ကာမျှကိုသိ၏။ အမည်ကို

မမှတ်၍၊ အဆင်း၏အမည်ကို မသိ၊ ထိုသို့မြင်ခါမျှကို သိခြင်းသည်၊ ပရမတ်ကို သိသည်မည်၏။ ပရမတ်တရားတို့ ထင်ရှားပေါ်လွင်သည်ဟု ဆိုရ၏။ အမည်ကိုမမှတ်၍ မသိခြင်းသည်၊ ပညတ်ကို မသိသည်မည်၏။ ပညတ်တရားတို့ကို ခွါသည်ဟုဆိုရ၏။ ပညတ်တရားတို့ ကွာသည် ဝေးသည် ကင်းပျောက်သည် ဟူ၍လည်း ဆိုရ၏။ ဤမြင်ခြင်းအမှုအရာ သဘောတချဉ်း၌၊ ပရမတ် တရားစုတို့ပေါ်လွင်၍၊ ပညတ်အစဉ်တို့ ကင်းကွာပုံကို သိမြင်ရသဖြင့်၊ ကြွင်းသော ဒွါရခြောက်ပါးတို့၏ အမှုအရာ သဘောများ၌၊ ပရမတ်တရားတို့ ထင်ရှားပေါ်ပေါက်၍၊ ပညတ်တရားတို့ ကွယ်ပျောက် ချုပ်ငြိမ်းပုံအစဉ်ကို၊ ဉာဏ်အမြင်ပွင့်လင်း သိရှိကြပါလေ။

ဤနေရာ၌၊ ယခုလို မြင်ခြင်း, ကြားခြင်း စသော၊ အမှုအရာကို မှတ်၍ သိခါမျှနှင့်၊ ပရမတ်တရားတို့ ထင်ရှားပေါ်ပေါက်လာအောင်၊ ပညတ်တရားတို့ ကွယ်ပျောက်ကင်းကွာ၍ သွားနိုင်ပါမည်လားဟူမူ၊ မကွယ်မပျောက်ဟူ၍၎င်း၊ ကွယ်ပျောက်၏ ဟူ၍၎င်း၊ ၂-မျိုး, ၂-စားပင် ဖြေကြားပြောဆိုရာ၏။ ဤသို့ ၂-မျိုး, ၂-စားအားဖြင့် ကွဲပြားနေပုံ သဘောများကို၊ ရှင်းလင်းစွာ သိမြင်ထင်ရှားနိုင်ရန်၊ အောက်၌ ပြဆိုထားသော၊ အဓိပ္ပါယ်သဘောကို မှတ်သားဆင်ခြင်ကြပါလေ။

ထို မကွယ် မပျောက်ပုံ, ကွယ်ပျောက်ပုံ နှစ်မျိုးတို့တွင်၊ ပညတ်သဘောတရားသည်၊ ရှည်လျားလှစွာသော အနမတဂ္ဂသံသရာမှ စ၍၊ ယခုဘဝသို့တိုင်အောင်၊ အမှတ်အသား ကြာမြင့်လှသဖြင့်၊ ရင့်သန်ခိုင်မာလျက် လွန်စွာမှ အစွဲအားကြီးလှ၍၊ စိတ်ထဲတွင် အမြဲ ငြိကပ်ပြီး၊ အနုသယဓာတ်မျိုးကဲ့သို့၊ အစဉ်မပြတ်ဘဲ ကိန်းဝပ်တည်ရှိနေ၏။

ထို့ကြောင့်၊ ဝိပဿနာအလုပ်ကို အားထုတ်စအခါ၌၊ အမှုအရာသဘော ဖြစ်သော၊ ပရမတ်မျှကိုပင် အမှတ်ပြုပါသော်လည်း၊ အမည်, သဏ္ဍာ, သဏ္ဌာန်, ဒြပ်ဖြစ်သော၊ ပညတ်များ မကွာမစင်သေးဘဲ၊ ထင်မြင် လျက် ပင် ရှိနေပေသေး၏။ ဤသို့ရှိသည် ဆိုရာ၌လည်း၊ မှတ်၍ သိသော ခဏ၌ကား၊ ရှိနေသည် မဟုတ်၊ ချုပ်ပျောက် ကင်းကွာ၍ သွား၏။ အမှတ်မပြု၍ မသိသော ခဏ၌သာလျှင်၊ အစဉ် မပျက်ဘဲ၊ အမြဲ တည်ရှိလျက် နေသည်မည်၏။

ယခုလို မှတ်၍ သိသော ခဏ၌၊ ပညတ်တရားတို့ ကွယ်ပျောက်၍ သွားပါသော်လည်း၊ အမှတ်မပြုနိုင်၍ မသိခြင်းသဘောတို့က များပြား

လှာသဖြင့်၊ အနည်းငယ် သိနိုင်သမျှ သိခြင်းမျိုးကိုပင်လျှင်၊ မသိဟု မှတ်ယူ ထင်မြင်ကြလေ၏၊ **မီးကြီး မီးနိုင်၊ ရေကြီး၊ ရေနိုင်** ဆိုသကဲ့သို့ ပေတည်း။ ထို့ကြောင့်၊ မှတ်၍ သိသော်လည်း၊ ပညတ်တရားတို့ မကွယ်မပျောက်ဟု ဆိုရပေသည်။

ဥပမာကား၊ ၇-ရက် × ၇-လီ ၄၉-ရက် ပတ်လုံး၊ နေ့ရော ညပါ အစဉ်မပျက်ဘဲ၊ ဆက်လက်၍ ဓွေသွန် အုပ်ဖုံးနေသော မိုးသည်းမှောင်ကြီး အလယ်တွင်၊ အနည်းငယ် လျှပ်စစ် ပြက်သကဲ့သို့ ၎င်း၊ ဘုရားအလောင်း ရှင့်မင်းသည်၊ ပင်လယ်တွင်းသို့ မိမိသားကျ၍ သေဆုံးရာ၊ သားကို တွေ့မြင် ရရှိစေရန် ထက်သန်သော စိတ်မာန်ဖြင့်၊ ပင်လယ်ခြောက် ခန်း အောင်၊ အမြီးနှင့် ဆွတ်ခါ ရမ်းသကဲ့သို့၎င်း၊ မကွယ်မပျောက်ပုံကို အလုံးစုံသိမှတ်ပါလေ။

ဤသို့စသော ဥပမာတို့၌၊ လျှပ်စစ် ပြက်သလောက် အလင်းရောင်တောက်ခြင်း၊အမြီး၌ ပါသလောက် ရေကုန်ခြင်း ရှိသော်လည်း၊မီးကြီးမီးနိုင်၊ ရေကြီး ရေနိုင် ဆိုသကဲ့သို့။ အားထုတ် ရှုမှတ်သလောက်၊အသိဉာဏ် ပရမတ်တို့ ပေါ်ပေါက်၍၊မောဟ အဝိဇ္ဇာနှင့်ကိလေသာ ပညတ်တို့ ကွယ်ပျောက်သော်လည်း၊မပြောပလောက် အရာမရောက်သေး၍၊ မကွယ်မပျောက်ဟူ၍သာ ခေါ်ဆိုရလေတော့သည်။ ။ဤကား၊ ရှုမှတ်လျက် ပညတ်မကွယ်မပျောက်ပုံသဘောကိုပြဆိုခြင်းပေတည်း။

၎င်းနောက် ကွယ်ပျောက်၏ ဟူသည်ကား၊ အားထုတ်စ ဖြစ်သော ပုဂ္ဂိုလ်၏ စိတ်၌၊ သိသာထင်ရှားခြင်း မရှိသေးသော်လည်း၊ လျှပ်စစ် ပြက်သလောက် အလင်းရောင်တောက်၍၊ အမြီးနှင့်ဆွတ်ခါ၍ ရမ်းသလောက်၊ ပင်လယ်ရေ ဆုတ်ယုတ် ကွယ်ပျောက်လျက်၊နည်းပါးခြင်း အဖြစ်သို့ ရောက်သကဲ့သို့။ အမူအရာ သဘောဟူသမျှ၌၊ အမှတ် ပြုနိုင်သလောက်၊ အသိဉာဏ် ပေါ်ပေါက်၍၊ ပညတ်ကား အမှန် ကွယ်ပျောက်သည့်အပြင်၊ ၎င်းမှ ဆက်လက်၍ အလေ့အလာများလျက်၊ အသိဉာဏ် ရင့်ကျက် သန်စွမ်းလာသော အခါတွင်၊ ကုန်စင်အောင် ပင်လျှင် ပညတ်အစဉ်တို့၊ ကင်းကွာ ချုပ်ငြိမ်းခြင်းသို့ ရောက်နိုင်လေ၏။ ထို့ကြောင့်၊ အမှတ်ပြု၍ အသိဉာဏ် ပေါ်ပေါက်လျှင်၊ ပညတ် ကွယ်ပျောက်သည်ဟု ခေါ်ဆိုရလေတော့သည်။

ဤစကားအရဖြင့် ကွယ်ပျောက်ပုံ သဘာဝကို သိရန်မှာ၊ သတိပဋ္ဌာန် နည်းလမ်းနှင့်စပ်၍၊ ရှုမှတ်ပုံသက်သက်ကို ပြဆိုခဲ့သော၊ဝိပဿနာ အခဏ်း၌၊ ထမင်းတလုပ်စား အခါတွင်၊ အမှတ်ပေါင်း ၅၀-ခန့်ဖြစ်ကြောင်း ပါရှိ၏။ ၎င်းအမှတ် ၅၀-အနက်၌၊ အသိဉာဏ်အကြိမ်ပေါင်း ၅၀ ပေါ်ပေါက် လာသဖြင့်၊ မသိခြင်း အကြိမ်ပေါင်း ၅၀-မဖြစ်ပေါ်နိုင်ဘော့ပေ။ ထိုမသိခြင်းသဘော ဖြစ်ခွင့်မရသော အကြိမ်သည်၊ ပညတ် ကွယ်ပျောက်နေသည့် မည်၏။

ဤသို့ ထမင်းတလုပ်စား အချိန်အတွင်း၌၊ အမှတ်ပေါင်း အကြိမ် ၅၀-မိ၍ သတိတရား မယွင်းမှားအောင်၊ လေ့လာ မှတ်သားနိုင်လျက်၊ အချိုးအစား ကျသောအခါ၊ ထမင်းတလုပ်စား အတွင်းမှာပင်၊မှတ်သားရန် အချက်တို့ကို ပိုမိုထင်ပြင်လာသဖြင့်၊ အကြိမ် ၅၀-မျှမကဘဲ၊ ၆၀,၇၀,၈၀-စသော အချက်များတို့သည်လည်း၊ မှတ်သားနိုင်လောက်အောင်ပင်လျှင်၊ စိတ်ဉာဏ်အစဉ်၌ ထင်ရှားစွာ ဖြစ်ပေါ်၍ လာတတ်လေကုန်၏။

ဥပမာကား အစပထမ မူလ၌၊ စင်္ကြံ သွားသောအခါ၊ဘယ် လှမ်းတယ်,ညာလှမ်းတယ်ဟု၊ ခြေလှမ်း၌ တချက်မျှ မှတ်သားရာ၊ မှတ်ပါများ၍ အသိဉာဏ် ရင့်သန်လာသောအခါ၊ လှမ်းလိုသော စိတ်များကိုလည်း၊ မှတ်သားနိုင်အောင် သိရှိလာ၏။ ထို့နောက် ခြေကြွသည့်ကိုလည်း၊ မှတ်သားနိုင်အောင် သိရှိလာ၏။ ၎င်းအတိုင်း ဟုတ်မဟုတ်ကို အားထုတ်ရှုမှတ်၍ စမ်းသပ်ကြည့်ပါလျှင်၊ ကိုယ်တိုင်ဒိဋ္ဌပင် သိမြင်ထင်ရှား၍ လာကြပါလိမ့်မည်။

ဤခြေလှမ်းခြင်း တကြိမ်ကို တချက်မျှမှတ်သားရာ၌၊ ၂-ချက်, ၃-ချက်, ၄-ချက်, ၅-ချက် စသည့်ကိုပင်၊ မှတ်နိုင် သိမြင်နိုင်အောင် ထင်ရှား ဖြစ်ပေါ်သကဲ့သို့။ တပါးသော အမူအရာသဘောများကို၊ မှတ်သားရာတို့၌လည်း၊ ထင်ရှားစွာသိမြင်ကြပါလေ။

သဘောမှာကား၊ ဤကဲ့သို့ ခြေလှမ်းခြင်းစသော အမူအရာတို့၌၊ ခြေဟူသော အမည်ပညတ်ကို မပါစေဘဲ၊ လှမ်းကာမျှကို လှမ်းတယ်ဟု မှတ်၍၊ ပညတ်ကိုပယ်ရှား အာရုံမထားဘဲ၊ သဘောအားဖြင့် အဖျားကို ဆွတ်ဖြတ်လျက်၊ ပရမတ်မျှကိုသာ မှတ်သား၍သွားပါလျှင်၊ အလေ့အလာ အကြိမ်အခါများသဖြင့်၊ အမူအရာရမျှကို မှတ်သားနိုင်ရန် အာရုံပြု စွဲမြဲနေရာ ဖြစ်ပေါ်လာသော၊ အမူအရာတို့က မပြတ်

တော့ဘဲ၊ မူလက တချက်မှာ်သော အမူအရာ၌ပင်၊ ၂-ချက်မြင့်, ၃-ချက်မြင့် စသည်ဖြစ်၍၊ အချက်မြင့်တိုင်း အမှတ်ပြု သွားခဲ့သော်၊ အစကပင် အမှတ်မထားဘဲ၊ ပယ်ရှားခဲ့သော အမည်ပညတ် တို့ကို၊ အဘယ်မှာသျှင် အမှတ်ပြုနိုင်ရန်၊ အချိန်အခွင့် ရပါတော့မည်နည်း။

ထိုသို့အမှတ် မပြုသဖြင့်၊ အမည်ပညတ်တို့သည် တဖြေးဖြေး ပြတ်မှန်းမသိ ပြတ်စဲလျက်၊ အပေါ်သဟဲဖြစ်သော မောဟစသည့် ကိလေသာတို့၊ ဖြစ်ပေါ်ခွင့် မရနိုင်သဖြင့်၊ ချုပ်ငြိမ်းရလေတော့၏။

ဥပမာကား၊ လောက၌ မီးကြီး မီးနိုင်၊ ရေကြီး ရေနိုင် ဆိုသော စကားကဲ့သို့ရင်း၊ ရန်သူနှစ်ဘက်တို့ စစ်မက် ဖြစ်ပွားကြ သောအခါ၊ တဘက်သော စစ်တပ်သည်၊အရပ်အနေသင့်၍ အချက်ကောင်း မိသွားသျှင်၊ လွန်စွာပင် အားတက်လျက် ထက်မြက် စိတ်သန်လာ၍၊ ရန်သူတဘက်မှာမူ၊ နေရာအရပ် အခန့်မသင့်၊ အခွင့်မတော် သောအခါ၊ (အတ္တသမံ ပေမံ နတ္ထိ) မိမိကိုယ်နှင့်ထပ်တူချစ်ခင်နိုင်သောသူ မရှိဟူသော ဒေသနာတော်အရ၊ရှိသမျှအားမာန်နှင့် ခုခံ၍မတိုက်ခိုက်တော့ဘဲ၊အား လျော့ရှောင်လွှဲပြီး၊ ကစင့်ကရဲ ပုန်းလျှိုးထွက်ပြေးသကဲ့သို့ရင်း။ ထို့အတူပင်သျှင်၊ အသိဉာဏ် ထက်သန်ကြီးမား၍ များပြားစွာ ပရမတ် သဘောတို့ ပေါ်ပေါက်လာသည်ရှိသော်၊ မောဟာကိလေသာ အရပ်ရပ်နှင့် အမည်ပညတ်တို့ မလာမရောက်နိုင်တော့ဘဲ၊ နောက်ဆုံး၌ လုံးလုံးပင် ချုပ်ငြိမ်း ကွယ်ပျောက်ရလေတော့၏။ ထိုသဘော မျိုးကို ပင်သျှင်၊ မဂ်ဉာဏ်ဟူ၍ခေါ်ဆိုရလေသည်။ ။ဤကား၊ပရမတ်ပေါ်ပေါက်၍ ပညတ် ကွယ်ပျောက်ပုံအရဖြင့်၊ မွေသဘာဝ တို့ကို ပြဆိုခြင်းပေတည်း။

ပညတ်နှင့် ပရမတ်ဓမ္မတို့၏ သဘာဝအနေကို ခွဲဝေ၍ ပြဆိုခြင်းပြီး၏။

---

## ဝိပဿနာရှုမှတ်ရာဝယ် ပညတ်နှင့်ပရမတ်အထူးကို ပင်လယ်ကူး သင်္ဘောဥပမာဖြင့် ပြဆိုခြင်း

အထက်တွင် ပြဆိုခဲ့သော၊ သတိပဋ္ဌာန် နည်းလမ်းအရဖြင့်၊ ဖြစ်ပေါ်လာသမျှသော၊ ကိုယ်အမူအရာ, နှုတ် အမူအရာ, စိတ် အမူအရာတို့ကို၊ သူ့သဘောအတိုင်း ရှုမှတ်ခါမျှနှင့်၊ ပရမတ္ထတရားတို့ ထင်ရှားပေါ်လွင်၍၊ ပညတ်တရားတို့ ကင်းစင်လွင့်ပျောက်ပုံမှာ၊ အောက်တွင်ပါရှိသော ပင်လယ်ကူး သင်္ဘောဥပမာဖြင့်၊ ရှင်းလင်းစွာ မှတ်ယူသိရှိအပ်ပေသည်။

ဥပမာကား၊ သားရဲ သစ် ဆင် စသော၊ ဘေးရန် ပေါ်များသည့် သမုဒ္ဒရာပင်လယ်၊ ဤမှာဘက်ကမ်းမှ ဘေးရန်ကင်းသော ဟိုမှာဘက်

ကမ်းသို့၊ ကူးသန်းထွက်မြောက်လိုသောသူသည်၊ သမုဒ္ဒရာပင်လယ် အတွင်း၌၊ ငါး, လိပ်, မကာရ် စသောရန်သူ၊ ကျောက်ဆောင် ဒီ၀ဲ လှိုင်း လေ စသော ဘေးရန်တို့ မဖျက်ဆီးနိုင်အောင်၊ ပြန့်ကျယ် ကြီး မားသော သုံးပင်တိုင်သင်္ဘောကြီးများနှင့်၊ ကူးသန်းသွားလာ၍ ပေါက် ရောက်ခဲ့သည်ရှိသော်၊ ဘေးရန်လွတ်မြောက်သော ကမ်းတဘက်သို့ ရောက်သဖြင့်၊ ၀မ်းမြောက်ချမ်းသာစွာ နေထိုင်ရလေသည်။

ဤကဲ့သို့ ကူးသန်းသွားလာ၍ ရှေးဦးစွာ သင်္ဘောထွက်စ အခါမှာ၊ စက်ခုတ်၍ပင် သွားနေပါသော်လည်း၊ ကမ်းနှင့်ကွာသည် သင်္ဘော သွားသည်ဟူ၍ မသိသာလှသေး၊ ကမ်းကိုမြင်လျက်ပင် ရှိနေပေ၏။ သို့သော်လည်း၊ စက်ခုတ်သလောက်ပင် သင်္ဘောရွေ့သွား၍၊ ကမ်း နှင့်ကွာမှန်း မသိသာဘဲ၊ တဖြေးဖြေး ဝေးကွာလာသည်မှာ၊ လွန်စွာမှ ထင်ရှားလှပေ၏။ထိုကဲ့သို့ စက်ခုတ်ပါများ၍အချိန်အခါ ရှည်ကြာသည် ရှိသော်၊ ထွက်လာသော တဘက်ကမ်း ကွယ်ပျောက်ပြီး၊ အလို ရှိသော တဘက်ကမ်းသို့ ကူးသန်းပေါက်ရောက်သွားလေတော့သည်။ ဤကား၊ မျက်မြင်ထင်ရှားသော၊ ဥပမာစကားကို ပြဆိုခြင်းပေတည်း။

ဤသို့ဆိုအပ်ပြီးသော ဥပမာအတူပင်လျှင်၊ ငရဲ တိရစ္ဆာန်စသော အပါယ်လေးပါးဘေး၊ ဇာတိဇရာစသော ဆင်းရဲဒုက္ခ အပေါင်းတို့၊ နှိပ်စက်ခြင်းကို ခံနေရသော သံသရာ ဤမှာဘက်ကမ်းမှ၊ ချမ်းသာ အစစ်မှန်သော ထိုမှာဘက်ကမ်းသို့၊ ကူးသန်းလိုသော ယောဂီပုဂ္ဂိုလ် သည်၊ မောဟ အဝိဇ္ဇာနှင့်၊ တဏှာစသော ကိလေသာရန်သူတို့မဖျက် ဆီးနိုင်အောင်၊ ဒါနသီလတို့ ပါဝင်ပြီးစီးသော၊သမ္မာဒိဋ္ဌိ,သမ္မာသင်္ကပ္ပ စသော မဂ္ဂင်ရှစ်ပါးတရား၊ သင်္ဘောကြီးများကို ဖွဲ့စည်းချည်နှောင်၍ လွတ်မြောက်အောင် ကူးသွားပါလျှင်၊ အမှန်ပင်နိဗ္ဗာန်ကမ်းသို့ ငြိမ်း ချမ်းစွာရောက်ရှိ ခံစားနိုင်ကြပေ၏။

ယခုလို မဂ္ဂင်ရှစ်ပါးနည်းလမ်းဖြင့်၊ ကွေးခြင်း, ဆန့်ခြင်းစသော၊ အမူအရာသဘောကို ရှုမှတ်ရာ၌၊ ရှေးဦးစွာ မှတ်စအခါ၌၊ ဝိပဿနာ အသိဉာဏ်ဖြင့် ပရမတ် ရုပ်နာမ်ကိုအမှန်သိသော၊ ဝိဇ္ဇာပညာဖြစ်ပေါ် သည်၊မောဟအဝိဇ္ဇာပါး၍ ပညတ်တရားတို့ကွာသွားသည် ဟူ၍ကား၊ မသိသာ မထင်ရှား လှသေးပေ။ သို့သော်လည်း၊ မှတ်နိုင်သလောက် အသိဉာဏ်ဖြစ်၍၊ ပရမတ်တရား ပေါ်ပေါက်လျက်၊ ပညတ်တရားဘို့ ကွယ်ပျောက်သွားသည်မှာ၊ လွန်စွာမှသိသာ ထင်ရှားလှပေသည်။

ဤကဲ့သို့တကြိမ်, နှစ်ကြိမ် မှတ်ရုံမျှနှင့်၊ ပညတ်တရားဘို့ ကွာသည်ဟု၊ မသိသာမထင်ရှား သေးသော်လည်း။ အကြိမ်ကြိမ် အထပ်ထပ်၊ မရပ်မနားဘဲ ရှုမှတ်ပါလျှင်၊ အထက်တွင်ပြဆိုခဲ့သော ခေါ်ဝေါ်မှတ်သားနေသည့်၊အမည်သညာဟူသော-နာမပညတ်၊အပေါင်း အစုထင်နေသော-သမူဟပညတ်၊အစဉ်မပြတ်ဆက်စပ် ဖြစ်နေသည့်ထင်သော-သန္တတိပညတ်၊ အထည်ဒြပ်ထင်နေသော-သဏ္ဌာနပညတ်ဘို့မှ ကင်းကွာ၍၊ဖြစ်ပေါ်တိုင်း ရှုမှတ်သော၊ ပရမတ် အမှုအရာသဘောမျှသည်သာလျှင် အသိဉာဏ်၌ ထင်မြင်၍နေရလေတော့သည်။ ။ဤကား' ဥပမေယျ စကားကို ပြဆိုခြင်းပေတည်း။

ယခု ပြဆိုခဲ့သော၊ ဥပမာ, ဥပမေယျ နှစ်ရပ်ကို ပေါင်းစပ်၍ သိမှတ်ရန်ဖြစ်သော၊ နှိုးနှောသည့် ဥပမာ သံသန္ဒန သဘော အရမှာ၊ ရုပ်နာမ်, ခန္ဓာ, အာယတန, ဓာတ်သဘောဘို့၊အစဉ်မပြတ် ဖြစ်နေသော သံသရာကြီးသည်၊ မဟာသမုဒ္ဒရာ ပင်လယ်ရေပြင်ကြီးနှင့် တူပေ၏။ အပါယ်လေးပါးနှင့် ဇာတိဇရာ စသော ဘေးဒုက္ခ အပေါင်းသည်၊ သားရဲ သစ်ဆင် စသော ကြောက်ရွံ့ ထိတ်လန့်ဘွယ် များသည့်၊ သမုဒ္ဒရာ ပင်လယ်ရေပြင်၏ ဤမှာဘက်ကမ်းနှင့်တူ၏။ ဆင်းရဲဒုက္ခခပ်သိမ်းတို့၏ ကင်းငြိမ်း အေးမြရာမှန်သော နိဗ္ဗာန်ချမ်းသာ မြတ်သည်၊ ကြောက်ရွံ့ဘွယ် ဘေးရန် မသန်းသော သမုဒ္ဒရာ တဘက် ကမ်းနှင့် တူပေသည်။

တဘန် ဝိပဿနာအလုပ်ကို၊အားထုတ်သောယောဂီပုဂ္ဂိုလ်သည်၊ သမုဒ္ဒရာ တဘက်ကမ်းသို့ ကူးသန်းသွားလာသော၊ပင်လယ် ရေလမ်းခရီးသည်နှင့်တူပေ၏။ အဝိဇ္ဇာ, တဏှာစသော ကိလေသာ အပေါင်းသည်၊ငါးလိပ် မကာရ်းစသော ဘေးရန်အပေါင်းတို့နှင့်တူ၏။ ပရမတ်ရုပ်နာမ်ကို အမှန်သိခြင်း-သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး တရားအပေါင်းသည်၊ ကြီးမားခိုင်ခံ့သော ပင်လယ်ကူး သုံးပင်တိုင် သင်္ဘောကြီးနှင့်တူပေ၏။ဖြစ်ပေါ်သော အမှုအရာသဘောကို ရှုမှတ်ခြင်းသည်၊ သင်္ဘောစက်ခုတ်၍ ကမ်းမှခွါထွက်သည်နှင့်တူပေသည်။

တဘန် ရှုမှတ်စအခါ၌ အသိဉာဏ်မပေါ်လွင်၍၊ ပညတ် မကွာမစင်ဟု မှတ်ထင် နေရခြင်းသည်၊ သင်္ဘောခုတ်စ အခါ၌ ထွက်ခွါခဲ့သော ကမ်းကို မြင်နေရ၍၊သွားသည်မထင် ကမ်းမှ ကွာသည်ဟု မထင်ရသေးသည်နှင့်တူ၏။မှတ်နိုင်သလောက် အသိဉာဏ်ပေါက်၍၊အနည်း

ငယ်, အနည်းငယ် ပညတ် ကွယ်ပျောက်လျက်၊ အနည်းငယ်, အနည်းငယ် ပရမတ် တရားတို့ ပေါ်ပေါက်၍သည်၊ သဘောစက်ဖြင့် ခုတ်၍ သွားသလောက်ပင်၊ အနည်းငယ်, အနည်းငယ် ကမ်းနှင့်ဝေးကွာ လွန်မြောက်လျက်၊ အတန်ငယ်,အတန်ငယ် ပင်လယ်ခရီးကို ပေါက်ရောက်သွားသည်နှင့် တူပေသည်။

တဘာန် အကြိမ်ကြိမ် အထပ်ထပ် မနားမရပ်ဘဲ၊အမှုအရာ ပရမတ် သဘောတို့ ဖြစ်ပေါ်တိုင်း၊မလစ်မလပ်ရလေအောင် အစဉ်မပြတ်ရှုမှတ်နေခြင်းသည်၊ သမုဒ္ဒရာ ပင်လယ်ရေကြောဖြင့် သင်္ဘောစက်ကို မရပ်မဆိုင်းဘဲ၊ နှင်စိုင်း ခုတ်သွားသည်နှင့်တူ၏။ အမှတ် စိတ်၍ ပညတ်တရား ကွာစင်လျက်၊ ပရမတ် ရုပ်နာမ်သဘောကိုသာ အမှန် သိမြင်နေမှုသည်၊သမုဒ္ဒရာ ၌မှာဘက်ကမ်း မထင်တော့ဘဲ၊ထိုမှာ ဘက်ကမ်းကို မြင်သည်နှင့် တူပေ၏။ မဂ်ဉာဏ်ပေါ်ပေါက်၍ အရိယာ အဖြစ်သို့ရောက်ခြင်းသည်၊ ထိုမှာဘက်ကမ်းသို့ ရောက်သည်နှင့်တူ၏။ ဤသို့စသည်ဖြင့် ဉာဏ်ရှိသမျှချဲ့ထွင်၍၊ သဘောအစဉ်ကို နှိုင်းယှဉ်ပြီး၊ ကုန်စင်အောင် သိမြင်မှတ်သား သင့်လှပေတော့သည်။ ။ဤကား၊ ဥပမာနှင့် ဥပမေယျတို့၏ သဘောကို၊ နှီးနှော စပ်ယှဉ်ရန် ပြဆို လိုက်သော၊ဥပမာ သံသန္ဒန စကားတို့ပေတည်း။

ယခုအခါ အထက်တွင် ပြဆိုခဲ့သော၊ ပရမတ်နှင့် ပညတ်တို့၏ နည်းလမ်းဖြင့် ပွားများရှုမှတ်ပုံ၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ခွဲခြမ်းစိတ်ဖြာ၍ ရှင်းလင်းစွာပါရှိသော၊အဓိပ္ပါယ်သဘောများကို ဒေသနာတော် အထောက်အထားတို့နှင့်၊ ကွဲပြားအောင် မှတ်သား သိရှိလိုကြသော ပုဂ္ဂိုလ်ရတို့၊ ကြည့်ရှုပြီး အသုံးပြုကြစေခြင်းငှါ၊ ဥပမာပြ ဂါထာကို ထည့်စွက်၍၊ အနက် မြန်မာစကားများပါ ရေးသားပြဆိုပေအံ့။

သံသာရံ တရဏတ္ထာယ၊ မဟောဃုမ္မာနိ ဗန္ဓထ။
ဘာဝနာ ဒါနသီလေဟိ တိဝိတ္ထိန္နော မဟဏ္ဏဝေါ။ ။
(အင်္ဂုတ္တိုရ် ပါဠိတော်)

သံသာရံ၊ ယူဇနာပေါင်း ရှစ်သောင်း လေးထောင်၊ နက်ဆောင် သမုဒ္ဒရာ ပုံပမာသို့၊ ခန္ဓာ, အာယတန, ဓာတ် မပြတ်ဖြစ်ရာ သံသရာကြီးကို။ တရဏတ္ထာယ၊ လျင်မြန်ထုတ်ခြောက် ကူးသန်း ထွက်မြောက်ကြစေခြင်း အကျိုးငှါ။ ဘာဝနာဒါန သီလေဟိ၊ ဒါနသီလ သမထနှင့်

များလှအခန်းခန်း ဝိပဿနာ ကမ္မဋ္ဌာန်းတို့ဖြင့်။ မဟောဇ္ဈမ္ဗာနီ၊ သမ္ဗာဒိဋ္ဌိ စရိုများပြား မဂ္ဂင်ရှစ်ပါး တည်းဟူသော၊ သင်္ဘောလှေ ဘောင်ကြီးတွေကို။ ဗန္ဓထ၊ ရန်သူ သီးသီး မပျက်ဆီးနိုင်အောင်၊ ခိုင်လုံစွာ ဘွဲ့စည်းတုပ်နှောင် ကြပါကုန်လော။ မဟာဣဏ္ဏဝေါ၊ လူနတ်ဖြဟ္မာ သတ္တဝါတို့ ရှည်ကြာနစ်မြုပ်၊ ဝဋ္ဋလုပ်ဟု မြစ်သမုန်ပမာ သံသရာသည်။ တိဝိဋ္ဋနွော၊ ဒႏစောက် နံလျား ရေတွက်ငြားလည်း၊ ဖိုင်းခြားစုရုံး ပြီးမဆုံးဘဲ၊ လွန်စွာမှ နက်နဲကျယ်ဝန်းလှခဲ့ပေသတည်း။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ပါဠိတော် ဒေသနာ၊ ဥပမာ, ဥပမေယျနှင့် ယှဉ်သော သဘောအဓိပ္ပါယ်ကို၊ နားလည် ရှင်းလင်း သံသယကင်းကြ၍၊ နှလုံးသွင်း အားထုတ်နည်းကို အသီးအသီး စိတ်ချလျက်၊ ယုံကြည်ခြင်း သဒ္ဓါတရားရှိကြပြီးလျှင်၊ အနမတဂ္ဂ သံသရာမှ အစဉ်မပြတ် လိုက်ပါလာသော၊ ပညတ်တရား ကင်းကွာပြောင်စင်ပြီး၊ ပရမတ် ရုပ်နာမ် တရားပေါ်လွင်၍၊ ဝိပဿနာအစဉ် မဂ်ဉာဏ်ဖြင့် သိမြင်လျက်၊ နိဗ္ဗာန်သို့ ဝင်နိုင်ကြစေရန်၊ ဖြစ်ပေါ်လာသမျှသော ကိုယ်, နှုတ်, စိတ် အမှုအရာများကို၊ မနားမရပ် မလစ်လပ်ရအောင်၊ အစဉ်မပြတ် အားထုတ် ရှုမှတ်သင့်လှပေတော့သတည်း။ ။ဤကား၊ ပါဠိတော်ဒေသနာနှင့်၊ ဥပမာ, ဥပမေယျတို့၏ သဘောသွားကို၊ မှတ်သားရန် ပြဆိုလိုက်သော စကားတို့ ပေတည်း။

ဝိပဿနာ ရှုမှတ်ရာဝယ် ပညတ်နှင့် ပရမတ်အထူးကို
ပင်လယ်ကူး သင်္ဘောပမာဖြင့် ပြဆိုခြင်းပြီး၏။

## ပညတ်နှင့်-ပရမတ်တရားကို၊ ရှစ်ပါးသောလောကဓမ်ဖြင့် ဝေဘန်၍ပြဆိုခြင်း

မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ သွားလမ်းဖြစ်သော၊ ဝိပဿနာ ကမ္မဋ္ဌာန်းကို ကြိုးပမ်းတကုတ် အားထုတ်ပြုရကြရာ၌၊ ပရမတ်, ပညတ် ဟူသော တရားနှစ်ခုတို့ကို ကွဲပြား နားလည်မှုသည်၊ လိုရင်းအစစ် ဖြစ်ပေ၏။ ထိုပရမတ်, ပညတ် တရားတို့ကို၊ အထက်ထက်ဖြစ်သော အဘိဓမ္မာ ကျမ်းဂန် ကြီးများနှင့်၊ အသီးအသီး ခွဲခြား၍ ရေးသားထားကြသော်လည်း၊ ဉာဏ်နည်းသောသူတို့အား ကွဲပြား နားလည်ခြင်း မရှိခဲ့ကြပေ။

ထို့ကြောင့်၊ ပရမတ်နှင့် ပညတ်တရားတို့၏ သဘောသွားကို၊ ဉာဏ်နုသေးသူတို့ပင်လျှင် သိမြင်ကဲ့ပြား၍ နားလည်နိုင်ကြစေရန်၊ အထက်ကျမ်းဂန်ကြီးများကို မကိုးကားဘဲ၊ မဂ်လသုတ်တရားတော်ကို သက်သေထား၍ ရှင်လင်းစွာ ပြဆိုရေးသားပေအံ့။ ။

**ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ။** ။လောကဓမ္မေဟိ၊ လောကဓမ်တရား ရှစ်ပါးဘို့ဖြင့်။ ဖုဋ္ဌဿ၊ တွေ့ထိသော။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နကမ္ပတိ၊ မတုန်မလှုပ်။

အဓိပ္ပါယ်ကား၊ ရဟန္တာပုဂ္ဂိုလ်၏စိတ်သည်၊ လောကဓမ်တရား ရှစ်ပါးတို့နှင့် တွေ့ထိငြားသော်လည်း၊ လှုပ်ရှား ဘောက်ပြန်ခြင်း မရှိဘဲ၊ ပကတိအတိုင်း ခိုင်မြဲစွာ တည်နေနိုင်သည်ဟု ဆိုလို၏။ ဤနေရာ၌ အမြတ်ဆုံး အလွန်ဆုံးဖြစ်သော၊ ဥက္ကဋ္ဌနည်းအားဖြင့် ရဟန္တာကို ဆိုသော်လည်း၊ အောက်အောက်ဖြစ်သော အရိယာပုဂ္ဂိုလ် များကိုလည်း၊ ထိုက်သည်အားလျော်စွာ ခေါ်ဆိုရေတွက်ခြင်း ပြုရလေတော့သည်။

လောဓမ်တရားဟူသည်၊ သောက ၃-ပါးမှ မထွက် မြောက် နိုင်သေးဘဲ၊ လောကထဲ၌ ရှိနေသောသူဟူသမျှတို့တွင်၊ ပုထုဇဉ်သတ္တဝါကို မဆိုထားဘိ၊ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာ ပုဂ္ဂိုလ် မြတ်တို့ကိုပင်လျှင်၊ အစဉ်မပြတ် အမြဲနှိပ်စက်၍ နေအပ်သောကြောင့်၊ လောကဓမ်တရားဟူ၍ ခေါ်ဆိုပညတ် သမုတ်အပ်လေသည်။

ဤလောကဓမ်တရားနှင့် ထိပါးတွေ့ကြုံခဲ့ပါလျှင်၊ ဘုရား,ပစ္စေကဗုဒ္ဓါ,ရဟန္တာတို့၏စိတ်၌၊ ဘောက်ပြန်ခြင်း မရှိသော်လည်း၊ ပုထုဇဉ်တို့၏စိတ်မှာမူကား၊ လွန်စွာမှ ယိမ်းယိုင် တုန်လှုပ်ခြင်း ဖြစ်ကြလေ၏။ ဥပမာအားဖြင့်၊ လှေငယ်,သမ္ဗန်,သုံးပင်တိုင် သင်္ဘောကြီးတို့ဖြင့်၊ ပင်လယ်လမ်းခရီးကို သွားသည်နှင့်တူပေ၏။

တူပုံမှာကား၊ ပင်လယ်လမ်း သွားသောအခါ၊ ငါး,လိပ်,မကာရ်း မိကျောင်း, လဗိုင်,ကျောက်ဆောင်, ဒီ,ဝဲ,လှိုင်း,လေစသော အေးရန်တို့နှင့် တွေ့ကြုံရာတွင်၊သုံးပင်တိုင် သင်္ဘောကြီးမှာ လှုပ်ရှား ယိမ်းယိုင်ရုံမျှမရှိ၊ လှေငယ် သမ္ဗန်တို့မှာမူကား ယိမ်းယိုင်လှုပ်ရှား၍၊ ပျက်ပြားဆုံးရှုံးခြင်းသို့ ရောက်ရလေ၏။

ဤဥပမာ၌၊ငါး,လိပ်,မကာရ်း,မိကျောင်း,လဗိုင်, ကျောက်ဆောင် ဒီ,ဝဲ,လှိုင်း,လေ စသောဘေးရန်များသည်၊လောကဓမ်တရားနှင့်တူ၏။

သုံးပင်တိုင်သဘော်ကြီးသည်၊ ရဟန္တာတို့၏ စိတ်နှင့်တူ၏။ လှေငယ်, သမ္ဗန်များသည်၊ ပုထုဇဉ်တို့၏ စိတ်နှင့်တူ၏။ ဉာဏ်ရှိသမျှ ချဲ့ထွင်၍၊ ဥပမာ ဥပမေယျ သဘောကို၊ ကုန်စင်အောင် သိမြ ကြပါလေ။ ။
ဤကား၊ လောကဓမ်တရား၏ သဘောကို ပြဆိုခြင်းပေတည်း။

အထက်တွင် ပြဆိုခဲ့သော လောကဓမ် တရားဟူသည်၊ သာမညအားဖြင့် တပါးတည်းဖြစ်သော်လည်း၊ ဝိသေသဖြစ်သော သရုပ်အရေအတွက် အားဖြင့်သော်ကား၊ ရှစ်ပါးအပြားရှိ၏။ ရှစ်ပါး ဟူသော်ကား။....

လာဘ,အလာဘ၊ ယသ, အယသ၊ နိန္ဒ,ပသံသ၊ သုခ, ဒုက္ခ-ဟူ၍ ရှစ်ပါးအပြားရှိ၏။ ထိုရှစ်ပါးတို့တွင်၊ လာဘ-ပစ္စည်းဥစ္စာ ပေါများခြင်း၊ အလာဘ-ပစ္စည်းဥစ္စာ ပါးရှားခြင်း၊ ဤသို့အကောင်း, အဆိုးတစုံဖြစ်၏။ ယသ-အခြွေအရံပရိသတ် ပေါများခြင်း။ အယသ၊ အခြွေအရံပရိသတ် ပါးရှားခြင်း၊ ဤသို့ အကောင်း,အဆိုး တစုံဖြစ်၏။ နိန္ဒ-မကောင်းသတင်း ကဲ့ရဲ့ပြစ်တင်သော စကားကို ပြောကြားခြင်း၊ ပသံသ-ကောင်းသောသတင်း ချီးမွမ်းထောပနာသော စကားကို ပြောကြားခြင်း၊ ဤသို့အကောင်း, အဆိုး တစုံဖြစ်၏။ သုခ-ကိုယ်စိတ်နှစ်ဖြာ ချမ်းသာအေးမြခြင်း၊ ဒုက္ခ-ကိုယ်စိတ်နှစ်ဖြာ လွန်စွာဆင်းရဲ ပင်ပန်းခြင်း၊ ဤသို့အကောင်း,အဆိုးတစုံဖြစ်၏။

ဤလောကဓမ်တရား ရှစ်ပါးအရ၊ ပညတ်ပရမတ်တို့၏ သဘာဝဓမ္မကို ခွဲခြား၍ပြဆိုနေလျှင်၊ လွန်စွာပင် ကျယ်ဝန်း ရှည်လျားနေ၍၊ သဘောဉာဏ် မကွဲပြားဘဲ ရောင်ပါးဝါး ဝေလယ်လယ် ဖြစ်တတ်လေ၏။ ထို့ကြောင့်၊ နိန္ဒ,ပသံသ-ဟူသော လောကဓမ်တရား နှစ်ပါးကိုသာ၊ ပညတ်နှင့် ပရမတ်တရားကို ကွဲပြားသိမြင်၍၊ ဉာဏ်အမြင်ပွင့်လင်းနိုင်ကြစေရန် အနည်းငယ်ဝေဘန်၍ပြဆိုရာ၏။ ဤသို့ လောကဓမ်တရား နှစ်ပါးကို ပြလိုက်သဖြင့်လည်း၊ ကြွင်းသော လောကဓမ်တရားတို့၏ သဘောများကို၊ကွဲပြားရှင်းလင်းစွာဖြင့် သိကြားနားလည်သင့်ကြပေတော့သည်။ ။ဤကား၊ လောကဓမ်တရား ရှစ်ပါးတို့၏ သရုပ်သချ်ာများကိုပြဆိုခြင်းပေတည်း။

နိန္ဒ,ပသံသ၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်း-ဟူသောစကား၌၊ ပညတ်နှင့် ပရမတ်တရားတို့ ကွဲပြားပုံမှာ၊ကဲ့ရဲ့ခြင်း,ချီးမွမ်းခြင်း-ဟူသော စကားသည်၊ ပညတ်မည်၏။ ထွက်သော အသံသည်၊ ပရမတ်မည်၏။ ထိုနှစ်

ပါးတို့တွင်၊ လောကဝေါဟာရအားဖြင့် ခေါ်ဝေါ်သမုတ် အပ်သော ပညတ်အလိုအားဖြင့်၊ ကွဲရှဲပြစ်တင်သော စကားကို-အခဆိုး၊ ချီးမွမ်း ထောပနာသော စကားကို-အကောင်းဟု မှတ်သားခြင်း ပြုကြလေ သည်။

ထိုဆိုအပ်ခဲ့ပြီးသော၊ကွဲရှဲခြင်း, ချီးမွမ်းခြင်း စကားနှစ်မျိုးကို ကြား ခြင်းကြောင့်၊ ရဟန္တာတို့၏စိတ်၌ တုန်လှုပ် ဘောက်ပြန်ခြင်း မရှိဘဲ၊ ပကတိအတိုင်း ခိုင်မြဲစွာတည်နေနိုင်၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်၊ ကွဲရှဲ သောစကားကို ကြားသောအခါ၊ စိတ်ထဲမှာ မနှစ်သက်ခြင်းဖြစ်၏။ ချီးမွမ်းသောစကားကို ကြားသောအခါ၊ စိတ်ထဲမှာ ဝမ်းမြောက် ဝမ်းသာခြင်းဖြစ်၏။ ပုထုဇဉ်မှန်က မဖြစ်ဘဲမနေနိုင်တော့ပြီ။

ဤကဲ့သို့ မနှစ်သက်ခြင်း, ဝမ်းသာခြင်း နှစ်မျိုးတို့တွင်၊ မနှစ်သက် ခြင်းဟူသည်၊တရားကိုယ်အားဖြင့်-ဒေါသမည်၏။ဝမ်းသာခြင်းသည်၊ တရားကိုယ်အားဖြင့်-လောဘမည်၏။ဤကဲ့သို့သောသဘော မျိုးကိုပင် လျှင်၊ လောကဓံတရားနှင့် တွေ့ကြုံက ပုထုဇဉ်ပုဂ္ဂိုလ် ဟူသမျှမှာ၊ ချွေချွေချုန်အောင် တုန်လှုပ်ဘောက်ပြန်သည်ဟု ခေါ်ဆိုရလေတော့ သည်။ ။ဤ ကား၊ နိန္ဒ,ပသံသ-ဟူသော ကဲ့ရဲ့ချီးမွမ်းခြင်းစကား၌၊ ပညတ်နှင့်ပရမတ် တရားကို ခွဲခြား၍ပြဆိုလိုက်သောစကား ပေတည်း။

ယခု ပြဆိုခဲ့ ပြီးသော၊ ကွဲရှဲခြင်း, ချီးမွမ်းခြင်း စကားနှစ်မျိုးနှင့်၊ ပညတ်, ပရမတ် တရားနှစ်ပါးတို့၏ သဘောသွားဖြစ်အင်ကို၊ နှိုင်း ယှဉ်၍ သိရှိရန်မှာ၊ ချီးမွမ်းခြင်း, ကွဲရှဲခြင်းကို ကြားရာ၌၊ ရဟန္တာ၏ စိတ်မှာ၊ တုန်လှုပ်ဘောက်ပြန်ခြင်းမရှိ။ ပုထုဇဉ်တို့စိတ်မှာ၊ တုန်လှုပ် ဘောက်ပြန်ခြင်း ရှိ၏။

ထိုနှစ်ပါးတို့တွင်၊ ရဟန္တာသည်လည်း နားရှိ၍ကြား၏၊ ပုထုဇဉ် သည်လည်း နားရှိ၍ပင်ကြားရ၏။ ဤနေရာ၌ နားနှင့်ကြားခြင်း အခသံ မှာ၊ ရဟန္တာနှင့် ပုထုဇဉ်တို့ ဘာမျှမထူးခြားဘဲ၊ အတူအမျှပင်ဖြစ်ကြ လေ၏။

ဤကဲ့သို့ နားနှင့်ကြားခြင်းများ မထူးခြားဘဲ တူမျှပါ လျက်နှင့်၊ ရဟန္တာမှာ တုန်လှုပ်ဘောက်ပြန်ခြင်း မရှိဘဲ၊ ပုထုဇဉ်မှာသာ တုန် လှုပ်ဘောက်ပြန်ခြင်း ရှိနေသည်မှာ၊ ရဟန္တာသည် ကြားသောအခါ၊ ကြားတယ်ဟူ၍သာ မှတ်သဖြင့်၊ ကြားခါမျှသဘောဖြစ်သော ပရမတ် ကိုသာသိ၏၊ ကဲ့ရဲ့သံ,ချီးမွမ်းသံ-ဟူသော ပညတ်ကို မမှတ်၍မသိပေ။

ထိုကြောင့်၊ တုန်လှုပ်ဘောက်ပြန်နိုင်စရာ အကြောင်းမရှိဟု၊ မှတ်ယူ ယုံကြည်သင့်လှပေသည်။

ပုထုဇဉ်ပုဂ္ဂိုလ်မှာမူကား၊ ကြားသောအခါ၊ ကြားခါမျှသဘောကို မမှတ်၍ ပရမတ်ကို မသိ၊ ကွဲရွဲသံ,ချိုးပွမ်းသံ-ဟူသော အမည်ကိုသာ မှတ်၍၊ အဆိုး,အကောင်း-ဟူသော ပညတ်ကိုသာ သိရှိနိုင်လေ၏။ ထိုကြောင့်၊ လောကဓမ်တရား တည်းဟူသော ဂွင်းလေတို့ ခတ် ပုတ်သဖြင့်၊ သံသရာတည်းဟူသော ပင်လယ်သမုဒ် ဝဲဇလုပ်၌၊ နစ်မြုပ် မျောပါခြင်း တည်းဟူးသော ဒုက္ခမှလွတ်မြောက်၍၊ ကမ်းတဘက် တည်းဟူသော ဘေးရန်ငြိမ်းချမ်း နိဗ္ဗာန်နန်းသို့၊ လျင်မြန်စွာ ကူးသန်း ပေါက်ရောက်နိုင်ကြစေရန်၊ ၆-တန်သော အာရုံတို့ကို တွေ့ကြုံတိုင်း မလစ်မလပ်ရအောင်၊ အမြဲမပြတ် ရှုမှတ်သင့်လှပေတော့သည်။ ။ဤကား၊ သဘာဝဖြစ်အင်ကို၊ နှိုင်းယှဉ်၍သိမြင်ရန်၊ ပြဆိုလိုက်သော စကားတို့ပေတည်း။

ပညတ်နှင့် ပရမတ်တရားကို ရှစ်ပါးသောလောကဓမ်ဖြင့်
ဝေဘန်၍ ပြဆိုခြင်းပြီး၏။

---

## ပညတ်နှင့် ပရမတ်တရားကို အာရုံ ၆-ပါးဖြင့် ခွဲခြား၍ ပြဆိုခြင်း

ဝိပဿနာ အလုပ်ကို အားထုတ်သည် ဆိုရာ၌၊ လိုရင်း သဘော အချုပ်မှာ၊ ပရမတ် သဘောတရားကို၊ ပညတ်တရားမှ ဘော်ထုတ် ခြင်းဖြစ်ပေ၏။ ပရမတ် တရားသည်၊ ပကတိသဘောအားဖြင့် ထင် ရှားပေါ်လွင်လျက်၊ တိမ်ဖုံးသော လ,အသွင်ကဲ့သို့၊ ပညတ်တရားတို့က လွှမ်းမိုးဖုံးအုပ်သဖြင့်၊ နစ်မြုပ်၍နေရခြင်း သဘောမျိုးဖြစ်ပေ၏။ ထို ကြောင့်၊ ၎င်းတရား ၂-ပါးတို့၏ သဘောသွားကို၊ အာရုံ ၆-ပါးနှင့် မှတ်သားအပ်ပေသည်။

အာရုံ ၆-ပါးဟူသည်ကား၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ,ဓမ္မာရုံ ဤ ၆-ပါးသည်၊ အာရုံ ၆-ပါးမည်၏။ ထို ၆-ပါး တို့တွင်၊ အဆင်းအမျိုးမျိုးသည်၊ ရူပါရုံမည်၏။ အသံအမျိုးမျိုးသည်၊ သဒ္ဒါရုံမည်၏။ အနံ့ အမျိုးမျိုးသည်၊ ဂန္ဓာရုံမည်၏။ အစာ အမျိုးမျိုး သည်၊ ရသာရုံမည်၏။ အတွေ့ အမျိုးမျိုးသည်၊ ဖောဋ္ဌဗ္ဗာရုံ မည်၏။ သဘော အမျိုးမျိုးသည်၊ ဓမ္မာရုံမည်၏။

ဝင်းအာရုံ ၆-ပါးတို့တွင်၊ ရူပါရုံအစ ဖော္ဌဗ္ဗာရုံ အဆုံး ရှိသော အာရုံ ၅-ပါး၏ သဘောများကို၊ နားလည်ရန် လွယ်ကူသူများပေ၏။ ဓမ္မာရုံ၏သဘောကိုမူကား၊ နားလည်ရန် မလွယ်လှ၍ နားရှိသူ နည်းပါးကြလေ၏။ ထိုဓမ္မာရုံ၏ သဘောဟူသည်မှာ၊ စိတ်၌အမျိုးမျိုး ထင်မြင်သမျှသောစိတ်သဘော၊မျက်တောင်ခတ် မျက်ခုံးလှုပ်ခြင်းသဘော၊ ပါးစပ်လှုပ်ခြင်း သဘော၊ ကွေး,ဆန့်,ကြွ,မ စသော ကိုယ်အမူအရာ သဘောများသည်၊ ဓမ္မာရုံမည်၏။ အချုပ်မှာ၊ အစဉ်လာသော အာရုံ ၅-ပါးမှလွတ်သော သဘောဟူသမျှကို၊ ဓမ္မာရုံဟု ဆိုလိုပေသည်။ ။ ဤကား၊ အာရုံ ၆-ပါး၏သဘောများကို ပြဆိုခြင်းပေတည်း။

အာရုံ ၆-ပါးကို ရှုမှတ်ခြင်းဟူသည်ကား၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်သောအခါ၊ မြင်တယ်ဟူ၍သာ မှတ်ရ၏။ ဘာကိုမြင်တယ်, ညာကိုမြင်တယ်ဟု၊ အဆင်း၏မှီရာ သဏ္ဌာန်, ဒြပ်, အမည်, သညာတို့ကို မမှတ်ရ၊ အာရုံမပြုရ။ မိမိက အမှတ်မပြုဘဲနှင့် စိတ်ထဲတွင် အာရုံထင်နေခြင်းများဖြစ်တတ်၏။ သို့သော် မှတ်ပါများသောအခါ၊ တဖြေးဖြေး ကင်းကွာပျောက်ပျက်၍ သွားလိမ့်မည်။

ထို့ အတူပင်လျှင်၊ နားဖြင့် အသံမျိုးမျိုးကို ကြားသော အခါ၊ ကြားတယ် ဟူ၍သာ မှတ်ရ၏။ ဘာသံ, ညာသံဟု၊ အသံ၏မှီရာ သဏ္ဌာန်, ဒြပ်, အမည်,သညာတို့ကို မမှတ်ရ၊ အာရုံမပြုရ။ နှာခေါင်းဖြင့် အနံ့အမျိုးမျိုးကို နံသောအခါ၊ နံတယ်ဟူ၍သာမှတ်ရ၏။ အပုပ်နံ့, အမွှေးနံ့, ခွေးကောင်ပုပ်နံ့, ဝက်ကောင်ပုပ်နံ့, ရေမွှေးနံ့, စန္ဒကူးနံ့ စသည်ဖြင့်၊ အနံ့၏မှီရာ သဏ္ဌာန်, ဒြပ်, အမည်,သညာတို့ကို မမှတ်ရ၊ အာရုံမပြုရပေ။

လျှာဖြင့် အရသာကို စားသောအခါ၊ ဝိပဿနာအခန်းတွင် ဆိုခဲ့သောအတိုင်းသာလျှင် မှတ်ရ၏။ အစာ၏ သဏ္ဌာန်, ဒြပ်, အမည်, သညာတို့ကို မမှတ်ရ။ ကိုယ်ဖြင့် အတွေ့ကို ထိသောအခါ၊ စိတ်ဖြင့် သဘောကို သိသောအခါ တို့၌လည်း၊ ဝိပဿနာခန်းတွင် ပြဆိုခဲ့သောအတိုင်းသာလျှင် မှတ်ရ၏။ ကိုယ်ဖြင့် ထိအပ်သော၊ အထည်ဝတ္ထုတို့၏ ဒြပ်,သဏ္ဌာန်,အမည်,သညာတို့ကို မမှတ်ရ။ စိတ်ဖြင့်သိအပ်သော ဓမ္မသဘော၌၊ လောဘတဲ့, ဒေါသတဲ့, မောဟတဲ့၊ သမ္ပယုတ်, ဝိပ္ပယုတ်တဲ့ စသည်ဖြင့်၊ မတွေးတော မကြံစည် ရပေ။ ။ဤကား၊ အာရုံသဘော၌ မှတ်ပုံကို ပြဆိုခြင်းပေတည်း။

ယခု ပြဆိုခဲ့ပြီးသော ၆-ပါးသော အာရုံတို့၌၊ အစုံ ဖြစ်သော ပညတ်, ပရမတ်တို့၏ သဘောသွားကို ခွဲခြား၍ သိမှတ်ရပုံမှာ၊ ဒြပ်, သဏ္ဌာန် အမျိုးမျိုးရှိသော အဆင်း အမျိုးမျိုးတို့တွင်၊ မျက်စိဖြင့် ဖလ်ခွက်ကို မြင်ရာ၌၊ ယောဂီပုဂ္ဂိုလ်သည်၊ မြင်တယ်ဟု မှတ်၏။ ထိုအခါ၊ လောက ဝေါဟာရအားဖြင့် ဘာကိုမြင်သလဲဟု မေးလျှင်. လောက ဝေါဟာရအားဖြင့် ဖလ်ခွက်ကိုမြင်သည်ဟု ဖြေရ၏။

ဤကဲ့သို့မြင်ရာ မှတ်ရာတို့တွင်၊ ဖလ်ခွက်ဟူသော ဒြပ်, သဏ္ဌာန်, အမည်,သညာသည်၊ ပညတ်မည်၏။ ဖလ်ခွက်ဟူသော ဒြပ်,သဏ္ဌာန်၌ ရှိသည့်၊ ဝဏ္ဏဓာတ်ခေါ်သော အဆင်းသည်၊ ပရမတ်မည်၏။ ထိုကဲ့သို့ ဒြပ်,သဏ္ဌာန် ဟူသော ပညတ်နှင့်၊ သဘောမျှဖြစ်သော ပရမတ်တရား တို့၊ မကွဲမပြားဘဲ ပူးတွဲယှဉ်စပ်နေရာ၊ မြင်ခြင်း ဖြစ်ပေါ် လာသော အခါ၊ ဝိပဿနာဉာဏ်ဖြင့်၊ မြင်တယ်ဟူ၍သာ မှတ်လိုက်သဖြင့်၊ မြင် ခါမျှသဘောကိုသာ သိလိုက်၏။ ဒြပ်,သဏ္ဌာန်တို့ကို မမှတ်၍ မသိပေ။

ဤသို့လျှင်၊ ဝိပဿနာဉာဏ်ဖြင့် မှတ်လိုက်လျှင်၊ ပညတ်တရား မထင်ရှားမသိသာဘဲ၊ ပရမတ်တရားသာလျှင် ဉာဏ်၌ပေါ်လွင်လာ၏။ ထိုကဲ့သို့သော သဘောမျိုးကိုပင်လျှင်၊ ဝိပဿနာဉာဏ် ရောက်၍ ပညတ်ကွယ်ပျောက်ပြီး၊ ပရမတ်တရား ပေါ်ပေါက်သည်ဟု ခေါ်ဆိုရ လေတော့သည်။

ထို့အတူပင်လျှင်၊ထွေးခံကို မြင်ရာ၊ ကွမ်းအစ်ကို မြင်ရာ၊ အိုး,ခွက်, လင်းပန်း,ဇွန်း, ပန်းကန်ကို မြင်ရာ စသည်တို့၌ရင်း၊ပုဆိုး,ထမီ,အင်္ကျီ, ပဝါ,စောင်, ခြင်ထောင်, ခေါင်းအုံးကိုမြင်ရာ စသည်တို့၌ရင်း၊ အိမ်, ကျောင်း, ဇရပ် မဏ္ဍပ်, တန်ဆောင်း စသည်ကို မြင်ရာတို့၌ရင်း၊ ဒြပ်, သဏ္ဌာန်, အမည်, သညာ အလုံးစုံတို့သည်၊ အကုန်လုံး ပညတ် သဘောဖြစ်ကြကုန်၏။ မြင်ခါမျှ သဘောတခုသည်သာလျှင်၊ ပရမတ် သဘောလက္ခဏာဖြစ်ပေသည်။

ဤနေရာ၌၊ ပညတ် တရားတို့သည်၊ ဒြပ်,သဏ္ဌာန် အမျိုးမျိုးကိုစွဲ၍၊ အမည်သညာတို့သည်၊ အမျိုးမျိုးပင် ပြောင်းလွဲနေသဖြင့်၊ မျက်စိနှင့် မြင်အပ်သော၊ အဆင်း ဝဏ္ဏဓာတ်၏ တည်ရာဖြစ်သော၊ ဒြပ်,သဏ္ဌာန် တို့၏ အမည်သညာသည်ပင်လျှင်၊ လွန်စွာမှ များပြားလှသဖြင့်၊ ခေါ် ဝေါ် ပြောဆို၍ပင် မကုန်နိုင်ပေရာ။ပရမတ်တရား၏ သဘောလက္ခဏာ မှာမူကား၊ မြင်ခြင်းတခုသာလျှင် ရှိပေတော့သည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောများအရဖြင့်၊ရှေးက ဆရာကြီးများပြောကြားသော ပရမတ်တရားသည်၊ ငွေဝဋ္ဋနှင့်တူ၍၊ ပညတ်တရားသည်၊ထုံးဘူး, ဖလားစသော အမည်များနှင့်တူ၏၊ပရမတ်သည် ပြောင်းလွဲခြင်းမရှိ၊ ပညတ်တရားသာလျှင် ပြောင်းလွဲခြင်း ရှိသည်ဟု ဥပမာစကားများကို ထောက်ထားဆင်ခြင်ပါလျှင်၊လွန်စွာမှ သိသာထင်ရှားလှပေတော့သည်။ ။၍ကား၊ မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်ရာ၌၊ ဝိပဿနာ ရှုမှတ်သဖြင့်၊ ပညတ်နှင့်ပရမတ် ကွဲပုံ အခြင်းအရာကို၊ ရှင်းလင်းစွာ ပြဆိုလိုက်သော စကားစုတို့ပေတည်း။

အထက်တွင် ပြဆိုခဲ့သော၊မျက်စိဖြင့် အဆင်းအမျိုးမျိုးကို မြင်ရာ၌၊ ဝိပဿနာဉာဏ်ဖြင့် ရှုမှတ်သဖြင့်၊ ပညတ်နှင့်ပရမတ်တရားတို့ ကွဲပြားခြားနား၍၊ သိကြား နားလည် နိုင်သကဲ့သို့။ ထိုအတူပင်လျှင်၊ နားဖြင့် အသံအမျိုးမျိုးကို ကြားရာ၌၊ ကြားခါမျှ သဘောသည်၊ ပရမတ်မည်၏။ ခွေးသံ, ဝက်သံ, ကျွဲသံ, နွားသံ, လူသံဟူ၍ရင်း၊လူသံတွင်လည်း အော်သံ, ဟစ်သံ, သီချင်းသံ, ဘုရားရှိခိုးသံ, ငိုသံ, ရယ်သံ, ဆဲသံ, ဆိုသံ, ချီးမွမ်းသံ, ကဲ့ရဲ့သံ စသည်ဖြင့်၊ ခေါ်ဝေါ်သော အမည်သညာသည်၊ ပညတ်မည်၏။

ထိုပညတ်,ပရမတ် တရား ၂-ပါး တို့တွင်၊ ဝိပဿနာဉာဏ်ဖြင့် ကြားခါမျှ သဘောကိုသာ မှတ်၍၊ပရမတ်ကိုသာ သိရှိလေ၏။ပညတ်များကို အမှတ်မပြု၍၊ သိမှု မဖြစ်ပေါ်ပေ။ ထို့ကြောင့်၊ ပညတ်နှင့် ပရမတ်တရားတို့ အတူတကွ ပူးတွဲ၍ဖြစ်သော်လဲ၊ အသိဉာဏ်ထဲ၌ ကွဲသည်ဟုဆိုရ၏။ ပညတ်ကွယ်ပျောက်၍ ပရမတ် ပေါ်ပေါက်၏ဟု ဆိုရပေသည်။

နှာခေါင်းဖြင့် အနံ့အမျိုးမျိုးကို နံရာ၌၊ နံခါမျှ သဘောသည်၊ ပရမတ်မည်၏။ ခွေးပုပ်နံ့, ဝက်ပုပ်နံ့, လူပုပ်နံ့, မစင်နံ့, ရေမွှေးနံ့, ပန်းနံ့, ကတိုးနံ့, စန္ဒကူးနံ့ စသည်ဖြင့်၊ ခေါ်ဝေါ်သော အမည်သညာသည်၊ ပညတ်မည်၏။ ထိုပညတ်,ပရမတ် ၂-ပါးတို့တွင်၊ ဝိပဿနာဉာဏ်ဖြင့် ကြားခါမျှ သဘောကိုသာ မှတ်၍၊ ပရမတ်ကိုသာ သိရှိလေ၏။ အမည်ပညတ်များကို အမှတ်မပြု၍၊ သိမှု မဖြစ်ပေါ်လာနိုင်တော့ပေ။

လျှာဖြင့် အရသာအမျိုးမျိုးကို စားရာ၌၊ စားခါမျှ သဘောသည်၊ ပရမတ်မည်၏။ ထမင်း,ဟင်း,ငါး,အမဲ,မုံ့ စသည်ဖြင့်၊ခေါ်ဝေါ်သော အမည်သညာမျိုးသည်၊ ပညတ်မည်၏။ ထိုပညတ်, ပရမတ် တရား

၂-ပါးတို့တွင်၊ ဝိပဿနာဉာဏ်ဖြင့် စားခါမှ သဘောကိုသာ မှတ်၍၊ ပရမတ်ကိုသာ သိရှိသည်မည်၏။ အမည်ပညတ်များကို အမှတ်မပြု၍၊ သိမှု မဖြစ်ပေါ်လာနိုင်တော့ပေ။

ကိုယ်ဖြင့် အတွေ့အမျိုးမျိုးကို ထိရာ၌၊ ထိခါမှ သဘောသည်၊ ပရမတ်မည်၏။ ပဆိုး,ထမိ, အင်္ကျီ,ပုဝါ စသည်ဖြင့်၊ ခေါ်ဝေါ်သော အမည်သညာ မျိုးသည်၊ ပညတ်မည်၏။ ထိုပညတ်, ပရမတ်တရား ၂-ပါးတို့တွင်၊ ဝိပဿနာဉာဏ်ဖြင့် ထိခါမှ သဘောကိုသာ မှတ်၍၊ ပရမတ်ကိုသာ သိသည်မည်၏။ အမည်ပညတ်များကို အမှတ်မပြု၍၊ သိမှု၌ ဖြစ်ပေါ်လာခြင်း မရှိနိုင်တော့ပေ။

စိတ်ဖြင့် သဘောအမျိုးမျိုးကို သိရာ၌၊ သိမှုခါသဘောသည်၊ ပရမတ်မည်၏။ ပထဝီ,တေဇော,အာပေါ,ဝါယော,ရုပ်နာမ် စသည်ဖြင့်၊ သဘာဝကို တွေးတောဆင်ခြင်မှုမျိုးသည်၊ ပညတ်မည်၏။ ထို ၂-ပါး တို့တွင်၊ ဝိပဿနာဉာဏ်ဖြင့် သိခါမှ သဘောကိုသာ မှတ်၍၊ ပရမတ် မည်၏။ သဘော၏အမည်တွေကို တွေးတောကြံဆခြင်းမပြု၍၊ သိမှု ဖြစ်ပေါ်လာခြင်းမရှိတော့ပေ။ ဤနည်းကိုမှီး၍၊ အသီးသီး ချဲ့ထွင်ပြီး၊ ဉာဏ်အမြင် ပွင့်လင်းကြပါလေ။ ။ဤကား၊ သဒ္ဒါရုံစသော အာရုံ ၅-ပါး တို့၏ ပရမတ်, ပညတ် အရာကို၊ အမြွက်မျှပြဆိုလိုက်သော စကားစုတို့ပေတည်း။

ပညတ်နှင့်ပရမတ်တရားတို့ကို အာရုံ ၆-ပါးဖြင့်
ခွဲခြား၍ ပြဆိုခြင်းပြီး၏။

---

## သင်္ခိပ်ကျမ်း ပဏာမ၏ ဥပမာပြအဓိပ္ပါယ်ကို သိလွယ်အောင် ပြဆိုခြင်း

ဝိပဿနာကမ္မဋ္ဌာန်း အလုပ်ကို၊ အားထုတ်မှု ရှုမှတ်မှုဟု ဆိုရာ၌၊ လိုရင်းဖြစ်သော သဘောအချုပ်မှာမူကား၊ ရုပ်နာမ် ခန္ဓာဟူသော ပရမတ် တရားတို့၏ ဖြစ်ပေါ်လာမှု ပျက်စီးသွားမှုများ၊ ဉာဏ်ဖြင့် အဟုတ်အမှန် သိမြင်အောင်၊ ပြုလုပ်ရခြင်း သဘောမျိုးဖြစ်ပေ၏။

ဤနေရာ၌ အချို့သောယောဂီပုဂ္ဂိုလ်တို့သည်၊ အားထုတ်စ အခါ၌၊ ဉာဏ်မှ မဖြစ်သေး၍၊ ပရမတ်ကို မသိနိုင်သေး၊ သမာဓိမျှသာ ဖြစ်သေး ၍၊ပညတ်အာရုံနှင့်ပင် စိတ်ကြည်ငြိမ်သက်၍၊ သမာဓိ ရင့်သန်လျက်၊ ပညာဉာဏ် ပေါ်ပေါက်မှသာ၊ ပရမတ်အာရုံကို သိမြင်နိုင်သည်ဟု မှတ်ထင်ကြလေသည်။

ထို စကား သည်၊ သမထယာနိက ပုဂ္ဂိုလ်အဖြစ်ဖြင့်၊ သမထကို အသီးအခြားထူထောင်နေရသော ယောဂီမှာ၊ ဟုတ်မှန်သည် ဖြစ်ရာ၏။ သမထကို အသီးအခြား ထူထောင်ခြင်းမရှိဘဲ၊ သမထနှင့် ဝိပဿနာတို့ တပြိုင်နက်တွဲပါသည့်၊ ယုဂနဒ္ဓ ဝိပဿနာယာနိက ပုဂ္ဂိုလ်များမှာမူ၊ အားထုတ်စဉ်ပင်လျှင် ဝိပဿနာဉာဏ်ဖြင့်၊ ပရမတ် သဘော အစစ်ကို ဧကန်အမှန် သိမြင်နိုင်သည်ဟု မှတ်အပ်ပေသည်။

ယခုပြဆိုခဲ့သော စကားအရဖြင့်၊ ဓမ္မသဘာဝတို့၏ လိုရင်းသဘော အချုပ်မှာ၊ ဝိပဿနာနည်းလမ်း ဟုတ်မှန်လျှင်၊ အစဦးပင် ဖြစ်သော်လည်း၊ ပရမတ် သဘော အစစ်အမှန်ကို၊ ဧကန်ပင် သိမြင်နိုင်၏။ ဝိပဿနာနည်းလမ်း မဟုတ်မှန်လျှင်၊ ရက်၊ လ၊ နှစ်ပင် ကြာသော်လည်း၊ ပရမတ် သဘောအစစ်အမှန်ကို ဧကန် မသိမမြင်ရဘဲ၊ မိမိစိတ်က တွေးတော ကြံဆသောအတိုင်း၊ အမျိုးမျိုး အထွေထွေ မြင်ရသော ပညတ်အစဉ်ကို၊ ပရမတ်ဟု မှတ်ထင်စွဲလမ်း၍ နေတတ်ကြလေသည်။ ဤကား၊ ပညတ်နှင့်ပရမတ်ကို၊ သိမှတ်ရန် သဘောသက်သက်၌၊ အမြွက်မျှပြဆိုလိုက်သော စကားရပ်များပေတည်း။

ဝိပဿနာအလုပ်ကို အားထုတ် ရှုမှတ်စ အခါပင်ဖြစ်သော်လည်း၊ ပရမတ်တရားမှန်ကို ဧကန်သိမြင်နိုင်ပုံ အကြောင်းမှာ၊ အောက်တွင် ပြဆို ထားသည့် သင်္ဂြိုဟ်ကျမ်း ပဏာမ၏ အဓိပ္ပါယ် သဘောကို ယောက်ဆ၍၊ စဉ်းစား ဆင်ခြင်ပါက မကြာခဏပင်လျှင်၊ သိမြင်ကွဲပြား၍ ထင်ရှားစွာ နားလည်နိုင်ကြပေလိမ့်မည်။

သသဒ္ဒမှ ဂဏှတွမ်-ဟူသော ပုဒ်ကို၊ ဗားကရာ ဆရာတော်ဘုရားကြီး မြန်မာဘာသာပြန်ဆိုထားသော အနက်များစွာတို့တွင်၊ ပရမတ္ထအားဖြင့် ထင်ရှားသိရှိသောတရားဟု အနက်တခုသမ္ဗန်လိုက်၏။ ထိုအနက်အရ၊ မြန်မာဘာသာအားဖြင့် တိုက်ရိုက်အဓိပ္ပါယ် ပြန်ဆိုလျှင်၊ ထင်ရှားရှိသောတရားကို၊ ပရမတ်ဟု ဆိုလိုရင်းပေတည်း။

ဤသို့လျှင်၊ ပရမတ် တရားဟူက ထင်ရှားရှိနေသည် ဆိုသဖြင့်၊ ဝိပဿနာအလုပ်ကို အားထုတ်ရာ၌ အစပင်ဖြစ်သော်လည်း၊ နည်းလမ်းဟုတ်မှန်ပါလျှင် ဧကန်ပင် သိမြင်နိုင်သည်ဆိုသော စကားမှာ၊ လွဲမှားနိုင်ရန် အကြောင်းမရှိတော့ပေ။ ထိုကြောင့်၊ ပညတ်တရားသာလျှင် ထင်ရှားမရှိ၍၊ ကြံစည်တွေးတောပြီး အားထုတ်ရ၏။ ပရမတ်

အလုပ်မှာမူကား မကြံစည် မတွေးတောရဘဲ၊ ထင်ရှားဖြစ်ပေါ်သော ပရမတ်ရုပ်နာမ်တို့၏ သဘောကိုသာလျှင်၊ ဉာဏ်မြင်အောင် ရှုမှတ်ရ လေတော့သည်။ ။ဤကား၊ ပဏ္ဏတ်မနက်အစိမ့်ယ်ကို၊ အနည်းငယ် ပြဆိုခြင်းပေ တည်း။

ပရမတ်တရားတို့ ထင်ရှားဖြစ်ပုံ ထင်ရှားရှိပုံ သဘောမှာ၊ ကွေး ဆဲအခိုက်၌ ကွေးခြင်းသဘောသည်၊ ထင်ရှားဖြစ်သည် ထင်ရှားရှိ သည်မည်၏။ ကွေးခြင်း ဟူသည်လည်း၊ ဝါယောဓာတ်လွန်ကဲသော ရုပ်တရားဖြစ်၏။ ဝါယောဓာတ် ဖြစ်ပေါ်လျှင်လည်း၊ ပထဝီ့တေဇော့ အာပေါ-ဟူသော ဓာတ်ကြီးသုံးပါးတို့ မကင်းမကွာဘဲ၊ တပေါင်း တစည်း တပြိုင်နက်တချက်တည်းပင်လျှင် ပါဝင်ပြီးစီးကြလေတော့၏။

ဧကံ မဟာဘူတံ ပဋိစ္စ တယော မဟာဘူတာ ဥပ္ပဇ္ဇန္တိ။

(ပဋ္ဌာန်းပါဠိတော်)

ဧကံ မဟာဘူတံ၊ တပါးသော မဟာဘုတ် ရုပ်ကို။ ပဋိစ္စ၊ စွဲမှီ၍။ တယော မဟာဘူတာ၊ ၃-ပါးသော မဟာဘုတ်ရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

ဤကဲ့သို့၊ မဟာဘုတ် ရုပ်ကြီးလေးပါးတို့ ဖြစ်ပေါ်သည်ရှိသော်၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ-ဟူသော၊ ဥပါဒါရုပ်သေး ရုပ်ငယ် တို့သည် လည်း၊ မှီတွယ်စွဲကပ်၍ အစဉ်မပြတ် ပူးတွဲဖြစ်ပေါ် ကြလေကုန်၏။

စတ္တာရော မဟာဘူတေ ပဋိစ္စ ဥပါဒါယ ရူပါ ဥပ္ပဇ္ဇန္တိ။

(ပဋ္ဌာန်းပါဠိတော်)

စတ္တာရော မဟာဘူတေ၊ ၄-ပါးသော မဟာဘုတ်ရုပ်ကြီးတို့ကို။ ပဋိစ္စ၊ စွဲမှီ၍။ ဥပါဒါယ ရူပါ၊ မှီတွယ်သော ရုပ်သေး ရုပ်ငယ် တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ပေါ် ကြလေကုန်၏။ ။ဤသို့ကွေးခြင်း ရုပ်သဘော တခုကို ပြလိုက်သဖြင့်၊ ဆန့်ခြင်း ရုပ်သဘော၊ သွား, ရပ်, ထိုင်, လျောင်း ခြင်း ရုပ်သဘော၊ စားသောက် ပြောဆိုခြင်း ရုပ်သဘောစသည်တို့၌ လည်း၊ ပြဆိုခဲ့သည်ကို ပုံစံကိုမှီး၍၊ ဉာဏ်ကြီး ပွင့်လင်း သင့်ကြပေ တော့သည်။ ။ဤကား၊ ရုပ်ပရမတ်တရား၏ ထင်ရှားဖြစ်ပုံ ထင်ရှားရှိပုံကို၊ သိသာရုံ ပြဆိုလိုက်သော စကားရပ်တို့ပေတည်း။

နာမ်ဖြစ်သော ပရမတ်တရား၏ ထင်ရှားဖြစ်ပုံ ထင်ရှားရှိပုံ သ ဘောမှာ၊ ကွေးခြင်း ဖြစ်ပေါ်ရာ၌၊ ကွေးချင်သော စိတ် မရှိဘဲ နှင့်၊

ကွေးခြင်း မဖြစ်ပေနိုင်၊ ဤကွေးချင်သော စေတနာစေဘာသိက်သည်၊ ကွေးလိုဆဲ အခိုက်၌၊ ထင်ရှားဖြစ်သည် ထင်ရှား ရှိသည် မည်၏။ စေတနာ ဖြစ်ပေါ် ပြန်ကလည်း၊ သဗ္ဗစိတ္တ သာဓါရဏ စေဘာသိက်များနှင့်၊ စိတ်တရားတို့လည်း မကင်းနိုင်ပေ။ နာမ်ကြောင့် ရုပ်ဖြစ်ရ၏။ ရုပ်ကြောင့် နာမ်ဖြစ်ရ၏ဟု ဆိုလို၏။

နာမံ ဘုဉ္ဇိတုကာမတာယ ရူပံ ဘုဉ္ဇတိ၊ နာမံ ခါဒိတုကာမတာယ ရူပံ ခါဒတိ၊ နာမံ ပိဝတုကာမတာယ ရူပံ ပိဝတိ။ (ဝိသုဒ္ဓိမဂ်)

နာမံ၊ နာမ်သည်။ ဘုဉ္ဇိတုကာမတာယ၊ စားလိုသောကြောင့်။ ရူပံ၊ ရုပ်သည်။ ဘုဉ္ဇတိ၊ စားရ၏။ နာမံ၊ နာမ်သည်။ ခါဒိတုကာမတာယ၊ ခဲလိုသောကြောင့်။ ရူပံ၊ ရုပ်သည်။ ခါဒတိ၊ ခဲရ၏။ ရူပံ၊ ရုပ်သည်။ ပိဝတုကာမတာယ၊ သောက်လိုသောကြောင့်။ ရူပံ၊ ရုပ်သည်။ ပိဝတိ၊ သောက်ရ၏။

ဤသို့ကွေးချင်ခြင်း စိတ်တခုကို ပြလိုက်သဖြင့်၊ ဆန့်ချင်ခြင်း သွားချင်, ရပ်ချင်, ထိုင်ချင်, လျောင်းချင်, စားချင်, သောက်ချင်ခြင်း စသည်တို့ကိုလည်း၊ နည်းမှီ၍သိအပ်ပေ၏။ အချုပ်သဘောမှာ၊ ရုပ်နာမ် ၂-ပါးတို့သည်၊ တခုဖြစ်လျှင် တခုဖြစ်၏။ တခုပျက်လျှင် တခုပျက်၏။ ဖြစ်အတူ ပျက်အတူသဘောရှိ၍၊ အကြောင်း, အကျိုးဟု တခုတခုကို လှည့်ဆိုလျှင်လည်းဖြစ်၏။ အကြောင်းတရားချည်း ဟူ၍ငင်း၊ အကျိုးတရားချည်း ဟူ၍ငင်း၊ ခေါ်ဆိုလိုရာပင်ဖြစ်နိုင်သော တရားသဘောမျိုးတို့ပေတည်း။

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ။ ။
(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ)

နာမရူပံ၊ နာမ်ရုပ်တရားသည်။ ယမကံ၊ အစုံဖြစ်၏။ ဥဘော၊ နာမ်ရုပ်တရားနှစ်ပါးတို့သည်။ အညောညနိဿိတာ၊ တပါးကို တပါးမှီတွယ်၍ ဖြစ်ကြကုန်၏။ ဧကသ္မိံ၊ တပါးတပါးသော နာမ်တရား,ရုပ်တရားသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်စီးသည်ရှိသော်။ ဥဘော၊ နှစ်ပါးကုန်သော။ ပစ္စယာ၊ အကြောင်း ဖြစ်ငြား နာမ်,ရုပ် တရားတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်စီးကြလေကုန်သတည်း။ ။ဤကား၊ ပရမတ်နာမ်ရုပ်တရားဘို့ ဖြစ်ပေါ်ဆဲအခိုက်၌၊ ထင်ရှားရှိနေပုံကို၊ သိသာရုံပြဆိုလိုက်သော စကားစုတို့ပေတည်း။

ဝိပဿနာရှုမှတ်စ အခါ၌ပင်လျှင်၊ ပရမတ် နာမ်ရုပ်ကို သိမြင်နိုင်ပုံမှာ၊ ကွေးဆဲ အခိုက်၌၊ ကွေး ကွေးတယ် မှတ်၏။ မကွေးသေးသည်ကို ကြိုစည်၍နေသည်မဟုတ်၊ ကွေးပြီး၍လည်း ဝေးတော့ နေသည်မဟုတ်ဘဲ၊ ကွေးဆဲ အခိုက်၌သာလျှင်၊ မပျောက်မပျက်ခို ရှုမှတ်လိုက်၍၊ ကွေးခြင်းသဘောမျှကို အမှန်သိလိုက်၏။ ထို့ကြောင့်၊ မှတ်စအခါ၌ ပင်လျှင်၊ ပရမတ် ရုပ်နာမ်ကို သိမြင်သည်ဟု၊ မှတ်ယူယုံကြည်အပ်ပေသည်။

ဤသို့လျှင်၊ ကွေးခြင်းသဘောတခုကို ပြလိုက်သဖြင့်၊ ကွေးချင်သောသဘော၊ ဆန့်သော သဘော၊ ဆန့်ချင်သော သဘော၊ သွား, ရပ်, ထိုင်လျောင်းသော သဘော၊ သွားချင်, ရပ်ချင်, ထိုင်ချင်, လျောင်းချင်သောသဘော၊ စားခြင်း, သောက်ခြင်း သဘော၊ စားချင်, သောက်ချင်ခြင်းသဘော၊ ဤသို့စသောပရမတ် ရုပ်နာမ်တို့ကိုလည်း၊ အဟုတ်အမှန်သိမြင်နိုင်သည်ဟု၊ ပိုင်ပိုင်ကြီး သဘောကျသင့်လှပေတော့သည်။

ဝိပဿနာ အလုပ်ဟူသည်၊ အတွေးသဘော မဟုတ်၊ အတွေ့သဘောဖြစ်၏။ အကြံသဘော မဟုတ်၊ အမှန်သဘော ဖြစ်၏။ သုတသဘော မဟုတ်၊ ဒိဋ္ဌသဘော ဖြစ်၏။ အထင်သဘော မဟုတ်၊ အမြင်သဘော ဖြစ်၏။ ဥပမာအားဖြင့် သားသမင်ကို လေးနှင့်ပစ်ခတ်သော မုဆိုးတို့နှင့်တူပေသည်။

တူပုံသဘောမှာ၊ မုဆိုးတယောက် ပစ်ခတ်ရာ၊ အတော်ဝေးကွာလေ၏။ တယောက် ပစ်ခတ်ရာမှာ၊ လက်နှစ်သစ်ခန့်မျှ လောက်ကွာသဖြင့်၊ သီသီကလေးလိုသည်ဟု လက်ဖျားများခါလေ၏။ တယောက် ပစ်ခတ်ရာမှာမူ၊ အနားတွင် ပွတ်သွား၍၊ ဖုတ်သပ် တက်ခေါက်ခြင်းများ ဖြစ်သွားလေ၏။ တယောက် ပစ်ခတ်ရာ၌မူကား၊ တဲ့တဲ့ထိမှန်၍၊ သားသမင်ကို ရလေသည်။

ဤဥပမာ၌၊ ဝေးကွာသူ, လက်နှစ်သစ် ကွာသောသူ, ပွတ်သွားသောသူတို့မှာ၊ လက်ဖျားခါခြင်း, ဖုတ်သပ်ခြင်း, တက်ခေါက်ခြင်းမျှ ထူး၍၊ မရခြင်းမှာမူ ဧကတူတူပင် ဖြစ်ကြလေ၏။ တဲ့တဲ့ ထိမှန်သောသူ တယောက်မှာသာ၊ သားသမင်ကို ရရှိလေသည်။ စင်စစ်မှာ မူကား၊ ရခြင်း, မရခြင်း နှစ်မျိုးသည်သာလျှင်၊ လိုရင်းသဘော ဖြစ်လေတော့သတည်း။

ထိုဥပမာအတူပင်လျှင်၊ ဝိပဿနာ အလုပ်ဟူသည်၊ ယထာဘူတ သဘောမျိုးဖြစ်၍၊ ပရမတ်သဘောကို မမိဘဲ၊ စိတ်ထဲ၌ နှစ်သက် ရွှင်လန်း၍၊ ဝမ်းမြောက် ဝမ်းသာဖြစ်ရုံမျှသည်၊ လက်ဖျားခါရုံ ဇုတ်သပ်လောက်ရုံ တက်ခေါက် လောက်ရုံ ဖြစ်သည်နှင့်တူ၏။ ထို့ကြောင့်၊ ပရမတ်ကို မမိ၊ ပရမတ်ကို မထိ၊ပရမတ်ကို မမှန်ဟုဆိုရပေသည်။

ဝိပဿနာအလုပ်ကို အားထုတ်ရာ၌၊ ပရမတ်ရုပ်နာမ်ကို အဟုတ်အမှန်သိအောင် ရှုမှတ်ရသဖြင့်၊ ထင်ရှားဖြစ်ပေါ်ဆဲ အခိုက်၌သာ၊ အဟုတ်ရှိ အမှန်ရှိ၍၊ ထိုတည်ရှိဆဲ အခိုက် အတန့်ကို မိနိုင်စေရန်၊ ဘွေးဆဲ ကွေးခိုက်၊ ဆန့်ဆဲ ဆန့်ခိုက်၌သာ၊ ကွေးတယ် ဆန့်တယ်ဟု ရှုမှတ်ရ၏။

ဤကဲ့သို့မဟုတ်ဘဲ၊ ဖြစ်ပေါ်ဆဲ ရုပ်နာမ်ကို လွှတ်၍၊အလွတ်အပြင်၌ စိတ်ထင်သလို၊ တွေးတောဆင်ခြင်၍ ရှုမှတ်နေပါလျှင်၊ ယထာဘူတ သဘောပင် မဟုတ်ပေ၍၊ ပရမတ်ကို သိမြင်ခြင်း၌ မစွမ်းနိုင်ပေ။ ထို့ကြောင့်၊ ဝိပဿနာလမ်းမှန်လျှင်၊ အစ၌ပင်ဖြစ်သော်လည်း၊ ပရမတ်ကို သိမြင်နိုင်၏။ ဝိပဿနာလမ်း မမှန်လျှင်၊ ရက်, လ, နှစ် ပင်ကြာသော်လည်း၊ ပရမတ်အစစ်ကို မမြင်ဘဲ၊ ပညတ်ကိုသာ ထင်မြင်၍ နေတတ်သည်ဟုဆိုခဲ့ပေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်ကို၊ နားလယ် သဘောကျပါလျှင်၊ ဆင်ခြင်တွေးတော၍ သို့လောသို့လောဟု မကြံစည် မစဉ်းစားဘဲ၊ သူ့သဘောအတိုင်း ထင်ရှားဖြစ်ပေါ်သော၊ ပရမတ် ရုပ်နာမ်သဘောတို့၊ မပျောက်မပျက်သေးဘဲ တည်ရှိနေစဉ်၊ သူ့သဘောအတိုင်းကိုပင် သိမြင်အောင်၊ အစဉ်ခပြတ် အထပ်ထပ်ဖြင့်၊အမြဲရှုမှတ်၍နေလေတော့သည်။ ။ဤကား၊ ရှုမှတ်စအခါ၌ပင်လျှင်၊ ပရမတ် ရုပ်နာမ်ကို အဟုတ် အမှန်မြင်နိုင်ပုံဖြင့်၊ ယုံကြည်ရန် ပြဆိုလိုက်သော စကားရပ်တို့ပေတည်း။

သင်္ဂြိုဟ်ကျမ်းပဏာမ၏ ဥပမာပြအဓိပ္ပါယ်ကို သိလွယ်အောင်
ပြဆိုခြင်းပြီး၏။

---

## ဘာသာရင်းစကားမှ ပရမတ်တရားဖြောင့်မှန်သည်ကို သိသာရန် ပြဆိုခြင်း

ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို၊ အားထုတ်ရှုမှတ်ကြသော ယောဂီပုဂ္ဂိုလ်တို့သည်၊ လူမျိုးအလိုက် သုံးစွဲ၍ ခေါ်ဝေါ်ပြောဆိုကြမြဲ ဖြစ်

သော၊ မိမိ၏ ဘာသာရင်းစကားဖြင့်သာလျှင် ရှုမှတ်ကြရာ၏။ ဤသို့ မိမိတို့ ဘာသာရင်း စကားမှသာလျှင်၊ ပရမတ်တရားကို ဖြောင့်မှန်စွာ မိနိုင်လေ၏။ ထို့ကြောင့်၊ ပါဠိဘာသာဖြင့် အချို့ ရှုမှတ် ကြလေရာ၊ ကောင်းစွာ ကျွမ်းကျင် လျှင် မထောင့် တာပေ။ ပါဠိ ဘာ သာကို မကျွမ်းကျင်သော သူတို့မှာ၊ မိမိတို့ဘာသာဖြင့်သာ အားထုတ်အပ်ပေသည်။

ဤနေရာ၌ အဘယ့်ကြောင့်၊ ဘာသာရင်း စကားမှ၊ ပရမတ်တရားကို ဖြောင့်မှန် မိနိုင်သနည်းဟူမူ၊ မြန်မာ လူမျိုးဖြစ်သော သူတို့မှာ၊ မြန်မာစကားနှင့် ပြောလျှင်၊ လူတိုင်းပင်လျှင် အဓိပ္ပါယ်သဘောကို သိမြင်နိုင်၏။ ပါဠိစကားနှင့်ပြောလျှင်၊ကျမ်းဂန်ကြီးများကို သင်ကြားဘူးသူတို့မှာသာသိ၍၊ ကျမ်းဂန်ကြီးများကို မသင်ကြားဘူးသူတို့ မသိနိုင်ပေ။ နှိုင်းယှဉ်ရန်မှာ၊ မြန်မာလူမျိုး ၁၀၀-တွင်၊ ပါဠိ ဘာသာ နားလည်သူမှာ၊ တယောက်ချမျှ မရှိပေ။ ထို့ကြောင့်၊ ဘာသာရင်း စကားမှ၊ ပရမတ်တရား ဖြောင့်မှန်သည်ဟု ဆိုခဲ့ပေသည်။

ပရမတ်တရား ဟူသည်လည်း၊ လူမျိုးတိုင်းပင်လျှင်၊ ယောကျ်ား, မိန်းမ, ကြီးငယ်, ရွယ်လတ်၊ စာတတ်, စာမတတ်သော သူများပင်လျှင်၊ သိအပ်မြင်အပ်သော သဘောမျိုးဖြစ်၍၊ မြန်မာလူမျိုးမှာ မြန်မာစကားဖြင့် ရှုမှတ်ရ၏။မြန်မာလူမျိုးတို့၏ မြန်မာစကားပင် ဖြစ်ပါသော်လည်း၊ အရပ်, ဒေသ, ဌာန ကွဲပြား၍၊ စကားအကွဲအပြား ရှိတတ်လေရာ၊ အရပ် ဌာနအားလျော်စွာ၊ ခေါ်ဝေါ်သည့် အတိုင်းပင် မှတ်အပ်ပေသည်။ ။ ဤကား၊ ဘာသာရင်းစကားများ၏ သဘောကို ပြဆိုခြင်းတည်း။

အရပ်ဌာနကိုလိုက်၍ အနည်းငယ် ကွဲပြားတတ်သည်မှာ၊ စက္ခုပသာဒနှင့် အဆင်း ရူပါရုံတို့ တွေ့ဆုံ၍၊ စက္ခုဝိညာဏ်စိတ် ဖြစ်ပေါ်သည်ကို၊ တောင်ငူ, ပျဉ်းမနား နယ်များ၌၊ မြင်သည်ဟု ခေါ်ဝေါ် ပြောဆိုကြ၏။ ပဲခူးနှင့် သထုံနယ်များမှာမူ၊ တွေ့သည်ဟု ခေါ်ဝေါ် ပြောဆိုကြ၏။

ထို့အတူ၊ မြန်မြန်သွားသည်ကို၊ အထက် ပျဉ်းမနားနယ်များ၌၊ပြေးသည်ဟု ခေါ်ဝေါ် ကြ၏။ ဤသို့စသည်ဖြင့် ကွဲပြားသော အရာများ၌၊ မိမိတို့၏ အရပ်ဒေသ အဖလေ့အကျင့် အတိုင်းသာလျှင်၊ ထင်မြင်သိရှိအောင် ရှုမှတ်ရလေသည်။

ဤအထက်ပါစကားနှင့် စပ်၍၊ သိမှတ်ရန်ဖြစ်သော ပဋ္ဌပ္ပန်ဝတ္ထု သွားမှာ၊ ဈေးအခါ မန္တလေးမြို့တွင် စာသင်နေသော၊ အနောက်ဘက်သား ရဟန်းတပါး စာတက်သင်အံနေရာ၊ ဝိနည်းပါဠိတော်၌ သိက္ခာပုဒ် လွန်ကျူးသော ရဟန်းများ၊ ပြိတ္တာဖြစ်သည်ကို ပြသောအခဏ်းဖြစ်၍၊ ဆရာဘုန်းကြီးက၊ ကာကာစ၊ ကျီးတို့သည်ဝှင်း။ ဂိဇ္ဈာစ၊ ငှင်းတတို့သည်ဝှင်း။ ဟု အနက်ပေးလေ၏။

ထိုအခါ စာတက်သော ရဟန်းက နားမလယ်၍၊ ငှင်းတဆိုတာဘာလဲဟု လျှောက်သောအခါ၊ ခွေးသေကောင်ပုပ် စားသော ငှက်ကြီးတွေကို၊ ဘယ်လိုခေါ်သလဲဟု ဆရာကတဘန် မေးမြန်းသဖြင့်၊ ထိုးလဆိတ်ခေါ်ကြောင်း တပည့်ရဟန်းကလျှောက်လေရာ၊ ထိုအခါ ဆရာဘုန်းကြီးက၊ ကာကာစ၊ ကျီးတို့သည်ဝှင်း။ ဂိဇ္ဈာစ၊ ထိုးလဆိတ်တို့သည်ဝှင်းဟု အနက်ပြင်ပေးရလေ၏။

အဲသည်တော့မှ စာတက်သော ရဟန်းမှာ၊ မိမိဘာသာစကားဖြစ်၍ နားလယ်သဖြင့်၊ အဓိပ္ပါယ် သဘောကို ကောင်းကောင်းကြီး သိရှိသွားလေသည်။ ထို့ကြောင့်၊ မိမိတို့ကျွမ်းကျင် လေ့လာသော စကားဖြင့်၊ အရပ်ဒေသအားလျော်စွာ ရှုမှတ်ရမည်ဟု ဆိုခဲ့ပေသည်။ ။ ဤကား၊ ဒေသအားလျော်စွာ ပြောဆိုသော စကားအတိုင်း၊ ရှုမှတ်ရန် နည်းလမ်းကို ပြဆိုခြင်းပေတည်း။

ကိုယ့်ဘာသာဖြင့် ဝိပဿနာ ရှုမှတ်ပုံမှာ၊ ပါဠိတော်၌-ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ ပဇာနာတိ-ဟုလာ၏။ ၎င်းပါဠိတော်အရ၊ သွားလျှင်သွားတယ်ဟူ၍သာ မှတ်ရ၏။ အဋ္ဌကထာ၌ ဆိုသော စိတ္တဇ ဝါယောဓာတ်တွေ၏ သဘောကို မလိုက်နှင့်၊ရပ်ခြင်း,ထိုင်ခြင်း, လျောင်းခြင်းတို့၌လည်း၊ ဤနည်းအတူပင် မှတ်ယူအပ်ပေသည်။

တဘန် ပါဠိတော်၌၊ သမ္မိဉ္ဇိတေ ပသာရိတေ- စသည်ဖြင့်လာ၏။ ၎င်း ပါဠိတော်အရ၊ ကွေးလျှင် ကွေးတယ်၊ ဆန့်လျှင် ဆန့်တယ်ဟု မှတ်ရ၏။ တဘန် ပါဠိတော်၌၊ အသိတေ, ပီတေ, ခါယိတေ, သာယိတေ-ဟု လာရှိ၏။ ၎င်းပါဠိတော်အရ၊ စားလျှင် စားတယ်၊ သောက်လျှင် သောက်တယ်၊ ခဲလျှင် ခဲတယ်၊ လျက်လျှင် လျက်တယ်ဟု မှတ်ရ၏။ ဤသို့ကာယာနုပဿနာ၏ သဘောကို အမြွက်မျှပြဆိုလိုက်သဖြင့်၊ အကျယ်တဝင့် အဓိပ္ပါယ်ကို နားလယ် သိရှိအပ်လှပေတော့သည်။

တဘာန် ပါဠိတော်၌၊ သုခံဝါဝေဒနံ သုခံဝေဒနာတိ ပဇာနာတိ- စသည်ဖြင့် လာရှိ၏။ ၎င်းပါဠိတော်အရ၊ ချမ်းသာလျှင် ချမ်းသာတယ်၊ သက်သာလျှင် သက်သာတယ်ဟု မှတ်ရ၏။ ဒုက္ခဝေဒနာ အရမှာ၊ ဆင်းရဲလျှင် ဆင်းရဲတယ်၊ မချမ်းသာလျှင် မချမ်းသာဘူး၊ သဘော မကျလျှင် သဘောမကျဘူး စသည်ဖြင့် မှတ်ရ၏။ ဥပေက္ခာဝေဒနာ အရမှာ၊ ချမ်းသာ, ဆင်းရဲဟု မသိသာ မထင်ရှားဘဲ၊ ယီးတီးယားတား ဘာလိုလို ဟု ပြောဆိုကြသော သဘောမျိုးဖြစ်၏။ ထို့ကြောင့်၊ ယီးတီးယားတား နေလျှင်၊ ယီးတီးယားတားနေတယ်။ ဘာလိုလို နေလျှင်၊ ဘာလိုလိုနေတယ်။ ယောင်တောင်တောင်နေလျှင်၊ ယောင်တောင်တောင် နေတယ်ဟု မှတ်ရလေသည်။ ။ **ဤကား၊ ကာယနှင့် ဝေဒနာတို့၏ သဘောသွားကို မှတ်သားရန် ပြဆိုလိုက်သော စကားများပေတည်း။**

စိတ္တာနုပဿနာအရ၊ ရှုမှတ်ပုံ ပြဆိုရာတွင်၊ ပါဠိတော်၌၊ သရာဂံဝါ စိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ-ဟု လာရှိ၏။ သရာဂံဝါ၊ ရာဂနှင့်တကွဖြစ်သော။ စိတ္တံ၊ စိတ်ကို။ သရာဂံစိတ္တန္တိ၊ ရာဂနှင့်တကွဖြစ်သောစိတ် ဟူ၍။ ပဇာနာတိ၊ သိ၏။ ဝါ၊ သိအောင်မှတ်၏။

ဤပါဠိတော် အရကို၊ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူသည်မှာ၊ သရာဂံစိတ္တန္တိ အဋ္ဌလောဘမူလ သဟဂတံစိတ္တံ-ဟု လာရှိ၏။ သရာဂံ စိတ္တန္တိ၊ သရာဂံစိတ္တံ-ဟူသည်ကား။ အဋ္ဌလောဘမူလသဟဂတစိတ္တံ၊ ရှစ်ပါးသော လောဘသဟဂုတ်စိတ်တည်း။

၎င်းပါဠိတော်, အဋ္ဌကထာများ၌၊ ပါဠိတော် အလိုအားဖြင့်၊ သရာဂစိတ်,သရာဂစိတ် ဟု နှလုံးသွင်းရမည်ကဲ့သို့ ဖြစ်၏။ သရာဂစိတ် ဟူသည် မှာလည်း၊ မြန်မာစကားကဲ့သို့ ပြောဆိုနေကြ သော်လည်း။ မြန်မာစကား သက်သက်မဟုတ်၊ ပါဠိနှင့် ရောယှက်သော စကားဖြစ်၏။ ထို့ကြောင့်၊ သရာဂစိတ်ဆိုတာ၊ ဘယ်လိုသဘောမျိုးကိုခေါ်သလဲ ဟု မေးလျှင်၊ မြန်မာတိုင်း နားမလယ်ကြပေ။ တဘာန် လောဘကို ဆိုပြန်ပါမူလည်း၊ ထိုအတူပင်ဖြစ်ကြလေသည်။

အဋ္ဌကထာ၏အလိုအားဖြင့်၊ သမ္ပယုတ်, ဝိပ္ပယုတ်၊ သောမနဿ, ဥပေက္ခာ၊ အသင်္ခါရိက, သသင်္ခါရိက စသည်ဖြင့်၊ သရုပ် အရေအတွက်ကို လေ့ကျက်မှတ်သား၍၊ နှလုံးသွင်းရမည်ကဲ့သို့ ထင်တတ်၏။ ၎င်းသမ္ပယုတ်, ဝိပ္ပယုတ် စသော အမည်တို့ သည်လည်း၊ မိမိတို့၏

မြန်မာစကားပင် မဟုတ်၍ ဘာကို ဆိုသည်ဟု၊ အဓိပ္ပါယ်ကိုပင် မြန်မာတိုင်း မသိမမြင်နိုင်ကြပေ။

ဤသို့ သရာဂစိတ်၏ပါဠိတော်,အဋ္ဌကထာတို့၌ လာပုံအဓိပ္ပါယ်ကို ပြလိုက်သဖြင့်၊သဒေါသစိတ်, သမောဟစိတ် စသည်တို့၏ အဓိပ္ပါယ် သဘောများကို၊ ကိုယ့်ဘာသာစကား မဟုတ်သဖြင့်၊ ပရမတ်တရား သဘောမှန်ကို၊အဟုတ်ကြောင်း မသိမြင်၍၊ မထင်မလင်းနိုင်ကြောင်းကို၊ ကောင်းကောင်းကြီး မှတ်ယူ ယုံကြည် သင့်လှ ပေတော့သည်။ ။

ဤကား၊ ပါဠိအဋ္ဌကထာဖြင့် ကိုယ့်ဘာသာစကား မဟုတ်၍၊ပရမတ္ထ တရားသဘော အဓိပ္ပါယ်ကို နားမလည် မသိနိုင်ပုံကို၊ ယုံကြည်ရန်ပြဆိုခြင်းပေတည်း။

ဝိပဿနာ ရှုမှတ်ပုံသဘောမှာ၊ ပါဠိတော်၌ လာသော၊ သရာဂ စိတ်-လောဘမူစိတ်ဟူသည်၊ မြန်မာစကားဖြင့်၊ လိုချင်သည်,နှစ်သက် သည်, သာယာသည်, တွယ်တာသည်, ခင်မင်သည် ဤသို့ စသော အဓိပ္ပါယ်မျိုးဖြစ်၏။ ထို့ကြောင့်၊ လိုချင်လျှင် လိုချင်တယ်၊ နှစ်သက် လျှင် နှစ်သက်တယ်၊ သာယာလျှင် သာယာတယ်၊ တွယ်တာလျှင် တွယ်တာတယ်၊ ခင်မင်လျှင် ခင်မင်တယ်ဟု မှတ်ရ၏။ ဤသို့မှတ်ခြင်း သည်၊သရာဂံဝါ စိတ္တံ သရာဂံစိတ္တန္တိ ပဇာနာတိ-ဟူသော ပါဠိတော် အရ၊ ဝိပဿနာအလုပ်ကို အားထုတ်ရှုမှတ်သော၊ အဓိပ္ပါယ်သဘော တို့ပေတည်း။

တဘန် ဒေါသနှင့် တကွဖြစ်သော စိတ်ကို၊ ဒေါသနှင့် တကွဖြစ် သော စိတ်ဟု သိရမည်ဟူသော ပါဠိတော်၏စကားအရဖြင့်၊ ဒေါသ စိတ်-ဟူသည်ကား၊ စိုးရိမ်ခြင်း, ပူဆွေးခြင်း, ကြောင့်ကြခြင်း, စိတ် ဆိုးခြင်း, သဘောမကျခြင်း, မနှစ်သက်ခြင်း၊ ဤသို့စသည်ဖြင့် မြန်မာ လို အဓိပ္ပါယ်ရ၏။

ထို့ကြောင့်၊ စိုးရိမ်လျှင် စိုးရိမ်တယ်၊ ပူဆွေးလျှင် ပူဆွေးတယ်၊ ကြောင့်ကြလျှင်ကြောင့်ကြတယ်၊စိတ်ဆိုးလျှင် စိတ်ဆိုးတယ်၊သဘော မကျလျှင် သဘောမကျဘူး၊ မနှစ်သက်လျှင် မနှစ်သက်ဘူးဟု မှတ်ရ ၏။ ဤသို့မှတ်ခြင်းသည်၊ သဒေါသံဝါ စိတ္တံ သဒေါသံစိတ္တန္တိ ပဇာ နာတိ-ဟူသော ပါဠိတော်အရ၊ဝိပဿနာအလုပ်ကို အားထုတ်ရှုမှတ် သော၊ အဓိပ္ပါယ်သဘောတို့ပေတည်း။

တဘန် မောဟနှင့်တကွဖြစ်သော စိတ်ကို၊ မောဟနှင့် တကွဖြစ်သော စိတ်ဟု သိရမည်ဟူသော ပါဠိတော်၏ စကားအရဖြင့် မောဟ ဟူသည်ကား၊ မေ့ခြင်း, သတိလစ်ခြင်း, အမှတ်မရခြင်း, တွေဝေခြင်း, မိန်းမောခြင်း, မှိုင်ငေးခြင်း, မသိခြင်း ဤသို့ စသည်ဖြင့်၊ မြန်မာလို အဓိပ္ပါယ် သဘောရ၏။

ထို့ကြောင့်၊ မေ့လျှင် မေ့တယ်၊ လစ်လျှင် လစ်တယ်၊ တွေဝေလျှင် တွေဝေတယ်၊ မိန်းမောလျှင် မိန်းမောတယ်၊ မှိုင်လျှင် မှိုင်တယ်၊ ငေးလျှင် ငေးတယ်၊ အမှတ်မရလျှင် အမှတ်မရဘူး၊ မသိလျှင် မသိဘူးဟု မှတ်ရ၏။ ဤသို့ မှတ်ခြင်းသည်၊ သမောဟံဝါ စိတ္တံ သမောဟံစိတ္တန္တိ ပဇာနာတိ-ဟူသော ပါဠိတော်အရ၊ ဝိပဿနာအလုပ်ကို အားထုတ် ရှုမှတ်သော အဓိပ္ပါယ်သဘောတို့ပေတည်း။

ဤသို့လျှင်၊ သရာဂစိတ်, ဒေါသစိတ်, မောဟစိတ်တို့၏ ရှုမှတ်ပုံ အဓိပ္ပါယ်သဘောကို ပြလိုက်သဖြင့်၊ ကြွင်းသော သံခိတ္တ, ဝိက္ခိတ္တ, သမာဟိတ စသော စိတ်တို့၏ ရှုမှတ်ပုံ အဓိပ္ပါယ်။ ကာမစ္ဆန္ဒ, ဗျာပါဒ သံသယာဇဉ်စသော၊ ဓမ္မာနုပဿနာတို့၏ ရှုမှတ်ပုံ အဓိပ္ပါယ်ကို၊ နားလည် ကွဲပြား၍ မှတ်သား သိရှိသင့်လှပေတော့သည်။ ။ဤကား၊ ရှုမှတ်ပုံ အဓိပ္ပါယ်ကို၊ နားလည်အောင် ပြဆိုလိုက်သော စကားတို့ပေတည်း။

ဤလောကကြီး၌ အသီးအသီးလူမျိုးကွဲပြား၍၊ ခေါ်ဝေါ်ပြောဆိုသော ဘာသာစကားဘို့ ခြားနားသော်လည်း၊ ပရမတ်ဖြစ်သော အမှုအရာ သဘောများမှာမူကား၊ တသားတည်းပင် တူမျှ၏။ ထို့ကြောင့်၊ ဘယ်လို လူမျိုးမဆို၊ ကိုယ့်ဘာသာစကားနှင့် မှတ်သားပါလျှင်၊ ပရမတ်သဘောတရားကိုသိရာ၌၊ အတူအမျှပင် ဖြစ်ကြလေ၏။ ထို့ကြောင့်၊ ကိုယ့် ဘာသာစကားဖြင့် မှတ်သားအပ်ပေသည်။

ယခုလိုမဟုတ်ဘဲ၊ ဘာသာတပါး စကားတမျိုးနှင့်မှတ်သားပါလျှင်၊ ကရင်စကားကို ကုလား နားမလယ်သကဲ့သို့၊ ပရမတ် ရုပ်နာမ်တရားတို့၏ အဓိပ္ပါယ် သဘောများကို၊ ကွဲပြားရှင်းလင်းစွာ မသိနိုင်ပေရာ။ ဤကဲ့သို့ မသိပါလျှင်၊ **ပိုးသာကုန် မောင်ပုံ စောင်းမတတ်** ဆိုသကဲ့သို့၊ ဘယ်လိုပင် အားထုတ်သော်လည်း၊ ပင်ပန်းရုံမျှသာလျှင် အကျိုးရလေ၍၊ အလဟဿ ဖြစ်ရလေတော့သည်။

ဘာသာရင်းစကားမှ ပရမတ်တရား ဖြောင့်မှန်သည်ကို
သိသာရန် ပြဆိုခြင်းပြီး၏။

## ဘာသာရင်း စကားရပ်နှင့် ပရမတ်တရား အစဉ်ကို နှိုင်းယှဉ်ရန် ပြဆိုခြင်း

အထက်တွင် ပြဆိုခဲ့သော ဘာသာရင်းစကားနှင့်၊ ပရမတ်တရားတို့၏ သဘောလက္ခဏာများအရ၊ ဤလောကကြီး၌ လူမျိုးပေါင်း ၁၀၁ ပါးဟု အပြားရှိခဲ့လေရာ၊ မှတ်သားပြောဆိုကြသော ဘာသာစကားများမှာလည်း၊ ၁၀၁-ပါးပင်လျှင် ကွဲပြား ခြားနားလျက်၊ ကမ္ဘာလောက အဆက်ဆက် ကပင်လျှင်၊ အစဉ်မပျက်ဘဲ ဆင်းသက်လာရှိပေသည်။

ထိုဘာသာ စကားတို့တွင်၊ ပကတိသော လူများမှာ၊ မိမိတို့၏ စကားမှသာလျှင် အဓိပ္ပါယ် သဘောများကို၊ ကွဲပြား ရှင်းလင်းစွာ နားလည် သိရှိနိုင်ကြလေ၏။ ယခုလို ဘာသာစကားနှင့် စပ်ရာမှာ၊ လောကုတ္တရာ အတွက် သက်သက်မဟုတ်သေး၊ လောကီဘက်၌လည်း အရေးကြီး၍၊ အသီးအသီး သုံးစွဲကြရလေသည်။

ဤကဲ့သို့ သုံးစွဲရာ၌ ထင်ရှားစွာသိရှိရန်မှာ၊ မြန်မာပြည်သို့လာပြီး ဥစ္စာပစ္စည်းရှာကြသော၊ တရုပ်, ကုလား, သိုးဆောင်းစသော လူမျိုးများစွာတို့သည်၊ မြန်မာစကားကို အသုံးပြုကြရ ကုန်၏။ ထို့အတူ၊ အိန္ဒိယနိုင်ငံ, သီဟိုဠ်ကျွန်း, ယိုဒယားပြည် သာဂရပြည်စသည်များသို့ သွားရောက်နေထိုင်ပြီး၊ ဥစ္စာပစ္စည်းရှာဖွေကြသော လူမျိုး များစွာတို့ သည်လည်း၊ နိုင်ငံရင်းစကားကို ပြောဆိုကြရကုန်၏။ ဤသို့ပြုလုပ်မှ လွယ်ကူစွာ အကျိုးပြီးမြောက်၍၊ လိုအပ်သောကိစ္စများ အောင်မြင်ခြင်းသို့ ရောက်နိုင်လေသည်။ ။ဤကား၊ လောကီအလုပ်များနှင့်၊ စဉ်းစားရန် ပြဆိုခြင်းတည်း။

တဖန် လောကုတ္တရာခေါ်သော ဘာသာရေးနှင့်စပ်ရာ၌၊ ယခုခေတ် အခါတွင် ထွန်းကား ကြီးကျယ်နေသော၊ ခရစ်ယန် သာသနာပြု ဆရာတို့သည်၊ မြန်မာ၌ ပြုစုလိုလျှင် မြန်မာစကားကို ကျွမ်းကျင်အောင် သင်ကြား၍၊ ၎င်းမြန်မာစကားဖြင့် မိမိတို့ခရစ်ယန်တရားကို၊ နားလည်အောင် ဟောပြောလေ၏။

ထို့အတူပင်လျှင်၊ သီဟိုဠ်, ယိုးဒယား, သာဂရ, အိန္ဒိယစသော နိုင်ငံများ၌ ပြုစုလိုလျှင်လည်း၊ ထိုထိုလူမျိုးတို့၏ ဘာသာစကား သင်ကြား၍၊ ၎င်းဘာသာစကားများဖြင့် မိမိတို့၏ခရစ်ယန် တရားကို၊

နားလည်အောင် ဟောပြောကြလေ၏။ ဤကဲ့သို့ပြုလုပ်မှ ရည်ရွယ်သလောက် ခရီးရောက်၍၊ ပြီးမြောက်နိုင်ကြလေသည်။

ယခုပြဆိုခဲ့သော အဓိပ္ပါယ် များအရ၊ ဗုဒ္ဓ ဘာသာ တရားကို ထောက်ဆလျှင်၊ တတိယ သင်္ဂါယနာ တင်တော်မူသော၊ အရှင်မဟာမောဂ္ဂလိ ပုတ္တတိဿ မထေရ်မြတ်သည်၊ အရပ်ရပ်သော တိုင်းကိုးဌာနတို့သို့ သာသနာပြုစုရန်အလို့ငှါ၊အသီးအသီးသော ရဟန္တာများကို ခွဲခြား၍ စေလွှတ်တော်မူ၏။

ထိုရဟန္တာအရှင်တို့တွင်၊ မြန်မာနိုင်ငံအဝင် သုဝဏ္ဏဘူမိမည်သော သထုံပြည်ကြီး၌၊ အရှင်သောဏ, အရှင်ဥတ္တရမထေရ်တို့ ပြုစုတော်မူကြကုန်၏။ တရားစကားကို ဆုံးမဟောကြားသောအခါ၊ နိုင်ငံရင်းဖြစ်သော တောင်သူဘာသာစကားဖြင့်၊ ဟောကြား ဆုံးမတော်မူကြကုန်၏။

ထိုအတူ သီဟိုဠ်၌ အရှင်မဟိန္ဒ ပြုစုတော်မူရာ၊ တရားစကားကို ဆုံးမဟောကြားသောအခါ၊ နိုင်ငံရင်းဖြစ်သော သီဟိုဠ်ဘာသာစကားဖြင့်၊ ဟောကြား ပြုစုရလေ၏။ ၎င်းပြင် ဂန္ဓာရတိုင်း တရုပ်ပြည်၊ ယောနကတိုင်း သာဂရပြည် စသည်တို့၌လည်း၊ နိုင်ငံရင်းစကားဖြင့် ဟောကြားဆုံးမ၍၊ သာသနာတော်ကို ပြုစုတော်မူကြကုန်၏။

ဤကဲ့သို့ နိုင်ငံရင်းဘာသာစကားနှင့် ဟောကြား သွေးဆောင်၍၊ ထင်မြင်သိရှိအောင် ပြောကြားနိုင်မှ၊ နိုင်ငံရင်းသားများသည်၊ ဟောကြားသူတို့၏တရားစကားကို ကဲ့ပြားနားလည်၍၊ ယုံကြည် လွယ်ကူစွာနှင့် လိုက်ပါကျင့်ကြံနိုင်ကြပေသည်။

ဤနေရာ၌ သာသနာပြုစုတော်မူကြသော ရဟန္တာအရှင်တို့သည်၊ ပဋိသမ္ဘိဒါပတ္တဖြစ်တော်မူကြကုန်၍၊ဘာသာစကားအမျိုးစုံကို အကုန်လုံး သိရှိသည့်အပြင်၊နိုင်ငံရင်းသားများထက်ပင် ကျွမ်းကျင်နားလည်တော်မူကြကုန်သဖြင့်၊ စရိုက်နှင့် သင့်တင့်အောင် ထောက်ချင့်၍ဟောကြားလေရာ၊ လွန်စွာမှ ကဲ့ပြားထင်လင်းလျက် ကြည်လင်သန့်ရှင်းလေသည်။

၎င်းပြင် အရှင်မဟာဗုဒ္ဓဃောသသည်၊ သီဟိုဠ်ကျွန်းသို့ ပိဋကတ်ကျမ်းစာများကို ရေးကူးရန်သွားသောအခါ၊ တရားဟောရန်တောင်းပန်သဖြင့် သီဟိုဠ်ဘာသာနှင့်ဟောရာ၊ လွန်စွာမှ ကဲ့ပြားရှင်းလင်း၍

ချီးမွမ်း ထောပနာခြင်းကို ပြုကြလေသည်။ ထိုအကြောင်း များကို ထောက်ထား၍၊ ဘာသာရင်းစကားမှ သဘောသွား အဓိပ္ပါယ်ကို၊ နားလည် ကွဲပြားနိုင်သည်ဟု ယုံကြည်စွာ မှတ်ယူအပ်ပေသည်။ ။ ဤကား၊ လောကုတ္တရာနှင့်ဆက်ဆံ၍၊ သိမှတ်ရန်ပြဆိုလိုက်သော စကားပေတည်း။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်သဘောများအရ၊ လောကဦး လူအမျိုးမျိုးတို့ ပြောဆိုကြသော စကားများတွင်၊ ပရမတ်သဘော ဖြစ်အင်ကို နှိုင်းယှဉ်၍သိရန်မှာ၊ ပါဠိတော်၌၊ ဂစ္ဆ ဂစ္ဆောဝါ ဂစ္ဆာမိတိ ပဇာနာတိ-ဟူသောစကားအရ၊ သွားလျှင် သွားတယ် သိရမည်ဟု ဟောတော်မူသဖြင့်၊ သွားသောအခိုက်၌ သွားမှန်းသိအောင်၊ သွားတယ် မှတ်ရမည်ဟု အဓိပ္ပါယ်လာရှိပေသည်။

ထို့ကြောင့်၊ ပါဠိလို ဂစ္ဆ-သဒ္ဒါကို၊ မြန်မာလို သွားတယ်-ဆို၏။ ထိုပါဠိလို ဂစ္ဆ၊ မြန်မာလို သွားတယ်-ဆိုသော စကားကို၊ကုလားလို ဂျောင်း၊ အင်္ဂလိပ်လို ဂိုး၊ ပြင်သစ်လို ပါတီး၊ လယ်တင်လို အေယား၊ တရုပ်လို ထွီး၊ မွန်လို တိုး၊ ယိုးဒယားလို ပိုင်၊ ရှမ်းညိုလို ကွာ၊ လောလို အား၊ ခမင်လို တေး၊ တောင်သူလို အော့၊ ကရင်လို လွယ်၊ ဟု ခေါ်ဆိုကြလေ၏။

ထိုဘာသာစကားတို့သည် သမုတိဝေါဟာရအားဖြင့်၊ ခေါ်ဝေါ် မှတ်သားခြင်း များပြားသော်လည်း၊ လိုရင်းဖြစ်သော သဘောတရားမှာမူကား၊ ခြေကြွခြင်း ခြေလှမ်းခြင်းတို့၌၊ ခြေလှုပ်ရှားခြင်းဟူသော အမူအရာသဘောကို၊ သိရုံမျှသာ ဖြစ်ကြကုန်၏။ ဤသို့လျှင်၊ သွားခြင်း အမူအရာသဘောတခုကို ပြလိုက်သဖြင့်၊ ကြွင်းကျန်သော အမူအရာ သဘောများကိုလည်း၊ ရှင်းလင်း ကွဲပြားအောင် မှတ်သားသိရှိကြပါလေ။

ထိုမှတပါး၊ မြတ်စွာဘုရားရှင်တို့ ဟောကြားတော်မူသော တရားစကားမှာ မူကား၊ ယခုမြန်မာများ ပါဠိဟု ခေါ်သော၊ ရာဇဂြိုဟ် ပြည်သားတို့ ပြောကြားသည့် မာဂဓဘာသာစကားဖြင့်သာလျှင်၊ဟောကြားတော်မူကြကုန်၏။ ဤကဲ့သို့ မာဂဓဘာသာစကားဖြင့် မြတ်စွာဘုရား ဟောတော်မူသော တရားစကားကို၊ လူမျိုး ၁၀၁-ပါးတို့သည် မိမိတို့၏ ဘာသာစကားဖြင့်၊ အသီးအသီး မှတ်သားသိရှိကြကုန်၏။

ဤအရာ၌၊ ဝါစာဝါစာဝိလာသဂ္ဂ၊ ဝါစာအစိဋ္ဌေယျ သံယုတ်-အစရှိသော အလွန်တင့်တယ်သော စကား၊ မကြံစည်နိုင်သောစကားနှင့် ပြည့်စုံတော်မူသည့်၊ အစိဋ္ဌေယျဂုဏ်သခင် ဖြစ်တော်မူ၍။ ဘယ်သူနှင့်မှ နှိုင်းယှဉ်ဘွယ် မသင့်လျော်ပေ။ ထို့ကြောင့်၊ မိမိတို့၏ဆိုင်ရာ ဘာသာစကားမှသာလျှင်၊ ပရမတ်သဘောတရားတို့ကို ထင်ရှားပေါ်လွင်စွာ သိရှိနိုင်ကြောင်းကို၊ ကောင်းကောင်းကြီး ယုံကြည်သင့်လှ ပေတော့သည်။ ။ဤကား၊ လူအမျိုးမျိုးတို့၏ ဘာသာစကားကို၊ စဉ်းစားရန် ပြဆိုခြင်းပေတည်း။

ဘာသာရင်းစကားရပ်နှင့် ပရမတ်တရားအစဉ်ကို
နှိုင်းယှဉ်ရန် ပြဆိုခြင်းပြီး၏။

---

## ပရမတ်သဘောတရားတို့၏ ခက်ခဲပုံ လွယ်ကူပုံ များကို ပါဠိတော်အစုံနှင့် သိသာရုံပြဆိုခြင်း

ယခုအခါ အထက်၌ ပြဆိုခဲ့သော၊ ပရမတ္ထတရားတို့၏ အသိဉာဏ်အား ခက်ခဲပုံ,လွယ်ကူပုံတို့ကို၊ ဥဒါဟရဏ်ပမာပြ၍ ယုတ္တိသာဓကတို့နှင့်၊ သဘာဝဖြစ်စဉ်ကို ထင်မြင်အောင် ပြဆိုပေအံ့။

ပဋိသောတဂါမိံ နိပုဏံ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာ။ ။

(မဟာဝါပါဠိတော်)

ပဋိသောတဂါမိံ၊ သောတာပတ္တိမဂ်ဉာဏ် တည်းဟူသော လှိုင်းဂရက်၊ အညာဘက်သို့ ဆန်တက်ကူးသွားရာ ဖြစ်ပေထသော။ နိပုဏံ၊ အလွန်တရာ သိမ်မွေ့စွာထသော။ ဂမ္ဘီရံ၊ လွန်စွာခက်ခဲ၍ နက်နဲတော်မူထသော။ ဒုဒ္ဒသံ၊ သိမြင်နိုင်ရာ ခဲယဉ်းစွာထသော။ အဏုံ၊ ပရမာဏုမြူနှင့် အလားတူပေထသော။ ဓမ္မံ၊ သစ္စာလေးရပ် တရားမြတ်ကို။ ရာဂရတ္တာ၊ တဏှာလူထပ် လွန်စွာတပ်သဖြင့် စွဲကပ်ငြိတွယ်၍နေကြကုန်သော။ တမောခန္ဓေန၊ မောဟ တိမ်ဘောင် အမိုက်မှောင်ဖြင့်။ အာဝုဋာ၊ မြှေးယှက်ပိတ်ကာ သတ္တဝါတို့သည်။ န ဒက္ခန္တိ၊ မချပိုင်ပိုင် မသိမမြင်နိုင်ကြလေကုန်သတည်း။

ဤဒေသနာတော်အရ၊ အကျဉ်းအမြွက်မျှဖြစ်သော အဓိပ္ပါယ်သဘောမှာ၊ သစ္စာလေးပါးဖြစ်သော ပရမတ္ထတရားတို့၏ သဘောအားဖြင့်၊ လွန်စွာနက်နဲ၍ ခက်ခဲဆန်းကြယ်လှသဖြင့်၊ ပကတိသောသူတို့၏

ဉာဏ်ဖြင့် သိနိုင်မြင်နိုင်ရန်မှာ၊ လွန်စွာမှခဲယဉ်းသော အဖြစ်မျိုးကို ပါဠိတော်ဖြင့်ပင်လျှင်၊ အားကိုးယုံကြည်ရန် ပြတော်မူ၏။

တဘန်၊ ထိုကဲ့သို့ သိမြင်နိုင်ရန် ခဲယဉ်းပုံကို ဥဒါဟရဏ်ပြသည်မှာ၊ သေးငယ်လှစွာသော မုံညင်းစေ့ကို၊ ကြီးမားလှစွာသော မြင့်မိုရ်တောင်လုံးဖြင့်၊ လွှမ်းမိုး အုပ်ဖုံး၍ထားဘိသကဲ့သို့ရင်း။ သားမြီးဖျား တပင်ကို တဆဲ့ခြောက်စိတ် စိတ်၍၊ တစိတ်သော သားမြီးကို အဝေးမှ လေးနှင့် ပစ်သကဲ့သို့ရင်း။ ထိုဆဲ့ခြောက်စိတ် စိတ်ထားသော သားမြီးတို့၏ အရင်းအဖျားတို့ကို၊ အပြန်ပြန် အလှန်လှန် ရောယှက်မွှေနှောက်၍၊ တဘန် အဖျားအရင်းတို့ကို မမှားမယွင်းအောင်၊ ထည့်သွင်း၍ ထားခြင်းမျိုးကဲ့သို့ရင်း။ သစ္စာလေးပါးဖြစ်သော ပရမတ္ထတရားကို၊ သိမြင်နိုင်ရန်မှာ လွန်စွာမှ ခဲယဉ်းပုံကို၊ အကျဉ်းမျှသိသာစေရန် ဥပမာဖြင့် ပြတော်မူ၏။ ။ဤကား၊ ပရမတ်တရား အသိခက်ပုံကို ဥဒါဟရဏ်ရှုမျှော်၍၊ ပါဠိတော် သာဓကတို့နှင့် အမြွက်မျှပြဆိုလိုက်သော စကားရပ်တည်း၊

ယခုအခါတွင်၊ ကမ္မဋ္ဌာန်းခွင်သို့ဝင်၍ အားထုတ်ဘူးသော ယောဂီပုဂ္ဂိုလ်ဘို့သည်ရင်း။ ကမ္မဋ္ဌာန်းအလုပ်ကို အားထုတ်စမ်းသပ် မကြည့်သေးဘဲ၊ ပိဋကတ် ဒေသနာဉာဏ်ဖြင့် ထက်သန်ကြီးမားသော ပုဂ္ဂိုလ်တို့သည်ရင်း။ များသောအားဖြင့် ပရမတ်တရား၏ ခက်ခဲပုံများကိုသာ ပြောကြားခြင်းပြုကြ၍၊ လွယ်ကူပုံ အမှုကိုကား၊ တဦးတယောက်မှ ပြောကြားခြင်း မရှိကြပေ။ ထို့ကြောင့်၊ ပရမတ်တရား လွယ်ကူပုံကို၊ သိသာရုံပြဆိုပေအံ့။

ဧဝံ ဘိက္ခဝေ ဇာနိတုံ တထာဂတော အာစိက္ခိယ
မာနော ဒေသိယမာနော ပကာသိယမာနော ပညာပိယ
မာနော ပဋ္ဌပိယမာနော ဝိဝရိယမာနော ဝိဘဇ္ဇိယမာနော
ဥတ္တာနိံ ကရဏိယမာနော န ဇာနန္တိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ တထာဂတော၊ သင်တို့ဆရာ ငါဘုရားသည်။ ဓမ္မံ၊ ပရမတ်ရုပ်နာမ် တရားမှန်ကို။ ဇာနိတုံ၊ ဟုတ်တိုင်းမှန်စွာ သိမြင်ကြစေခြင်းငှါ။ အာစိက္ခိယမာနော၊ ပြောကြားပါလျက်။ ဒေသိယမာနော၊ ဟောကြားပါလျက်။ ပကာသိယမာနော၊ ထင်ရှားအောင် ပြသပါလျက်။ ပညာပိယမာနော၊ အပြားအားဖြင့် သိစေပါလျက်၊ ပဋ္ဌပိယမာနော၊ ဖြစ်စေပါလျက်။ ဝိဝရိယမာနော၊ ဖွင့်လှန်၍

ပြပါလျက်။ ဝိဘင်္ဂယမာနေ၁၊ ခွဲခြမ်းဝေဘန်၍ ပြပါလျက်။ ဥတ္တာဒိ ကရဏီယမာနေ၁၊ ပေါ်လွင်အောင် ထုတ်နုတ်ယူဆောင်၍ ပြပါလျက်။ သတ္တာ၁၊ သတ္တဝါတို့သည်။ န ဇာနန္တိ၊ မသိနိုင်ကြလေကုန်သတည်း။

၍ဒေသနာတော်အရ၊ အကျဉ်းအမြွက်မျှဖြစ်သော အဓိပ္ပါယ်မှာ၊ သစ္စာလေးပါး ပရမတ်တရားတို့သည်၊သူ့သဘော လက္ခဏာအားဖြင့် သိမ်မွေ့နက်နဲ၍ ခက်ခဲပါသော်လည်း၊ အသိဉာဏ် မြင်လွယ်အောင် အားထုတ်ပုံအစဉ်ကို၊သင်တို့ဉာဏ်နှင့် ဆင်ခြင်ကြံစည်ရန်မရှိ၊ပကတိ ပေါ်လွင်ထင်ရှားအောင် ဖုံးအုပ်၍ထားသော ဝတ္ထုကို၊ဖွင့်လှန်၍ ပြဘိ သကဲ့သို့ရှင်း။ နစ်မြုပ်၍နေသော ဝတ္ထုကို၊ဖေါ်ထုတ်ယူငင်၍ ပြဘိသကဲ့ သို့ရှင်း။ ခွဲခြမ်းစိတ်ဖြာ၍ ရှင်းလင်းစွာဟောကြား ပြသပါလျက်နှင့်၊ သတ္တဝါအများတို့က မကဲ့ပြား နားမလယ်ကြဟု အဓိပ္ပါယ်လာရှိ ပေသည်။

လိုရင်းသဘောမှာ၊သစ္စာလေးပါး ပရမတ်တရားကို၊သိမြင်အောင် အားထုတ်ရန်နည်းလမ်းတွင်၊ သတ္တဝါတို့၏အကြံဉာဏ်များ ပါဝင် ကူညီရန်မရှိ၊ပကတိ ဟောတော်မူထားသည့်အတိုင်းကိုသာ၊ယုံကြည် သောသဒ္ဓါတရားနှင့် ကြိုးစားအားထုတ်ရမည်ဟု ဆိုလို၏။

၍ကဲ့သို့မဟုတ်ဘဲ၊ သွားခိုက်၌ သွားမှန်းသိအောင်၊သွားတယ် မှတ် ပါဟု၊မြတ်စွာဘုရား ဟောတော်မူရာ၊ သတ္တဝါတို့က စိတ္တဇ ဝါယော ဓာတ်ကြောင့်၊အရိုးစုကြီး ရှေ့သို့ထောင်တက်တယ် စသည်ဖြင့် မိမိတို့ ဉာဏ်နှင့် ကြံစည်ပြုလုပ်၍နေကြ၏။ ထို့ကြောင့်၊အမှန်ကိုမသိဟု ဆိုလို ပေသည်။ ။၍ကား၊ ပရမတ်တရား လွယ်ကူပုံကို၊ ယုံကြည်ရန် ပြဆိုခြင်းပေတည်း။

ယခုပြဆိုခဲ့သော ဒေသနာနှစ်မျိုးတို့တွင်၊ ပဌမ ဒေသနာတော်၏ အဓိပ္ပါယ်မှာ၊ သစ္စာလေးပါး ပရမတ်တရားတို့သည်၊ လွန်စွာမှ သိမ် မွေ့နက်နဲလှ၍ အသိဉာဏ်ခက်ခဲသည်ဟု လာရှိပေ၏၊ဒုတိယ ဒေသနာ တော်၏ အဓိပ္ပါယ်မှာ၊သစ္စာလေးပါး ပရမတ်တရားတို့တည်၊ ပကတိ သဘောအားဖြင့် လွန်စွာမှထင်ရှား၍ လွယ်ကူလှသည်ဟု လာရှိပေ ၏။ ထို့ကြောင့်၊ ၎င်းပါဠိတော် နှစ်ရပ်၌၊ အဓိပ္ပါယ်သဘောချင်း မညီ မစပ်ဟု ထင်မှတ်ရန်ရှိနေပေသည်။

၍သို့ထင်မှတ်သောအချက်၌ သဘောချင်းသင့်မြတ်ရန်မှာ၊ ရှေ့ပါဠိတော်၏အဓိပ္ပါယ်ကို၊သစ္စာလေးပါးဖြစ်သော ပရမတ် ရုပ်နာမ်တရား တို့၏ ဓမ္မသဘောအားဖြင့်၊သိမ်မွေ့နက်နဲ၍ ခက်ခဲဆန်းကြယ်ပုံကိုပြ၏။

နောက် ပါဠိတော်၏အဓိပ္ပါယ်ကို၊ အားထုတ်ရပုံ ကမ္မဋ္ဌာန်း၏ လုပ်ငန်း နည်းလမ်းကိုပြ၏ဟု မှတ်ယူအပ်၏။ ထိုကဲ့သို့ယူဆပါလျှင် သဘော ချင်းမဆန့်ကျင်ဘဲ အညီအမျှပင်ဖြစ်နိုင်လေသည်။

ထို့ကြောင့်၊ ပရမတ်ရုပ်နာမ်ဟူသော တရားသဘောကို၊ မိမိတို့၏ စိတ်မနော့ဖြင့် ထင်သလို မတွေးတော မကြံဆဘဲ၊ သူ့သဘောအတိုင်း ဖြစ်ပေါ်သမျှကိုသာ၊ ဟုတ်မှန်သော ယထာဘူတဖြင့် ဉာဏ်ပညာက သိရှိရလေအောင်၊ ရှေ့ဆောင်သော သတိတရားဖြင့်၊ မနေမနား လွန် ကြိုးစား၍ ပွါးများရှုမှတ်သင့်လှပေတော့သည်။ ။ဤကား၊ ပါဠိတော်ချင်း ဆန့်ကျင်သည်ဟု မှတ်ထင်ရန် နည်းလမ်းကို၊ ရှင်းလင်းစွာ ခွဲခြမ်း၍ ပြဆိုလိုက်သောစကား တို့ပေတည်း။

ပရမတ်တရားတို့၏ ခက်ခဲပုံ လွယ်ကူပုံများကို ပါဠိတော်အစုံနှင့် သိသာရုံ ပြဆိုခြင်းပြီး၏။

---

## ပရမတ်တရားလွယ်ကူလျက် အသိခက်သော လက္ခဏာတို့ကို ဥပမာပုံတင်၍ ထင်မြင်အောင်ပြဆိုခြင်း

အထက်တွင်ပြဆိုခဲ့သော ပရမတ်တရားတို့သည်၊ အလုပ်သဘော အားဖြင့် လွယ်ကူပါလျက်၊ အသိခက်သောအဓိပ္ပါယ်ကို နားလယ် ကွဲ ပြား၍၊ ထင်ရှားသိရှိနိုင်ရန်ဖြစ်သော ဥပမာ သာဓကမှာ၊ လောက၌ ရွှေတိဂုံ၊ ရွှေမော်ဓောစသော စေတီပုထိုး၊ အမျိုးမျိုးသောဘုရားကြီး များကို ထီးတော်ကြီးများ တင်ထားကြလေရာ၊ အမြင်အားဖြင့် လွန်စွာ ခက်ခဲ၏ဟု အများတို့ကပင်လျှင် တွေးထင်မှတ်ယူခြင်းရှိကြလေ၏။

ထိုကဲ့သို့၊ ရုတ်တရက်အမြင်အားဖြင့် ခက်ခဲသည်ဟု တွေးထင်မှတ် ယူရငြားသော်လည်း၊ အလုပ်စည်းကမ်း၏နည်းလမ်းကို နားလည် သောဆရာမှာမူ၊ လွယ်ကူသက်သာစွာနှင့် တပည့်လက်သားတို့ပါ ပြု လုပ်၍ ပြီးစီးထမြောက်ကြလေ၏။

ဤဥပမာ အတူပင်လျှင်၊ ဉာဏ်မြင်အားဖြင့် ခက်ခဲသည့်ဟု ထင်ရ သော၊ ပရမတ္ထဓမ္မ သဘာဝတို့၏ အားထုတ်ပုံ နည်းနယမှာမူ၊ အစစ သိမြင် ကျွမ်းကျင်တော်မူသော ရှင်တော်ဘုရားသည်၊ တပည့်သားတို့ အား လွယ်ကူအောင် ဟောကြားသော နည်းလမ်းဖြင့်၊ ချမ်းသာစွာ ပေါက်ရောက်ကြလေသည်။ ဥပမာနှင့် ဥပမေယျသဘောကို၊ နှိုးနှော၍ သိရှိကြပါလေ။ ။ဤကား၊ ဥပမာတနည်းဖြင့်၊ သိရှိရန် ပြဆိုခြင်းပေတည်း။

ဥပမာ တနည်းသော်ကား၊ မြန်မာပြည်ရန်ကုန်မြို့ ငမိုးရိပ်ချောင်း၌၊ ဓါတ်ဖြင့်ပြုလုပ်ထားသော တံတားကြီးတခု ရှိလေ၏။ ၎င်းတံတားကြီးကို မီးရထား မီးသင်္ဘောတို့ သွားလာလို၍၊ အထက်သို့ တင်မြှောက်ခြင်း၊ အောက်သို့ နှိမ့်ချခြင်းအမှုတို့ကို ပြုလုပ်ရလေ၏။

ထိုကဲ့သို့၊ မြှောက်ခြင်း ချခြင်းကို ပြုလုပ်ရာတွင်၊ မျက်မြင်အားဖြင့် လူ ၅၀, လူ ၁၀၀ လောက်နှင့်ပင်လျှင် မဖြစ်မြောက်နိုင်ဟု မှတ်ထင်ရသော်လည်း၊ နားလည်ကျွမ်းကျင်သော အင်ဂျင်နီယာ ဆရာကြီးများက၊ လွယ်ကူအောင် စီမံထားသဖြင့် တပည့်ဖြစ်သောသူများမှာ၊ တယောက်ထည်းသောအားနှင့်ပင်လျှင် သက်သက်သာသာဖြင့်၊ မြှောက်တင်ခြင်း နှိမ့်ချခြင်းအမှုတို့ကို ပြုရဖြစ်မြောက်နိုင်လေသည်။ ဤဥပမာ အတူပင်လျှင်၊ ဥပမေယျ၏သဘောအစဉ်ကို ထင်မြင်သိရှိကြပါလေ။ ။ ဤကား၊ ဥပမာ တနည်းသွင်း၍၊ အကျဉ်းမျှ ပြဆိုလိုက်သော စကားပေတည်း။

ဥပမာ တနည်းလည်း၊ လောက၌ အိမ်ကြီး ကျောင်းကြီးစသော အဆောက်အဦးတို့ ပြုလုပ်စအခါ၊ ဟောင်းနွမ်းသော အခါတို့၌ ကြည့်ရှုမကောင်း၊ ရွဲ့စောင်း ယိမ်းယိုင်ခြင်းများ ဖြစ်နေပါလျှင်၊ မျက်မြင်အားဖြင့် လူ ၅၀, လူ ၁၀၀ တို့ပင်လျှင်၊ ဆွဲငင်ပြုပြင်၍ မရနိုင်ဟု တွေးထင်ခြင်းရှိနေကြလေ၏၊

ထိုကဲ့သို့၊ အဆောက်အဦးကြီးများ ကြီးလေးခက်ခဲ၍၊ လူ ၅၀, လူ ၁၀၀ လောက်နှင့်မဖြစ်နိုင်ဟု တွေးထင်ရသော်လည်း၊ နားလည်ကျွမ်းကျင်သော လက်သမားဆရာမှာမူ၊ လွယ်ကူသော နည်းလမ်းအစဉ်ကို သိမြင်၍၊ခိုင်မာသော အဆောက်အဦးတို့နှင့် စီရင်ပြီး၊မောင်းတင်၍ နင်းလိုက်ပါလျှင်၊ လူ ၂-ယောက်, ၃-ယောက်မျှနှင့်ပင် အောင်မြင် ပေါက်ရောက်၍၊ တပည့်များလည်း မပင် မပန်း လောက်ဘဲ၊ ပြီးမြောက်၍ သွားနိုင်လေ၏။ ဤဥပမာ အကျဉ်းပြသဖြင့်၊ ဥပမေယျ အကျယ်နည်းကို၊ ဉာဏ်ဒိုး၍ သိမြင်ပွင့်လင်း ကြပါလေ။ ။ဤကား၊ ဥပမာ တနည်းချုံး၍၊ ပေါင်းရုံးကာ ပြဆိုလိုက်သော စကားမျှပေတည်း။

ထိုမှတပါး၊ မှတ်သားရန် မကျဉ်းမကျယ်သော အဓိပ္ပါယ် ဥပမာ တနည်းသော်ကား၊ တောင်ပေါ် ကမ်းပေါ်တွင် မွေးဘွားခြင်းရှိ၍၊ ဇာတိအစဉ်အရိုးဖြစ်သော ကရင်ရိုင်းလူမျိုးသည်၊ တောင်ရိုး ခင်တန်း လမ်းပန်းမကောင်း ချောက်ကမ္ဘားပြတ် သစ်ငုတ်ခလုတ်ထူထပ်သော လမ်းခရီးဝယ်၊ နောက်လွယ် ဝန်လေးနှင့်ပင် ဖြစ်သော်လည်း၊ လျှင်

မြန် သက်သာ လွယ်ကူစွာနှင့်၊ သွားလာ တက်ဆင်းခြင်းကို ပြုလုပ်နိုင်ကြလေသည်။

ဤကဲ့သို့၊ တောင်ပေါ် ကမ်းပေါ် ခရီးလမ်း၌၊ ချမ်းသာ လွယ်ကူသော်လည်း၊ ဇင်းကရင် လူရိုင်းမျိုးများသည်၊ ကြီးမား ပြန့်ကျယ်၍ တင့်တယ်ဖြောင့်စင်း၊ သစ်ငုတ်ခလုတ်တို့ သန့်ရှင်းသော၊ မင်းလမ်းမ ပေတရာ၌၊ ဝန်လေးမပါဘဲ၊ ပေါ့ပါးစွာ သွားရသော်လည်း၊ မကြာမီ ညောင်းညာ ကိုက်ခဲ၍၊ လဲပြိုယိမ်းယိုင် မသိမ်းနိုင် မလှမ်းနိုင်သဖြင့်၊ ချိနဲ့ ခွေနွမ်းလျက် ခြေကုန်ပင်ပန်းခြင်းများဖြစ်ရလေသည်။

ယခုလို၊ ခက်ခဲ ကြမ်းထမ်းသော တောင်လမ်း တောလမ်း၌၊ သွားလာခြင်း လွယ်ကူ၍၊ ကောင်းမွန် သာယာသော၊ မင်းနေပြည် ပြလမ်း၌၊ သွားလာခြင်း ခက်ခဲပင်ပန်းသည်မှာ၊ အခြားကြောင့်မဟုတ်၊ ချက်မြုပ် ဇာတိဖြစ်၍ အလေ့ အလာများသဖြင့်၊ နားလည် ကျွမ်းကျင်ခြင်း ရုတ်တရက် တွေ့စအခါဖြစ်၍၊ အလေ့ အလာနည်းပါးသဖြင့် နားမလည် မကျွမ်းကျင်ခြင်း များကြောင့်၊ ခက်ခဲရာ၌ လွယ်ကူပြီး၊ လူကွယ်ရာ၌ ခက်ခဲခြင်းဖြစ်ရလေသည်။ ။ဤကား၊ ဥပမာ အချက်ကို၊ အမြွက်မျှ ပြဆိုခြင်းပေတည်း။

အထက်ပါ ဥပမာစကားအရ၊ ဥပမေယျကို သိရန်မှာ၊ ဤလောကဥ္စရှိကြသော သတ္တဝါ ဟူသမျှတို့သည်၊ သဘာဝအားဖြင့် ထင်ရှားမရှိသော ပညတ်တရားသဘောကို၊ စိတ်မနေဖြင့် တွေးတောဆင်ခြင်၍ မှတ်ထင် ပြုပြင်ရခြင်းသည်၊ အမှန်ပင် ခက်ခဲခြင်းများဖြစ်သော်လည်း၊ အနမတဂ္ဂ သံသရာမှ လေ့လာမှတ်သားခြင်းများ၍၊ နားလည် ကျွမ်းကျင်နေသဖြင့် လွယ်ကူသကဲ့သို့၊ ဟုတ်မှန်သကဲ့သို့ပင်လျှင် မှတ်ထင်၍ နေကြလေတော့သည်။

ဤကဲ့သို့၊ လောကဥ္စရှိကြသော သတ္တဝါဟူသမျှတို့သည်၊ ခက်ခဲလှသော ပညတ်တရား၌၊ မှတ်သား သိရှိခြင်း လွယ်ကူပါသော်လည်း၊ သဘာဝအားဖြင့် ထင်ရှားရှိသော၊ ပရမတ်တရားတို့ မှတ်သားသိမြင်ခြင်းတို့မှာ၊ အမှန်ပင် လွယ်ကူပါလျက်နှင့်၊ အနမတဂ္ဂသံသရာမှ လေ့လာ မှတ်သားခြင်း နည်းပါး၍၊ နားလည်ကျွမ်းကျင်ခြင်း မရှိသဖြင့်၊ သင့်တင့်ဖြောင့်မှန်စွာ ဟောကြားပြသပါသော်လဲ၊ ခက်ခဲ သကဲ့သို့ လွဲမှားသကဲ့သို့ပင်လျှင်၊ မှတ်ထင်၍နေကြလေတော့သည်။

ထိုအချက်များ၌၊ အထက်တွင်ပြခဲ့သော ကရင်ရိုင်း လူမျိုးသည်၊ တောင်ရိုးလမ်း၌ သွားလာခြင်း လွယ်ကူလျက်၊ မင်းနေပြည် ပြလမ်း၌ သွားလာခြင်းအတွက်၊ ရက်တရက်ဖြစ်၍ ခဲခက်သော်လည်း၊ အနည်းငယ်ဆက်လက်၍ စမ်းသပ်သွားလာပြီး၊ လမ်းမကြီး၌ လေ့ကျင့်ပါလျှင် မကြာမီပင် ကောင်းမွန်သက်သာ၍၊လွယ်ကူဖြောင့်တန်းစွာ ရှိကြောင်း ကို ကောင်းကောင်းကြီးသိနိုင်ပေရာ၏။

ဤဥပမာ အတူပင်လျှင်၊ သတ္တဝါဟူသမျှတို့သည်၊ သဘာဝအားဖြင့် ထင်ရှားမရှိသော ပညတ်တရား၌၊ မှတ်သားသိမြင်ခြင်း လွယ်ကူလျက်၊ သဘာဝအားဖြင့် ထင်ရှားရှိသော ပရမတ်တရား၌၊ရက်တရက် အားဖြင့် မှတ်သားသိမြင်ခြင်း၊ ခက်ခဲသည်ဟု မှတ်ထင်ရသော်လည်း၊ နောက်က ပြဆိုခဲ့သော ရှုမှတ်ပုံနည်းကို ယုံကြည်စိတ်ချပြီး၊ တစတစ စမ်းသပ်အားထုတ်၍ ပြုလုပ်သင့်ကြပေ၏။

ယခုလို စမ်းသပ်အားထုတ်ကြည့်ပါလျှင်၊ မကြာမီ အတွင်းမှာပင် ပုဂ္ဂိုလ်၏စိတ်ထဲဉာဏ်ထဲတွင်၊ လေ့လာကျွမ်းကျင်၍ လာသောအခါ၊ အမှတ်အသိတို့ လွယ်ကူလာသဖြင့်၊ ပညတ်တရားတို့၏ ခက်ခဲပုံ၊ ပရမတ်တရား၏ လွယ်ကူပုံ၊ အလွယ်ကို အခက်ထင်၍၊အခက်ကို အလွယ် ထင်ပုံ၊ အလုံးစုံသော သဘောလက္ခဏာ တို့ကို၊ ဟုတ်တိုင်းမှန်ရာ ထင်လင်းစွာဖြင့်၊ မျက်မှောက်ဖြစ်သော ခဏမှာပင်လျှင်၊ သိမြင် ကွဲပြားလျက် ထင်ရှားပွင့်လင်း၍လာကြပေလိမ့်မည်။

ဤကဲ့သို့၊ ဥပမာနှင့် ဥပမေယျတို့ကို ပြလိုက်သဖြင့်၊ ဥပမာန၏ အရကို နှိုင်းဆစပ်ယှဉ်ပြီး၊ ဉာဏ်မြင်သမျှ ခွဲထွင်၍ ကုန်စင်အောင် ပွင့်လင်းသိရှိကြပါလော။ ။ဤကား၊ ဥပမေယျ၏သဘောသွားကို၊ စဉ်းစားဆင်ခြင်၍ သိမြင်ရန်ပြဆိုလိုက်သော စကားတို့ပေတည်း။

ယခုပြဆိုခဲ့သော၊ ပရမတ္ထဓမ္မတို့၏ ယထာဘူတဖြစ်သော၊သဘာဝ လုပ်ငန်း၌ ဖြောင့်တန်းစွာ သိမှတ်ရန်မှာ၊ လောကဓမ္မတာ သဘော အားဖြင့်၊ အလွယ်ကို အခက်၊ အခက်ကို အလွယ်၊ အမှန်ကို အမှား၊ အမှားကို အမှန်ဟု၊ ဘောက်ပြန်သော ဝိပ္ပလ္လာသ၏ သဘောအစွမ်း ဖြင့်၊ လမ်းကွေ့လမ်းမှား၌၊ တိမ်းပါး ချွတ်ချော်၍နေကြသော အလေ့ သဘောဖြစ်လေသည်။

သို့သော်လည်း၊ ထိုပရမတ်တရားတို့သည်၊ စင်စစ် သဘောအား ဖြင့် လွယ်ကူပြားလျက်၊ အလေ့အလာနည်းပါး၍ ခက်ခဲခြင်းများဖြစ်၍

နေလေ၏။ ပရမတ်သဘောနည်း၌ အားထုတ်ရပုံ ဝိပဿနာ လုပ်ငန်းများ၊ ထင်ရှားပေါ်လွင်နေသော အရှိန်ကြောင့်၊ တိမ်တိမ်ကလေးပင်ဖြစ်သော်လည်း၊ အလေ့အလာ နည်းပါးကြသည့် အတွက်၊ လွန်စွာနက်သကဲ့သို့ မှတ်ထင်၍နေကြလေတော့သည်။

ဤကဲ့သို့သော၊အဓိပ္ပါယ် သဘောများကို ရည်ရွယ်မှန်းထားလျက်၊ ပရမတ်သဘောတရားကို **လွယ်လွယ်နှင့်ခက်လှသည်၊ တိမ်တိမ်နှင့်နက်လှသည်၊ မယုံလျှင် ကိုယ်တိုင်စမ်းက၊ ဉာဏ်မမ်းလို့ မှိုင်ရမည်** ဟု ရှေးဆရာကြီးများ စပ်ဆို၍ထားခဲ့ကြလေသည်။

ယခုကဲ့သို့ ဘော်ပြ ရေးသားခဲ့သော ပရမတ် သဘောတရားတို့သည်၊ ယောဂီပုဂ္ဂိုလ်များ ရှုမှတ်စအခါ၌၊ လွန်စွာမှ ခက်ခဲသည်ဟု အမှတ်အထင် ချော်လွဲ၍နေသော်လဲ၊ စွဲမြဲသောလုံ့လဖြင့် ယုံကြည်စွာ အားထုတ် စမ်းသပ် ကြည့်ကြပါလျှင်၊ ခဏခဏတိုင်းပင် ပညတ်ဒွာမြေးအကာတို့ ကွာစင်၍၊ ပရမတ် သဘောတရားတို့ ထင်ရှားစွာ ပေါ်လွင်လျက်၊ လွယ်ကူစွာ သိမြင်၍လာနိုင်သဖြင့်၊ အစဉ်အတိုင်း မနားမလပ် မရပ်မဆိုင်းဘဲ၊ အမြဲပင် ရှုမှတ်ရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့လေသည်။

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံထောကံ ခဏေခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလမတ္တနော။ ။
(ဓမ္မပဒပါဠိတော်)

ဘိက္ခဝေ၊ ချစ်သား ရဟန်းများတို့။ လောကေ၊ လူပြည် လောကကြီး၌။ ကမ္မာရော၊ လိမ္မာပါးယား ရွှေထည်ငွေထည်ကို ပြုလုပ်သော ပန်းထိမ်သည် ယောက်ျားသည်။အနုပုဗ္ဗေန၊ မပြတ်မခြား အစဉ်အားဖြင့်။ ထောကံ ထောကံ၊ အတန်ငယ် အတန်ငယ်။ ခဏေခဏေ၊ ခဏတိုင်း ခဏတိုင်း။ ရဇတဿ၊ ရွှေငွေ၏။ မလံ၊ အကာအမြေး ဖြစ်သော အညစ် အကြေးကို။ နိဒ္ဓမေဏ္ဏဝ၊ တူနှင့်ရိုက်ခါ နှင်ထုတ်ရာ သကဲ့သို့။ ဇေဝံတထာ၊ ထို့အတူသာလျှင်။ သာသနေ၊ မြတ်စွာဘုရား၏ ဟောကြားဆုံးမရာ သုံးပါးသော သာသနာတော်မြတ်ကြီး၌။ မေဓာဝီ၊ ထိုးထွင်းမြင်သိ ပညာရှိသော ယောဂီပုဂ္ဂိုလ်သည်။ အနုပုဗ္ဗေန၊ မပြတ်မခြား အစဉ်အားဖြင့်။ ထောကံ ထောကံ၊ အတန်ငယ် အတန်

ငယ်။ ခဏော ခဏော၊ ခဏတိုင်း ခဏတိုင်း။ အတ္တနော၊ မိမိ၏။ မလံ၊ ပညတ် ကိလေသာ အမြေးဟူသော အညစ် အကြေးကို။ နိဒ္ဓမေ၊ ဝိပဿနာဉာဏ်ဓါတ်ဖြင့် ရှုမှတ်နှင်ထုတ်ရာသတည်း။ ။ ဤကား၊ ပရမတ် နည်းလမ်း၌ ဝိပဿနာလုပ်ငန်း သဘောအစဉ်ကို၊သိမြင်ရန်ပြဆိုလိုက်သော စကားစုတို့ပေတည်း။

ပရမတ်တရားလွယ်ကူလျက် အသိခက်သောလက္ခဏာတို့ကို
ဥပမာဖြင့် ပြဆိုခြင်းပြီး၏။

---

## သောတာပန် စသောသူမြတ်တို့၏ အမူအကျင့်ကိုပြဆိုရာ

# အရိယာကဏ္ဍ

## အရိယာသူမြတ်တို့၏ အခြေအနေ၌ မနိန္ဒြေယဉ်ကျေးမှုကို ပိလိန္ဒဝစ္ဆမထေရ် ဝတ္ထုဖြင့် ပြဆိုခြင်း

ယခုပြဆိုခဲ့သော သတိပဋ္ဌာန်နည်းအရ၊ ခဏတိုင်း, ခဏတိုင်း ဖြစ်ပေါ်သော၊ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ကို၊ ဖြစ်ပေါ်လာဆဲ အခိုက်တန့်၌၊ သူ့သဘောအတိုင်း မဆိုင်းမနှေးဘဲ၊ ပျောက်ပျက်၍ မသွားသေးမီ မိအောင် ထိအောင်၊ မြင်လျှင် မြင်တယ်၊ ကြားလျှင် ကြားတယ်စသည်ဖြင့် မှတ်ရ၏။ ထိုသို့ ဖြစ်ပေါ်လာတိုင်း သော အာရုံကိုသိအောင် မှတ်နေပါလျှင်၊ မဂ်ဖိုလ်သို့ဝင်သော အရိယာ အစစ်ဖြစ်သည်ကို မဆိုထားဘဲ၊ အတော်အတန် ဉာဏ်ရင့်သန်အောင်၊ အမှတ်မှန်၍ အသိစိတ်လာလျှင်ပင်၊ မနိန္ဒြေခေါ်သော ကိုယ်တွင်းစိတ်များသည်၊ ဖြောင့်မှန် သောတရားကို ဝင်စားလာသဖြင့်၊ အတော် အတန်ပင် သိသာ ထင်ရှားအောင် သိမ်မွေ့ နူးညံ့လျက်၊ အလုံးစုံ ပြန့်နှံ့သောအားဖြင့် စိတ်များပင် ယဉ်ကျေး၍လာရ၏။

ဤသို့ မနိန္ဒြေ ယဉ်ကျေးသိမ်မွေ့ပါလျှင်၊ အတူတကွ စပ်ယှဉ်၍ နေသော ကာယိန္ဒြေများသည်လည်း၊ သူတပါးပင် ထင်ရှား သိသာလောက်အောင်၊ ကောင်းမွန်စွာ နူးညံ့ သိမ်မွေ့ လျက် ယဉ်ကျေး၍ လာလေတော့၏။ ထို့ကြောင့် ဤနည်းအတိုင်း ကမ္မဋ္ဌာန်း ဝိပဿနာကို ရှုမှတ်၍၊ မြင့်မြတ်သော အရိယာပုဂ္ဂိုလ်အဖြစ်သို့ အမှန်စင်စစ်ရောက် သွားပါလျှင်၊အဘယ်မှာ မသိမ်မွေ့မယဉ်ကျေးဘဲရှိပါတော့မည်နည်း၊ အတိုင်းထက်အလွန် ကောင်းမွန်သိမ်မွေ့၍ နူးညံ့ယဉ်ကျေးခြင်း အမှန် ဖြစ်ရလေတော့သည်သာလျှင်တည်း။

ဤစကားရပ်တို့နှင့်စပ်၍ တရားကောင်းတရားမှန် အမြကပ်သော၊ အရိယာအရှင်မြတ်တို့၏ ကာယိန္ဒြေ, မနိန္ဒြေတို့ သိမ်မွေ့ နူးညံ့ပုံမှာ၊ မြတ်စွာဘုရား၏ ဂုဏ်တော်ကိုး ပါးတွင်၊ အနုတ္တရော ပုရိသဒမ္မ သာရထိ-ဟူသော ဂုဏ်တော်၏အဓိပ္ပါယ်ကို၊ လူကြမ်း, နတ်ကြမ်း, တိရစ္ဆာန်ကြမ်း တို့အား၊ ဒုတ်ခေါးမဆောင် ကြိုးမနှောင်ဘဲ၊ တရား သဖြင့်သာလျှင် သိမ်မွေ့ နူးညံ့ယဉ်ကျေးအောင်၊ ဆုံးမတော်မူတတ် ဂုဏ်သကတ်ကြောင့်၊ အနုတ္တရော ပုရိသဒမ္မသာရထိ-မည်တော်မူ၏ ဟုဆိုလေသည်။

ထိုဂုဏ်တော်၏အဓိပ္ပါယ်အရဖြင့်၊အင်္ဂုလိမာလစသည်ကို လူကြမ်း၊ အာဠဝကဘီလူး စသည်ကို နတ်ကြမ်း၊ နာဠာဂီရိဆင် စသည်ကို တိရစ္ဆာန်ကြမ်းဟူ၍ မှတ်ယူအပ်ပေ၏။ ဤမျှလောက် ကြမ်းတမ်းလှ သော သူတို့ပင်လျှင်၊ သူတော်ကောင်းတရားဝင်က အမှန်ပင် နူးညံ့ သိမ်မွေ့၍ ယဉ်ကျေးလာရသဖြင့်၊ တပါးသောသူတို့မှာ ပြောဘွယ်ရာ မရှိအောင်ပင်လျှင် ယဉ်ကျေးနိုင်လေတော့၏။

ထိုသတ္တဝါ ကြမ်းတို့အား၊ ဒုတ်ခါး ကြိုးကြိမ်တို့နှင့် ဆုံးမ၍ပင် အဘယ်မှာရနိုင်မည်နည်း။ ထို့ကြောင့်၊ ဘုရားရှင်တို့ဆုံးမသော တရား နည်းလမ်းအတိုင်း ဖြောင့်မှန်စွာ လိုက်နာပါလျှင်၊ ဘယ်လောက်ပင် ကြမ်းတမ်းသောသတ္တဝါမဆို၊ နဂိုရှိသဘောပျောက်၍ သိမ်မွေ့ယဉ် ကျေးခြင်းအဖြစ်သို့ရောက်နိုင်ကြောင်းကို၊ ကောင်းကောင်းကြီး သတိ ထားပြီး မှတ်သားကြပါလေ။

ဤနေရာ၌၊ အရှင် ပိလိန္ဒဝစ္ဆ ဝတ္ထုဖြင့်၊ မေးမြန်းခြင်း ပြုသင့်ပေ၏။ အကြောင်းမှာ၊ ခြောက်ဖြာ အဘိညာဉ်၊ ရှစ်အင်သော သမာပတ်နှင့် ပြည့်စုံလတ်သည့်၊ အာသဝေါတရား ကင်းပြတ်ကုန်ခန်း၍၊ ရဟန္တာ ဖြစ်တော်မူသော အရှင်ပိလိန္ဒဝစ္ဆ မထေရ်မြတ်သည်၊ ကြီးငယ်မဟူ တွေ့မြင်သမျှသော သူတို့ကို၊ဟာရေ ဝသလ, ဟာရေ ဝသလ၊ဟဲ့ သူယုတ်, ဟဲ့ သူယုတ်ဟု ခေါ်ဝေါ်ပြောဆိုခြင်းသည်၊ အဘယ်မှာ သိမ်မွေ့ယဉ် ကျေးမှု ဖြစ်နိုင်ပါမည်နည်းဟု မေးမြန်းသင့်ပေ၏။

အဖြေမှာမူကား၊ ဝါသနာပါ၍ ကြမ်းတမ်းခြင်း၊ ဝါသနာ မပါဘဲ ကြမ်းတမ်းခြင်းဟူ၍ နှစ်မျိုးရှိသည်တွင်၊ ဝါသနာနှင့်ဖြစ်သော စရိုက် ကိုမူ၊ သာဝကတို့မှာ အမြစ်ပါ ပြတ်အောင် မပယ်မဖြတ် နိုင်ပေ။ မြတ်စွာ ဘုရားနှင့် ပစ္စေကဗုဒ္ဓါတို့သာလျှင်၊ဝါသနာနှင့်တကွဖြစ်သော

စရိုက်ကို၊ အမြစ်ပါ ကုန်စင်အောင်၊ ချတ်ထွင် ပယ်သတ်နိုင်ကြောင်း ကို၊ ဋီကာကျော် စသော ကျမ်းများ၌၊ ထင်ရှားစွာ မိန့်ဆိုတော်မူကြ လေသည်။

ထိုဝါသနာဆိုသော သဘောဟူသည်၊ ဘဝရှည်ကြာ သံသရာက၊ အမြဲမကွာ ဆက်လက်ပါ၍၊ ထပ်ခါထပ်ခါဖြင့် အကြိမ်ပေါင်းများစွာ၊ ထုံစိမ်လာသော အလေ့အကျင့်မျိုးဖြစ်၏။ အရှင်ပိလိန္ဒဝစ္ဆသည်၊ ဘဝ ပေါင်း ငါးရာပတ်လုံး မင်းမျိုးချည်းသာ ဖြစ်လာ၍၊ မောက်မာသော အပြောအဆိုမှာ ဝါသနာသဘောမျိုးပင်တည်း။ ထိုဝါသနာ သဘော မျိုးကို၊ အမြစ်ပြတ်အောင် မပယ်မသတ်နိုင်သဖြင့်၊ အမှတ်တမဲ့ ပြော ဆိုခြင်းဖြစ်သော စကားမျိုးမည်၏။

အချုပ်မှာ၊ အပြောအဆိုကပင် ကြမ်းတန်းသည်ဟု ထင်ရသော် လည်း၊ စိတ်နှလုံးသွင်းအစဥ်မှာမူ ကြည်လင် စင်ကြယ်သဖြင့်၊ တင့် တယ် ကောင်းမြတ်လှပေ၏။ နှုတ်ကပင်ဆိုသော်လည်း၊ ပျက်စီးစေလို နှိပ်စက် ဖျက်ဆီးလိုသော ဒေါသစိတ် မရှိဟုဆိုလိုသည်။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ-စသော ဒေသနာတော်ကို ရှုမျှော်ထောက်ဆပါလျှင်၊ အလွန်ပင် သိသာ ထင်ရှားလှပေ၏။

ထို့ကြောင့်၊ ဤနေရာမျိုးနှင့်စပ်၍ ဘုရင်မင်းမြတ်တို့ ပြောဆိုသော စကား၊ မိဘတို့ ပြောဆိုသော စကား၏ အဆုံးအဖြတ်များကို၊ မှတ် သား သတိပြုကြပါလေ။ ဤစကား နှစ်မျိုးတွင်၊ ဘုရင်မင်းမြတ်တို့ မည်သည်၊ ရာဇဝတ်သားများကို သတ်လိုက်သော်၊ ဝိနည်းပညတ်ကို ရှောင်ဖယ်ခါ၊ ပရိယာယ်စကားဖြင့် ဤသူအား ချမ်းသာစွာ အိပ်ပါ စေဟု၊ သာယာ နူးညံ့စွာ ပြောကြားလေ၏။

မိဘတို့မည်သည်ကား၊ အလိုမတူသော အရပ်တပါးသို့ သားသမီး သွားသဖြင့်၊ မြတ်တားပြောဆို၍ မရခဲ့သော်၊ မိဘတို့သည် သားသမီးတို့ အား၊ မြွေဆိုးပေါက်၍ သေပါစေ၊ ကျားဆိုးကိုက်၍ သေပါစေ၊ ကျွဲ ဆိုးခတ်၍ သေပါစေ စသည်ဖြင့် ကြိမ်ဆို ဆဲရေးလေ၏။ ထိုစကား နှစ်မျိုးတို့တွင်၊ အဘယ်စကားက ကြမ်းတန်း ပါသနည်းဟု မေးရာ၊ ချမ်းသာစွာ အိပ်ပါစေဆိုသော စကားက ကြမ်းတန်း၍၊ မြွေဆိုး ပေါက်၍ သေပါစေဆိုသော စကားက၊ နူးညံ့သိမ်မွေ့သည်ဟု ကျမ်း ဂန်တို့၌ မိန့်ဆိုဆုံးဖြတ်လျက် အကျဥ်းအမြွက်မျှ လာရှိကြကုန်၏။

အဓိပ္ပါယ်ကား၊ချမ်းသာစွာ အိပ်ပါစေဆိုသော ဘုရင်မင်းမြတ်၏ စကားသည်၊ အသံထွက်ပင် သိမ်မွေ့နူးညံ့သော်လည်း၊ စေတနာမှာ ရက်စက်ကြမ်းကြုတ်စွာ သေစေလိုသောကြောင့်၊ ဒေါသစိတ်မည်၏။ မြွေဆိုးပေါက်၍သေပါစေ ဆိုသောမိဘတို့၏စကားသည်၊အသံထွက် ပင် ကြမ်းတန်း ဆိုးဝါးသော်လည်း၊ စေတနာထားမှာမူ သေစေရန် လွတ်ကင်း၍၊ သနားခြင်းသာရှိလေသောကြောင့်၊ နူးညံ့သိမ်မွေ့သော ကရုဏာစိတ်မည်၏ ဟု ဆိုလိုသည်။

ထို့ကြောင့်၊ အရှင်ပိလိန္ဒဝစ္ဆ ပြောကြားသော၊ ဝသလ-သူယုတ် ဟူသော စကားကိုလည်း၊ အသံထွက်ပင် ကြမ်းတန်းသော်လည်း၊ စိတ်စေတနာမှာ ဒေါသ ကင်းသောကြောင့်၊ သိမ်မွေ့နူးညံ့၍ ပြေပြစ် ယဉ်ကျေးသော စကားဟူ၍သာသျှင်၊မှတ်သား သိရှိအပ်ပေသတည်း။

မနိန္ဒြေယဉ်ကျေးမှုကို ပိလိန္ဒဝစ္ဆဝတ္ထုဖြင့် ပြဆိုခြင်းပြီး၏။

---

## အရိယာသူမြတ်တို့၏ အခြေအနေ၌ ကာယိန္ဒြေ ယဉ်ကျေးမှုကို ခေမာဝတ္ထုဖြင့် ပြဆိုခြင်း

အထက်ပါ စကားအရ၊ မနိန္ဒြေ သိမ်မွေ့ တရားတွေ့၍ ကာယိန္ဒြေ ပါ ယဉ်ကျေးပုံ၊ မဂ်ဖိုလ်တရားထူး ရသည်ဟု၊ သူဘာပါးတို့ကပင် မှတ်ထင် သိမြင်နိုင်ပုံမှာ၊ ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရမင်းကြီး ၏ ခေမာမည်သော မိဖုယားသည်၊ အရုပ်အဆင်းလှပခြင်းနှင့် ပြည့်စုံ လေရာ၊ဇမ္ဗူဒီပါတွင် ငါကဲ့သို့ လှပသောသူပင်၊ မရှိဟု မှတ်ထင်ကာ အဆင်း၌ မာန်မာန ပူးဝင်၍နေလေ၏။

ဘုရားရှင်သည်လည်း၊ ဤလောကကြီးတခွင်၌ မြင်မြင် သမျှသော သတ္တဝါအားလုံးပင်၊ မစင်ဘင်ပုပ်ပမာ ရွံရှာ စက်ဆုပ်ဘွယ်သာ ဖြစ် ကြ၏ဟု၊ အသုဘတရားကို ဟောကြားတော်မူသဖြင့်၊ မြတ်စွာဘုရား နှင့် ခေမာမိဖုယားတို့ အထင်အမြင်ခြင်း ကွဲပြားလျက်၊ ရန်သူအလား မသင့်တင့်သော သဘောထားကြောင့်၊ ခေမာမိဖုယားသည်၊ မြတ်စွာ ဘုရားအား တွေ့မြင်ဖူးမျှော်လို၊ တရားစကား ကြားနာလို၊ ကျောင်း တော်သို့ သွားလိုသော စိတ်မျှမရှိလေသတည်း။

ထိုအခါ၊ ဗိမ္ဗိသာရ မင်းကြီးသည်၊အသီးသီးသော သဘင်ဆရာတို့ ကို၊ စိတ်ညွတ်ဘွယ်ကောင်းသော လင်္ကာသီချင်းများကို ရေးသားစေ ပြီးလျှင်၊ ပွဲလမ်းသဘင်၌၎င်း၊မြို့တွင်း မြို့ပြင် နန်းတွင်း နန်းပြင်၌၎င်း၊

သိဆိုစေ၏။ သိချင်း၏ အဓိပ္ပါယ်မှာ၊ ဝေဠုဝန် ဥယျာဉ်သည်၊ ရှေးအခါနှင့်မတူ၊ အပြုအမူ အခြေအနေမှာ၊ လွန်စွာထူးခြားပေ၏။

ထိုဥယျာဉ်သည်၊ ဘုရားရှင်၏ ဘုန်းတော်, ဘုရင်မင်းမြတ်၏ ကံတော်ကြောင့်၊အလွန်ပင် မွေ့လျော်ဘွယ်ကောင်းသဖြင့်၊တာဝတိံသာ နတ်အပေါင်းတို့ပင်၊ ဤဝေဠုဝန် ဥယျာဉ်တော်ကို တွေ့မြင်ခဲ့ပါလျှင်၊ နန္ဒဝန်မည်သော နတ်ဥယျာဉ်သို့ပင် မပြန်ချင်ဘဲ၊စိတ်စွဲ ငွင်လန်းကြလေ၏၊ ထိုကြောင့်၊ တာဝတိံသာနတ်ပြည်၌ နန္ဒဝန်ဥယျာဉ်ကို မြင်လိုလျှင်၊ ဝေဠုဝန်ဥယျာဉ်ကို သွား၍ကြည့်ရှုပါလေ။ နန္ဒဝန်ဥယျာဉ်သည် နတ်တို့ကိုသာလျှင်၊ ပျော်ငွှင် နှစ်သက် စေနိုင်၏။ ဝေဠုဝန် ဥယျာဉ်မူကား၊ လူရော နတ်ပါကိုပင် ပျော်ငွှင်နှစ်သက်စေနိုင်၏ဟုဆိုလိုသည်။

၎င်းသိချင်းသံကို ခေမာမိဖုယားကြီး အဘန်ဘန် ကြားလေလျှင်၊ အဟုတ်ပင်ထင်မှတ်၍၊ ဝေဠုဝန်ဥယျာဉ်သို့ သွားလိုသော စိတ်သည်၊ အစဉ်မပြတ် စွဲကပ်နေသဖြင့်၊ ဥယျာဉ်သို့ သွားလိုကြောင်းနှင့် ဘုရင်မင်းမြတ်အား သံတော်ဦးတင်လေရာ၊ လွယ်ကူစွာ ခွင့်သနား၍၊ဘုရားရှင်အား ဖူးမျှော်ပြီး တရားတော်နာခဲ့ရန်၊ ထပ်မံကာ မှာကြားတော်မူလိုက်လေ၏။ ခေမာမိဖုယားသည်၊ ဥယျာဉ်သို့ သွားလိုသော်လည်း၊ ဘုရားကိုမူ မတွေ့လိုသဖြင့်၊ ဆွမ်းခံသော အချိန်တွင် နှိုင်းဆဆင်ခြင်၍ ထွက်သွားလေသည်။

ထိုနေ့၌ ဘုရားရှင်သည်၊ နံနက်စောစောကပင်လျှင်၊ ယနေ့ ခေမာမိဖုယားလာမည်ကို ကြိုတင်၍ သိမြင်တော်မူသဖြင့်၊ ဆွမ်းခံ မကြွဘဲ ဂန္ဓကုဋိ တိုက်ထဲတွင် သီတင်းသုံးလျက်၊ နှစ်သက်မြတ်နိုးဘွယ် တင့်တယ်လှပသော၊နိမ္မိတရုပ် သူငယ်မကလေးတွေကို၊နတ်သွီးတမျှ ခေမာမိဖုယားထက် အဆပေါင်းများစွာ သာလွန်သော၊ ရုပ်အဆင်းတို့ဖြင့်၊ အံ့ဩခြင်း ဖြစ်လောက်အောင် ဖန်ဆင်းတော်မူပြီး၊ အချို့မှာ အနီးတွင် ဝပ်ခါတရားနာ၍၊ အချို့မှာ ယပ်ခတ်လျက်ထိုင်နေစေ၏။

ထိုအခါ ခေမာမိဖုယားသည်၊ဥယျာဉ်သို့သွား၍ လှည့်လည်ကြည့်ရှုရာတွင်၊ ဘုရားရှင် ရှိ,မရှိသိရန် ဂန္ဓကုဋိတိုက်ဘက်သို့ မျက်နှာလှည့်မျှော်လေလျှင်၊နိမ္မိတရုပ်ဖြစ်သော သူငယ်မကလေးတွေကို တွေ့မြင်ရာ၊ လွန်စွာပင် အံ့အားသင့်လျက် ငံ့လင့်၍ ကြည့်ရှုနေစဉ်အခါ၊ တချို့မှာ အိုမင်း၊တချို့မှာ ပါးပျဉ်းကျ၊တချို့မှာ ကုန်းကွလျက်၊တချို့မှာ တုန်လဲ၍

သေပွဲသို့တိုင်ရောက်ပြီး၊ပိုး,လောက် ကြီးငယ်တို့၊ မှိုတွယ် စားသောက်ကြသဖြင့်၊ တဠွဠွနှင့် ပုပ်ပွကာနေလေ၏။

ထိုသို့သော ဖြစ်အင်ကို၊ ခေမာမိဖုယားတွေ့မြင်လေလျှင်၊ ဤမျှလောက် လှပတင့်တယ်သော သူငယ်မတို့ပင်၊ယခုလို အိုခြင်း နာခြင်း သေခြင်း ပုပ်ပွခြင်းများ ဖြစ်ရသေးသဖြင့်၊ ငါသည်လည်း အဘယ်မှာ လွှဘ်ကင်းနိုင်ပါတော့မည်နည်းဟု ထန်သီးသော မာနလျော့ပြီး အားပြော့စိတ်ညွတ်၍လာလေ၏။ ထိုအခါ စရိုက်အားလျော်စွာ၊ အောက်၌ပါသောဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူသတည်း။

အာတုရံ အသုစိံ ပူတိံ၊ ပဿ ခေမေ သမုဿယံ။
ဥဂ္ဃရန္တံ ပဃရန္တံ၊ဗာလာနံ အဘိနန္ဒိတံ။ ။

(ဓမ္မပဒပါဠိတော်)

ဤဂါထာကို မြတ်စွာဘုရား ဟောကြားတော်မူသောအဆုံး၌၊ သက္ကာယဒိဋ္ဌိအလုံးတို့ တခါတည်းချုပ်ဆုံးကွယ်ပျောက်၍၊ ခေမာမိဖုယားကြီးသည် သောတာပန် အရိယာအဖြစ်သို့ ရောက်သဖြင့်၊ အသင်းဉာဏ် ပေါ်ပေါက်လာလေ၏။ ထိုဂါထာ၏ သဘောသွားသည်၊ ပရမတ် အလုပ်တရား၌ အများသက်ဆိုင် ပါဝင်၍၊ အသုံးတွင်လှသဖြင့် သံဝေဂဖြစ်စေရန်၊စိတ်ကြည်နူးဘွယ်ဖြစ်၍ ရွတ်အံလျက်၊မှတ်လွယ်ခြင်းအောင် ထုတ်ဆောင်၍ ရေးသားလိုက်ပေအံ့။

ခေမေ၊နှမတော်ခေမာ။အာတုရံ၊ဆင်းရဲကြီးစွာ ဘေးရောဂါတို့ဖြင့် ကျင်နာခံခက်အောင် ဘိစီးနှိပ်စက်၍နေထသော။အသုစိံ၊ညှီနံပုပ်စက်ဆုပ်ရွံဘွယ် မစင်ကြယ်ထသော။ပူတိံ၊ ဆင်းနံ့လွန်ဆိုး မစင်အိုးကဲ့သို့ ပုပ်သိုးနံစော်၍ နေထသော။ ဥဂ္ဃရန္တံ၊ ချွဲဂန်းတံတွေး နှပ်ချေးနှင့် နှပ်မျက်ချေးမျိုး အပုပ်အသိုးတို့သည် ပွားတိုးဆူကြွ အုံလုံးထ၍ အထက်ဒွါရ အမာဝမှ၊ နေ့ညမစဲ သွန်ကာသဲ့သို့ အမြဲဒိုးဒိုး ယိုစီးထွက်ကျ၍နေထသော။ ပဃရန္တံ၊ ကျင်ကြီးကျင်ငယ် အသွယ်သွယ်တို့သည်၊ ရွံဘွယ်ကောင်းလှ အုံလုံးထ၍ အောက်ဘက်ဒွါရ အမာဝမှ၊ နေ့ညမစဲ သွန်ကာသဲ့သို့ အမြဲဒိုးဒိုး ယိုစီးထွက်ကျ၍နေထသော။ ဗာလာနံ၊ အပုပ်ဟူက ငန်းငန်းထသည့် ယင်မမဲရိုင်း ဌင်းတပိုင်းသို့ စိမ်နိုင်းတူပုံ၊ ငါးအာရုံဝယ် ကာမဂုဏ်ကြိုက် ပုထုဇဉ်ကန်း ပုထုဇဉ်မိုက် တို့သည်။ အဘိနန္ဒိတံ၊လွန်စွာစုံမက် နှစ်သက်မြတ်နိုး၍နေအပ်သော။တော၊သင်နှမတော် ခေမာ၏။သမုဿယံ၊ပိုးမျိုးရှစ်ဆယ် မှိုတွယ်ခိုအောင်း၊ရွံဘွယ်ကောင်းသည့်၊ ရုပ်ဝေဒနာစသော ခန္ဓာငါးပါး အပေါင်းကို။ ပဿ၊

နဖူး လက်တင် အမြဲယှဉ်သျှက် သမ္ပဇဉ်မွေ့ ဉာဏ်ဖြင့် တွေ့အောင်၊ စေ့စေ့ငုငု သတိပြု၍ အမြဲကြည့်ရှုလိုက်ပါတော့လော။

ဤဂါထာ၏ အဓိပ္ပါယ်မှာ၊ အကျယ်ရေးသားရန်မလို၊ အနက်ကို ကြေကြေခုပါလျှင်၊ သံဝေဂကြူး စိတ်ကြည်နူး၍ အထူးပင် ရွတ်ဘတ် သရဇ္ဈာယ်ခြင်း၊ ပြေပြစ်ချောမောသည့်အပြင် အံ့ဘွယ်သော အဓိပ္ပါယ် သဘောတို့မှာ၊ မိမိဘာသာ အလိုလိုပင်လျှင် ထင်မြင်၍ လာလောက် ပေတော့၏။ အဓိပ္ပါယ်ကို သိမှတ်လိုပါလျှင်လည်း၊ အောက်၌ပါရှိ သော သံပေါက် လင်္ကာ များနှင့် စပ်ယှဉ်၍၊ ဉာဏ်အမြင် ပွင့်လင်း ကြပါလေ။

## အသုဘတရား၌ မှတ်သားရန် သံပေါက်လင်္ကာများ။

၁။ ကျင်နာနံ့ဆိုး၊ မစင်အိုး၊ ပုပ်သိုးအတိသာ။

၂။ ခွဲဂန်း တံထွေး၊ နဖါချေး၊ မျက်ချေးနှပ်တွေပါ။

၃။ ကျင်ငယ်ကျင်ကြီး၊ အသီးသီး၊ ယိုစီးထွက်ကျလာ။

၄။ ခန္ဓာကိုယ်ရုပ်၊ အကောင်ပုပ်၊ စက်ဆုပ်ရွံစရာ။

၅။ ကာမဂုဏ်ကြိုက်၊ ပုဂ္ဂိုလ်မိုက်၊ နှစ်ခြိုက်လွန်မင်းစွာ။

၆။ မိန်းမ ယောကျ်ား၊ ပညတ်ထား၊ မှတ်သားခေါ်ပညာ။

၇။ ခန္ဓာငါးပါး၊ အမှန်အား၊ ထင်ရှားရှိသည်သာ။

၈။ အသုဘတရား၊ နှလုံးထား၊ ပွားများဆင်ခြင်ရာ။

၉။ ဓမ္မပဒ၊ ကျမ်းဂန်မှ၊ ဘွင့်ပြ သေအချာ။

၁၀။ မယ်ခေမာအား၊ မြတ်ဘုရား၊ ဟောကြားဒေသနာ။

၁၁။ ဤနည်းမခြား၊ လူအများ၊ မှတ်သားကြပါလေ။

၁၂။ အာရုမ်နှုတ်တက်၊ ရအောင်ကျက်၊ မခက်သဘောမှာ။

၁၃။ အလိုရှိကြား၊ ပုဂ္ဂိုလ်များ၊ ဆောင်ထားကြစေငှာ။

၁၄။ ပရမတ်ဓမ္မသဘာဝ၊ ဘွင့်ပြထင်လင်းစွာ။

၁၅။ ပိဋကတ်သုံးပုံ၊ အကျဉ်းချုံ၊ လုံးစုံဝင်သည်သာ။

ဤသံပေါက်လင်္ကာတို့၏ အဓိပ္ပါယ်များကို၊ အထက်ပါ အနက်သွားနှင့် စပ်ယှဉ်၍၊ ပရမတ်သဘောအစဉ်ကို ဉာဏ်အမြင် ပွင့်လင်းကြပါလေ။

ထို့နောက်၊ ခေမာမိဖုယား ပြန်သွားလေသော်၊ နန်းတော်က ဘုရင်မင်းမြတ်သည်၊ လေသာပြူတင်းကို ဖွင့်လှစ်ရှုမျှော်နေစဉ်၊ မိဖုယားကြီး သွားလာခြင်း အမူအရာကို မြင်လျှင်၊ အမှန်ပင် တရားရကြောင်းကို ကောင်းကောင်းကြီးသိရှိပြောကြားပေသည်ဟူ၊ ကျမ်းဂန်များ၌မိန့်ဆို၏။ ဤကဲ့သို့ တရားရသောသူတို့၏ ကာယိန္ဒြေဟူသော၊ ကိုယ်အမူအရာ နူးညံ့သိမ်မွေ့၍ ယဉ်ကျေးလာပုံများသည်၊ သူတပါးတို့ကပင် မြင်ရုံနှင့် သိလောက်အောင်၊ ထူးခြားခြင်း ဖြစ်ပုံကို များများကြီး ဉာဏ်ယှဉ်၍၊ ဆင်ခြင် စဉ်းစားသင့်လှပေသတည်း။

ကာယိန္ဒြေယဉ်ကျေးမှုကို ခေမာဝတ္ထုဖြင့် ပြဆိုချက် ပြီး၏။

## အရိယာအသွင်၌ မြင်ရုံနှင့်သိနိုင်မှုကို ရှင်အဿဇိဝတ္ထုဖြင့် ပြဆိုခြင်း

တရားထူး ပေါက်ရောက်သော၊ အရိယာ သောတာပန်ဟူ ကိုယ်သဏ္ဍာန် အပြုအပြင်ကို မြင်ရုံမျှနှင့်၊ သူတပါးတို့က သိနိုင်ပုံအကြောင်းများမှာ၊ အခါတပါး၌ အရှင်သာရိပုတ္တရာသည်၊ သိဉ္စည်း ဆရာ၏ တပြည့်ပုရဗိုဇ်ဖြစ်စဉ်အခါ၊ အရှင် အဿဇိမထေရ် ဆွမ်းခံကြွစဉ်၊ ကာယိန္ဒြေ၏ ယဉ်ကျေးပုံကို တွေ့မြင်လေလျှင်၊ ဤအရှင်၌ တရားထူး ရှိတန်ရာ၏ ဟု မှတ်ထင်လေ၏။ အကြောင်းမှာ၊ ကိုယ်အမူအရာ၏ အပြုအပြင် အသွားအလာများသည်၊ သူတပါးနှင့် မတူဘဲ၊ ထူးကဲစွာ ယဉ်ကျေးသိမ်မွေ့လှ၏ဟု စိတ်၌ကြံပြီး၊ အမြန်လိုက်၍ မေးလေရာ၊ ယခုအခါ ဆွမ်းခံဆဲဖြစ်၍ အချိန်အခွင့်မသင့်သေးဟု ပြောကြား၍၊ ဆွမ်းခံပြီး ထွက်သွားလျက်၊ ဆွမ်းများဘုဉ်းပေးနေစဉ်အတွင်း၌၊ ရှင်သာရိပုတ္တရာသည်၊ ရေပေးခြင်း သပိတ်ဆေးခြင်းစသော ဝတ်များကို ပြုပြင်၏။

ထို့နောက်၊ ဆွမ်းစားခြင်း ပြီးမြောက်လျှင်၊ ရှင်သာရိပုတ္တရာသည် အနီးတွင် ရိုသေစွာ ထိုင်နေ၍၊ ထူးထွေသော တရား နည်းလမ်းကို မေးမြန်းလျှောက်ထားလေရာ၊ ငါ့ရှင် ငါသည် သာသနာသို့ ဝင်ရောက်သည်မှာ မကြာလှသေးပေ၊ သဒ္ဒါဗျည်းပုဒ်အနေနှင့် ပညတ်ပရိယာယ် အထွေထွေကို၊ အကျယ်တဝင့် ခွဲဝေ၍မပြတတ်ဟု မိန့်တော်မူလေ၏၊

ထိုအခါ ရှင်သာရိပုတ္တရာသည်၊ တပည့်တော်မှာ ပညတ်ပရိယာယ်ကို အကျယ်မလိုပါ၊ တပုဒ် တဂါထာကိုပင်လျှင် တထောင်ဖြစ်အောင် ချဲ့ထွင်ခြင်းငှါ စွမ်းနိုင်ပါ၏။ ထူးကဲသောတရားနှဲ့ ကျေးဇူးမများလှပါ၊ ပရမတ်အနက်အဓိပ္ပါယ်ကိုသာ၊ အနည်းငယ်ဟောကြားတော်မူပါဟု လျှောက်ထားမှ၊ အောက်၌ ပါသောဂါထာကို ဟောကြားတော်မူသတည်း။

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတု တထာဂတော အာဟ။
တေသဉ္စ ယောနိရောဓေါ၊ ဧဝံဝါဒီ မဟာသမဏော။ ။

ယေ ဓမ္မာ၊ အကြင် တေဘုမ္မိကာ၊ ရုပ်နာမ်ဓမ္မ၊ သင်္ခါရတရားတို့သည်။ ဟေတုပ္ပဘဝါ၊ ပယ်လှံ့အစ်စွာ၊ အကြောင်း-သမုဒယသစ္စာလျှင်၊ အမွန်ရှိကုန်၏။ တေသံ၊ ပိုင်းခြားရာမှန်၊ ရုပ်နာမ်ဓမ္မ၊ အကျိုး-ဒုက္ခသစ္စာတို့၏။ ဟေတုံ၊ ပယ်လှံ့ပစ်ခွါ အကြောင်း-သမုဒယသစ္စာကို။ တထာဂတော၊ ရှေးရှေးဘုရား၊ ကဲ့အလားသို့၊ လာခြင်းကောင်းတော်မူသော၊ ဂေါတမ မည်တွင်၊ ငါတို့ဆရာဘုရားရှင်သည်။ အာဟ၊ သားရာဟုပုံ၊ မြတ်ကာ ဂုဏ်ဖြင့်၊ နှစ်စုံ-သ,ဒုံ၊ ကြောင်း,ကျိုးမှုကို၊ ကျဉ်းပြုမိန့်မှာ၊ ဟောခဲ့ပါ၏။ တေသံ၊ ပိုင်းခြား,ပယ်လှံ၊ ကျိုး,ကြောင်းမှန်ဘဲ့၊ ဒုက္ခ,သမုဒယ သစ္စာ ၂-ပါးတို့၏။ ယောနိရောဓော၊ ချုပ်ရာအမှန်၊ နိဗ္ဗာန်မည်ငြား၊ အကြွင်း နိရောဓသစ္စာတရားကိုလည်း။ အာဟ၊ ဒေသနာသရုပ်၊ ထွေအာလုပ်မှ၊ ဖွင့်ထုတ်သချာ၊ ဟောမိန့်မှာ၏။ မဟာသမဏော၊ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဧဝံဝါဒီ၊ ပါရမီအရောက်၊ နိဗ္ဗာန်ပေါက်အောင်၊ သင့်ပင်၊ ဤလွှာနံ့မှ၊ လမ်းမှန်တော်ထုတ်၊ ရှေ့ဆောင်လုပ်၍၊ မယုတ်ပွားကြ၊ မဇ္ဈိမဟု၊ မဂ္ဂသစ္စာ၊ ကျင့်သိက္ခာကို ကောင်းစွာ ညွှန်ပြ၊ ဝါဒအယူ ရှိတော်မူ၏။

ထိုဂါထာကို ဟောပြသောအခါ၊ အရှင်သာရိပုတ္တရာသည် ဟောပြော၍မဆုံးမီ၊ နှစ်ပါဒဖြစ်သော ဂါထာဝက်ကို ကြားရုံမျှနှင့်၊ ဉာဏ်အဆင့်ဆင့် ထွင်းဖေါက် အလင်းရောက်၍၊ သောတာပန် အဖြစ်သို့ ရောက်လေ၏။ ဤသို့ တရားထူးရပြီးသော အရှင်အသဿဇိ မထေရ်၏ ကာယဝိညတ္တိဟူသော ကိုယ်အမူအရာအပြုအပြင်ဘို့ သိမ်မွေ့ ယဉ်ကျေးပုံကို၊ ရှင်သာရိပုတ္တရာ မြင်ရုံမျှနှင့် ကိုယ်တွင်း၌တရားထူး ရှိသည်ဟု သိနိုင်လေသည်။

ဤနေရာ၌၊ ပြဆိုခဲ့သောကာယိန္ဒြေ ယဉ်ကျေးသိမ်မွေ့ခြင်း စကားနှင့်စပ်၍၊ အရှင်သာရိပုတ္တရာမထေရ်မြတ်၏။အတ္ထုပ္ပတ်ကိုထောက်ရှု၍ မေးမြန်းခြင်းပြုသင့်ပေ၏။ အကြောင်းမှာ၊ အခါတပါး၌ အရှင်သာရိပုတ္တရာအား၊ ဒါယကာတယောက်က၊ တိစိဝရိက်သက်နိုး သုံးထည် လှူလိုသဖြင့်၊ ပင့်ဈော်ကပြီး အတူသွားရာ။ လမ်းခရီးမှာ မြောင်းငယ်ကို တွေ့သောအခါ၊ အရှင်သာရိ ပုတ္တရာ မထေရ်မြတ်သည် ဆင်း၍ မသွားဘဲ အမှတ်တမဲ့ ခုန်လွှားလေ၏။ ထိုအခါ ဒါယကာက၊ အရှင်သာရိပုတ္တရာသည် ရဟန္တာကြီး၊ လွန်စွာဉာဏ်ပညာ ကြီးမားသည်ဟု ပြောကြားရာ၊ ကာယိန္ဒြေမှာ အချို့သော ပုထုဇဉ်လောက်မျှ ယဉ်ကျေးခြင်း မရှိပါကလား၊ သင်္ကန်းသုံးထည်မှာ များလှသည်၊ နှစ်ထည်သာ လှူတော့မည်ဟု စိတ်၌တွေးတောကြံစည်လေ၏။

ထိုနောက် တဘန်သွားလေရာ၊ မကြာမီ မြောင်းကို တွေ့ပြန်လျှင်၊ နောက်ကကဲ့သို့ပင် ခုန်လွှား၍ သွားမိပြန်သဖြင့်၊ဒါယကာ သည်လည်း နောက်နည်းအတိုင်း တွေးတောပြီး၊ တထည်သာလှူမည်ဟု ကြံစည်ပြန်လေ၏။ ရှေ့သို့ တဘန်သွားပြန်ရာ ရေမြောင်းကို တွေ့သောအခါ၊ အရှင်သာရိပုတ္တရာသည်၊ ဒါယကာ၏ စိတ်အကြံကိုသိသဖြင့် ဆင်းကူး၍သွားလေ၏။

ထိုအခါ ဒါယကာက၊ အရှင်ဘုရား နောက်နှစ်ကြိမ်မှာ ခုန်လွှား၍ သွားပါလျက်၊ ယခုမှ အဘယ့်ကြောင့် ဆင်းကူး၍သွားပါသနည်းဟု လျှောက်ထားလေရာ။ အရှင်သာရိပုတ္တရာ မထေရ်မြတ်က၊ ဒါယကာ ယခုအခါခုန်လွှားလိုက်ပါလျှင်၊သင်္ကန်းသုံးထည်လုံးပင် ကုန်သွားလိမ့်မည်ဟု မိန့်ကြားတော်မူလိုက်မှ၊ ဒါယကာမှာ အံ့အား သင့်လျက် ခွင့်တောင်းကန်တော့ပြီးလျှင်၊ သင်္ကန်းသုံးထည်လုံးပင် လှူလိုက်လေသည်။

ဤဝတ္ထုကဲ့သို့ ဉာဏ်ပညာ ကြီးမားလှသော၊ အရှင်သာရိ ပုတ္တရာ မထေရ်မြတ်ကြီးသည်၊ ရဟန္တာဖြစ်ပါလျက်၊ အဘယ့်ကြောင့် ကာယိန္ဒြေ ကြမ်းထမ်းပါသနည်းဟု မေးမြန်းခြင်းပြုပါလျှင်၊ အထက်က ပြခဲ့သော အရှင်ပိလိန္ဒဝစ္ဆ မထေရ်ကဲ့သို့ပင်၊ ဝါသနာဟုဖြေကြား၍ ယုံကြည်စွာမှတ်သားရမည်။

အကြောင်းမှာ၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည်၊ ရှေးအလောင်းတော်ဖြစ်၍ နေစဉ်အခါတွင်၊ဘဝငါးရာ မျောက်မျိုး၌ ဖြစ်ခဲ့ဘူး၍

ထိုအလေ့အလာကြွင်းကျန်နေသည်ဟု ကျမ်းဂန်တို့၌လာရှိ၏။ ဝါသနာသဘော၏ ဆုံးဖြတ်ချက်ကို၊ အထက်တွင် ဘွင့်ပြခဲ့သောအတိုင်း သိမှတ်ကြပါလေ။ ။ဤကား၊ ရှင်အဿဇိ, ရှင်သာရိပုတ္တရာတို့၏ ဝတ္ထုသွားဖြင့်၊ တရားထူးတွေ့ဆုံက ကာယိန္ဒြေ၏ယဉ်ကျေးပုံ၊ သူတပါးတို့မြင်ခါမျှ သိနိုင်ပုံတို့ကို၊ သိသာရုံ ပြဆိုလိုက်သော စကားစုတို့ပေတည်း။

အရိယာအသွင်၌ မြင်ရုံနှင့်သိနိုင်မှုကို ပြဆိုချက်ပြီး၏။

---

## ပြောသံကြားရုံနှင့် သိနိုင်မှုကို ဒကာမကြီးဝတ္ထုဖြင့် ပြဆိုခြင်း

ယခုပြဆိုခဲ့ပြီးသော ဝတ္ထုများမှာ၊ တရားထူးရသောသူကိုမြင်မှ သိနိုင်ကြောင်းလာ၏။ ယခုတဘန် ကိုယ်တိုင် မမြင်ငြားသော်လည်း၊ သူတပါး ပြောသံကြားနှင့် တရားထူး ပေါက်ရောက်ပြီဟု၊ သိနိုင်ပုံအခြင်းအရာကို၊ သုတ်မဟာဝါ အဋ္ဌကထာ၌ မိန့်ဆိုချက်ဖြင့်၊ အမြွက်မျှ ပြဆိုလိုက်ပေအံ့။

ရှေးအခါ ရွာငယ်တရွာတွင် အမိုပြု၍၊ ရဟန်းငယ်တပါး တောကျောင်းနေရာ၊ ထိုရွာ၌ ရှိသော ဒကာမကြီးသည်၊ သားဟူသော အမှတ်ဖြင့်၊ နေ့စဉ်မပြတ် ဆွမ်းချက်၍ ဝတ်မပျက်အောင် ပြုစုလေ၏။

တနေ့သ၌ ဒကာမကြီးသည်၊ တောခရီးသို့ သွားလိုသဖြင့်၊ သ္မီးငယ်အား ချစ်သ္မီး၊ သင့်မောင်ကြီး လာသောအခါ၊ ကောင်းမွန်စွာ ဆွမ်းချက်ကပ်ပြီး၊ အကြွင်းအကျန်ကို ချစ်သ္မီးစားပါလေ၊ ဘယ်နေရာမှာ ဆန်ပြုဆန်ရင်းဆန်ကောင်းရှိ၏။ဘယ်နေရာမှာ ထောပတ်၊ဘယ်နေရာမှာ တင်လဲ၊ ဘယ်နေရာမှာ ဆီပျားရှိသည်ဟု မှာထားလေ၏။ထိုအခါ အမေ ဘာစားမလဲဟု မေးရာ၊အမေ့မှာ ညဦးကကျန်နေသော ထမင်းခြမ်းအသိုးများကို၊ ပုန်းရေနှင့် စားပြီးပြီဟု ပြောကြားလေ၏၊ တဘန် နေ့လည်အချိန် ဘာစားမလဲဟု မေးပြန်ရာ၊ ဆန်ကွဲတွင် ဟင်းနုနွယ် ဘီးစပ်ရွက်များခပ်၍၊ ဖြိုးဆပ် ယာဂုကို ကျိုထားလေဟု မှာကြားပြီး၊ တောလမ်းခရီးသို့ ထွက်သွားလေ၏။

ထိုအခါ ရဟန်းငယ်သည်၊ရွာသို့ ဆွမ်းခံဝင်ရန်၊ ကိုယ်ဝတ်သင်္ကန်းကို ရုံလွှမ်းနေစဉ်၊နတ်နား၏ အသွင်ဖြစ်သော၊ဒိဗ္ဗသောတ အဘိညာဉ်ဖြင့် အိမ်တွင်ရှိသော သ္မီးအား၊ ဒကာမကြီး မှာထားသောစကားကို ကြားသိလေလျှင်၊ အလွန်ပင် ထိတ်လန့်ခြင်း သံဝေဂဖြစ်လျက်၊ ဤမျှ

လောက် သဒ္ဓါတရားရှိသော၊ ဒကာမကြီး၏ ဆွမ်းများကို၊ ရာဂမကင်းသော ငါသည်၊ စားခြင်းငှါမသင့်ပေ၊ ယခုလိုနေခဲ့လျှင် ကျေးဇူးကြီးမားသော ဒကာမကြီးအား၊ ကျေးဇူးဘွဲ့ပြန်လှန်၍ မဆပ်နိုင်ပေရာ။ ထို့ကြောင့်၊ အကြင်မျှလောက် ကာလပတ်လုံး ရာဂမကင်း၊ ထိုမျှလောက် ကာလပတ်လုံး နေရာမှ မထတော့ပြီဟု၊ ကြံစည်မိန္ဒာန်လျက် သက်နိုးရုံကို ဖျက်ခြင်း၊ သပိတ်ကို အိတ်၌သွင်း၍ ကျောင်းတွင်းသို့ အသာဝင်ပြီး၊ ဝိပဿနာကို နှလုံးသွင်းဆင်ခြင်လေရာ။ မကြာမီ အာသဝေါကင်းပျောက်သဖြင့်၊ ရဟန္တာကြီးအဖြစ်သို့ ရောက်သွားလေသတည်း။

ထိုအခါ ရဟန္တာ အရှင်မြတ်သည်၊ ရွှင်လန်း ဝမ်းမြောက်သောမျက်နှာဖြင့်၊ ဆွမ်းခံချိန်အခါ ရှိမရှိဟု ဆင်ခြင်ရာ၊ ကျောင်းအနီးတွင်နေသော ရုက္ခစိုးနတ်သည်၊သစ်ပင်မှ ဆင်းလတ်၍ ယောက်ျားအာဇာနည် ဖြစ်တော်မူသော အရှင်မြတ်၊ အရှင်ဘုရားအား ရှိခိုးပူဇော်ပါ၏။ယခုအခါ အာသဝေါကုန်ပါပြီ။အရှင်ဘုရားအား လှူဒါန်းရသောသူတို့မှာ၊ကြီ မားစွာ အကျိုးရှိပါပြီ။ဆွမ်းခံချိန်အခါလည်း ရှိပါသေးသည် ဘုရားဟု လျှောက်ထား လေ၏။ ထိုအခါ အရှင်ရဟန်းသည်၊ သပိတ် သက်နိုးများကို ပြင်ဆင်၍ ဆွမ်းခံဝင်လေလျှင်၊ အိမ်တွင်ချက်ပြုတ် ကြော်လှော်၍၊ မောင်တော်ရဟန်း ပေါ်လာခဲ့သည်ဟု၊ သူငယ်မမျှော်ဆဲတွင် ရောက်သဖြင့်၊ ဝမ်းမြောက်ဝမ်းသာ လှူဒါန်းလိုက်လေ၏။

ထိုနေ ်က်၊အရှင်ရဟန်း ကြွသောလမ်းသို့ မျှော်မှန်းမျက်နှာမူလျက်၊ ကာယိန္ဒြေများမှာ ဇွေးကန္တင့်မတူ၊ ထူးကဲစွာ သိမ်မွေ့ရှာ၍ မျက်နှာ၏အဆင်းမှာလည်း၊ ထန်းသီးမှည့် ဝါဝင်းသကဲ့သို့၊ လွန်မင်းစွာ ကြက်သရေ ရှိပါပေသည်ဟု၊ ကြံစည် တွေးတောပြီး ငေးမော၍ နေလေရာ၊ မိခင်ရောက်လာသဖြင့်၊ အကြောင်းကို ပြောသောအခါ၊ ဒါဖြင့်ချစ်သွီး၊ သင့်မောင်ကြီးသည် ရဟန်းကိစ္စပြီးလေပြီ၊ သာသနာတော်၌ပျင်းရိ ငြီးငွေ့ခြင်း မရှိနိုင်တော့ပေဟု ပြန်ပြောလေ၏။ ဤသို့ ပညာဉာဏ် အကင်းပါးသဖြင့်၊ ပြောသံကြားရုံမျှနှင့် တရားရကြောင်းကို၊ ကောင်းကောင်းကြီး သိရှိနိုင်ပေသည်။

ဤကား၊ အဋ္ဌကထာလာ အမိပွါယ်သွားဖြင့်၊ တရားနှင့် တွေ့ဆုံက ကာယိန္ဒြေ ယဉ်ကျေးပုံ၊ ပြောသံကြားရုံနှင့် သိနိုင်ပုံကို၊ ယုံကြည်စွာ မှတ်သားစေရန်၊အမြွက်မျှ ပြဆိုလိုက်သော စကားရပ်ပေတည်း။

ပြောသံဖြင့်သိသော ဒကာမကြီး ဝတ္ထုကို ပြဆိုခြင်း ပြီး၏။

## မြင်ရုံနှင့် မသိနိုင်မှုကို ရှင်မဟာကဿပဝတ္ထုဖြင့် ပြဆိုခြင်း

ယခုပြဆိုခဲ့သော၊ အသိး အသိး သာဓက ဝတ္ထုနှင့်၊ အရစရသော စကားများ၌၊တရားထူးရသောသူ၏ပြုမူခြင်း ယဉ်ကျေးပုံကို၊သူတပါး မြင်ရုံနှင့် ထောက်ချင့်၍ သိနိုင်သည် ဆိုသော်လည်း၊ ကိုယ် တွင်း ဉာဏ်ဖြင့် အထည်ခံတရားမရှိက သိနိုင်သည် မဟုတ်ပေ။ အရိယာ ပုဂ္ဂိုလ်တို့၏ ဇာနေ့ယဉ်ကျေး သိမ်မွေ့သည်ဆိုရာ၌၊ တရားဝေးသော သူတို့မှာ၊ ခန္ဓာကိုယ် ပုံသဏ္ဌာန် အရုပ်အဆင်း အပေါင်းတို့ပင်လျှင်၊ တမျိုးတဖုံ ပြောင်းလဲသွားသကဲ့သို့ မှတ်ထင်တတ်ကြလေ၏။ သို့သော်၊ ထိုသူတို့ ထင်သည့် အတိုင်း ပုံသဏ္ဌာန်နှင့်၊ အရုပ် အဆင်း တို့မှာ ပြောင်းလဲခြင်းမရှိဘဲ၊စိတ်ထဲ၌ အသိဉာဏ်တရား ပါနေသဖြင့်၊အသွား အလာ, အထ,အသိုင်,အကိုင်, အယူ, အစား, အသောက် စသည်၌၊ ပြုမြင်ခြင်း ကိုယ်အမူအရာ ပရိယာယ်ဖြင့်၊လီဆယ်သွယ်ဝိုက်၍၊ပြောဆို ခြင်း၊ နှုတ်အမူအရာ များသာလျှင် ထူးခြားသိမ်မွေ့၍၊ ပြေ့ပျောင်း နူးညံ့လျက် ယဉ်ကျေးတင့်တယ်ခြင်းမျိုးမျှဖြစ်လေသည်။

လောက၌ **မြွေ၏ခြေကို မြွေချင်းမှ မြင်နိုင်သည်** ဆိုသော ဥပမာ စကားမျိုးကဲ့သို့။တရားရှိသောမှသာလျှင် အမူအရာကိုမြင်ရုံနှင့်၊တရား ထူးရှိသောသူဟူ၍ သိနိုင်လေ၏။ သိနိုင်အောင် တရားရှိသည်ဆိုရာ၌၊ သာမည တွေး၍သိခြင်း၊ ဝိသေသတွေ့၍ သိခြင်းဟူ၍ နှစ်မျိုးရှိ၏။

ထိုနှစ်မျိုးတို့တွင်၊ ကိုယ်တိုင် တရားမပေါက် သေးသော်လည်း၊ အတွေ့ အမြင် များခြင်း၊ အပြော အဆို ကြားဘန်များခြင်း စသည်တို့ ကြောင့်လည်း၊ တရားသဘာဝကို မှန်းဆ၍ သိနိုင်ပေ၏။ ၎င်းအသိ မျိုးကို၊ အတွေးသိဟု ဆို၏။ ကိုယ်တိုင်တရားထူး ပေါက်ရောက်ပြီး၍ လည်း သိနိုင်ပေ၏။ ၎င်းအသိမျိုးကို၊ အတွေ့သိ, ဒိဋ္ဌသိဟုဆို၏။

ဤကိုယ်တွေ့ ဒိဋ္ဌဟူသော မျချသိမျိုးသည်၊ အထက် မဂ်ဖိုလ်ဉာဏ် ဖြင့်၊ အောက် မဂ်ဖိုလ်ဉာဏ်ကို သိခြင်းမျိုး။ တူမျှသော မဂ်ဖိုလ်ဉာဏ် ဖြင့်၊ သိခြင်းမျိုးတို့သာဖြစ်၏။ အောက် မဂ်ဖိုလ်ဉာဏ်ဖြင့်၊ အထက် မဂ်ဖိုလ်ဉာဏ်ကို၊ အမှန်သိနိုင်သည် မဟုတ်ပေ။ ဤသို့သိနိုင်ခြင်း မသိ နိုင်ခြင်းစသော၊ တရားသဘောတို့၏ အထူး အပြားကို၊ မှတ်သား သိရှိကြပါလေ။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော စကားရပ်များနှင့် စပ်သိုင်၍၊ သိနိုင် မသိနိုင် နှစ်ရပ်ဘို့တွင်၊ တရားခံရှိမှ တရားရှိသူကို သိနိုင်သည်မှာ၊ အထက်၌ ပြဆိုခဲ့သောဝတ္ထုများဖြင့် ထင်ရှားသိသာလေပြီ။ တရားခံ မရှိလျှင်၊ တရားရှိသူကို မြင်သော်လည်း၊မသိနိုင်သော အကြောင်းမှာ၊ အောက်၌ပါသော ဝတ္ထုဖြင့်၊ မှတ်သားသိအပ်ပေသည်။

ဥပမာအားဖြင့်၊ လောက၌ မျက်စိနှစ်ဘက် ကောင်းသောသူ၊ မျက်စိနှစ်ဘက် ကန်းသောသူ၊ မျက်စိနှစ်ဘက်၌ တိမ်သလာ ယှက်ထွေး၍၊ မှုန်မွေးမွေးမျှ ရှိသောသူဟူ၍ ၃-မျိုးရှိရာ၏။ ထိုသုံးမျိုးတို့တွင်၊ မျက်စိ နှစ်ဘက် ကောင်းသောသူသည်၊ တပါးသောသူ၏ ပုံပဟန် သဏ္ဌာန်နှင့် တကွ၊ ကြွန်အင်လက္ခဏာ အင်္ဂါရုပ်ဆင်းတို့ကို၊ထင်လင်းသေချာစွာ မြင်ခြင်းငှါ စွမ်းဆောင်နိုင်၏။ မျက်စိနှစ်ဘက် ကန်းသောသူသည်၊ ပုံပဟန် အသွင်စသည်ကို၊အနည်းငယ်မျှ မမြင်နိုင်ပေရာ။ မျက်စိ မှုန်မွေး မွေးရှိသောသူသည်၊ အနည်းငယ် ရေးရေးမျှမြင်နိုင်ရာ၏။

ဤဥပမာ အတူပင်လျှင်၊လောကုတ္တရာပညာမျက်စိရှိသောအရိယာ ပုဂ္ဂိုလ်သည်၊ တပါးသူကိုမြင်လျှင် တရားရှိသောသူ တရားမရှိသော သူဟူ၍၊ အမှန်ပင် သိစွမ်းနိုင်လေ၏။ ပရိယတ်,ပဋိပတ် အနည်းငယ်မျှ မရှိသော၊ အန္ဓပုထုဇဉ်ပုဂ္ဂိုလ်သည်၊ တပါးသူကို မျက်စိဖြင့်ပင် တွေ့ မြင်ရသော်လည်း၊တရားရှိသောသူ တရားမရှိသောသူဟူ၍၊ အမှန်ပင် မသိနိုင်ပေ။

လမ်းမှန်သော ပရိယတ်,ပဋိပတ် နှစ်ရပ်လုံးပြည့်စုံခြင်း၊ ပဋိပတ်မျှ သာ ပြည့်စုံခြင်းရှိသော၊ ယောဂါဝစရ ကလျာဏ ပုထုဇဉ် ပုဂ္ဂိုလ် သည်၊ တပါးသူကိုမြင်လျှင်၊တရားရှိသောသူ တရားမရှိသောသူဟူ၍၊ အပြုအမူကိုထောက်ချင့်ပြီး အတော်အသင့် သိရှိနိုင်ရာ၏။ ဤဥပမာကို ရှည်အံ့စိုး၍၊ဥပမေယျနှင့်စပ်ယှဉ်၍ မပြတော့ပြီ။ဉာဏ်မှီသမျှ ဆင်ခြင်၍ မြော်မြင်သိရှိကြပါလေ။

ယခုပြဆိုခဲ့သော အဓိပ္ပါယ်သွားမျိုးကို၊ မြတ်စွာဘုရား ဟောကြား တော်မူသော၊ ဥပမာပြ ဒေသနာမှာမူကား၊ ပုဂ္ဂိုလ်အားဖြင့် နှစ်မျိုး နှစ်စားမျှသာပါရှိ၏။ နှစ်မျိုးဟူသည်ကား၊ဤလောကကြီး၌ မျက်စိမြင် သော သူတယောက်၊ မျက်စိမမြင်သော သူတယောက်ဟူ၍ နှစ်မျိုး ရှိ၏။

ထိုနှစ်ယောက်တို့တွင်၊ မျက်စိ မြင်သောသူသည်၊ မျက်စိ မြင်သောသူကိုဎင်း၊ မျက်စိ မမြင်သောသူကိုဎင်း မြင်နိုင်၏၊ မျက်စိ မမြင်သောသူမှာမူကား၊ မျက်စိ မြင်သောသူကိုဎင်း၊ မျက်စိ မမြင်သောသူကိုဎင်း မမြင်နိုင်ပေဟုလာ၏။ ဤအဓိပ္ပါယ်ဖြင့်၊ ဥပမာမျှကိုသာ ပြခြင်းဖြစ်၏။ ဥပမေယျသဘောမှာ၊ လောကုတ္တရာ တရားထူး ပေါက်ရောက်သော အရိယာပုဂ္ဂိုလ်၊ တရားထူး မပေါက် ရောက်သေးသော၊ ပုထုဇဉ်ပုဂ္ဂိုလ်နှစ်မျိုးကိုသာ ဆိုသည်ဟူ၍မှတ်ယူပါလေ။

ပဿော ပဿတိ ပဿန္တံ၊ အပဿန္တံပိ ပဿတိ။
အပဿန္တော အပဿန္တံ၊ ပဿန္တံပိ န ပဿတိ။ ။

ပဿော၊ သောတာပတ္တိ ဉာဏ်မျက်စိရှိသောသူသည်။ ပဿန္တံ၊ သောတာပတ္တိ ဉာဏ်မျက်စိရှိသောသူကို။ ပဿတိ၊ တရားရှိသောသူဟူ၍ပေ မြင်သိနိုင်လေ၏။ အပဿန္တံပိ၊ သောတာပတ္တိ ဉာဏ်မျက်စိမရှိသောသူကိုလည်း။ ပဿတိ၊ တရားမရှိသောသူဟူ၍ပေ မြင်သိနိုင်လေ၏။ အပဿန္တော၊ သောတာပတ္တိ ဉာဏ်မျက်စိ မရှိသောသူသည်။ အပဿန္တံ၊ သောတာပတ္တိ ဉာဏ်မျက်စိမရှိသော သူကို။ န ပဿတိ၊ တရားမရှိသောသူဟူ၍ပေ မမြင်မသိနိုင်လေ။ ပဿန္တံပိ၊ သောတာပတ္တိ ဉာဏ်မျက်စိရှိသောသူကိုလည်း။ န ပဿတိ၊ တရားရှိသောသူဟူ၍ပေ မမြင်မသိနိုင်လေ။

ဤသို့ ဟောကြားတော်မူသော ဒေသနာကိုထောက်ထား၍၊ အထက်တွင် ပြဆိုခဲ့သော အဓိပ္ပါယ်သဘောများအရ၊ တရားပေါက်ရောက် ပြီးသောသူတို့၏ ဇ္ဈန္တြေအမူအရာတို့၊ သိမ်မွေ့ ယဉ်ကျေး၍ လာပုံ။ ထိုအမူအရာကို မြင်သဖြင့်လည်း၊ ထိုသူ၏သန္တာန်တွင် တရားထူးတရားမှန် ရှိသည်ဟု သိနိုင်ပုံများကို၊ ယုံမှားခြင်း ကင်းကွာ၍ ထင်ရှားစွာ သိသင့်လှပေတော့သည်။ ။ဤကား၊ ကိုယ်တွင်း၌ တရားရှိမှ၊ သူတပါးတို့အား တရားရှိမရှိကို သိနိုင်၍၊ ကိုယ်တွင်း၌ တရားမရှိက၊ သူတပါးတို့အား တရားရှိမရှိဟု မသိနိုင်ပုံကို၊ ယုံကြည်ရန်ပြဆိုလိုက်သော စကားစုတို့ပေတည်း။

မြင်ရုံနှင့်မသိနိုင်မှုကို ရှင်ရဟန်းကြီးဝတ္ထုဖြင့်
ပြဆိုချက်ပြီး၏။

## အရိယာသောတာပန်၏အင်္ဂါ ၄-ပါးကိုမှတ်သားရန် ပြဆိုခြင်း

ဣဓ ဘိက္ခဝေ အရိယသာဝကော တထာဂတေ သဒ္ဓါ နိဝိဋ္ဌာ ပတိဋ္ဌိတာ ဝိရူဠှာ မူလဇာတာ အသံဟာရိယာ သမဏေနဝါ ဗြာဟ္မဏေနဝါ ဒေဝေနဝါ မာရေနဝါ ဗြဟ္မုနာဝါ ကေနစိဝါ လောကသ္မိံ သဟဓမ္မေန။

(နေတ္တိပါဠိတော်,သုတ်မဟာဝါပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤငါ့ဘုရား သာသနာတော်၌ဖြစ်၍။ အရိယ သာဝကော၊ အရိယာ ဖြစ်သော တပည့်၏။ တထာဂတေ၊ မြတ်စွာဘုရား၌၊ ဝိရူဠှာမူလဇာတာ၊ စည်ပင်သော အမြစ်သဘောရှိသော။ပတိဋ္ဌိတာ၊ခိုင်မြဲစွာတည်သော။နိဝိဋ္ဌာ ကောင်းစွာရှုးစိုက်သက်ဝင်သော။ သဒ္ဓါ၊ ထက်သန်ကြီးမားယုံကြည်ခြင်းသဒ္ဓါတရားကို။ သမဏေနဝါ၊ ရဟန်းသည်ဖြစ်စေ။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်ဖြစ်စေ။ ဒေဝေနဝါ၊ နတ်သည်ဖြစ်စေ။ မာရေနဝါ၊ မာရ်မင်းသည်ဖြစ်စေ။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်ဖြစ်စေ။ လောကသ္မိံ၊ လောက၌။ ကေနစိ၊ တစုံတယောက်သော။ သဟဓမ္မေနဝါ၊ သိတင်းသုံးဘော်သည်ဖြစ်စေ။ အသံဟာရိယာ၊ မပြောင်းမရွှေ့နိုင်သည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မေ ခေါ ပန နိဋ္ဌံဂတော ဟောတိ။ သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

ပန၊ တပါးသော်ကား။ ခေါ၊ စင်စစ်။ ဓမ္မေ၊ တရားတော်မြတ်၌။ နိဋ္ဌံဂတော၊ ဆုံးဖြတ်ခြင်းသို့ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ကိံ နိဋ္ဌံဂတော၊ အဘယ်လို ဆုံးဖြတ်ခြင်းသို့ ရောက်သနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ ၁၀-ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ ကောင်းမွန်ဖြောင့်မှန်စွာ ဟောကြားတော်မူအပ်ပေ၏။ ဓမ္မော ၉-ပါးသော လောကုတ္တရာတရားသည်။ သန္ဒိဋ္ဌိကော၊ ပစ္စက္ခတွင် မဂ္ဂဉာဏ်ဖြင့် အမှန်သိမြင်ထိုက်ပေ၏။ ဓမ္မော၊ မဂ်ဉာဏ် ၄-ပါး မြတ်တရားသည်။ အကာလိကော၊ အခါမလင့် ဖိုလ်အကျိုးကို ပေးတတ်လေ၏။ ဓမ္မော၊ ၁၀-ပါးသောတရားသည်။ ဧဟိပဿိကော၊ လာလှည့်ရှုလှည့်ဟူသော ဧဟိအရင်ကိုခံခြင်းငှါ ထိုက်ပေ၏။ ဓမ္မော၊

၁၀-ပါးသော တရားသည်။ဩပနေယျိကော၊မိမိစိတ်၌ကပ်၍ ဆောင်ခြင်းငှါ ထိုက်ပေ၏။ ဓမ္မော၊ ၉-ပါးသော လောကုတ္တရာ တရားတော်မြတ်ကို။ ဝါ၊ တရားတော်မြတ်သည်။ ဝိညူဟိ၊ ပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးအသီး မိမိတို့၏စိတ်၌။ ဝေဒိတဗ္ဗော၊ သိအပ်ခံစားအပ်၏။ ဝါ၊ သိအပ် ခံစားအပ်သော။ ဓမ္မော၊ သဘောပေတည်း။

ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယသမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ သုညတော အတိဂမ္ဘီရော ဒုဒ္ဒသော ဒုက္ကရော တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။ (ၡင်းပါဠိတော်)

ယဒိဒံ-ယံ ဣဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ မဒနိမ္မဒနော၊ ကိလေသာ၏ယစ်ခြင်းကင်းရာဖြစ်သော။ဓမ္မော၊ သဘောပေတည်း။ (တနည်း) ယဒိဒံ-ယော အယံ မဒ နိမ္မဒနော၊ အကြင်ကိလေသာ၏ ယစ်ခြင်းကင်းရာဖြစ်သောသဘောသည်။နိဗ္ဗာနံ၊ နိဗ္ဗာန်မည်၏။ ယဒိဒံ နိဗ္ဗာနံ၊အကြင်နိဗ္ဗာန်သည်။ ပိပါသဝိနယော၊ ကိလေသာ၏ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာဖြစ်သော။ ဓမ္မော သဘောပေတည်း။ယဒိဒံ နိဗ္ဗာနံ၊အကြင်နိဗ္ဗာန်သည်။ အာလယသမုဂ္ဃာတော၊ကိလေသာ၏ စွဲလမ်းငြိကပ်ခြင်းကင်းကွာရာဖြစ်သော။ ဓမ္မော၊ သဘောပေတည်း။ ယဒိဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ ဝဋ္ဋုပစ္ဆေဒေါ၊ သံသရာ ဝဋ်ဆင်းရဲ၏ ပြတ်စဲရာဖြစ်သော။ ဓမ္မော၊ သဘောပေတည်း။ ယဒိဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ သုညတော၊ ကိလေသာတို့၏ သုဥ်းဆိတ်ရာဖြစ်သော။ ဓမ္မော၊ သဘောပေတည်း။ ယဒိဒံ နိဗ္ဗာနံ၊အကြင်နိဗ္ဗာန်သည်။ အတိဂမ္ဘီရော၊ အလွန်နက်နဲသော။ ဓမ္မော၊ သဘောပေတည်း။ယဒိဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ တဏှက္ခယော၊ တဏှာ၏ကုန်ရာ ဖြစ်သော။ ဓမ္မော၊ သဘောပေတည်း။ယဒိဒံ နိဗ္ဗာနံ အကြင်နိဗ္ဗာန်သည်။ ဝိရာဂေါ၊ တပ်နှစ်သက်ခြင်း ကင်းရာဖြစ်သော။ ဓမ္မော၊ သဘောပေတည်း။ ယဒိဒံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သည်။ နိရောဓော၊ ဒုက္ခခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာဖြစ်သော။ ဓမ္မော၊ သဘောပေတည်း။ ဣတိ၊ ဤသို့။ နိဒ္ဒိဂတော၊ ရုံးဖြတ်ခြင်းသို့ ရောက်သည်။ ဟောတိ၊ဖြစ်၏။

သဟဓမ္မိကာ ခေါ ပနသ ဟောန္တိ ဉာဋ္ဌာ ကန္တာ ပိယာ မနာပါ ဂိဟီစေဝ ပဗ္ဗဇိတာစ။ (ၡင်းပါဠိ)

ပန၊တပါးသော်ကား။ ခေါ၊ စင်စစ်။ အဿ အရိယသာဝကဿ၊ ထိုအရိယာ ဖြစ်သော တပည့်အား။ ဂိဟီစေဝ၊ လူတို့သည်၎င်း။ ပဗ္ဗ

ဇိတာစ၊ ရဟန်း တို့သည် ၎င်း။ သဟာဓမ္မိကာစ၊ အယူသီလ တူမျှ သင့်လျော်သော သိတင်းသုံးဘော်တို့သည်၎င်း။ ဇုဋ္ဌာ၊ နှစ်လိုအပ်ကုန် သည်။ ကန္တာ၊ နှစ်သက်အပ်ကုန်သည်။ ပိယာ၊ ချစ်အပ်ကုန်သည်။ မနာပါ၊ မြတ်နိုးအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

> အရိယကန္တေဟိ ခေါပန သီလေဟိ သမန္နာဂတော
> ဟောတိ အခဏ္ဍေဟိ အဆိဒ္ဒေဟိ အသဗလေဟိ အကမ္မာ
> သေဟိ ဘုဇိဿေဟိ ဝိညုပ္ပသတ္ထေဟိ အပရာမဋ္ဌေဟိ
> သမာဓိသံဝတ္တနိကေဟိ။ (၎င်းပါဠိ)

ပန၊ တပါးသော်ကား။ ခေါ၊ စင်စစ်။ အသာ၊ ထိုအရိယာသာဝကအား။ အခဏ္ဍေဟိ၊ မကျိုးကုန်သော။ အဆိဒ္ဒေဟိ၊ မပေါက်ကုန်သော။ အသဗလေဟိ၊ မပြောက်ကုန်သော။ အကမ္မာသေဟိ၊ မကျားကုန် သော။ ဘုဇိဿေဟိ၊ နှောင်တဘန် မပြုပြီဟု တော်လှန်ကုန်သော။ ဝိညုပ္ပသတ္ထေဟိ၊ ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော။ အပရာမဋ္ဌေဟိ၊ ဒိဋ္ဌိဖြင့် မသုံးသပ်အပ်ကုန်သော။ သမာဓိ သံဝတ္တနိကေဟိ၊ ဥပစာရ သမာဓိ, အပ္ပနာသမာဓိကို ဖြစ်စေတတ်ကုန်သော။ အရိယကန္တေဟိ၊ အရိယာသူတော်မြတ်တို့ နှစ်သက်အပ်ကုန်သော။ သီလေဟိ၊ ငါးပါး သီလတို့နှင့်။ သမန္နာဂတော၊ အခါခပ်သိမ်းပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

> အရိယကန္တေဟီတိ ပဉ္စဟိသီလေဟိ၊ တာနိ ဟိ အရိ
> ယာနံ ကန္တာနိ ပိယာနိ၊ ဘဝန္တရဂတာပိ အရိယာ တာနိ
> န ဝိဇဟန္တိ၊ တသ္မာ အရိယကန္တာနီတိ ဝုစ္စန္တိ။
> (သံယုတ်အဋ္ဌကထာ)

အရိယ ကန္တေဟီတိ၊ အရိယကန္တေဟိ - ဟူသည်ကား။ ပဉ္စဟိ သီလေဟိ၊ ပါးငါးကုန်သောသီလတို့နှင့်။ ဟိသစ္စံ၊ မှန်၏။ တာနိ၊ ထို ငါးပါးသီလတို့ကို။ အရိယာနံ၊ အရိယာတို့သည်။ ကန္တာနိ၊ နှစ်သက် အပ်ကုန်၏။ ပိယာနိ၊ ချစ်ခင် မြတ်နိုးအပ်ကုန်၏။ အရိယာ၊ အရိယာ ပုဂ္ဂိုလ်တို့သည်။ ဘဝန္တရဂတာပိ၊ ဘဝတပါးသို့ ပြောင်းသွားရကုန် ငြားသော်လည်း။ တာနိ၊ ထိုငါးပါးသီလတို့ကို။ န ဝိဇဟန္တိ၊ မပယ် မစွန့်ကြကုန်။ တသ္မာ၊ ထို့ကြောင့်။ အရိယကန္တာနီတိ၊ အရိယကန္တ-တို့ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

သုတ်မဟာဝါ အဋ္ဌကထာ၊ နေတ္တိအဋ္ဌကထာတို့၌လည်း၊ နည်းတူ သဘောမျိုးပင် မိန့်ဆိုကြကုန်သေး၏။ ဤသောတာပန် အင်္ဂါလေးပါး၏ အဓိပ္ပါယ်ကို၊ နားလည်အောင်သတိပြု၍ အောက်နားတွင် ကြည့်ရှုကြပါလေ။

ဗ္ဗသောတာပန်၏ အင်္ဂါလေးပါးပြဆိုချက် ပြီး၏။

## အင်္ဂါ ၄-ပါးတွင်၊ ပထမ,ဒုတိယအင်္ဂါ၏ အဓိပ္ပါယ်ကို ပြဆိုခြင်း

အရိယာ သောတာပန်တို့၏ သန္တာန်၌ အမြဲအမှန် တည်ရှိသော အင်္ဂါလေးပါးဟူသည်ကား၊ အထက်တွင် ပြဆိုခဲ့သော နေတ္တိပါဠိတော်, သုတ်မဟာဝါပါဠိတော်တို့၌၊

(၁) သူတပါးတို့ မဖျက်ဆီးနိုင်သော သဒ္ဓါတရားဖြင့် မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း တပါး။

(၂) တရားတော်၌ အပြီးအဆုံး မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း သဒ္ဓါတရား တပါး၊

(၃) လူ,ရဟန်း, သီတင်းသုံးဘော်အပေါင်းတို့ နှစ်ထောင်းအားရ ရှင်ပျချစ်ခင်ခြင်း ပသာဒ တပါး။

(၄) မကျိုးမပေါက် မပြောက်မကျားသော ငါးပါးသီလတို့နှင့် အခါ ခပ်သိမ်း ပြည့်စုံခြင်း တပါး။

ဤသို့အားဖြင့် ၄-ပါးလာရှိပေ၏။

တဘန် နိဒါနဝဂ္ဂသံယုတ်ပါဠိတော်, မဟာဝဂ္ဂ သံယုတ်ပါဠိတော်တို့၌ကား၊

(၁) မြတ်စွာဘုရား၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း အဝစ္စပသာဒ သဒ္ဓါ တပါး။

(၂) တရားတော်မြတ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း အဝစ္စပသာဒ သဒ္ဓါ တပါး။

(၃) သံဃာတော်မြတ်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း အဝစ္စ ပသာဒ သဒ္ဓါတပါး။

(၄) မကျိုးမပေါက် မပြောက်မကျားသော ငါးပါးသီလ တို့နှင့် အခါခပ်သိမ်း ပြည့်စုံခြင်း တပါး။

ဤသို့ တနည်းအားဖြင့် ၄-ပါးပင်လာရှိပြန်၏။

ဤသို့ပါဠိတော်ကြီး ၄-ကျမ်း၌ လာသော စကားအရ၊ ပထမ, ဒုတိယနှင့် စတုတ္ထအင်္ဂါ ၃-ပါးမှာ တူကြလျက်၊ တတိယအင်္ဂါတပါး မှာမူ ကွဲပြားနေသည်ဟုမှတ်ထင်ရန် ရှိပေ၏။ သို့သော်၊ ရဟန်းတော် များကပင် အရိယာပုဂ္ဂိုလ်အား ခင်မင်မြတ်နိုးသည်ဆိုသဖြင့်၊အရိယာ ပုဂ္ဂိုလ်က သံဃာတော်၌ ကြည်ညိုနှစ်သက်ခြင်း အဓိပ္ပါယ်မှာ အတွင်း ဝင်ပါပြီးဖြစ်၍၊ ပါဠိတော်ကြီးတို့၏စကား မကွဲပြားဘဲ၊တသားတည်း ညီမျှလေ၏၊ထို့ကြောင့် ယခုအခါ၊ နေတ္တိ,သုတ်မဟာဝါတို့၌လာသော အင်္ဂါလေးပါး၏အဓိပ္ပါယ်များကိုသာ၊အကျဉ်းအားဖြင့် မှတ်သားရန် ပြဆိုပေအံ့။

ထိုအင်္ဂါ ၄-ပါးတို့တွင်၊ ဘုရားရှင်ကိုယ်တော်မြတ်၌ အမြဲ မပြတ် ကြည်ညိုခြင်း သဒ္ဓါတရား ဟူသည်၊ မြတ်စွာဘုရားနှင့် တကွ၊ ရုပ်ပွား ဆင်းထု ဓာတုမွေသရီ စေတီပုထိုး စသည်တို့၌ ကြည် ညို ခြင်း ပေ တည်း။ ဤသို့သော သဒ္ဓါတရားကို၊ သူတပါးတို့ ဖျက်ဆီးချွေပြောင်း၍ မရနိုင်ပုံမှာကား၊ ကိုယ်တိုင်အရိယာဖြစ်သော ပုဂ္ဂိုလ်မြတ်တို့၏ စိတ် သန္တာန်၌ သာလျှင်၊ လွန်စွာ ထိသာ ထင်ရှားလှပေ၏။ တပါးသော ပုထုဇဉ်တို့ မသိ မမြင်နိုင်ပေရာ။၎င်းအင်္ဂါ၏လက္ခဏာကို အောက်ပါ ဝတ္ထုများဖြင့် မှတ်သား သိရှိကြပါလေ။

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ မြတ်စွာဘုရား တရားဟော တော်မူသောအခါ၊များစွာသော ပရိသတ်အစွန်နားတွင် တရားနာ၍၊ သောတာပန် ဖြစ်သွားသော သုပ္ပဗုဒ္ဓ လူနူသည်၊ မိမိရသော ဂုဏ်များ ကို လျှောက်ထားလို၍ ကျောင်းသို့လာခဲ့ရာ၊ သိကြားမင်းက စုံစမ်း ခြင်းငှါ၊ အိုသုပ္ပဗုဒ္ဓ ဘုရားကို ဘုရားမဟုတ်ဟုဆို၊ ငါ ဥစ္စာများစွာ ပေးမည်ဟု ပြောလေ၏။ လူနူက မျက်နှာကိုကြည့်၍၊ နင် ဘယ်သူလဲ သိကြားလော၊ အလွန်မိုက်မဲစွာ့တကား။ ဤမျှလောက် မိုက်သောသူ နှင့်၊ ငါ စကားမပြောလို၊ ငါ၌ သူတော်ကောင်းဥစ္စာ ရတနာ ၇-ပါး ရှိ၏။ ငါ မဆင်းရဲဟု မောင်းမဲ ပြောကြား၍၊ ဘုရားထံ ရောက်လျှင်၊ ဤအကြောင်းကိုပင် လျှောက်ထားပြီး ပြန်သွားလေ၏။

ထိုအခါ ရဟန်းများက၊ မင်္ဂိုလ်တရားရရန် ပါရမီဉာဏ် ပြည့်စုံ ပါလျက်နှင့်၊ ဘယ်အတွက် နူရပါသနည်းဟု လျှောက်လေရာ၊ ရှေး အခါတွင် ပစ္စေကဗုဒ္ဓါတဦးကို၊တံတွေးနှင့်ထွေးခဲ့ဘူးသောမကောင်းမှု ကြောင့်၊ မရှုမလှအောင် ငရဲတွင် ခံရပြီးမှ၊ ယခု လူ့ဘဝ၌ ကံကြွင်းမှု

အတွက်ဖြင့်၊ နူသောအဖြစ်ကို ရလေသည်ဟု၊ မြတ်စွာဘုရား ဟော ကြားတော်မူ၏။

ဝတ္ထုတကြောင်းမှာလည်း၊ အနာထပိဏ်သူဌေးကြီးသည်၊ ၅၄-ကုဋေသော ဥစ္စာကို ကျောင်းဆောက်၊ ၁၈-ကုဋေသော ဥစ္စာမှာ ချေး၌ ငှါးထားရာမှ ပြန်မရ၊ ၁၈-ကုဋေသော ဥစ္စာမှာ ကမ်းပြိုရာ ပါ သွား၍ ရှာမရ၊ ဘုရားအမှူးရှိသော သံဃာတော်များအား၊ ပြုနေကြ ဝတ်မပျက်အောင်၊ ဆန်ခွဲကိုချက်၍ ပုန်းရေဟင်း တခွက်ဖြင့်သာ၊ ဆက် လက်ပြီး လှူဒါန်းနေလေ၏။

တနေ့သ၌ တံခါးစောင့်နတ်က၊ သူဌေးမင်း အလှူတော်ကိုစွန့်လွှတ် လော၊ အလှူရဲလို့ မွဲသည် မဟုတ်လော စသည်ဖြင့်၊ အကျိုးကို လို သကဲ့သို့ ပြောဆိုလေရာ။ ထိုအခါ သူဌေးမင်းက ငါ၏သဒ္ဓါကို နင်လို နတ်မိစ္ဆာတို့ တရာ တထောင်ပင် ဖျက်ဆီးငြားသော်လည်း၊ ဖွပ်ရှား ရွေ့ပြောင်းခြင်းငှါ မတတ်နိုင်၊ ယုတ်မာသော နတ်မိစ္ဆာသည်၊ ငါ့အိမ် မှာ မနေနှင့်ဟု နှင်ထုတ်သဖြင့်၊ နတ်ယုတ်မာသည် ကိုးကွယ်ရာ မရ၍၊ ၅၄-ကုဋေသောဥစ္စာတို့နှင့်တကွ၊ ဝန်ချတောင်းပန်ရလေသည်။

သဒ္ဓါဓနံ သီလဓနံ၊ ဟိရိ ဩတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါစ၊ ပညာ ဝေ သတ္တမံ ဓနံ။ ။

သဒ္ဓါဓနံ၊ မတုန်မလှုပ် ယုံကြည်ခြင်း၊ သဒ္ဓါ-ဟူသော ဥစ္စာဥစ္စာငှင်း။ သီလဓနံ၊ မကျိုးမပေါက်အောင် စောင့်ရှောက်ခြင်း၊ သီလ-ဟူသော ဥစ္စာငှင်း။ ဟိရိဩတ္တပ္ပိယံဓနံ၊ မကောင်းမှုတရားအယုတ်မှ အဟုတ်ရှက် ခြင်း, အဟုတ်ကြောက်လန့်ထိတ်လန့်ခြင်း၊ ဟိရိ,ဩတ္တပ္ပ-ဟူသော ဥစ္စာ ငှင်း။ သုတဓနဉ္စ၊ အမှန်တရား၌ အကြားအမြင်များခြင်း၊ သုတ-ဟူ သော ဥစ္စာငှင်း။ စာဂေါစ၊ တဘဝကောင်းရှင်းအောင် လွတ်လွတ် စွန့်ကြဲ နိုင်ခြင်း၊ စာဂ-ဟူသော ဥစ္စာငှင်း။ ဝေ၊ စင်စစ်။ သတ္တမံ၊ ၇-ခုမြောက် သော။ ပညာဓနံ၊ ပရမတ်နိဗ္ဗာန်ကို အမှန်သိခြင်း၊ ပညာဉာဏ်-ဟူသော ဥစ္စာငှင်း။ ဣတိ၊ ဤသို့။ အရိယ ဓနာနိ၊ အရိယာတို့၏ကိုယ်ပိုင် မပျက် မစီးနိုင်သော ဥစ္စာတို့သည်။ ဣမေ သတ္တ၊ ဤ ၇-ပါးတို့ပေတည်း။

ယခုပြဆိုခဲ့သော ဝတ္ထုများနှင့်၊ ဒေသနာသဘောသွားကို ထောက် ထား၍၊ သဒ္ဓါစသော အရိယာတို့၏ ဥစ္စာများ၊ သူတပါးတို့မလှုပ်ရှား မဖျက်ဆီးပုံကို၊ ယုံကြည်စွာ မှတ်သားရာ၏။ ထို့ကြောင့်၊ ငှင်းတရား

၇-ပါးသည်၊အရိယာတို့၏ကိုယ်ပိုင် ဥစ္စာများဖြစ်၏။ပုထုဇဉ်တို့မှာဥစ္စာဟု ဆိုရသော်လည်း၊မပိုင်မနိုင်၍ ပျက်စီးနိုင်၏။ အရိယာတို့သန္တာန်မှာ၊ အစစ်အမှန်ဖြစ်၏။ ပုထုဇဉ်တို့၏ သန္တာန်မှာ၊ အတုအပ အမှားအလိမ်ဖြစ်၏။

ဥပမာဆိုသော်၊ လောကဝ၌ ကျောက်ရတနာသည်၊ လူသတ္တဝါတို့ မြတ်နိုး၍ အဘိုးထိုက်သော ဥစ္စာဟု ဆိုရ၏။ သို့သော်၊ တွင်းထွက်ကျောက်မှ အမှန်ဖြစ်၍၊ ချက်ကျောက်မှာ အမှားဖြစ်သကဲ့သို့ မှတ်ရာ၏။ လောကလူများသည်၊ရွှေငွေကျောက်များကို ရတနာဥစ္စာဟု ဆိုကြ၏။ ဘုရားအစရှိသော အရိယာများမှာ သဒ္ဓါစသော တရား ၇-ပါးကိုသာ၊ ရတနာဥစ္စာဟုခေါ်ဆို၏။ ထို့ကြောင့်၊ သုပ္ပဗုဒ္ဓလူနူနှင့် အနာထပိဏ်စသော အရိယာတို့သည်၊ရွှေငွေ ပစ္စည်းမဲ့သော်လည်း၊ လူဆင်းရဲ မဟုတ်ဟု ပြောဆိုကြလေ၏။

မြတ်စွာဘုရားသည်လည်း၊ **အဒလိဒ္ဒေါတိ တံ အာဟု**-စသည်ဖြင့်၊ ဟောကြားတော်မူ၏။ ။ဘံ၊ထိုသဒ္ဓါစသော ဥစ္စာစစ်ဥစ္စာမှန် ၇-ပါးရှိသော အရိယာကို၊ အဒလိဒ္ဒေါတိ၊ ရွှေငွေမဲ့သော်လည်း မဆင်းရဲသော သူဟူ၍။ အာဟု၊ ဟောတော်မူကြကုန်၏။ ။ဤကား၊ ဘုရား၌ ယုံကြည်ပုံကို ပြဆိုခြင်းတည်း။

တရားတော်မြတ်၌၊ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း ဟူသည်ကား၊ဘုရား၌ယုံကြည်ခြင်း သဒ္ဓါတရားနှင့် မခြားနားလှပေ။ အထူးမှာကား၊ အရိယာများ တရားနာရာတွင်၊ပုထုဇဉ်တို့ကဲ့သို့၊ **ပုဂ္ဂိုလ်ခင်မှ၊ တရားမင်**-ဆိုတာလို၊ ပုဂ္ဂိုလ်ကို မငဲ့၊ လောကီဂုဏ်ကြီးသည်ကို မငဲ့၊ တရားမှန်ကိုသာ ငဲ့လေ့ရှိ၏။

တဘန် တရားမှန်နာရလျှင်၊ ပုထုဇဉ်တို့ကဲ့သို့။ တရားသံကို နှလုံးမသွင်း၊ ပျင်းရိထိုင်းမှိုင်းမျိုးမရှိ၊ စိတ်ကြည် ထင်လင်း၊ အစအဆုံးအကုန်၊ အလုံးစုံ နှလုံးသွင်း မှတ်ခြင်းဖြင့်၊ တညလုံး အလင်းဟောပါလျှင်၊ လင်းအောင် မငြီးမတွားဘဲ၊ တရားကိုနာနိုင်၏။ ဤနေရာ၌၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင်၊မိုးလင်းအောင်ပင်တရားနာကြသော၊ အရိယာပုဂ္ဂိုလ်များ ထောက်ထားသိရှိအပ်ပေသည်။

ဤကဲ့သို့သော အရိယာတို့၏မြွေတာသဘောများကို၊ငါဘို့ရေးသားသော၊ **ဂမ္ဘီရဏ္ဍုပကာသနီကျမ်း၊** မဟာပဋ္ဌာနကွာကာကဏ္ဍတွင်၊

အရိယာတို့ဆင်ခြင်သော ဆန္ဒညဏ်,သဗ္ဗညုတဉာဏ်အရာ၌ ကျယ်ဝန်း စွာပါရှိလေ၏။ထိုလိုသောပုဂ္ဂိုလ်များတို့ မှတ်သားကြည့်ရှုကြပါလေ။

ဝတ္ထုသက်သေအားဖြင့် သောက်ထားရန်မှာ၊အနာထပိဏ်သူဋ္ဌေး၏ သားဖြစ်သော ကာလသည်၊ ဘုရားထံသွားရန် တရားနာရန် အလိုမရှိ၍၊တရား တခါနာလျှင်၊ငွေတရာပေးမည်ဟု ချော့ခိုင်းရာ တရားဟော သော ကျောင်းတော်သို့သွား၍ အိပ်ပြီးပြန်လာ၊ ငွေ ၁၀၀-ယူသွား။ အခါများသော်၊ မှတ်သားမိအောင် နာခဲ့လျှင်၊ ငွေ ၁၀၀၀-ပေးမည် ပြော၍၊ သဘောမိအောင် နာသောအခါ၊ သောတာပန်ဖြစ်သော ကြောင့်၊ ငွေပေးသည်ကို မယူဘဲနေလေရာ။ သူဋ္ဌေးလာ၍ လျှောက် ထားသဖြင့်၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။ ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။
(ဓမ္မပဒပါဠိတော်)

ပထဗျာ၊ဇမ္ဗူသောင်းခွင် မြေအပြင်၌။ ဧကရဇ္ဇေနဝါ၊တဦးတည်း လွှမ်းမိုး၍ ပိုင်နင်းအုပ်စိုးရသော စည်းစိမ် ချမ်းသာ မျိုးထက် ဧင်း၊ သဂ္ဂဿ၊ နတ်ပြည် ၆-ထပ် အထက်ရပ်သို့။ ဂမနေနဝါ၊ သွားရောက် လွှမ်းမိုး၍ ပိုင်နင်းအုပ်စိုးရသော စည်းစိမ်ချမ်းသာမျိုးထက်ဧင်း။ သဗ္ဗ လောကာဓိပစ္စေနဝါ၊ ခပ်သိမ်းသော လောကဓာတ်အလုံးကို သိမ်း ကျုံး လွှမ်းမိုး၍ အုပ်စိုးခံစားရသော စည်းစိမ် ချမ်းသာမျိုးထက်ဧင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ချမ်းသာသည်။ ဝရံ၊ မြင့်မြတ် လှပေသတည်း။

၌ဝတ္ထုအရ၊ သောတာပန် အရိယာဖြစ်၍ ငွေမယူသည်ဟု မမှတ် အပ်၊ အဘိုးမဖြတ်နိုင်သော တရားတော်မြတ်ကို၊မလျှောက်ပတ်ဘွယ် ငွေ ၁၀၀၀ဝိ-မျှနှင့် လဲလှယ်သကဲ့သို့၊မတင့်တယ်သော သဘောဖြစ်ခြင်း။ လောကီဖြစ်သော ရွှေငွေ ဥစ္စာထက်၊ သဒ္ဓါစသော လောကုတ္တရာ ဥစ္စာကို နှစ်သက်မြတ်နိုးခြင်း ကြောင့်ပေတည်း။ အထက်တွင်ပြဆို ခဲ့သော ဝတ္ထုများ၏အကျယ်ကို၊ ဧင်းအဋ္ဌကထာ၌ ကြည့်ရှုပါလေ။

၌သို့ဘုရား၌ မတုန်မလှုပ် ယုံကြည်ခြင်းသဒ္ဓါ၊ တရားတော်မြတ်၌ မတုန်မလှုပ် ယုံကြည်ခြင်းသဒ္ဓါများကို၊ ထင်ရှားစွာ ပြဆိုခဲ့သဖြင့်၊ သံဃာတော်မြတ်၌ ယုံကြည်ခြင်းသဒ္ဓါသည်လည်း၊ အတွင်းဝင်ပါပြီး

ဖြစ်၍ စိစစ်ရန်မရှိလှပေ။ ထို့ကြောင့်၊ ရင်းသံဃာတော်မြတ်၌ ယုံကြည်ခြင်း သဒ္ဓါတရားကို၊ သီးခြား၍မပြတော့ပြီ၊ ဉာဏ်ရှိသမျှ မြော်မြင်သိရှိကြပါလေ။ ။ဤကား၊ စာရေး၌ယုံကြည်ပုံတည်း။

ပထမ, ဒုတိယ အင်္ဂါ၏အဓိပ္ပါယ်ကို ပြဆိုခြင်းပြီး၏။

## သောတာပန်၏ တတိယအင်္ဂါ အဓိပ္ပါယ်ကို ပြဆိုခြင်း

တတိယအင်္ဂါ၌၊ အရိယာ သောတာပန်ပုဂ္ဂိုလ်အား၊ လူ, ရဟန်း, သီတင်း သုံးဘော်ဝှက ပင်လျှင်၊ ချစ်ခင်မြတ်နိုးနိုင်သည့် ဆိုသောစကားမှာ၊ လူ, ရဟန်း အားလုံးကို သိမ်းကျုံး၍မမှတ်အပ်၊ သဟာဓမ္မိကဟူသော ပုဒ်အရဖြင့်၊ သီတင်းသုံးဘော်ဖြစ်မှသာလျှင်၊ ခင်မင်မြတ်နိုးနိုင်ပေသည်ဟု ယုံကြည်စွာမှတ်ယူအပ်ပေ၏။

သီတင်းသုံးဘော်ဆိုသည်မှာလည်း၊ ဝိနည်း ပညတ်တော်၌၊ ရဟန်းယောကျ်ား, ရဟန်း မိန်းမ, သာမဏေယောကျ်ား, သာမဏေမိန်းမ, သိက္ခာမာန်ဟု ငါးဦးလာရှိပေ၏။ အချို့မှာ မြတ်စွာဘုရားလက်ထက်၌၊ သုတ္တန်ဆောင် ဝိနည်းဆောင် အဘိဓမ္မာဆောင် ဝိနည်းဓိုရ် ဓမ္မကထိက စသည်ဖြင့်၊ သဘောတူအပေါင်းအစုကို ခေါ်ဝေါ်မှတ်သားခြင်းပြုသကဲ့သို့။ မိမိတို့နှင့် အလေ့အလာ ဝါသနာစရိုက်၊ တစိတ်တဒေသ သဘောချင်း တိုက်ဆိုင်မိသူများကို သီတင်းသုံးဘော်ပင်ဟု ထင်မြင်တတ်ကြလေသည်။

ဤသို့ဝိနည်းအလာ၊ သတ္တဝါအချို့ မှတ်ထင်ချက်သည်၊ လောကီနယ်ဘက်၌ပါဝင်နိုင်၏။ လောကုတ္တရာနယ်ဖြစ်သော အရိယာတို့နှင့် စပ်နွယ်ရာ၌မူကား၊ အကျင့် အသိချင်းတူမျှသော၊ သီလ သာမညာ, ဒိဋ္ဌိသာမည မျိုးကိုသာလျှင်၊ သိက္ခာသာဇီဝ သဟာဓမ္မိက ပြဟ္မစာရီ၊ တူညီသော သီတင်းသုံးဘော်ဟု ခေါ်ဆိုရလေသည်။ အချုပ်မှာ၊ သူတပါးတို့ ချစ်ခင်ခြင်း ရွံမုန်းခြင်းသည်၊ လိုရင်းမဟုတ်။ အရိယာပုဂ္ဂိုလ်၌ ခင်မင်မြတ်နိုးထိုက်သော၊ ဂုဏ်ရှိသည်ကိုသာလျှင်၊ ဆိုလိုရင်းဖြစ်သော ဒေသနာတော်ပေတည်း။

ကိလေသေဟိ အာရကတ္တာ အရိယာ၊ သဒေဝကေန
လောကေန အရဏီယတ္တာ အရိယာ၊ အရိယဋ္ဌာနာမ
ပရိသုဒ္ဓဋ္ဌေတိ ပရိသုဒ္ဓတ္တာပိ အရိယာ၊ အနယေ နဣရိယ
နတော အယေ ဣရိယနတော အရိယာ။

(ပုဂ္ဂလပညတ်အဋ္ဌကထာ)

ကိလေသေဟိ၊ ကိလေသာတို့မှ။ အာရကတ္တာ၊ မဂ်အားလျော်စွာ ဝေးကွာသည်၏အဖြစ်ကြောင့်။ အရိယာ၊ အရိယာမည်ကုန်၏။ သဒေဝကေန၊ နတ်နှင့်တကွသော။ လောကေန၊ လူ ရဟန်းအပေါင်းသည်။ အရဏီယတ္တာ၊ ဆည်းကပ် ထိုက်သည်၏ အဖြစ်ကြောင့်။ အရိယာ၊ အရိယာမည်ကုန်၏။ အရိယဋ္ဌာနာမ၊ အရိယာ၏သဘောမည်သည်ကား။ ပရိသုဒ္ဓဋ္ဌော၊ စင်ကြယ်ခြင်းသဘောတည်း။ ဣတိ ပရိသုဒ္ဓတ္တာပိ၊ ဤသို့ စင်ကြယ်သည်၏အဖြစ်ကြောင့်လည်း။ အရိယာ၊ အရိယာမည်ကုန်၏။ အနယေ၊ အစီးအပွားထဲ၌။ န ဣရိယနတော၊ ကိုယ်တိုင် မဖြစ်တတ်, မကျင့်တတ်၊ သူတပါးကိုလည်း မဖြစ်စေတတ်, မကျင့်စေတတ်သည်၏ အဖြစ်ကြောင့်။ အယေ၊ အစီးအပွား၌။ ဣရိယနတော၊ ကိုယ်တိုင် ဖြစ်တတ်, ကျင့်တတ်၊ သူတပါးကိုလည်း ဖြစ်စေတတ်, ကျင့်စေတတ် သည်၏အဖြစ်ကြောင့်။ အရိယာ၊ အရိယာမည်ကုန်၏။

ဤသို့လာသော အဋ္ဌကထာ၏ အကြောင်းပြစကားဖြင့်လည်း၊ အရိယာ၏သန့်ရှင်း၍တည်ရှိသော၊ ဂုဏ်ဖြစ်သောသဘောကိုသာလျှင် မိန့်ဆိုသည်ဖြစ်၍၊ အရိယာတို့၏ထင်ရှားသောလျှင် ထင်ရှားနိုင်၏။ ပုထုဇဉ်တို့၏ ပကတိသော နား,မျက်စိဖြင့်၊ ကြားရုံ,မြင်ရုံနှင့် မသိနိုင်ပေရာ။

**သဒေဝကေန လောကေန အရဏီယတ္တာ အရိယာ**- ဟူသော စကားအရ၊ အမည်နာမကျော်ကြား လောကီဂုဏ်ထင်ရှား၍၊ ဘုန်း တန်ခိုးကြီးမား တပည့်အခြွေအရံပရိသတ်၊ လာဘ်လာဘ ပစ္စည်း ပေါများသည်ကို မမှတ်သားအပ်။ သာမညအရိယာဇာတ်မျှဟုတ် သေး ရဟန္တာအရှင်မြတ်ပင်သော်လည်း၊ ဆွမ်းငတ်ဘော်မှုရသေး၏။ ဤအကြောင်းနှင့်စပ်၍ သိမှတ်ရန်၊ အောက်ပါဝတ္ထုများကို စဉ်းစား ရှုမျှော်ကြပါလေ။

လက်ျာခံ ရှင်သာရိ ပုတ္တရာ၏ တပည့် လောက တိဿသည်၊ ရဟန္တာကြီးဖြစ်လျက် တသက်သုံး ဆွမ်းဝအောင် မဘုဉ်းပေးရဘဲ၊

ပရိနိဗ္ဗာန်စံမည့်နေ့၌သာ ဆရာကာသပိတ်ကို ကိုင်ထားသဖြင့်၊ အနိုင်နိုင်ဆွမ်းငရ၍ ဝင်နေ့၌ပင်လျှင် ပရိနိဗ္ဗာန် စံဝင်ရလေ၏။ ပေါဋ္ဌိလမထေရ်မှာ ပုထုဇဉ်ဖြစ်သော်လည်း၊ ခြွေရံပရိသတ် ပစ္စည်း လာဘ်အမျိုးမျိုးနှင့် ဘုန်းတန်ခိုးကြီးပေသည်။

ကဿပဘုရားရှင်လက်ထက်၌၊နောင်တော် သာဂတမထေရ်သည်၊ ရဟန္တာကြီးဖြစ်လျက်၊ မယ်တော်နှင့် နှစ်မများကပင် မနှစ်သက်မကြည်ညိုကြ။ ညီဖြစ်သော ကပိလမထေရ်မှာ၊ များစွာသော ပစ္စည်းလာဘ်နှင့်၊ ခြွေရံတပည့်ပရိသတ် ပွားစီး၍၊ ဂိုဏ်း ဆရာကြီးပင် ဖြစ်လေသည်။ ဤကပိလနှင့် ပေါဋ္ဌိလတို့အကြောင်းသည်၊ ဂန္ထိရတ္တပကာသနီကျမ်း၌ ပါရှိလေ၏။

ဤမျှသာ မဟုတ်သေး၊အနုတ္တရဘုရားရှင်ကြီးသော်ပင်၊ဝေရဉ္စပြည်တွင် ဆွမ်းမရ၍၊ မုယောနှင့် တဝါတွင်းလုံး မျှတတော်မူရ၏။ ဓမ္မကြာရဟန်းမှာ နေ့အခါ ခြေတချောင်းထောက်၍၊ ညရောက်လျှင် မစင်စားပြီး၊ အလွဲအမှားကျင့်သော်လည်း၊ အင်္ဂတိုင်း, မဂဓတိုင်းကြီးများက၊ အသီးအသီး ပူဇော်ကြသည်မှာ၊ လွန်စွာမှ ကြီးကျယ် လှပေသည်။ ဤသို့စသည်များကို သတိထားသင့်ပေ၏။

သဟာခဏ္ဍိက–ဟူသည်မှာလည်း၊ ဝိသာခါနှင့် ပုဏ္ဏဝဍ္ဎနတို့ ဇနီးခင်ပွန်း၊ ရှင်သာရိပုတ္တရာနှင့် သာရိပုဏ္ဏေးမတို့ သားအမိ၊ သုပ္ပဗုဒ္ဓနှင့် ယသော်ဓရာတို့ သားအဘ၊ ဒေဝဒတ်နှင့် ယသော်ဓရာတို့ မောင်နှမ၊ ကုက္ကုဋမိတ္တမုဆိုးနှင့် ရာဇဂြိုဟ်သူဋ္ဌေးသမီးသောတာပန်တို့ ဇနီးခင်ပွန်း၊ ၎င်းတို့ချစ်ကျွမ်းပြီး၊ သားကြီး ၇-ယောက် လူလားမြောက်ပွားစီး၍၊ အသီးအသီ.နေ ကြ လေ၏။

ထိုအခါ တနေ့သ၌ မုဆိုးတောသွားသော်၊ သားကောင်ကို မရဘဲ၊ သမ္ဗုဒ္ဓဘုရားရှင်ကို တွေ့မြင်သဖြင့်၊ ရန်သူဟုမှတ်ထင်ပြီး လေးတင်၍ ပစ်မည်ကြံသော်၊ ချလို့မရ ဒုက္ခကြီးဖြစ်နေရာ၊ သား ၇-ယောက် လိုက်လာ ပစ်သော်လည်း၊ ဈေးနည်းတူပင်ဖြစ်ခါ ကြာနေ၍၊ သူဋ္ဌေးသမီးနှင့် ချွေးမတွေပါလိုက်လာပြီး အနီးတွင်ပင် ဘုရားရှင်ကို တွေ့မြင်လေလျှင် သူဋ္ဌေးသမီးက ငါ၏ဘခင်ဟု အော်ဟစ်မှ လေးကိုပစ်ချ၊ သားများကလည်း တို့အဘိုး၊ မုဆိုးကလည်း ငါ့ယောက္ခမဟု မှတ်ထင်၊ မေတ္တာစိတ် ဝင်လာကြသဖြင့်၊ ဘုရားရှင်တရားဟော၍ အားလုံးပင် သောတာပန်ဖြစ်ကြလေ၏။

ဤမျှသာ မဟုတ်သေး၊ သမ္ဘုဒ္ဓဘုရား၏ အပါးတွင် နေရသော၊ သုနက္ခတ္တအထင်မှား၍ဒိဋ္ဌိများထံသို့ပြောင်းသွားပေသည်။ထို့ကြောင့်၊ အတ္တတက္ကွ နေကာမျှသည်၊ လောကီ၌ သဘာဂ သဟာယဝ္ဂိက-ဟုဆိုရသော်လည်း၊ ပရမတ္ထ အရိယနယ်မှာမူကား၊ အကျင့်အမြင် တူမှသာလျှင်၊ သဟာယဝ္ဂိက-စသည်ဖြင့် ခေါ်ဆိုရလေသည်။

အထက်ပါ ဝတ္ထုတို့တွင်၊ အခြားဝတ္ထုများမှာ ဓမ္မပဒစသည်၌ထင်ရှား၍၊ သာရိပုတ္တ ထေရ်ဝတ္ထုနှင့် သဟာဝဂ္ဂိက သဘောမှာ၊ ဂန္ထိ ရတ္တုပကာသနီကျမ်း၌ပါရှိလေပြီ။ ထို့ကြောင့်၊လာတ်များခြင်း,နဲခြင်း၊ အခြွေ အရံများခြင်း,နဲခြင်း၊ ချီးမွမ်းခြင်း,ကဲ့ရဲ့ခြင်း၊ ချမ်းသာခြင်း, ဆင်းရဲခြင်း ရှစ်ဖြာသည်၊ အရိယာနှင့်မဆက်ဆံ လောကဓမ်သဘောမျှသာဖြစ်၍၊ ကမ္မဝိပါကော အစရှိသော စသည်ကို၊ မနော၌ ရှု မျှော်ပြီး ပုဓော်ရှိုး မြတ်နိုးဆည်းကပ်ထိုက်သော၊ ဂုဏ်ရှိခြင်းသည်သာလျှင် အရိယာနှင့် စပ်သည်ဟူ၍၊ ယုံကြည်စွာ မှတ်ယူ အပ်လှပေသတည်း။

သော္တာပန်၏ တတိယအင်္ဂါအဓိပ္ပါယ်ကို ပြဆိုခြင်းပြီး၏။

---

## သောတာပန်၏ စတုတ္ထအင်္ဂါအဓိပ္ပါယ်ကို ပြဆိုခြင်း

သောတာပန် အရိယာ၏အင်္ဂါ ၄-ပါးတို့တွင်၊ ၄-ကြိမ်မြောက်ဖြစ်သော စတုတ္ထအင်္ဂါ၌၊ မကျိုးမပေါက် မပြောက် မကျားသော ငါးပါးသီလတရားဘ်နှင့် ပြည့်စုံသည်ဟုဆိုရာမှာ၊ စေတနာနှင့်တကွ ပြစ်မှားလွန်ကျူးလိုသောစိတ်ဖြင့် မပြုခြင်းကိုမှတ်ယူအပ်၏။ မဂ်ဖြင့်မပယ် မသတ် မဖြတ် ကြွင်းကျန်သော၊ အကုသိုလ်ကံစ မကောင်းမှု ဒုစရိုက်များကိုမူကား၊ သတိတရား လွတ်ကင်းသဖြင့်၊ကိုယ်,နှုတ်,စိတ် ၃-ပါးလုံးပင် ပြစ်မှားပြုဘွယ်မိသေး၏။ ထိုအမှုများကို ဖုံးကွယ်ထားခြင်းမရှိတော့ပြီဟု မှတ်ယူအပ်ပေသည်။

ကိဉ္စာပိ သော ကမ္မ ကရောတိ ပါပကံ၊
ကာယေနဝါစာ ဥဒ စေတသာဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊
အဘဗ္ဗတာ ဒိဋ္ဌပဒဿ ဝုတ္တာ။ ။ (သုတ္တနိပါတ်ပါဠိတော်)

သော၊ထိုသောတာပန် အရိယာသည်။ကာယေန၀ါ၊ကိုယ်ဖြင့်ငှင်း။ ၀ါစာယ၀ါ၊ နှုတ်ဖြင့်ငှင်း။ ဥဒ၊ ထိုမှူ။ စေတသာ၀ါ၊ စိတ်ဖြင့်ငှင်း။ ပါပကံ၊ ယုတ်မာသော။ ကမ္မံ၊ မကောင်းမှုကို။ ကိဉ္စာပိ ကရောတိ၊ တကယ်ပင်တည်း ပြုမိချေသေး၏။ ပန၊ ထိုသို့ပင်ပြုမိပါသော်လည်း။ သော၊ ထိုသောတာပန် အရိယာသည်။ တဿ၊ ထိုပြုအပ်ပြီးသော မကောင်းမှုကို။ ပဋိစ္ဆာဒါယ၊ ကွယ်ဖုက်လွှမ်းဖုံးခြင်းငှါ။ အဘဗ္ဗော၊ မထိုက်တော့ပြီ။ ဒိဋ္ဌပဒဿ၊ မြင်အပ်ပြီးသော နိဗ္ဗာန်ရှိသော သောတာပန်ပုဂ္ဂိုလ်၏။ အဘဗ္ဗတာ၊ ပြုအပ်ပြီးသော မကောင်းမှုကို၊ဖုံးလွှမ်းခြင်းငှါ မထိုက်သည်၏အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

ဤပါဠိတော်၏ အရကို ရဟန်းများနှင့်စပ်၍၊ အဋ္ဌကထာ၌ ဘွင့်ပြသောအဓိပ္ပါယ်အဖြွက်မှာ၊ပညတ်တော်မူသောအတိုင်းအရှည်ပမာဏထက်၊ ပိုလွန်သည့်ကုဋိကို ပြုခြင်းစသော ကာယကံမှု၊ ယောကျ်ားမပါသော မိန်းမပရိသတ်၌၊ ၅-ပုဒ်, ၆-ပုဒ်ထက်အလွန်၊ ဓမ္မရိယာပုဒ် မပြောင်း မရွေ့ဘဲ တရားဟောခြင်းစသော ဝစီကံမှု၊ နှစ်သက်ဘွယ် မနှစ်သက်ဘွယ် အာရုံတို့၌၊ တပ်နှစ်သက်ခြင်း လောဘ, နှလုံးမသာယာခြင်း ဒေါသ-ဟူသော မနောကံမှု၊ ရတနာ ၃-ပါး၏ဂုဏ်၌ အာရုံလွှတ်ကင်း မေ့လျော့ခြင်း မောဟများဖြစ်သေးကြောင်း လာရှိပေသည်။

ဤကဲ့သို့ပြုမိသော်လည်း လျင်စွာပင်သတိရ၍၊နောင်ကိုမပြုမိအောင် ကြဉ်ရှောင်စောင့်ရှောက်ရန်၊ အမှန် နှလုံးသွင်းခြင်း လွန်ကျူးမိသောအပြစ်များကို၊ မြတ်စွာဘုရားအားသော်ငှင်း၊ သီတင်း သုံးဘော်တို့အားသော်ငှင်း၊ ပြောကြားခြင်းကိုပြုပေ၏။ နန္ဒမည်သော သူဌေးသား မတရားမှုဖြင့်၊ ပြုကျင့် လွန်ကျူးသွားသည်ကို၊ ဥပ္ပလဝဏ် ထေရီမသည်၊ လျင်စွာပင် ရဟန်းမိန်းမများကို ပြောကြား၍၊ ရဟန်းမိန်းမများက ရဟန်းယောကျ်ားတို့အား ပြောလေသော်၊ရဟန်းယောကျ်ားများက မြတ်စွာဘုရားကို လျှောက်ထားကြလေသည်။

ယခုပြဆိုခဲ့သောအဓိပ္ပါယ်များအရ၊ေါ်းပါးသီလဘို့တွင် ပါဏာဘိပါတကံ၌၊ဒိဋ္ဌိသမ္ပန္နော အရိယသာဝကော ကုန္တံ ကိပိလ္လိကမ္ပိ ဇီဝိတာ နဝေါရောပေတိ။ ။ဒိဋ္ဌိသမ္ပန္နော၊ သောတာပန်ဖြစ်သော။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ ကုန္တံကိပိလ္လိကမ္ပိ၊ ပိုးရွခြပုန်းကိုသော်လည်း။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ န ဝေါရောပေတိ၊ မချ။

ဤသို့လာသော ဒေသနာသည်လည်း စေတနာကိုသာ ယူအပ်ပေသည်။

ဘုရားရှင် လက်ထက်၌ စက္ခုပါလ မည်သော ရဟန္တာသည်၊ နံနက်အခါ စင်္ကြံသွားရာ ပိုးပရွက်များစွာကို နင်းမိသဖြင့်၊ ပုထုဇဉ် အာဂန္တုရဟန်းတို့မြင်၍ ဘုရားရှင်အားလျှောက်ထား ကဲ့ရဲ့ကြလေသော်၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာ-စသော ဒေသနာတော်တရားဖြင့်၊ စက္ခုပါလမထေရ်အား အပြစ်မရှိကြောင်းမျိုးကို ဟောကြားတော်မူလေသည်။

အဒိန္နာဒါန-သိက္ခာပုဒ်နှင့် စပ်သောအရာတို့၌လည်း၊ ခိုးလိုသော စိတ်နှင့် မယူခြင်းကိုသာ မှတ်အပ်ပေ၏။ ဤကဲ့သို့ စေတနာ မရှိဘဲ အရှင်မရှိသောဥစ္စာ၊ အရှင်မရှိဟု မှတ်ထင်သောဥစ္စာ၊ ပံ့သကူဟု ထင်သော ဥစ္စာတို့ကို ယူခြင်းမှုကား၊ အရိယာ ဖြစ်သော်လည်း မကင်းနိုင်ပေ။ မိမိအရပ်တွင်း မိမိချက်မှောက်၌၊ သူတပါးတို့ မေ့ကျန်ရစ်သော ဥစ္စာများကို၊ မပျောက် မပျက်စေရန် သိမ်းဆည်း၍ ထားရာ၏။ ယခုလို သိမ်းဆည်းမထားဘဲ၊ ပျက်စီးပျောက်ဆုံး သွားခဲ့သော်၊ မိမိအပေါ်၌ လောကပြစ် မကင်းဖြစ်တတ်လေသည်။

ဤကဲ့သို့ ခိုးလိုသော စေတနာမရှိဘဲ၊ ယူငင်၍ သိမ်းဆည်းမိခြင်းကြောင့်၊ အရိယာဖြစ်သော်လည်း၊ အရိယာဟု မထင်မှတ်၍ အရိယာ မဟုတ်နိုင်၊ သူခိုးဟု စွပ်စွဲခြင်းပြုပါလျှင်၊ ဘယ် အပေါ်တွင် ဝန်လေးခြင်း အပြစ်များခြင်း ဖြစ်မည်ကို၊ ဆင်ခြင် စဉ်းစားသင့်ပေ၏။ **ကိုယ့်ဝမ်းနာ ကိုယ်သိ** ဆိုသောစကားကဲ့သို့။ တဦးသောသူ၏ စိတ်ထားကို တပါးသူတို့၊ ပကတိသောဉာဏ်နှင့်သိနိုင်ရန် မရှိပေ၊ ကိုယ့်စေတနာကို ကိုယ်သာလျှင် အမှန်သိမြင်နိုင်ပေသည်။

ဝိသာခါ ဒကာမကြီး၊ ကျောင်းတော်တွင် မဟာလတာ တန်းဆာမေ့ကျန်နေရာ၊ သောတာပန်အရိယာဖြစ်သော အရှင်အာနန္ဒာမထေရ်မြတ် ကိုယ်တိုင်ပင်၊ ယူငင်ကိုင်တွယ်၍ သိမ်းဆည်းထားရလေ၏။ ဤသိက္ခာပုဒ်နှင့် စပ်၍ ရဟန်းတို့အား ပညတ်ထားသဖြင့်၊ ဖြစ်ပွါးသော အကြောင်းတို့မှာ များစွာပင်ရှိပေသည်။ ယခုပြဆိုခဲ့သော ရဟန်း အရိယာ၏ သဘောကို ထောက်ထား၍ လူအရိယာ၏ သိက္ခာပုဒ်များ၌ လည်း၊ စဉ်းစားဆင်ခြင်၍ သိမြင်ပွင့်လင်းသင့်လှပေတော့သည်။

ဤသို့ ပါဏာတိပါတ, အဒိန္နာဒါန၏ နည်းကိုအစဉ်မှီး၍၊ ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယသိက္ခာပုဒ် ၃-ပါးတို့၏ အဓိပ္ပါယ်သဘောများကိုလည်း မှတ်သား သိရှိကြပါလေ။ မဂ်ဖြင့် မပယ်ရသေးသောသဘောများ၊ အကျင့်ပါသည်ဟု ပြောကြသော၊ အလေ့ အလာဝါသနာသဘောများတို့မှုကား၊ အရိယာပုဂ္ဂိုလ်တို့၌ ထင်ရှားရှိနေ၍၊ ပကတိသော လူရှင်ရဟန်းတို့၏ အမြင်အသိအားဖြင့်၊ ပုထုဇဉ်တို့နှင့် မထူးမခြားဟု အထင်မှားတတ်သည်ကို၊ များစွာပင် သတိထားသင့်လှပေသည်။

ယခုပြဆိုခဲ့သော စတုတ္ထအင်္ဂါ၏အဓိပ္ပါယ်အရ၊ အရိယာပုဂ္ဂိုလ်တို့ ကိုယ်,နှုတ်,စိတ် ၃-ပါးလုံးပင်၊ ပြစ်မှားလွန်ကျူးမိတတ်ခြင်း၊ ပြုကျင့်မိသမျှကို သိရှိခြင်း၊ သိရှိ၍ နောင်မကျူးမပေါက်အောင် စောင့်ရှောက်ခြင်း၊ အမှုကိုဖုံးလွှမ်းမထားဘဲ လျင်မြန်စွာ ပြောကြားခြင်းဟူသော စကား၌၊ ကျမ်းဂန် ပါဠိများသည်၊ ဂဏ္ဌိရတ္တ ပကာသနီကျမ်း ပစ္စဝေက္ခဏာကဏ္ဍတွင် ပါရှိလေပြီ၊ သိလိုလျှင် ရှာဖွေကြည့်ရှုကြပါလေ။

ဤသို့ပြဆိုခဲ့ပြီးသော၊ အရိယာ သောတာပန်တို့၏ စိတ်သန္တာန်၌၊ နိစ္စမြဲမြဲ အမှန်တည်ရှိသော အင်္ဂါ ၄-ပါး၏သဘောလက္ခဏာကို တွေ့မြင်သဖြင့်၊ ယခုအခါတွင် အရိယာဟု အထင်အမှတ်ရှိသော ပုဂ္ဂိုလ်များသည်၊ ဘုရား၌ ယုံကြည်ခြင်းသဒ္ဓါ၊ တရား၌ ယုံကြည်ခြင်းသဒ္ဓါ တရားတို့ လှုပ်ရှား မလှုပ်ရှား။ လူရဟန်း သီတင်းသုံးဖော်တို့၊ ပူဇော်မြတ်နိုးဘွယ်ရာဖြစ်သော၊ ဒိဋ္ဌိ, ဝိစိကိစ္ဆာ ကင်း မကင်း။ ငါးပါးသီလ လုံ မလုံ။ ရှေးအခါနှင့် ယခုဖြစ်ပုံ၊ အင်္ဂါ ၄-ပါးနှင့်ပြည့်စုံ မပြည့်စုံသည်များကို၊ စဉ်းစားဆင်ခြင်၍ ပြည့်စုံ ညီညွတ်ပါလျှင်၊ အမှန်ပင် သောတာပန်ဟု မှတ်ယူသင့်လှပေတည်း။

**သောတာပန်၏ စတုတ္ထအင်္ဂါအဓိပ္ပါယ်ကို ပြဆိုခြင်းပြီး၏။**

## အရိယာသူမြတ်တို့ ပြောအပ်၊ မပြောအပ်သည်ကို ပြဆိုခြင်း

ယခုအခါ မြန်မာပြည်၊ အချို့သော မြို့ရွာတို့၌၊ အရိယာပုဂ္ဂိုလ်များ ရှိကြောင်းနှင့် သတင်းကောင်းဖြစ်ပွား ကြားသိရပေ၏။ ဘဘန် အချို့သောပုဂ္ဂိုလ်များက၊ အရိယာဟု ပြောကြားခြင်း၊ အချို့သော ပုဂ္ဂိုလ်များက၊ မပြောမဆိုအပ်ဟု ကဲ့ရဲ့ပြစ်တင်ခြင်းများ၊ ဖြစ်ပွားကြောင်းနှင့် ကြားသိရပေ၏။ ဤစကားအရဖြင့် အရိယာပုဂ္ဂိုလ်များတို့၊မိမိအရိယာ ဖြစ်ကြောင်း ပြောအပ် မပြောအပ်သည်ကို၊သိမှတ်ရန်ကျမ်းထွက်နှင့် အမြွက်မျှပြဆိုပေအံ့။

> စတူဟိ ဘိက္ခဝေ သောတာပတ္တိယင်္ဂေဟိ သမန္နာဂတော အရိယသာဝကော အာကင်္ခမာနော အတ္တနာဝ အတ္တာနံ ဗျာကရေယျ။ ခီဏနိရယောမှိ၊ ခီဏတိရစ္ဆာန ယောနိ၊ ခီဏပေတ္တိဝိသယော၊ ခီဏာပါယ ဒုဂ္ဂတိဝိနိ ပါတော၊ သောတာပန္နောဟ မသ္မိ အဝိနိပါတဓမ္မော နိယတော သမ္ဗောဓိပရာယနော၊ သတ္တက္ခတ္တုပရမံ ဒေဝေစ မနုဿေစ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿာ မိတိ။ (နေတ္တိ၊ သုတ်မဟာဝါ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ သောတာပတ္တိ ယင်္ဂေဟိ၊ သောတာပန်၏အင်္ဂါ လက္ခဏာတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ အရိယသာဝကော၊ အရိယာဖြစ်သော တပည့်သည်။ အာကင်္ခမာနော၊ အရိယာ၏တရားကို ပြောကြား လိုသည်ရှိသော်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဗျာကရေယျ၊ ပြောကြားရာ၏။ ကိံ ဗျာကရေယျ၊ အဘယ်လို ပြောကြားရမည်နည်းဟူမူကား။ အဟံ၊ ငါသည်။ ခီဏနိရယော၊ ကုန်ပြီးသော ငရဲဘဝရှိသည်။ အမှိ၊ ဖြစ်၏။ ခီဏတိရစ္ဆာနယောနိ၊ ကုန်ပြီးသော တိရစ္ဆာန်ဘဝရှိသည်။ အမှိ၊ ဖြစ်၏။ ခီဏပေတ္တိဝိသယော၊ ကုန်ပြီးသောပြိတ္တာဘဝရှိသည်။ အမှိ၊ ဖြစ်၏။ ခီဏာပါယဒုဂ္ဂတိ ဝိနိပါတော၊ ကုန်ပြီးသောအပါယ်ဒုဂ္ဂတိဘဝသို့ကျခြင်းရှိသည်။အမှိ၊ဖြစ်၏။အဟံ၊ငါသည်။ သောတာပန္နော၊သောတာပန်သည်။ အသ္မိ၊ဖြစ်၏။ အဝိနိပါတဓမ္မော၊ ဖရိုဖရဲကျခြင်းသဘောမရှိသည်။အသ္မိ ဖြစ်၏။နိယတော၊မြဲသော ဂတိ ရှိသည်၊ အသ္မိ၊ ဖြစ်၏။ သမ္ဗောဓိပရာယနော၊ အထက်မဂ်သို့ လည်း လျှောင်းရာရှိသည်။ အသ္မိ၊ဖြစ်၏။ သတ္တက္ခတ္တုပရမံ၊ ၇-ကြိမ်အလွန်။ ဒေဝေစ၊ နတ်ပြည်၌ရင်း။ မနုဿေစ၊ လူ့ပြည်၌ရင်း။ သန္ဓာဝိတွာ၊

ပြေးသွား၍၊ သံသရိတ္ထွာ၊ကျင်လည်၍။ ဒုက္ခသာ၊ ဝဋ်ဆင်းရဲအပေါင်း၏။ အဆုံး၊ အဆုံးဖြစ်သောနိဗ္ဗာန်ကို။ ကရိသာသမိ၊ အာရုံပြု၍ရောက်ရပေဘော့အံ့။ ဣတိ၊ ဤလို။ ဗျာကရေယျ၊ ပြောကြားရာ၏။

ဤသို့ဟောကြားတော်မူသော သုတ္တန်ဒေသနာများ၌၊ လူရဟာန်းမပိုင်းခြားဘဲ၊ သာမညဖြစ်သော အရိယာပုဂ္ဂိုလ်တို့အား ပြဆိုပေ၏။ သို့သော်၊ သူတပါးကို မပြောကြားရဟု မတားမြစ်။ ပြောကြားသော်၊ ဘယ်အပြစ်ဟု မလာမရှိပေ။ ၎င်း အဓိပ္ပါယ်သွားမျိုးကို၊ သံယုတ်ပါဠိတော်များ၌လည်း ဟောကြားတော်မူသေး၏။

အထူးမှာ အထက်တွင်ပြဆိုခဲ့သော၊အင်္ဂါ ၄-ပါးနှင့်ပြည့်စုံသည့် အရိယာသောတာပန်တို့၊ ၇-ကြိမ် အလွန်ဆိုသည်ကို၊ လူ့ဘုံ နတ်ဘုံ၌ဖြစ်သော ကာမဘဝဟု မှတ်ယူအပ်၏။ အနာထပိဏ်,ဝိသာခါစသည့်တို့ကဲ့သို့။ ဝဋ္ဋာဘိရတ ပုဂ္ဂိုလ်များ ကျင်လည်ကြ၍၊ ရူပဘုံ,အရူပဘုံတို့၌ဖြစ်သော၊ ဘဝ အကြိမ်များမှာမူကား၊ အပိုင်း အခြား မရှိပေ။ နေလိုသမျှပင် ကြာရှည်စွာတည်နိုင်ကြသည်ဟု၊ ယုံကြည်မှတ်သားကြပါလေ။

ဝိနည်းဒေသနာတော်များ၌၊ဈာန်မဂ်ဖိုလ်တရားကို မပြောမကြားရ။ အယုတ်ဆုံးအားဖြင့် ဆိတ်ငြိမ်ရာအရပ်၌၊ပျော်ပိုက်သည်ဟူ၍မျှ မပြောကြားရ။ ဤကဲ့သို့ မရမရှိ မသိမမြင်ဘဲလျက်၊ ရရှိ သိမြင်သည်ဟု လိမ်လည်လှည့်စား ဝါကြွား၍ပြောကြားပါလျှင်၊ ပါရာဇိက အာပတ်သင့်စေဟု အပြစ်နှင့်တကွ မြစ်တား၍၊ ရဟန်းများအား မူလပညတ်ထားတော်မူ၏။

တဘန် **အညတြ အဓိမာနာ**။ ။အဓိမာနာ၊ အဟုတ်တကယ်ရ၏ဟုထင်သည့်ကို။အညတြ၊ ကြဉ်ထား၍ဟု-နောက်ထပ် အနုပညတ်ထားတော်မူ၏။ ဝိပဿနာအလုပ်ကို အဟုတ်အားထုတ် ကျင့်ကြံသဖြင့်၊ တရံတခါမျှ မဖြစ်ဘူး မကြုံဘူးဘဲ၊ ထူးကဲသော အသိဉာဏ်ဖြစ်၍၊ အမှန်ပင်မဂ်ဖိုလ်ကို ရသည်ဟုထင်မှတ်သဖြင့်၊ ပြောကြားသော ရဟန်းအား၊ ပါရာဇိက အာပတ်မသင့်ဆိုလိုသည်။

ထို့မှတပါး၊ ဈာန်မဂ်ဖိုလ်တရားကို ရသောရဟန်းများသည်၊ လူသာမညတို့အား အမှန်အတိုင်းပြောကြားလျှင်၊ပါစိတ်အာပတ်သင့်စေဟု အပြစ်နှင့်တကွ မြစ်တား၍ ပညတ်ထားပြီး၊ သေချိန်နီးသောအခါ အနိုင်အထက်နှိပ်စက်၍ မေးသောအခါ၊ အကျိုးများမည့်နေရာ

အပြစ်ရောက်မည့်နေရာ စသည်ဖြင့်၊ အကြောင်းအခွင့်သင့်လျှင်၊ ပြော ကြားရာ၏ဟု ခွင့်ပြုတော်မူပြန်၏။

> ဒိဋ္ဌာသဝါနံ ကိရ ဒွေ အာကာရာ ဟောန္တိ။ အဟော ဝတ မယာ ပဋိဝိဒ္ဓဂုဏံ သဒေဝကော လောကော ခိပ္ပ မေဝ ပဋိဝိဇ္ဈေယျာတိ စိတ္တံ ဥပ္ပဇ္ဇတိ။ ပဋိဝိဒ္ဓဘာဝံ ပန နိမိလဒ္ဓပုရိသော ဝိယ၊ န အညဿ အာရောစေတုကာမာ ဟောန္တိ။ (သံယုတ်အဋ္ဌကထာ)

ဒိဋ္ဌာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဒွေ အာကာရာ၊ ၂-ပါး သော အခြင်းအရာတို့သည်။ ဟောန္တိ ကိရ၊ အမှန်စင်စစ်ဖြစ်ကုန်၏။ မယာ၊ ငါသည်။ ပဋိဝိဒ္ဓဂုဏံ၊ ထိုးထွင်း၍သိအပ်သော မဂ်ဖိုလ်တရား ထူးကို။ သဒေဝကော၊ နတ်နှင့်တကွသော။ လောကော၊ လူရဟန်း အပေါင်းသည်။ခိပ္ပမေဝ၊လျင်မြန်စွာသာလျှင်။ပဋိဝိဇ္ဈေယျ၊ ထိုးထွင်း၍ သိပါမူကား။ အဟောဝတ၊ ဆင်းရဲလွတ်ကင်း ချမ်းသာခြင်း ဖြစ်၍ စင်စစ် ကောင်းလေစွတကား။ ဣတိ၊ ဤသို့။ စိတ္တံ၊ကရုဏာစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပဋိဝိဒ္ဓ ဘာဝံပန၊ မိမိ မဂ်ဖိုလ်တရားကို ထိုးထွင်း၍ သိသည်၏အဖြစ်ကိုကား။ နိမိလဒ္ဓ ပုရိသော ဝိယ၊ ရွှေအိုးကိုရသော ယောကျ်ားကဲ့သို့။ အညဿ၊ တပါးသောသူအား။ အာရောစေတု ကာမာ၊ ပြောကြားခြင်းငှါ အလိုရှိကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

ဤအဋ္ဌကထာ၌၊ ရဟန္တာဟုပါရှိရာ နည်းပြမျှသာ။ အောက်မဂ် အောက်ဖိုလ်ဖြစ်သော အရိယာများကိုလည်း၊ ဤသဘောမျိုးပင် မှတ် ယူအပ်၏။မဂ်ဖိုလ်တရားကို ရွှေအိုးရသောယောကျ်ားနှင့် ဥပမာပြရာ၊ လောက၌ ရွှေအိုးရသောသူသည်၊ အခြားသောသူများကို မပြောကြား လိုသော်လည်း၊ ချစ်ခင်သောသူ ယုံကြည်စိတ်ချရသည်ဟု ထင်သော သူတို့အား၊ ပြောကြားလိုသည်မှာ အမှန်ဖြစ်ပေ၏။ဥပမာပြရာ၌၊အယူ အဆမမှန်လျှင် ဘောက်ပြန်ယွင်းမှားတတ်လှ၍၊ အထူးပင် သတိထား အပ်ပေသည်။

ထို့အတူပင်လျှင်၊ မဂ်ဖိုလ်ရသောသူသည်၊ တွေ့ရာ မြင်ရာပုဂ္ဂိုလ် များကို မပြောကြားလိုသော်လည်း၊ ချစ်ခင်သောသူ အကျိုးစီးပွား များသောသူတို့အား၊ ပြောကြားလိုသောစိတ်သည် လွန်စွာဖြစ်ပွား တတ်၏။ မြတ်စွာဘုရားသည်၊ ရှေးဦးစွာ အာဠာရ, ဥဒက ပဉ္စဝဂ္ဂီတို့

အား ဟောကြားလိုခြင်း။ဥပတိဿသည်၊ ရှင်အဿဇိတရားကိုနာ၍ မဂ်ဖိုလ်ရသောအခါ၊ကောလိတကို ပြောလိုသောဝိတက်ဖြစ်၍၊တရားသို့ စိတ်မသက်ဝင်နိုင်ဘဲရှိလေ၏။ အချင်းခပ်သိမ်းမပြောလိုဟု မမှတ်အပ်။ ဟုတ် မဟုတ်ကို အားထုတ်သူ ရသူတို့မှတ်သိနိုင်ပေသည်။

ယခုပြဆိုခဲ့သော၊သုတ္တန်,ပိနည်း ဒေသနာတော်များနှင့်၊အဓိပ္ပါယ်သဘောသွားကို စဉ်းစား ဆင်ခြင်ရန်မှာ၊ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့၊အပြန်အလှန်ပင် မဂ်ဖိုလ်ရသောစကားကို ပြောကြ၏။ မာတိကာ ဒကာမကြီးအား ရဟန်းတပါးက ဈာန်မဂ်ဖိုလ်တရားကို ရသလောဟု မေးရာ၊ အဘိညာဉ်ရသောသူတို့ သိ၏ဟု၊ ဉာဏ်ရှိလျှင်သိမြင်လေအောင် တိမ်းရှောင်၍ ပြောကြားလိုက်၏။ ဆွမ်းခံသောရဟန်း ၂-ပါးတွင်၊ အငယ်က မိမိသောတာပန်ဟုပြော၍၊ အကြီးကရဟန္တာဟုပြော၏။ ၎င်းအကြောင်းမှာ၊ ဂန္ထိရတ္တပကာသနီကျမ်း၌ အကျယ်ပါရှိလေသည်။

၎င်းပြင်၊ သုမနဒေဝီ သေခါနီးတွင်၊ အဘဖြစ်သော အနာထပိဏ်သူဌေးကြီးကို မောင်ငယ်ဟုခေါ်လေရာ၊ သူဌေးမှာ သောတာပန်မျှသာ၊ သမီးမှာ သကဒါဂါမ်ဖြစ်၍ မဂ်ဖိုလ်တရားကြီးသောကြောင့်၊ မောင်ငယ်ခေါ်သည်ဟု မြတ်စွာဘုရား ဟောကြားတော်မူ၏။

တဘန် သီဟိုဠ်ကျွန်း၌ ရဟန္တာတပါး၊ အသက်အရွယ်ကြီးမှ ပရိနိဗ္ဗာန်ပြုမည်ဟု၊ ကောလာဟလစကား ဖြစ်ပွား၍ မင်းနှင့်တကွ လူအများလာကြရာ၊အနီးသို့ရောက်သောအခါ ဝေဒနာဘိစီး၍ ညည်းညူသဖြင့်၊ မင်းနှင့်တကွ လူများ ပြန်သွားသည်ကို၊ အလုပ်အကျွေး ရဟန်းငယ်လျှောက်ထား၍ တရားကိုနှလုံးသွင်းရာ၊ ခဏခြင်း ရဟန္တာဖြစ်၍၊ မင်းနှင့်တကွ လူအများကို ခေါ်ခိုင်းလေ၏။

ဓမ္မာသောကမင်းကြီးက၊ တန်ခိုးပြပါဟု လျှောက်၍၊ ဘယ်တန်ခိုးမျိုးကိုမြင်လိုသနည်းဟု အရှင်မောဂ္ဂလိပုတ္တတိဿမထေရ်က မေးသဖြင့်၊ မြေလှုပ်သည်ကိုမြင်လိုကြောင်း လျှောက်သောအခါ၊အကုန်လှုပ်သည်ကို မြင်လိုသလား၊ တဝတ်တစိတ်လှုပ်သည်ကို မြင်လိုသလားဟု မေးရာ၊ ဘယ်ဟာက ခက်ပါသနည်းဟုလျှောက်၏။ ထိုအခါ ခွက်၌ရှိသောရေ အကုန်လှုပ်သည်နှင့်၊တဝက်တစိတ် လှုပ်ခြင်းမှာ၊ ဘယ်သင်းက ခဲယဉ်းသနည်းဟု မထေရ်က မေး၍၊ တဝက်တစိတ် လှုပ်သည်က ခဲယဉ်းကြောင်းလျှောက်ရာ၊ထိုအတူပင်ဟု မိန့်တော်မူသဖြင့်၊တဝက်

တစိတ် မြေလှုပ်သည်ကို ဘန်ဆင်းပါဟုလျှောက်၍၊ ထင်ရှား သိသာ လောက်သောတန်ခိုးကို အမျိုးမျိုးပြတော်မူ၏။

ထိုမှတပါး မြတ်စွာဘုရားသည်၊ ရာဇဂြိုဟ်သူဌေးနှင့် ရှင်ပိဏ္ဍောလ မထေရ်တို့၏ဝတ္ထုကို အကြောင်းပြု၍၊ သာဝကများ တန်ခိုးမပြရဟု မြစ်တားပညတ်တော်မူ၏။ တဘန် မိဒွေးတော်ဂေါတမီ ပရိနိဗ္ဗာန် ပြုခါနီးတွင်၊ အသိအမြင်နည်းပါးသော သူတို့သည်၊ ဈာန်မဂ်ဖိုလ် တရားကို၊ မိန်းမများမရနိုင်ဟု မှတ်ထင်ကြကုန်၏၊ ထိုသူတို့၏ မိစ္ဆာ ဉာဏ်ကို ပယ်လှန်ဖျောက်ဖျက်စေခြင်းငှါ၊ တန်ခိုးပြာဋိဟာပြရန် မြတ်စွာဘုရားပင် မိန့်တော်မူ၍၊ အမျိုးမျိုးသော တန်ခိုးကို ဘန်ဆင်း ပြရလေသည်။

ထီနံ ဓမ္မာဘိသမယေ၊ ယေ ဗာလာ ဝိမတိံ ဂတာ။
တေသံ ဒိဋ္ဌိပဟာနတ္ထံ၊ ဣဒ္ဓိံ ဒဿေဟိ ဂေါတမိ။ ။

ဂေါတမိ၊ မိဒွေးတော် ဂေါတမီ။ ထီနံ၊ မိန်းမတို့၏။ ဓမ္မာဘိသမယေ၊ ဈာန်မဂ်ဖိုလ်တရားကို ရခြင်း၌။ ယေဗာလာ၊ အကြင်သူမိုက်တို့သည်။ ဝိမတိံ၊ တွေးတောယုံမှားခြင်းသို့။ ဂတာ၊ ရောက်ကြကုန်၏။ တေသံ၊ ထိုသူတို့၏။ ဒိဋ္ဌိပဟာနတ္ထံ၊ မိစ္ဆာအယူမှ စင်ပြုလွတ်ကင်းစေခြင်းငှါ။ တွံ၊ သင် မိဒွေးတော်သည်။ ဣဒ္ဓိံ၊ တန်ခိုးပြာဋိဟာကို။ ဒဿေဟိ၊ ပြပါလေလော။

ဤသို့လာရှိသော ဝတ္ထုများအရ၊ အပြစ်နှင့်တကွ သိက္ခာပုဒ် ပညတ် ထားသော၊ ရဟန်း အရိယာများပင်လျှင်၊ အကြောင်းအားလျော်စွာ၊ ပုဂ္ဂိုလ်နှင့်အခါကို ထောက်ချင့်၍၊ ပြောသင့်က ပြောကြားတော်မူကြ သေးသဖြင့်၊ လူဖြစ်သော အရိယာများမှာမူကား၊ ဈာန်မဂ်ဖိုလ်တရား ကို ပြောကြားခြင်းကြောင့်၊ အပြစ်ရှိလေသလား မရှိလေသလားဟု၊ ယုံမှားတွေးတောရန် မသင့်ပေ။ အကြောင်းအခွင့်ကို ထောက်ချင့်၍၊ အကျိုးနှင့် စပ်လျဉ်းက၊ သူမြတ်တို့၏ ဓမ္မတာသဘောအတိုင်း၊ ပြော ကြားသည်ဖြစ်၍ အပြစ်လွတ်ကင်း၊ ကောင်းမြတ်ခြင်းပင်ဟု သိမြင် ယုံကြည်စွာ မှတ်ယူကြပါလေ။

သဘောမှာ၊ တန်ခိုးမပြရဟု မြစ်တားတော်မူရာ၌၊ ပြသောသူမှာ အပြစ်ရှိ၍ မဟုတ်။ ဥပလဝဏ်အလောင်းက၊ ကောင်းကင်၌ ပစ္စေက ဗုဒ္ဓါတို့ ဈာန်ကြွသည်ဟုဆိုရာ၊ ရင်းဓါးခင်ပွန်းယောက်ျား လယ်သမား

က၊ ပဇ္စေကဗုဒ္ဓါမဟုတ်၊ ရဟန်း၄ာက်ဟု ပြောသကဲ့သို့ဌင်း။လောကီကို လိုက်စားသူတို့က၊ ဂန္ဓာရီဝိဇ္ဇာအတတ်ဟု ထင်မှတ်တတ်၍ဌင်း။ ဤသို့ စသည်ဖြင့် တွေ့မြင်သောသူတို့က၊ မိမိတို့ထင်ရာပြောကြား ပြစ်မှား တတ်၍၊ထိုဉာဏ်ပညာနည်းပ ါးသည့် တွေ့မြင်သောသူတို့အား၊အပြစ် မများစေခြင်း၄ါသာ၊ ပြစ်တားတော်မူ၏ဟု မှတ်ယူအပ်ပေသည်။

တဘာန် မဂ်ဖိုလ်တရားကို၊ မပြောကြားရဟု ပြစ်တားတော်မူရာ၌ လည်း၊ ပြောကြားသောသူတို့မှာ အပြစ်ရှိ၍ မဟုတ်၊ရှင်ကစ္စည်းအား စိတ်ပြစ်မှားသော၊ သောရေယျသူဌေးသား မိန်းမ ဖြစ်သွားသကဲ့သို့ ဌင်း။ပိတ်ချင်းသီး တင်လာသော လှည်းသမားကို၊ ဘာတင်လာသလဲ ဟု ရှင်ပိလိန္ဒဝစ္ဆမထေရ်က မေးရာ၊ဒေါသစိတ်ထားပြီး ကြွက်ချေးဟု ပြောကြားမိ၍၊ လှည်းတစီးလုံး ပိတ်ချင်းသီးတွေ၊ ကြွက်ချေးဖြစ်သွား သကဲ့သို့ဌင်း။မတင့်တယ်သောနေရာ၌၊ယာဂုသောက်မိသော ရဟန္တာ အား၊စိတ်ပြစ်မှားသော သောတာပန်ရဟန်းငယ်၏ အထက်မဂ်ဖိုလ် တရားကို ပြစ်တားသကဲ့သို့ဌင်း။ဤသို့စသည်ဖြင့် ပြော၍ကြားသိသော သူတို့သည်၊သဘောဉာဏ်မမှီ၍ မယုံကြည်ဘဲ၊ အလွဲအမှား ပြစ်တင် ပြောဆိုကြား၊အပြစ်များတတ်လှ၍ ထိုသူတို့ အပြစ်မဖြစ်ပွါးစေခြင်း ၄ါသာ၊ ပြစ်တားတော်မူ၏ဟု မှတ်ယူအပ်ပေသည်။

စဉ်းစားရန်မှာ၊သာသနာသက္ကရာဇ် ၁၆၀၁-ခုနှစ်၌၊ သထုံ ရာဇာ မနူဟာမင်းကို အနော်ရထာမင်းနိုင်၍၊ ပိဋကတ်နှင့် ရဟန္တာများကို ပင့်လာသည်။ ၎င်း အနော်ရထာမင်း၏မြေးလက်ထက်၊ဟိမဝန္တာ နန္ဒမူ လိုဏ်က ရဟန္တာများ၊ ကြွလာသည်ဟု ရာဇဝင် သာသနာစာတမ်း၊ ပိဋကသမိုင်းကျမ်းတို့၌ဆို၍၊၎င်းမှနောက်၌ မြန်မာပြည်တွင်၊အရိယာ ဟူသောစကားမျှပင် ကွယ်ပျောက်နေရာ၊ နှစ်ပေါင်း ၆၀၀၊ ၇၀၀- ကျော်ခန့်အခါ၊ သာသနာသက္ကရာဇ် ၂၄၆၂-ခု၊ ဂေါဇာသက္ကရာဇ် ၁၂၈၀-ပြည့်နှစ်လောက်ကစ၍၊ မြန်မာပြည် အချို့သောဌာန၌၊ ရဟန်း အရိယာ,လူအရိယာ ရှိကြောင်းဖြင့်၊ သတင်းကောင်း ဖြစ်ပွါးလာရာ၊ ကဲ့ရဲ့ ပြစ်တင်ရန်မသင့်ဘဲ၊ သာသနာနှင့် အခါအခွင့်အားလျော်စွာ၊ ဝမ်းမြောက်ဝမ်းသာနှင့် သဒ္ဓါတရားဖြစ်ပွါးရန်သာ ကောင်းလှပေ သတည်း။

သို့သော်လည်း၊ပဋိဝေဓသာသနာ ကြီးပွါး၍၊မြတ်စွာဘုရား သက် တော်ထင်ရှားရှိသော အခါ၌ပင်လျှင်၊ ပုထုဇဉ်ရဟန်းများက စကျွ၊

ပါလမထေရ်ကို၊ ရဟန္တာဆိုလျက် သူ့အသက် သတ်သေးသလားဟု ပြောခြင်း။ ပစ္စေကဗုဒ္ဓါတို့ တန်ခိုးအဘိညာဉ် ပျံသန်းသည်ကို၊ ဌက် ရဟန်းဟု ပြောခြင်းများကိုထောက်စာ၍၊ပဋိဝေဓသာသနာတော်ကြီး မှေးမှိန်သောအခါ၌မူကား၊ အဆိဘျာဏ်နည်းပါးသူတို့ များစွာပင်ဖြစ် တင်ပြောကြားမည်ဖြစ်၍၊အရိယာပုဂ္ဂိုလ်များသည်၊ထိုသူတို့ကို ငဲ့ညှာ သနားပြီး၊ စဉ်းစား၍ ပြောကြားသင့်လှပေသည်။

အရိယာသူမြတ်တို့ ပြောအပ် မပြောအပ်သည်ကို
ပြဆိုခြင်းပြီး၏။

---

## အရိယာသောတာပန်ဟု သိနိုင်ရန်အကြောင်းကို ပြဆိုခြင်း

မြတ်စွာဘုရား သာသနာတော်၌၊ အရိယာသောတာပန်ဟူ၍၎င်း။ တရားထူးရှိသော သူတော်ကောင်းဟူ၍၎င်း သိခြင်းသည်၊ သူတပါး တို့က မျက်စိမြင် နားကြား၍ သိခြင်း၊ မိမိကိုယ်ကို မိမိစိတ်ဖြင့် သိခြင်း ဟူ၍ ၂-မျိုးရှိ၏။ ထို ၂-မျိုးတို့တွင်၊ အမူအရာကို မြင်ရုံ, ပြောသံ ကြားရုံနှင့်၊ ဤသူကား အရိယာသောတာပန်၊ တရားထူးရှိသောသူ ဟူ၍ သူတပါးတို့က သိနိုင်ပုံမှာ၊ ဤကျမ်းတွင် ပြဆိုထားသော၊ ရှင် အဿဇိနှင့် ဥပတိဿတို့ဝတ္ထု၊ ဗိမ္ဗိသာရမင်းကြီးနှင့် ခေမာမိဖုယား တို့ ဝတ္ထု၊ ပိဏ္ဍပါတ်ဆောင်ရဟန်းငယ်နှင့် အလုပ်အကျွေးဒကာမကြီး တို့ဝတ္ထုများဖြင့်၊ ထင်ရှားစွာသိရှိနိုင်ပေသည်။

၎င်းပြင်၊ မိမိကိုယ်ကို မိမိစိတ်ဖြင့်၊ အရိယာသောတာပန်ဟု အမှန် သိနိုင်ပုံမှာ၊ အထက်တွင် ပြဆိုခဲ့သော၊အရိယာသောတာပန်၏ အင်္ဂါ ၄-ပါး၊ ဂန္ဓီရဇ္ဇပကာသနီကျမ်း၌ ပြဆိုသော၊ မဟာပစ္စဝေက္ခဏာ ၇-ပါးတို့၏ သဘောအဓိပ္ပါယ်များကို၊ ကြည့်ရှုမှတ်သား၍ ထင်ရှား စွာ သိမြင်လောက်ပေ၏။ အထူးအားဖြင့်မူကား၊ အရိယာသောတာ ပန် မှန်ခဲ့ပါလျှင်၊ ဘုရားရှင် ပညတ်တော်မူထားသော အရိယာတို့၏ သီလတရားကို၊ မိမိအသက်ပင် စွန့်စား၍ ဖြစ်မှားလွန်ကျူးလိုသော အမှုဖြင့်၊ ဘယ်တော့မှ မပြုမလုပ်တော့ပြီဟု မှတ်ယူပါလေ။

ပါတိမောက္ခံ ဝိသောစေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။ ။

ပါတိမောက္ခံ၊ ပါတိမောက္ခ ကျင့်သီလကို။ ဝိသောဓေန္တော၊ဖြူစင်အောင် သုတ်သင်ရှင်းလင်းသောသူသည်။ ဇီဝိတံ၊မိမိအသက်ကို။အပ္ပေဝ ဇဟော၊ စွန့်သော်လည်း စွန့်လိုက်ရာ၏။ လောကနာထေန၊လူသုံးပါးတို့၏ကိုးစားရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ပညတ္တံ၊မပြုအပ်ဟု တားမြစ် ပညတ်တော်မူအပ်သော။ သီလသံဝရံ၊ လုံခြုံအောင်ကျင့်ကြံစောင့်ရှောက်အပ်သော သီလတော်မြတ်ကို။ န ဘိန္ဒေ၊ မချိုးမဖျက်ရာသတည်း။

ဤဒေသနာအရ၊ သီလအာစာရ ကုလပုတ္တဖြစ်သော၊ပုထုဇဉ် လူရှင်ရဟန်းအချို့သည်လည်း၊ မိမိတို့၏သီလအတွက်နှင့် အသက်ကို စွန့်ရဲကြ၏။သို့သော်လည်း၊ မပြောဆိုလောက် တယောက်တလေမျှသာဖြစ်၍၊ ဓမ္မတာသဘောမဝင်သဖြင့် ဤအရာတွင် ပမာဏမဟုတ်ပေ။ အရိယာ ပုဂ္ဂိုလ်များမှာမူကား၊ ဓမ္မတာ သဘောဟရားအတိုင်းဖြစ်၍၊ စင်စစ် အမှန်မြဲမြံ လုံခြုံသဖြင့်၊ အားလုံးပင် ပြည့်စုံကြလေသည်။

မာဂဏ္ဍီ၏ကြံစည်ခြင်းကြောင့်၊ဥတေနမင်းအာဏာဖြင့် သာမာဝတီထံသို့ ကြက်အရှင်များပို့၍၊ကြော်ချက်ရန် ခိုင်းစေရာ၊ သာမာဝတီမှာ သောတာပန်ဖြစ်၍၊မပြုမလုပ်ရန် ငြင်းဆန် ပယ်ရှားလိုက်လေ၏။မင်း၏အာဏာကို ငြင်းပယ်ခြင်းသည်၊ အသက်၏ အန္တရာယ်ဖြစ်၍၊အရိယာစစ် မဟုတ်ခဲ့လျှင် ပြုလုပ်သော်လည်း ပြုလုပ်ရာ၏။ယခုမှာ မိမိအသက်ကို မငဲ့ကွက်ဘဲ၊ ရဲဝန့်စွာပင် မင်းအာဏာကို ပယ်ဖျက်လေ၏။ ထို့ကြောင့်၊ ပုထုဇဉ်အဖြစ်၌တည်သော စိတ်ထားနှင့်၊ အရိယာအဖြစ်၌တည်သော စိတ်ထားကို ပိုင်းခြား၍သိရှိကြပါလေ။

တဘန် မိမိကိုယ်ကို၊ အရိယာသောတာပန်ဟု အမှန်သိနိုင်ရန်မှာ၊ ကိုယ်,နှုတ်ဖြင့် မပြုလုပ်ဘဲ၊ လွတ်ကင်းအောင် ရှောင်ရှားမှုတွင်သာ မဟုတ်သေး၊ အသက်အန္တရာယ်ဘေးကိုပြုတတ်သော ဒါးမြသူခိုး လူဆိုးတို့သည်၊ အရိုးနှစ်ဘက်တပ်သော လွှသွားဖြင့်၊ ခန္ဓာကိုယ်ကို ပိုင်းဖြတ်ငြားစေကာမူ၊ ထိုသူတို့အား ရန်ညှိုးထား၍ ပျက်ပြားအောင်၊ ပြန်လှန်ပြုလုပ်လိုသော စိတ်အကြံမျှပင်လျှင်၊သောတာပန်တို့သန္တာန်၌ မဖြစ်ဟု မြတ်စွာဘုရားဟောကြားတော်မူ၏။

ဥဘတောဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန စောရာ
ဩစရကာ အင်္ဂမင်္ဂါနိ ဩက္ကန္တေယျုံ၊ တတြာပိ ယော
မနောပဒေါသေယျ နမေသော တေန သာသနံ ကရောတိ။

(မူလပဏ္ဏာသပါဠိတော်)

ဘိက္ခဝေ၊ရဟန်းတို့။ ဩစရကာ၊ အယုတ်ကို ပြုတတ်ကုန်သော။ စောရာ ဒါးမြသူခိုး လူဆိုးလူမိုက်တို့သည်။ဥဘတောဒဏ္ဍကေန၊အရိုးနှစ်ဘက်တပ်သော။ ကကစေနပိ၊ လွှကြီးဖြင့်လည်း။ အင်္ဂမင်္ဂါနိ၊ ကိုယ်ခန္ဓာအင်္ဂါကြီးငယ်တို့ကို။ စေ ဩက္ကန္တေယျုံ၊ အကယ်၍ တိုက်ဆွဲလှီးဖြတ်ကုန်ငြားအံ့။တတြာပိ၊မတရားအမှု ပြုကျင့်လွန်မိုက် ထိုသူ၌လည်း။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ စေ မနောပဒေါသေယျ၊ ရန်တုံ့တဘန် မကောင်းကြံငြား အကယ်၍ပျက်စီးလောက်အောင် စိတ်ပြစ်မှားအံ့။ သော၊ထိုပုဂ္ဂိုလ်သည်။ တေန၊ ထိုသို့အမျက်ထွက်သောအား ပျက်စီးလောက်အောင် စိတ်ပြစ်မှားခြင်းကြောင့်။ မေ၊ ငါဘုရား၏။ သာသနံ၊ ဆိုဆုံးမသော စကားတော်ကို။ န ကရောတိ၊ လိုက်နာပြုကျင့်သည် မမည်။ဝါ၊ ငါဘုရား၏ရှေ့ရင်တော်နှစ် အရိယာသောတာပန် အစစ်အမှန်ဖြစ်သည် မမည်။

ဤသို့မြတ်စွာဘုရား ဟောကြားတော်မူသော ဒေသနာအရ၊ ၎င်းသဘောမျိုး စိတ်၌မတည် မရှိပါလျှင်၊ အရိယာသောတာပန်ဟု အမှန်သိအပ်ပေ၏။ ၎င်းသဘောမျိုး စိတ်၌တည် ရှိပါလျှင်၊ အရိယာသောတာပန် အမှန်မဟုတ်သေးဟုသိရာ၏။ သို့သော်၊ မနောပဒေါသ မဖြစ် ဆိုသဖြင့်၊ လုံးလုံး ဒေါသစိတ်မရှိဟု မမှတ်သင့်၊ ဒေါသကို အနာဂါမိမဂ်မှ ပယ်နိုင်သည်ဟု ဆိုသောစကားကို ထောက်ထားပါလေ။

ပုထုဇဉ်မှာ အခွင့်မသာ၍၊ ပြန်လှန်ပြုလုပ်ခြင်း ပြောဆိုခြင်း မရှိသော်လည်း၊ စိတ်၌ကြံစည်ခြင်းမှာ လွတ်ကင်းရန် ခဲယဉ်းပေ၏။ အရိယာ သောတာပန်အစစ် အမှန်ဖြစ်သော ပုဂ္ဂိုလ်မှာမူကား၊ သူတပါးတို့ မတရားနှိပ်စက်ခြင်း၌ ဒေါသပင်မကင်းသေးသော်လည်း၊ စည်းစိမ်အသက် ပျက်စီးလောက်အောင်သာ အမှုမျိုးကို၊ ကိုယ်နှုတ်တို့ဖြင့် ပြုလုပ်ပြောကြားခြင်းကို မဆိုထားဘိ၊ စိတ်၌ပင် ကြံစည်ခြင်း မဖြစ်ပေါ်ပေ။ ၎င်းသဘောမျိုး ရှိမရှိကို သူတပါးတို့ မသိနိုင်ပေရာ၊ ကိုယ့်စိတ်ကို ကိုယ်သာသျှင် သိနိုင်ရာသောသဘောမျိုးပေတည်း။

မာဂဏ္ဍီ၏ အကောက် ကြံစည်မှုကြောင့်၊ သာမာဝတီ စသော မောင်းမငါးရာတို့အား၊ ဥတေနမင်းက လေးနှင့်ခွင်းမည်ပြုရာ၊သာမာဝတီ မိဖုယားသည်၊ မာဂဏ္ဍီအားရင်း မင်းကြီးအားရင်း အမျက်မထားသင့်၊မေတ္တာသာပွါးရမည်ဟု ငါးရာသော မောင်းမတို့အားဆုံးမလေ၏။ ထိုနောက် မင်းကြီး အမျက်ငြိမ်းပျောက်သောအခါ၊ အခွင့်သာ၍ ဆုများပေးသနားရာ။ သာမာဝတီ ပြောကြားပါလျှင်၊ မာဂဏ္ဍီ၏ စည်းစိမ်အသက်သည်၊ ပျက်စီးမည် အမှန်ဖြစ်၏။ ဤသို့သော အရာမျိုး၌၊ စိတ်အကြံမျှပင် မဖြစ်ပေါ်လာပေ။ သောတာပန် ဥတ္တရာအား၊ သိရိမာ ပြည့်တန်ဆာမက၊ ဆီပူနှင့် လောင်းရာ၌လည်း၊ ဥတ္တရာ၏ စိတ်ထားမှာ၊ သာမာဝတီကဲ့သို့ပင် ဖြစ်လေသည်။

အရိယာသောတာပန်ဟု သိနိုင်ရန် ပြဆိုခြင်းပြီး၏။

---

## အရိယာနှစ်မျိုးပြားသည်ကို မှတ်သားရန် ပြဆိုခြင်း

မြတ်စွာဘုရား၏ သာသနာနေဝန်း၊ ထွန်းလင်းတောက်ပဆဲဖြစ်သော ယခုအခါ၌၊ဝိပဿနာကမ္မဋ္ဌာန်းကို ဖြောင့်မှန်သော နည်းလမ်းအရ၊ကျနအောင် အားထုတ်နိုင်ပါလျှင်၊အမှန်ပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်ပေါက်၍၊မဟာသောတာပန် စသော အရိယာပုဂ္ဂိုလ် အဖြစ်များသို့၊ စင်စစ်ရောက်ရှိနိုင်သည်ဟု ပိုင်ပိုင်ကြီးမှတ်ယူ ယုံကြည်အပ်ပေသည်။

ဤကဲ့သို့ ဖြောင့်မှန်သောနည်းလမ်းဖြင့်၊ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို၊ အားထုတ် ပေါက်ရောက်ပြီးသော၊သောတာပန်အရိယာ အစစ်အမှန်ဖြစ်ခဲ့ပါလျှင်၊မဂ်ဉာဏ်ဖြင့်အကုန်အစင် ပယ်သတ်အပ်ပြီးသော အကုသိုလ်ကိလေသာ စသောတရား၊ ကြွင်းကျန်နေသေးသော အကုသိုလ်ကိလေသာ စသောတရား၊ ပေါက်ရောက်သော အကျင့်ပဋိပဒါ စသောတရားတို့ကို၊ မမှားမယွင်း ဖြောင့်စင်းမှန်ကန်အောင်၊ သိမြင်ပြောကြားတတ်ပါမည်လားဟု မေးရန်သင့်ပေ၏။

ထိုအမေးကို အကျဉ်းအားဖြင့်၊သိမြင် ပြောကြားတတ်သူလည်း ရှိ၏။ မသိမြင် မပြောကြားတတ်သူလည်း ရှိ၏ဟူ၍ ဖြေအပ်၏။ ဤနေရာ၌ အဖြေနှစ်မျိုးဖြစ်နေသဖြင့်၊ စောဒနာသဘော တွေးတောသင့်သော အချက်တို့တွင်၊ ရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလာန်တို့အကြောင်းကို ထည့်စွက်၍၊ အဖြွက်မျှပြဆိုပေအံ့။

ဣမာသံ အာဝုသော စတုန္နံပဋိပဒါနံ ကတမန္တေ ပဋိပဒံ
အာဂမ္မ အနုပါဒါယ အာသဝေဟိ စိတ္တံ ဝိမုတ္တံ။

အာဝုသော၊ငါ့ရှင် မောဂ္ဂလာန်။စတုန္နံ၊ လေးပါးကုန်သော။ ဣမာသံ ပဋိပဒါနံ၊ဤအကျင့်တရားတို့တွင်။ကတမံ ပဋိပဒံ၊အဘယ်ပဋိပဒါ အကျင့်ကို။ အာဂမ္မ၊စွဲ၍။ တေ၊ သင်၏။စိတ္တံ စိတ်သည်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ အနုပါဒါယ၊ မစွဲလမ်းမူ၍။ ဝိမုတ္တံ၊ကင်းလွတ် ပါသနည်း။

ဤသို့ ရှင်သာရိပုတ္တရာမထေရ်က မေးမြန်းတော်မူ၏။ ထိုအခါ၊ ရှင်မောဂ္ဂလာန်မထေရ်သည်၊ အထက် မဂ်ဖိုလ်ဉာဏ်ဖြင့် လေးတန် သော အာသဝေါတို့မှ ကင်းလွတ်သဖြင့်၊မိမိကျင့်သော ပဋိပဒါအစဉ် ကို၊ သိမြင် ထင်လင်းသည့် အတိုင်း၊ မမှားမယွင်းဘဲ ဖြောင့်စင်း မှန်ကန်စွာ ဖြေကြားလျှောက်ထားလေ၏။

ဣမာသံ အာဝုသော စတုန္နံ ပဋိပဒါနံ ယာယံပဋိပဒါ
ဒုက္ခာ ခိပ္ပါဘိညာ၊ ဣမံပဋိပဒံ အာဂမ္မ အနုပါဒါယ အာသ
ဝေဟိ စိတ္တံ ဝိမုတ္တံ။

အာဝုသော၊ ငါ့ရှင် သာရိပုတ္တရာ။ စတုန္နံ၊ လေးပါးကုန်သော၊ ဣမာသံ ပဋိပဒါနံ၊ ဤအကျင့်တရားတို့တွင်။ ယာယံ ပဋိပဒါ၊ အကြင် အကျင့်ပဋိပဒါသည်။ ဒုက္ခာ၊ ပင်ပန်းဆင်းရဲ၍။ ခိပ္ပါဘိညာ လျင်မြန် သော အသိဉာဏ်ရှိ၏။ ဣမံ ပဋိပဒံ၊ ပင်ပန်းဆင်းရဲစွာကျင့်ရ၍ လျင် မြန်သော အသိဉာဏ်ရှိသော ဤပဋိပဒါကို။ အာဂမ္မ၊စွဲ၍။ မေ၊ငါ၏။ စိတ္တံ၊ စိတ်သည်။ အာသဝေဟိ၊ အာသဝေါတရားတို့မှ။ အနုပါဒါယ၊ မကပ်ငြိ မစွဲလမ်းမူ၍။ ဝိမုတ္တံ၊ ကင်းလွတ်ရပါ၏။

ဤသို့လျှောက်ထားပြီးလျှင်၊ တဖန် ရှင်သာရိပုတ္တရာမထေရ်အား မေးပြန်သဖြင့်၊ ငါ့ရှင် ငါရသောမဂ်သည်၊ သုခပဋိပဒ,ခိပ္ပါဘိည ဖြစ် သည်ဟုပြောကြားလေ၏။ ယခုလို ရှင်သာရိပုတ္တရာ,ရှင်မောဂ္ဂလာန်တို့ မေးမြန်း ဖြေကြားသည်များကို ထောက်ထားနှိုင်းစာ၍၊ အရိယာ ပုဂ္ဂိုလ်မှန်လျှင် ကေနပင် မိမိရသောတရား၊ ပယ်ပြီး ကြွင်းကျန်သေး သော အကုသိုလ်ကိလေသာ စသည်များနှင့်၊ အကျင့်ပဋိပဒါ တရား တို့ကို မယွင်းမမှားအောင် ပြောကြားတတ်ရမည်ဟု၊ ထင်မြင်မှတ်ယူ ရန်မှာ အမှန်ပင်ရှိနေပေသည်။

အရိယာ ပုဂ္ဂိုလ်သည်၊ ပစ္စဝေက္ခဏာ ဝိထိစုံသော အရိယာ၊ ပစ္စဝေက္ခဏာ ဝိထိ မစုံ သော အရိယာဟူ၍၎င်း၊ ဒေသနာ ပရိယတ် ကျမ်းဂန်တတ်သော၊ ဗဟုဿုတ အရိယာ၊ ဒေသနာပရိယတ် ကျမ်းဂန်မတတ်သော အပ္ပဿုတ အရိယာပဟူ၍၎င်း၊ နှစ်မျိုးနှစ်စား ကွဲပြားခြားနားလေ၏။

ထိုနှစ်မျိုးတို့တွင်၊ ပစ္စဝေက္ခဏာ ဝိထိမစုံသောပုဂ္ဂိုလ်သည်၊ အရိယာအစစ် အမှန်ဖြစ်သော်လည်း၊ ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သော ကိလေသာတို့ကို၊ မိမိပင်လျှင် မသိမမြင်ပေ။ ပစ္စဝေက္ခဏာဝိထိစုံသော အရိယာပုဂ္ဂိုလ်မှ သာလျှင်၊ ပယ်ပြီးသော ကိလေသာကြွင်းကျန်သော ကိလေသာတို့ကို ဉာဏ်ပညာဖြင့် ထင်လင်းစွာ သိမြင်နိုင်သည်ဟု၊ ယုံကြည်စွာ မှတ်ယူအပ်ပေ၏။

ဟီနေ ကိလေသေ သေသေစ၊ ပစ္စဝေက္ခတိ ဝါ နဝါ။
(သင်္ဂြိုဟ်ပါဠိ)

ပဏ္ဍိတော၊ မဂ်ဖိုလ်ဉာဏ်ဖြင့် အမှန်မြင်သိ အရိယာဖြစ်သော ပညာရှိပုဂ္ဂိုလ်သည်၊ ဟီနေ ကိလေသေစ၊ မဂ်ဖြင့်သတ်ဖြတ်ပယ်အပ်ပြီးသော ကိလေသာ တို့ကို၎င်း။ သေသေကိလေသေစ၊ ပယ်အပ်ပြီးသည်မှကြွင်းကျန်သော ကိလေသာတို့ကို၎င်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်မိသည်လည်းရှိ၏။ န ဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်မိသည်လည်းရှိ၏။

ဤသို့လာသော သင်္ဂြိုဟ်စကားမှဖြင့်ပင်လျှင်၊ အရိယာပုဂ္ဂိုလ်ဖြစ်တိုင်း မဂ်ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သေးသော ကိလေသာတို့ကို မသိနိုင် မမြင်နိုင်ဆိုသော အဓိပ္ပါယ်မှာ၊ လွန်စွာပင် သိသာထင်ရှားလှပေသည်။ ၎င်း၏အဘွင့်ဖြစ်သော ဋီကာကျော် ကျမ်း၌လည်း၊ မဟာနာမ် သာကီဝင်မင်း ဝတ္ထုဖြင့်ပြဆိုပေ၏။

၎င်း မဟာနာမ်မင်းကြီးသည်၊ သောတာပန် အရိယာမျှလောက် မဟုတ်သေး၊ သကဒါဂါမိ အရိယာပုဂ္ဂိုလ်ကြီး ဖြစ်ပါလျက်နှင့်၊ မဂ်ပယ်ပြီးသော ကိလေသာ၊ ကြွင်းကျန်သေးသော ကိလေသာတို့ကို မသိမမြင်၍၊ ဘုရားရှင်အား လျှောက်ထားသောအကြောင်းများသည်၊ ငါတို့ရေးသားသော ဂန္ဓိရဇ္ဇပကာသနီကျမ်းကြီး၌ ပါရှိလေ၏။ အလိုရှိလျှင် ကြည့်ရှုကြပါလေ။

တဘန် ပစ္စဝေက္ခဏာဝိထိစုံ၍ မိမိပင် သိသော်လည်း၊ ပရိယတ်မတတ် ပညတ်နားမလည်ပါလျှင်၊ သူတပါးတို့အား သိမြင်အောင်

မပြောကြား တတ်ပေ။ ပြောကြားခဲ့ ပါလျှင်လည်း၊ ဉာဏ်မြင်သော ပရမတ်မျှဖြစ်၍၊ဒေသနာပညတ်ဉာဏ်ကိုသာ သိသော ပကတိပုထုဇဉ် တို့မှာ၊ မသိမမြင် မထင်မလင်းနိုင်၍၊ ယုံကြည်ခြင်းစိတ်မျှပင် မဖြစ် နိုင်ပေရာ။ ဤနေရာ၌၊ မဟာနာဂမထေရ်နှင့် ဓမ္မဒိန္နမထေရ်တို့၏ဝတ္ထု ကို သတိပြုပါလျှင်၊ လွန်စွာပင် သိသာထင်ရှားပေလိမ့်မည်။

ပဋိဝေဓဉာဏ ငိထိစုံလင်၍၊ ပရိယတ်ကျမ်းဂန် ကျွမ်းကျင်သော အရိယာပုဂ္ဂိုလ် အရှင်တို့မှသာလျှင်၊ ိမိလည်း သိမြင်လျက်၊ သူတပါး တို့ဉာဏ်၌ထင်အောင်၊ ပညတ်တင်၍ ဟောပြောတတ်ကြလေသည်။

အရှင်သာရိပုတ္တရာ,အရှင်မောဂ္ဂလာန်တို့မှာမူ၊ အခြားသော မဟာ သာဝက, ပကတိသာဝကတို့နှင့် မတူတန်၊ပါရမီဉာဏ် ထက်သန် ကြီးမားလှသော၊ထူးကဲမြင့်မြတ်သည့် အဂ္ဂသာဝကကြီးများ ဖြစ်တော် မူကြ၍၊သာမညဖြစ်သော သာဝကအရိယာတို့နှင့်၊ဤနေရာ၌သာနမျိုးတွင် နှိုင်းယှဉ်ရန်၊ အကြောင်းမသင့်သည်ကို အောက်၌ဘော်ပြသော ဝတ္ထု သွားဖြင့်၊ ထောက်ချင့် စဉ်းစား၍၊ မမှားအောင် သတိပြုပြီး၊ ကြည့်ရှု ယုံကြည်သင့်လှပေသည်၊

အရိယာ ၂-မျိုးပြားသည်ကို မှတ်သားရန် ပြဆိုချက်ပြီး၏။

## ရဟန္တာလေးပါးတို့ ယုံမှားခြင်း ဖြစ်ဟန်ကို ကျမ်းဂန်နှင့် ပြဆိုခြင်း

သက်တော်ထင်ရှားရှိသော သဗ္ဗညုမြတ်စွာဘုရားသည်၊ သာဝတ္ထိ ပြည် ဇေတဝန်အွေကျောင်း၌၊ ကိန်းအောင်းမွေ့လျော် စံပျော်နှင်ပြီး၊ သီတင်းသုံး နေတော်မူသောအခါ၊ရဟန်းလေးပါးတို့သည်၊ကမ္မဋ္ဌာန်း တရားကို နာယူမှတ်သား၍ အားထုတ်ကြလေရာ၊ တပါးသောရဟန်း မှာ ဖဿာယတန ၆-ပါးဖြင့်၊ ဉာဏ်အားပေါ်ပေါက်၍ ရဟန္တာ အဖြစ်သို့ရောက်လေ၏။

၎င်းနောက် တပါးသောရဟန်းမှာ၊ ခန္ဓာငါးပါးဖြင့် ဉာဏ်အား ပွင့်လင်းပေါ်ပေါက်၍၊ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ တပါးသော ရဟန်းမှာမူ၊ မဟာဘုတ်လေးပါးဖြင့် ရဟန္တာအဖြစ်သို့ ရောက်၍၊ တပါးသောရဟန်းမှာမူကား၊ ဓါတ် ၁၈-ပါးဖြင့် ရဟန္တာအဖြစ်သို့ ပေါက်ရောက်၍ တပါးနှင့်တပါး မတူကြဘဲ၊ကဲ့လဲ့မညီ တရားတမျိုးစီ ပေါက်၍ ရဟန္တာအဖြစ်သို့ ရောက်ကြလေကုန်၏။

ထိုရဟန္တာ လေးပါးတို့သည်၊ တရံသောအခါ၌ တွေ့ဆုံကြ၍ တရားပေါက်ရောက်ပုံကို ဆွေးနွေးမေးမြန်းကြလေရာ၊ တလမ်းတမျိုးစီဖြစ်နေသဖြင့် ညီညွတ်သင့်မျှအောင်၊ သဘာဝခမ္မကို မယူမဆနိုင်၍၊ ရဟန္တာချင်းတူကြလျက် ကျင့်ကြံ ပေါက်ရောက်ရသော တရားနည်းလမ်းမှာ၊ ကွဲလွဲသည်ဟု ထင်ပြီး၊ မိမိတို့သိမြင်သည့်အတိုင်း၊ ဘုရားရှင်ကို လျှောက်ထားကြလေ၏။

ထိုအခါ မြတ်စွာဘုရားသည်၊ချစ်သားရဟန်းများတို့၊ ရှေးလွန်လေပြီးသောအခါ၊ဗာရာဏသီပြည်ကွင်း၊ဗြဟ္မဒတ် မင်းတရားကြီး၌၊ သားလေးယောက်ရှိလေရာ၊ တယောက်သော မင်းသားမှာ၊ မိုးလောင်ပြီးသော အခါတွင်၊ပေါက်ပင်ကို တွေ့မြင်၍၊ ထိုပြင်တပါး တယောက်သော မင်းသားမှာ၊ ပွင့်ချိန်အခါတွင်၊ ပေါက်ပင်ကို တွေ့မြင်သဖြင့်၊ နောက်တဆင့် မင်းသားမှာမူ၊ အသီးယူချိန်အခါတွင်၊ ပေါက်ပင်ကို တွေ့မြင်လျက်၊ ဆက်လက်မခြား တယောက်သော မင်းသားမူကား၊ အရွက်များ တိုးပွါးချိန်တွင်၊ ပေါက်ပင်ကို တွေ့မြင်လေ၏။

အို ချစ်သားရဟန်းများတို့၊ ထိုမင်းသား လေးယောက်တို့သည်၊ အခါတပါး၌တွေ့ဆုံ၍ ပေါက်ပင်ချင်း မတူပုံဖြင့်၊ ငြင်းခုံစကား ပြောကြားပြီးသော်၊ ခမည်းတော် ဗြဟ္မဒတ်မင်းထံတွင်၊ သံတော်ဦး တင်ကြလေလျှင်၊ ပေါက်ပင်၏အရေး၌ ရထားထိန်းကို မမေးကြ၍၊ ရုပ်ထွေးမညီ တမျိုးစီ ထင်ရလေ၏။ သင်တို့တွေ့မြင်သော ထိုပေါက်ပင်သည်၊ အစဉ်အလာ အခါအချိန် ကွဲသွဲ့၍၊ အနဲနဲ ပုံသဏ္ဌာန် ထင်သော်လည်း၊ တပင်တည်းဖြစ်ကြောင်းများကို မိန့်ကြားတော်မူဘူးလေ၏။

အို ချစ်သားရဟန်းများတို့ ရှေးအခါ မင်းသား လေးယောက်တို့သည်၊ ယခုအခါ သင်ချစ်သားတို့ ဖြစ်လာကြကုန်၏၊ ရှေးအခါ မင်းသားလေးယောက်တို့သည်၊တခုတည်းသော ပေါက်ပင်၌၊လေးမျိုးထင်၍ ငြင်းခုံသကဲ့သို့။ ယခုအခါ သင်ချစ်သားတို့သည်၊ သဘောအားဖြင့် တမျိုးတည်းဖြစ်သော တရားတို့၌၊ အကွဲအပြားဟု မှတ်ထင်ကြကုန်၏။ ရှေးအခါ ဗြဟ္မဒတ်မင်းကြီး မိန့်ကြားသကဲ့သို့။ ယခုအခါငါဘုရားဟောကြားပေ၏ဟု၊ အတိတ်ကို ဆောင်တော်မူသည်။

ဤသို့လျှင်၊ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ရဟန်းလေးပါးတို့ ဇင်းသာ ဖြစ်ကြစဉ်၊ ပေါက်ပင်၌ ယုံမှားဘူးသော၊ ကိံသုက ဇာတ်တော်ကို၊ ယခုအခါ၊ ခန္ဓာ,အာယတန,ဓါတ်စသော၊ ပရမတ်တရား

တို့နှင့် အနုသန္ဓေစပ်ဟပ်၍၊ ဒေသနာပရိယတ် မတတ်၊ပညတ်ကို မသိသောသူတို့သည်၊ ဤကဲ့သို့ ယုံမှားတတ်ကြောင်းများကို၊ ဟောကြားတော်မူလေ၏။

ဗိဝံ သဗ္ဗေဟိ ဉာဏေဟိ၊ ယေယံ ဓမ္မာ အဇာနိတာ။
တေ ဝေ ဓမ္မေသု ကင်္ခန္တိ၊ ကိံ သုကာသ္မိံဝ ဘာတရော။ ။

ဘိက္ခဝေ၊ မေးမြန်း လျှောက် ထား အိုချစ်သားတို့။ ဘာတရော၊ ပြဟ္မဒတ်မင်းသား ညီနောင်လေးပါးတို့သည်။ ကိံသုကသ္မိံ၊ ကဲ့ပြား မထင် တခုတည်းသော ပေါက်ပင်၌။ ကင်္ခန္တာဝ၊ မတူဖြစ်ငြား လေးမျိုးပြားသည်ဟု ယုံမှားတွေးတောကြလေကုန်သကဲ့သို့။ ဗိဝံတသာ၊ ပေါက်ပင်မင်းသား ကဲ့အလားသို့၊ မခြားပုံယူ ထိုအတူ။ ယေယံ၊ ဒေသနာဉာဏ်မပါ အကြင်အရိယာတို့သည်။ သဗ္ဗေဟိ ဉာဏေဟိ၊ ပရိယတ်ဓမ္မက္ခန် အလုံးစုံသော ဒေသနာဉာဏ်တို့ဖြင့်။ ဓမ္မာ၊ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်စသော ပရမတ်တရားတို့ကို၊ အဇာနိတာ၊ ဒေသနာအစဉ် ပညတ်တင်၍၊ ထင်မြင်အောင် မခွဲခြမ်း မသိရှိနိုင်ကြလေကုန်။ တေ၊ ကျမ်းဂန်မတတ် ပညတ်ဉာဏ်မပါ ထိုအရိယာတို့သည်။ ဝေ-ဧကန္တေန၊ မုချဧကန် အမှန်စင်စစ်အားဖြင့်၊ ဓမ္မေသု၊ ပရမတ္ထ သဘာဝအားဖြင့် တပါးတည်းဖြစ်လျက်၊အမည်နာမ ပညတ်အားဖြင့် ကွဲပြား၍၊ ရုပ်နာမ်,ခန္ဓာ,အာယတန,ဓာတ်၊ ပဋိစ္စသမုပ္ပါဒ် စသည်ဖြင့်၊ခေါ်ဝေါ်မှတ်သား ပြောကြားရသောတရားတို့၌။ ကင်္ခန္တိ၊ အကျင့်တရား နည်းကွဲပြားသည်ဟု၊ ယုံမှားတွေးတောကြလေ ကုန်သတည်း။

ဤဝတ္ထုသွားဒေသနာ အဓိပ္ပါယ်သဘော အလာဖြင့်၊ ဘုရားရှင်ရှိစဉ်အခါတွင် သောတာပန်အရိယာမျှပင် မဟုတ်သေး၊ ရဟန္တာဖြစ်သော အရိယာပုဂ္ဂိုလ် အရှင်မြတ်ကြီးတို့ပင်လျှင်၊ ဒေသနာမတတ် ပညတ်နားမလယ်က၊ ပရိယာယ်အခေါ်အဝေါ်ကို မသိ၍၊ ယုံမှားခြင်းရှိကြသေးသည်ဆိုသဖြင့်၊ ယခုအခါ စာပေ ကျမ်းဂန် ကြီးတွေကို မတတ်ဘဲ၊ သောတာပန်စသော အရိယာအဖြစ်သို့ ရောက်ကြသော ပုဂ္ဂိုလ်မြတ်တို့မှာ၊ ပြောဘွယ်ရာမရှိ။ မသိမမြင် ဒေသနာ အစဉ်ပရိယာယ်ဖြင့်၊ ပကတိပုထုဇဉ်တို့ နားလယ်အောင်၊ မဟောတတ်မပြောတတ်ကြောင်းကို၊ ကောင်းကောင်းကြီးသိသင့်လှပေသည်။

ထို့ကြောင့်၊ ဒေသနာမတတ်သော အရိယာ ပုဂ္ဂိုလ် မြတ် တို့ကို၊ ဘယ်ပဋိပဒါနှင့် ကျင့်သနည်း၊ ဘယ်ဂုဏ်ကို အမှူးပြုသနည်း၊ ဘယ်ဝိမောက္ခဖြင့် ထွက်မြောက်သနည်း၊ ဤသို့စသည်ဖြင့် မေးခဲ့ပါလျှင်၊ စာပေ ကျမ်းဂန် မသင်၊ သင်ဘူး ပါသော် လည်း ဒေသနာအစဉ်ကို၊ ဉာဏ်မထင်၍ သိမြင်အောင် မပြောတတ်ရုံနှင့်၊ မဟုတ်မဟတ် ရောက်တတ်ရာ ပြောဆို၊ အရူးလိုဘဲစသည်ဖြင့် စွပ်စွဲ့ရှုံ့မဲ့၊ ကဲ့ရဲ့ပြစ်တင်ခြင်း ဖြစ်ပါလျှင်၊ **သူခိုးက လူလူ ဟစ်၊ ညစ်ပေ့ သူခိုး** ဆိုသကဲ့သို့။ ဇောက်ထိုးပြောင်းပြန်ဖြစ်နေ၍၊ အရိယူပဝါဒကံကိုပင် စိုးရိမ်ရန်ကောင်းလှပေသတည်း။

အထက်တွင်ပြဆိုခဲ့သော ဂါထာအရ၊ သဘာဝတမျိုးတည်းကိုပင် အကွဲအပြားမှတ်ထင်ရာ၌၊ ငါတို့စီရင်သော ဂမ္ဘီရတ္ထပကာသနီကျမ်းကြီးတွင်၊ ရုပ်နာမ် ခန္ဓာ လက္ခဏာနှင့်၊ သစ္စာမဂ္ဂင် ဗောဓိပက္ခိယတရားများပင်လျှင်၊ တချက်တည်း ပါဝင်ပုံအကြောင်းနှင့်၊ အရိယူပဝါဒကံ၊ အကြောင်းများပါ ရေးသား ပါရှိ လေသည်၊ သိလိုလျှင် ကြည့်ရှုကြပါလေ။

ဤနေရာ၌ သောတာပန်စသော၊ အရိယာတို့ ယုံမှားခြင်းဟူသည်၊ ပုထုဇဉ်တို့၌ဖြစ်သော အမှန်ကိုအမှား၊ အမှားကိုအမှန်ဟု ဘောက်ပြန်လွဲမှားသော၊ ဝိစိကိစ္ဆာများကဲ့သို့ မဟုတ်၊ သမုတ်ဝေါဟာရ လောက၌ပြောဆိုကြသော၊ အမည်နာမကို မသိကြသောကြောင့်၊ သည်လိုဟုတ်လေသလော၊ မဟုတ်လေသလောဟု တွေးတောခြင်း၊ သန္ဒေဟသဘောမျိုးပေတည်း။

ယခုပြဆိုခဲ့သော၊ ပါဠိ,အဋ္ဌကထာ, ဋီကာ ကျမ်းတို့၏ ဖြောင့်မှန်သော၊ အဓိပ္ပါယ်သဘောစရနှင့် ဝဏ္ဏုသက်သေ၊ အထွေ ထွေသော နည်းလမ်းများကို ထင်ရှားစွာတွေ့မြင်ကြရ၍၊ စဉ်းစားဆင်ခြင်သော သတိသမ္ပဇဉ်ဖြင့်၊ ယောနိသော ယှဉ်ပါလျှင် ယခုအခါတွင် အရိယာဟုမှတ်ထင်ကြသောသူ၊ အရိယာဟူက အတူတူပင်ဟု မှတ်ထင်ကြသောသူ၊ အရိယာ၏အဖြစ်ကို စင်စစ်ဧကန် အမှန်လိုလား၍၊ တရားကိုအားထုတ်ကြသော အမျိုးကောင်း သားသမီးဟူသမျှတို့သည်၊ အရိယာ အပြားအကျဉ်းအားဖြင့်၊ နှစ်မျိုး နှစ်စားရှိပုံကို၊ ယုံကြည်စွာမှတ်သား၍ ပိုင်းခြားသိရှိအပ်ပေ၏။

ဤကဲ့သို့ ပဋိဝေဓ္ဂဏာ စုံသော အရိယာ၊ ပဋိဝေဓဂုဏာ မစုံသော အရိယာဟူ၍၎င်း၊ စာတတ်သော အရိယာ၊ စာမတတ်သော အရိယာ ဟူ၍၎င်း၊ အရိယာ၏အထူးအခြား နှစ်မျိုးနှစ်စား စသောအားဖြင့်၊ အမည်ပင် များပြားသော်လည်း၊ ကိလေသာ အာသဝေါတရားစသည် တို့၊ ကင်းကွာပုံချင်းတူသော အရိယာ၏အဖြစ်သို့မူကား၊ စာမတတ် သောသူတို့ပင်လျှင် ရောက်နိုင် ပေါက်နိုင် သည်ကို တွေ့မြင်သိရှိကြရ သဖြင့်၊ အရိယာ၏အဖြစ်ကို စင်စစ်ကြေနပ် အမှန်လိုလား တောင့်တကြ ကုန်သော၊ ယောက်ျား၊ မိန်းမ ကြီးငယ်မဟူ၊ စာတတ်သူ၊ မတတ်သူ ခပ်သိမ်းသော ရှင်လူရဟန်းတို့သည်၊ သတိပဋ္ဌာန်နည်းလမ်းဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းအလုပ်ကို၊ ယုံကြည်စွာ အားထုတ်ကြပါလေ။

ရဟန္တာ ၄-ပါးတို့ ယုံမှားခြင်းဖြစ်ဟန်ကို ပြဆိုချက်ပြီး၏။

---

### သဘာဝအရပ်ရပ်ကို ပေါင်းစပ်၍ပြဆိုရာ

## သမ္မုဟာကဏ္ဍာ

### လက္ခဏာ, ရသနှင့် ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိသာရန် ပြဆိုခြင်း

အထက်တွင်ပြဆိုခဲ့သော ဝိပဿနာအရာများ၌၊ လေးပါးသော လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ ထင်ရမည်၊ကျမ်းဂန်ကြီးများ၌ လာရှိသဖြင့်၊ ၎င်း လက္ခဏာစသော အဓိပ္ပါယ်သဘောများကို၊ ဝိပဿ နာကမ္မဋ္ဌာန်းနှင့်စပ်၍ ကျမ်းဂန်ရေးသားရာ၊ တရားဟောပြောရာတို့၌ ထိုက်သည်အားလျော်စွာ ပါရှိကြလေသည်။

ဤကဲ့သို့ ပါရှိသည်များကို ကြည့်ရှုဘူးသူ၊ နာကြားဘူးသူတို့ အထိုက်အလျောက် သိရှိကြလေ၏။ သို့သော်၊ ထိုကဲ့သို့သိရှိကြရာ၌ နည်းလမ်းမှန်ကို မတွေ့ရသေးသည့်၊ ဗဟုသုတနည်းပါး ကြသော ပုဂ္ဂိုလ်များသည်၊ အမျိုးမျိုးအစားစား ထင်မြင်မှတ်သားကြသဖြင့်၊ အမှန်နှင့်အမှားကို ကွဲပြားရှင်းလင်းခြင်း မရှိဘဲ၊ ယုံမှားခြင်း သံသယ မကင်းနိုင်အောင်ပင် ဖြစ်နေကြလေ၏။

ထို့ကြောင့်၊ လက္ခဏာ,ရသ စသော သဘာဝဓမ္မတို့ကို၊ နေရာဌာန အကွဲအပြားနှင့် အချိန်ကာလများကိုပါ ပိုင်းခြား၍၊ လူပိန်းတို့ပင်လျှင်

သိကြားနားလည်နိုင်ကြစေရန်၊ ဝေဘန်ရှင်းလင်း၍ အကျဉ်းအဖွင့်ကိုမှ ဖြင့် ဘွင့်ပြရေးသားပေအံ့။

လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ထင်သော သဘောကို၊ ဝိပဿ နာ၏ သတိ၏ထင်ချက် မှတ်ချက်၊ ပစ္စုပ္ပန်ဖြစ်သော ရုပ်နာမ်အာရုံ ဟု မှတ်အပ်၏။ထင်ပုံကား၊သဘာဝလက္ခဏာ,သာမညလက္ခဏာ ၂-ပါး တွင်၊ ဝိပဿနာဉာဏ်နှင့် သတိအား ပစ္စုပ္ပန်ဖြစ်သော ရုပ်သည်၊ ရုပ္ပန လက္ခဏာ သဘောထင်၏။ အာရုံပြုသော နာမ်သည်၊ နမနလက္ခဏာ သဘောထင်၏။

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ဆိုရာ၌၊ ၂-ဌာန ခွဲယူပုံမှာ၊ **သဘာဝလက္ခဏာ-သမ္ပတ္တိရသ, ဥပဋ္ဌာနာကာရပစ္စုပဋ္ဌာန, ပဒ ဋ္ဌာန၊** ဤသို့ တဌာနယူအပ်၏။ ။တဘန်၊ **သာမညလက္ခဏာ-ကိစ္စ ရသ, ဖလ ပစ္စုပဋ္ဌာန, ပဒဋ္ဌာန၊** ဤသို့ တဌာနယူအပ်၏။

ထိုသို့ ခွဲယူရာ၊ နောက်ဌာန ယူပုံ၌၊ ထင်သောဉာဏ်သည်၊ အနိစ္စ, ဒုက္ခ, အနတ္တ ထင်သောကြောင့်၊ ဥဒယဗ္ဗယဉာဏ် အစ၊ အနုလောမ ဉာဏ် အဆုံးပေတည်း။

ၡင်း ၂-ဌာနတို့တွင်၊ ရှေ့ဌာနယူပုံ၌ ထင်ပုံကား၊ ပစ္စုပ္ပန် ရုပ် အာရုံ ထင်သောသဘောသည်၊ ရုပ္ပန လက္ခဏာမည်၏။ ပစ္စုပ္ပန် နာမ် အာရုံ ထင်သောသဘောသည်၊ နမန လက္ခဏာမည်၏။ ၡင်းရုပ္ပနလက္ခ ဏာ,နမနလက္ခဏာ ၂-ပါးသည်၊ သဘာဝလက္ခဏာမည်၏။ ထိုသ ဘာဝလက္ခဏာ၏ဖြစ်ဆဲ ခဏနှင့် ပြည့်စုံခြင်းသည်၊သမ္ပတ္တိရသမည်၏။ ရုပ်ထင်ပုံ-အဆင်း, အသံ, အနံ့, အရသာ, အတွေ့,သဘော ဟု၊နာမ် ထင်ပုံ-မြင်တယ်,ကြားတယ်,နံတယ်, စားတယ်, ထိတယ်,သိတယ်ဟု၊ ဉာဏ်အားထင်သော အခြင်းအရာသည်၊ ဥပဋ္ဌာနာကာရ ပစ္စုပဋ္ဌာန် မည်၏။ အသီးအသီး နီးစွာသောအကြောင်းသည်၊ ပဒဋ္ဌာန်မည်၏။ ၡင်းပဒဋ္ဌာန်သည်၊ ပစ္စယပရိဂ္ဂဟဉာဏ်သို့ရောက်မှ ထင်၏။ ။ဤကား၊ ရှေ့ဌာန ယူပုံအရ၊ လက္ခဏာ စသည်တို့ ထင်ပုံတည်း။

နောက်ဌာနယူပုံ၌ ထင်ပုံကား၊ ထင်သော ရုပ္ပနလက္ခဏာ, နမန လက္ခဏာ ၂-ပါး၏ ဥပါဒ်, ဋ္ဌီ, ဘင်တို့၏ တူကြသော သဘောသည်၊ သာမည လက္ခဏာမည်၏။ ၡင်း ဥပါဒ်, ဋ္ဌီ, ဘင်-ဟူသော သာမည လက္ခဏာ၏ ဖြစ်သောကိစ္စ, ပျက်သောကိစ္စသည်၊ ကိစ္စရသမည်၏။ ဖြစ်သည်, ပျက်သည်ဟု ဉာဏ်အား ထင်ခြင်းသည်၊ ဖလ ပစ္စုပဋ္ဌာန်

မည်၏။ အသီးအသီး နိုးစွာသောအကြောင်း ထင်ခြင်းသည်၊ ပဒဋ္ဌာန် မည်၏။ ၎င်းပဒဋ္ဌာန်သည်၊ ဥဒယဗ္ဗယဉာဏ်သို့ရောက်မှ ထင်၏။ ။ ဤကား၊ နောက်ဋ္ဌာန ယူပုံအရ၊ လက္ခဏာ စသည်တို့ ထင်ပုံတည်း။

> သဘာဝေါဝါ သာမညံဝါ လက္ခဏံနာမ။ ကိစ္စံဝါ သမ္ပတ္တိ ဝါ ရသောနာမ။ ဥပဋ္ဌာနာကာရောဝါ ဖလံဝါ ပစ္စုပဋ္ဌာ နံနာမ။ အာသန္နကာရဏံ ပဒဋ္ဌာနံနာမ။ ။
>
> (ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။)

သဘာဝေါဝါ၊နာမ်ရုပ် သဘောသည်လည်း။ လက္ခဏံနာမ၊သဘာဝလက္ခဏာမည်၏။ သမ္ပတ္တိဝါ၊ နာမ်ရုပ်၏ ခန္ဓာနှင့် ပြည့်စုံခြင်းသည်လည်း။ ရသောနာမ၊ ရသမည်၏။ ဥပဋ္ဌာနာကာရောဝါ၊ နာမ်ရုပ်၏ အခြင်းအရာ ဉာဏ်အား ထင်ခြင်းသည်။ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန် မည်၏။အာသန္နကာရဏံ၊နီးစွာသော အကြောင်းသည်။ ပဒဋ္ဌာနံနာမ၊ ပဒဋ္ဌာန်မည်၏။ သာမညံဝါ၊ သဘာဝလက္ခဏာနာမ်ရုပ်၏ ဥပါဒ်,ဌီ, ဘင်ချင်း တူသည်၏အဖြစ်သည်လည်း၊ လက္ခဏံနာမ၊ သာမညလက္ခဏာမည်၏။ ကိစ္စံဝါ၊ သဘာဝလက္ခဏာ နာမ်ရုပ်၏ ဖြစ်သောကိစ္စ, ပျက်သော ကိစ္စ သည် လည်း။ ရသောနာမ၊ ရသမည်၏။ ဖလံဝါ၊ ဖြစ်အကျိုး, ပျက်အကျိုးကို ဉာဏ်အား ထင် ခြင်း သည် လည်း။ ပစ္စုပဋ္ဌာနံနာမ၊ ပစ္စုပဋ္ဌာန်မည်၏။ အာသန္နကာရဏံ၊ နီးစွာသော အကြောင်းသည်။ ပဒဋ္ဌာနံနာမ၊ ပဒဋ္ဌာန်မည်၏။

ယခုပြဆိုခဲ့သော၊ အဘိဓမ္မာယ်သဘောသွားနှင့် အဋ္ဌကထာ၏စကား များကို ထောက်ထား၍၊ လေးပါးသော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့၏ သဘောအချုပ်မှာ၊ ယောဂီပုဂ္ဂိုလ်၏ စိတ်သဘော အတိုင်း၊ တွေးတောကြံစည်၍ ပြုလုပ်ရသည်မဟုတ်။ ပရမတ်နာမ်ရုပ် တို့ ဖြစ်ပျက်သောသဘောကို၊ ဟုတ်မှန်တိုင်း ရှုမှတ်၍သိသော၊ ဝိပဿ နာဉာဏ်တို့တွင်၊ ပါဝင်ပြီးစီးခြင်းဖြစ်ကြလေ၏။

ဤကဲ့သို့ အလိုအလျောက်ပါဝင်ပြီးစီးသွားသော သဘောများကို ပင်လျှင်၊ အမည်ပညတ်အားဖြင့်ထင်၍၊ ဤသဘောကား-လက္ခဏာ၊ ဤသဘောကား-ရသ၊ ဤသဘောကား-ပစ္စုပဋ္ဌာန်၊ ဤသဘောကား- ပဒဋ္ဌာန်ဟုဝေဘန်သီးခြား၍၊ပြောကြားခေါ်ဆိုခြင်းမျှသာဖြစ်ကြောင်း ကို၊ ကောင်းကောင်းကြီးသိရှိကြပါလေ။

ထိုလက္ခဏာ,ရသ စသော သဘောများကို၊ ဝိပဿနာ ဉာဏ်စဉ် တရား၌၊ ဤကား-လက္ခဏာသဘော၊ ဤကား ရသသဘော၊ ဤကား-ပစ္စုပဋ္ဌာန်သဘော၊ ဤကား-ပဒဋ္ဌာန်သဘောဟု၊ ဗဟုသုတရှိသော ယောဂီများမှာ၊ဒေနာအစဉ် ပညတ်သို့တင်၍၊ခေါ်တွင် ပြောဆိုတတ် ကြလေ၏။ဒေသနာ ကျမ်းဂန်ဖြင့်၊ ဉာဏ်မရှိသော ယောဂီများ မပြော ကြားတတ်ပေ။

လိုရင်း အချုပ်သဘောမှာ၊ ပြောကြားတတ်သည့်ဖြစ်စေ၊ မပြော ကြားတတ်သည့်ဖြစ်စေ ပဓါနမဟုတ်လှပေ၊ သဘောပေါက်ပြီးစီးသည့် သာလျှင် လိုရင်းဖြစ်၏။ ဥပမာကား၊ ရောဂါပျောက်ရန် ဆေးကို သောက်ရာ၌၊ ဘယ်အမြစ် ဘယ်အပွင့် ပါသည်၊ ဘယ်လို အရသာ ပေါ်သည်ဟု၊ သိသည်ကား ပဓါနမဟုတ်၊ ရောဂါကိုပျောက်စေနိုင် သည့် ဆေးအရသာများ၊ ဝမ်းထဲသို့ ရောက်သွားခြင်းသည်သာလျှင်၊ လိုရင်းပဓါန ဖြစ်သကဲ့သို့ မှတ်ယူအပ်လှပေသတည်း။

လက္ခဏာ ရသ စသောသဘောကို ပြဆိုခြင်းပြီး၏။

---

## ဝိသုဒ္ဓိ ၇-ပါး၌၊ မှတ်သားရန်သဘောအချက်တို့ကို အမြွက်မျှပြဆိုခြင်း

မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော၊ တရားကောင်းတရား မှန်ကို၊ ကျင့်ကြံ အားထုတ်ရာ၌၊ ကိလေသာတို့မှ သန့်ရှင်းစင်ကြယ် ခြင်းသဘောသည်၊ ဝိသုဒ္ဓိမည်၏။

ထိုဝိသုဒ္ဓိသည်....

(၁) **သီလ ဝိသုဒ္ဓိ**
(၂) **စိတ္တ ဝိသုဒ္ဓိ**
(၃) **ဒိဋ္ဌိ ဝိသုဒ္ဓိ**
(၄) **ကင်္ခါဝိတရဏ ဝိသုဒ္ဓိ**
(၅) **မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိ**
(၆) **ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ**
(၇) **ဉာဏဒဿန ဝိသုဒ္ဓိ**

ဟူ၍ ၇-ပါးအပြားရှိ၏။

ထို ၇-ပါး တို့တွင်၊ သီလအကျင့် စင်ကြယ်ခြင်းသည်၊ သီလဝိသုဒ္ဓိမည်၏။ လောကီဈာန်ဖြင့် ခွါ၍ စိတ်စင်ကြယ်ခြင်းသည်၊ စိတ္တဝိသုဒ္ဓိမည်၏။ ဝိပဿနာကို အားထုတ်၍၊ ပုဂ္ဂိုလ်, သတ္တဝါ မဟုတ်၊ နာမ်ရုပ် ၂-ပါးမျှသာရှိ၏ဟု ပိုင်းခြား၍သိသော၊ နာမရူပပရိစ္ဆေဒဉာဏ်သည်၊ ပညတ်ကို ပယ်၍၊ ပရမတ်အယူ ဖြောင့်မှန်စင်ကြယ်သောကြောင့်၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ခြင်း အကြောင်းကိုသိသော၊ ပစ္စယပရိဂ္ဂဟဉာဏ်သည်၊ ယုံမှားခြင်း အမျိုးမျိုးကို၊ လွန့်မြောက် စင်ကြယ်သောကြောင့်၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏။ ရုပ်နာမ်နှစ်ပါးကို လက္ခဏာရေး သုံးပါးသို့ တင်၍၊ ဆင်ခြင်သုံးသပ်သော သမ္မသနဉာဏ်။ ရုပ်နာမ် ၂-ပါးတို့၏ ဖြစ်ခြင်း, ပျက်ခြင်းကို မြင်သော ဥဒယဗ္ဗယဉာဏ် တစိတ်။ ဝိပဿနာအန္တရာယ် ဆယ်ပါးမှ လွတ်ကင်းလျက်၊ ဝိပဿနာလမ်းမှန်,ဝိပဿနာလမ်းမှားကို၊ သိသောဉာဏ်၏ စင်ကြယ်ခြင်းသည်၊ မဂ္ဂါမဂ္ဂ ဉာဏဒဿန ဝိသုဒ္ဓိမည်၏။ ဝိပဿနာအန္တရာယ်မှ လွတ်ပြီးသော၊ ဥဒယဗ္ဗယဉာဏ် တစိတ်မှစ၍၊ အနုလောမဉာဏ်တိုင်အောင်သော၊ ၎င်းဉာဏ် ၉-ပါးသည်၊ ဝိပဿနာအကျင့်တရားတို့၏ ပြီးဆုံး စင်ကြယ်သောကြောင့်၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။ လောကုတ္တရာသစ္စာဉာဏ်ဖြင့်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသော၊ သောတာပတ္တိမဂ်ဉာဏ်သည်၊ အသိဉာဏ် သန့်ရှင်းစင်ကြယ်သောကြောင့်၊ ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ဤသို့လျှင် ဝိသုဒ္ဓိတရား ၇-ပါးကို၊ အကျဉ်းအားဖြင့် မှတ်သားပါလေ။

သဘောမှာ၊ ဝိပဿနာဉာဏ် ဖြစ်ပေါ်လာသော အစဉ်နှိုက်၊ ထိုဝိသုဒ္ဓိ တရားတို့လည်း ပါဝင်ကုန်၏။ ဗောဓိပက္ခိယစသော တရားအပေါင်းတို့သည်လည်း၊ တချက်တည်း ပါဝင်ပြီးစီးကုန်၏။ ပရမတ်တရားတို့သည်၊ အမည်အားဖြင့် အခေါ်အဝေါ် ကွဲပြားသော်လည်း၊ လိုရင်းသဘောမှာမူ မကွဲမပြားဘဲ၊ အတူတကွ ပူးတွဲ ပေါင်းသင်း၍ ဖြစ်ကြကုန်၏။ တဖန် ဝိသုဒ္ဓိ ၇-ပါးကနေ၍ယူလျှင်လည်း၊ တရားသဘော အလုံးစုံတို့ အကုန်ပင်ပါဝင်နိုင်၏။ ထို့ကြောင့်၊ အကျယ်အားဖြင့် ရေးသားလျှင်၊ ဝိသုဒ္ဓိ ၇-ပါးသည်၊ အလွန်များပြားလေ၏။

ထို့အတူ ရုပ်နာမ်အားဖြင့်၎င်း၊ ခန္ဓာအားဖြင့်၎င်း၊ အာယတနအားဖြင့်၎င်း၊ ဓာတ်အားဖြင့်၎င်း၊ ပဋိစ္စသမုပ္ပါဒ် အားဖြင့်၎င်း၊ ဤသို့စသည်ဖြင့်၊ တခုတခုသော တရား၏အမည်ဖြင့်၊ ခွဲခြမ်းစိတ်ဖြာလျှင်

လည်း၊ အလုံးစုံသော တရားသဘောများသည်၊တချက်တည်း ပါဝင်ပြီးစီးနိုင်ကြသည်သာ ဖြစ်လေ၏။ အချုပ်မှာ၊ နောက်ကပြဆိုခဲ့သောနည်းအတိုင်း၊ ဖြစ်ပေါ်သော အမူအရာသဘောမျိုးကို၊ မှတ်ခြင်း သတိတခုသာသျှင်၊ ဝိပဿနာအလုပ်ကို အားထုတ်ရာ၌၊ အချုပ် အချာပဓာန လိုရင်းဟူ၍ နှလုံးသွင်း မှတ်သားအပ်ပေသည်။

ဝိသုဒ္ဓိ ၇-ပါးကို မှတ်သားရန် ပြဆိုချက်ပြီး၏။

---

## သတိပဋ္ဌာန်ကျေးဇူးများမှုကို ဂူဠှနာဂ ဝတ္ထုဖြင့် ပြဆိုခြင်း

အခါတပါး၌၊ မြတ်စွာဘုရားသည်၊ အတိတ်,အနာဂတ်, ပစ္စုပ္ပန် သုံးတန်သောကာလတို့၌၊ သဗ္ဗညုတဉာဏ်ကို ပေါက် ရောက် တော်မူကြကုန်သော ဘုရားရှင်ဘို့၏၊ အရင်းမူလဖြစ်သော တရားသည်၊ အဘယ်တရားများဖြစ်လေသနည်းဟု အရှင်သာရိပုတ္တရာမထေရ်အား မေးမြန်းတော်မူ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည်၊ မိမိ၏ ဉာဏ်၌ထင်မြင်သည်အတိုင်း ဖြေကြားလျှောက်ထားလေသည်။

ယေ တေ ဘန္တေ အဟေသုံ အတီတမဒ္ဓါနံ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ၊ သဗ္ဗေ တေ ဘဂဝန္တော ပဉ္စနီဝရဏေ ပဟာယ စေတသော ဥပက္ကိလေသေ ပညာယ ဒုဗ္ဗလီကရဏေ စတူသု သတိပဋ္ဌာနေသု သုပ္ပတိဋ္ဌိတစိတ္တာ သတ္တ ဗောဇ္ဈင်္ဂေ ယထာဘူတံ ဘာဝေတွာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိံသု။ (သုတ်မဟာဝါ မဟာပရိနိဗ္ဗာနသုတ်)

ဘန္တေ၊မြတ်စွာဘုရား။အတီတမဒ္ဓါနံ၊ လွန်လေပြီးသော ရှေးအခါကာလ၌။ အရဟန္တော၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်ထသော။ သမ္မာသမ္ဗုဒ္ဓါ၊ သစ္စာလေးတန်ကို အမှန်သိမြင်တော် မူကုန်ထသော။ ယေတေ ဘဂဝန္တော၊အကြင်ဘုရားရှင်တို့သည်၊ အဟေသုံ၊ပွင့်တော်မူကြလေကုန်ပြီ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဘဂဝန္တော၊ ထိုဘုရားရှင်တို့သည်။စေတသော၊ စိတ်တော်ကို။ဥပက္ကိလေသေ၊ညစ်ငြူး

ပူပန်စေတတ် ကုန်သော။ ပညာယ၊ ပညာ၏။ ဒုဗ္ဗလီကရဏေ၊ အားနည်းခြင်းကို ပြုတတ်ကုန်သော။ ပဉ္စနီဝရဏေ၊ ငါးပါးသော နီဝရဏတို့ကို။ ပဟာယ၊ ပယ်၍။ စတူသု၊ လေးပါးကုန်သော။ သတိပဋ္ဌာနေသု၊ သတိပဋ္ဌာန်တရားတို့၌။ သုပ္ပတိဋ္ဌိတစိတ္တာ၊ ကောင်းစွာ တည်သော စိတ်ရှိတော်မူကြကုန်သည် ဖြစ်၍။ သတ္တ ဗောဇ္ဈင်္ဂေ၊ ၇-ပါးသော ဗောဇ္ဈင်တရားတို့ကို။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ ဘာဝေတွာ၊ ပွားများရှုမှတ်တော်မူကြကုန်၍။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတ ဉာဏ်တော်မြတ်ကို။ အဘိသမ္ဗုဒ္ဓါသု၊ ဟုတ်မှန်ထင်လင်း ထိုးထွင်း၍ သိမြင်တော်မူကြလေကုန်ပြီ။

အဓိပ္ပါယ်ကား၊ သတိပဋ္ဌာန် တရားကို ပွားများသဖြင့်၊ ဘုရားအဖြစ်သို့ ရောက်ကြသည်ဟုဆိုလို၏။ သတိပဋ္ဌာန်၌တည်၍ ဗောဇ္ဈင်ကို ပွားများသည်ဆိုသော်လည်း၊ သတိပဋ္ဌာန်ကို ပွားများလျှင်၊ ဗောဇ္ဈင်တရား ပြည့်စုံသည်ဟု၊ ဟောတော်မူသော ဒေသနာကိုထောက်ထား၍၊ ဤနေရာ၌ သတိပဋ္ဌာန်ကို ပွားများသည်ဟူ၍ပင် မှတ်ယူအပ်ပေသည်။ အနာဂတ်,ပစ္စုပ္ပန်တို့၌လည်း၊ ဤနည်းအတူပင် ထောက်ထားလေသည်။

အခါတပါး၌၊ ပုဏ္ဏားတယောက်သည်၊ တရားအပေါင်းတို့တွင်၊ အဘယ်တရားက ကျေးဇူးများ၍၊ အဘယ်တရားက အထွဋ် အမြတ်ဖြစ်ပါသနည်းဟု၊ မြတ်စွာဘုရားအား လျှောက်ထားလေ၏။ ထိုအခါ မြတ်စွာဘုရားသည်၊ အင်္ဂုတ္တိုရ်ပါဠိတော် ဆက္ကနိပါတ် ဓမ္မိကဝဂ်၌၊ **အပ္ပမာ ဒေါ ခေါ ဗြဟ္မဏ ကောဓခေမ္မာ ဘာဝိတော ဗဟုလီကတော ဥဘော အတ္ထေ သမဓိဂ္ဂယှ တိဋ္ဌတိ**—ဤသို့စသည်ဖြင့် ဟောကြားတော်မူ၏။

အဓိပ္ပါယ်ကား၊ အိုပုဏ္ဏား မမေ့မလျော့သော သတိတရား တခုကို ပွားများလျှင်၊ မျက်မှောက်သံသရာနှင့်ဖြစ်သော အကျိုး ၂-ပါးကိုရရှိနိုင်၏။ လောက၌ ခြေရှိသောသတ္တဝါတို့တွင်၊ ဆင်သည် အကြီးဆုံးဖြစ်သကဲ့သို့။ ထို့အတူ တရားအပေါင်းတို့တွင်၊ သတိသည် ကျေးဇူးအများဆုံး အမြတ်ဆုံးဖြစ်၏။ တနည်းသော်ကား၊ လောက၌ မင်းအပေါင်းတို့တွင်၊ စကြာဝတေး မင်းသည် အမြတ်ဆုံးဖြစ်သကဲ့သို့။ ထို့အတူ တရားအပေါင်းတို့တွင်၊ သတိသည် အထွဋ်အမြတ်ဆုံးဖြစ်၏။ တနည်းသော်ကား၊ လောက၌ အိမ်ကျောင်းစသည်၌၊ အသုံးပြုသော

အဆောက်အဦးတို့တွင်၊ အထွဋ် ဓုပိကာသည်၊အမြတ်ဆုံးဖြစ်သကဲ့သို့။ ထိုအတူ တရားအပေါင်းတို့တွင်၊ သတိသည် ကျေးဇူး အများဆုံး ဖြစ်၏။ တနည်းသော်ကား၊ လောကၝ ကြယ်တာရာ အပေါင်းတို့၏ တောက်ပသော အရောင်ထက်၊ လမင်း၏တောက်ပသော အရောင် အဝါသည်၊ အလွန်ဆုံး အသာဆုံး ဖြစ်သကဲ့သို့။ ထိုအတူ တရား အပေါင်းဘို့တွင်၊ သတိသည် ကျေးဇူးအများဆုံး အမြတ်ဆုံးဖြစ်၏။ ဤသို့စသည်ဖြင့်လည်း၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

သတိံ စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်။ သတိံ စ၊ အမှုအရာအလုံးစုံ၌ မှတ်ခြင်း သတိကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ ခပ်သိမ်း သောတရားတို့၌ အလိုရှိအပ်၏ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ဥပမာအားဖြင့်လည်း၊ အလုံးစုံသော အမဲဟင်းလျာ အရသာတို့၌၊ ဆားသည် ထင်ထင်ရှားရှား တွင်ကျယ်အသုံးများသကဲ့သို့။ အလုံးစုံ သောတရားတို့၌၊ သတိသည် လွန်စွာကျေးဇူးကြီးမား၍၊ အကျိုးများ ၏ဟု အဋ္ဌကထာဆရာတို့ မိန့်ဆိုတော်မူကြကုန်၏။

အယဉ္စ မဂ္ဂေါ ဘာဝိတော အနုပုဗ္ဗေန နိဗ္ဗာန သစ္ဆိ ကိရိယံ သာဓေတိ။ (သတိပဋ္ဌာန် အဘွင့်)

ဟိသတ္တံ၊ ထိုဆိုခဲ့သော စကားသည် အမှားကေန် စင်စစ်မှန်၏။ ဘာဝိတော၊ရှုမှတ်ပွားများစေအပ်သော။ အယံ မဂ္ဂေါ၊ ဤသတိပဋ္ဌာန် တည်းဟူသော လမ်းခရီးသည်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ နိဗ္ဗာန သစ္ဆိကိရိယံ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းကို။ သာဓေတိ၊ အောင် မြင်ပြီးစီးစေနိုင်၏။

ဤအဋ္ဌကထာစကားဖြင့်လည်း၊ သတိတရား၏ ကျေးဇူးများပုံကို မှတ်သားအပ်ပေသည်။ အဓိပ္ပါယ်ကား၊ လောကုတ္တရာဟူသည်၊ သတိ ပဋ္ဌာန်လျှင် ရှေ့သွားရှိသည်ဟု ဆိုလို၏။ ဤနေရာ၌ ရှေးမထေရ်ကြီး များ၊ ဆွေးနွေး မေးမြန်းကြဘူးလေသည်။ ဆွေးနွေး မေးမြန်းပုံမှာ၊ ဆရာဖြစ်သော တိပိဋကစူဠသုမ မထေရ်က၊ တပည့်ဖြစ်သော စူဠနာဂ မထေရ်ကို၊ ငါ့ရှင်နာဂ သတိပဋ္ဌာန်မဂ်သည်၊ ပုဗ္ဗဘာဂမဂ်, လော ကုတ္တရာမဂ် ၂-ပါးတွင်၊ အဘယ်မဂ်နည်းဟု မေး၏။ တပည့်စူဠနာဂ

မထေရ်က၊ သတိပဋ္ဌာန်မဂ်သည်၊ ပုဗ္ဗဘာဂမဂ်ဟု ဖြေဆို၏။ ထိုအခါ ဆရာသုမ မထေရ်က၊ ပုဗ္ဗဘာဂမဂ် မဟုတ် လောကုတ္တရာမဂ်ဟု ဆို၏။ တဘန် တပည့်မထေရ်က သတိပဋ္ဌာန်မဂ်သည်၊ လောကုတ္တရာမဂ် မဟုတ်၊ ပုဗ္ဗဘာဂမဂ်ဟု ဆိုပြန်၏။ တဘန် ဆရာသုမ မထေရ်က၊ ပုဗ္ဗဘာဂမဂ် မဟုတ်၊ လောကုတ္တရာမဂ်ဟု ဆိုပြန်၏။ ထိုအခါ ထပ်မံ မပြောကြားဘဲ ထသွားကြလေ၏။

ထိုနောက် ဆရာမထေရ်သည် ရေချိုးအုံသို့သွားရင်း စဉ်းစားသည်မှာ၊ ရှုဏ္ဍနာဂသည် ပုဗ္ဗဘာဂမဂ်ဟု ဆို၏။ ငါသည် လောကုတ္တရာမဂ်ဟု ဆိုမိ၏။ ဒေသနာသဘောအမှန်မှာ ဘယ်သို့ ဖြစ်မည်နည်းဟု ဆင်ခြင်၍ သတိပဋ္ဌာန် ဒေသနာတော်အစဉ်ကို နှလုံးသွင်းလေသော်၊ **ယော ဟိ ကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တဝဿာနိ**-ဟူသော နိဂုမ်းဒေသနာသို့ရောက်မှ၊ တပည့်၏အယူဝါဒ ဖြောင့်မှန်၍၊ မိမိ ထင်မြင်ချက် မှားယွင်းကြောင်းများကို၊ ထင်ရှားစွာ မှတ်သားသိရှိလာလေသည်။

ရင်းနောက် အဓမ္မိဉပုသ်ရက်တွင်၊ တပည့်ရှုဏ္ဍနာဂ ဟောပြောသော တရားသဘင်သို့၊ ဆရာမထေရ်ကြီး ကြွသွားပြီးလျှင်၊ ရှုဏ္ဍနာဂသင်၏အယူ ဖြောင့်မှန်၍၊ ငါ၏အယူ မှားယွင်းကြောင်း မိန့်တော်မူ၏။ ထိုအခါ ရှုဏ္ဍနာဂမထေရ်သည်၊ ဤမျှလောက် ပရိယတ္တိ၌ ကျွမ်းကျင်သော ဆရာကြီးသော်မှလည်း၊ ဤနေရာမျိုး၌ ချွတ်ချော်ပေသဖြင့်၊ နောင်အခါ ပရိယတ္တိဉာဏ် နည်းသော သူတို့မှာ၊ ပြောဘွယ်ရာ မရှိဟု နှလုံးပြု၍၊ နောင်လာနောင်သားတို့ ခိုင်မြဲစွာ မှတ်သားစေခြင်းငှါ၊ **ကောယနမဂ္ဂေါ ဝုစ္စတိ ပုဗ္ဗဘာဂ သတိပဋ္ဌာနမဂ္ဂေါ။ မဂ္ဂါနဋ္ဌင်္ဂိကောမဂ္ဂေါ သစ္စာနံ စတုရောပဒါ** — ဤသို့စသော သုတ္တန်ဒေသနာတော်ကို ပဋိသမ္ဘိဒါမဂ် ပါဠိတော်မှ ထုတ်ဆောင်၍၊ ဟောကြား ထည့်သွင်းထားတော်မူခဲ့လေသည်။ ဤသို့လာသော သတိပဋ္ဌာန်အဋ္ဌကထာ စကားဖြင့်လည်း၊ သတိပဋ္ဌာန်တရား၏ ကျေးဇူးများပုံကို၊ ယုံကြည်စွာ မှတ်သားသိရှိကြပါလေ။

သတိပဋ္ဌာန်ကျေးဇူးများမှုကို ရှုဏ္ဍနာဂဝတ္ထုဖြင့်
ပြဆိုခြင်းပြီး၏။

## ဝိပဿနာနည်းလမ်း၌ သတိဖြခေါန်းပုံကို ယုံကြည်ရန် ပြဆိုခြင်း

သတိ ဟိ စိတ္တံ ဥဒ္ဓစ္စပက္ခိကာနံ သဒ္ဓါဝီရိယ ပညာနံ ဝသေန ဥဒ္ဓစ္စပါတတော ကောသဇ္ဇပက္ခိကေနစ သမာဓိနာ ကောသဇ္ဇပါတတော ရက္ခတိ။ (သုတ်မဟာဝါ အဋ္ဌကထာ၊)

ဟိသစ္စံ၊ ထိုစကားမှန်၏။ သတိ၊ မှတ်ခြင်း သတိသည်။ စိတ္တံ၊ဝိပဿနာစိတ်ကို။ဥဒ္ဓစ္စပက္ခိကာနံ၊ပျံ့လွင့်တုန်လှုပ်ခြင်း အဘို့ရှိကုန်သော။သဒ္ဓါ ဝီရိယ ပညာနံ၊ ယုံကြည်ခြင်း-သဒ္ဓါ၊အားထုတ်ခြင်း-ဝီရိယ, သိခြင်း-ဉာဏ်ပညာတို့၏၊ ဝသေန၊ အစွမ်းဖြင့်။ ဥဒ္ဓစ္စပါတတော၊ ပျံ့လွင့်တုန်လှုပ်သည့်၏အဖြစ်သို့ ကျခြင်းမှ၎င်း။ ကောသဇ္ဇပက္ခိကေန၊ပျင်းရိထိုင်းမှိုင်းခြင်း အဘို့ရှိသော။ သမာဓိနာ၊ တည်ကြည်ငြိမ်သက်ခြင်း သမာဓိဖြင့်။ ကောသဇ္ဇပါတတော၊ ပျင်းရိ ထိုင်းမှိုင်းသည့်၏ အဖြစ်သို့ ကျခြင်းမှ၎င်း။ ရက္ခတိ၊စောင့်ရှောက်၏။

အဓိပ္ပါယ်ကား၊ သဒ္ဓါ, ပညာ, သမာဓိ, ဝီရိယ စသော၊ နိဗ္ဗာန်သို့ ရောက်ကြောင်း တရားအပေါင်းတို့သည်၊ သတိဟူသော အထိန်း အအုပ် အစောင့်အရှောက် လွတ်ကင်းနေပါလျှင်၊ အထိန်းမရှိသော ချည်ခင်၊ မင်းမရှိသော ပြည်၊အကွပ်မရှိသော ကြမ်းများကဲ့သို့၊ဖရမ်း ဖဘာဖြစ်လျက်၊ မဂ်ဖိုလ်ကို မပေါက်မရောက်နိုင်ဘဲ၊ လွဲချော်နေတတ်သဖြင့်၊ အလုံးစုံသောတရားကို၊ သတိဖြင့် ညီညွတ်အောင်၊ ထိန်းသိမ်း စောင့်ရှောက်ပါမှ၊ မဂ်ဖိုလ်သို့ရောက်နိုင်၏ဟု ဆိုလိုသည်။

ဝီရိယလွန်ကဲနေလျှင်၊ သောဏမထေရ်, အရှင်အာနန္ဒာ စသည်တို့ကဲ့သို့ဖြစ်တတ်၏။ သဒ္ဓါလွန်ကဲနေလျှင်၊ ဝက္ကလိမထေရ်ကဲ့သို့ ဖြစ်တတ်၏။ ပညာလွန်ကဲနေလျှင်၊ အရှင်သာရိပုတ္တရာ စသည်တို့ကဲ့သို့ ဖြစ်တတ်၏။ သဒ္ဓါနှင့် ပညာ၊ သမာဓိနှင့် ဝီရိယတို့သည်၊ တခုခု ပိုမို လွန်ကဲနေလျှင်၊ ဝိပဿနာလမ်း မဖြောင့်၍၊ မဂ်ဖိုလ်သို့ မရောက်နိုင်။ ထိုတရားတို့ ညီညွတ်မျှတမှ၊ ဝိပဿနာလမ်း ဖြောင့်တန်းမှန်ကန်၍၊ အမြန်ပေါက်ရောက်နိုင်၏။ ထို့ကြောင့်၊ ၎င်းတရားစုတို့သည်၊ အပြစ် လွတ်နိုင်ခဲ၏၊သတိတရားမှာမူကား၊ ပိုမိုလွန်ကဲခြင်းကြောင့် အပြစ်မရှိ ပေ။ယုတ်လျော့ အားနည်းနေလျှင်သာ၊ အပြစ်ရှိလေတော့၏ဟု အဋ္ဌ ကထာဆရာတို့ မိန့်ဆိုတော်မူကြလေသည်။

သတိပန သဗ္ဗတ္ထ ဗလဝတိ ဝဋ္ဋတိ။ (ရှင်းအဋ္ဌကထာ။)

သတိပန၊ သတိသည်ကား။ သဗ္ဗတ္ထ၊ အလုံးစုံသော အရာဌာနၵ၌။ ဗလဝတိ၊ အားကြီးလွန်ကဲခြင်းသည်။ ဝဋ္ဋတိ၊ သင့်၏။

အဓိပ္ပါယ်ကား၊ သဒ္ဓါ,ပညာ စသောတရားတို့ မညီမမျှဘဲ၊ ယုတ်လျော့ လွန်ကဲနေသော်လည်း။ သတိ ရှေ့ဆောင်သည်ရှိသော်၊ အလုံးစုံသော တရားတို့ ညီညွတ်ရ၏ဟု ဆိုလိုသည်။ သဒ္ဓါ, ပညာစသော တရားတို့ တခုခုက လွန်ကဲပိုမိုနေလျှင်၊ မဂ်ဖိုလ်သို့ မရောက်နိုင်ကြောင်း ကျမ်းဂန်တို့၌ဆို၏။ သတိလွန်ကဲနေ၍ မဂ်ဖိုလ်သို့ မရောက်ကြောင်း၊ ကျမ်းဂန်တို့၌ အဆိုမရှိပေ။

ဥပမာအားဖြင့်၊ ၃၇-တွဲရှိသော မီးရထားကြီး၌၊ ခေါင်းတွဲသည် လိုရင်းအချုပ်အချာဖြစ်၏။ ခေါင်းတွဲမပါလျှင် မီးရထားမသွားနိုင်၊ ခေါင်းတွဲ တခုသွားလျှင် အလုံးစုံသောတွဲတို့သည် လိုက်ပါကုန်၏။ ထို့အတူ၊ ဗောဓိပက္ခိယတရား ၃၇-ပါးတို့၌၊သတိတရားသည် ခေါင်းတွဲနှင့်တူ၍၊ ကြွင်းသောတရားများသည်၊ နောက်နောက်တွဲများနှင့် တူသည်ဟူ၏။ဥပမာ,ဥပမေသူများကို၊ နှိုင်းယှဉ်၍ မှတ်ယူအပ်ပေသည်။

ရှင်းပြင် ဓမ္မပဒပါဠိတော်၌၊ သတိကို အကြီးအမှူးပြု၍၊ အပ္ပမာဒဝဂ်ဟု အသီးအခြားဟောတော်မူ၏။ သုတ္တန်,ဝိနည်း,အဘိဓမ္မာ သုံးဖြာသော ပိဋကတ်၊ ငါးရပ်သော နိကာယ်တို့၌လည်း၊ သတိတရား ကျေးဇူးများကြောင်းကို အထူးပင် ဟောကြားတော်မူ၏။ သို့မှတပါး၊ နေ့စဉ်နေ့တိုင်း ဟောကြားတော်မူသော၊ ဩဝါဒတရား ငါးပါးဟူသည်လည်း၊ လိုရင်းသဘောများမှာ သတိတရားပင်ဖြစ်လေသည်။

တဘန် ပရိနိဗ္ဗာန် စံမည်ဖြစ်သောနှစ်၌၊ဝေဠုဂါမရွာတွင် ဝါကပ်တော်မူသောအခါ။ **အတ္တဒီပါ ဝိဟရထ၊ အတ္တပဋိသရဏာ၊ အနညပဋိသရဏာ။ ဓမ္မဒီပါ ဝိဟရထ၊ ဓမ္မပဋိသရဏာ၊ အနညပဋိသရဏာ။**-စသည်ဖြင့်၊မိမိကိုယ်သာလျှင်မိမိ၏မှီခိုရာပုန်းအောင်းရာပြု၍နေကြကုန်လော့။တရားသာလျှင် မှီခိုပုန်းအောင်းရာပြု၍နေကြကုန်လော့။ မိမိကိုယ်မှတပါး,တရားမှတပါး၊ မှီခိုပုန်းအောင်းရာ မရှိဟု၊ ရဟန်းများအား အကျဉ်းပေါ်တော်မူ၍၊ အတ္တ,ဓမ္မ-ဟူသည်၊ အခြားမဟုတ် သတိပဋ္ဌာန်တရား ၄-ပါးပင်တည်းဟု အကျယ် ဟောတော်မူ၏။ **တရားရှာ ကိုယ်မှာ**-ဟူသော စကားသည်၊ ဤဒေသနာတော်၏

အဓိပ္ပါယ်ပေတည်း၊ အထူးသတိပြုရန်ကောင်းသော အချက်ပင်ဖြစ်လေသည်။

မဟာပရိနိဗ္ဗာနသုတ်၌၊ ဤသတိတရား၏ကျေးဇူးများပုံကို ကျယ်ဝန်းစွာ ဟောကြားတော်မူသည့်ပြင်၊ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီးဖြစ်သော ကာလ၌လည်း၊ တပည့်သာဝကတို့အား အရေးအကြီးဆုံးဖြစ်သော ကိစ္စဟူသမျှကို၊ တလုံးတဝတည်း သိမ်းကျုံး၍၊ အဆုံးစွန်သောစကား မှာကြားရန်ရှိသည်များကို၊အပ္ပမာဒ ဒေသနာတရားဖြင့်၊ အသက်ထက်ဆုံး မှတ်သားလိုက်နာပြီး၊ ကျင့်ကြံ အားထုတ်နေကြစေရန်၊ ရည်သန်တော်မူသော နှလုံးထားရှိသည်ဖြစ်၍၊ ပစ္ဆိမဗုဒ္ဓဝစနဟူသော ဩဝါဒစကားဖြင့်၊ ဟောကြားဆုံးမတော်မူထားပေသည်။

ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါ
ရာ အပ္ပမာဒေန သမ္ပါဒေထ။ (ပရိနိဗ္ဗာနသုတ်။)

ဘိက္ခဝေ၊ရဟန်းတို့။ဒါနိ၊ပရိနိဗ္ဗာန် စံဝင်ခါနီးဖြစ်သော ယခုအခါ၌။ ဟန္ဒ၊တိုက်တွန်း ဆုံးမထားခဲ့ပါပေ၏။ဝေါ၊ သင်ချစ်သားတို့အား။ အာမန္တယာမိ၊ နောက်ဆုံးစကားဖြင့် မှာကြားခဲ့ပါ၏။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့သည်။ ဝယဓမ္မာ၊ ချုပ်ဆုံးကုန်ခန်း၍ ပျက်စီးတတ်သော သဘောရှိကုန်၏။ တသ္မာ၊ ထိုသို့အတည့်မမြဲ ဘောက်လွဲဘောက်ပြန် အမှန်ဆတ်ဆတ် ကုန်ခန်းပျက်စီးတတ်သော သဘောဖြစ်ခဲ့လေသောကြောင့်။ တုမှေ၊ သင်ချစ်သား အပေါင်းတို့သည်။ အပ္ပမာဒေန၊ မမေ့မလျော့ မပေါ့သော သတိတရားနှင့်။ သမ္ပါဒေထ၊ ပြည့်စုံအောင် အားထုတ်ကျင့်ကြံ၍ နေရစ်ကြကုန်လော့။

ဤဒေသနာတော်ကို ဟောကြားပြီးသောနောက်၌၊ တခွန်းတပါဒမျှသော တရားစကားကိုမျှ၊ဟောကြားခြင်း ပြုတော်မမူဘဲ၊ဈာန်သမာပတ်ကိုဝင်စား၍ ပရိနိဗ္ဗာန် ဝင်စံတော်မူလေ၏။ ထို့ကြောင့်၊ဤဟန္ဒဒါနိ-စသော ဒေသနာတော်ကို၊ အဆုံးစွန်စကားဖြင့် ဟောကြားတော်မူသော၊ ပစ္ဆိမဗုဒ္ဓဝစန-ဟုခေါ်ဆိုရလေသည်။

အဓိပ္ပါယ်ကား၊ လောက၌ ဘဝအဆုံးဖြစ်သော၊ သေရာလမ်းသို့ သွားခါနီးသော မိဘတို့သည်၊ အလွန်ချစ်လှစွာသော သားသမီးအား၊ အရေးအကြီးဆုံး အကောင်းဆုံးဖြစ်သော စကားဖြင့်၊ တသက်လုံး အကျိုးစီးပွါးများ၍၊ မှတ်သား တည်ရစ်စေခြင်းငှါ၊ မှာထား ပြော

ကြားသကဲ့သို့။ မြတ်စွာဘုရားဟူသော အမိအဘသည်၊ ပရိနိဗ္ဗာန်စံခါနီး၌ လူ့,နတ်,ဗြဟ္မာဟူသော သွီးသားတို့အား၊ အလွန်သနားတော်မူသော ကရုဏာဖြင့်၊ တသက်လုံး မှတ်သားတည်ရှိစေခြင်းငှါ၊ အရေးအကြီးဆုံး အကောင်းဆုံးဖြစ်သော ပစ္ဆိမစကားဖြင့်၊ အဆုံးစွန်ဟောကြား၍ မှာထားတော်မူခဲ့ပေ၏ဟု ဆိုလိုသည်။

ဤပစ္ဆိမဗုဒ္ဓဝစန-ဖြစ်သော ဒေသနာတော်၌၊ အပ္ပမာဒ-ဟူသောပုဒ်တခုသည်သာလျှင် လိုရင်းဖြစ်၏၊ ထိုအပ္ပမာဒ-ဟူသော ပုဒ်တခုသည်၊ ပိဋကတ်သုံးပုံကို အလုံးစုံသိမ်းခြုံမိလေ၏။ ဘုရားအဖြစ်သို့ ရောက်သည်မှစ၍၊ ၄၅-ဝါ ပတ်လုံးဟောကြားတော်မူသော၊ မြတ်စွာဘုရား၏ တရား စကားတော်အလုံးစုံကို၊ အပ္ပမာဒ-ဟူသော ပုဒ်တခုတည်း၌ ထည့်သွင်း၍၊ ဟောကြားတော် မူကြောင်းကို၊ အဋ္ဌကထာ ဆရာမိန့်ဆိုတော်မူ၏။

ထို့ကြောင့်၊ ယခုပြဆိုခဲ့သော ပါဠိတော်, အဋ္ဌကထာနှင့်၊ ဥပမာ, ဥပမေယျ အဓိပ္ပါယ် သဘောသဘာဝများကို ထောက်ထား၍၊ သတိပဋ္ဌာန်တရား၏ ကျေးဇူး ကြီးမား ထင်ရှားဖြောင့်မှန်သည်ကို၊ ယုံယုံကြည်ကြည် အတည်စွဲလမ်းလျက်၊ သတိပဋ္ဌာန်နည်းလမ်း ဖြစ်သော ဝိပဿနာကမ္မဋ္ဌာန်းကို၊ ကြိုးပမ်းအားထုတ်သင့်လှပေသတည်း။

သတိစ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်ဧကန် အမှန်အားဖြင့်။ သတိံစ၊ ကိုယ်, နှုတ်, စိတ်က ဖြစ်ပေါ်လာသော အမူအရာဟူသမျှ၌၊ ခဏတိုင်း သိအောင် မှတ်ခြင်းဟူသော သတိကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ ဇလုံးစုံ တွန့်ဆုတ်ပျင်းလွင့်သောစိတ် လွန်ကဲ ယုတ်လျော့သော စိတ်တို့၌ အလိုရှိအပ်၏ ဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူခဲ့ပေသတည်း။

ဝိပဿနာနည်းလမ်း၌ သတိပြဋ္ဌာန်းပုံကို
ပြဆိုခြင်းပြီး၏။

---

## ဘုရားအား ရန်တွေ့ပြီး လမ်းမှား၍ နေဟန်ကို ကျမ်းဂန်နှင့်ပြဆိုခြင်း

မြတ်စွာဘုရားဟောကြားတော်မူသောတရားတော်အပေါင်းသည်၊ လွန်စွာခက်ခဲ နက်နဲလှသော ဂမ္ဘီရလေးပါး သဘောဖြစ်၏။ လွန်စွာ

နူးညံ့သိမ်မွေ့သော သုသဏှသဘော၊သုဏိပုနသဘောဖြစ်၏။လွန်စွာ သိနိုင် မြင်နိုင်ရန် ခဲယဉ်း လှသော သုဒုဒ္ဒသ သဘောဖြစ်၏။ ဤသို့ စသည်ဖြင့် ခက်ခဲနက်နဲပုံများကို၊ ကျမ်းဂန်တို့၌ ဥပမာ,ဥပမေယျတို့နှင့် ကျယ်ဝန်း များပြားစွာ လာရှိပေသည်။

ဤသို့လာရှိသော အရာမျိုး၌၊ သဘာဝဓမ္မကိုသာ မှတ်ယူအပ်ပေသည်။ ထိုသဘာဝဓမ္မ၏ ခက်ခဲ နက်နဲခြင်းကို၊ ပေါ်လွင်ထင်ရှား သိသာ လွယ်ကူအောင်၊ မြတ်စွာဘုရား ဟောကြားတော်မူသဖြင့်၊ နည်းကောင်းလမ်းမှန်ကို တွေ့မြင်သိရှိ၍၊ လက်ဆုပ် လက်ကိုင် ရမိသော ယောဂီပုဂ္ဂိုလ်ဖြစ်ပါလျှင်၊ သဘာဝဓမ္မအားဖြင့် ကွယ်ဝှက်ခက်ခဲ၍၊ နက်နဲ သိမ်မွေ့လှသောတရားပင် ဖြစ်ပါသော်လည်း၊ အလုပ်ကိစ္စကို အားထုတ်သော ယောဂီမှာမူ၊ လွယ်ကူစွာ ထင်မြင်သိရှိကြောင်းများကို၊ မြတ်စွာဘုရား ဟောကြားတော်မူသည်။

> ဧဝံ ဘိက္ခဝေ ဇာနိတုံ တထာဂတော အာစိက္ခိယ
> မာနော ဒေသိယမာနော ပကာသိယမာနော ပညာပိယ
> မာနော ပဋ္ဌပိယမာနော ဝိဝရိယမာနော ဝိဘဇ္ဇိယမာနော
> ဥတ္တာနိံကရဏိယမာနော နဇာနန္တိ။ (ဝိဘင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာ၊ သတ္တဝါတို့သည်။ ဇာနိတုံ၊ မဂ်ဖိုလ် တရားကို ထိုးထွင်း၍ သိကြစေခြင်းငှါ။ တထာဂတော၊ သင်တို့ဆရာ ငါဘုရားသည်။ ဧဝံ၊ ဤသို့။ အာစိက္ခိယမာနော၊ ပြောကြားတော်မူပါလျက်။ ဒေသိယမာနော၊ ဟောကြားတော်မူပါလျက်။ ပကာသိယမာနော၊ထင်ရှားအောင်ပြသတော်မူပါလျက်။ပညာပိယမာနော၊ ပညတ်တော်မူပါလျက်။ ပဋ္ဌပိယမာနော၊ ဖြစ်စေတော် မူပါလျက်။ ဝိဝရိယမာနော၊ ဖုံးအုပ်နေသည်ကို ဖွင့်လှန်၍ ပြတော် မူပါလျက်။ ဝိဘဇ္ဇိယမာနော၊ အဖုံဖုံသောနည်း အသီးသီးသော ဥပမာတို့ဖြင့်၊ ခွဲခြမ်းစိတ်ဖြာ၍ သိသာလွယ်ကူအောင် ဟောပြတော် မူပါလျက်။ ဥတ္တာနိံကရဏိယမာနော၊ မြှုပ်နေသည်ကို ဘော်ထုတ်၍ ပေါ်လွင် ထင်ရှားအောင် ဟောကြားတော်မူပါလျက်။ သတ္တာ၊ သတ္တဝါ တို့သည်။ န ဇာနန္တိ၊ မသိနိုင်ကြလေကုန်သတည်း။

အဓိပ္ပါယ်ကား၊ မြတ်စွာဘုရားသည်၊ သဘာဝဓမ္မ၏ ခက်ခဲသည်ကို လွယ်ကူအောင်၊နက်နဲ၍တိမ်မြုပ်နေသည်ကို ပေါ်လွင်အောင်၊ ဖုံးအုပ်

နေသည်ကို ပွင့်လင်းအောင်၊ မကွဲမပြားဖြစ်နေသည်ကို သိသာထင်ရှား ကွဲပြားအောင်၊ မသင်မြင်နိုင် မသိနိုင်သောတရားကို ထင်မြင်သိရှိ လွယ်အောင်၊ နည်းအဖြာဖြာ ဥပမာ ဥပမေယျများနှင့်၊ ခွဲခြမ်း၍ဟော ကြား ပြထားပါလျက်၊ သဗ္ဗညုဝါဒ်ကိုသည်ကား၊ မသိမမြင်နိုင်ကြ လေ ခြင်း၊ မထင်မလင်းနိုင်ကြလေခြင်းဟု၊ ပြင်းထန်သော စိတ်နှလုံးတော် များနှင့်၊ မြတ်စွာဘုရား ငြိုးငွေ့တော်မူသော၊ အဓိပ္ပါယ်များပေ တည်း။

ဤ ဒေသနာတော်အရ၊ အလုပ်ကိစ္စ၌ လွယ်ကူအောင် ပြတော် မူသည်ဆိုရာ၌၊ သတိပဋ္ဌာန် ရှုမှတ်ပုံ နည်းအတိုင်း၊ ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ ဖြစ်ပေါ်လာသမျှ ကိုသာလျှင်၊ သူ သဘောအတိုင်း သိမြင်လာအောင်၊ ခေါ်ဝေါ်ပြောဆိုနေကြ ဖြစ်သော သဘောကိုမှတ်ရသဖြင့်၊ အလုပ်ကိုအားထုတ်ရန် ကိစ္စမှာ၊ မိမိဉာဏ် ဖြင့်ဝှင်း ဒေသနာဉာဏ်ဖြင့်ဝှင်း၊ အထူးအထွေ ကြံစည်တွေးတော နေရခြင်းမျိုး မဟုတ်ပေ၍၊ လွန်စွာပင် သိသာထင်ရှား လွယ်ကူလေ တော့သည်။

သဘာဝဓမ္မ၏ နူးညံ့သိမ်မွေ့ နက်နဲသည်ဆိုရာ၌၊ ထုတ်နှုတ် ဘွင့် လှန်၍ ပေါ်လွင်အောင် ပြထားသော၊ သတိပဋ္ဌာန် နည်းအတိုင်း လွယ်ကူစွာ ရှုမှတ်သောအခါ၊ ဉာဏ်၌ထင်မြင်လာသော သဘော မှာမူ၊ လွန်စွာ ဆန်းကြယ်ထူးထွေ၍၊ နူးညံ့သိမ်မွေ့ နက်နဲလေ၏။ ဤအဓိပ္ပါယ်မျိုးကို မယူမူ၍၊ အလုပ်ကိစ္စ၌ပင် ခက်ခဲနက်နဲသည်ထင်ပြီး၊ ဆင်ခြင်တွေးတော ကြံစည် နေပါလျှင်၊ အထက်တွင် ပြဆိုခဲ့သော ဒေသနာအစဉ်နှင့်၊ ဆန့်ကျင်ကွဲပြားနေသဖြင့် အလွဲအမှား ဖြစ်တတ် လေ၏။ ယခုပြဆိုခဲ့သော ဒေသနာအရဖြင့်၊ အဓိပ္ပါယ် ယူဆပုံများ သည်၊ သဘာဝဓမ္မ၏ယထာဘူတ ဟုတ်မဟုတ်ကို၊ အားထုတ်၍ စမ်းသပ်ကြည့်လျှင်၊ ယောဂီပုဂ္ဂိုလ်၏ဉာဏ်၌၊ အမှန်ပင် သိမြင်၍ လာလိမ့်မည်။

တမေနံ ဘိက္ခဝေ ဗာလံ ပုထုဇ္ဇနံ အန္ဓံ အစက္ခုကံ
အပသဿန္တံ အဇာနန္တံ ကိန္တိ ကရောမိ။ (ငှင်းပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ပုထုဇ္ဇနံ၊ ရာဂစသော ကိလေသာတရားတို့ ထူထပ် များပြားသော၊ အန္ဓံ၊ ဝိပဿနာပညာ မျက်စိကန်းသော။

အစက္ခုကံ၊ ဝိပဿနာပညာ မျက်စိမရှိသော။ အပဿန္တံ၊ ပြသပါလျက် မထင်နိုင် မမြင်နိုင်သော။ အဇာနန္တံ၊ ရှင်းလင်းသေချာ ထင်ရှားစွာ ပြောဟောပါလျက် မသိနိုင်သော။ တမေနံ ဗာလံ၊ ထိုဟောထားသောအတိုင်း မယုံကြည်၍ မိမိဉာဏ်ဖြင့် ထင်သလို ကြံစည်တွေးတောနေသောကြောင့်၊ ဟုတ်မှန်တိုင်း မထင်မြင် မသိရှိနိုင်သော၊ ပုထုဇဉ်ကန်း ပုထုဇဉ်မိုက်ကို။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည်။ ကိန္တိကရေယျံ၊ အဘယ်ပြုလိမ့်မည်နည်း။

ဤဒေသနာတော်ဖြင့်၊ မြတ်စွာဘုရားက လွယ်ကူစွာ ဟောတော်မူ၏။ သတ္တဝါတို့က ခက်ခက်ခဲခဲ ကြံစည်နေ၏။ မြတ်စွာ ဘုရားက ထုတ်နှုတ်ဘွင့်ဘော်၍ ဟောတော်မူ၏။ သတ္တဝါတို့က တူးဘော်ဘွင့်လှန်၍ နေကြ၏။ဤသို့ထင်ရှားပေါ်လွင်အောင်ဟောထားပါလျက်၊ မယုံကြည်နိုင်ဘဲ မိမိဉာဏ်ဖြင့် ကြံစည် တွေးတောနေ၍၊ ဟုတ်မှန်သော သဘောအတိုင်း မမြင်နိုင် မသိနိုင်အောင်၊ ဆန့်ကျင်ဘက်ပြုလုပ်နေသော ပုဂ္ဂိုလ်ကန်း ပုဂ္ဂိုလ်မိုက်ကို၊ ငါဘုရား ဘယ်လိုမှ မပြုမလုပ်တော့ပေဟု၊ သနားတော်မူလှ၍ ညည်းညူတော် မူရလေ၏။ ကမ္မဿကာဟု နှလုံးပြု၍ လျစ်လျူရှုသော၊ ဥပေက္ခာသဘောမျိုးဟု ဆိုလိုသည်။

ဤသို့ မြတ်စွာဘုရား ဟောတော်မူထားသောအတိုင်း၊ ပေါ်လွင်ထင်ရှားသည်ကို မလိုက်နာ မယုံကြည်၍၊ သွားစဉ်, သွားခိုက်,သွားဆဲ၌၊ သွားခါမျှဖြစ်သော အမူအရာသဘောကို သိရှိအောင်၊ သွားတယ်မှတ်ဟု မြတ်စွာဘုရား ဟောတော်မူရာ။ စိတ္တဇ ဝါယောဓာတ်ကြောင့်၊ အရိုးစုကြီးရွေ့သို့ ထောင်တက်သည်ဟု၊ ယောဂီပုဂ္ဂိုလ်က ကြံစည်နေ၏။ ရုပ် နာမ် ခန္ဓာမျှသာဟု၊ မြတ်စွာဘုရား ဟောတော်မူရာ။ ပုဂ္ဂိုလ်,သတ္တဝါ,ယောကျ်ား မိန်းမ ကောင်ဟု၊ သတ္တဝါများက ထင်မှတ်နေ၏။ အမြဲမရှိ, ဆင်းရဲ၏, အစိုးမရ,မတင့်တယ်၊ စက်ဆုတ်ဘွယ်ဟု၊ မြတ်စွာဘုရား ဟောတော်မူရာ။ မြဲ၏,ချမ်းသာ၏,အစိုးရ၏, လှပ တင့်တယ် ရှုချင်ဘွယ်ရှိ၏ဟု၊ သတ္တဝါများက မှတ်ထင်၍နေကြ၏။

ဤသို့ မဟုတ်သည်ကို အဟုတ်၊ ဟုတ်သည်ကို မဟုတ်၊ မမှန်သည်ကို အမှန်၊ မှန်သည်ကို မမှန်ဟု ဘောက်ပြန်စွဲယူခြင်းသည်၊ မြတ်စွာဘုရား၏ စကားကို မမှတ်ယူ မနာခံဘဲ၊ ငြင်းဆန် ရန်တွေ့နေသည့်မည်

၏။ ထို့ကြောင့်၊ ချစ်သားတို့ ငါဘုရားသည်၊ သဏ္ဍာဝါ အပေါင်းနှင့် ငြင်းခုန်ခြင်းကို မပြု။ သဏ္ဍာဝါအပေါင်းကသာလျှင်၊ ငါဘုရားနှင့် ငြင်းခုန်ခြင်းကိုပြုကြ၏ဟု ဟောကြားတော်မူသည်။

နာဟံ ဘိက္ခဝေ လောကေန ဝိဝဒါမိ၊ လောကော စ မယာ ဝိဝဒတိ။ ။ (ခန္ဓဂ္ဂသံယုတ် ပါဠိတော်)

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ လောကေန၊ လူ့နတ်ပြဟ္မာ သဏ္ဍာဝါအပေါင်းနှင့်။ န ဝိဝဒါမိ၊ ငြင်းခုန်ချခံ၍ ခိုက်ရန်မများ၊ ဟုတ်မှန်သောအတိုင်းကိုသာ ဟောကြားတော်မူခဲ့ပေ၏။ လောကော စ၊ လူ့နတ်ပြဟ္မာ သဏ္ဍာဝါ အပေါင်းကသာလျှင်။ မယာ၊ ငါဘုရားနှင့်။ ဝိဝဒတိ၊ ငြင်းခုန်ချခံ၍ ခိုက်ရန်ပွားများ အသွဲ အမှားကိုသာ၊ မှတ်သား ပြုကျင့်၍နေကြလေသတည်း။

၍ဒေသနာတော်သည် လွန်စွာ သတိထား၍၊ နစ်နစ်နာနာ နက်နက် နဲနဲကြီး၊ စဉ်းစားရန် အချက်ပေတည်း။ အဘယ်ကြောင့်ဆိုသော်၊ မြတ်စွာဘုရား ဟောတော်မူသော နည်းအတိုင်း၊ ဟုတ်မှန် ရာကို မလိုက်မနာ မယုံကြည်ဘဲ၊ မိမိထင်သလို ကြံစည် အားထုတ်နေပါလျှင်၊ သဘောအတိုင်းဖြစ်သော ပရမတ်ကိုထင်မြင်နိုင်၊ ပညတ်မျှကိုသာ ထင်မြင်နေသဖြင့်၊ ဘုရားရှင်နှင့် ငြင်းခုန် ရန်တွေ့ရာသို့ရောက်၏။ ထို့ကြောင့် မဂ်နိုးမပျောက် လိုရာသို့မပေါက်ဘဲ၊ မဂ်ဖိုလ် နိဗ္ဗာန်နှင့် လမ်းချော်၍ လဲနေလေတော့သည်။

ယခုပြဆိုခဲ့သော အချက်ဓာတ်၌၊ ယောဂီပုဂ္ဂိုလ်တို့ လွန်စွာ သတိပြုရန်လိုလှ၍၊ သဘာဝဓမ္မတို့၏ ယထာဘူတဖြစ်သော၊ ပကတိ ဟုတ်မှန်တိုင်း သဘောကိုမသိဘဲ၊ ကြံဘန် တွေးတောလျက်၊ မိမိသဘော ထင်သလိုသာ အားထုတ်နေပါလျှင်၊ ဘယ်တော့မှ ကိလေသာ မစင်ကြယ်၍၊ နိဗ္ဗာန်ကို မရနိုင်ဟု ခိုင်မာသောစကားဖြင့်၊ ယောဂီပုဂ္ဂိုလ်တို့ အထူးစွဲမြဲစွာ သတိရစေခြင်းငှါ၊ အဋ္ဌကထာဆရာ ဘွင့်ပြတော်မူခဲ့ပေသည်။

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေ ဣဓ။
ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။ ။
(ဝိသုဒ္ဓိမဂ်)

ဣဓ၊ ဤသာသနာတော်မြတ်ကြီး၌။ သုဒ္ဓိကာမာ၊ ကိလေသာ စင်ကြယ်ကင်းကွာသည့် နိဗ္ဗာန်ချမ်းသာကို အလိုရှိကြကုန်သော။ ယေ ယောဂိနော။ အကြင်ယောဂီပုဂ္ဂိုလ်တို့သည်။ ယထာဘူတံ၊ ဟုတ်မှန်သောအတိုင်း။အဇာနန္တာ၊ မသိကြကုန်ဘဲလျက်။ကမ္မဋ္ဌာနံ၊ ဝိပဿနာကမ္မဋ္ဌာန်းကို။ ဝါယမန္တာပိ၊မဟုတ်မမှန် စိတ်အကြံဖြင့်၊ အပြင်းအထန်အားထုတ်၍ နေကြပါကုန်သော်လည်း။ တေ ယောဂိနော၊ ထိုယောဂီပုဂ္ဂိုလ်တို့သည်။ဝိသုဒ္ဓိံ၊ ကိလေသာ စင်ကြယ်သော မဂ်ဖိုလ်နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်ကြလေကုန်သတည်း။

ဘုရားအားရန်တွေ့ဟန်ကို ကျမ်းဂန်နှင့် ပြဆိုချက်ပြီး၏။

---

## သာသနာ့အမွေ အမြတ်၊ အယုတ်ကို ဝဏ္ဏလိသုတ်ဖြင့် ထုတ်နုတ်၍ ပြဆိုခြင်း

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသ ဒါယာဒါ။ အတ္ထိ မေ တုမှေသု အနုကမ္ပါ၊ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါတိ။

(မူလပဏ္ဏာသပါဠိတော် ဓမ္မဒါယာဒသုတ်)

ဘိက္ခဝေ၊ ရဟန်းဘို့။ မေ၊ ငါဘုရား၏။ သာဝကာ၊ တပည့်သားအပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ လောကုတ္တရာဖြစ်သော တရားအမွေကိုသာ ခံယူကြကုန်သည်။ ဘဝထ၊ ဖြစ်ရစ်ကြကုန်လော။ အာမိသဒါယာဒါ၊ လောကီဖြစ်သော ပစ္စည်းအမွေကို ခံယူကြကုန်သည်။ မာ ဘဝထ၊ မဖြစ်ကြပါကုန်လင့်။ တုမှေသု၊ သင် ချစ်သားအပေါင်းတို့၌။ မေ၊ ငါဘုရား၏။ အနုကမ္ပာ၊ သနားသမှု အစဉ်အမြဲ ကြောင့်ကြပြုခြင်းသည်။ အတ္ထိ၊ ရှိနေပေ၏။ ကိံ အတ္ထိ၊ အဘယ်သို့ ရှိနေသနည်းဟူမူကား။မေ၊ငါဘုရား၏။သာဝကာ၊တပည့်သားအပေါင်းတို့သည်။ ကိန္တိ၊ အဘယ်သို့လျှင်။ ဓမ္မဒါယာဒါ၊ လောကုတ္တရာ အမွေကိုသာ ခံယူကြကုန်သည်။ ဘဝေယျုံ၊ ဖြစ်ပါကုန်အံ့နည်း။ အာမိသဒါယာဒါ၊ လောကီပစ္စည်းအမွေကို ခံယူကြကုန်သည်။ နော ဘဝေယျုံ၊ မဖြစ်ဘဲရှိပါကုန်အံ့နည်း။ ဣတိ၊ ဤသို့သနားသမှု အစဉ်အမြဲ ကြောင့်ကြပြုခြင်းသည်။ မေ၊ ငါဘုရားအား။ အတ္ထိ၊ ရှိနေပေသတည်း။

အဓိပ္ပါယ်ကား၊ မြတ်စွာဘုရား၏ သာသနာအမွေသည်၊ ဓမ္မအမွေ, အာမိသအမွေဟု ၂-မျိုးရှိ၏။ သာသနာတော်ကို ပူဇော်ခြင်း သည်လည်း၊ ဓမ္မပူဇာ,အာမိသပူဇာဟူ၍ ၂-ပါးပင်ရှိ၏။ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ရခြင်းသည်လည်း၊ ဓမ္မာနုဂ္ဂဟ, ပစ္စယာနုဂ္ဂဟဟူ၍ ၂-ပါးပင်ရှိလေသည်။ ထို ၂-ပါးတို့တွင်၊ ပစ္စည်းဖြင့် ပူဇော်ချီးမြှောက်၍ ခံယူသောအမွေသည်၊ အမွေဆိုး အမွေယုတ်မည်၏။ တရားဖြင့် ပူဇော်ချီးမြှောက်၍ ခံယူသောအမွေသည်၊ အမွေကောင်း အမွေမြတ်မည်၏ဟု ဆိုလိုသည်။

ဥပမာအားဖြင့်၊ လောက၌ အမိအဘတို့သည် သားသမီးတို့အား၊ ဆိုးမွေ,ကောင်းမွေ ၂-မျိုးတို့တွင်၊ ကောင်းသော အမွေကိုသာ ခံယူစေလို၏။ မကောင်းသော အမွေဆိုးကို မပေးလို၊ မခံယူစေလိုကြကုန်သကဲ့သို့။ အမိ အဘနှင့် တူသော မြတ်စွာဘုရားသည်လည်း၊ သားသမီးနှင့် တူသော လူ, နတ်, ဗြဟ္မာတို့အား၊ တရားဖြင့် ပူဇော်ချီးမြှောက်၍၊ လောကုတ္တရာ ဓမ္မအမွေကိုသာ ခံယူကြပါကုန်လော။ပစ္စည်းဖြင့်ပူဇော်ချီးမြှောက်၍၊ လောကီ အာမိသအမွေကို မခံမယူကြပါကုန်လင့်ဟု၊ ကြောင့်ကြသနားသဖြင့် အကြိမ်ကြိမ်ဟောကြား၍ ဩဝါဒထားတော်မူခဲ့လေသည်။

> အာမိသ ပူဇာစ နာမေသာ သာသနံ ဧကဒိဝသမ္ပိ
> ဧကယာဂုပါနကာလမတ္တမ္ပိ သန္ဓာရေတုံ န သက္ကောတိ၊
> မဟာဝိဟာရသဒိသမ္ပိ ဝိဟာရသဟဿံ မဟာစေတိယသဒိသ
> ဉ္စ စေတိယသဟဿမ္ပိ သာသနံ ဓာရေတုံ န သက္ကောန္တိ။
>
> ( ပရိနိဗ္ဗာနသုတ် အဘွင့် )

ဧသာ အာမိသပူဇာစနာမ၊ ဤပစ္စည်းဖြင့် ပူဇော်ချီးမြှောက်ခြင်းမည်သည်ကား။ သာသနံ၊ သာသနာတော်မြတ်ကို။ ဧက ဒိဝသမ္ပိ၊ တနေ့တရက်မျှသော်၎င်း၊ ဧကယာဂုပါန ကာလ မတ္တမ္ပိ၊ ယာဂု တကြိမ်သောက်သော ကာလမျှသော်၎င်း။ သန္ဓာရေတုံ၊ တည်တန့်နိုင်မြဲစေခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဟိသစ္စံ၊ ထိုစကားသည် မှန်၏။ မဟာဝိဟာရသဒိသံ၊ မဟာဝိဟာရ ကျောင်းတိုက်ကြီးနှင့် တူသော။ ဝိဟာရသဟဿမ္ပိ၊ ကျောင်းတိုက်ပေါင်း တထောင်သည်၎င်း။ မဟာစေတိယသဒိသံ၊ မဟာစေတီကြီးနှင့် တူသော။ စေတိယသဟဿမ္ပိ၊ စေတီပေါင်း တထောင်သည်၎င်း။ သာသနံ၊ သာသနာတော်မြတ်ကို။

ခၢရေတုံ၊ မြမြီခိုင်ခန့် တည်တန့်အောင် ဆောင်စေခြင်း၌။
နသတ္တော၁ ဝိ၊ မတတ်စွမ်းနိုင်ကြလေကုန်သတည်း။

အဓိပ္ပါယ်ကား၊ လောကီဖြစ်သော ဒါန,သီလ,ဘာဝနာမှုမျိုးသည်၊ ပစ္စက္ခဘဝ၌ ကျော်စောထင်ရှား၊လာဘ်လာဘ ပူဇော်သက္ကာရများ၍၊ ဘုန်းတန်ခိုး ကြီးမားခြင်း။ တမလွန် သံသရာ ဘဝတို့၌လည်း၊ လူ,နတ်, ဗြဟ္မာ ပုထုဇဉ်သတ္တဝါဖြစ်၍၊ ဝဋ္ဋဒုက္ခတွင် ကျင်လည်နှစ်မွန်း၊ မျောပါး ခြင်းများ ဖြစ်သောကြောင့်၊ အာမိသပစ္စည်းဖြင့် ချီးမြှောက် ပူဇော်၍၊ ရရှိခံစားရသော အမွေသည် အမွေဆိုးမည်၏။ ဓမ္မာနုဓမ္မ ပဋိပတ်ဖြစ် သော၊ ဝိပဿနာအလုပ်ကို အားထုတ်ခြင်းသာလျှင်၊ ငါဘုရားကို ပူဇော်ရာရောက်၏။ သာသနာကို ချီးမြှောက် ထောက်ပံ့ရာရောက်၏။ ကောင်းမြတ်သော လောကုတ္တရာ ဓမ္မအမွေကို ခံယူသုံးဆောင်ရာ ရောက်၏။

ထိုသို့ အကျင့်မြတ်တရားဖြင့် ပူဇော် ချီးမြှောက်၍၊ လောကုတ္တရာ ဓမ္မအမွေကို ခံယူခြင်းသည်သာလျှင်၊ သင်တို့အား အကျိုးစီးပွားများ ၍၊ ငါဘုရား နှစ်သက်ဝမ်းမြောက်တော်မူ၏။ ပစ္စည်း အာမိသ ဖြင့် ပူဇော်ချီးမြှောက်ခြင်းမည်သည်၊ မဟာဝိဟာရမည်သော ကျောင်း တိုက်ကြီးပေါင်း တထောင်ဖြစ်စေ၊ မဟာစေတီကြီးနှင့် တူသော စေတီကြီးပေါင်း တထောင်ဖြစ်စေ၊ ပြုလုပ်သော်လည်း သာသနာကို တည်အောင် မပြုနိုင်သဖြင့်၊ သာသနာကို ချီးမြှောက်ရာ မရောက်။ ငါဘုရားကို ပူဇော် ချီး မြှောက် နှစ်သက် ကြည်ညိုစွာ မရောက်၍၊ ငါဘုရား နှစ်သက် ဝမ်းမြှောက်ခြင်းမရှိဟု ဆိုလိုသည်။

ယခုပြဆိုခဲ့သော ပဋ္ဌယာနုဂ္ဂဟ အာမိသပူဇာမျိုးကို မဆိုထားဘိ၊ သက်တော်ထင်ရှားရှိတော်မူသော မြတ်စွာဘုရားကို၊ ကြည်ညိုပူဇော် ခြင်းအားကြီးသော၊ ဝက္ကလိရဟန်း၏ သဒ္ဓါတရား မျိုးကိုပင် သော် လည်း၊ အကျိုးမရှိကြောင်း။ တရားကိုမမြင်လျှင်၊ ငါဘုရားကို မမြင်နိုင် ကြောင်း။ တရားကိုမြင်ခဲ့သော်၊ ငါဘုရားကို မြင်သည် မည်ကြောင်း။ ဤသို့ စသည်ဖြင့်၊ ဝက္ကလိရဟန်းအား မြတ်စွာဘုရား ဟောကြားတော် မူ၏။

ကိံ တေ ဝက္ကလိ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန။ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။ ယော ဓမ္မံ နပဿတိ၊ သော မံ နပဿတိ။ (ဝက္ကလိသုတ်)

ဝက္ကလိ၊ ဝက္ကလိရဟန်း။ ဣမိနာ ပူတိကာယေန၊ ဤငါဘုရား၏ခန္ဓာ ကိုယ်အကောင်ပုပ်ကြီးကို။ ဒိဋ္ဌေန ကြည့်ရှုဖူးမြင်၍ နေသဖြင့်။ တေ၊ သင့်အား။ ကိံ အနတ္ထော၊အဘယ်မှာ အကျိုးရှိနိုင်ပါမည်နည်း။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ခေါ၊ စင်စစ်ကေန် အမှန်အားဖြင့်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ဆုံးမဟောကြားတော်မူသော ပရမတ်ရုပ်နာမ်တရားကို။ ပဿတိ၊ မျက်ထင်ထင် ဉာဏ်ဖြင့်မြင်၏။ သော၊ ထိုပရမတ် ရုပ်နာမ်ကို အမှန်သိမြင်သောသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ဖူးမျှော် တွေ့မြင်ရသည်မည်၏။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ ဆုံးမဟောကြားတော်မူသော ပရမတ်ရုပ်နာမ်တရားကို။ န ပဿတိ၊ မျက်ထင်ထင် ဉာဏ်ဖြင့် မတွေ့မမြင်၊ သော၊ထိုပရမတ်ရုပ်နာမ်ကိုအမှန်မသိမမြင်သောသူသည်။ မံ၊ ငါဘုရားကို။ န ပဿတိ၊ ဖူးမျှော်တွေ့မြင်ရသည်မမည်။

ထိုမှတပါးလည်း၊ အကြင်သူသည် ငါဘုရား ဟောကြားတော်မူသော၊ ဓမ္မာနုဓမ္မပဋိပတ်တရားမြတ်ကို မလိုက်နာ မကျင့်ကြံ။ထိုတရားကို မကျင့်သောသူသည်၊ ငါဘုရား၏သင်္ကန်းစွန်ကို ကိုင်တွယ်၍၊ အနီး၌ ကပ်လျက်နေသော်လည်း၊ ငါဘုရားနှင့် စကြာဝဠာခြားကွာ၍၊ လွန်စွာဝေးသော အရပ်၌နေသည်မည်၏။ အကြင်သူသည် ငါဘုရား ဟောကြားတော်မူသော၊ ဓမ္မာနုဓမ္မပဋိပတ်တရားမြတ်ကို လိုက်နာ ကျင့်ကြံ၍နေ၏။ထိုတရားကို ကျင့်သောသူသည်၊စကြာဝဠာခြားကွာ၍ လွန်စွာဝေးသောအရပ်၌ နေရသော်လည်း၊ငါဘုရား၏ ထံတော်ပါး၌၊ အမြဲခစား၍ နီးကပ်နေရသည်မည်၏။ ဤသို့စသည်ဖြင့်လည်း၊ မြတ်စွာဘုရား ဟောကြားတော်မူ၏။

အထက်တွင်ပြဆိုခဲ့သော။ ဒေသနာအရပ်ရပ်တို့၏ လိုအပ်သော အဓိပ္ပါယ်မှာ၊ယခုအခါ လွန်စွာတွေ့ကြုံခဲသည်းလှသော၊ဗုဒ္ဓုပ္ပါဒ နဝမ ခေတ်ဟူသော မြတ်စွာဘုရား၏သာသနာတော်ကြီးနှင့်၊ ကုသိုလ်ကံ ပါရမီထောက်ပင့်၍၊ အခန့်သင့် တွေ့ကြုံသဲ အခါတွင်၊ ယခုဘဝ၌ မင်းဆရာ စိုးဆရာဖြစ်၍၊ ဘုန်းတန်ခိုးကြီးမား အခြွေအရံ ပရိသတ် ပစ္စည်း လာဘ်လာဘ ပေါများချို သူဌေး သူကြွယ် မင်းစိုးရာဇာဖြစ်ရုံ၊ တမလွန် သံသရာဘဝတို့၌၊ လူကောင်း နတ်ကောင်း ရဟန်းကောင်း ဖြစ်ရုံသော၊ အကျိုးကိုဖြစ်စေတတ်သည့် လောကီဖြစ်သော၊ ဒါန, သီလ,ဘာဝနာများလောက်ကို၊ အားထုတ်ခုံမှုနှင့် ရောင့်ရဲ တင်းတိမ်ခြင်း မပြုကြဘဲ။ နိဗ္ဗာန်သို့ ပေါက်ရောက်ကြောင်းဖြစ်သော၊ နည်း

ကောင်း လမ်းမှန်ကို ရရှိအောင် ရှာကြံ၍၊ မြဲမြံခိုင်ခန့်စွာသော စိတ်ထားဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို ပွါးများအားထုတ်ရမည်ဟု ဆိုလိုသည်။

အဘယ်ကြောင့်ဆိုသော်၊ ဒါနမှု၊ သီလမှု၊ သမထဘာဝနာမှုမျိုးကို၊ အားထုတ်ရန် အချိန်ကာလမည်သည်၊ ဘုရားမပွင့်သော အခါတို့၌လည်း အမြဲတည်ရှိနေ၏။ ဘုရားပွင့်သော ကာလမျိုးသည်၊ မဂ်ဖိုလ်သို့ ပေါက်ရောက်ရန်၊ ဝိပဿနာအလုပ်ကို အားထုတ်ရသော၊ အချိန်ကာလမျိုးသာ ဖြစ်လေသောကြောင့်တည်း။

ဒါနသီလများကို တားမြစ်တော်မူသည်မှာ၊ အကုသိုလ်တရားများကဲ့သို့ အပြစ်ဖြစ်သောကြောင့် မဟုတ်၊ဆင်မြှုတော် ဝင်မည့်လာဘ်ကြီး ဖြစ်ပါလျက်၊ ချည်တဝင်နှင့် ကျိန်းကျေခြင်း။ ဝေဘူလ တောင်ကြီးသို့ ရောက်ပါလျက်၊ဒါးသွေးကျောက် မီးခပ်ကျောက်များကိုသာ၊ကောက်ယူလာသော ယောကျ်ားမိုက်ကဲ့သို့ မဖြစ်စေခြင်းငှါ၊ နိဗ္ဗာန်မဂ်ဖိုလ်ကို ရလောက်သော ပါရမီရှိပါလျက်၊ လောကီ ချမ်းသာမျှလောက်နှင့် တင်းတိမ်နေခြင်း။ မဂ်ဖိုလ်နိဗ္ဗာန်ကိုယူလျှင် ရနိုင်လောက်သော၊ သာသနာတော်ကြီးနှင့် တွေ့ကြုံပါလျက်၊လောကီ ချမ်းသာမျှကိုသာ လက်ခံ ယူငင်ခြင်းမျိုး မဖြစ်စေခြင်းငှါ၊ လေးနက်သီးရင့်စွာ မြစ်ဘားပိတ်ပင်တော်မူ၏ဟု၊ မှတ်ယူယုံကြည်အပ်လှပေသည်။

သို့သော်၊ သစ်သီးတလုံး ပန်းတပွင့်မျှလှူသော ဒါနကုသိုလ်၊ခေတ္တခဏမျှ စောင့်ထိန်းသော သီလကုသိုလ်များပင်သော်လည်း၊ လွန်စွာ အကျိုးကြီးမားကြောင်း ဟောကြားတော်မူသဖြင့်၊လွန်စွာ ပါရမီနုလှသော သူများမှာမူ၊ ထိုဒါနသီလများကို အားထုတ်ကြိုးစားလျှင်ပင်၊ မြင့်မြတ်သောတရားဟူ၍ ချီးမွမ်းရလေတော့သည်။

ပါရမီရင့်သန်သော သူများမှာလည်း၊ ဒါနသီလတရားကို လုံးလုံးပယ်ရှားရန် မဟုတ်ပေ၊ ဝိပဿနာအလုပ်ကို တွင်ကျယ်စွာ အားထုတ်ဆဲ အခါမျိုး၌သာလျှင်၊ ကြောင့်ကြခြင်းအနှောင့်အယှက်ဖြစ်၍ တားမြစ်တော်မူ၏။တရားကို အားမထုတ်သောအခါ၊ အားထုတ်စဉ် ကမ္မဋ္ဌာန်းခွင်မှ ထွက်၍နေသောအခါ၊ အားထုတ်ပြီးသော အခါများ၌မူကား၊ အင်အားနှင့် သဒ္ဓါတရားအလျောက် ချီးမြှောက်လှူဒါန်း၍၊ အခွင့်ရသလောက်ပင် ဥပုသ်သီလများကို စောင့်ရှောက်ထိန်းသိမ်း ရလေ

သည်။အနာထပိဏ် ဝိသာခါစသော အရိယာပုဂ္ဂိုလ်တို့ ပြုစုသော၊ ဒါနမှု,သီလမှုများကို နည်းယူမှတ်သား၍ ထင်ရှားစွာသိရှိကြပါလေ။

အချုပ်မှာ၊ ပါရမီရင့်သည်ဖြစ်စေ, နုသည်ဖြစ်စေ၊ မိမိတို့ကိုယ်ကို သနားချစ်ခင်သောသူဖြစ်ပါလျှင်၊ ဘောဂသမ္ပတ္တိဖြစ်သော လောကီ အာမိသ အမွေဥစ္စာ၊စည်းစိမ်ချမ်းသာ သုခရတနာနှင့်ပြည့်စုံမှုများကို၊ အလေးမပြု မခံမယူ ဂရုမထားဘဲ။ ဘဝသမ္ပတ္တိဖြစ်သော ကောင်းရာ သုဂတိသို့ရောက်၍၊ မဂ်ဖိုလ်ကို ရအောင်ပြုနိုင်သဖြင့်၊ လောကုတ္တရာ ဓမ္မအမွေဖြစ်သော ချမ်းသာသုခနှင့် ပြည့်စုံစေရန်၊ လူဖြစ်လာသော ဘဝ၌ အရွယ်သုံးပါး ရှိသည်တွင်၊ တပါးပါးသော အရွယ်၌၊ ယခု ဘဝတွင်၊ မဂ်ဖိုလ်သို့ အမြန်ပေါက်ရောက်ရန်။ ယခုဘဝတွင် မရလိုက် သော်၊ ဒုတိယဘဝ ဤဘုရားသာသနာအတွင်း၌၊အမှန်ပေါက်ရောက် နိုင်စေရန်၊ဖြောင့်မှန်သောနည်းလမ်းဖြင့်၊ဝိပဿနာကမ္မဋ္ဌာန်းတရားကို၊ မီးပွတ်သော ယောကျ်ားကဲ့သို့၊ မနေမနား လွန်ကြိုးစား၍၊ ပွားများ ရှုမှတ်သင့်လှပေသည်။

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။
တိဏ္ဏံ မညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ ။

(ဓမ္မပဒ ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တာနံ၊ မိမိကိုယ်ကို။ ပိယံ၊ ချစ်ခင်နှစ်သက် အပ်၏ဟူ၍။ စေ ဇညာ၊ အကယ်၍ သိသည်ဖြစ်ငြားအံ့။ နံ၊ ထို မိမိကိုယ် ကို။ သုရက္ခိတံ၊ ကောင်းစွာ လုံခြုံရလေအောင်။ ရက္ခေယျ၊ စောင့် ရှောက်ရာ၏။ ပဏ္ဍိတော၊ ကျိုးကြောင်းမြင်သိ ပညာရှိသောသူသည်။ တိဏ္ဏံ ယာမာနံ၊ အရွယ်သုံးပါးတို့တွင်။ အညတရံ ယာမံ၊ တပါးပါး သော အရွယ်ပတ်လုံး။ ပဋိဇဂ္ဂေယျ၊ နိဗ္ဗာန်ရောက်ရန် ဖြောင့်မှန်သော နည်းလမ်းဖြင့်၊ ဝိပဿနာကမ္မဋ္ဌာန်းတရားကို၊ ကြိုးပမ်း အားထုတ်သင့် လှပေတော့သတည်း။

သာသနာ့အမွေ အမြတ်အယုတ်ကို ဝတ္ထုလိသုတ်ဖြင့်
ပြဆိုချက်ပြီး၏။

## ဆုတောင်း ဂါထာပါဠိအနက်ကို ပြဆိုခြင်း

ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။ ။

ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာနသုခ မုတ္တမံ။ ။

စိရံတိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။ ။

ယထာ ရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံပဇံ။ ။

မေးငါ့အား။ ယံ ကုသလံ၊ကျမ်းဂန်ပြုရ အကြောင်းကုသိုလ်ကောင်းမှုသည်။ ပတ္တံ၊ရအပ် ရောက်အပ်ပေပြီ။ တဿ ကုသလဿ၊ ထိုကုသိုလ်ကောင်းမှု၏။ အာနုဘာဝေန၊ တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော။ပါဏိနော၊ များစွာ သောင်းသောင်း သတ္တဝါအပေါင်းတို့သည်။သဒ္ဓမ္မရာဇဿ၊ တရားမင်းမြတ်၏။ သုခါဝဟံ၊ ချမ်းသာသုံးပါးကို ရွက်ဆောင်တတ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဉတွာ၊ ဟုတ်တိုင်းမှန်ဘိ ဉာဏ်ဖြင့်သိ၍။ ဝိသုဒ္ဓါယ၊ ကိလေသာ အညစ်အကြေးတို့မှ ကင်းစေးစင်ကြယ်သော။ သုခါယ၊ ကိုယ်စိတ်နှစ်ဖြာ လွန်ချမ်းသာသော။ ပဋိပတ္တိယာ၊ မဂ်အကျင့်ဖြင့်။ အသောကံ၊ စိုးရိမ်ခြင်းလည်း ကင်းထသော။ အနုပါယာသံ၊ ပင်ပန်းခြင်းလည်း ကင်းထသော။ ဥတ္တမံ၊ မြတ်လည်းမြတ်ထသော။ နိဗ္ဗာနသုခံ၊ ဝါနကင်းရာ နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏန္တု၊ လျင်မြန် ထုတ်ချောက် ပေါက်ရောက်ကြပါစေကုန်သတည်း။

သဒ္ဓမ္မော၊ ဘုရားဟောဖေါ် သာသနာတော်သည်။ စိရံ၊ ကြာမြင့်ရှည်စွာ။ တိဋ္ဌတု၊ မြဲမြံခိုင်ခန့်၍ တည်တန့်ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ တရား

တော်မြတ်၌။ သဂါရဝါ၊ ရိုသေခြင်းရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ကာလေန၊ သင့်သောကာလ၌။ ဒေဝေါ၊ မိုးယိုသည်။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ သွန်းဖြိုးရွာချပါစေသတည်း။ ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ မင်း ကောင်း မင်းမြတ်တို့သည်။ အဠ္ဌနော၊မိမိ၏။ ပဇံဝ၊သားကိုကဲ့သို့။ ဓမ္မေန၊ တရားနှင့်ညီသဖြင့်။ ပဇံ၊ တိုင်းသူပြည်သား လူအများကို။ ရက္ခိံသု ယထာ၊ စောင့်ရှောက်တော် မူကုန်ပြီးသကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ ရာဇာ၊ ယခုမင်းမြတ်သည်။ အဠ္ဌနော၊ မိမိ၏။ ပဇံဝ၊ သားတော်ကိုကဲ့သို့။ ဓမ္မေန၊ တရားနှင့် ညီသဖြင့်။ ဣမံ ပဇံ၊ ဤတိုင်းကားပြည်သူလူများအပေါင်းကို။ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

ဆုတောင်း ဂါထာပါဠိအနက်ကို ပြည့်ခြင်းပြီး၏။

●

## ကျမ်းပြီးအဆုံး နိဂုမ်းဂါထာပါဌ်အနက်ကို ပြဆိုခြင်း

ကဏ္ဍဇာတမှိ သမ္ဗတ္တေ၊ သက္ကေဝ မာဃပုဏ္ဏမေ။
ဘီးလင်းပုရေ ဝသန္တေန၊ ဝိဟာရေရည မဏ္ဍိတေ။ ။

သက်ပ္ပါ ပရိပူရေန္တု၊ သမ္ဗေ ဇနာ သဒါ ယထာ။
မယာ ကတော အယံဂန္ထော၊အနာယာသေန နိဋ္ဌိတောတိ။ ။

ဘီးလင်းပုရေ၊ သာသနာခေတ် အနှစ်ငါးရာ ဇွေးအခါက၊ ရာဇာဓိ လိန် နာဂသိန်တို့ အကြိမ်များစွာ သာသနာကို၊ ကောင်းစွာပြုကြ ထွန်း လင်းပသည့် သာဂလပြည်အဝင်၊ ယခုခေတ်တွင် ပြင်သစ်မင်းတို့ ပိုင် နင်းအာဏာ၊ လွန်သာယာသည့် နီလာကျောက်တွင်း မြို့ဘီးလင်း၌။ မဏ္ဍိတေ၊ နိမ့်မြင့်ဝေဆာ ပဒေသာသို့ ရက္ခာပင်မျိုး ဖြန့်ကြက်ရိုး၍၊ တောင်ခိုးယှက်သန်း စိတ်ချမ်းသဖြင့် စိမ့်စမ်းအပေါင်း ပျော်ဘွယ် ကောင်းအောင်၊ ကျုံးမြောင်းပတ်လယ် အသွယ်ဘွယ်တို့ဖြင့် တင့် တယ်စွာ တန်းဆာဆင်အပ်သော။ ရည၀ိဟာရေ၊ ယောဂီစိတ်ဓါတ် ပုဂ္ဂိုလ်မြတ်တို့၊ မပြတ်နိစ္စ သပ္ပါယဖြင့် မျှတစဖွယ် လွန်တင့်တယ် သည့်၊ မွေ့လျော်ဘွယ်ကောင်း ခေမာသိဝံမည်သော တောရကျောင်း၌။ ဝသန္တေန၊ ယောဂါဝစရ အမည်ရလျက်၊ ပဓါနငြမ်း ဝိပဿနာ ကမ္မဋ္ဌာန်းကို၊ ခွဲခြမ်းထွေထွေ ဟောပြောပြသ၍ နေသော။ မယာ၊ ကျိုက္ကစံ ပဏ္ဍိဝံမွေ၊ အန္တထ္ထခေါ်မည် ငါမထေရ်သည်။ ကတော၊ ပါဋ္ဌိ အဋ္ဌကထာဋီကာ ဓိပ္ပါယ်လာနှင့်၊ များစွာသီးသီး ဆရာကြီးတို့၏ အနည်းနည်းဝါဒ၊ ညီအောင်ပြလျက် သဘာဝလာဟန် နည်းလမ်းမှန် ကို၊ စီမံရေးသားတော်မူအပ်သော။ အယံ ဂန္ထော၊ အမတာမှန် ပြည် နိဗ္ဗာန်သို့ ကေန်ရောက်ကြောင်း၊ လမ်းကောင်းလမ်းမှန်ကို သိမြင်နိုင် ကြစေရန်၊ ပြဆိုရာ ပြဆိုကြောင်း ဖြစ်သောကြောင့်၊ **နိဗ္ဗာနမဂ္ဂဒီပနီ** မည်သော သတိပဋ္ဌာန်နည်းလမ်း ဤဝိပဿနာကမ္မဋ္ဌာန်းကျမ်းကြီး သည်။ သက္ကေ၊ မြန်မာ့ဇဝါဟာ ဂေါဇာတွက်စစ် သက္ကရာဇ်သည်။

ကဏ္ဍဇာတမှို၊ တထောင်နှစ်ရာ ၇စ်ဆယ်သာ၍၊ သဲ္ဍာ ခေါ်ညွှန်း ခြောက်ခုစွန်းသောနှစ်သို့။ ဝါ၊ ၁၂၈၆-ခုနှစ်သို့။ သမ္ဘတ္တော၊ ရောက်သည် ရှိသော်။ မာဃပုဏ္ဏမေ၊ မာဃနက္ခတ်နှင့် ယှဉ်လတ်ကြုံတွေ့၊ တပို့တွဲ လပြည့်ဖြစ်သော စနေနေ့၌။ အနာယာသေန၊ မငြိုငြင် မပင်ပန်း ချမ်းသာလွယ်ကူခြင်းဖြင့်။ နိဋ္ဌိတောယထာ၊ ကျမ်းဂန်အဆုံး နိဂုမ်းခါး ပတ် အပြီးသတ်ရလေသကဲ့သို့။ တထာ၊ ထိုနည်းမခြား အလားတူစွာ သာလျှင်။ သဗ္ဗေ၊ ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဇနာ၊ ရဟန်းလူရှင် များဖျင်သောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သဒါ၊ နေ့ရော ညဉ့်ပါ အခါခပ်သိမ်း။အနာယာသေန၊ မငြိုငြင် မပင်ပန်း ချမ်းသာ လွယ်ကူခြင်းဖြင့်။ သက်ပ္ပါ၊ လောကုတ်လောကီ နှစ်လီးပွါးတိုး၊အမျိုး မျိုးသော အကြံအစည်ဟူသမျှတို့သည်။ ပရိပူရေန္တု၊ အာသာဆန္ဒ အလိုကျ၍၊ ပြည့်ဝစုံလင်ကြပါစေကုန်သတည်း။ ဇုတိ၊ ဤကား အပြီး သတ်တည်း။

နိဂုမ်း ဂါထာပါဌ်အနက်ကို ပြဆိုခြင်းပြီး၏။

ဤတွင်

# နိဗ္ဗာနမဂ္ဂဒီပနီမည်သော ဝိပဿနာ ကမ္မဋ္ဌာန်း ကျမ်းကြီးသည်၊ အောင်လံ စိုက်ဆောက်၍ အပြီးအဆုံးသို့ ရောက်ပြီ။

# ပြင်ဆင်၍ကြည့်ရှုရန်

| အမှား | အမှန် | မျက်နှာနံပါတ် | ကြောင်းရေ |
|---|---|---|---|
| အဝိရုဠှါ | ဝိရုဠှါ | ၂၇ | ၁ |
| ဝိရုဠှါ | အဝိရုဠှါ | ။ | ၉ |
| ပရိဘုတ္တာ | ပရိဘုတ္တံ | ။ | ၂၄ |
| အာဘုဉ္ဇတွာ | အာဘုဉ္ဇိတွာ | ၃၂ | ၇ |
| အဝိက္ခပေတွာ | အဝိက္ခေပတွာ | ၃၃ | ၉ |
| သဟုမေးေတာ် | သလဲဟုမေးတော် | ၃၉ | ၉ |
| တစိပ်သိခြင်းကိုက | တငိပ်သိခြင်းက | ၀၁ | ၂၄ |
| မရည် | မည်ရ | ။ | ၃၀ |
| နိသဇ္ဇုတ္တိ | နိသဇ္ဇာတိ | ၁၀၄ | ၁၁ |
| တောသံပောတု | တောသံပောဘုံ | ၂၆၁ | ၇ |